ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ–(၂၁)ရာစုပင်လုံ

အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲ

Karen National Dialogue Convening Committee- KNDCC



ပထမအကြိမ်

# ကရင်အမျိုးသား နိုင်ငံရေးဆွေးနွေးပွဲ

မှတ်တမ်း

**လူမျိုးအလိုက် အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲ (ကရင်)**

၂၀၁၇ ခုနှစ် ဇန်နဝါရီလ (၁၈ – ၂၀) ရက်၊ ဖားအံမြို့ ကရင်ပြည်နယ် နှင့်

**ကရင်အမျိုးသား နိုင်ငံရေးဆွေးနွေးပွဲ**

၂၀၁၇ ခုနှစ် ဇန်နဝါရီလ (၂၈ – ၃၀) ရက်၊ လော်ခီးလာ၊ ကော်သူးလေ

KNU-DOI နှင့် Research Institute for Society and Ecology (RISE) တို့မှ
၂၀၁၇ မတ်လတွင် ထုတ်ဝေသည်။

# ကရင်အမျိုးသားနိုင်ငံရေးဆွေးနွေးပွဲ (ဖားအံမြို့)
## ၂၀၁၇ ခုနှစ်၊ ဇန်နဝါရီလ (၁၈ - ၂၀) ရက်


၁။ ကရင်ပြည်နယ်ဝန်ကြီးချုပ် နန်းခင်ထွေးမြင့် ၏ ကြိုဆိုနှုတ်ခွန်းဆက်စကား ....၂
၂။ ကေအဲန်ယူဥက္ကဋ္ဌ ဗိုလ်ချုပ်ကြီး စောမူတူးစေးဖိုး ၏ အဖွင့်မိန့်ခွန်း ..................၄
၃။ NRPC ဒုတိယဥက္ကဋ္ဌ ဒေါက်တာ တင်မျိုးဝင်း ပြောကြားသည့် မိန့်ခွန်း ..........၇
၄။ အရှေ့တောင်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မျိုးဝင်း ၏မိန့်ခွန်း..........၁၀
၅။ UPDJC/Peace Commission အတွင်းရေးမှူး ဦးခင်ဇော်ဦး၏ အမှာစကား ...၁၃
၆။ ဆရာတော်အရှင်စန္ဒာဝရ၏ သြဝါဒချီးမြှင့်စကား ..........................................၂၂
၇။ KNU မှ ပဒိုမန်းငြိမ်းမောင်၏ အဖွင့်မိန့်ခွန်း..................................................၂၅
၈။ အမျိုးသား နိုင်ငံရေးဆွေးနွေးပွဲ ဖြစ်စဉ်အား ရှင်းလင်းတင်ပြခြင်း.................၂၈
၉။ ဒေါက်တာအောင်ထွန်းသက် ၏ ဆွေးနွေးတင်ပြချက် .................................၃၃
၁၀။ KNU မှ ပဒိုမန်းငြိမ်းမောင် ၏ အပိတ်မိန့်ခွန်း .............................................၄၀
၁၁။ KWO မှ ဆရာမ နော်ဒါးဒါး ၏ အဖွင့်မိန့်ခွန်း .............................................၄၃
၁၂။ KNU မှ ပဒို စောသမိန်ထွန်း ၏ အပိတ်မိန့်ခွန်း ..........................................၄၅
၁၃။ နော်စူဇဲနာလှလှစိုး ၏ အဖွင့်မိန့်ခွန်း ...........................................................၄၉
၁၄။ ဒေါက်တာအရှင်ပညာသာမိက သြဝါဒစကား ချီးမြှင့်ပေးခြင်း .......................၅၁
၁၅။ UPDJC မှ ဒုဥက္ကဋ္ဌ ဦးသုဝေ ၏ မိန့်ခွန်း .....................................................၅၅
၁၆။ ကရင်ပြည်နယ် ဝန်ကြီးချုပ် နန်းခင်ထွေးမြင့် ၏ နှုတ်ဆက်စကား..............၅၉
၁၇။ ကျင်းပရေးကော်မတီ ကိုယ်စား KNU/KNLA-PC မှ
ဗိုလ်မှူးကြီး စောကျော်ညွန့်၏ ကျေးဇူးတင်စကား .......................................၆၂
၁၈။ အရှင်စန္ဒာဝရ ၏ အပိတ်မိန့်ခွန်း..................................................................၆၅
၁၉။ အဆိုပြုတင်ပြချက်များ .................................................................................၆၆
၂၀။ အတည်ပြုချက်ရယူရန် တင်ပြခြင်း.................................................................၆၈
၂၁။ ဆုံးဖြတ်ချက်များ ..........................................................................................၆၉
၂၂။ ဆရာတော်အရှင်စန္ဒာဝရ မှ စာတမ်းများကို အတည်ပြုမှတ်တမ်းတင်ခြင်း.....၇၀
၂၃။ မှတ်တမ်းတင်ခြင်း..........................................................................................၇၂
၂၄။ ထုတ်ပြန်ကြေညာချက် ..................................................................................၇၃
၂၅။ အမျိုးသားအဆင့်နိုင်ငံရေးဆွေးနွေးပွဲသို့ ပေးပို့သော သဝဏ်လွှာများ ...........၇၅

# ကရင်အမျိုးသားနိုင်ငံရေးဆွေးနွေးပွဲ (လော်ခီးလာ)
## ၂၀၁၇ ခုနှစ်၊ ဇန်နဝါရီလ (၂၈ - ၃၀) ရက်


၁၆။ KNU ဥက္ကဋ္ဌ ဗိုလ်ချုပ်ကြီး စောမူတူးစေးဖိုး ၏ မိန့်ခွန်း ....................................၈၄
၁၇။ ဆရာတော်အရှင် အဂ္ဂဝံသမှ မြွက်ကြားသည့် ဩဝါဒစကား ..........................၈၇
၁၈။ DKBA ဗိုလ်ချုပ်စောမူးခိုချော ၏မိန့်ခွန်း ........................................................၈၉
၁၉။ PSDP ဒု–ဥက္ကဋ္ဌ မန်းအောင်ပြည်စိုး ၏မိန့်ခွန်း ...............................................၉၁
၂၀။ KWU နော်အုန်းလှ ၏မိန့်ခွန်း.................................................................... ၉၃
၂၁။ အမျိုးသား နိုင်ငံရေးဆွေးနွေးပွဲ ကျင်းပခြင်း ရည်ရွယ်ချက်အား
ရှင်းလင်းတင်ပြခြင်း ......................................................................................၉၆
၂၂။ သဘာပတိကြီး မန်းငြိမ်းမောင် ၏အဖွင့်မိန့်ခွန်း ..........................................၁၀၃
၂၃။ သဘာပတိအဖွဲ့ဝင် ဦးဥတ္တမ ၏အပိတ်မိန့်ခွန်း ..........................................၁၀၄
၂၄။ သဘာပတိ မန်းကျော်ငြိမ်း ၏အဖွင့်အမှာစကား ..........................................၁၀၆
၂၅။ သဘာပတိ နော်ဒါးဒါး ၏အပိတ်မိန့်ခွန်း ....................................................၁၀၈
၂၆။ သဘာပတိ ဦးစန္ဒရ ၏အဖွင့်အမှာစကား .....................................................၁၁၀
၂၇။ အချောသတ် စာတမ်း (၄) စောင်အား အတည်ပြုချက်ရယူခြင်း ....................၁၁၃
၂၈။ အချောသတ် လုံခြုံရေးကဏ္ဍ စာတမ်းအား အတည်ပြုမှတ်တမ်းတင်ခြင်း ....၁၁၄
၂၉။ ကရင်အမျိုးသား နိုင်ငံရေးဆွေးနွေးပွဲများကို စနစ်တကျ ဆက်လက်
ဆောင်ရွက်နိုင်ရန် ပဒိုကွယ်ထူးဝင်း မှ ဦးဆောင်ဆွေးနွေးခြင်း......................၁၁၅
၃၀။ ပဒိုစောကွယ်ထူးဝင်း တင်ပြဆွေးနွေးချက်များအား
ပဒိုစောတာဒိုမူးမှ အနှစ်ချုပ် ပြန်လည်တင်ပြခြင်း.........................................၁၂၆
၃၁။ KNU ဥက္ကဋ္ဌ ဗိုလ်ချုပ်ကြီး စောမူတူးစေးဖိုး ၏မိန့်ခွန်း ..................................၁၂၉
၃၂။ ဗိုလ်ချုပ်စောရင်နု ၏မိန့်ခွန်း.......................................................................၁၃၃
၃၃။ ဆရာတော် မာန်နဲ ကျဝ်သုံးဝဝ် (ဦးဇင်း ကျော်သွီးဝေါ်)၏မိန့်ခွန်း ..........၁၃၅
၃၄။ ပဒိုစောလှထွန်း မှ ကျေးဇူးတင်စကား ပြောကြားခြင်း ..............................၁၃၇
၃၅။ သဘာပတိ ပဒိုမန်းငြိမ်းမောင် ပြောကြားသည့် အပိတ်မိန့်ခွန်း...................၁၄၁
၃၆။ အတည်ပြုချက်ရယူရန် တင်ပြခြင်း..............................................................၁၄၂
၃၇။ ဆုံးဖြတ်ချက်များ ...................................................................................၁၄၃
၃၈။ သဘောတူဆုံးဖြတ်ချက်များ .......................................................................၁၄၄
၃၉။ မှတ်တမ်းတင်ခြင်း.......................................................................................၁၄၅
၄၀။ ဆက်လက်ဆောင်ရွက်ရန် သဘောထားဆုံးဖြတ်ချက်များ ...........................၁၄၅
၄၁။ မှတ်တမ်းတင်ခြင်း.......................................................................................၁၄၆
၄၂။ ထုတ်ပြန်ကြေညာချက် .............................................................................၁၄၈

# ကရင်အမျိုးသားနိုင်ငံရေးဆွေးနွေးပွဲမှရရှိသည့် အဆိုပြုစာတမ်းများ


၅၃။ နိုင်ငံရေးကဏ္ဍ ........................................................................................၁၅၂
ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသော ပြည်ထောင်စုကိုတည်ဆောက်
ရာတွင် အခြေခံရမည့် လမ်းညွှန်အခြေခံမူများ အဆိုပြုစာတမ်း..................၁၅၂

၅၄။ စီးပွားရေးကဏ္ဍ ......................................................................................၁၆၄
ဖက်ဒရယ်စနစ် စီးပွားရေးဆိုင်ရာစာတမ်း ..................................................၁၆၄
ဒေသန္တရဖွံ့ဖြိုးရေးဆိုင်ရာ ကိစ္စရပ်များ၊ အခြေခံရမည့်မူများ ......................၁၈၅

၅၅။ လူမှုရေးကဏ္ဍ.........................................................................................၁၉၂
ပြန်လည်နေရာချထားရေးနှင့် ပြန်လည်ထူထောင်ရေးဆိုင်ရာ ကိစ္စရပ်များနှင့်
ပတ်သက်သော အခြေခံမူများ ....................................................................၁၉၂
လူမှုဖွံ့ဖြိုးရေးဆိုင်ရာ ကိစ္စရပ်များနှင့် ပတ်သက်သော အခြေခံမူများ ..........၁၉၉

၅၆။ မြေယာနှင့် သဘာဝပတ်ဝန်းကျင်ကဏ္ဍ.......................................................၂၀၄
ဖက်ဒရယ်စနစ်ကိုအခြေခံသော မြေယာမူဝါဒ ............................................၂၀၄
ဖက်ဒရယ်စနစ်ကို အခြေခံသော သဘာဝသယံဇာတမူဝါဒ ........................၂၀၉

ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ – (၂၁)ရာစုပင်လုံ

အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲ

လူမျိုးအလိုက်ကျင်းပသော ပထမအကြိမ်

# ကရင်အမျိုးသားနိုင်ငံရေးဆွေးနွေးပွဲ

# မှတ်တမ်းများ

(ဖားအံမြို့)

၂၀၁၇ ခုနှစ်၊ ဇန်နဝါရီလ (၁၈ – ၂၀)ရက်

### ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ – (၂၁)ရာစုပင်လုံ
### အမျိုးသားအဆင့် နိုင်ငံရေး ဆွေးနွေးပွဲ
### လူမျိုးအလိုက်ကျင်းပသော ပထမအကြိမ် ကရင်အမျိုးသား နိုင်ငံရေးဆွေးနွေးပွဲ

# ကရင်ပြည်နယ်ဝန်ကြီးချုပ်
# နန်းခင်ထွေးမြင့် ပြောကြားသည့် ကြိုဆိုနှုတ်ခွန်းဆက်စကား

ချစ်ခင်လေးစားအပ်ပါသော ကရင်တိုင်းရင်းသားညီအစ်ကိုမောင်နှမများ၊ ဒီကနေ့ အခမ်းအနားသို့ တက်ရောက်လာကြသော ဂုဏ်သရေရှိလူကြီးမင်းများအားလုံး မင်္ဂလာအပေါင်းနဲ့ ပြည့်စုံကြပါစေလို့ နှုတ်ခွန်းဆက်ပြောကြားပါရစေ။

ဒီနေ့သည် မျိုးနွယ်စုအလိုက် ပထမအကြိမ်ဆွေးနွေးပွဲဟာ ကျမတို့ ကရင်လူမျိုးအနေနဲ့ ဂုဏ်ယူဝမ်းမြောက်စရာဖြစ်တယ်လို့ ပြောကြားချင်ပါတယ်။ ငြိမ်းချမ်းရေးကို ကျမတို့အားလုံး လိုချင်ကြတာပါပဲ။ မြန်မာတနိုင်ငံလုံးကလည်း လိုလားနေတဲ့အရာ ဖြစ်ပါတယ်။ နိုင်ငံသူနိုင်ငံသားအားလုံးအတွက် ဒီနေ့ဟာ ဂုဏ်ယူဝမ်းမြောက်စရာ နေ့တနေ့ဖြစ်ပါတယ်။ ငြိမ်းချမ်းရေးကို တည်ဆောက်တဲ့အခါမှာ အစမှာ ပြီးပြည့်စုံတယ်လို့ ရှိမှာမဟုတ်ပါဘူး၊ အလွန်နူးညံ့သိမ်မွေ့တဲ့အရာတခုဖြစ်တာကြောင့် တာဝန်လည်းကြီးပါတယ်။ ဒါပေမယ့် တဖြည်းဖြည်းညှိနှိုင်းဆွေးနွေးပြီး ယုံကြည်မှု ခိုင်မြဲလာသည်နှင့်အမျှ ညီညွတ်စွာနဲ့ ပြီးပြည့်စုံလာမယ်လို့ ကျမယုံကြည်ပါတယ်။

ဒီနေရာမှာ ကျမတခု သတိထားမိတာက ၁၉၄၇ ခုနှစ် တိုင်းပြုပြည်ပြုမှာ ဗိုလ်ချုပ်အောင်ဆန်းပြောခဲ့တဲ့ မိန့်ခွန်းတခုနဲ့ ဒီနေ့ကျမတို့ဆောင်ရွက်နေတဲ့ အခြေအနေတခုက အင်မတန်မှ ကိုက်ညီတဲ့အရာတခုကို တင်ပြချင်ပါတယ်။ ဗိုလ်ချုပ်က ဘာပြောခဲ့လဲဆိုရင် လွတ်လပ်ရေးလိုချင်ရင် လွတ်လပ်ရေးရနိုင်လောက်တဲ့ စည်းကမ်းရှိကြပါ၊ လွတ်လပ်ရေးလိုချင်ရင် လွတ်လပ်ရေးရနိုင်လောက်တဲ့ ညီညွတ်မှုရှိကြပါ။ လွတ်လပ်ရေးလိုချင်ရင် လွတ်လပ်ရေးရနိုင်လောက်တဲ့ အဆောက်အဦး တည်ထားကြပါ။ အဲဒါကြောင့် ငြိမ်းချမ်းရေးလိုချင်ရင် ကျမတို့က ပထမအချက်အနေနဲ့ ငြိမ်းချမ်းရေး ရနိုင်လောက်တဲ့ စည်းကမ်း ရှိရပါမယ်။ ဒုတိယအချက် ငြိမ်းချမ်းရေးရနိုင်လောက်တဲ့ ညီညွတ်မှုကို ထိန်းသိမ်းထားရပါမယ်။ တတိယအချက် ငြိမ်းချမ်းရေးကိုထူထောင်ဖို့ ကျမတို့ စတင်လုပ်ဆောင်ရမှာ ဖြစ်ပါတယ်။ ဒီကနေ့ ကျမတို့စပြီးလုပ်ဆောင်တဲ့ ငြိမ်းချမ်းရေးလုပ်ငန်းတွေမှာ



ဗိုလ်ချုပ်ရဲ့လမ်းညွှန်စကားတွေကို အခြေခံထားပြီးတော့ ငြိမ်းချမ်းရေးရနိုင်လောက်တဲ့ လိုအပ်တဲ့ စည်းကမ်းချက်တွေ၊ ငြိမ်းချမ်းရေးရနိုင်လောက်တဲ့ရင်းနှီးမှုတွေ ရှိရမယ်ဆိုတာ ဒါတွေကို အခြေခံထားပြီး လုပ်ဆောင်မယ်ဆိုတာကို ကျမ အပြည့်အဝ ယုံကြည်ခြင်း ဖြစ်ပါတယ်။

ကျမမိန့်ခွန်းပြောရင်း ပြောချင်တာကတော့ ငြိမ်းချမ်းရေးကို အကောင်အထည်ဖော်တဲ့အခါမှာ ကြီးလေးပြီး သိမ်မွေ့လွန်းသောတာဝန် ဖြစ်တာကြောင့် အခွင့်အရေးထက် စည်းကမ်းနဲ့ ညီညွတ်မှုကို အလေးထားပြီး တာဝန်သိသိနဲ့ တာဝန်ယူဖော်ဆောင်ရတဲ့ သမိုင်းပေးတာဝန်ကြီးကို ထမ်းဆောင်ရတာကို ကျမတို့တကယ်ပဲ ဂုဏ်ယူဝမ်းမြောက်ရပါတယ်။ နောင်လာနောင်သားတွေအတွက် အကောင်းဆုံး နမူနာပေးနိုင်အောင် ဂုဏ်ယူစွာနဲ့ ကြိုးစားကြပါလို့ တိုက်တွန်းရင်းနဲ့ နိဂုံးချုပ်ပါတယ်။

### ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ – (၂၁)ရာစုပင်လုံ
### အမျိုးသားအဆင့် နိုင်ငံရေး ဆွေးနွေးပွဲ
### လူမျိုးအလိုက်ကျင်းပသော ပထမအကြိမ် ကရင်အမျိုးသား နိုင်ငံရေးဆွေးနွေးပွဲ

# ကေအဲန်ယူ – ကရင်အမျိုးသားအစည်းအရုံးဥက္ကဋ္ဌ ဗိုလ်ချုပ်ကြီး စောမူတူးစေးဖိုး ပြောကြားသည့် အဖွင့်မိန့်ခွန်း

လူမျိုးအလိုက်ကျင်းပတဲ့ အမျိုးသားအဆင့်နိုင်ငံရေးဆွေးနွေးပွဲ၊ ပထမအကြိမ် နိုင်ငံရေး ဆွေးနွေးပွဲ ဖွင့်ပွဲအခမ်းအနားမှာ ကြွရောက်လာကြတဲ့ ငြိမ်းချမ်းရေးကော်မရှင်အဖွဲ့ဝင်များ၊ ကရင် ပြည်နယ်ဝန်ကြီးချုပ်နှင့်တကွ ပြည်နယ်တွင်တာဝန်ရှိသူများ၊ တပ်မတော်အရာရှိကြီးများ၊ မြန်မာနိုင်ငံအခြေစိုက် နိုင်ငံတကာသံရုံးမှ ကိုယ်စားလှယ်များ၊ နိုင်ငံတကာအဖွဲ့အစည်းများ၊ ကရင် နိုင်ငံရေးပါတီများ၊ ကရင်တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းအသီးသီးမှ ခေါင်းဆောင်များ၊ ကရင်အရပ်ဖက်အဖွဲ့အသီးသီးမှ ခေါင်းဆောင်ကိုယ်စားလှယ်များ၊ ဒေသအသီးသီးမှ ကရင်ခေါင်း ဆောင် ကိုယ်စားလှယ်များ၊ အထူးဖိတ်ကြားခြင်းခံရတဲ့ ပြည်တွင်းပြည်ပ ဧည့်သည်တော်များ၊ ဒီအခမ်းအနား ဖြစ်မြောက်ရေးအတွက် ပူးတွဲဆောင်ရွက်ခဲ့ကြတဲ့ နှစ်ဖက်သောခေါင်းဆောင်များနှင့် အလုပ်အဖွဲ့များ၊ အထောက်အကူပြုသူများ၊ သတင်းမီဒီယာများ အားလုံး မင်္ဂလာအပေါင်းနှင့် ပြည့်စုံကြပါစေလို့ နှုတ်ခွန်းဆက်သပါတယ်။ ဒီကနေ့ ကရင်ပြည်နယ် ဘားအံမြို့မှာကျင်းပတဲ့ ပထမအကြိမ် လူမျိုးအလိုက် ကရင်အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲမှာ ကျနော့်ကို ကရင်အမျိုး သားရဲ့ကိုယ်စား အဖွင့်မိန့်ခွန်း ပြောကြားခွင့်ပေးတဲ့အတွက် များစွာဂုဏ်ယူဝမ်းမြောက်ပါတယ်။ ကျေးဇူးတင်ကြောင်းလည်း ပြောလိုပါတယ်။

ကျနော်တိုနိုင်ငံရဲ့ သမိုင်းဝင်မယ့် ပထမဆုံးအကြိမ်ကျင်းပသော အမျိုးသားအဆင့် နိုင်ငံ ရေး ဆွေးနွေးပွဲကို ပြုလုပ်နိုင်တဲ့အတွက်ကြောင့် ကရင်အမျိုးသားတဦး အနေနဲ့သော်လည်းကောင်း၊ ကရင်ပြည်နယ်သားတယောက်အနေနှင့်သော်လည်းကောင်း များစွာဂုဏ်ယူဝမ်းမြောက်ပါတယ်။ နိုင်ငံရေးပြဿနာကို စစ်ရေးနည်းဖြင့်မဖြေရှင်းဘဲ နိုင်ငံရေးနည်းသစ်အရ နိုင်ငံရေးနည်းဖြင့် တွေ့ဆုံဆွေးနွေး အဖြေရှာတဲ့မှုကို ကျနော်တို့အားလုံးလက်ခံပြီး ကျနော်တို့နိုင်ငံမှာ နှစ်ရှည်လများ ဖြစ်ပွားနေတဲ့ လက်နက်ကိုင်ပဋိပက္ခကို သိက္ခာရှိရှိ အဆုံးသတ်နိုင်ရန် လက်နက်ကိုင်ပဋိပက္ခကို နိုင်ငံရေးနည်းဖြင့်အဖြေရှာရန် ကျနော်တို့လက်နက်ကိုင်အဖွဲ့အစည်း ၃ ဖွဲ့က တနိုင်ငံလုံးပစ်ခတ် တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA) ကို လက်မှတ်ရေးထိုးခဲ့ပါတယ်။ တနိုင်ငံလုံး ပစ်ခတ်မှုရပ်စဲရေး သဘောတူစာချုပ် (NCA) ဟာ ပင်လုံစာချုပ်ကဲ့သို့သော၊ တိုင်းရင်းသားများ လိုလားသော အေးချမ်းသာယာပြီး ဖွံ့ဖြိုးတိုးတက်သော၊ ဒီမိုကရေစီနှင့် ဖက်ဒရယ်ပြည်ထောင်စုစနစ် ကို အခြေခံသော၊ နိုင်ငံရေးတွေ့ဆုံဆွေးနွေးပွဲများနှင့်အညီ ဖက်ဒရယ်ပြည်ထောင်စုကို ပြန်လည် တည်ဆောက်ရေးအတွက် ချုပ်ဆိုသော ဒုတိယပင်လုံစာချုပ်ဟုဆိုရင်လည်း မှားမည်မဟုတ်ပါ။

ဒီကနေ့ စတင်ကျင်းပတဲ့ ပထမအကြိမ် ကရင်အမျိုးသား နိုင်ငံရေးတွေ့ဆုံဆွေးနွေးပွဲမှာ



တနိုင်ငံလုံးပစ်ခတ်တိုက်ခတ်မှုရပ်စဲရေး သဘောတူစာချုပ် (NCA) ကိုအခြေခံပြီး တည်တံ့ခိုင်မြဲတဲ့ ငြိမ်းချမ်းရေးရှိဖို့ နိုင်ငံရေးအရအဖြေရှာရာမှာ အားလုံးပါဝင်ရေးအရ ကရင်တမျိုးသားလုံးရဲ့ သဘောထားများကို အဖွဲ့အစည်းအလိုက်၊ ကဏ္ဍအလိုက်၊ အစုအဖွဲ့အလိုက်၊ ဒေသအလိုက်၊ တနိုင်ငံလုံး ကရင်အမျိုးသားများရဲ့ သဘောထားများ၊ အကြံပြုချက်များရရှိဖို့ အစည်းအဝေးများကို အကြိမ်ကြိမ် ကျင်းပပြုလုပ်ခဲ့ပါတယ်။ ဒီကနေ့ကျင်းပပြုလုပ်တဲ့ ကရင်လူမျိုးအလိုက် အမျိုးသား အဆင့် နိုင်ငံရေးတွေ့ဆုံဆွေးနွေးပွဲမှာ အဖွဲ့အစည်းအလိုက်၊ ကဏ္ဍအလိုက်၊ အစုအဖွဲ့အလိုက်၊ ဒေသအလိုက် ကိုယ်စားလှယ်အားလုံးပါဝင်တဲ့ စုံညီအစည်းအဝေးဖြစ်ပြီး စုစည်းထားသော အဆိုပြု စာတမ်းများကို တင်သွင်းပြီး ကရင်တမျိုးသားလုံးရဲ့ သဘောထားကို ရယူအတည်ပြုမှာ ဖြစ်ပါ တယ်။ တနည်းအားဖြင့် ကရင်တမျိုးသားလုံးပါဝင်တဲ့ ပြည်ထောင်စုရဲ့ ငြိမ်းချမ်းရေးဖြစ်စဉ်ကို ကရင်တမျိုးသားလုံး ပူးပေါင်းဆောင်ရွက်ခြင်းဖြစ်ပါတယ်။ ဒီကနေ့ ပြည်နယ်မှာကျင်းပတဲ့ ကရင် အမျိုးသား နိုင်ငံရေး ဆွေးနွေးပွဲကဲ့သို့ အခြေခံသော တိုင်းရင်းသားဒေသများ၊ တိုင်းနှင့်ပြည်နယ် အားလုံးမှာလည်း အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲများ ကျင်းပနိုင်ဖို့ လိုအပ်ပါတယ်။ ထိုကဲ့ သို့ ကျင်းပနိုင်မှသာ အားလုံးသော အမြင်သဘောထားများကို ရရှိနိုင်မှာ ဖြစ်ပါတယ်။ အားလုံး ပါဝင်နိုင်ပြီး ဖက်ဒရယ်ပြည်ထောင်စုကို တည်ဆောက်နိုင်မှာဖြစ်ပါတယ်။ ကျနော်တို့ အတူတကွ ပိုင်ဆိုင်တဲ့နိုင်ငံကို ပြန်လည်တည်ဆောက်ရန် အယူအဆများနှင့် ခံယူချက်ကအစ၊ အနှစ်သာရ ပါဝင်တဲ့ ဒီမိုကရေစီဖက်ဒရယ်ဆိုင်ရာ ပြည်ထောင်စု တည်ဆောက်ရေးကို ရှေးရှုဖို့လိုအပ်ပါတယ်။ ကျနော်တို့အားလုံးရဲ့ ကြိုးပမ်းအားထုတ်မှု၊ အမျိုးသား ပြန်လည်သင့်မြတ်ရေးအပေါ် လေးနက်မှုရှိတဲ့

လုပ်ငန်းယန္တရားတွေကို အတူတကွ ချမှတ်အကောင်အထည်ဖော်ရမှာဖြစ်ပါတယ်။ ဒီလိုအတူတကွ ချမှတ်အကောင်အထည်ဖော်တဲ့နေရာမှာ တနိုင်ငံလုံး ပစ်ခတ်တိုက်ခတ်မှုရပ်စဲရေး သဘောတူစာချုပ် (NCA) ရဲ့ ခိုင်မာမှုအပေါ်မှာ မူတည်တာဖြစ်ပါတယ်။

တဆက်တည်းမှာပဲ အားလုံးပါဝင်ပြီး အားလုံးပိုင်ဆိုင်တဲ့ ငြိမ်းချမ်းသော ဖက်ဒရယ် ပြည်ထောင်စုတည်ဆောက်ရေးမှာ တိုင်းရင်းသားလူမျိုးပေါင်းစုံ အတူတကွပူးပေါင်းပါဝင်နိုင်ဖို့၊ လက်ရှိ တိုင်းရင်းသားဒေသတချို့မှာ ဖြစ်ပွားနေသေးတဲ့ လက်နက်ကိုင်ပဋိပက္ခများကို ရပ်တန့်နိုင်ဖို့အတွက် နိုင်ငံတော်အစိုးရနဲ့ သက်ဆိုင်ရာ တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းတို့က နည်းလမ်းရှာသွားဖို့ တိုက်တွန်းလိုပါတယ်။ အမြင်မတူမှု၊ အငြင်းပွားမှု၊ တဖက်နှင့်တဖက် ပြစ်တင်ဝေဖန်မှု၊ မုန်းတီးမှု၊ နာကြည်းမှုများကို ရှေ့တန်းမတင်ဘဲ လက်နက်ကိုင်တိုက်ပွဲတွေကြောင့် တိုင်းရင်းသားပြည်သူ၊ မိန်းခလေး၊ ကလေးငယ်တို့၏ ရင်ဆိုင်ရသော အနိဋ္ဌာရုံကို ထောက်ထားပြီး အမြန်ဆုံး တွေ့ဆုံညှိနှိုင်း အဖြေရှာဖို့ တောင်းဆိုလိုပါတယ်။ အမျိုးသား ပြန်လည်သင့်မြတ်ရေးဟာ ကျနော်တို့ ငြိမ်းချမ်းရေးလုပ်ငန်းစဉ် ရှင်သန်ဖွံ့ဖြိုးရေးအတွက် အသက်တမျှ အရေးကြီးပါတယ်။ ဒါကြောင့် ကျနော်တို့ တနိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA) လက်မှတ်မထိုးသေးတဲ့ တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများ လက်မှတ်ရေးထိုးနိုင်အောင် လမ်းဖွင့်ပေးရာမှာလည်း နိုင်ငံတော်အစိုးရနှင့်တပ်မတော်ဘက်က သဘောထားကြီးပြီး မူဝါဒဆိုင်ရာမှာ ဖြေလျော့မှုအချို့ ပြုလုပ်ခြင်း၊ အင်အားတိုးချဲ့မှုတွေကို ရပ်ဆိုင်းထားခြင်းတို့ကို ပြုလုပ်ပေးဖို့ ကရင်တမျိုးသားလုံးကိုယ်စား ကျနော့်အနေနဲ့ အလေးအနက်တောင်းဆိုလိုပါတယ်။

နိဂုံးချုပ်အနေနဲ့ တနိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA) ပြဋ္ဌာန်းချက်နှင့်အညီ ယခုနိုင်ငံရေးပြဿနာကို နိုင်ငံရေးနည်းအရ ဆွေးနွေးညှိနှိုင်းအဖြေရှာရန် အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲများကို စတင်ကျင်းပသလို ရရှိထားသော ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူညီမှုများကိုလည်း ပိုမိုခိုင်မာအောင် လုပ်ဆောင်သွားဖို့ တိုက်တွန်းအပ်ပါတယ်။ တနိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA) မှာ သဘောတူညီထားကြရေးအတွက် အကြောင်းအမျိုးမျိုးကြောင့် အကောင်အထည်မဖော်နိုင်သေးတဲ့အပိုင်းများကို နှစ်ဖက်သော ခေါင်းဆောင်များမှ လေးလေးနက်နက်ထားပြီး ဆက်လက် အကောင်အထည် ဖော်ဆောင်သွားဖို့ကိုလည်း တိုက်တွန်းလိုပါတယ်။ တည်ငြိမ်အေးချမ်းပြီး တိုင်းရင်းသားပြည်သူတရပ်လုံး အတူတကွ သဟဇာတရှိရှိ နေထိုင်နိုင်တဲ့ ဒီမိုကရေစီ ဖက်ဒရယ်ပြည်ထောင်စုကို အတူတကွ ပူးပေါင်းတည်ဆောက်ကြပါစို့လို့ တိုက်တွန်းရင်း နိဂုံးချုပ်ပါတယ်။



ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ – (၂၁)ရာစုပင်လုံ

အမျိုးသားအဆင့် နိုင်ငံရေး ဆွေးနွေးပွဲ

လူမျိုးအလိုက်ကျင်းပသော ပထမအကြိမ် ကရင်အမျိုးသား နိုင်ငံရေးဆွေးနွေးပွဲ

# အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန – NRPC ဒုတိယဥက္ကဋ္ဌ ဒေါက်တာ တင်မျိုးဝင်း ပြောကြားသည့် မိန့်ခွန်း

ယနေ့အခမ်းအနားကို ကြွရောက်လာကြတဲ့ ဧည့်ပရိတ်သတ်အပေါင်းနဲ့ သံဃာတော် အရှင်မြတ်များ၊ ကရင်ပြည်နယ်ဝန်ကြီးချုပ်နဲ့ အစိုးရတာဝန်ရှိပုဂ္ဂိုလ်များ၊ လွှတ်တော်မှခေါင်းဆောင်များ၊ KNU ဥက္ကဋ္ဌ အဖူးမူတူးစေးဖိုးနဲ့ အခြားလက်နက်ကိုင် အဖွဲ့အစည်းများမှ တိုင်းရင်းသား ခေါင်းဆောင်များ၊ အရှေ့တောင်တိုင်းစစ်ဌာနချုပ်နဲ့ တပ်မတော်အရာရှိကြီးများ၊ ဒီကနေ့ တက်ရောက်လာကြတဲ့ ဆရာ၊ ဆရာမများနဲ့ ဧည့်ပရိသတ်များအားလုံး ၂၀၁၇ နှစ်သစ်မှာ ငြိမ်းချမ်းရေးဆိုတဲ့ ဝေါဟာရနဲ့အညီ ဘေးရန်ကင်းကွာပြီး စိတ်ချမ်းသာ၊ ကိုယ်ချမ်းသာနဲ့ ပြည့်စုံပါစေကြောင်း ဆုမွန်ကောင်းတောင်းရင်းနဲ့ ဦးစွာနှုတ်ခွန်းဆက်သပါတယ်။

ဒီကနေ့ ကျနော်တို့ကျင်းပနေတဲ့ အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲဆိုတာ ကျနော်တို့ လက်မှတ်ရေးထိုးထားတဲ့ တနိုင်ငံလုံးအပစ်အခတ်ရပ်စဲရေးဆိုင်ရာ သဘောတူညီမှုစာချုပ်ရဲ့ အဆင့် ၃ ဖြစ်ပါတယ်။ အဲဒီ NCA မှာ ပါတဲ့အတိုင်း လူမျိုးအလိုက်၊ ဒေသအလိုက်၊ အကြောင်းအရာအလိုက်ကို

စတင်တဲ့နေရာမှာ ဒီကနေ့က ဘားအံမှာကျင်းပတဲ့ ကရင်လူမျိုးတွေရဲ့ တကယ့်သမိုင်းဝင် နေ့ထူးနေ့မြတ်ကြီး ဖြစ်ပါတယ်။ ဒီနေ့မှာစတင်တဲ့ လူမျိုးအလိုက်ဆွေးနွေးပွဲဟာဆိုရင် ကျနော်တို့ထင်ထားတာထက်ကို အများကြီး စုံလင်စွာနဲ့တက်ရောက်ကြတယ်၊ အားပေးကြတယ်၊ ဝိုင်းဝန်းကူညီကြတယ်။ ဒါကြောင့်မို့လို့ NRPC လို့ခေါ်တဲ့ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးကော်မတီကိုယ်စား ကျေးဇူးတင်ကြောင်း ရှေးဦးစွာပြောလိုပါတယ်။ NRPC ဥက္ကဋ္ဌ နိုင်ငံတော်အတိုင်ပင်ခံပုဂ္ဂိုလ်ကလည်း ကျနော့်ကနေမှာပြီးတော့ သူ့အနေနဲ့ ယခုလိုမျိုး ကျင်းပနိုင်အောင်ကျင်းပပေးတဲ့ လူကြီးမင်းများအားလုံး၊ ဝိုင်းဝန်းကူညီပေးကြသူအားလုံးကို ကျေးဇူးတင်ကြောင်းအမှာစကားပြောလိုပါတယ်။ NCA ရဲ့ စည်းမျဉ်းထဲမှာပါတဲ့အတိုင်းဆိုရင် ဒေသအလိုက်၊ အကြောင်းအရာအလိုက်ဆိုတာ ရှိပါတယ်။ လူမျိုးအလိုက်မှာဆိုရင် ကရင်လူမျိုးတွေရဲ့ လိုအပ်ချက်တွေ၊ လိုလားချက်တွေ၊ ပြီးတော့ ခုနက အဘမူတူးစေးဖိုးပြောသွားတဲ့ ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုတခု ထူထောင်ရာမှာ မျှော်မှန်းချက်တွေကို အားလုံး ဒီမှာ ပွင့်ပွင့်လင်းလင်း ဆွေးနွေးကြမှာ ဖြစ်ပါတယ်။ ကျနော်တို့ လူရယ်ဖြစ်လာရင် အဇ္ဈတနှင့်ဗဟိဒ္ဓလို့ခေါ်တဲ့ ကိုယ်တွင်းငြိမ်းချမ်းရေး၊ ပြင်ပငြိမ်းချမ်းရေးဟာ အလွန်ပဲအရေးကြီးပါတယ်။ ကျနော်တို့နိုင်ငံအနေနဲ့ပြောမယ်ဆိုရင် ငြိမ်းချမ်းရေးမရှိဘဲနဲ့ ထူထောင်မှုတွေ၊ ဖွံ့ဖြိုးမှုတွေ၊ လုပ်ငန်းတွေ မလုပ်နိုင်ပါဘူး၊ အဲဒါကြောင့် အခြေခံဖြစ်တဲ့ငြိမ်းချမ်းရေးကို အခုလိုစတင်နိုင်အောင် အရင်အစိုးရလက်ထက်ကတည်းက စခဲ့ပါတယ်။ အခုဆိုရင် အမျိုးသားအဆင့် နိုင်ငံရေးကို စတင်နိုင်ပြီ ဖြစ်ပါတယ်။ ဒီနေရာမှာ ကျနော်တခု မေတ္တာရပ်ခံချင်တာကတော့ အတ္တ၊ ပရလို့ခေါ်တဲ့ စကားအတိုင်း နံပါတ်တစ်ကတော့ မိမိတို့ဒေသမှာရှိတဲ့လူမျိုးအလိုက် လိုအပ်ချက်တွေကို ဆွေးနွေးသလို၊ တချိန်ထဲမှာပဲ တတိုင်းပြည်လုံးရဲ့ ဒေသတွေလူမျိုးတွေအတွက်ပါ ထည့်စဉ်းစားပေးစေချင်တယ်။ ဘာပဲဖြစ်ဖြစ် ကိုယ့်လူမျိုးကတော့ နံပါတ်တစ်ပေါ့၊ ဒါပေမယ့် ကရင်လူမျိုးဟာဆိုရင် ကျနော် သိရသလောက် တိုင်း ၇ ခု ပြည်နယ် ၇ ခုမှာဆိုရင် အနည်းဆုံး ၁၀ ခုလောက်မှာ အနှံ့အပြား နေကြတယ်လို့ သိရပါတယ်။ အဲ့လိုပဲ လူမျိုးအသီးသီးမှာရှိတဲ့ သက်ဆိုင်ရာသက်ဆိုင်ရာ လိုအပ်ချက်တွေ လိုလားချက်တွေက မတူညီနိုင်ပါဘူး၊ ဒါပေမယ့် ရေမြင့်မှကြာတင့်မယ် ဆိုတဲ့စကားအတိုင်း တိုင်းပြည်တိုးတက်ဖို့ကလည်း အင်မတန်မှအဓိကကျပါတယ်။ ပြီးတော့ ဝန်ကြီးချုပ်နဲ့ အဖူးမူတူးစေးဖိုး ပြောသွားတဲ့စကားထဲမှာ ပါသလိုပဲ၊ တနိုင်ငံလုံးတိုးတက်ဖို့ကိစ္စ အခြေခံဖြစ်သော ငြိမ်းချမ်းရေးကို ဦးတည်ပြီးတော့ အဲ့နောက်မှာမှမိမိတို့ရဲ့လိုလားချက်တွေ၊ လိုအပ်ချက်တွေ ဒီမိုကရေစီဖက်ဒရယ် ပြည်ထောင်စုတည်ဆောက်ဖို့ရည်မှန်းချက်တွေကို ဆွေးနွေးပေးကြပါလို့ မေတ္တာရပ်ခံလိုပါတယ်။

တက်ရောက်လာတဲ့ လူကြီးမင်းထဲမှာဆိုရင်လည်း ကျနော်သိရသလောက်ဆိုရင် အကြိုဆွေးနွေးပွဲတွေ လုပ်ထားပြီး ဖြစ်ပါတယ်။ ခုဆိုရင် ကျနော်တို့ဟာဆိုရင် လူမျိုးအနေနဲ့ စံပြအဖြစ်လူမျိုးအလိုက် အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲဖြစ်တဲ့အတွက် တတိုင်းပြည်လုံးက စောင့်ကြည့်နေပါတယ်၊ စိတ်ဝင်စားကြပါတယ်။ ဒါတင်မက ခုတက်လာတဲ့ နိုင်ငံတကာက သံတမန်တွေ၊ အဖွဲ့အစည်းတွေအားလုံးက စိတ်ဝင်စားကြတယ်၊ မေးကြတယ်။ တကယ့်ကို နမူနာကောင်းပြနိုင်တာဖြစ်ပါတယ်၊ ထပ်ပြီးပြောပါရစေ၊ အခုလိုစီစဉ်ပေးတဲ့သူအားလုံးကို အထူးကျေးဇူးတင်ပါရစေ၊

ကျနော်တို့ ဂုဏ်ယူဝင့်ကြွားစွာ ပြောနိုင်ပါတယ်။ အထူးသဖြင့် ကရင်လူမျိုးတွေကိုယ်စား ကျနော် ဂုဏ်ပြုစကား ပြောပါရစေ။ ဝိုင်းဝန်းပြီးတော့ လုပ်ဆောင်မယ်ဆိုရင် ဘာမဆိုအောင်မြင်နိုင်တယ် ဆိုတဲ့စကားပါ။ ဒီကနေအခြေပြုပြီးတော့ ဆက်သွားမယ့် ဒေသအလိုက်တွေ၊ အကြောင်းအရာအလိုက် တွေ၊ အခြားလူမျိုးအလိုက်ဆွေးနွေးပွဲတွေမှာ ဒီအရာကိုကြည့်ပြီးတော့ စံပြနမူနာဖြစ်လာကြမှာ ဖြစ်ပါတယ်။ နောက် ဒီဆုံးဖြတ်ချက်တွေသည် ဖေဖော်ဝါရီလကုန်လောက်မှာ ကျင်းပဖို့ မျှော်မှန်း ထားတဲ့ ဒုတိယအကြိမ် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ (၂၁)ရာစု ပင်လုံညီလာခံဆီကိုလည်း အဲ့မှာ သွားပြီးတော့ တင်ပြမယ်၊ ဆွေးနွေးမယ်။ နောက်ဆုံးအဆင့်အနေနဲ့ လွှတ်တော်မှာ အတည်ပြု မယ်။ အလွန်အရေးကြီးပါတယ်။

အခုလို အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲကနေ စလိုက်တဲ့ ဆွေးနွေးပွဲကို တက်ရောက် လာတဲ့ လူကြီးမင်းများအနေနဲ့ ငြိမ်းချမ်းရေးဆိုတဲ့အရာကို အဓိကထားပြီးတော့ ဒုတိယအဆင့်ဖြစ်တဲ့ ညီညွတ်ရေး၊ တတိယအချက်ဖြစ်တဲ့ ဖွံ့ဖြိုးတိုးတက်ရေးကို မသွားနိုင်စရာ မရှိပါဘူး။ ခုနက ဆရာမ ပြောတဲ့အထဲမှာ ပါသလိုပဲ၊ အခြေခံသည် မေတ္တာတရားနှင့် ကိုယ်ချင်းစာတရား ဖြစ်ပါ သည်၊ မေတ္တာတရားနဲ့ကိုယ်ချင်းစာတရားကို ထားမယ်ဆိုရင် ကျနော်တို့အတွက် အလိုအပ်ဆုံးဖြစ်တဲ့ ယုံကြည်မှုဆိုတာကို တည်ဆောက်နိုင်မယ်လို့ ကျနော်မှတ်ယူပါတယ်။ နိဂုံးချုပ်အနေဖြင့် ပြည်ထောင်စုအစိုးရ အနေနဲ့ လက်ရှိပြည်ထောင်စုငြိမ်းချမ်းရေး လုပ်ငန်းစဉ်တွေ၊ လုပ်ဆောင်ချက်တွေ၊ အမျိုးသားနိုင်ငံရေး ဆွေးနွေးပွဲတွေမှာ တတ်နိုင်သလောက် အစိုးရဘက်ကနေ ပူးပေါင်းဆောင်ရွက် ပြီးတော့ ကူညီပေးသွားမယ်ဆိုတာကို ကတိပြုရင်း နိဂုံးချုပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါ တယ်။

### ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ – (၂၁)ရာစုပင်လုံ
### အမျိုးသားအဆင့် နိုင်ငံရေး ဆွေးနွေးပွဲ
### လူမျိုးအလိုက်ကျင်းပသော ပထမအကြိမ် ကရင်အမျိုးသား နိုင်ငံရေးဆွေးနွေးပွဲ

# အရှေ့တောင်တိုင်း စစ်ဌာနချုပ် တိုင်းမှူး
# ဗိုလ်ချုပ်မျိုးဝင်း ပြောကြားသည့် မိန့်ခွန်း

ဒီကနေ့ကျင်းပပြုလုပ်တဲ့ လူမျိုးအလိုက် အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲမှာ အမှာစကား ပြောကြားခွင့်ရတဲ့အတွက် ဝမ်းမြောက်ဂုဏ်ယူပါကြောင်း ဦးစွာပြောကြားလိုပါတယ်။ ဒီကနေ့ အခမ်းအနားကို တက်ရောက်လာကြတဲ့ ဂုဏ်သရေရှိလူကြီးမင်းများ၊ ကရင်ပြည်နယ် ပြည်သူပြည်သား အားလုံး စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းနှင့် ပြည့်စုံပါစေလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။

ကျနော်တို့နိုင်ငံအနေနဲ့ လွတ်လပ်ရေးရရှိတာ ၆၉ နှစ်ကျော်ကြာပြီ ဖြစ်ပါတယ်။ တည်ငြိမ်အေးချမ်းမှု၊ ဖွံ့ဖြိုးတိုးတက်မှု အပြည့်အဝ မရရှိသေးဘဲ တပြည်လုံးအတိုင်းအတာနဲ့ ပြည်တွင်းငြိမ်းချမ်းရေးကို မရရှိသေးတာ ဖြစ်ပါတယ်။ ဒါကြောင့် ခေတ်အဆက်ဆက် ခေါင်းဆောင်ကြီးများ ပြည်တွင်းငြိမ်းချမ်းရေးရရှိအောင် ကြိုးပမ်းခဲ့ကြတာကို အားလုံးလည်းအသိပဲ ဖြစ်ပါတယ်။ တမျိုးသားလုံး ခိုင်မာတဲ့ စည်းလုံးညီညွတ်မှု တည်ဆောက်နိုင်ရေးအတွက် အားလုံးဝိုင်းဝန်းကြိုးပမ်းဆောင်ရွက် ကြိုးစားသွားရမှာ ဖြစ်ပါတယ်။ ခေတ်ကာလအလိုက် ကြိုးပမ်းဆောင်ရွက်ခဲ့ကြပြီး ဒီကနေ့ လက်ရှိ လျှောက်လှမ်းနေတဲ့ ပါတီစုံဒီမိုကရေစီခေတ်ကာလမှာ ထာဝရငြိမ်းချမ်းရေး ဖော်ဆောင်နိုင်ဖို့ ကြိုးစားအားထုတ်မှုရလဒ်အနေနဲ့ တနိုင်ငံလုံးအတိုင်းအတာ ပစ်ခတ်တိုက်ခတ်မှု ရပ်စဲရေးသဘောတူစာချုပ် (NCA) ကိုလည်း လက်မှတ်ရေးထိုးနိုင်ခဲ့ပါပြီ။ NCA စာချုပ်ပါအတိုင်း ကရင်ပြည်နယ်မှာ လုပ်ဆောင်နိုင်ပြီဆိုတာ သိပြီးသားဖြစ်ပါတယ်။ ပြည်ထောင်စုငြိမ်းချမ်းရေး ညီလာခံကိုလည်း ကျင်းပနိုင်ခဲ့ပါပြီ။ ဒီကနေ့ကျင်းပပြုလုပ်တဲ့ လူမျိုးအလိုက် အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲဟာလည်း NCA အရ ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်နေတာလည်း တွေ့မြင်ရမှာ ဖြစ်ပါတယ်။ NCA စာချုပ်ပါ လုပ်ငန်းစဉ်တရပ်ဖြစ်တဲ့ ပစ်ခတ်တိုက်ခိုက်မှုဆိုင်ရာ စောင့်ကြည့်ရေးကော်မတီကိုလည်း ကရင်ပြည်နယ်မှာ ဖွဲ့စည်းနိုင်ခဲ့ပြီးဖြစ်ပါတယ်။ တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများ၊ ခေါင်းဆောင်များ အနေနှင့်လည်း NCA စာချုပ်အရ နှစ်ဖက်လေးစားလိုက်နာရမယ့် အပစ်အခတ်တိုက်ခိုက်မှု ရပ်စဲရေးဆိုင်ရာ စည်းကမ်းများနှင့် လိုက်နာရမည့် ကျင့်ဝတ်တွေကို လက်အောက်တပ်ဖွဲ့ဝင်တွေကို အသိပေးချပြလိုက်နာစေခြင်းဖြင့် ငြိမ်းချမ်းရေး လုပ်ငန်းစဉ်ကိုလည်း ပိုမိုအထောက်အကူပြုနိုင်မှာ ဖြစ်ပါတယ်။ ပြည်သူပြည်သားများ အေးချမ်းစွာ နေထိုင်နိုင်ရေး၊ စိတ်အေးချမ်းသာစွာ လုပ်ကိုင်နေထိုင်နိုင်ရေးနဲ့ တရားဥပဒေနှင့်အညီ နေထိုင်နိုင်ရေးတို့အတွက် ထာဝရငြိမ်းချမ်းရေးရရှိအောင် လုပ်ဆောင်ဖို့ လိုအပ်ပါတယ်။ ကျနော်တို့ တပ်ဖွဲ့ဝင်အချင်းချင်း တွေ့ဆုံညှိနှိုင်းခြင်းဖြင့် နှစ်ဖက်တပ်များ ယုံကြည်မှု ပိုမိုရရှိလာတဲ့အပြင်



ပြဋ္ဌာန်းထားတဲ့ ဥပဒေများကို သိရှိလိုက်နာခြင်းအားဖြင့် ဆောင်ရွက်သွားရမှာ ဖြစ်ပါတယ်။ ချမှတ်ထားတဲ့ဥပဒေဆိုတာ လူတယောက်၊ အဖွဲ့အစည်းတခုအတွက်မဟုတ်ဘဲ NCA လက်မှတ်ရေးထိုးထားတဲ့ အဖွဲ့အစည်းအားလုံးအတွက်ပဲ ဖြစ်ပါတယ်။ ယုံကြည်မှုနဲ့ တည်ငြိမ်ကောင်းမွန်တဲ့ အခြေအနေတွေကို ဖန်တီးတည်ဆောက်ခြင်းတို့မှတဆင့် ဒီမိုကရေစီစနစ်နဲ့ ဖက်ဒရယ်စနစ်ကို အခြေခံတဲ့ ပြည်ထောင်စုကို နိုင်ငံရေးဆွေးနွေးပွဲရလဒ်တွေကနေတဆင့် တည်ဆောက်သွားနိုင်မှာ ဖြစ်ပါတယ်။ တပ်မတော်အနေနဲ့ ငြိမ်းချမ်းရေး မဖြစ်မနေ ရယူလိုစိတ်ကို အခြေခံထားပြီး ခေတ်အဆက်ဆက် ငြိမ်းချမ်းရေးနှင့် စည်းလုံးညီညွတ်ရေးလုပ်ငန်းစဉ်တွေမှာ တက်တက်ကြွကြွ ဆောင်ရွက်လျှက်ရှိနေပါတယ်။ စစ်အနိဋ္ဌာရုံတွေ၊ မငြိမ်းချမ်းသေးတဲ့ ဆိုးကျိုးတွေ၊ ပင်ပန်းဆင်းရဲမှုတွေ၊ သွေးနှင့်ချွေး၊ အသက်ခန္ဓာပေးဆပ်မှုတွေကို ခံစားရတာ တပ်မတော်သားများနှင့် တိုင်းရင်းသား လက်နက်ကိုင် ညီနောင်သားချင်းတွေနဲ့ ဒေသခံပြည်သူပြည်သားတွေ ဖြစ်ပါတယ်။ ဒါကြောင့် တပ်မတော်အနေနဲ့ ဒို့တာဝန်အရေးသုံးပါးအပေါ် အခြေခံပြီး နိုင်ငံရဲ့လိုအပ်ချက်ဖြစ်တဲ့ တည်ငြိမ်အေးချမ်းရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေး မူဝါဒအပေါ် မူတည်ပြီး အဖွဲ့အစည်းပေါင်းစုံနဲ့ ပူးပေါင်းလက်တွဲ ဆောင်ရွက်နေတာလည်း ဖြစ်ပါတယ်။ တပ်မတော်ရဲ့ ငြိမ်းချမ်းရေးမူဝါဒ ၆ ရပ်ဟာလည်း ဖြတ်သန်းခဲ့တဲ့ အတိတ်သမိုင်းတလျှောက်ကို တွေ့မြင်ခံစားခဲ့ရတဲ့ လက်ရှိအခြေအနေနှင့် နှိုင်းယှဉ်ပြီး နှစ်ဖက်တပ်များ လိုက်နာလုပ်ဆောင်သင့်တဲ့ အချက်အလက်တွေလည်း ဖြစ်ပါတယ်။ ချမှတ်ထားတဲ့မူဝါဒများဟာ နှစ်ဖက်တပ်များ ပူးပေါင်းဆောင်ရွက်ခြင်းအားဖြင့် စစ်မှန်သော ငြိမ်းချမ်းရေးအတွက် အထောက်အကူပြုမယ့်အပြင် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များ

ကိုလည်း ပိုမိုခိုင်မာ အောင်မြင်လာမှာ ဖြစ်ပါတယ်။

ကျနော်တို့နိုင်ငံဟာ ပါတီစုံဒီမိုကရေစီနိုင်ငံတခုအဖြစ် ခိုင်မာစွာ ထူထောင်နိုင်ရေးအတွက် ဒီမိုကရေစီ ယုံကြည်မှုနဲ့ ဖြစ်စဉ်တွေကို ၂၀၁၀ ပြည့်နှစ် ရွေးကောက်ပွဲပြီးချိန်မှစပြီး အရှိန်အဟုန်နှင့် ဆောင်ရွက်နေတဲ့နိုင်ငံလည်း ဖြစ်ပါတယ်။ ၂၀၁၁ ခုနှစ် အချိန်မှစပြီး ပြည်သူလူထုမှ ရွေးချယ် တင်မြှောက်ထားတဲ့ အစိုးရအသစ်ထံကို နိုင်ငံတော်အာဏာကို စနစ်တကျ လွှဲပြောင်းခဲ့တာ ပထမ ၅ နှစ် သက်တမ်းကျော်လွန်ပြီး ဒုတိယသက်တမ်း ဆက်လှမ်းလျှောက်နေတာလည်း အားလုံးအသိ လည်း ဖြစ်ပါတယ်။ ဒီမိုကရေစီလမ်းကြောင်းပေါ်မှာ ပြည်သူလူထုဆန္ဒနှင့်အညီ ရွေးချယ်လျှောက်လှမ်း နေပြီး ဒီစနစ်ဟာလည်း တည်တည်ငြိမ်ငြိမ် ခိုင်ခိုင်မာမာရှိရမှာ ဖြစ်ပါတယ်။ ဒီမိုကရေစီကျင့်သုံးနေတဲ့ ကမ္ဘာ့နိုင်ငံကြီးတွေရဲ့ သင်ခန်းစာကိုရယူပြီး မိမိတို့နိုင်ငံ တည်ငြိမ်အေးချမ်းပြီး တိုင်းပြည်တိုးတက် အောင် ဆောင်ရွက်ဖို့လည်း လိုအပ်ပါတယ်။ ကျနော်တို့အားလုံးရဲ့ဆန္ဒဟာလည်း တိုင်းရင်းသား အားလုံးနဲ့ ညီညွတ်မျှတသော လူမှုရေး၊ စီးပွားရေးနှင့် ဘ၀လုံခြုံရေး အာမခံရရှိရေးအချက်တွေကို အဓိကထား ဆောင်ရွက်သွားရမှာလည်း ဖြစ်ပါတယ်။ ငြိမ်းချမ်းရေး ဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိက အားသာချက်တွေကတော့ ၂၀၁၅ ခုနှစ် ဒီဇင်ဘာလမှာ ပြည်သူ့လွှတ်တော်မှာ ကန့်ကွက်သူ မရှိ အတည်ပြုပေးခဲ့တဲ့ တနိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA) ရှိနေခြင်း ပဲဖြစ်ပါတယ်။ NCA စာချုပ်ပါ အချက်များကို ပြည်ထောင်စုစိတ်ဓာတ်ဖြင့် ဆက်လက် အကောင်အ ထည်ဖော် ဆောင်ရွက်သွားဖို့ပဲရှိပါတယ်။ လက်ရှိ ကျနော်တို့ ကရင်ပြည်နယ်မှာလည်း ပြည်နယ်အ ဆင့် ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီကို ဖွဲ့စည်းနိုင်ခဲ့ပြီး ယခုဆိုရင် ၁၁ လပိုင်း အစည်းအဝေးကိုလည်း ကျင်းပနိုင်ခဲ့ပြီးဖြစ်ပါသည်။ ကျနော်တို့ တပ်မ တော်နှင့် လက်နက်ကိုင် အဖွဲ့အစည်းများကြားမှာ အပြန်အလှန်နားလည်မှုတွေ ရှိလာပြီး နိုင်ငံရေး ဆွေးနွေးပွဲများ အေးဆေးစွာ အကောင်အထည်ဖော်နိုင်အောင် တဖက်တလမ်းက အထောက်အကူပြု ဆောင်ရွက်လျှက် ရှိပါတယ်။ ငြိမ်းချမ်းရေးလုပ်ငန်းစဉ် ဆောင်ရွက်ရာမှာ တိုင်းရင်းသားပြည်သူများရဲ့ အကျိုးစီးပွားကို ထာ၀စဉ်ရှေးရှုပြီး စေတနာထက်ထက်သန်သန်နှင့် အချိန်တိုအတွင်း ဆောင်ရွက် သွားကြဖို့ကိုလည်းပဲ အကြံပြု ပြောကြားလိုပါတယ်။

တိုင်းရင်းသားညီနောင်များအနေနှင့်လည်း အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်း ရေး လုပ်ငန်းစဉ်များ ဆောင်ရွက်ရာတွင် အခက်အခဲများကို ပြည်ထောင်စုစိတ်ဓာတ်ဖြင့် အောင်မြင် အောင် ဆောင်ရွက်နိုင်သူများဖြစ်ကြောင်းကိုလည်း ယုံကြည်ထားပါတယ်။ တိုင်းရင်းသားများ အားလုံးဟာ ညီအစ်ကိုအရင်းများဖြစ်သည့်အတွက် မတူကွဲပြားမှုတွေကို ပြည်ထောင်စု စိတ်ဓာတ် အပေါ် အခြေခံပြီး ညှိနှိုင်းအဖြေရှာခြင်းပြုလုပ်ပြီးတော့ စိုးရိမ်မှုနဲ့ သံသယစိတ်များကို ယုံကြည်မှု တည်ဆောက်ခြင်းဖြင့် ဖယ်ရှားသွားနိုင်မယ်လို့ ယုံကြည်ကြောင်း ပြောကြားရင်းနဲ့ နိဂုံးချုပ်ပါ တယ်။



**ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ – (၂၁)ရာစုပင်လုံ**

**အမျိုးသားအဆင့် နိုင်ငံရေး ဆွေးနွေးပွဲ**

**လူမျိုးအလိုက်ကျင်းပသော ပထမအကြိမ် ကရင်အမျိုးသား နိုင်ငံရေးဆွေးနွေးပွဲ**

# UPDJC / Peace Commission **အတွင်းရေးမှူး**

# ဦးခင်ဇော်ဦး ပြောကြားသည့် အမှာစကား

ဒီနေ့ကျင်းပပြုလုပ်တဲ့ လူမျိုးအလိုက် အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲ (ကရင်) အခမ်းအနားသို့ ကြွရောက်လာသော သံဃာတော်အရှင်သူမြတ်များနှင့်တကွ တက်ရောက်လာသူ အားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာကြပြီး တိုင်းပြည်အကျိုး၊ လူမျိုးအကျိုး၊ ဘာသာ သာသနာအကျိုး၊ ငြိမ်းချမ်းရေးအကျိုးများကို ထမ်းဆောင်နိုင်ပါစေလို့ ဆုတောင်းမေတ္တာ ပို့အပ်ပါသည်။

ကျနော်ကတော့ ပြည်ထောင်စု ဆွေးနွေးညှိနှိုင်းရေး ပူးတွဲကော်မတီ အတွင်းရေးမှူးအဖွဲ့ အဖွဲ့ဝင်၊ ငြိမ်းချမ်းရေးကော်မရှင် အတွင်းရေးမှူး ဗိုလ်မှူးကြီး ဦးခင်ဇော်ဦး (အငြိမ်းစား) ဖြစ်ပါတယ်။ ကျနော့်အနေနဲ့ ဒီအစီအစဉ်မှာ အမှာစကားပြောကြားဖို့ထက်ကို တင်ပြဆွေးနွေးသွားမှာ ဖြစ်ပါတယ်။ အခုလို တင်ပြဆွေးနွေးခွင့်ရတဲ့အတွက် အထူးဂုဏ်ယူဝမ်းမြောက်ရပါကြောင်းနဲ့ ကျေးဇူးတင်ရှိပါကြောင်း တင်ပြလိုပါတယ်။

ကျနော် ပြည်ထောင်စု ငြိမ်းချမ်းရေးပူးတွဲဆွေးနွေးမှု ကော်မတီ၊ ငြိမ်းချမ်းရေးကော်မရှင် (UPDJC/PC) ကိုယ်စား ငြိမ်းချမ်းရေးဆောင်ရွက်မှု အခြေအနေများကို အကျဉ်းချုပ် တင်ပြပါ့မယ်။ ဦးစွာ တနိုင်ငံလုံးအပစ်အခတ်ရပ်စဲရေးစာချုပ် (NCA) အကြောင်းကို အနှစ်ချုပ်တင်ပြပါ့မယ်။ ကျနော်တို့မြန်မာနိုင်ငံရဲ့ ငြိမ်းချမ်းရေးခရီးဟာ သမ္မတကြီးဦးသိန်းစိန်လက်ထက် ၂၀၁၁ ခုနှစ်ကနေစပြီး တနိုင်ငံလုံးအပစ်အခတ်ရပ်စဲရေး (NCA) စာချုပ်ကို ပေါ်ပေါက်လာအောင် စတင်ဆောင်ရွက်ခဲ့တာဖြစ်ပါသည်။ ကာလအားဖြင့် ၄ နှစ်ကျော် ၅ နှစ်နီးပါးလောက် ဆောင်ရွက်ခဲ့ရပြီး လွှတ်တော်၊ တပ်မတော်ဘက်ခြမ်း UPWC နှင့် တိုင်းရင်းသားလက်နက်ကိုင် ၂၁ ဖွဲ့ကိုယ်စား NCCT အဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့နဲ့ ဆွေးနွေးသဘောတူခဲ့တဲ့ စာချုပ်ဖြစ်ပါတယ်။ ဒီလိုစာချုပ်ဖြစ်လာဖို့အတွက်ကို တရားဝင်အစည်းအဝေး၊ အလွတ်သဘောအစည်းအဝေးများကို ရာထောင်ချီပြီး ဆွေးနွေးခဲ့ရပါသည်။ နေရာများစွာတွင် ပြုလုပ်ခဲ့ရသလို တွေ့ဆုံဆွေးနွေးပွဲများစွာကို ဆောင်ရွက်ခဲ့ရပါတယ်။

ပထမဆုံးအကြိမ် ပထမမူကြမ်းထွက်ဖို့အတွက် ဆောင်ရွက်တဲ့အခါမှာ အချက် ၁၀၄ ချက်မှာ ၄၉ ချက်အထိ သဘောတူညီနိုင်းနိုင်ခဲ့ပါသည်။ ဒုတိယမူကြမ်းမှာ ကျန်တဲ့ ၅၅ ချက်ကနေပြီးတော့ ၂၄ ချက်ကို သဘောတူနိုင်ခဲ့ပြီးတော့ တတိယမူကြမ်းမှာ ကျန်တဲ့ ၃၁ ချက်ထဲကနေ ၂၆ ချက်ကို သဘောတူခဲ့ပါတယ်၊ စတုတ္ထမူကြမ်းမှာ ကျန်တဲ့အချက် ၅ ချက်ကို ဒီအစည်းအဝေးပြီးတဲ့အချိန်အထိကို သဘောတူညီချက်မရဘဲနဲ့ အလွတ်တမ်းအစည်းအဝေးပွဲတွေ အပြန်ပြန်အလှန်လှန်ဆွေးနွေးခဲ့ပြီးတော့မှ နောက်ဆုံး NCA စာချုပ်မူကြမ်းကို ၂၀၁၆ ခုနှစ် မတ်လ ၃၁ ရက်နေ့မှာ သဘောတူ လက်မှတ်ရေးထိုးနိုင်ခဲ့ပါတယ်။ ဒါစာချုပ်မူကြမ်းဖြစ်ပါတယ်။ စာချုပ်မူကြမ်းရေးတဲ့အချိန်အထိကို တိုင်းရင်းသားလက်နက်ကိုင် ၂၁ ဖွဲ့လုံး ပါဝင်လက်မှတ်ရေးထိုးကြတာ ဖြစ်ပြီးတော့မှ ဒီ NCA စာချုပ်ဟာ အစိုးရတစ်ဖွဲ့တည်းရဲ့ လုပ်ဆောင်ချက်မဟုတ်ဘဲနဲ့ အစိုးရနဲ့တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းအားလုံးရဲ့ ကိုယ်စားလှယ်များ၊ ခေါင်းဆောင်များအားလုံးညှိနှိုင်းသဘောတူထားတဲ့ ဘုံသဘောတူညီချက် ဖြစ်ပါတယ်။ NCA ထဲမှာ ပြန်ကြည့်မယ်ဆိုရင် နိုင်ငံရေးဆိုင်ရာ အချက်အလက်ပေါင်း ၃၅ ချက်၊ စစ်ဘက်ဆိုင်ရာအချက်အလက် ၅၅ ချက်နဲ့ လူမှုစီးပွားရေးနဲ့သက်ဆိုင်သော အချက်အလက် ၂၃ ချက်ပါဝင်တယ်။ NCA မှာ အခန်း ၇ ခန်းရှိပြီး အပိုဒ်ပေါင်း ၃၃ ပိုဒ်ရှိပါတယ်။

NCA ရဲ့အောက်မှာ အကောင်အထည်ဖော်မှုဆိုင်ရာ ညှိနှိုင်းအစည်းအဝေးဆိုတဲ့ ခေါင်းဆောင်ကြီးများပါဝင်တဲ့ JICM ဆိုတဲ့ Joint Implementation Committee Meeting အစည်းအဝေးရှိပါတယ်။ အဲ့အစည်းအဝေးရဲ့အောက်မှာ စစ်ဘက်ဆိုင်ရာ ပစ်ခတ်တိုက်ခိုက်ခြင်းကို စောင့်ကြည့်ခြင်းဆိုင်ရာ JMC ကိုဖွဲ့စည်းထားပြီးဖြစ်သလို တစ်ဖက်က နိုင်ငံရေးဆိုင်ရာ Political Dialogue အတွက် ငြိမ်းချမ်းရေးဆွေးနွေးရေးပူးတွဲကော်မတီ UPDJC ကိုဖွဲ့စည်းထားပါတယ်။ UPDJC ရဲ့အောက်မှာ နိုင်ငံရေးဆွေးနွေးပွဲမူဘောင်ရေးဆွဲဖို့အတွက် Framework for Political Dialogue ကို ကျနော်တို့အကြိမ်ကြိမ် ပြင်ဆင်တည်းဖြတ် ညှိနှိုင်းပြီးတော့မှတဆင့် နိုင်ငံရေးဆွေးနွေးပွဲကို သွားကြရမှာ ဖြစ်ပါတယ်။ ဒီစာချုပ်ဟာ နာမည်အားဖြင့် တနိုင်ငံလုံးအပစ်အခတ်ရပ်စဲရေး သဘောတူစာချုပ် ဖြစ်သော်လည်း ဒီစာချုပ်ဟာ အပစ်အခတ်ရပ်စဲရေးတခုတည်းကို ဦးတည်တာ မဟုတ်

ဘဲနဲ့ နိုင်ငံရေး ဆွေးနွေးမှုကို အာမခံချက်ပေးထားတဲ့ စာချုပ်လည်းဖြစ်ပါတယ်။ အဲ့ဒါကြောင့် ဒီစာချုပ်ဟာ Not only for Ceasefire but also for Political Dialogue အတွက်ဖြစ်ပါတယ်။

ဒီသဘောတူညီမှုစာချုပ်ဟာ တနိုင်ငံလုံးအတိုင်းအတာဆောင်တဲ့ အပစ်အခတ်ရပ်စဲရေး အကောင်အထည်ဖော်မှုကို ဦးတည်ပြီး သဘောတူစာချုပ်ချုပ်ဆိုထားတဲ့ စာချုပ်ဖြစ်တာနှင့်အညီ ပြည်ထောင်စုတဝှမ်းလုံးကို သက်ရောက်မှုရှိသလိုပါပဲ။ ဒီစာချုပ်ဟာ ပြည်ထောင်စုမြန်မာနိုင်ငံနဲ့ တိုင်းရင်းသားတွေအကြား သဘောတူလက်မှတ်ရေးထိုးထားပြီး အခန်း ၇ ခန်းနဲ့ အပိုဒ် ၃၃ ပိုဒ် ပါဝင်ပါတယ်။ ဒီသဘောတူစာချုပ်ဟာ ပြည်ထောင်စု မပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးကို ရှေးရှုပြီး လွတ်လပ်မှု၊ တန်းတူညီမျှမှုနှင့် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့် အခွင့်အရေးများ၊ အာမခံချက်များ အပြည့်အဝရှိတဲ့ ဒီမိုကရေစီနှင့် ဖက်ဒရယ် စနစ် တို့ကိုအခြေခံသော ပြည်ထောင်စုဆွေးနွေးပွဲရလဒ်များနှင့်အညီ တည်ဆောက်သွားရန်လည်း ရည်ရွယ်ထားပါတယ်။

ဒါ့အပြင် နိုင်ငံရေးပြဿနာကို စစ်ရေးနည်းဖြင့် ဖြေရှင်းခြင်းမပြုဘဲ နိုင်ငံရေးနည်းဖြင့် ဖြေရှင်းမည့် နိုင်ငံရေးယဉ်ကျေးမှုအသစ်တရပ် တည်ထောင်ပြီး တန်းတူညီတူ အခွင့်အရေးရရှိမည့် ရေရှည်တည်တံ့ခိုင်မြဲမည့် ငြိမ်းချမ်းရေးတည်ဆောက်ဖို့လည်း သဘောတူထားကြပါတယ်။ ဒီလို ဆောင်ရွက်တဲ့နေရာမှာ တိုင်းရင်းသားများ၏ လိုအပ်ချက်များနဲ့ သဘောတူညီချက်များကို အခြေခံတဲ့ နိုင်ငံရေးဆွေးနွေးပွဲမှာ ပါဝင်သင့်သူများအားလုံး ပါဝင်သွားကြရန်လည်း သဘောတူထား ကြပါတယ်။ အပစ်အခတ်ရပ်စဲရေးကို အကောင်အထည်ဖော်နိုင်ရန် နှစ်ဖက်လိုက်နာရမည့် တပ်ပိုင်း ဆိုင်ရာ ကိစ္စရပ်များနဲ့ ပြည်သူလူထုကို အကာအကွယ်ပေးမည့် အချက်များကိုလည်း စာချုပ်မှာ အသေးစိတ် ဖော်ပြပေးထားပါတယ်။ ပြည်တွင်းနေရပ်ထွက်ပြေးတိမ်းရှောင်သူများ၊ ပဋိပက္ခဒဏ် ခံစားနေရသောသူများအတွက် လူသားချင်းစာနာမှုဆိုင်ရာ ကူညီမှုအခွင့်အရေးများကိုလည်း နှစ်ဖက်ညှိနှိုင်း ဆောင်ရွက်သွားကြရန် သဘောတူဆောင်ရွက် ထားကြပါတယ်။

သဘောတူညီထားတဲ့ စစ်ဘက်ဆိုင်ရာ စည်းမျဉ်းများနဲ့ စစ်ဘက်ဆိုင်ရာ ကျင့်ဝတ်များကို ထိထိရောက်ရောက် လိုက်နာနိုင်ရန် တနိုင်ငံလုံးအပစ်အခတ်ရပ်စဲမှုဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေး ကော်မတီကိုလည်း ဖွဲ့စည်းပြီး ကြီးကြပ်ရေးတာဝန်များကို တာဝန်ယူမှု၊ တာဝန်ခံမှု၊ ပွင့်လင်း မြင်သာမှုတို့နဲ့ အကောင်အထည်ဖော် ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ ငြိမ်းချမ်းရေးလုပ်ငန်းစဉ် တခုလုံးကို အကောင်အထည်ဖော်နိုင်ဖို့အတွက် နိုင်ငံရေးလမ်းပြမြေပုံတခုကိုလည်း သဘောတူညီခဲ့ ကြပါတယ်။ ပါဝင်သင့်ပါဝင်ထိုက်သူများအားလုံး ပါဝင်နိုင်တဲ့ နိုင်ငံရေးဆွေးနွေးပွဲများ ကျင်းပနိုင် ရေးအတွက် ပြည်ထောင်စုငြိမ်းချမ်းရေး ဆွေးနွေးမှုကော်မတီကိုလည်း ဖွဲ့စည်းပြီး အကောင်အထည် ဖော် ဆောင်ရွက်သွားမှာလည်း ဖြစ်ပါသည်။ ဤပူးတွဲကော်မတီသည် နိုင်ငံရေးဆွေးနွေးမှု မူဘောင် ရေးဆွဲပြီး နိုင်ငံရေး ဆွေးနွေးပွဲအဆင့်ဆင့်ကို အကောင်အထည်ဖော်သွားရမှာ ဖြစ်ပါသည်။ ငြိမ်းချမ်းရေး လုပ်ငန်းစဉ်များအပေါ်မှာ ယုံကြည်မှုရရှိရန်အလို့ငှာ မတရားအသင်းအဖြစ် ကြေညာ ခဲ့သည့် အဖွဲ့အစည်းများကို မတရားအသင်းမှပယ်ဖျက်ရန် သဘောတူခဲ့သည့်အလျောက် ဤစာချုပ် ကို လက်မှတ်ရေးထိုးထားသော အဖွဲ့အစည်းများကို အစိုးရက မတရားအသင်းမှ ပယ်ဖျက်ပေးခဲ့ပြီး လည်း ဖြစ်ပါသည်။

ထို့အပြင် လက်မှတ်ရေးထိုးထားကြတဲ့ တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများသည် မိမိတို့နှင့်သက်ဆိုင်သည့် အပစ်ရပ်နယ်မြေများအတွင်းတွင် ဖွံ့ဖြိုးတိုးတက်ရေးနှင့် လုံခြုံရေးဆိုင်ရာ ကိစ္စရပ်များကို မိမိအဖွဲ့အစည်း၏ အတိုင်းအတာအရ တာဝန်ယူနေကြသည့် အဖွဲ့အစည်းများဖြစ်သည့် အားလျော်စွာ အပစ်အခတ်ရပ်စဲထားပြီး ငြိမ်းချမ်းရေးဆွေးနွေးပွဲများ ကျင်းပနိုင်ရန် အကောင်အထည် ဖော်နေသည့် ကာလအတွင်း ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး၊ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး၊ တိုင်းရင်းသားလူမျိုးများ၏ ဘာသာစကား စာပေ၊ ယဉ်ကျေးမှု ထိန်းသိမ်းမြှင့်တင်ရေး၊ ဒေသဆိုင်ရာ တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး၊ ဒေသဖွံ့ဖြိုးရေးနှင့် မူးယစ်ဆေးဝါး တိုက်ဖျက်ရေးဆိုင်ရာ လုပ်ငန်းများထဲမှာ နှစ်ဖက်ပူးပေါင်းဆောင်ရွက်ရန်လည်း သဘောတူ ဆောင်ရွက်ထားခဲ့ ကြပါတယ်။

ဒါကြောင့် ဒီစာချုပ်သည် နိုင်ငံတော်အကြီးအကဲများနှင့် တိုင်းရင်းသားလက်နက်ကိုင် အသီးသီး၏ ခေါင်းဆောင်များ လက်မှတ်ရေးထိုးပြီးသည့်အချိန်မှစပြီး အသက်ဝင်မှာဖြစ်ပြီး ရေရှည်တည်မြဲမှုကို ဖော်ဆောင်တဲ့ ပြည်ထောင်စုမြန်မာနိုင်ငံရဲ့ သမိုင်းဝင် သဘောတူစာချုပ် ဖြစ်ကြောင်းလည်း တင်ပြအပ်ပါသည်။

ဆက်လက်ပြီး နိုင်ငံရေးလမ်းပြမြေပုံကို တင်ပြပါ့မယ်။ ပြည်ထောင်စုအစိုးရနဲ့ တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်းများသည် နိုင်ငံရေးလမ်းပြမြေပုံ နှင့်စပ်လျဉ်းပြီး အောက်ပါအချက်များကို သဘောတူခဲ့သည်။

(က) တစ်နိုင်ငံလုံးအပစ်အခတ်ရပ်စဲရေး သဘောတူညီမှုစာချုပ်ကို လက်မှတ်ရေးထိုးရမည်။

(ခ) အစိုးရကိုယ်စားလှယ်များနှင့် တိုင်းရင်းသားလက်နက်ကိုင် ကိုယ်စားလှယ်များက နိုင်ငံရေး ဆွေးနွေးမှုဆိုင်ရာမူဘောင်ကို ရေးဆွဲသဘောတူညီမှုရယူရမည်။

(ဂ) ထိုမူဘောင်ကို အခြေခံ၍ အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲများ ကျင်းပပြီး လုံခြုံရေး ဆိုင်ရာ ပြန်လည်ပေါင်းစည်းခြင်းကိစ္စရပ်များ၊ လုပ်ငန်းစဉ်များကို ညှိနှိုင်း ဆွေးနွေးခြင်းနှင့် နှစ်ဖက်သဘောတူညီပြီး ကြိုတင်ဆောင်ရွက်ဖွယ်ရာများကို လုပ်ဆောင်ခြင်း။

(ဃ) ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ ကျင်းပခြင်း။

(င) ပြည်ထောင်စုသဘောတူညီမှုစာချုပ် ချုပ်ဆိုခြင်း။

(စ) ပြည်ထောင်စုလွှတ်တော်ကို တင်သွင်း၍ အတည်ပြုချက် ရယူခြင်း။

(ဆ) ပြည်ထောင်စုသဘောတူစာချုပ် (Pyidaungsu Accord) ပါ သဘောတူညီချက်များကို အကောင်အထည်ဖော်ခြင်းနှင့် လုံခြုံရေးဆိုင်ရာ ပြန်လည်ပေါင်းစည်းခြင်း လုပ်ငန်းစဉ်များ အကောင်အထည်ဖော် ဆောင်ရွက်ခြင်းတို့ ဖြစ်ပါသည်။

ဒီလမ်းပြမြေပုံမှာ ကြည့်လိုက်မယ်ဆိုရင် လက်မှတ်ရေးထိုးပြီးတဲ့အခါမှာ နိုင်ငံရေးဆွေးနွေးမှု မူဘောင်ကို ဆွေးနွေးပြီးတဲ့နောက်မှာ အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲကို ကျင်းပရမှာ ဖြစ်ပါတယ်။ ဒါပေမယ့် ပြီးခဲ့တဲ့အစိုးရလက်ထက် ၂၀၁၅ အောက်တိုဘာလမှာ လက်မှတ်ရေးထိုး ပြီးတဲ့နောက် တကယ်တော့ အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲတွေကို ကျင်းပဖို့အတွက် အချိန်အလုံအလောက် မရှိခဲ့ပါဘူး။ လက်မှတ်ရေးထိုးပြီး ရက်ပေါင်း ၅၀ အတွင်းမှာ မူဘောင်ကို ရေးဆွဲရမှာဖြစ်ပြီး ရက်ပေါင်း ၉၀ အတွင်းမှာ အမျိုးသားငြိမ်းချမ်းရေးညီလာခံကို ကျင်းပရမှာ

ဖြစ်ပါတယ်။ စာချုပ်ကို သဘောတူညီခဲ့တာ ၂၀၁၅ မတ်လ ၃၁ ရက်နေ့ ဖြစ်ပါတယ်။ သို့သော်လည်း အကြောင်းအမျိုးမျိုးကြောင့် လက်မှတ်ရေးထိုးဖို့ရန် နှောင့်နှေးကြန့်ကြာခဲ့ပြီး အောက်တိုဘာလမှ လက်မှတ်ရေးထိုးနိုင်ခဲ့ပါတယ်။ အဲ့ဒါကြောင့် အဲ့ဒါကို ဆောင်ရွက်နေစဉ်ကတည်းက ရက်ပေါင်း ၆၀ အတွင်းမှာ နိုင်ငံရေးဆွေးနွေးပွဲမူဘောင်ကို ရေးဆွဲဖို့ အချိန်မမီမှာစိုးတဲ့အတွက် မူကြမ်းကို အတည်ပြုပြီးတာနဲ့ ၂၀၁၅ မေလကတည်းက နိုင်ငံရေးဆွေးနွေးပွဲမူဘောင်ကို အဖွဲ့အစည်းအားလုံးနဲ့ တပြိုင်နက် ဆွေးနွေးညှိနှိုင်းခဲ့ပါတယ်။ ဒါကြောင့်လည်း လက်မှတ်ရေးထိုးပြီး ရက်ပေါင်း ၆၀ မှာ Framework For Political Dialogue ကို အတည်ပြုနိုင်ခဲ့ပါတယ်။

အဲ့တော့ ရက်ပေါင်း (၉၀) အတွင်းမှာ ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံကို ကျင်းပရမှာဖြစ်တဲ့အတွက်ကြောင့် အဲ့ကာလမှာ ရွေးကောက်ပွဲလုပ်တဲ့အချိန်နဲ့ တိုက်ဆိုင်နေတဲ့အတွက်ကြောင့်မို့လို့ အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲများကို မကျင်းပနိုင်ခဲ့ဘဲနဲ့ ယခင်အစိုးရလက်ထက်မှာ ပထမအကြိမ် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံကို ကျင်းပခဲ့ပါတယ်။ တခါ အစိုးရအဖွဲ့ အပြောင်းအလဲ တာဝန်လဲလှယ်ပြီးတဲ့အခါမှာ အစိုးရသစ်အနေနဲ့ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ကို ဦးဆောင်ပြီးတော့ စတင်ဆောင်ရွက်တဲ့အခါမှာလည်း အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲတွေကို မကျင်းပနိုင်ခဲ့သေးဘဲနဲ့ အစိုးရသစ်ရဲ့မူဝါဒ၊ အစိုးရသစ်ရဲ့သွားချင်တဲ့ပုံစံမျိုးကို ချပြချင်တဲ့အတွက်ကြောင့်မို့လို့ ပြည်ထောင်စုငြိမ်ချမ်းရေးညီလာခံ (၂၁) ရာစု ပင်လုံကို ကျနော်တို့ တိုက်ရိုက်ကျင်းပခဲ့ရ ပါတယ်။ အခုငြိမ်းချမ်းရေးညီလာခံ တခုနဲ့တခုဟာ မူဘောင်ထဲမှာ (၆) လတကြိမ် ကျင်းပရမှာ ဖြစ်တဲ့အတွက်ကြောင့် ပြီးခဲ့တဲ့ ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ (၂၁) ရာစု ပင်လုံညီလာခံ ကျင်းပပြီးတဲ့နောက် (၆) လအတွင်းမှာ ဒုတိယအကြိမ် မကျင်းပမီမှာ အမျိုးသားအဆင့် နိုင်ငံရေး တွေ့ဆုံဆွေးနွေးပွဲတွေကို ကျနော်တို့ ပုံမှန်ကျင်းပနိုင်မည်ဖြစ်ပါကြောင်း တင်ပြလိုပါတယ်။

ဆက်လက်ပြီးတော့မှ စာချုပ်ထဲမှာပါတဲ့ ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးနှင့်ပတ်သက်ပြီး အနည်းငယ် ရှင်းလင်းတင်ပြလိုပါတယ်။ အပစ်ခတ်ရပ်စဲရေး Cease Fire ဆိုတဲ့စကားကို ၁၈၄၇ ခုနှစ်မှာ စတင်အသုံးပြုခဲ့တာဖြစ်ပါတယ်။ ခရိုင်းမီးယားစစ်ပွဲမှာ ရောဂါတွေဖြစ်ပွားလာရာကနေ ဖြစ်ပြီးမှ နှစ်ဖက်တပ်တွေက တိုက်ပွဲကို ခဏရပ်ပြီးမှ ရောဂါဖြစ်တဲ့လူနာတွေကို သယ်ထုတ်နိုင်အောင် ဆိုပြီးတော့ Cease Fire ဆိုတဲ့စကားလုံးဟာ ပေါ်ထွက်လာခြင်းဖြစ်ပါတယ်။ တကယ်တော့ ဒီစကားရပ်ဟာ အမြောက်တပ်ရဲ့စကားရပ်ဖြစ်တဲ့ အပစ်ရပ်ဆိုပြီးတော့မှ Cease Fire ကို အသုံးပြုခြင်း ဖြစ်ပါတယ်။ အဓိပ္ပါယ်ကတော့ အခြားသောကိစ္စကို ဆောင်ရွက်နိုင်ဖို့အတွက် ဒို့တွေ တိုက်ပွဲကို ရပ်ကြရအောင်ဆိုတဲ့သဘော ဖြစ်ပါတယ်။ ဒီပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဟာ ၁၉၃၂ ခုနှစ်မှာ တိုက်ပွဲများကို ရပ်လိုက်တဲ့ သဘောတူညီချက်လို့ သတ်မှတ်ခဲ့တယ်။

၁၉၄၅ ခုနှစ် ရောက်တဲ့အခါကျတော့ ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုတဲ့ အဓိပ္ပါယ်ဟာ ငြိမ်းချမ်းရေးရရှိရန် ပစ်ခတ်တိုက်ခတ်မှုရပ်စဲရေးဆိုပြီးတော့ အဓိပ္ပါယ်ကို ပြောင်းလဲသတ်မှတ်ခဲ့တာ ဖြစ်ပါတယ်။ ဒီစကားအရ ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး Cease Fire ဟာ ရေရှည်သဘောတူညီချက် ရရှိရေးအတွက် ဆောင်ရွက်ရန်ဖြစ်ပါတယ်။ ဒီသဘောတူညီချက်တွေရရှိအောင် သဘောတူထားတဲ့ နေရာမှာ စစ်တိုက်နေလို့မရဘူးဆိုတဲ့သဘောပဲ ဖြစ်ပါတယ်။ ဒါကြောင့် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး Cease Fire ဆိုတာဟာ ရန်လိုမှုတွေကို ရပ်ဆိုင်းပြီး ကြီးကြပ်စစ်ဆေးမှုများနှင့်အတူ သဘောတူညီ

ချက်များကို လက်မှတ်ရေးထိုးရပါတယ်။ စောင့်ကြည့်တာမရှိရင်၊ ကြီးကြပ်တာမရှိရင် ရန်လိုမှုရပ်စဲတဲ့အဆင့်ပဲ ဖြစ်ပါတယ်။ ပစ်ခတ်တိုက်ခိုက်မှုရပ်စဲခြင်းလို့ သုံးမယ်ဆိုရင် စောင့်ကြည့်မှု၊ စိစစ်မှုတွေ ပါလာရမှာဖြစ်ပါတယ်။

ပစ်ခတ်တိုက်ခိုက်မှုရပ်စဲခြင်နဲ့ ရန်လိုမှုရပ်ဆိုင်းခြင်းက ဘာကွာခြားသလဲလို့ မေးမယ်ဆိုရင် စောင့်ကြည့်ခြင်းများ၊ စိစစ်ခြင်းများရှိခြင်း မရှိခြင်းအပေါ် ကွာခြားတယ်လို့ ကျနော်တို့ပြောရမှာပဲ ဖြစ်ပါတယ်။ သိပ္ပံပညာရှင် အိုင်းစတိုင်းလ်ကတော့ Peace can't be kept by force. It can only be achieved by understanding လို့ပြောခဲ့တာရှိပါတယ်။ ငြိမ်းချမ်းရေးအတွက် ဆွေးနွေးကြတဲ့အခါမှာ ထားခဲ့လို့မရတဲ့အချက်ကတော့ ပါဝင်သူအားလုံးရဲ့ ဆန္ဒရှိမှုဟာ အရေးကြီးဆုံးပဲဖြစ်ပါတယ်။ အချိန်လည်း မကျသေးဘူး။ ဆန္ဒလည်းမရှိဘူးဆိုရင် မအောင်မြင်တဲ့အပြင် အန္တရာယ်ကိုပါ ဖြစ်စေပါတယ်။ ဒီတော့ အပစ်အခတ်တိုက်ခိုက်မှုရပ်စဲရေးဟာ ပါဝင်သူနှစ်ဖက်တပ်ရဲ့ ဆန္ဒရှိမှုအပေါ်မှာ မူတည်နေကြောင်းလည်း တင်ပြလိုပါတယ်။ ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူညီချက်ရပြီးတာနဲ့ ကျနော်တို့ ရပ်လိုက်လို့လည်း မရပါဘူး။ အဲ့ဒီ သဘောတူညီချက်တခုထည်းနဲ့ ပြဿနာအားလုံးကို မဖြေရှင်းနိုင်ပါဘူး။ သဘောတူညီချက်များဟာ ဆွေးနွေးချက်များကို လုပ်ဆောင်နိုင်တဲ့ အခြေအနေ ဖန်တီးမှုတခုပဲဖြစ်ပါတယ်။ ဒါကြောင့် ဒီနေရာမှာ ဘာအရေးကြီးဆုံးလဲဆိုတာကို ပြန်ပြီးတော့ ရှာကြည့်လိုက်တဲ့အခါမှာ အပြန်အလှန်ယုံကြည်မှုရရှိရေးပဲ ဖြစ်ပါတယ်။ ဒီလို အပြန်အလှန် ယုံကြည်မှုရအောင် ကျနော်တို့ ဘယ်လိုတည်ဆောက်ကြမှာလဲ၊ ဒီလိုယုံကြည်မှုရမှသာလျှင် နိုင်ငံရေး ပြဿနာများကို ကျနော်တို့ တွေ့ဆုံဆွေးနွေးနိုင်မှာဖြစ်ပါတယ်။ ဒါကြောင့် ကျနော်တို့ တနိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်မှာ ဒါတွေကို ပူးတွဲစောင့်ကြည့်တဲ့ Joint Monitoring Committee (JMC) လုပ်ငန်းတွေဟာ အပါအဝင်ဖြစ်ပါတယ်။ ဒါတွေကို ကျနော်တို့ ပြည့်စုံစွာ ဆောင်ရွက်ထားပြီးလည်းဖြစ်ပါတယ်။ လက်ရှိလည်း အကောင်အထည်ဖော်ဆောင်ရွက်နေတာ ဖြစ်တဲ့အတွက်ကြောင့် ဒီစာချုပ်ကို လက်မှတ်ရေးထိုးတဲ့အချိန်ကစပြီးတော့ ကျနော်တို့ လက်မှတ်ရေးထိုးထားတဲ့ အဖွဲ့အတွင်းမှာ လက်မှတ်ရေးထိုးထားတဲ့အဖွဲ့နဲ့ တပ်မတော်နဲ့ ပစ်ခတ်တိုက်ခိုက်မှုများစွာ လျှော့ချနိုင်ခဲ့တယ်ဆိုတာကိုလည်း မြင်တွေ့ရမှာဖြစ်ပါတယ်။

တဖက်က ပြန်ကြည့်မယ်ဆိုရင် နိုင်ငံရေးတွေ့ဆုံဆွေးနွေးပွဲများဟာလည်း ယုံကြည်မှုတည်ဆောက်နေခြင်းလည်း ဖြစ်ပါတယ်။ နိုင်ငံတော်တည်ဆောက်ခြင်း (Nation Building) ကို အတူတကွ တည်ဆောက်ကြပါတယ်။ အနာဂတ်ကို ဘယ်လိုဖြစ်ချင်လဲဆိုတာကို ဆွေးနွေးနိုင်မှသာ ကျနော်တို့ တဦးနဲ့တဦးဟာ ယုံကြည်မှုတည်ဆောက်နိုင်မှာ ဖြစ်ပါတယ်။ ဒီအပစ်အခတ်တိုက်ခိုက်မှုရပ်စဲရေးဟာ တကယ်တော့ နိုင်ငံရေးပြဿနာမဟုတ်ပါဘူး။ စစ်ရေးဆိုင်ရာကိစ္စပဲ ဖြစ်ပါတယ်။ သို့သော် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်အရ စစ်ရေးဆိုင်ရာအရ ပျက်စီးသွားတာမျိုး မတွေ့ရဘူး။ အလွန်နည်းပါတယ်။ လက်မှတ်ရေးထိုးပြီးနောက်ပိုင်းမှာလည်း ပစ်ခတ်မှုတွေ၊ ချိုးဖောက်မှုတွေ အနည်းငယ်ရှိသော်လည်း တဖြည်းဖြည်းနဲ့ လျော့နည်းသွားပါတယ်။ နောက်ပိုင်း ပစ်ခတ်မှု၊ ချိုးဖောက်မှုတွေဟာ မရှိသလောက်ဖြစ်သွားပါတယ်။ ဒါပေမယ့် ဘယ်အချိန်မှာ ဒီသဘောတူစာချုပ်ဟာ ပျက်ပြားသွားနိုင်သလဲဆိုရင် နိုင်ငံရေးကြောင့်သာ ပြဿနာဖြစ်ပေါ်လာနိုင်ပါတယ်။ ဒါကြောင့် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးအတွက်သာ လုပ်ဆောင်နေ၍မရဘဲနဲ့ ကျနော်တို့

တွေဟာ နိုင်ငံရေးဆွေးနွေးပွဲကို မဖြစ်မနေ လုပ်ဆောင်သွားရမှာဖြစ်ပါတယ်။ ယုံကြည်မှုတည်ဆောက်ခြင်းကို အလေးထားပြီးတော့မှ ဆောင်ရွက်ရမှာဖြစ်ပါတယ်။

ကျနော်တို့ မြန်မာနိုင်ငံမှာ ငြိမ်းချမ်းရေးလုပ်ငန်းမှာ ပါဝင်နေတာဟာ စေတနာအများကြီးရှိတာကို တွေ့မြင်ရမှာဖြစ်ပါတယ်။ ယုံကြည်မှုရှိနေတာကိုလည်း တွေ့မြင်ရမှာဖြစ်ပါတယ်။ ပါဝင်နေသူအားလုံးဟာလည်း လက်တွေ့ကျကျပါဝင်နေတာကိုလည်းတွေ့ရပါတယ်။ မိမိနိုင်ငံအတွက် အနာဂတ် ဘုံသဘောတူညီချက်ရရှိမယ်ဆိုရင် မကြာခင်မှာ အားလုံးအဆင်ပြေသွားမှာဖြစ်ပါတယ်။ ဖွဲ့စည်းပုံ အခြေခံဥပဒေဆိုတာက မိမိနိုင်ငံကို အနာဂတ်မှာ ဘယ်လိုဖြစ်စေချင်သလဲဆိုတာကို ဖော်ပြခြင်းပဲ ဖြစ်ပါတယ်။ ဒီသဘောတရားအရ ဖွဲ့စည်းပုံအခြေခံဥပဒေကို ဘယ်လိုပြင်ဆင်မလဲ ကြိုညှိနှိုင်းဆွေးနွေး ရယူနိုင်ပါတယ်။ မြန်မာနိုင်ငံမှာဆောင်ရွက်နေတဲ့ တနိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA) ဟာ တနိုင်ငံလုံးအတွက် ရည်ရွယ်ပြီးမိမိတို့ဖြစ်စေလိုတဲ့ လိုလားချက် ဖြစ်ပါတယ်။ တနိုင်ငံလုံး ချက်ချင်းဖြစ်ရမယ်ဆိုတဲ့ စာချုပ်တော့မဟုတ်ဘူး။ တနိုင်ငံလုံးအတွက်တော့ ရည်ရွယ်ထားပါတယ်။ လက်မှတ်ရေးထိုးထားသူများနဲ့တိတိကျကျ အကောင်အထည်ဖော်နိုင်ဖို့ဆိုရင် လက်မှတ်မထိုးသေးတဲ့အဖွဲ့တွေကို လက်မှတ်ထိုးနိုင်မှကျနော်တို့ ဆောင်ရွက်နိုင်မှာ ဖြစ်ပါတယ်။ ဆွေးနွေးတဲ့နေရာမှာ အဓိကကတော့ ဘုံသဘောတူညီချက်ရရှိရေးပဲဖြစ်ပါတယ်။

သီအိုရီအရ တင်ပြရမယ်ဆိုရင် အဆင့်သုံးဆင့် ရှိပါတယ်။ (၁) အမြင်၊ (၂) မူဝါဒ၊ (၃) ပြဋ္ဌာန်းချက်တို့ပဲဖြစ်ပါတယ်။ ပြဋ္ဌာန်းချက်မှာတော့ သာမန်အားဖြင့် အသေးစိတ်တွေ ပါတတ်ပါတယ်။ ဆွေးနွေးပွဲအဆင့်ဆင့်မှာ နောက်ဆုံး ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံမှာ ဘယ်အဆင့်ကိုလုပ်ရမလဲဆိုတာ ကျနော်တို့ ကွဲကွဲပြားပြားသိဖို့ လိုပါတယ်။ ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံဆိုတာ လမ်းညွှန်ချက်၊ Guide Line နဲ့ မူဝါဒတွေကို ချပြီးတော့မှ လွှတ်တော်ကသာ အသေးစိတ်ကိုလုပ်မယ့် ပုံစံဖြစ်ပါတယ်။ ဒါကြောင့် ဒီအဆင့်သုံးဆင့်မှာ ရောထွေးနေမယ်ဆိုရင် အခက်အခဲတွေအများကြီး တွေ့နိုင်ပါတယ်။ အားလုံးကို အဆင်ပြေစွာ လုပ်ဆောင်နိုင်ဖို့လည်း အရေးကြီးပါတယ်။ ကျနော်တို့ အဓိကရည်မှန်းချက်ပန်းတိုင်ကတော့ အမျိုးသားအကျိုးစီးပွားက တဖက်မှာဖြစ်ပြီးတော့ သီးခြားအကျိုးစီးပွားတွေဖြစ်တဲ့ Group အလိုက်၊ ဒေသအလိုက်၊ Individual အကျိုးစီးပွားဟာ နိုင်ငံတော်ရဲ့ အကျိုးစီးပွားနဲ့ Balance မျှနေရမည် ဖြစ်ပါတယ်။ ဒါကြောင့် လူမျိုးအလိုက်၊ ဒေသအလိုက် အကြောင်းအရာအလိုက် ဆွေးနွေးကြတဲ့အခါမှာ မိမိတို့ အမျိုးသားရေးအကျိုးကိုလည်းကြည့်ပြီး အမျိုးသားရေးအကျိုးအတွက်ကိုလည်း ဆောင်ရွက်ရမှာဖြစ်သလို တနိုင်ငံလုံးအကျိုးအတွက်ကိုလည်း ဆောင်ရွက်ရမှာဖြစ်ပါတယ်။ Group အလိုက်၊ ဒေသအလိုက်၊ Individual အကျိုးစီးပွားဟာ နိုင်ငံတော်ရဲ့ အကျိုးစီးပွားနဲ့ Balance မျှနေရမည် ဖြစ်ပါတယ်။ ဒါက ကျနော်တို့ရဲ့ Major Goal ပဲဖြစ်ပါတယ်။

ဒီတော့ ကျနော်တို့သွားနေတဲ့ အမျိုးသားအဆင့် နိုင်ငံရေးတွေ့ဆုံဆွေးနွေးပွဲဟာ NCA သဘောတူစာချုပ် အပိုဒ် (၂၀) အပိုဒ်ခွဲ (ဂ)၊ (ဃ) နဲ့ NCA အစည်းအဝေးဆုံးဖြတ်ချက် (၁၇) တို့အရ UPDJC က ချမှတ်ပေးတဲ့ အခြေခံလမ်းညွှန်ချက်များနဲ့အညီ အမျိုးသားအဆင့် နိုင်ငံရေးတွေ့ဆုံဆွေးနွေးပွဲကို ကျင်းပရခြင်း ဖြစ်ပါတယ်။ နိုင်ငံရေးဆွေးနွေးပွဲဆိုတာဟာ လူမျိုးအလိုက်၊

ဒေသအလိုက်၊ အကြောင်းအရာအလိုက်သော်လည်းကောင်း ကျင်းပတဲ့ဆွေးနွေးပွဲများလည်း ဖြစ်ပါတယ်။ အမျိုးသားအဆင့် နိုင်ငံရေးတွေ့ဆုံဆွေးနွေးပွဲကို ဘယ်လိုကြီးကြပ်တာလဲ။ အမျိုးသားအဆင့် နိုင်ငံရေးတွေ့ဆုံဆွေးနွေးပွဲဟာ လူမျိုးအလိုက်၊ ဒေသအလိုက်၊ အကြောင်းအရာအလိုက် ဆွေးနွေးတာဖြစ်ပြီး အမျိုးသားအဆင့်နိုင်ငံရေး ကြီးကြပ်ရေးကော်မတီမှ ကြီးကြပ်တာဖြစ်ပါတယ်။ အဲ့ဒီကနေမှ ရရှိလာတဲ့ ရလဒ်တွေဟာ လုပ်ငန်းကော်မတီတွေ သွားရမှာဖြစ်ပါတယ်။ လုပ်ငန်းကော်မတီအနေနဲ့ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ လုံခြုံရေးနှင့် မြေယာနှင့်သဘာဝပတ်ဝန်းကျင်ဆိုပြီး လုပ်ငန်းကော်မတီ ၅ ခု ဖွဲ့ထားပါတယ်။ အဲ့ဒီလုပ်ငန်းကော်မတီ ၅ ခုမှ ကော်မတီတခုမှာ အစိုးရ၊ လွှတ်တော်နှင့် တပ်မတော် အစုအဖွဲ့၊ တိုင်းရင်းသားလက်နက်ကိုင် အစုအဖွဲ့နဲ့ နိုင်ငံရေးပါတီအစုအဖွဲ့ (၄) ဖွဲ့နဲ့ လုပ်ငန်းကော်မတီ (၁၂) ဦးစီ ဖွဲ့ထားပါတယ်။ ဒီလုပ်ငန်းကော်မတီအသီးသီးဟာ သက်ဆိုင်ရာ အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲမှ ရရှိလာတဲ့ တင်ပြချက်တွေကို တူတာကိုစု၊ မတူတာကို စိစစ်ပြီး အမျိုးအစား ခွဲပါမယ်။ ဒါတွေကို အကြေအလည်ဆွေးနွေးပြီးတော့မှ UPDJC အတွင်းရေးမှူးအဖွဲ့ကို တင်ပြမှာဖြစ်ပါတယ်။ UPDJC အတွင်းရေးမှူးအဖွဲ့မှာ အစိုးရ၊ လွှတ်တော်၊ တပ်မတော် အစုအဖွဲ့၊ တိုင်းရင်းသား လက်နက်ကိုင်အစုအဖွဲ့၊ နိုင်ငံရေးပါတီအစုအဖွဲ့၊ အစုအဖွဲ့တခုစီက (၅) ဦးစီနဲ့ စုစုပေါင်း (၁၅) ဦး ဖွဲ့ထားပါတယ်။ ထိုမှတဆင့် Union Peace Conference ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံကို တင်ပြမှာဖြစ်ပါတယ်။

အဲ့ဒီ UPDJC အဆင့်မှာ မတော်တဆ တကယ်လို့ ဖြေရှင်းလို့မရတဲ့ နိုင်ငံရေးပြဿနာဖြစ်နေမယ်ဆိုရင် ဖြေရှင်းဖို့အတွက်ကတော့ JICM အစည်းအဝေးကို တင်ပြပြီးတော့မှ အဲ့ဒီကနေ သဘောတူညီချက် ပြန်လည်ရရှိလာပြီးမှ UPDJC ကနေတဆင့် ပြည်ထောင်စုငြိမ်းချမ်းရေး ညီလာခံကို တင်ပြရမှာဖြစ်ပါတယ်။ ဒါကြောင့် ဒီလို အမျိုးသားတွေ့ဆုံဆွေးနွေးပွဲမှာ လိုချင်တဲ့ ရလဒ်ရအောင် ဘောင်ကလေးတွေ သတ်မှတ်လုပ်ဆောင်ပေးထားတာရှိပါတယ်။ လူမျိုးအလိုက် ဆွေးနွေးပွဲမှာ ဘယ်လိုခေါင်းစဉ်လေးတွေ ဆွေးနွေးကြပါ၊ ဒေသအလိုက် ဘယ်လိုခေါင်းစဉ်တွေ ဆွေးနွေးကြပါ။ အကြောင်းအရာအလိုက်မှာ ဘယ်လိုခေါင်းစဉ်လေးတွေ ဆွေးနွေးကြပါ။ ဥပမာ – လူမျိုးအလိုက် ဆွေးနွေးပွဲမှာ နိုင်ငံရေးကဏ္ဍမှာ ဖက်ဒရယ်ပြည်ထောင်စုစနစ်ရဲ့ အခြေခံမူ ခေါင်းစဉ်လေးတွေကို ပေးထားပါတယ်။ ဖက်ဒရယ်ပြည်ထောင်စုစနစ်ကို အခြေခံတဲ့ မူကိုပဲ ဆွေးနွေးကြဖို့ဖြစ်ပါတယ်။ အခြားခေါင်းစဉ်တွေ ရောထွေးပြီး ပါလာမယ်ဆိုရင် ဘေးဖယ်ထားတဲ့ အနေအထားတွေ ဖြစ်လာမှာဖြစ်ပါတယ်။ ဒါကြောင့် ရရှိတဲ့အချိန်တိုအတောအတွင်းမှာ မိမိအစုအလိုက် ဖက်ဒရယ်စနစ်ကို အခြေခံထားရမည့် မူတွေ၊ နိုင်ငံရေးနှင့်ဆိုင်တဲ့မူတွေ ကြိုးစားဆွေးနွေးကြဖို့ ဖြစ်ပါတယ်။

ဖက်ဒရယ်ဆိုတဲ့စနစ်ဟာ အများကြီး ကျယ်ပြန့်ပါတယ်။ ဘဏ္ဍာရေးဆိုင်ရာ ခွဲဝေမှုတွေ၊ Power Sharing တွေရှိလာမယ်။ အဲ့တော့ နိုင်ငံရေးနဲ့ပတ်သက်လာရင် Power Sharing ကို ဘယ်လိုသွားကြမလဲဆိုတာကို ဦးတည်ပြီး ဆွေးနွေးရမှာဖြစ်ပါတယ်။ စီးပွားရေးဆိုင်ရာမှာဆိုရင်တော့ Financial Sharing တွေ၊ Resource ဆိုင်ရာ Sharing တွေ သွားမှာဖြစ်ပါတယ်။ နိုင်ငံရေးဆွေးနွေးမှုမှာ ဖက်ဒရယ်စနစ်ကို အခြေခံတဲ့နေရာမှာ စီးပွားရေးဆိုင်ရာကိစ္စတွေ၊ လူမှုရေးဆိုင်ရာကိစ္စတွေ၊ လုံခြုံရေးဆိုင်ရာကိစ္စတွေ မပါဝင်လာဖို့ အရေးကြီးပါတယ်။ သက်ဆိုင်ရာကဏ္ဍတွေမှာ သက်ဆိုင်ရာ

ခေါင်းစဉ်လေးတွေ ဆွေးနွေးခွင့်ရမှာလည်း ဖြစ်ပါတယ်။ ဒါကြောင့် ဒီနေရာမှာ ကျနော်တို့ သတိထားသင့်တာကတော့ နိုင်ငံရေးနဲ့ဆိုင်သော ခေါင်းစဉ်များ၊ စီးပွားရေးဆိုရင်လည်း စီးပွားရေးမှာချပေးထားတဲ့ ဒေသဖွံ့ဖြိုးရေးဆိုင်ရာ၊ လူမျိုးအလိုက် စသည်ဖြင့်ပေါ့လေ။ မြေယာမှာဆိုရင်လည်း ဖက်ဒရယ်စနစ်ကို အခြေခံတဲ့ မူဝါဒများ၊ အဓိကကတော့ ကျနော်တို့ Frame Study အခြေခံမူဝါဒကို ဆွေးနွေးဖို့ဖြစ်တယ်ဆိုတာကိုလည်း တိုက်တွန်းလိုပါတယ်။ ဒီကနေ့ လူမျိုးအလိုက် အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲမှာ အချက်လေးချက်ကို Message ပေးလိုပါတယ်။ အချက် (၄) ချက်ကို အခြေခံပြီး စဉ်းစားစေလိုပါတယ်။

(၁) ဆွေးနွေးပွဲမှရရှိလာတဲ့ ဆွေးနွေးချက်တွေဟာ တရားဝင်လုပ်ငန်းစဉ်တွေ ဖြစ်ရပါမယ်။ တရားဝင်ပြောတာ၊ ဆွေးနွေးတာတို့ဖြစ်ရပါတယ်။

(၂) နိုင်ငံရေးအရ လုပ်ဆောင်နိုင်တဲ့ လုပ်ငန်းတွေဖြစ်ရပါမယ်။ နိုင်ငံရေးသိက္ခာ ရှိရပါမယ်။

(၃) လက်တွေ့အကောင်အထည်ဖော် ဆောင်ရွက်နိုင်တဲ့အရာ ဖြစ်ရပါမယ်။

(၄) မိမိဆွေးနွေးတဲ့ အချက်တွေဟာ လူထုလက်ခံနိုင်တဲ့ အကြောင်းအရာတွေ ဖြစ်ရပါမယ်။ မိမိဘယ်လောက်ကောင်းကောင်း မိမိတို့ဆွေးနွေးထားမှုတွေကို လူထုလက်မခံနိုင်ရင် အနာဂတ်နိုင်ငံတော်ကို ယူဆောင်သွားမှာ မဟုတ်ဘူးဖြစ်ပါတယ်။ ဒါကြောင့် လူထုလက်ခံဖို့ အရေးကြီးပါတယ်။

ဒါကြောင့် ကျနော်တို့အချင်းချင်းကြားမှာ အကြေအလည်ဆွေးနွေးဖို့ လိုအပ်ပါတယ်။ လုပ်ငန်းစဉ်အပေါ်မှာ သစ္စာရှိဖို့လည်း လိုပါတယ်။ ကျနော်တို့အားလုံးဟာ မိမိအတွက် မိမိအဖွဲ့အစည်းအတွက် တခုတည်းကို မစဉ်းစားဘဲနဲ့ မိမိနိုင်ငံအတွက်၊ လူထုအတွက် လုပ်ပါမယ်ဆိုတဲ့ ခံယူချက်နဲ့လုပ်ဖို့ လိုအပ်ပါကြောင်း တိုက်တွန်းလိုပါတယ်။ တကယ်တော့ ငြိမ်းချမ်းရေးကြီးဟာ မိုင်ပေါင်း ထောင်သောင်းမက ရှည်လျားပါတယ်။ ဒါပေမယ့် အရေးကြီးဆုံးကတော့ ပထမခြေလှမ်း လှမ်းဖို့ ဖြစ်ပါတယ်။ အဲ့တော့ ကျနော်တို့ ပထမခြေလှမ်း လှမ်းပြီးပါပြီ။ NCA is a first step.

ဒုတိယတဆင့် ကျနော်တို့ သွားနေတာကတော့ အောင်မြင်မှုအဆင့်တခုကို ရောက်နေပါပြီ။ အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲဆိုတာ ကျနော်တို့ ပြေးနေတဲ့ မာရသွန်ပြိုင်ပွဲရဲ့ လမ်းခုလတ်ကို ရောက်နေပါပြီ။ ကျနော်တို့ အတူတကွလက်တွဲပြီး သွားကြမယ်ဆိုရင် အားလုံးဟာ မာရသွန်ပန်းဝင်မှာ ဖြစ်ပါတယ်။ Peace Process ဟာ တာတိုပြေးပွဲ မဟုတ်ပါဘူး၊ မီတာ (၁၀၀) ပြေးပွဲ မဟုတ်ပါဘူး။ စထွက်ချင်းမှာ မြန်ဖို့ မလိုပါဘူး။ သူများတွေ ပြောချင်ပြောမယ်။ နင်တို့တွေလုပ်တာ ကြာလှချည်လား။ မှန်ပါတယ်။ ဒုက္ခတွေခံစားနေရတာကြာပြီဖြစ်တဲ့အတွက် မြန်မြန်ပြီးစေချင်ပါတယ်။ Peace Process ဟာ မြန်မြန်နဲ့သွားလို့ မရပါဘူး။ ကိုယ့်အရှိန်နဲ့ကိုယ် သွားရမှာဖြစ်ပါတယ်။ မာရသွန် ပြေးနေတာပါ။ တာဝေးပြေးနေတာပါ။ ဖွဲလုံ့လဝီရိယနဲ့ သွားမယ်ဆိုရင် အချိန်တန်ရင် ကျနော်တို့အားလုံး ပန်းဝင်သွားမှာဖြစ်ပါကြောင်း တင်ပြလိုပါတယ်။ လူမျိုးအလိုက် အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲတွင် အောင်မြင်ဖို့အတွက် ဆန္ဒပြုပါကြောင်း ပြောကြားရင် နိဂုံးချုပ်ပါတယ်။

### ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ – (၂၁)ရာစုပင်လုံ
### အမျိုးသားအဆင့် နိုင်ငံရေး ဆွေးနွေးပွဲ
### လူမျိုးအလိုက်ကျင်းပသော ပထမအကြိမ် ကရင်အမျိုးသား နိုင်ငံရေးဆွေးနွေးပွဲ

# ဆရာတော်အရှင်စန္ဒာဝရ၏
# ငြိမ်းချမ်းရေးအောင်မြင်ရေး သြဝါဒချီးမြှင့်စကား

ရှေ့ကရင် အဘိုးအဘွားတွေရဲ့ နိမိတ်တဘောင် စကားလက်ဆောင်တခုနဲ့ မိတ်ဆက်ချင်ပါတယ်။ (" ခွဲကဘောင်ခေါင်းထိုင် ယှာဒုံလောင့် ဖလုံဖူးယှောင်ဖူးဘားကုံယေါင်၊ မူထိုင်ဖာထိုင်အောအေကုံ ချိနောင်လော်ထိုင် ရှားအဖလုံ။ ယှာဒုံလောင့် ဖလုံဖူးယှောင်ဖူးဘားကုံယေါင်၊ မူထိုင်ဖာထိုင်အောအေကုံ ချိနောင်လော်ထိုင် ရှားအဖလုံ "။) ကရင်ပြည်မှာဆိုတော့ ကရင်စကားတမျိုးပဲ ကြားရတယ်။ ဒေါနသံလွင် ဖွဲကပင်သည် ကရင်ဖိုးဖွားတို့ရဲ့ အောင်မြေဖြစ်တယ်။ အောင်မြေဖြစ်တဲ့နေရာကို အမိဘက် ကရင်သော်လည်းကောင်း အဖဘက် ကရင်သော်လည်းကောင်း၊ ရှေ့ကရင်၊ နောက်ကရင်၊ အထက်ကရင်၊ အောက်ကရင်သော်လည်းကောင်း မည်သည့်ပုဂ္ဂိုလ်မဆို ကရင့်အရေး ဆွေးနွေးပြီးတော့ ငြိမ်းချမ်းရေးယူကြစေလို့ အဓိပ္ပာယ်ပါတယ်။ ကောင်းပါတယ်၊ ဒီနေ့ခေတ်နဲ့ ကွက်တိတယ်။

ဆရာတော်အနေနဲ့ ဒီကနေ့ ငြိမ်းချမ်းရေးအောင်မြင်ဖို့ တွန်းအားပေးစကား အနည်းငယ် ပြောရမယ်ဆိုရင်တော့ ဆရာတော်ဆိုတော့ ဘာသာရေးအမြင်ပေါ့။ လောကပါလဆိုတာ ရှိတယ်။ လောကပါလ၊ လောကဆိုတော့ ကမ္ဘာအကျိုးပြုသူတွေအတွက် လက်စွဲ။ လောကပါလ လောကဆိုတော့ ငါတို့မြန်မာနဲ့ နည်းနည်းအလှမ်းဝေးနေသလားမသိဘူး နည်းနည်းကျဉ်းပေးလိုက်ရအောင်။ ရဋ္ဌပါလ ကိုယ့်နိုင်ငံအကျိုးကို သယ်ပိုးနေတဲ့သူအတွက်တော့ ရဋ္ဌပါလနဲ့ပဲ။ ဒီနေ့နဲ့ လိုက်ဖက်တဲ့ လူမျိုးအလိုက်ဆိုရင်တော့ ဝံသပါလ။ လူမျိုးအရေး လူမျိုးအကျိုးကို သယ်ပိုးမယ်ဆိုရင်တော့ ဝံသပါလ။ အဲ့ဒါ ပါလရဲ့ အသက်သွေးကြောတွေကတော့ အရှက်နဲ့အကြောက်ပဲ ဖြစ်တယ်။ အလုပ်လုပ်တဲ့နေရာမှာ ဘာအရေးမဆို၊ နိုင်ငံရေးအပါအဝင် လူမျိုးရေး၊ ဘာရေးညာရေးအားလုံး မရှက်ဘူးဆိုတဲ့လူ မကြောက်ဘူးဆိုတဲ့လူကတော့ အောင်ပွဲဖြစ်နိုင်ပါတယ်။ အဲ့ဒါကြောင့်မို့လို့ ပါလရဲ့ အရည်အချင်းကတော့ ရှက်ရမယ်၊ ကြောက်ရမယ်။ မကောင်းမှုလုပ်ရမှာကို ရှက်ရမယ်။ မကောင်းမှုလုပ်ရမှာကို ကြောက်ရမယ်။ အဲ့ဒီတော့ လောကပါလ၊ လောကဟာ ခေတ်နဲ့ရွေ့တယ်။ ခေတ်ကြောင့် လောကရွေ့နေတာ အရင်ခေတ်ရှိတယ်။ ယခုခေတ်ရှိတယ်။ နှောင်ခေတ်လည်းရှိတယ်။ ခေတ်ကြောင့်ရွေ့တဲ့လောက။ အရင်လောကကတော့ ခုခေတ်နဲ့ သူရွေ့တယ်။ ယနေ့ ဦးဇင်းတို့ခေတ်။ ယနေ့ မည်သူမဆို မိမိရနေတဲ့ မိမိဘဝ မိမိခေတ်ကတော့ အကောင်းဆုံး အရွေ့အပြောင်းလို အကောင်းနဲ့ရွေ့ပေးဖို့တော့ လိုလိမ့်မယ်။ လူ ဝံသပါလ။ ဒီနေ့ အမျိုးသားအဆင့်ဆိုတော့ ဝံသပါလ။ ဒီဝံသအပေါ်မှာ ပါလကို တံဆိပ်တပ်လို့ သင်္ကေတ၊ ဝိနေသ၊ ဝိသေသ၊ ကရင်လူမျိုးတွေမှာ ကရင်သင်္ကေတ၊ ကရင့်အမှတ်အသားတွေရှိတယ်။ ကရင့်ရဲ့ အရိပ်ပြအမှတ်အသားဆိုတာ



ရှိတယ်။ အလံအပါအဝင် တခုခု နိမိတ်ပဲ၊ သူ့အရိပ်ပြနေတာ။ ဝိသေသ၊ ကရင်မှာ ဝိသေသ၊ ဗမာမှာ ဝိသေသ၊ လူမျိုးတိုင်းမှာ သူ့ဝိသေသနဲ့သူ ရှိတယ်။ ကရင်မှာကျတော့ ကရင်ယဉ်ကျေးမှုအလှ ကရင်အလှ (၅) မျိုး စာပေ၊ စကား၊ တေးရေး၊ ထုံးမျှ၊ ဝတ်စားယဉ်လှစေ။ အဲ့ဒါကရင်ရဲ့ ဝိသေသ ဖြစ်တယ်။ အဲ့ဒါကတော့ ထိန်းရမယ်၊ ကျောင်းရမယ်။ အနာဂတ်အတွက် အကောင်းဆုံး ပုံဖော်ရပါမယ်။ ဒီတော့ လောကပါလ၊ လောကအကျိုးပြုချင်တဲ့လူ။ ရဋ္ဌပါလ တို့မြန်မာနိုင်ငံအတွက်။ ဝံသပါလ ကရင်အကန့်လို့ပဲ ခေါ်လို့ရတယ်။ အဲ့ဒီတော့ ပါလကို စောင့်ရှောက်မည့်၊ ထိန်းကျောင်းမည့်၊ တည်ဆောက်မည့်၊ တည်ဆောက်တဲ့နေရာမှာတော့ ဗြဟ်မဝိဟာရ မြတ်သောအသုံးချနည်းနဲ့ အသုံးချရမည်။ အောက်ကျတဲ့ အသုံးချနည်းတွေ အသုံးမချရဘူး။ မေတ္တာ၊ ဗြဟ်မစိုရ်တရား၊ အချစ်နဲ့တည်ဆောက်ရမယ်။ အချစ်နဲ့ တည်ဆောက်ရင် သူလည်းအကျိုးဖြစ် ကိုယ်လည်းအကျိုးဖြစ်၊ အချစ်ရဲ့ဆန့်ကျင်ဘက် အမုန်း၊ အမုန်းနဲ့ မတည်ဆောက်နဲ့၊ သူလည်းရှုံးကိုယ်လည်းရှုံး၊ ဗုဒ္ဓဘာသာဝင်တွေကတော့ အဆင်ပြေပါတယ်။ ခက်တာက သိလျှက်နဲ့ မကျင့်တာကတော့ အခက်ဆုံးပဲ။ မေတ္တာ၊ ကရုဏာ၊ သနားတယ်၊ ကြင်နာတယ်၊ သနားရမယ်၊ ကြင်နာရမယ်၊ မနာကျင်စေရဘူး။ ဒီလိုမျိုးနဲ့ပါလာတာ၊ စောင့်ရှောက်တာ၊ ကျင့်ကြံတာ ဒီတော့ အချစ်နဲ့အမုန်း၊ မေတ္တာ၊ ကရုဏာ၊ အကြင်နာနဲ့ အကြင်နာဆိုတော့ နာကျင်အောင် သတ်တယ်၊ ဖြတ်တယ်၊ နှိပ်စက်တယ်၊ နာကျင်အောင် ဘယ်ဟုတ်မလဲ မရဘူး။ အဲ့ဒီလို ရွှေ့နေတဲ့အရွှေ့တွေ မကောင်းဘူး၊ မသုံးသင့်ဘူး။ မအောင်မြင်ဘူး။ မငြိမ်းချမ်းဘူး၊ မုဒိတာ၊ ကြီးကြပ်ကွပ်ကဲအောင်မြင်ရင် ဝမ်းသာရတယ်။ မနာလိုရ။ မနာလိုနဲ့။ သူကြီးပွားကိုယ်မနာလို ကိုယ်ကြီးပွား သူမနာလို၊ သူလည်းသတ်၊ ကိုယ်

လည်းသတ်၊ တဖက်သတ်ရင် နှစ်ဖက်သေတယ်။ မနာလို မရှိရပါဘူး။ နာလိုရပါမယ်။ အဲ့ဒါတော့ မုဒိတာဖြစ်တယ်။ ကြည်နူး၊ ကျေနပ်ရပါမယ်။ နာကျည်းမှုနဲ့ အခဲမကျေမဖြစ်ရဘူး။ ဉပက္ခာ ဘက်မလိုက်တာ။ ဘက်လိုက်လို့ကတော့ မတိုးတက်ဘူးပေါ့။

ဒီတော့ ဦးဇင်းတို့ဘာသာရေးတော့ ရှင်းရှင်းလေးပဲ၊ ဘာမှဘာမှမခက်ဘူး။ ကမ္ဘာ့အကျိုးပြု၊ လောကအကျိုးပြုရပါတယ်။ နိုင်ငံအကျိုးဖြစ်ရင်လည်း ရပါတယ်။ အဲ့ဒါပဲ ဝံသပါလ လူမျိုးအကျိုးပြု ရင်လည်း အဲ့ဒါပဲ။ ကျန်တဲ့အသေးစိတ်ကတော့ ကိုယ့်ဘာသာကိုယ် ချိန်ယူပေါ့။ နောက် လောကပါလ ဆိုတော့ လောကသုံးပါး။ လောကသားများသဘောထား။ လောကအပေါ်မွေးတဲ့ လောကသူ လောကသား၊ နိုင်ငံသူနိုင်ငံသား သဘောထား၊ သဘောထားလည်း လောကတခုပဲ။ သက်မဲ့လောက သက်ရှိလောက သဘောလောက၊ သဘောကတော့ လက်တွေ့ကိုင်တွယ်လို့မရဘူး။ မူဝါဒ အခု ဒီနေ့ သွားတဲ့ငြိမ်းချမ်းရေးမူဝါဒသည် သဘောထား၊ သဘောထားက ထားသောသဘော ဗမာစကားကလည်း ခက်ခက်ပဲ။ ဘုန်းကြီးကလည်း ကရင်ဖြစ်တယ်ဆိုတော့ စကားကို လည်တာရှိ၊ မလည်တာရှိ၊ ငါကဗမာကြားမှာ ကြီးလာတယ်ဆိုတော့ ဗမာစကားနည်းနည်းတတ်တယ်။ သဘောထားက ထားသော သဘော။ အဲ့ဒီသဘောထားမှာ တရားတာရယ်၊ မတရားတာရယ်။ ထားတဲ့သဘောဟာ လေးနက်ရင် တိုးတက်တယ်။ ပေါ့ပျက်ရင် ပျက်စီးပြီ။

ဒီနေ့ ကရင်အမျိုးသားတို့အတွက် ပေးလိုတဲ့ အောင်မြင်ရေးစကားကတော့ ဒါပါပဲ။ အားလုံး ချမ်းမြေ့ကြပါစေ။



**ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ – (၂၁)ရာစုပင်လုံ**
**အမျိုးသားအဆင့် နိုင်ငံရေး ဆွေးနွေးပွဲ**
**လူမျိုးအလိုက်ကျင်းပသော ပထမအကြိမ် ကရင်အမျိုးသား နိုင်ငံရေးဆွေးနွေးပွဲ**
**ပထမနေ့ သဘာပတိဝင်အဖြစ် ဆောင်ရွက်သော**

# KNU မှ ပဒိုမန်းငြိမ်းမောင်၏ အဖွင့်မိန့်ခွန်း

လူမျိုးအလိုက်ဆွေးနွေးပွဲမှာ ကရင်ပြည်နယ်မှာ ပထမဆုံးအကြိမ်ကျင်းပတဲ့ ဒီပွဲမှာ ကျနော်တို့ ကရင်အမျိုးသားများအတွက် ဒီလိုမင်္ဂလာရှိသောပွဲမှာ ဒီအဆင့်ကိုရောက်ဖို့ ကျနော်တို့ ကရင်အမျိုးသားတွေ ကြိုးပမ်းခဲ့ရတဲ့ နှစ်ကာလ ရာစုနှစ်ဝက်ကျော်ခဲ့ပါတယ်။ ကျနော်တို့ ကရင်လူမျိုးတွေ ဖြတ်သန်းခဲ့ရတဲ့သမိုင်းမှာ အင်မတန်ကြမ်းတမ်းခဲ့ပါတယ်။ ဒီအဆင့် ဒီနေရာကို ရောက်ဖို့အတွက် ကျနော်တို့ ကရင်လူမျိုးတွေဟာ စွန့်လွှတ်မှုတွေ ပေးဆပ်မှုတွေ များစွာ ပေးခဲ့ရပါတယ်။ ဒါပေမယ့် ဒီကနေ့ ဒီအချိန်ခါမှာ ဒီအဆင့်ကိုရောက်ဖို့အတွက် ကျနော်တို့ ကရင်အမျိုးသားတွေအနေနဲ့ အရင်းအနှီးဆိုလို့ ရိုးသားမှုနဲ့ သစ္စာရှိမှုတွေပဲ ရှိပါတယ်။ ဒီရိုးသားမှုနဲ့ သစ္စာရှိမှုကို အခြေခံပြီးတော့ ကျနော်တို့ ယုံကြည်မှုကို တည်ဆောက်နိုင်ခဲ့တယ်။

ပြီးခဲ့တဲ့ သမ္မတကြီးဦးသိန်းစိန်လက်ထက်မှာ ဒီပြည်တွင်းစစ်ချုပ်ငြိမ်းဖို့ ငြိမ်းချမ်းဖို့အတွက် ကျနော်တို့တိုင်းရင်းသားတွေကို စစ်မှန်တဲ့သဘောထားတွေနဲ့ ကမ်းလှမ်းမှုတွေလုပ်တဲ့အတွက်

ကျနော်တို့ကရင်အမျိုးသားတွေဟာ အနှစ်နှစ်အလလ မျှော်လင့်စောင့်စားခဲ့ရတဲ့ အချိန်တွေကို ရောက်ရှိခဲ့ပါတယ်။ ကျနော်တို့ နိုင်ငံတော်နဲ့ ဆွေးနွေးတဲ့နေရာမှာ ကျနော်တို့ရိုးသားမှုနဲ့ သစ္စာရှိမှုတွေကို အခြေခံပြီးတော့ တန်းတူညီတူရှိမှု အပြန်အလှန်လေးစားမှု ဂုဏ်သိက္ခာရှိမှုအပေါ်မှာ အခြေခံပြီးတော့ ဒီတိုင်းပြည်မှာ ပါဝင်ပတ်သက်တဲ့ အင်အားစုတွေ ခေါင်းဆောင်တွေအားလုံး ကြိုးစားခဲ့ကြတဲ့အတွက် ဒီကနေ့ ဒီအချိန် ဒီနေရာကို ကျနော်တို့ရောက်ရှိခဲ့တာဖြစ်ပါတယ်။ ကျနော်တို့အနေနဲ့ ကျနော်တို့ကရင်အမျိုးသားတွေလိုလားတဲ့ အမျိုးသားရပိုင်ခွင့်ဟာ ကျနော်တို့ ဒီအခမ်းအနားမှာ ကရင်အင်အားစုအသီးသီး ကြွရောက်လာကြတဲ့အတွက် ကျနော်တို့ထားရှိရမည့် ကျနော်တို့ အမျိုးသားများအတွက် လိုလားတဲ့ အမျိုးသားရပိုင်ခွင့်အတွက် ထားရှိရမည့်သဘောထားကို ကျနော် အနည်းငယ်တင်ပြချင်ပါတယ်။

ကျနော်တို့ ကရင်အမျိုးသားတွေရဲ့ တောင်းဆိုမှုဟာ သဘောထားပျော့ပြောင်းရမယ်။ ကြောင်းကျိုးဆီလျော်ရမယ်။ အများအတွက်အကျိုးရှိရမယ်။ ကျနော်တို့ကရင်လူမျိုးတွေမကဘူး ကျနော်တို့ ဒီတိုင်းပြည်မှာရှိတဲ့ ဘဝတူ တိုင်းရင်းသားတွေအားလုံး ပြည်သူတွေအားလုံး လက်ခံနိုင်လောက်တဲ့ ဘုံအကျိုးစီးပွားကို ကျနော်တို့ ဖော်ဆောင်နိုင်ရမယ်ဆိုတဲ့ သဘောထားရည်မှန်းချက်တွေနဲ့ ကျနော်တို့ ဖော်ဆောင်နိုင်ခဲ့မယ်ဆိုရင် ကျနော်တို့ ဒီတိုင်းပြည်ကြီးဟာ ငြိမ်းချမ်းရေး ရရှိလိမ့်မယ်လို့ ကျနော်တို့ကရင်အမျိုးသားတွေအနေနဲ့ ယုံကြည်တယ်။ ကျနော်တို့ဟာ ကရင်အမျိုးသားတွေအနေနဲ့ တရားသဖြင့် ရသင့်ရထိုက်တဲ့ အခွင့်အရေးတွေကို ကျနော်တို့တောင်းဆိုတဲ့နေရာမှာ ကျနော်တို့အနေနဲ့ နိုင်ငံတော်က ချမှတ်ထားတဲ့ ပေါ်လစီ နိုင်ငံတော်ရဲ့ အကျိုးစီးပွားဖြစ်တဲ့ ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးဆိုတဲ့ နိုင်ငံရေး ဦးတည်ချက် (၃) ရပ်ကို ကျနော်တို့ လက်ခံကျင့်သုံးပြီးတော့ လက်တွေ့ဆောင်ရွက်သွားမယ်ဆိုလို့ ရှိရင် ကျနော်တို့ ဒီတိုင်းပြည်ကြီးဟာ ပြည်သူတွေမျှော်လင့်စောင့်စားခဲ့တဲ့ ငြိမ်းချမ်းရေးကို တည်ဆောက်နိုင်မှာ ဖြစ်ပါတယ်။ ကရင်တမျိုးသားလုံး နှစ်ပေါင်းများစွာ မျှော်လင့်တောင့်တခဲ့တဲ့ အမျိုးသားအခွင့်အရေးနဲ့ အမျိုးသားရပိုင်ခွင့်ကို ရရှိလိမ့်မယ်လို့ ကျနော်တို့ ယုံကြည်ပါတယ်။ ဒီကနေ့ ဆွေးနွေးသွားမှာ ကျနော်တို့ ထားရှိတဲ့သဘောထားတွေနဲ့ ရည်ရွယ်ချက်တွေကို ကျနော် နည်းနည်း တင်ပြလိုပါတယ်။

ပထမအချက်အနေနဲ့ ရေရှည်တည်တံ့ခိုင်မြဲသော ငြိမ်းချမ်းရေးရရှိဖို့အတွက် နိုင်ငံရေးပြဿနာတွေကို စစ်ရေးနည်းဖြင့် မဖြေရှင်းဘဲ နိုင်ငံရေးနည်းဖြင့် အလေးနက်ထား ဖြေရှင်းသွားဖို့ သဘောထားရှိတယ်။ ဒုတိယအချက်အနေနဲ့ ပြည်တွင်းငြိမ်းချမ်းရေး၊ အမျိုးသားပြန်လည်သင့်မြတ်ရေးနဲ့ တိုင်းရင်းသားလူမျိုးပေါင်းစုံ သဟဇာတရှိရှိ တန်းတူညီမျှ အတူတကွ ယှဉ်တွဲနေထိုင်ဖို့ဖြစ်ပါတယ်။ တတိယအချက်အနေနဲ့ ဒီမိုကရေစီအရေး၊ အမျိုးသားတန်းတူရေးနဲ့ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်အခွင့်အရေးနဲ့ အာမခံချက်အပြည့်အဝရှိတဲ့ ဖက်ဒရယ်ပြည်ထောင်စုစနစ်ကို အခြေခံတဲ့ နိုင်ငံရေးဆွေးနွေးပွဲ ရလဒ်တွေနဲ့အညီ တည်ဆောက်သွားဖို့ ဖြစ်ပါတယ်။ စတုတ္ထအနေနဲ့ကတော့ လွပ်လပ်ခြင်း၊ တန်းတူညီမျှခြင်း၊ တရားမျှတခြင်းတို့ကိုအခြေခံတဲ့ ဒီမိုကရေစီနိုင်ငံတော်ကို တည်ထောင်ရန်ဖြစ်ပါတယ်။

ဒီရည်ရွယ်ချက် (၄) ခုနဲ့ ကျနော်တို့ လူမျိုးအလိုက် အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲကို ကျင်းပသွားမှာဖြစ်ပါတယ်။ ဒီနေရာမှာ အလျဉ်းသင့်သလို ကျနော်ပြောချင်တာကတော့ ကျနော်တို့ လူမျိုးအလိုက် အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲမှာ ကျနော်တို့ ကရင်လူမျိုးတွေကို ပထမဆုံး ကျင်းပခွင့်ရရှိတဲ့အတွက် နိုင်ငံတော်က ကျနော်တို့ကရင်လူမျိုးတွေကို ပထမဆုံး ဒီလိုကျင်းပခွင့် ရရှိတဲ့အတွက် ကရင်လူမျိုးတွေအနေနဲ့ အင်မတန်မှ လေးစားတယ်၊ ဂုဏ်ယူတယ်၊ ဝမ်းမြောက်တယ် ဆိုတဲ့အကြောင်းလည်း ဒီအခမ်းအနားမှာ ပြောကြားလိုပါတယ်။ ဒီနေရာကို ကြွရောက်လာကြတဲ့ ခေါင်းဆောင်များ အင်အားစု လူကြီးမင်းများအားလုံးကိုလည်း ကျနော်တို့တမျိုးသားလုံး မျှော်မှန်းတဲ့ အမျိုးသားရပိုင်ခွင့်နှင့် နိုင်ငံရေးရည်မှန်းချက်ကို ကျနော်တို့ စောစောကတင်ပြခဲ့သလို ကျနော်တို့ သဘောထားပျော့ပြောင်းမှု ရှိရမယ်၊ ကြောင်းကျိုးဆီလျော်ရမယ်။ ကျနော်တို့ ကရင်တမျိုးသားလုံးတွေမက ဒီတိုင်းပြည်မှာရှိတဲ့ နိုင်ငံသားအားလုံး လူမျိုးအလိုက်အားလုံးတွေရဲ့ အကျိုးစီးပွားကို ကိုယ်စားပြုတဲ့ ရည်မှန်းချက်တွေကို ကျနော်တို့ ဆောင်ရွက်သွားကြပါစို့လို့ တိုက်တွန်းပြောကြားရင်း နိဂုံးချုပ်လိုက်ပါတယ်။

### ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ – (၂၁)ရာစုပင်လုံ
### အမျိုးသားအဆင့် နိုင်ငံရေး ဆွေးနွေးပွဲ
### လူမျိုးအလိုက်ကျင်းပသော ပထမအကြိမ် ကရင်အမျိုးသား နိုင်ငံရေးဆွေးနွေးပွဲ

# ကျင်းပရေးကော်မတီဝင် ပဒိုစောလှထွန်းမှ ကရင်အမျိုးသား နိုင်ငံရေးဆွေးနွေးပွဲ ကြိုးပမ်းဆောင်ရွက်မှု ဖြစ်စဉ်အဆင့်ဆင့်အား ရှင်းလင်းတင်ပြခြင်း

လေးစားအပ်ပါသော သဘာပတိကြီးများနှင့်တကွ ပထမအကြိမ် လူမျိုးအလိုက် အမျိုးသား အဆင့် နိုင်ငံရေးဆွေးနွေးပွဲ (ကရင်အမျိုးသားနိုင်ငံရေးဆွေးနွေးပွဲ) တက်ရောက်လာကြတဲ့ နိုင်ငံတော် အကြီးအကဲများ၊ ကရင်ပြည်နယ်ဝန်ကြီးချုပ်နှင့် အစိုးရအဖွဲ့ဝင်များ၊ လွှတ်တော်ကိုယ်စား လှယ်များ၊ ဘာသာရေးဆိုင်ရာ ပုဂ္ဂိုလ်များ၊ တပ်မတော်သားများ၊ ကရင်လက်နက်ကိုင် အဖွဲ့အစည်း များမှ ခေါင်းဆောင်များ၊ နိုင်ငံရေးပါတီမှ ခေါင်းဆောင်ကိုယ်စားလှယ်များ၊ ဒေသအသီးသီးမှ ကရင်အမျိုးသား ကိုယ်စားလှယ်တော်များ၊ လေ့လာသူများ၊ အထူးဖိတ်ကြားခြင်းခံထားရတဲ့ ပြည်တွင်းပြည်ပ ဧည့်သည်တော်များနဲ့ မြန်မာ့ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ကို တစိုက်မတ်မတ် ဘက်ပေါင်းစုံကနေ အထောက်အကူပြုနေကြတဲ့ နိုင်ငံတကာမှ ကိုယ်စားလှယ်များ၊ သံတမန်များ၊ နိုင်ငံရေးပါတီများ၊ တိုင်းရင်းသား ညီအစ်ကို ကိုယ်စားလှယ်များ၊ တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းအသီးသီးများမှ ခေါင်းဆောင်များ၊ ဒီ ညီလာခံဖြစ်မြောက်ရေးအတွက် ပူးတွဲလုပ်ဆောင် နေကြသော အလုပ်အဖွဲ့များ၊ အထောက်အကူပြုသူများအားလုံးနဲ့ သတင်းမီဒီယာများအားလုံးကို မင်္ဂလာအပေါင်းနဲ့ ပြည့်စုံကြပါစေလို့ နှုတ်ခွန်းဆက်သပါတယ်။ ကျနော့်အနေဖြင့် ကရင်အမျိုး သားလှုပ်ရှားမှုသမိုင်းကို အပိုင်း ၄ ပိုင်းဖြင့် တင်ပြသွားပါမယ်။

အပိုင်း (၁)

မြန်မာနိုင်ငံ လွတ်လပ်ရေး ကြိုးပမ်းမှုကာလနှင့် ကရင်အမျိုးသား လက်နက်ကိုင် တော်လှန်ရေးကာလအထိ။

- ကရင်အမျိုးသားများ ကရင်အမျိုးသားရေးလုပ်ဆောင်ရာတွင် စည်းစည်းလုံးလုံး ညီညီညွတ်ညွတ် ဆောင်ရွက်နိုင်ရေးအတွက် ဒေါက်တာတီသံပြာမှ ၁၈၈၁ ခုနှစ်တွင် ကရင်အမျိုးသားအဖွဲ့ချုပ် (ဒေါကလူ) အသင်းကို ဖွဲ့စည်းခဲ့သည်။
- ဒုတိယကမ္ဘာစစ်တွင် ကရင်အမျိုးသားများသည် Force-136 ကို ဖွဲ့စည်းခဲ့ပြီး ဗြိတိသျှတို့ဖက်မှ ဝိုင်းကူတိုက်ပေးခဲ့သည်။
- ဒုတိယကမ္ဘာစစ်ကြီးပြီးက အင်္ဂလိပ်များ ကရင်ပြည်ပေးရန် အိန္ဒိယပြည်ရောက် ကရင်တပ်မှူး ၄၀ ကျော်တို့မှ ၁၉၄၅ ခုနှစ်တွင် တောင်းဆိုခဲ့သည်။
- ဒုတိယကမ္ဘာစစ်ကြီးပြီးနောက် အတ္တလန္တိတ်စာချုပ်အရ ကိုလိုနီနိုင်ငံများအား အချုပ်အခြာအာဏာပိုင် လွပ်လပ်တဲ့နိုင်ငံအဖြစ် အသိအမှတ်ပြုရေးနှင့် လူမျိုးတိုင်း



ကိုယ်ပိုင် ပြဋ္ဌာန်းခွင့်ရှိရေးမူတရပ် ပါရှိခဲ့သည်။

- တိုင်းရင်းသားခေါင်းဆောင်များသည်လည်း မိမိတို့ အမျိုးသားပြည်နယ် ရရှိရေး အတွက် တောင်းဆိုတိုက်ပွဲဝင်ခဲ့သည်။ (ကရင်၊ ကရင်နီ၊ မွန်၊ ရခိုင်၊ ကချင်၊ ချင်း၊ ရှမ်း၊ ဗမာ)
- မြန်မာ ၁၉၄၇ ခုနှစ် ဇန်နဝါရီလ ၂၇ ရက်နေ့တွင် အောင်ဆန်း–အက်တလီစာချုပ်ကို ချုပ်ဆိုခဲ့သည်။
- ကေအဲန်ယူ– ကရင်အမျိုးသားအစည်းအရုံးကို KNA, KCO, BKNA, KYO တို့ကို စုစည်းမှုဖြင့် ၁၉၄၇ ခုနှစ် ဖေဖော်ဝါရီလ ၅ ရက်နေ့တွင် ဖွဲ့စည်းခဲ့သည်။
- ကရင်အမျိုးသားတို့၏ အမျိုးသားရေးတာဝန်၊ နိုင်ငံရေးတာဝန်များကို တာဝန် ယူရန် ဖြစ်သည်။
- မြန်မာနိုင်ငံလွပ်လပ်ရေးရရှိရန်နှင့် ပြည်ထောင်စုကို တည်ဆောက်ရန်အတွက် ပင်လုံစာချုပ်ကို ၁၉၄၇ ခုနှစ် ဖေဖော်ဝါရီလ ၁၂ ရက်နေ့တွင် ချုပ်ဆိုခဲ့သည်။
- ၁၉၄၈ ခုနှစ် ဇန်နဝါရီလ ၄ ရက်နေ့တွင် မြန်မာနိုင်ငံလွတ်လပ်ရေးရရှိခဲ့ပြီး ၁၉၄၇ ဖွဲ့စည်းပုံ အခြေခံဥပဒေဖြင့် အုပ်ချုပ်ခဲ့သည်။
- လွပ်လပ်ရေးရရှိပြီး ၂ လအကြာတွင် အလံနီ၊ အလံဖြူ၊ ပြည်သူ့ရဲဘော်တို့မှ တောခိုခဲ့သည်။ မြန်မာနိုင်ငံ ပြည်တွင်းစစ်ကြီး စတင်ခဲ့သည်။
- ၁၉၄၈ ခုနှစ် ဖေဖော်ဝါရီလ ၁၁ ရက်နေ့တွင် ကရင်အမျိုးသား ၄ သိန်းကျော်တို့ မှ ကရင်အမျိုးသားတို့ လိုလားသော အမျိုးသားရေး မျှော်မှန်းချက်နှင့် နိုင်ငံရေးဆန္ဒ

ကို ငြိမ်းချမ်းစွာ ဖော်ထုတ်တောင်းဆိုခဲ့သည်။

(၁) ကရင်ပြည် ချက်ခြင်းပေး

(၂) ကရင်တစ်ကျပ် ဗမာတစ်ကျပ် ချက်ခြင်းပြ

(၃) လူမျိုးရေး အဓိကရုဏ်း အလိုမရှိ

(၄) ပြည်တွင်းစစ် အလိုမရှိ

– ဖဆပလ အစိုးရမှ ဖြေရှင်းပေးခဲ့ခြင်းမရှိသည့်အတွက် ၁၉၄၉ ခုနှစ် ဇန်နဝါရီလ ၃၁ ရက်နေ့တွင် ကရင်အမျိုးသားလွတ်မြောက်ရေးအတွက် လက်နက်စွဲကိုင်တော်လှန်ခဲ့ရသည်။

အပိုင်း (၂)

ကရင်အမျိုးသားတို့၏ နိုင်ငံရေးလမ်းစဉ်နှင့် နိုင်ငံရေးပြဿနာကို နိုင်ငံရေးနည်းဖြင့် ဖြေရှင်းရန် ကြိုးပမ်းဆောင်ရွက်ခြင်း၊ ပြည်တွင်းငြိမ်းချမ်းရေးတည်ဆောက်ခြင်း။

– KNU – ကရင်အမျိုးသားအစည်းအရုံးသည် ကရင်တမျိုးသားလုံး၏ နိုင်ငံရေးဆန္ဒကို အခြေခံ၍ နိုင်ငံရေးလမ်းစဉ်တရပ်ကို ၁၉၅၆ ခုနှစ်တွင် ကျင်းပပြုလုပ်သော KNU – ကရင်အမျိုးသားအစည်းအရုံး 'မောကို ကွန်ကရက်' တွင် ချမှတ်ခဲ့သည်။

(၁) ဒီမိုကရေစီ ဖက်ဒရယ်ပြည်ထောင်စု တည်ဆောက်ရန်။

(၂) အမျိုးသား ဒီမိုကရေစီတော်လှန်ရေးတို့ ဖြစ်သည်။

– KNU – ကရင်အမျိုးသားအစည်းအရုံးသည် ကရင်အမျိုးသားလွတ်မြောက်ရေးအတွက် လက်နက်စွဲကိုင်တော်လှန်တိုက်ပွဲဝင်နေသော်လည်း နိုင်ငံရေး ရပ်တည်ချက်နှင့်အတူ နိုင်ငံရေးပြဿနာကို နိုင်ငံရေးနည်းဖြင့် ဖြေရှင်းရန် အစိုးရအဆက်ဆက်နှင့် အစဉ်တစိုက် တွေ့ဆုံ ဆွေးနွေးမှုများကို ပြုလုပ်ခဲ့သည်။

(၁) ၁၉၄၉ ခုနှစ် အင်းစိန်တိုက်ပွဲကာလ (ဖဆပလ အစိုးရ)

(၂) ၁၉၆၀ ခုနှစ် အိမ်စောင့်အစိုးရ (ဗိုလ်ချုပ်နေဝင်း)

(၃) ၁၉၆၃ ခုနှစ် တော်လှန်ရေးကောင်စီ အစိုးရ (ဗိုလ်ချုပ်နေဝင်း)

(၄) ၁၉၉၄–၉၇ ခုနှစ် နဝတ အစိုးရ (ဗိုလ်ချုပ်သန်းရွှေ)

(၅) (၂၀၀၄–၂၀၀၅ ခုနှစ် နအဖအစိုးရ (ဗိုလ်ချုပ်မှူးကြီးသန်းရွှေ)

– နိုင်ငံရေးပြဿနာကို နိုင်ငံရေးနည်းဖြင့် ဖြေရှင်းရန် အစိုးရအဆက်ဆက်နှင့် တွေ့ဆုံဆွေးနွေးခဲ့သော်လည်း အကြောင်းအမျိုးမျိုးကြောင့် နိုင်ငံရေးဆွေးနွေးပွဲအဆင့်သို့ မရောက်ရှိခဲ့ဘဲ နောက်ကြောင်းပြန်လှည့် ပြည်တွင်းစစ်မီး သက်ဆိုးရှည်ခဲ့ရသည်။

– တွေ့ဆုံဆွေးနွေးမှုဖြစ်စဉ်တိုင်း KNU – ကရင်အမျိုးသားအစည်းအရုံးအတွင်း အကွဲအပြဲ အမြဲပေါ်ပေါက်ခဲ့သည်။

အပိုင်း (၃)

တနိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်ရရှိရေး ကြိုးပမ်းမှုများ။

- ၂၀၁၀ ခုနှစ် သမ္မတဦးသိန်းစိန် တက်လာပြီးနောက် ၂၀၁၁ ခုနှစ် ဩဂုတ်လ ၁၈ ရက်နေ့တွင် ကြေညာချက်အမှတ် (၂/၁၁) ဖြင့် ပြည်တွင်းငြိမ်းချမ်းရေး တည်ဆောက်ရန် ဖိတ်ခေါ်ခဲ့သည်။
- KNU – ကရင်အမျိုးသားအစည်းအရုံးသည် ၂၀၁၂ ခုနှစ် ဇန်နဝါရီလ ၁၂ ရက်နေ့တွင် သမ္မတဦးသိန်းစိန်အစိုးရနှင့် ပြည်တွင်းငြိမ်းချမ်းရေး တည်ဆောက်ရန်အတွက် ပြည်နယ်အဆင့် ပဏာမသဘောတူညီချက်နှင့် ပြည်ထောင်စုအဆင့် သဘောတူညီချက်များကို လက်မှတ်ရေးထိုးခဲ့သည်။
- နှစ် ၆၀ ကျော်ကြာ မြန်မာနိုင်ငံ၏ ပြည်တွင်းစစ်ချုပ်ငြိမ်းရန်အတွက် လမ်းစသစ်ပေါ်ပေါက်ခဲ့သည်။ နိုင်ငံရေးယဉ်ကျေးမှုသစ်တရပ်ကို ပုံဖော်ခဲ့သည်။
- တိုင်းရင်းသားများ၏ နိုင်ငံရေးရည်မှန်းချက်များကို ဖော်ထုတ်ခဲ့ကြသည်။
- ထိုမှတဆင့် နိုင်ငံရေးဆွေးနွေးပွဲများ ပေါ်ပေါက်ရေးနှင့် တနိုင်ငံလုံး ပစ်ခတ် တိုက်ခိုက်မှုရပ်စဲရေး သဘောတူညီချက်ရရှိရေးအတွက် ကြိုးပမ်းဆောင်ရွက်ခဲ့သည်။
- တိုင်းရင်းသားလက်နက်ကိုင် တော်လှန်ရေးအဖွဲ့အစည်းများ၏ လိုင်ဇာ–လော်ခီးလာ သဘောတူညီချက်များဖြင့် တနိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် ရရှိရေးအတွက် NCCT ကို ဖွဲ့စည်းတာဝန်ပေးပြီး အစိုးရ၏ ပြည်တွင်းငြိမ်းချမ်းရေး လုပ်ငန်းကော်မတီ (UPWC) နှင့် ၂၂ လကြာ ဆွေးနွေးခဲ့ကြသည်။
    - (၁) ပထမအဆင့် UPWC & NCCT (၂၀၁၅ ခုနှစ်၊ မတ်လတွင် အတည်ပြုမူကြမ်းကို ရရှိခဲ့သည်)
    - (၂) ဒုတိယအဆင့် UPWC & SD+NCCT
    - (၃) တတိယအဆင့် သမ္မတနှင့် တိုင်းရင်းသားလက်နက်ကိုင် တော်လှန်ရေးအဖွဲ့အစည်း ထိပ်သီး ၅ ဦးနှင့် အဆင့်မြင့်ခေါင်းဆောင် ၄ ဦး စုစုပေါင်း ၉ ဦး တွေ့ဆုံခဲ့ သည်။
- အားလုံးပါဝင်ရေးမူကို လက်ခံပြီး လက်တွေ့ကျကျလုပ်ဆောင်ရန် သဘောတူညီခဲ့သည်။
- ၂၀၁၅ ခုနှစ် စက်တင်ဘာလ ၁၅ ရက်နေ့တွင် တနိုင်ငံလုံး ပစ်ခတ်တိုက်ခတ်မှုရပ်စဲရေး သဘောတူစာချုပ် (NCA) ကို တိုင်းရင်းသား လက်နက်ကိုင် အဖွဲ့အစည်း ၈ ဖွဲ့ဖြင့် နိုင်ငံတကာ မျက်စိအောက်၊ တနိုင်ငံလုံးရှေ့မှောက်၌ လက်မှတ်ရေးထိုးခဲ့သည်။

အပိုင်း (၄)

ကရင်အမျိုးသားများ ပြည်တွင်းငြိမ်းချမ်းရေးတည်ဆောက်ခြင်းနှင့် နိုင်ငံရေး ဆွေးနွေးပွဲပေါ်ပေါက်ရေး ကြိုးပမ်းဆောင်ရွက်မှု။

- ကရင်အမျိုးသား စည်းလုံးညီညွတ်ရေးအတွက် ကရင်တော်လှန်ရေး ထိန်းချုပ်နယ်

မြေတွင် Karen Unity Seminar Committee ကို ၁၉၉၇ ခုနှစ်မှ စတင်ကျင်းပ ပြုလုပ်ခဲ့သည်။

– ကရင်အမျိုးသားစည်းလုံးညီညွတ်ရေးကို (၁၀) ကြိမ်။
– KWWC
– KNCC တို့ကို ကျင်းပပြုလုပ်ခဲ့သည်။
– ၂၀၁၂ ခုနှစ်တွင် ကရင်အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးကော်မတီကို ဖွဲ့စည်းခဲ့ပြီး ကရင်အမျိုးသားနေထိုင်ရာ ဒေသအသီးသီးတို့တွင် ကရင်အမျိုးသား လူထု တွေ့ဆုံဆွေးနွေးပွဲများ ကျင်းပပြုလုပ်ကာ ကရင်အမျိုးသားတို့၏ နိုင်ငံရေး ဆန္ဒ၊ အမျိုးသားရေးလိုလားချက် သဘောထားများကို ရယူခဲ့သည်။
– ၂၀၁၅ ခုနှစ်တွင် ကရင်အမျိုးသား အကြိုညီလာခံကို ကျင်းပပြုလုပ်နိုင်ခဲ့သည်။
– NCA လက်မှတ်ရေးထိုးပြီးနောက် JICM, UPDJC, JMC တို့ကို ဖွဲ့စည်းခဲ့သည်။
– နိုင်ငံရေးဆွေးနွေးပွဲမူဘောင်ကို လက်မှတ်ရေးထိုးပြီး ၂ လအကြာတွင် ရေးဆွဲခဲ့ ပြီးနောက် ၂၀၁၆ ခုနှစ် ဇန်နဝါရီလ ၁၆ ရက်နေ့တွင် ပြည်ထောင်စုငြိမ်းချမ်းရေး ညီလာခံကို ကျင်းပပြုလုပ်ခဲ့သည်။
– ၂၀၁၅ ခုနှစ် ဒီဇင်ဘာလ ၈ ရက်နေ့တွင် NCA ကို ပြည်ထောင်စုလွှတ်တော်တွင် ကန့်ကွက်သူမရှိ အတည်ပြုခဲ့သည်။
– နိုင်ငံရေးဆွေးနွေးပွဲတွင် ကဏ္ဍ ၅ ရပ်ကို ဆွေးနွေးတင်ပြခဲ့ပြီး ပြည်ထောင်စု တည်ဆောက်ရန် အခြေခံမူများကို ဆွေးနွေးတင်ပြခဲ့ပြီး မှတ်တမ်းတင်ခဲ့သည်။
– NLD အစိုးရလက်ထက်တွင် ၂၀၁၆ ခုနှစ် ဩဂုတ်–စက်တင်ဘာတွင် ပြည်ထောင်စု ငြိမ်းချမ်းရေးညီလာခံ– (၂၁) ရာစုပင်လုံကို ကျင်းပပြုလုပ်ခဲ့ပြီး အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲများ ကျင်းပပြုလုပ်ရန် သဘောတူဆုံးဖြတ်ခဲ့သည်။
– ကရင်အမျိုးသားတို့မှလည်း လူမျိုးအလိုက် အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲ ကျင်းပပြုလုပ်နိုင်ရေးအတွက် ဦးဆောင်ကော်မတီ၊ ကျင်းပရေးကော်မတီ၊ စီမံခန့် ခွဲရေး အဖွဲ့များကို စနစ်တကျဖွဲ့စည်းခဲ့ပြီး ယခုကဲ့သို့ ကျင်းပပြုလုပ်နိုင်ခဲ့သည်။

ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေးနှင့် အချုပ်အခြာ အာဏာ တည်တံ့ခိုင်မြဲရေးတို့ကို ရှေးရှု၍ လွတ်လပ်မှု၊ တန်းတူညီမျှမှုနှင့် တရားမျှတမှုတို့ကို အခြေခံပြီး ပင်လုံစိတ်ဓာတ်နှင့်အညီ ဒီမိုကရေစီရေး၊ အမျိုးသားတန်းတူရေးနှင့် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့် အခွင့်အရေးများ အာမခံချက်များ အပြည့်အဝရှိသော၊ ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်တို့ကို အခြေခံသည့် ပြည်ထောင်စုကို နိုင်ငံရေးဆွေးနွေးပွဲရလဒ်များနှင့်အညီ တည်ဆောက်သွားနိုင်မယ်။ လူမျိုးအလိုက် ကရင်အမျိုးသား နိုင်ငံရေးဆွေးနွေးပွဲမှ ထွက်ပေါ်လာစေရန် ဆန္ဒပြုရင်း နိဂုံးချုပ် ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။



### ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ - (၂၁)ရာစုပင်လုံ
### အမျိုးသားအဆင့် နိုင်ငံရေး ဆွေးနွေးပွဲ
### လူမျိုးအလိုက်ကျင်းပသော ပထမအကြိမ် ကရင်အမျိုးသား နိုင်ငံရေးဆွေးနွေးပွဲ

# ဒေါက်တာအောင်ထွန်းသက် ၏ ဆွေးနွေးတင်ပြချက်

အဖွဲ့ဝင်များ၊ တာဝန်ရှိလူကြီးမင်းများ၊ အထူးသဖြင့် လူငယ်များအားလုံးကို မင်္ဂလာပါလို့ ပဏာမအနေနဲ့ ပြောကြားချင်ပါတယ်။ ဖတ်ကြားသွားတဲ့ စီးပွားရေးနဲ့ပတ်သတ်တဲ့ အကြောင်းအရာတွေ၊ လူမှုရေးနဲ့ပတ်သတ်တဲ့ အရာတွေရော အင်မတန်မှ ပြီးပြည့်စုံပါတယ်။ ကျနော့်အနေနဲ့ တင်ပြချင်တာတော့ မနက်ဖြန် အစုဖွဲ့ ဖွဲ့ပြီး ဆွေးနွေးတဲ့အခါ ခုနက တင်ပြသွားတဲ့ စာတမ်းတွေ တင်ပြပြီး ဆွေးနွေးသလို စဉ်းစားရမည့်အချက်လေးတော့ စဉ်းစားသင့်တဲ့ အချက်လေးတွေကို ကျနော့်ကို တင်ပြခွင့်ပြုပါ။

အဲ့လိုစဉ်းစားတဲ့နေရာမှာလည်း အားလုံးနဲ့တူညီတဲ့ ဦးတည်ချက်၊ ကျနော်တို့ ဒီနေ့ကျင်းပတဲ့ လူမျိုးအလိုက် အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲရတဲ့ရလဒ် ကျနော်တို့ ဒုတိယအကြိမ် (၂၁) ရာစု ပင်လုံညီလာခံမှာလည်း တင်ပြနိုင်တဲ့အနေထားရှိဖို့ ဒါလေးတွေကို အလေးအနက်ထားစေချင်ပါတယ်။ ပထမအနေနဲ့ တင်ပြချင်တာတော့ ဒီမှာရှိတဲ့ လူကြီးတွေ သိပြီးသားပါပဲ။ နိုင်ငံတော်အစိုးရသစ်အနေနဲ့ တာဝန်ယူတဲ့ခါ စိန်ခေါ်မှု ၃ ရပ်နဲ့ တွေ့ရပါတယ်။ ပထမ စိန်ခေါ်မှု

က ကျနော်တို့နိုင်ငံမှာ လွတ်လပ်ရေးရပြီး ငြိမ်းချမ်းရေးမရပါဘူး။ ငြိမ်းချမ်းရေးမရတဲ့ စိန်ခေါ်မှုကြောင့် စီးပွားရေးရဲ့ဖွံ့ဖြိုးမှုအရှိန် အလွန်နည်းပါတယ်။ ငြိမ်းချမ်းရေးနဲ့ စီးပွားရေး ဆက်စပ်နေပါတယ်။ တဖက်က ငြိမ်းချမ်းရေးလဲမရ၊ နိုင်ငံကလည်း မတိုးတက်တဲ့အတွက် တတိယစိန်ခေါ်မှုကတော့ ကျနော်တို့အားလုံး မျှော်လင့်နေတဲ့ ဒီမိုကရေစီနိုင်ငံကို မတည်ထောင်နိုင်ပါဘူး။ ၂၀၁၅ နိုဝင်ဘာလမှာ ကျင်းပတဲ့ ရွေးကောက်ပွဲကနေတဆင့် စပြီး ဒီမိုကရေစီစနစ်ကို စပြီး ခြေလှမ်းလှမ်းနေပါပြီ။ အဲ့ဒီခြေလှမ်းကို အခြေခံပြီးတော့ ဒီဆွေးနွေးပွဲမှာ နိုင်ငံရေးခေါင်းစဉ်နဲ့ ဆွေးနွေးတဲ့ဟာရှိတယ်။ စီးပွားရေးနဲ့ ပတ်သက်လို့ ဆွေးနွေးတာရှိပါတယ်။

တင်ပြချင်တာတော့ ကျနော်တို့စဉ်းစားတဲ့အခါ ကျနော်တို့မှာရှိတဲ့ စိန်ခေါ်မှု ၃ ရပ်ကို မမေ့ပါနဲ့လို့ ပြောချင်ပါတယ်။ စိန်ခေါ်မှု ၃ ရပ်မှာ ညနေပိုင်း ခေါင်းစဉ်ကတော့ စီးပွားရေးတိုးတက်ဖွံ့ဖြိုးမှု ဖြစ်ပါတယ်။ စီးပွားရေးလို့ ပြောလိုက်တဲ့အခါမှာ ဖွံ့ဖြိုးမှုတွေ မလုံလောက်ပါဘူး။ အဲ့တော့ ဒီနေရာမှာ ကျနော်တို့ စာတမ်းရှင်တွေ တင်ပြသွားတဲ့ခါဖွံ့ဖြိုးမှုကို ဘာနဲ့တိုင်းမလဲဆိုတဲ့ ကိစ္စ အရေးကြီးပါတယ်။ နိုင်ငံတနိုင်ငံရဲ့ ဖွံ့ဖြိုးမှုကို ဘာနဲ့တိုင်းလဲလို့မေးရင် အရင်က ကျနော်တို့ သုံးခဲ့တဲ့ ပေတံတခုပဲ ရှိပါတယ်။ အဲ့ဒါကတော့ ဝင်ငွေပေတံပဲ ဖြစ်ပါတယ်။ လူတွေ ချမ်းသာလာရင် တိုင်းပြည် ချမ်းသာလာတယ်။ လူတဦးချင်းဝင်ငွေများရင် တိုင်းပြည်ချမ်းသာတယ်လို့ အရင်တုန်းက အဲ့လိုပဲ အယူအဆရှိခဲ့ပါတယ်။ အဲ့ဒီအယူဆကို ၁၉၉၀ မှာ ကုလသမဂ္ဂအဖွဲ့က ချေဖျက်ခဲ့ပါတယ်။ နိုင်ငံတနိုင်ငံ ချမ်းသာဖို့အတွက် ဝင်ငွေရှိဖို့ လိုအပ်သလို ပညာတတ်ဖို့လည်း လိုပါတယ်။ ပညာမတတ်ရင် နိုင်ငံမတိုးတက်ပါဘူး။ ဒါကြောင့် ပညာရေးပေတံ။ တတိယပေတံကတော့ ကျန်းမာရေးပေတံပါပဲ။ လူတယောက်က မကျန်းမာရင် ဘယ်လောက်ဝင်ငွေများများ မချမ်းသာပါဘူး။ ကရင်ပြည် ချမ်းသာဖို့စဉ်းစားရင် ဝင်ငွေတခုပဲ မစဉ်းစားပါနဲ့၊ ကျန်းမာရေးအတွက်လည်း စဉ်းစားပေးပါလို့ ကျနော်အကြံပြုချင်ပါတယ်။ ဝင်ငွေ၊ ပညာရေး၊ ကျန်းမာရေးတို့ကို ပေါင်းတဲ့ လူသားဖွံ့ဖြိုးမှုကို လက်ခံလာပါပြီ။ နိုင်ငံတနိုင်ငံ ဖွံ့ဖြိုးရေးမှာ ချမ်းသာမှုတခုတည်း မဟုတ်ပါဘူး။ ပညာတတ်ဖို့လည်း လိုတယ်။ ကျန်းမာဖို့လည်း လိုတယ်ဆိုတဲ့ကိစ္စ ဖြစ်ပါတယ်။ ဒီမှာ ဆရာတော်တွေလည်း ပါတယ်။ ခရစ်ယာန်တွေ၊ ဗုဒ္ဓဘာသာတွေလည်း ပါတယ်။ ဗုဒ္ဓဘာသာမိသားစုမှာ ညအိပ်ရာဝင်ရင် မိဘတွေကို ရှိခိုးတဲ့အခါ မိဘတွေက ကလေးတွေကို ဆုပေးပါတယ်။ ဆုပေးတဲ့အခါ ချမ်းသာပါစေ၊ ကျန်းမာပါစေ၊ ပညာတွေအများကြီးတတ်ပါစေလို့ ပေးပါတယ်။ ခရစ်ယာန်တွေမှာလည်း ရှိပါတယ်။ ကိုယ့်သားသမီးတွေကို ဆုပေးတဲ့အခါ May God Bless You. May God Bless You လို့ပြောတဲ့အခါ ကျန်းမာရေးရော ပညာရေးရော ချမ်းသာမှုတွေပါ ပါတယ်။

အခုခေတ်မှာ ဒီမှာရှိတဲ့ သဘာပတိနဲ့ ကြွရောက်လာတဲ့ လူကြီးတွေအားလုံး ၂၀၁၅ မှာ တကမ္ဘာလုံးက လက်ခံထားတဲ့ ဖွံ့ဖြိုးမှုရည်မှန်းချက် ၁၇ ခု ရှိပါတယ်။ ကျနော် တင်ပြချင်တာကတော့ ကရင်ပြည်နယ်မှာ ဆွေးနွေးတဲ့အခါ ဒီအချက်တွေကို မမေ့စေချင်ပါဘူး။ သက္ကရာဇ် ၂၀၀၀ လောက်က လက်ခံထားတာတော့ ဒီမှာရှိတဲ့လူတွေလည်း သိပါတယ်။ MDG လို့ခေါ်တဲ့ ထောင်စုနှစ်ရည်မှန်းချက်ကို ၂၀၀၀ ကနေ ၂၀၁၅ ထိ ကြိုးစာလာတဲ့ MDG ရဲ့အစကို ၂၀၁၅ ကနေ ၂၀၃၀

ထိ၊ ဒါကြောင့် ဒီမှာရှိတဲ့ ကိုယ်စားလှယ်တော်ကြီးတွေကို စဉ်းစားစေချင်တာကတော့ ဆွေးနွေးတဲ့အခါ ၂၀၃၀ အတွက်ထိ ဆွေးနွေးပါ။ ကျနော် ဘားအံမရောက်တာ ကြာပါပြီး၊ ရှုခင်းတွေကို ကြည့်လိုက်တဲ့အခါ အင်မတန်လှတဲ့ ပြည်ထဲမှာ ပါပါတယ်။ နိုင်ငံတနိုင်ငံ တိုးတက်ဖို့ဆို စီးပွားရေး အရဖြေရင် ၃ ခုရှိပါတယ်။ အဲ့ဒီ ၃ ခုက ကရင်ပြည်နယ်မှာ ရှိပါတယ်။ ပထမတခုက သဘာဝ အရင်းအနှီးပါ။ သဘာဝ အရင်းအနှီးတွေက နိုင်ငံတနိုင်ငံရဲ့ ချမ်းသာမှုတွေ၊ တိုးတက်မှုတွေကို ဖန်တီးတဲ့အရာ ဖြစ်ပါတယ်။ ဒုတိယတခုကတော့ ထုတ်ကုန်အရင်းအနှီး ဖြစ်ပါတယ်။ စောစောက ကျနော် ထမင်းစားပြီးတဲ့အခါ ကြည့်လိုက်တော့ ဒီထဲမှာ လူငယ်တွေအများကြီး ပါပါတယ်။ တတိယ အရင်းအနှီးကတော့ အရေးကြီးဆုံးဖြစ်ပါတယ်။ သဘာဝအရင်းအနှီးတွေ၊ ထုတ်ကုန်အရင်းအနှီးတွေ မရှိရင်နေပါစေ၊ တကယ်လိုတာက လူသားအရင်းနှီးပါ။ လူသားအရင်းအနှီးလို့ ပြောလိုက်တဲ့အခါ ဒီမှာရှိတဲ့လူငယ်တွေ အားကိုးရမယ်။ ကျနော်တို့မနက်ဖြန် ဆွေးနွေးတဲ့အခါ ဒီအရင်းအနှီး ၃ ခုကို ထည့်သွင်းစဉ်းစားစေချင်ပါတယ်။ နိုင်ငံတနိုင်ငံ ဘာကြောင့် တိုးတက်လဲ မေးရင် အဖြေ ၃ ခု ရပါတယ်။ အဲဒီ ၃ ခုက အရေးကြီးပါတယ်။ နက်ဖြန်ဆွေးနွေးတဲ့အခါမှာ ဒီအဖြေသုံးခုကို ထည့်စဉ်းစားရမည့်ကိစ္စ။ အဲ့သုံးခုက နိုင်ငံတနိုင်ငံ ဖွံ့ဖြိုးတိုးတက်ဖို့ ဆိုရင် နံပါတ်–၁ က Location တည်နေရာ၊ နိုင်ငံတနိုင်ငံအောင်မြင်ဖို့ဆိုရင် အရေးကြီးဆုံးက တည်နေရာက အရေးကြီးတယ်။ ဒုတိယအချက်က ဘာလဲလို့မေးရင် Location တည်နေရာ၊ တတိယအချက်က ဘာလဲလို့မေးရင် Location တည်နေရာ ကျနော်တို့နိုင်ငံလောက်ကောင်းတဲ့ တည်နေရာကောင်းတဲ့ နေရာ မရှိပါဘူး။ အဲ့ဒီ ကရင်ပြည်နယ်လောက်ကောင်းတဲ့ တည်နေရာ ရှိတဲ့ တည်နေရာမရှိပါဘူး။ ဒါကြောင့်မို့ ဖွံ့ဖြိုးမှုကို စဉ်းစားတဲ့အခါမှာ ကရင်ပြည်နယ်ရဲ့အခြေအနေ သဘာဝပထဝီဝင် အနေအထားကိုကြည့်ပြီး ဆွေးနွေးပေးကြပါ။ ဆက်သွယ်ဆက်စပ်မှု ဆက်သွယ် ကောင်းလှတဲ့ ဒေသဖြစ်ပါတယ်။ ကရင်ပြည်နယ်ကို ကရင်ပြည်နယ်အနေနဲ့ မစဉ်းစားဘဲနဲ့ ကျနော်တို့ ဒေသဆိုင်ရာ Regional အပြင်ကို Interntional အပြည်ပြည်ဆိုင်ရာဆက်သွယ်မှု၊ ဆက်ဆံမှုတွေကိုလည်း စဉ်းစားစေချင်ပါတယ်။ ဒါကပထမအပိုင်းပါ။

ဒုတိယအပိုင်းကတော့ စာတမ်းတင်ပြတဲ့အထဲမှာ ပါပါတယ်။ ကရင်ပြည်နယ် ဖွံ့ဖြိုးတိုးတက်စေချင်ရင် စီးပွားရေးအရ ဘာလိုသလဲလို့မေးရင် ကျနော်စဉ်းစားကြည့်လိုက်တဲ့ အခါမှာ နံပါတ်–၁ က အခြေခံအဆောက်အအုံ Infrastructure တင်ပြပြီးသားပါ။ အခြေခံ အဆောက်အအုံ မရှိရင် ဘာမှလုပ်လို့ မရဘူး။ Infrastructure လို့ပြောတဲ့အခါမှာ မီး၊ လျှပ်စစ်မီး၊ လျှပ်စစ်မီးကို ဘယ်လိုပုံစံတွေနဲ့ရနိုင်မလဲ၊ အမျိုးသားဆိုတဲ့ ပုံစံမျိုး ရနိုင်သလို ကိုယ့်ဘာကိုယ် တနိုင်တပိုင် လုပ်ယူလို့ရနိုင်တဲ့ နည်းလမ်းရယူပါ။ ကရင်ပြည်နယ်မှာရှိတဲ့ မြို့နယ်တခုချင်းဆီမှာ လျှပ်စစ်ထုတ်နိုင်တဲ့နေရာတွေ အများကြီးပါ။ အဲ့ဒါတွေ သုံးတော့ Electricity က အရေးကြီးပါတယ်။ နောက်တခုက ဆက်သွယ်ရေးကိစ္စ ဒီဆက်သွယ်ရေးကို အာရုံစိုက်စေချင်တယ်။ စာတမ်းမှာ ကရင်ပြည်နယ်မှာ ဆက်သွယ်ရေးကောင်းအောင် ဘယ်လိုလုပ်မလဲ ထည့်ဆွေးနွေးပေးပါ။ နောက် လူငယ်တွေအတွက် လူတိုင်းသုံးနေတဲ့ Mobile Technology နည်းပညာတွေကို အခြေခံမှရမယ်။ ဖွံ့ဖြိုးမှုကို အရင်ပုံစံနဲ့ မရတော့ဘူး။ ၂၀၁၆ ခုနှစ်မှာ ဒါမပါရင် လုပ်လို့မရတော့ဘူး။ ဒါကြောင့်

ကရင်ပြည်နယ်မှာ Mobile Technology ကို ထည့်ဆွေးနွေးပေးပါလို့ ပြောချင်ပါတယ်။ ပြီးတော့မှ စာတမ်းထဲမှာပါတဲ့ သယံဇာတပစ္စည်းနဲ့ ပတ်သက်လို့ရှိရင် ကျနော်အနေနဲ့ တင်ပြချင်တာကတော့ Natural Resource ပဲဖြစ်ပါတယ်။ သဘာဝအရင်းအနှီးကို ဘယ်ပုံဘယ်နည်းနဲ့ စီမံမလဲ။ စီမံတဲ့အခါမှာလည်း စောစောက စာတမ်းမှာပါတဲ့အတိုင်း ဒေသခံတွေအတွက် အကျိုးရှိအောင် ဘယ်လိုလုပ်မလဲ အဲ့ဒါလေးကို စဉ်းစားပေးချင်တယ်။ ဒီတော့ ကရင်ပြည်နယ်ဖွံ့ဖြိုးတိုးတက်ဖို့ စဉ်းစားရင် စဉ်းစားတာတွေက များနေပြီး လိုချင်တာတွေများနေတဲ့အတွက် ကျနော်တို့နိုင်ငံမှာလည်း ဒီလို စိန်ခေါ်မှုတွေ ရှိပါတယ်။ တိုးတက်ချင်တာများလွန်းလို့ ဘာလုပ်ရမှန်းမသိဘူး။ အားလုံးက အရေးကြီးနေတယ်ဆိုရင် အားလုံးက အရေးမကြီးဘူးနော်။ အဲ့ဒါလေးမမေ့နဲ့။ ဒီကရှိတဲ့လူကြီးတွေ ဆွေးနွေးပေးပါ တင်ပြပေးပါ ကိုယ်လုပ်ချင်တာဘာလဲ ဦးစားပေးပါ။ နောက် ၅ နှစ်၊ နောက် ၁၀ နှစ် နောက် ၁၅ နှစ်မှာ ဒီဟာကို ရအောင်လုပ်ရမယ်ဆိုတာကို တင်ပြပေးကြပါ။ အဲ့ဒါလေးတော့ ချီးကျူးတယ်။ ကိုယ့်ဘဝမှာ လိုချင်တာဘာလဲ ရအောင်လုပ်ပါ။ ကျန်တာမလိုဘူး။ အဲ့ဒါမျိုး စဉ်းစားပေးပါ။ ဒီ ကရင်ပြည်ဖွံ့ဖြိုးဖို့အတွက် ဘာကိုဦးစားပေးမလဲ ပြတ်ပြတ်သားသား ရဲရဲဝံ့ဝံ့ စဉ်းစားပေးပါ။ ကျန်တာတွေ အရေးမကြီးဘူး။ မပြောဘူးနော် အရေးကြီးတာ ဦးစားပေးပါ။ အရေးကြီးတာက ဘာလဲလို့ ကျနော်တင်ပြချင်တာက စိုက်ပျိုးရေးကဏ္ဍမှာ စက်မှုကို အခြေခံတဲ့ဟာကို ဦးစားပေးပါ။ ကျနော်တို့ ကရင်ပြည်နယ်မှာ သစ်သီးဝလံတွေ များတယ်၊ ရာဘာတွေစိုက်တယ်။ ဒီဟာတွေကို ဒီတိုင်းရောင်းမည့်အစား Value Added လုပ်နိုင်အောင် အဲ့လိုမျိုးစဉ်းစားပေးပါ။ ဒီလိုလုပ်တဲ့အခါမှာ လူငယ်တွေကို အားကိုးပြီးတော့ ပညာရေးလို့ပြောတဲ့အခါမှာ ကျနော်တို့ လိုနေတာက အသက်မွေးဝမ်းကြောင်း။ စာတမ်းတင်ပြတဲ့အထဲမှာ ပါပါတယ်။ ဒါလေးတွေကို နက်ဖြန်ဆွေးနွေးပေးကြပါ။ စာတမ်းက ပြည့်စုံပေမယ့် တခုကျန်နေပါတယ်။ ကရင်ပြည်နယ် တိုးတက်ချင်ရင် မြန်မာနိုင်ငံတိုးတက်ချင်ရင် အခြေခံက ဘာလိုလဲဆိုတော့ Entrepreneurship စွန့်ဦးတီထွင်မှု၊ စွန့်စားတဲ့လူတွေလိုပါတယ်။ တီထွင်တဲ့လူတွေလိုပါတယ်။ ဦးစီးတဲ့လူတွေ လိုပါတယ်။ ကရင်ပြည်နယ်တိုးတက်ချင်ရင်  စွန့်စားတဲ့သူတွေ ရှိရမယ်။ တီထွင်နိုင်တဲ့သူတွေ ရှိရမယ်။ တီထွင်တဲ့သူမရှိရင် မရဘူး။ သူများအနောက်ကို မလိုက်ကြပါနဲ့  Innoviation ကို ထည့်စဉ်းစားပေးပါ။ တီထွင်တဲ့သူမရှိရင် စွန့်ဦးတီထွင်ကို အားကိုး လိုက်စမ်းပါ။ စွန့်ဦးတီထွင်က ဘယ်သူ့ဆီမှာ ရှိလဲလို့ မေးရင် လူငယ်တွေမှာရှိပါတယ်။ လူငယ်တွေက မှားရမှာကြောက်တဲ့သူတွေပဲ။ လူကြီးတွေက လိမ္မာသွားပြီ။ အကြောက်တရားတွေ များသွားလို့။ မှားမှာ ကြောက်ရင် ဘာမှမလုပ်ဖြစ်ဘူး။ ကျတော်မှာကြားချင်တာက လုပ်ပါ၊ မှားရမှာကို မကြောက်ပါနဲ့ မှားတာအပြစ်မဟုတ်ဘူး။  လူငယ်တွေကို စက်ရုံတွေ အလုပ်ရုံတွေ ဆိုင်တွေ ထောင်ခိုင်းပါ။ အရေးကြီးပါတယ်။ ကျနော်မှာကြားချင်တာကတော့ ဒီစာတမ်းထဲမှာလည်း ပါပါတယ်။  SMEs မြန်မာတပြည်လုံး စီးပွားရေးလုပ်ငန်းရဲ့ ၉၇ ရာခိုင်နှုန်းဟာ SMEs ဖြစ်တယ်။ ကရင်ပြည်နယ်မှာ အကြီးကြီးဖြစ်အောင် ဘယ်လို ဖြစ်အောင်လုပ်မလဲဆိုတာ စဉ်းစားဖို့လိုပါတယ်။ အဲ့လိုစဉ်းစားတဲ့အခါမှာ ကျနော်စဉ်းစားမိတုန်း ဒီမှာ လူကြီးတွေလည်းရှိတုန်း Made in Karen အဲ့ရည်မှန်းချက်တခု ကျနော်စဉ်းစားကြည့်လိုက်တယ်။ Made in Myanmar တချိန်တုန်းက Made in Myanmar ကို တံဆိပ်မတပ်ရဲဘူး။ အကြောင်းက ကျနော်တို့

Sanction တွေရှိတယ်။ ကျနော်တို့ ရောင်းလို့ မရဘူး။ ဒါကြောင့်မို့ ကျနော်တို့ ကရင်ပြည်နယ်မှာ Made in Karen ဆိုပြီး တခြားမှာ မရနိုင်တဲ့ ပစ္စည်းကိုရောင်းပါ။ ခု ကရင်ပြည်နယ်မှာ အဝတ်အစား အထည်တွေ အများကြီးပါ။ ထူးခြားတဲ့ ပစ္စည်းတွေ ဝန်ဆောင်မှုတွေ ကရင်ပြည်နယ်မှာ ပေးနိုင်အောင် ဒါလေးကို လူကြီးတွေစဉ်းစားပေးကြပါ။ လက်တွေ့မှာ လူငယ်တွေ ကိုယ့်ဘက်က ပါလာအောင် လုပ်ကြပါ။

နောက်တခုက ကရင်ပြည်နယ်မှာ ကမ္ဘာလှည့်ခရီးသည်တွေ မကြိုက်တဲ့နေရာ မရှိဘူးလို့ အောက်မေ့တယ်။ ဘယ်နေရာကြည့်ကြည့်၊ ကြည့်လိုက်တာနဲ့ လည်ပတ်ချင်တဲ့ နေရာတွေအများကြီးပဲ၊ ကျနော်တို့ကရင်ပြည်နယ်မှာ CBT လို့ခေါ်တဲ့ Coloni Base Tourism ကိုယ့်နေရာမှာ Tourism တွေ တည်းနိုင်အောင် အိမ်လေးတွေကို သပ်သပ်ရပ်ရပ်လေး အိမ်သာလေးရှိရင်ရပြီ ရေရှိရင်ရပြီ ဟိုတယ်တွေမစဉ်းစားပါနဲ့ ဒေသခံတွေကို အကျိုးရှိစေချင်ရင်တော့ ဟိုတယ်ကြီးကြီးမားမားဆောက်တာကတပိုင်း၊ တနိုင်တပိုင် Tourism လုပ်ငန်းတွေကို ဖန်တီးတတ်အောင်လုပ်ဖို့ တိုက်တွန်းလိုက်ပါတယ်။

အရေးကြီးတာက လူငယ်တွေပါ။ ခုခေတ်လူငယ်တွေ ရင်ဆိုင်နေရတဲ့အခက်အခဲက ဘာလဲဆိုရင် အလုပ်လက်မဲ့ပြဿနာ လူငယ်တွေဘာကြောင့် အလုပ်လက်မဲ့ဖြစ်နေတာလဲမေးရင် အကြောင်းတွေ အများကြီး ပြောကြပါလိမ့်မယ်။ လူငယ်တွေ အလုပ်လက်မဲ့ဖြစ်နေရတဲ့ အကြောင်းအရာတွေကတော့ လူငယ်တွေအလုပ်ရှာလို့ အလုပ်မရတာ။ အလုပ်ရှာရင် အလုပ်မရဘူး။ လူငယ်တွေကို အလုပ်မရှာခိုင်းပါနဲ့ အလုပ်ပေးနိုင်အောင်ကြိုးစားပါ။ လူငယ်တွေ ဒီကရင်ပြည်နယ်မှာရှိတဲ့လူငယ်တွေ ကိုယ်ပိုင်အလုပ်တွေ လုပ်နိုင်အောင် Self Employ သူများအလုပ် လခစားအလုပ် မလုပ်ဘူး ကိုယ်ပိုင်အလုပ်တွေ လုပ်နိုင်အောင် ဖန်တီးပေးနိုင်ရင် လူငယ်တွေအတွက် အလုပ်အကိုင်အခွင့်အလမ်းက ဖြေရှင်းပြီးသား ဖြစ်လိမ့်မယ်။ ပြီးတော့ စာတမ်းထဲမှာလည်း ပါပါတယ်။ ကရင်ပြည်နယ်ကို နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုရရှိအောင် ဘယ်လိုလုပ်မလဲဆိုတော့ ပြည်နယ်အစိုးရက ပြည်ထောင်စုအစိုးရနဲ့ တိုင်ပင်ပြီးတော့ ဟောဒီကရင်ပြည်နယ်က ဘာမက်လုံးတွေပေးလိုက်လဲ ကိုယ့်ဆီလာပါလာပါ ခေါ်လို့မရဘူးနော်။ လာချင်အောင်ဘာလုပ်ပေးမလဲ။ အဲတော့ ကျနော်ပန်ကြားချင်တာက ကရင်ပြည်နယ်မှာ လွှတ်တော် ဥက္ကဋ္ဌရှိတယ်။ ပြည်ထောင်စုဝန်ကြီးတွေလည်း ရှိတယ်။ ဒီမှာက တိုင်းရင်းသားဝန်ကြီးတွေလည်း ရှိတယ်။ စီးပွားရေးလုပ်ချင်တဲ့လူတွေကို ကရင်ပြည်နယ်သွားကြည့်ဖြစ်အောင် ဖန်တီးပေးလို့မရဘူးလား။ ကရင်ပြည်နယ်မှာ စီးပွားရေးလုပ်ချင်တဲ့သူ ရင်းနှီးမြှုပ်နှံမှု လုပ်ချင်တဲ့သူတွေကို လွယ်လွယ်ကူကူ ဖန်တီးပေးနိုင်လို့ မရဘူးလား။ ဒါလေးကိုတော့ စဉ်းစားပေးစေချင်တယ်။ အဲလိုဖြစ်ပြီဆိုရင် ရင်းနှီးမြှုပ်နှံသူတွေလာရင်လည်း ကြိုဆိုဖို့လိုပါတယ်။ ပြီးတော့ လုပ်စေချင်တာက ဒီထဲမှာလည်းပါတယ်။ ပုံစံတမျိုးနဲ့ ပါတယ်။ အခု မြန်မာပြည်မှာရှိတဲ့ လူဦးရေ ၅၁ သန်းရှိတယ်။ ဒါတွေနဲ့ ထိတွေ့တဲ့သူ ၁၀ ရာခိုင်နှုန်း မရှိပါဘူး။ အဲ့ဒါက လူတိုင်းပါဝင်နိုင်တဲ့ ဘဏ္ဍာရေးစနစ်ရှိဖို့ လိုအပ်ပါတယ်။ ဆင်းရဲတဲ့လူတွေ အရင်းအနှီးမရှိတဲ့လူတွေ လွယ်လွယ်ကူကူ ငွေချေးပေးနိုင်တာက Inclusive Finance။ ဒါလေးကိုတော့ လူကြီးတွေကို စဉ်းစားပေးစေချင်ပါတယ်။ အဲ့တော့ ဒီအထဲမှာ ဖတ်ကြားတဲ့အထဲမှာ ပါတယ်လို့တော့ ထင်ပါတယ်။

နိုင်ငံရေးသမားတွေ ပါတယ်လို့သိတယ်။ လူငယ်တွေ ပါတယ်လို့သိတယ်။ အရပ်ဖက် လူ့အဖွဲ့အစည်းတွေပါတယ်။ တကယ်ဆိုရင် ဒီအထဲမှာ ပါဖို့သင့်တဲ့ တခုကတော့ တစုကတော့ စီးပွားရေးသမားတွေ ဖြစ်ပါတယ်။ စီးပွားရေးသမားဆိုတာ ရန်ကုန်မှာရှိတဲ့ စီးပွားရေးသမားတွေကို ပြောတာမဟုတ်ဘူး။ ဒီဒေသမှာရှိတဲ့ စီးပွားရေးသမားတွေကို အကူအညီတောင်းလို့ ရပါတယ်။ သူတို့က စီးပွားရေး လုပ်တတ်တယ်နော်။ ကျနော်တို့က မလုပ်တတ်ဘူး။ လုပ်တတ်တဲ့ စီးပွားရေးသမားတွေအတွက်က Business For Peace (B4P) စီးပွားရေးသမားတွေက ငြိမ်းချမ်းရေးကို ဘယ်လိုအကူအညီ ပေးနိုင်မလဲ။ B4P သူတို့ကို ပါဝင်အောင် ပုဂ္ဂလိကကဏ္ဍနဲ့ နိုင်ငံတော်ကဏ္ဍနဲ့ အရပ်ဖက်လူ့အဖွဲ့အစည်းနဲ့ ပူးပေါင်းပါဝင်တဲ့ B4P ဖြစ်တဲ့အထိ လုပ်ဆောင်ပေးပါ။ တချို့ B4P တွေကရှိတယ်။ အတုတွေပါ။ နိုင်ငံတော်က လုပ်ခိုင်းနေရရင် အစစ်မဟုတ်ပါဘူး။ တကယ့်စီးပွားရေးသမားတယောက်က အရပ်ဖက်လူ့အဖွဲ့အစည်းတွေ နိုင်ငံရေးသမားတွေနဲ့ပါတဲ့ လုပ်နေတဲ့အခြေအနေတခုကို ရှိစေချင်တယ်။ ခုနက စာတမ်းဖတ်တဲ့အထဲမှာလည်း ပါတယ်။ CSR လို့ပြောပါတယ်။

အခုခေတ်မှာ စီးပွားရေးလုပ်ရင် တာဝန်သုံးရပ်ရှိတယ်လို့ ယူဆလို့ရပါတယ်။ စီးပွားရေးလုပ်ရာမှာ ဦးတည်ချက် ၃ ရပ်၊ ရည်ရွယ်ချက် ၃ ရပ်။ အဲဒီ ဦးတည်ချက် ၃ ရပ်ကို P သုံးလုံးလို့ပြောပါတယ်။ နံပါတ်–၁ က စီးပွားရေးလုပ်ရင် Profit, အဲ့တာကို စီးပွားရေးလုပ်တာ အရှုံးခံပြီးလုပ်တဲ့ စီးပွားရေး မလုပ်ကြပါနဲ့။ ကျနော်တို့နိုင်ငံမှာ အရှုံးခံပြီး စီးပွားရေးလုပ်ခဲ့လို့ ဒုက္ခရောက်ခဲ့တာ အများကြီးပါ။ အဲ့တော့ အမြတ်ရအောင်လုပ်မယ်။ တဖက်က အမြတ်ရအောင် လုပ်သလိုအမြတ်တခုတည်းရအောင် လုပ်တာမဟုတ်သလို ပြည်သူကိုကြည့်တယ်၊ စားသုံးသူကို ကြည့်မယ်၊ ပိုင်ရှင်ကို ကြည့်မယ်၊ သူဌေးကို ကြည့်မယ်။ အဲ့ဒါက People. နောက်ဆုံး P တခုက Planet ပတ်ဝန်းကျင်ကို လေးစားရမယ်။ ပတ်ဝန်းကျင်ကို တန်ဖိုးထားရမယ်။ ကရင်ပြည်နယ်မှာရှိတဲ့ စီးပွားရေးသမားတွေ ဒီ P သုံးလုံးစဉ်းစားဖို့ လိုပါတယ်။ အဲ့လိုလုပ်လိုက်ရင်တော့ ကျနော်တို့နိုင်ငံမှာ ကျနော်တို့ပြည်နယ်မှာ ကျနော်တို့လိုချင်တဲ့ပုံစံ ရမယ်။ နောက်ဆုံးအနေနဲ့ ကျနော်အားပေးချင်ပါတယ်။ တခါတလေ လက်ရှိအခြေအနေကိုကြည့်ပြီး စိတ်ပူတာတွေ အားမရတာတွေ မကျေနပ်တာတွေ ရှိတတ်ပါတယ်။ ဒါပေမယ့် ကျတော်တို့ ဟော့ဒီမှာ ကျတော်တို့က ကြီးတဲ့အပိုင်းတွေပါနေပါပြီ။ ၂၀၃၀ ကို အိပ်မက် မက်ကြည့်ရအောင်။ ကရင်ပြည်နယ်ရဲ့ ၂၀၃၀ ဘာဖြစ်မလဲ Let's us Dream together အတူတူအိပ်မက် မက်ကြရအောင်။ ၂၀၃၀ မှာ ကမ္ဘာ့ဘဏ်က မှန်းထားတာ မြန်မာပြည်ရဲ့ တဦးကျ ဝင်ငွေ ၄ ဆ တိုးမယ်လို့ မှန်းထားပါတယ်။ မြန်မာပြည်သည် ယခုအနိမ့်ဆုံးအဆင့်ကနေ နောက်ထပ် ၁၅ နှစ်မှာ မြန်မာပြည်သည် အလယ်အလတ်ဝင်ငွေရှိသည့် နိုင်ငံဖြစ်လာမည်လို့ မှန်းထားတယ်။ အဲ့ဒါကို ကြည့်လိုက်ရင် ကျနော်တို့ဆီမှာ အခွင့်အရေး အများကြီးပါ။ ကျနော်တို့နိုင်ငံမှာ ဘာလိုလဲလို့ မေးရင် စီးပွားရေးတိုးတက်ဖို့ လိုတယ်။ အဲ့ဒါကြောင့် လှုပ်ရှားနေဖို့ လိုအပ်ပါတယ်။ ဒါကြောင့် ကျနော်တို့ကရင်ပြည်နယ်မှာလည်း စီးပွားရေး လုပ်ကြရအောင်။ ဒီမှာရှိတဲ့လူကြီးတွေ ကရင်အမျိုးသားအဖွဲ့တွေကော ပန်ကြားချင်ပါတယ်။

ကျနော်တို့နိုင်ငံမှာ ဟော့ဒီဒေသမှာ စီးပွားရေးလှုပ်ရှားရအောင် ဒါပေမယ့် အဲ့ဒီလို

စီးပွားရေး လုပ်ရှားခြင်းမပဟုတ်ပဲနဲ့ Socially Inclusive စာတမ်းဖတ်တဲ့လူတွေအားလုံး ပါပါတယ်။ အသားအရောင်မခွဲဘူး။ ဘာသာမခွဲဘူး။ လူမျိုးမခွဲဘူး။ လူတွေအားလုံးအတူတူပဲ။ ထားပါတော့ ဒါကတော့ Socially Inclusive နောက်ဆုံးကတော့ နိုင်ငံရေးစာတမ်းမှာ မနက်က ဖတ်သွားပါတယ်။ ကျနော်တို့ နိုင်ငံ မျှော်မှန်းတာ ဘာလဲ။ ဖက်ဒရယ်ဒီမိုကရေစီစနစ်ပါ။ ဒီစနစ်ကိုရအောင် ခုနက စီးပွားရေးအရလည်း တက်ကြွတဲ့ စီးပွားရေးလှုပ်ရှားတဲ့ စီးပွားရေးလျှင်မြန်တဲ့ စီးပွားရေးဖြစ်သလို လူမှုရေးကလည်း အားလုံးပါဝင်တဲ့စနစ် ဖြစ်ပါတယ်။ နောက်ဆုံးအနေနဲ့ ကျနော်ဆုတောင်းချက် အနေနဲ့ ကျနော်က တပတ်တခါ Church တက်တဲ့သူပါ။ ကျနော့် ဇနီးက Buddha ဘာသာဝင် ကရင်လူမျိုးပါ။ အဲ့တော့ ကျနော်ဆုတောင်းချင်တာ ဒီမှာရှိတဲ့ လူတွေအားလုံး တဦးချင်း တယောက် ချင်း Freedom လွတ်လပ်မှုသုံးခု ဆုတောင်းချင်ပါတယ်။ နံပါတ်–၁ Freedom From Fear အကြောက်တရားမှ လွတ်လပ်ခြင်း။ ကျနော်တို့ တချိန်တုန်းက ကျနော်တို့နိုင်ငံမှာ အကြောက်တရား နဲ့ နေခဲ့ရပါတယ်။ အခုခေတ်မှာတော့ အားလုံး ကရင်ပြည်နယ်အပါအဝင် ကျနော်တို့တနိုင်ငံလုံးမှာ Freedom From Fear အကြောက်တရားကနေ ကင်းဝေးပါစေလို့ ဆုတောင်းချင်ပါတယ်။ နံပါတ်–၂ က Freedom From Want တမ်းတခြင်းကနေ ကင်းဝေးပါစေ။ လူတယောက် ချမ်းသာတာ ဘာလို့လဲ မေးရင် လူတယောက်ဆင်းရဲတာ ဘာလို့လဲမေးရင် တမ်းတမှုရှိလို့ပါ။ ချမ်းသာသူမှာ တမ်းတမှု မရှိဘူး။ သူလိုချင်တာရတယ်။ ဆင်းရဲတဲ့သူမှာလိုချင်တာ မရတဲ့အတွက် သူအမြဲ တောင့်တနေရ တယ်။ ဒါကြောင့်မို့ ဒီမှာရှိတဲ့ ပရိတ်သတ်များ လူကြီးတွေအားလုံးကိုလည်း Freedom From Want တမ်းတခြင်းမှ ကင်းလွတ်ပါစေလို့ ဆုတောင်းပါတယ်။ နောက်ဆုံးတခုက ဒီမှာရှိတဲ့ စာတမ်း တွေမှာလည်း ပါပါတယ်။ လူတိုင်းက Freedom to live in Human Dignity လူတယောက်သည် လူ့တန်ဖိုးရှိရှိ အသက်ရှင်နေထိုင်နိုင်တဲ့ လူတိုင်းမျှော်လင့်ပါတယ်။ ပထမ ဆုတောင်းချက်အနေနဲ့ ဒီမှာရှိတဲ့ပရိတ်သတ်တွေအားလုံး သဘာပတိအဖွဲ့ဝင်တွေအားလုံး Freedom from Fear ကြောက် ရွံ့ခြင်းမှ ကင်းလွတ်ပါစေ၊ Freedom From Want တောင့်တခြင်းမှ ကင်းလွတ်ပါစေ။ နောက်ဆုံး အနေနဲ့ လူ့ဂုဏ်သိက္ခာနဲ့အညီ နေနိုင်ကြပါစေလို့ ဆုတောင်းလိုက်ပါတယ်။

### ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ – (၂၁)ရာစုပင်လုံ
### အမျိုးသားအဆင့် နိုင်ငံရေး ဆွေးနွေးပွဲ
### လူမျိုးအလိုက်ကျင်းပသော ပထမအကြိမ် ကရင်အမျိုးသား နိုင်ငံရေးဆွေးနွေးပွဲ
### ပထမနေ့ သဘာပတိအဖြစ်ဆောင်ရွက်သော

# KNU မှ ပဒိုမန်းငြိမ်းမောင် ၏ အပိတ်မိန့်ခွန်း

လူမျိုးအလိုက် နိုင်ငံရေးဆွေးနွေးပွဲမှာ ကျနော်တို့ အင်မတန်မှ အားရကျေနပ်ပါတယ်။ သဘာပတိ နိဂုံးချုပ်မိန့်ခွန်းအနေနဲ့ အခွင့်အခါသင့်လို့ ကျနော်ပြောချင်ပါတယ်။ ကျနော်လေးစားတဲ့ ပညာရှင်နှစ်ယောက်ရှိပါတယ်။ ပထမတယောက်ကတော့ ဆရာကြီးဒေါက်တာအောင်ထွန်းသက် ဖြစ်ပါတယ်။ သူ့စာအုပ်တွေ ဆောင်းပါးတွေကို ကျနော်အချိန်ရရင် ရသလို ဖတ်ပါတယ်။ နောက်တယောက်က ဆရာကြီးဦးကျော်ဝင်း ဖြစ်ပါတယ်။ ဆရာဦးကျော်ဝင်းရဲ့ နိုင်ငံရေးသုံးသပ်ချက်တွေက ပျော့ပြောင်းတယ်။ မျှတတယ်။ သိသင့်သိထိုက်တဲ့အရာတွေကို အကြံပြုတယ်။ အဲ့ဒါကြောင့် ကျနော်လေးစားပါတယ်။ ဒါကြောင့်မို့လို့ ဒီနေ့ဆွေးနွေးပွဲမှာ ဆရာကြီးဒေါက်တာအောင်ထွန်းသက်ကို မျက်မြင်ကိုယ်တွေ့ ဆက်ဆံလို့ရခဲ့တယ်။ ကျနော်အင်မတန်မှ ဝမ်းသာပါတယ်။ ဒါကြောင့်မို့ ဒီအပတ် မိန့်ခွန်းမှာ လွန်ခဲ့တဲ့ ၂ နှစ်က ဆရာကြီးရေးခဲ့တဲ့ ဆောင်းပါးတခုကို ကျနော်တို့ ဒီအခမ်းအနားကို တက်ရောက်လာတဲ့ ကရင်အမျိုးသားတွေအနေနဲ့ လေ့လာမှတ်သား လိုက်နာကျင့်သုံးသင့်တယ်လို့ ထင်တယ်။ ဆရာကြီးရဲ့ဆောင်းပါးကို ကျနော်ပြောကြားချင်ပါတယ်။ ဆရာကြီးရဲ့ ဆောင်းပါးက ရန်သူကို မိတ်ဆွေဖွဲ့ခြင်း။ ဆရာကြီးတင်ပြထားတာကတော့ ဗီယက်နမ်ပြည်သူတွေရဲ့ ရုန်းကန်ခဲ့ရတဲ့သမိုင်းကို တင်ပြထားပါတယ်။ ဗီယက်နမ်လူမျိုးတွေက သူတို့လူမျိုး သူတို့တိုင်းပြည် လွတ်မြောက်ဖို့အတွက် အင်မတန်ကြမ်းတမ်းစွာ ရုန်းကန်ခဲ့ရပါတယ်။ အတော့်ကို ပေးဆပ်ခဲ့ရတယ်။ ဗီယက်နမ်ပြည်သူတွေက အမျိုးသားလွတ်မြောက်ရေးအတွက် ပြင်သစ်နယ်ချဲ့ဆန့်ကျင်ရေး၊ အမေရိကန်နယ်ချဲ့ဆန့်ကျင်ရေးမှာ ဘယ်လောက်ကြိုးစားခဲ့လဲဆိုတာကို အားလုံးသိထားပြီးဖြစ်မှာပါ။ ဗီယက်နမ်ကို ကြဲတဲ့ဗုံးတွေက ဒုတိယကမ္ဘာစစ်မှာ အမေရိကန်၊ အင်္ဂလိပ်၊ ရုရှား မဟာမိတ်တွေ ကြဲခဲ့တဲ့ ဗုံးတွေထက် များပါတယ်။ ဗီယက်နမ်ပြည်သူတယောက်က ဗုံးတန်ချိန် ၄ သန်းနဲ့ညီမျှတဲ့ ဗုံးတွေကို ကြံချခံခဲ့ရပါတယ်။ အဲ့ဒီတော့ ဗီယက်နမ်ပြည်သူ သုံးသန်းကျော်က သူတို့တိုင်းပြည်အတွက် အသက်တွေ ပေးဆပ်ခဲ့ရပါတယ်။ ဒါပေမယ့်လို့ ဗီယက်နမ်ပြည်သူတွေရဲ့ စည်းလုံးမှုကြောင့် အင်မတန်အင်အားကြီးပါတယ်ဆိုတဲ့ အမေရိကန်နယ်ချဲ့တွေကို နိုင်အောင်တိုက်နိုင်ခဲ့တယ်။ ဒါပေမယ့် သူတို့ပေးဆပ်ခဲ့တာ အင်မတန်ကြီးမားပါတယ်။ တိုင်းပြည်လွတ်မြောက်ခဲ့တယ်။ တိုင်းပြည်ပြန်လည်ထူထောင်ဖို့အချိန်မှာ တိုင်းပြည်က ပြာပုံပဲ ဖြစ်ပါတယ်။ ပေါင် ၅၀၀ ဗုံးပေါင်းအလုံး ၁၀၀၀ ကြဲချခံထားရတဲ့အခါကျတော့ စိုက်ပျိုးလုပ်ကိုင်တဲ့ မြေတွေလည်း ပျက်စီးကုန်ပါတယ်။ အဲလို ချို့တဲ့နေတဲ့ အချိန်မှာ အမေရိကန်ကလည်း ပိတ်ဆို့မှုတွေ လုပ်ထားတယ်။ ဘာမှပြန်လည်ထူထောင်ရေးတွေ လုပ်လို့မရပါဘူး။ ၁၀ နှစ်ကျော် ကြာလာတဲ့အချိန်မှာ ဖွံ့ဖြိုးတိုးတက်ဖို့အတွက် အရမ်းကို နောက်ကျနေပြီဖြစ်တယ်။ အဲ့အချိန်မှာ ဗီယက်နမ်အစိုးရနဲ့ ဗီယက်နမ်



ကွန်မြူနစ်ပါတီက အမေရိကန်နဲ့ သံတမန်ရေးရာ ဆက်ဆံစကားပြောဖို့ အကြိတ်အနယ် ဆွေးနွေးခဲ့ရပါတယ်။ ဗီယက်နန်ပြည်သူတွေရဲ့ နာကျည်းမှုတွေက အင်မတန်ပြင်းထန်ခဲ့ပါတယ်။ ရန်သူကို ပြန်ပြီး မိတ်ဆွေဖွဲ့ရမှာ သူတို့နှလုံးသားက လက်မခံနိုင်ပါဘူး။ ဒါပေမယ့် တိုင်းပြည်ရဲ့လိုအပ်မှု ပြည်သူတွေရဲ့လိုအပ်မှုအရ ခံစားချက်တွေကို ဦးစားမပေးပဲနဲ့ ရန်သူကို သံခင်းတမန်ခင်း ပြန်ဆက်ဆံခဲ့တယ်။ အဲ့လိုပြန်လုပ်ခဲ့တဲ့အတွက် အမေရိကန်အစိုးရကလည်း ဗီယက်နမ်အစိုးရကို ပြည်သူတွေကို ပိတ်ဆို့ခဲ့တာတွေကို ပြန်ရုပ်သိမ်းပေးခဲ့တယ်။ ဗီယက်နမ်တိုင်းပြည် ပြန်လည်ထူထောင်ရေးအတွက် စီးပွားရေးအထောက်အကူတွေရော အခြားအထောက်အကူများစွာကိုပါ အမေရိကန်အစိုးရက အကူအညီ ပေးခဲ့ပါတယ်။ ဒါကြောင့်မို့လို့ နယ်ချဲ့ခံရတာချင်းအတူတူ ဗီယက်နမ်တိုင်းပြည်ဟာ ကျနော်တို့အရှေ့ကို ကျော်တက်သွားပါပြီ။ ဗီယက်နမ်တိုင်းပြည်က စိုက်ပျိုးရေးနိုင်ငံတနိုင်ငံ ဖြစ်တယ်။ သူတို့ရဲ့ စိုက်ပျိုးရေးထုတ်ကုန်ပစ္စည်းဖြစ်တဲ့ ဆန်၊ စပါးတွေဟာလည်း အင်မတန် အရည်အသွေးမြင့်ပြီး ကမ္ဘာ့ဈေးကွက်မှာ တန်းဝင်ပါတယ်။ ကျနော်ဆိုလိုတာကတော့ ကျနော်တို့ ငြိမ်းချမ်းရေး ဆောင်ရွက်တဲ့အခါကျတော့ ကျနော်တို့ကို အမျိုးမျိုးအပြစ်တင် စွပ်စွဲမှုတွေ ခံရပါတယ်။ ဒါပေမယ့်လို့ ကျနော် ရင်ထဲမှာ ဘာမှမခံစားရပါဘူး။ ဘာကြောင့်လို့လဲဆိုတော့ ကျနော်တို့ တိုင်းပြည်ရဲ့ ပဋိပက္ခတွေ အင်မတန်ပြင်းထန်တဲ့အခါကျတော့ ကျနော်တို့ထဲမှာ ဒဏ်ရာဒဏ်ချက်တွေက အင်မတန်ကြီးပါတယ်။ သံသယတွေ၊ ရန်ငြိုးရန်စတွေဟာ အင်မတန်ကြီးပါတယ်။ ကျနော်တို့ အမျိုးသားတွေ၊ ကျနော်တို့ခေါင်းဆောင်တွေကို နားလည်မှာပါ။ ဒါပေမယ့်လို့ ကျနော်တို့ဟာ အချိန်နဲ့ ဖြေရှင်းသွားမယ်။ လက်တွေ့နဲ့ဖြေရှင်းသွားမယ်။ လက်တွေ့ဖြေရှင်းပြီး ဒီအဆင့်အထိ

ရောက်လာပြီး။ တိုင်းပြည်တပြည်မှာ ဒီလောက်တောင် ထောင်းထောင်းညက်ညက်ကြေအောင် အချေအမှုန်းခံရတဲ့ လူမျိုးတမျိုး တိုင်းပြည်တပြည်ဟာ ရန်သူကိုမိတ်ဆွေဖွဲ့နိုင်လို့ရှိရင် တိုးတက်မှာပဲ။ ကျနော်တို့တွေဟာ ဒီတိုင်းပြည်မှာနေတဲ့ တိုင်းရင်းသားတွေဖြစ်တယ်။ ဒါကြောင့်မို့လို့ ကျနော်တို့ကရင်လူမျိုးအပါအဝင် တိုင်းရင်းသားအားလုံးဟာ လက်နက်စွဲကိုင် ရုန်းကန်ခဲ့ပေမယ့် ကျနော်တို့လူမျိုးဟာ ထောင်းထောင်းညက်ညက် ကြေခဲ့ပြီ။ ဒါကြောင့်မို့လို့ ဒီကနေ့ ရုန်းကန်မှုကနေပြီးတော့ ငြိမ်းချမ်းရေးဆွေးနွေးပွဲ စားပွဲခုံကို ရောက်လာအောင် အင်မတန်ကြိုးစားရပါတယ်။ ခက်လည်းခက်ခဲပါတယ်။ ဒါကြောင့် ကရင်အမျိုးသားနိုင်ငံရေးဆွေးနွေးပွဲ စားပွဲခုံပေါ်ကို ရောက်လာတဲ့အချိန်မှာ ကျနော်တို့ကရင်လူမျိုးတွေဟာ လူမျိုးတမျိုး ရသင့်ရထိုက်တဲ့ အခွင့်အရေးတွေကို ကျနော်တို့ဘယ်လောက်ထိ ကြိုးပမ်းခဲ့သလဲ အဲ့ဒါဆိုရင်တော့ ကျနော်တို့ဉာဏ်ပညာ အမြော်အမြင်ရှိမှုနဲ့ ဆိုင်ပါတယ်။ စည်းလုံးညီညွတ်မှုနဲ့ ဆိုင်ပါတယ်။ ဒီနေရာမှာ ဆရာကြီးပြောသွားတဲ့အထဲမှာ လူငယ်တွေ လူငယ်တွေဆိုပြီး အခွန်းပေါင်း မြောက်များစွာပြောသွားခဲ့တာကို ကြားရပါတယ်။ ဒါကြောင့်မို့လို့ လူငယ်တွေနဲ့ပတ်သက်ပြီးတော့ ကျနော်တဆက်တည်း ပြောချင်တယ်။ တော်လှန်ရေးထဲရောက်လာတဲ့အချိန်မှာ လူငယ်ဘဝ အမျိုးသားရေးတာဝန် ထမ်းဆောင်တဲ့နေရာမှာ ပေးဆပ်မှုတွေ အပင်ပန်းခံမှုတွေ ပေးဆပ်ခဲ့တဲ့ဘဝ ဖြစ်တယ်။ ဒီကနေ့ခေတ်မှာ ဉာဏ်ပညာခေတ်ဖြစ်တဲ့အခါကျတော့ ကျနော်တို့အမျိုးသားရပိုင်ခွင့်ကို နိုင်ငံရေးနည်းအရ ကျနော်တို့ တောင်းဆိုဆွေးနွေး တိုက်ပွဲဝင်ရတဲ့နေရာမှာ ဉာဏ်ပညာရပ်နဲ့ ဆိုင်တယ်။ ဒါကြောင့်မို့လို့ ယခုခေတ်လူငယ်တွေဟာ ကျနော်တို့ခေတ် လူငယ်တွေနဲ့မတူတော့ဘူး။ အသိဉာဏ်ပညာ မြင့်မားရမယ်။ စည်းလုံးမှုရှိရမယ်။ ဒါမှသာလျှင် ကျနော်တို့ လူ့အဖွဲ့အစည်းရဲ့ အနာဂတ်ကို တာဝန်ယူကြရမယ့် လူငယ်တွေအနေနဲ့ လေ့လာဖို့လိုတယ်။ ဉာဏ်ပညာရှိဖို့ လိုတယ်။ ဒါမှသာ ကျနော်တို့အမျိုးသားကို ကောင်းကောင်းမွန်မွန် ဆက်ခံနိုင်မှာဖြစ်တယ်။ ဒါကြောင့်မို့လို့ လွန်ခဲ့တဲ့ နှစ်ပေါင်း ၄၀ ကျော်က တော်လှန်ရေးရောက်တဲ့အခါကျတော့ ဥက္ကဋ္ဌမန်းဘဇံ ပြောခဲ့တဲ့ စကားတခွန်းကို ဒီမှာ လူငယ်တွေများစွာတက်ရောက်လာတဲ့အတွက် ကျနော်မျှဝေချင်တယ်။ 'ကရင့်တော်လှန်ရေးကတော့ကွာ မင်းတို့လူငယ်တွေလက်ထဲမှာပဲ ရှိတယ်'။ မင်းတို့လူငယ်ကိုပဲ အားကိုးရမယ်။ ကျနော်တို့လူငယ်အရွယ်ဆိုတော့ ကရင့်တော်လှန်ရေးထဲမှာ ကရင့်ခေါင်းဆောင်တယောက်က လူငယ်တယောက်ကို စိတ်ဓာတ်ရေးရာ အားပေးစကားပြောတယ်လို့ပဲ ထင်ခဲ့တယ်။ ဒါပေမယ့်လို့ ကျနော်တို့အသက်အရွယ်တွေ ရလာတဲ့အခါကျတော့ ရှေးရှေးတုန်းက ကျနော်တို့ခေါင်းဆောင်တွေဟာ လူငယ်တွေအပေါ်မှာ မျှော်လင့်ချက်ကြီးစွာ ပြောခဲ့တယ်ဆိုတာ သဘောပေါက်လာတယ်။ ကျနော်တို့လည်း အသက်အရွယ်ရလာတော့ နောက်ကိုပြန်လှည့်ကြည့်တယ်။ တော်လှန်ရေးလှုပ်ရှားမှု၊ အမျိုးသားရေးလှုပ်ရှားမှုကိုကြည့်တော့ နည်းနည်းအားငယ်နေတယ်။ ဒါပေမယ့် ဒီနေ့ ဒီကနေ့ အချိန်မှာ လူငယ်တွေ ဒီလိုတက်ကြွစွာ ပါဝင်လာတဲ့အတွက် အင်မတန်အားရှိပါတယ်။ ဒါကြောင့်မို့လို့ ကျနော်တို့ဟာ ရှေ့လျှောက် အမျိုးသားရပိုင်ခွင့်ကို နိုင်ငံရေးပြဿနာကို နိုင်ငံရေးနည်းနဲ့ ဖြေရှင်းတဲ့နေရာမှာ ကျနော်တို့ကရင်လူမျိုးတွေရဲ့ ဉာဏ်အမြော်အမြင်ရှိမှု၊ စည်းလုံးညီညွတ်မှုတို့သာလျှင် ကျနော်တို့ အမျိုးသားရပိုင်ခွင့်ကို ရရှိမယ်ဆိုတာပြောကြားရင်း နိဂုံးချုပ်ပါတယ်။



**ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ – (၂၁)ရာစုပင်လုံ**
**အမျိုးသားအဆင့် နိုင်ငံရေး ဆွေးနွေးပွဲ**
**လူမျိုးအလိုက်ကျင်းပသော ပထမအကြိမ် ကရင်အမျိုးသား နိုင်ငံရေးဆွေးနွေးပွဲ**
**ဒုတိယနေ့ သဘာပတိအဖြစ်ဆောင်ရွက်သော**

# KWO မှ ဆရာမ နော်ဒါးဒါး ၏ အဖွင့်မိန့်ခွန်း

အားလုံးမင်္ဂလာပါ။ ဒီနေ့ လူမျိုးအလိုက် အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲမှာ ကြွရောက် လာကြတဲ့ လေးစားဖွယ်ရာ သံဃာတော်အရှင်မြတ်များ၊ ဆရာတော်ကြီးများ၊ တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်းမှ ခေါင်းဆောင်ကြီးများ၊ အစိုးရမှ ခေါင်းဆောင်ကြီးများ၊ ပါတီအသီးသီးမှ လေးစားအပ်တဲ့ခေါင်းဆောင်ကြီးများ၊ အထူးဖိတ်ကြားထားတဲ့ဧည့်သည်တော်ကြီးများ၊ လေးစားအပ်တဲ့ သံတမန်တော်ကြီးများ၊ ဒေသအသီးသီးမှ ကိုယ်စားလှယ်တော်ကြီးများ၊ အမျိုးသမီးများနှင့် အထူးသဖြင့် ကိုယ်စားလှယ်များ ဒီနေ့ ကျမသဘာပတိအဖြစ် စကားပြောခွင့်ရတဲ့အတွက်ကြောင့်မို့ အထူးပဲဂုဏ်ယူမိပါတယ်။ ဝမ်းလဲသာပါတယ်။

ဒီနေ့က ဒေသအသီးသီးမှ ကြွရောက်လာကြတဲ့ ကိုယ်စားလှယ်တော်ကြီးအားလုံးကို ကဏ္ဍအလိုက်ခွဲပြီးတော့ ဆွေးနွေးကြရမှာဖြစ်ပါတယ်။ အဲဒီတော့ ကျမတို့ရဲ့မျှော်မှန်းထားကြတဲ့ မျှော်လင့်တောင့်တနေတဲ့ နှစ်ရှည်လများ ကျမတို့စောင့်စားနေခဲ့တဲ့ ကြိုးစားရယူ ကြိုးစားခဲ့ကြတဲ့ ဒီမို

ကရေစီနဲ့ ဖက်ဒရယ်နိုင်ငံတော်အတွက် ကိုယ်စားလှယ်တော်ကြီးများအားလုံး စိတ်ပါလက်ပါနဲ့ တက်တက်ကြွကြွ ဝင်ရောက်ဆွေးနွေးပေးကြဖို့ ကျမတိုက်တွန်းပါတယ်။ ကြွရောက်လာကြတဲ့ ကိုယ်စားလှယ်တော်ကြီးများအားလုံး ကိုယ့်ရဲ့ကျရောက်လာတဲ့ကဏ္ဍတိုင်းမှာ တဦးနဲ့တဦး လေးစားမှုရှိစွာနဲ့ တဦးနဲ့တဦး ယုံကြည်လေးစားစွာနဲ့ တဦးနဲ့တဦး နားလည်မှုရှိစွာနဲ့ ကိုယ့်ရဲ့အကြံပြုချက်များ ကိုယ့်ရဲ့လိုအပ်ချက်များ ဒီမိုကရေစီနဲ့ ဖက်ဒရယ်ပြည်ထောင်စုအတွက် အထောက်အကူပြုမည့် အချက်အလက်များ ကိုယ့်ဆီမှာရှိတဲ့ အကြံဉာဏ်များအားလုံးကို စိတ်ပါလက်ပါနဲ့ တက်တက်ကြွကြွနဲ့ ကဏ္ဍတိုင်းမှာ ပြီးဆုံးသည့်အထိ ပါဝင်ပြီးတော့ ဆွေးနွေးကြပါလို့ ပြောကြားရင်းနဲ့ နိဂုံးချုပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။



**ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ – (၂၁)ရာစုပင်လုံ**
**အမျိုးသားအဆင့် နိုင်ငံရေး ဆွေးနွေးပွဲ**
**လူမျိုးအလိုက်ကျင်းပသော ပထမအကြိမ် ကရင်အမျိုးသား နိုင်ငံရေးဆွေးနွေးပွဲ**
**ဒုတိယနေ့ သဘာပတိအဖြစ်ဆောင်ရွက်သော**

# KNU မှ ပဒို စောသမိန်ထွန်း ၏ အပိတ်မိန့်ခွန်း

လေးစားရပါသော အစိုးရတာဝန်ရှိပုဂ္ဂိုလ်များ၊ ပါတီအဖွဲ့အသီးသီးမှ ကိုယ်စားလှယ်တော်ကြီးများ၊ အရပ်ဖက်လူ့အဖွဲ့အစည်းမှ ကိုယ်စားလှယ်ကြီးများ၊ အမျိုးသမီးအဖွဲ့အစည်းမှ ကိုယ်စားလှယ် တော်ကြီးများ၊ လူငယ်အဖွဲ့အစည်းမှ ကိုယ်စားလှယ်ကြီးများအားလုံးကို မင်္ဂလာပါလို့ ကျနော်နှုတ်ခွန်းဆက်သပါတယ်။

ကျနော်တို့ ဒီနေ့ဒီမှာ လူတွေအများကြီးနဲ့ အပင်ပန်းခံပြီး ကျနော်တို့ဆောင်ရွက်ရတဲ့ ကိစ္စရပ်ကတော့ တပြည်လုံးငြိမ်းချမ်းရေးအတွက်၊ ထာဝရငြိမ်းချမ်းရေးအတွက်ကို ရည်ရွယ်ပြီး အဆင့်ဆင့် ဆောင်ရွက်တဲ့အပိုင်း ဖြစ်ပါတယ်။ ဒါကြောင့် အားလုံးက ပင်ပန်းကြပါတယ်။ ထောက်ပံ့ကူညီပေးတဲ့ ပုဂ္ဂိုလ်တွေလည်း ငွေကုန်ကြေးကျ များပါတယ်။ ဒါပေမယ့် ဒါတွေဟာ အကျိုးရှိတဲ့ အလုပ်တွေ ဖြစ်ပါတယ်။ အဲ့တော့ ကျနော်တို့ ဒီကနေ့ဟာ ပြည်တွင်းစစ်ဖြစ်လာတာ သိတဲ့အတိုင်းပဲ ဘာမဆို ကပျာကယာ ဖုတ်ပူမီးတိုက်လုပ်၊ ဗမာပြည်လွတ်လပ်ရေးရဖို့လည်း ကြည့်ပါအုံး။

ချက်ချင်း ရရမယ်။ မရရင် ချမယ်။ အဲ့တော့ ပေးလိုက်ရတော့ ဘာဖြစ်သွားလဲ၊ ပြည်တွင်းစစ်ကြီး မီးဟုန်းဟုန်း တောက်လောင်သွားတာပေါ့။ အဲ့တာ ကပျာကယာလုပ်တဲ့အလုပ်၊ ဆန္ဒပေါ်မှာအခြေခံပြီး လုပ်တဲ့ အလုပ်တွေ၊ အဲ့တော့ ကျနော်တို့ ဒီမှာ ဗမာပြည်နဲ့ မလေးရှားပြည်နဲ့ လွတ်လပ်ရေးပေးတာ တပြိုင်နက်တည်းပေးတာ။ ဗြိတိသျှအစိုးရက၊ ဒါပေမယ့် ဗမာပြည်က ချက်ချင်းယူလိုက်တယ်၊ မလေးရှားကတော့ မယူဘူး။ ဖွံ့ဖြိုးမှုတွေအကုန်လုံးပြီးမှ သူ့လွတ်လပ်ရေးကို နောက်ကျမှယူပါတယ်။ ဒီကနေ့ အဲ့ဒီရဲ့အကျိုးဆက်က ယနေ့ မလေးရှားနှင့် ဗမာပြည်ကို ယှဉ်ကြည့်ရင်သိပါတယ်။

ဒါကြောင့် ကျနော်တို့က ကပျာကယာ ဖုတ်ပူမီးတိုက်လုပ်ဖို့ မလိုပါဘူး။ တဆင့်ချင်း၊ တဆင့်ချင်း သွားရပါမယ်။ ကျနော်တို့ KNU အနေနဲ့ ခေတ်အဆက်ဆက် အစိုးရနှင့် ကျနော်တို့ တွေ့ဆုံဆွေးနွေးပြီး ညှိနှိုင်းခဲ့ပါတယ်။ စောဘဦးကြီးနဲ့ ဦးနုကစပြီး လုပ်လိုက်တော့ အရင်က ၅ ကြိမ် ရှိခဲ့ပါတယ်။ ဘယ်ဟာမှ မရပါဘူး။ ကျနော်တို့ ဘောင်ခတ်ပြီး ဆွေးနွေးတယ်၊ ဒီဘောင် အပြင်ထွက်လို့ မရပါဘူး။ ကျနော်တို့ ဆွေးနွေးလို့ မရဘူး။ ဒီအကြပ်အတည်းနဲ့ ဒါကိုလက်မခံနိုင်ဘူး။ အကုန်လုံး လွှင့်ပစ်ခဲ့ရပါတယ်။ ပုဂ္ဂိုလ်ရေးအရလို့ ပြောရမလား။ သမ္မတကြီးဦးသိန်းစိန်လက်ထက်က ဆွေးနွေးတာ ဘာဘောင်မှမခတ်ဘူး။ ပြင်ချင်သလောက်ပြင်။ ဒီဘားအံမှာ တွေ့ဆုံခဲ့ပါတယ်။ ပြင်ချင်သလောက်ပြင် ဆိုတော့ ကျနော်တို့ ၁၁ ချက်ပြင်လိုက်တယ်။ ဒါဆိုရပါမလား။ ဒါပေမယ့် ဒါတွေက နည်းသေးတယ်။ ထပ်ပြင်ဦးဆိုတော့ ကျနော်တို့အနေနဲ့ ထင်ထားတာထက် အခွင့်အလမ်း တွေ ပိုရလာခဲ့ပါတယ်။ ဒီအပေါ်မှာလည်း ဆက်တိုက်စိတ်ရှည်ရှည်နဲ့ ဆွေးနွေးရတာ အဆင့်ဆင့်ပဲ သဘောတူညီမှုက တခါတည်းရခဲ့တာ မဟုတ်ပါဘူး။ အဆင့်ဆင့် လုပ်ခဲ့ပါတယ်။ မနေ့ကလည်း အကျိုးဆောင် ပဒိုစောလှထွန်း ပြောခဲ့ပါတယ်။ ဒါကိုတော့ ကျနော်မပြောတော့ပါဘူး။ အဲ့တော့ အဲ့ဒါတွေက အဆင့်ဆင့်လုပ်ဆောင်ခဲ့ပါတယ်။ အဲ့တာတွေက ဒီကနေ့ဆို ၅ နှစ်ရှိပြီ။ တချို့က ပြောကြတယ်။ မပြီးသေးဘူးလား ဒီငြိမ်းချမ်းရေးလုပ်တာ အနှစ် ၆၀ ကျော်ဖြစ်လာတဲ့ ပြည်တွင်းစစ် ကြီးက ဒီ ၅ နှစ်က နည်းနည်းလေးပဲရှိပါတယ်။ စစ်အတွင်းမှာ ကုန်ခဲ့တဲ့ ဒေါ်လာသန်းပေါင်း ဘီလီယံနဲ့ချီတဲ့ ကုန်ကျစားရိတ်ကြီးဟာ ဒီကနေ့ ကျနော်တို့ ငြိမ်းချမ်းရေးအတွက် သုံးတဲ့ငွေတွေဟာ ဘာမှမဖြစ်သေးပါဘူး။ အဲ့တော့ ငြိမ်းချမ်းရေးအတွက် သုံးတဲ့ငွေဟာ များများမရှိပေမယ့် တပြည် လုံးရဲ့ ထာဝရငြိမ်းချမ်းရေးအတွက် ဦးတည်ဆောင်ရွက်နေတာ ဖြစ်ပါတယ်။ ဗမာပြည်မှာ တိုင်းရင်း သားလူမျိုးစတင်ပြီးမှ အုံနဲ့ကျင်းနဲ့၊ အားနဲ့အင်နဲ့ တော်လှန်ရေးစတင်လာတာနဲ့ ကျနော်တို့ KNU မှာပေ့ါ။ အလားတူပဲ ယခု ကျနော်တို့ငြိမ်းချမ်းရေးအတွက်ကို အကျိုးဆောင်တဲ့နေရာမှာလည်း ကျနော်တို့ဟာ အားနဲ့အင်နဲ့ အလုံးအရင်းနဲ့ဆက်လက်ပြီး အကျိုးဆောင်သွားဖို့ ဖြစ်ပါတယ်။ အဲ့တော့ ကျနော်တို့ကရင်အမျိုးသားတွေကို ပြောချင်တာက တချို့က လက်နက်ကိုင်တော်လှန်ရေးကို မိရိုးဖလာ သဘောထားကြတယ်။ လက်နက်ကိုင်တော်လှန်ရေး မလုပ်ဘူးဆိုရင် ဒါအညံ့ခံတာပဲ၊ သစ္စာဖောက်ပဲ။ ဒါမျိုးပြောတဲ့ ကရင်တွေ ရှိပါတယ်။ ဘယ်နေရာဘယ်ဒေသက လူတွေပြောတယ် ဆိုတာ ကျနော်မပြောချင်ပါဘူး။ လက်နက်ကိုင် တော်လှန်ရေးဆိုတာ တကယ်က နည်းပရိယာယ် လမ်းစဉ်၊ ကျနော်တို့ ကရင်တွေလိုလားတောင့်တတဲ့ အခြေခံလမ်းစဉ် မဟုတ်ဘူး။ ကျနော်တို့ ကရင်တွေက လိုလားတောင့်တနေတာဘာလဲ၊ တန်းတူရေးနှင့် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်၊ ဒီမိုကရေစီ

နှင့်ဖက်ဒရယ်ပြည်ထောင်စု။ ဒါကို ကျနော်တို့ရချင်တာပါ။ ဒီရချင်တဲ့ နေရာမှာ နည်းလမ်းမျိုးစုံနဲ့ ရှာတော့ အရင့်အရင်အစိုးရတွေက ဒါတွေကို အဟန့်အတားမျိုးစုံနဲ့ လုပ်ခဲ့လို့သာ လက်နက်ကိုင်တော်လှန်ရေးလမ်းစဉ်ကို ကျနော်တို့ ဆောင်ရွက်လိုက်ခြင်းဖြစ်တယ်။ ဒီကနေ့က စရမယ်ဆိုရင် ကျနော်တို့နာမည်ပဲ ပြောပါရစေ၊ သမ္မတကြီးဦးသိန်းစိန် လက်ထက်ကြတော့ ဒါနဲ့ အကုန်လုံးပြောင်းပြန်ဖြစ်သွားတယ်။ ပြောကြဆွေးနွေးကြ အခွင့်အရေးပေးတယ်။ အဲ့တော့ အခုတက်လာတဲ့ သမ္မတကြီးဦးထင်ကျော်လက်ထက်မှာလည်း ဒါကိုဆက်လုပ်မယ်။ ဒီလိုအခြေနေမျိုးမှာ ကျနော်တို့က သွေးလည်းမထွက်၊ ချွေးတော့နည်းနည်းထွက်ပါတယ်။ ပူလို့ပါ။ အဲ့တော့ သွေးမထွက်တဲ့ အလုပ်၊ လူအန္တရာယ်မရှိတဲ့အလုပ်ကို ကျနော်တို့မလုပ်ချင်ကြဘူးလား။ ကျနော်တို့ရဲ့ KNU ဥက္ကဋ္ဌကြီး ဗိုလ်ချုပ်စောမူတူးစေးဖိုး ပြောပါတယ်။ လက်နက်ကိုင်တော်လှန်ရေးမှာ အကြပ်အတည်းမှာ အခက်အခဲပေါင်းစုံကို ရဲရဲတင်းတင်း ရန်သူနဲ့တိုက်ခိုက်ခဲ့ကြပါတယ်။ ဒါတွေကို ကျနော်တို့ နှစ်ပေါင်း ၆၀ ကျော် ကြံ့ကြံ့ခံနိုင်ခဲ့ပါတယ်။ ဒီကနေ့ နိုင်ငံရေးဆွေးနွေးပွဲမှာကော စားပွဲပေါ်မှာ အေးအေးဆေးဆေးနဲ့ နိုင်ငံရေးဆွေးနွေးပွဲကို ကျနော်တို့မလုပ်နိုင်ဘူးလား။ ဒါအရေးကြီးပါတယ်။ ဒါကြောင့် KNU နဲ့ ကရင်အမျိုးသားတွေရဲ့ သမိုင်းအလှည့်အပြောင်းတခုပဲ။ ဒါကို အားလုံးကရင်ပညာရှင်တွေ၊ ကရင်လူထုတွေ၊ အားလုံးက ဝိုင်းဝန်းကူညီမယ်ဆိုရင် ကျနော်တို့ ဒါရနိုင်ပါတယ်။ ကမ္ဘာ့အခြေအနေအရဖြစ်ဖြစ်၊ ပြည်တွင်းအခြေအနေအရဖြစ်ဖြစ် ဒီကနေ့ဟာ ဘယ်သူမှ စစ်ပွဲကို မလိုလားကြဘူး။ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ဖို့အတွက်ဆိုရင် ကျနော်တို့ ဆက်လက်ပြီးတော့ ငြိမ်းချမ်းရေးကို ဦးစားပေး ဆောင်ရွက်ရမယ်။ ထာဝရငြိမ်းချမ်းရေးပေါ့။ ကျနော့်အသုံးအနှုန်းကတော့ ထာဝစဉ်ငြိမ်းချမ်းရေးပေါ့ အဲ့ဒါကိုရရှိဖို့လိုတယ်။ ဒီကနေ့ ကျနော်တို့ KNU နဲ့ကရင်လူထုကြီးကတော့ အုံနဲ့ကျင်းနဲ့ ထုနဲ့ထည်နဲ့ ငြိမ်းချမ်းရေးရရှိဖို့ ကျနော်တို့ ကြိုးစားနေကြတယ်။ ကျနော်တို့နဲ့ဘဝတူ ညီနောင်တိုင်းရင်းသားတွေကလည်း ဒီပုံစံမျိုးနဲ့ အကောင်အထည်ဖော် သွားကြမယ်ဆိုရင် ကျနော်တို့က အောင်မြင်နိုင်မယ်။ ဒီတော့ ကျနော်တို့ကရင်လူမျိုးအတွက်ပဲ ရရင်ပြီးရောဆိုတာမျိုး လုပ်လို့မရဘူး။ အဲ့ဒါက ထာဝရ ငြိမ်းချမ်းရေးမရနိုင်ဘူး။ တပြည်လုံးမှာရှိတဲ့ တိုင်းရင်းသားပြည်သူလူထုတွေအားလုံး ကျေနပ်ပေးပါ။ သဘောတူကြမယ်ဆိုရင် ထာဝရငြိမ်းချမ်းရေးတွေရပြီ။ အများကြီး ကျနော်တို့ ဆက်လုပ်ရမယ်။ နောက်ပြီးသည်းခံရမယ်၊ စိတ်ရှည်ရမယ်၊ ဇွဲရှိရမယ်၊ ဒါတွေကို ကျနော်တို့ ဆက်လက်ဆောင်ရွက်သွားဖို့ပဲလိုတယ်။ အဲ့တော့ ကျနော်တို့ ကရင်အမျိုးသားတွေကို ပြောချင်တာက လက်နက်ကိုင် တော်လှန်ရေးဆိုတာက ကြမ်းပါတယ်၊ သေပါတယ်၊ ပျက်ပါတယ်၊ အိမ်တွေရွာတွေ မီးလောင်ပါတယ်။ ဒါကြီးကိုတောင် ကျနော်တို့ အုံနဲ့ကျင်းနဲ့ ထုနဲ့ထည်နဲ့ စုပြီး လက်နက်ကိုင် တိုက်ပွဲဝင်ကြသေးတာပဲ။ ဒီကနေ့ နိုင်ငံရေးဖော်ဆောင်မှု ငြိမ်းချမ်းရေးဆွေးနွေးပွဲခန်းမှာ ကျနော်တို့က ထုနဲ့ထည်နဲ့ အုံနဲ့ကျင်းနဲ့ ဒီလိုနိုင်ငံရေးဆွေးနွေးပွဲကို ပါဝင်ပြီး မလုပ်နိုင်ကြဘူးလား။ ဒါကြောင့် ကျနော်တို့ KNU ဥက္ကဋ္ဌကြီး ပဒိုဖူးမူတူးစေးဖိုးပြောဖူးပါတယ်။ ပြည်တွင်းစစ်မှာ တိုင်းရင်းသားလူမျိုးစုထဲမှာ ဦးဆုံးလက်နက်ကိုင် တော်လှန်ရေးလုပ်တာ ကရင်ပဲကွ။ အဲ့တော့ ပြည်တွင်းငြိမ်းချမ်းရေးကိုလည်း ဆောင်ရွက်တဲ့နေရာမှာ ကရင်ပဲ ဦးဆုံးလုပ်ရမယ်လို့ ပြောခဲ့တာရှိပါတယ်။ ဒီကနေ့ ပြည်တွင်းငြိမ်းချမ်းရေးကို ကျနော်တို့ မရ

ရအောင်လုပ်မယ်  အဲ့တော့ တပွဲထဲ တချီထဲတော့ ပြီးမှာမဟုတ်ဘူး။ အဆင့်ဆင့်နဲ့သွားရမယ်။ အစိုးရဘက်ကလည်း စိတ်ရှည်ဖို့ လိုပါတယ်။ တကယ့် ထာဝရငြိမ်းချမ်းရေးရဖို့အတွက် အစိုးရဘက်ကလည်း စိတ်ရှည်ဖို့ လိုတာပေါ့။ တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းတွေကလည်း တကယ့် ထာဝရငြိမ်းချမ်းရေးတွေ ရဖို့အတွက် စိတ်ရှည်ဖို့ သည်းခံဖို့ ထစ်ကနဲ့ဆို ကိုယ်တောင်းတာမရရင် ဒေါပွတာမျိုး မဖြစ်ဖို့က သိပ်အရေးကြီးတယ်။ အများနဲ့လုပ်တယ်ဆိုတာက ကိုယ်ရချင်တိုင်း ကိုယ့်တဦးတည်းအတွက်နဲ့ ဖြစ်တာ မဟုတ်ဘူး။ အားလုံးကိုကြည့်ပြီးတော့မှ အခြေခံမူတွေ လမ်းစဉ်တွေ လုပ်ငန်းတွေ ချရမယ်၊ ဒါမှမရရင် ငါတို့မလုပ်ဘူး။ ဒါမှမရရင် ငါတို့မပါဘူးဆိုတော့ ဘယ်တော့မှ မရဘူး။ အဲ့တော့ ဘာဖြစ်သွားမလဲ။ ကျိန်စာသင့်တဲ့ နိုင်ငံတနိုင်ငံ ဖြစ်သွားမှာပေါ့။ အဲ့တော့ ကျိန်စာမသင့်တဲ့ နိုင်ငံဖြစ်အောင် ကျနော်တို့အားလုံးမှာ တာဝန်ရှိပါတယ်။ အဲ့ဒါကြောင့်မို့ ကျနော်တို့အားလုံးဟာ အထူးသဖြင့် ကျနော်တို့ကရင်အမျိုးသားတွေကို ပြောချင်တယ်။ အထူးသဖြင့် အနာဂတ်မှာ ခေါင်းဆောင်မယ့် အမျိုးသမီးတွေနဲ့လူငယ်တွေကို ပြောချင်ပါတယ်။ ကျနော်တို့ဆောင်ရွက်ရမယ့် အလုပ်ကို ငြိမ်းချမ်းရေးအလုပ်ကို ထာဝရငြိမ်းချမ်းရေးရရှိအောင် တဆင့်ပြီးတဆင့် ဖွဲ့ရှိရှိနဲ့လုပ်သွားဖို့လိုတယ်။ လက်နက်ကိုင်တော်လှန်ရေးဆိုတာက သေနတ်ကိုင်ပြီး ပစ်တတ်ရင်ရပြီ၊ ရဲရင့်သတ္တိရှိရင် ရပြီ၊ သေသေကြေကြေ။ ဒါပေမယ့် နိုင်ငံရေးဆွေးနွေးပွဲ တိုက်ပွဲတွေမှာကတော့ စာမတတ်လို့လည်း မရဘူး၊ အတွေ့အကြုံမရှိလို့လည်း မရဘူး၊ ပြောရဲဆိုရဲ တတ်ဖို့လည်း လိုတယ်။ အဲ့ဒါမျိုးကို ပြောင်းလဲပေးကြပါ၊ သိရှိပေးကြပါ၊ အပြောင်းအလဲကို လေ့ကျင့်ကြပါ၊ အဲ့ဒါဆိုရင် ကျနော်တို့တိုင်းရင်းသားလူမျိုးစုတွေ အားလုံး ညှိနှိုင်းတိုင်ပင်ဆွေးနွေးပြီးရင် သူ့ဖို့ကိုယ့်ဖို့ဆိုတာ ကိုယ့်ဖို့ကြီးပဲ ဆွဲလို့မရဘူး။ အဖွဲ့အစည်းအချင်းချင်းအတွင်း လူမျိုးတမျိုးရဲ့ ကိစ္စတွေကိုလည်း ကြည့်ရမယ်၊ ဒါတွေကို သင့်တင့်မျှတအောင် ဆောင်ရွက် သွားဖို့လိုတယ်။ အဲ့တော့ ခက်တာက မြန်မာပြည်မှာ တိုင်းရင်းသားမျိုးနွယ်စု ၁၃၅ မျိုး။ ဒါတွေဟာလည်း ဘာသာစကား နည်းနည်းကွဲသွားတာနဲ့ လူမျိုးတမျိုးဖြစ်သွားတာ။ တကယ်တော့ တိုင်းရင်းသား ၁၃၅ မျိုးထဲမှာ ၁၁ မျိုးဟာ ကရင်လူမျိုးဖြစ်နေတယ်။ ချင်းက ၅၂ မျိုး ဖြစ်နေတယ်။ အဲ့ဒါတွေဟာ တကယ်ဆို ဘာမှမရှိဘူး။ ဒါကြောင့်မို့ ကျနော်တို့အမျိုးသားတွေ အားလုံးကိုပြောချင်တယ်။ ဒီကနေ့ နိုင်ငံရေးတိုက်ပွဲ ဆိုကြပါစို့။ သေနတ်နဲ့တိုက်တာ မဟုတ်ဘူးနော်။ တိုက်ပွဲဆိုတာက ကျနော်တို့ အင်္ဂလိပ်လို Struggle ပေါ့။ အဲ့ဒီလက်ယာနိုင်ငံရေးသမားတွေက ရုန်းကန်ဖို့လို့ ပြောတယ်။ လက်ဝဲနိုင်ငံရေးသမားတွေက တိုက်ပွဲလို့ပြောတယ်။ အဲ့ဒါ Struggle ပဲ။ ဒီနိုင်ငံရေး Struggle ကို ကျနော်တို့ဟာ တက်ညီလက်ညီနဲ့ လုပ်သွားနိုင်ဖို့ တိုင်းရင်းသားလူမျိုးတွေအနေနဲ့ စည်းစည်းလုံးလုံးနဲ့ လုပ်သွားနိုင်ဖို့ လက်ရှိတက်နေတဲ့ အစိုးရနဲ့လည်း စည်းစည်းလုံးလုံးနဲ့လုပ်သွားနိုင်ဖို့၊ တပ်မတော်တွေနဲ့လည်း စည်းစည်းလုံးလုပ်သွားနိုင်ဖို့ အရေးကြီးတယ်။ ဒါကြောင့်မို့ ကျနော်တို့ကရင်အမျိုးသားတွေကို  ကျနော်တို့ရဲ့နည်းပရိယာယ်လမ်းစဉ်  လက်နက်ကိုင်တော်လှန်ရေးနည်းပရိယာယ်လမ်းစဉ်တွေဟာ နိုင်ငံရေးနည်းပရိယာယ်လမ်းစဉ်ကို ပြောင်းတဲ့အခါမှာ အားလုံးကိုပါဝင်ကြပါလို့ တိုက်တွန်းနှိုးဆော်ရင်း ဒီနေရာကနေ အဆုံးသတ်လိုက်ပါတယ်။



**ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ – (၂၁)ရာစုပင်လုံ**
**အမျိုးသားအဆင့် နိုင်ငံရေး ဆွေးနွေးပွဲ**
**လူမျိုးအလိုက်ကျင်းပသော ပထမအကြိမ် ကရင်အမျိုးသား နိုင်ငံရေးဆွေးနွေးပွဲ**
**တတိယနေ့ သဘာပတိဝင်အဖြစ်ဆောင်ရွက်သော**

# နော်စူဇဲနာလှလှစိုး ၏ အဖွင့်မိန့်ခွန်း

ယခုလို အဖွင့်မိန့်ခွန်းပြောခွင့်ရတဲ့အတွက် အထူးပဲကျေးဇူးတင်ပါတယ်။ ရှေးဦးစွာ နာယက ဆရာတော်ကြီးများ၊ Bishop ဘုန်းတော်ကြီးများ၊ ဘာသာရေးဆရာတော်များ၊ ကရင်ပြည်နယ် ဝန်ကြီးချုပ်၊ အစိုးရအဖွဲ့ဝင်များ၊ လွှတ်တော်ဥက္ကဋ္ဌနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ အမျိုးသားအလိုက် နိုင်ငံရေးဆွေးနွေးပွဲ ကျင်းပရေးဦးဆောင်ကော်မတီများ၊ UPDJC တာဝန်ရှိသူများ၊ ကိုယ်စားလှယ်တော်ကြီးများ ဖိတ်ကြားထားသော အထူးဧည့်သည်တော်များကို အမျိုးသားအဆင့် နိုင်ငံရေး ဆွေးနွေးပွဲကို အထူးပဲ ဖိတ်ခေါ်ပါတယ်။ ကျမတို့ကနေပြီးတော့ မင်္ဂလာပါလို့ နှုတ်ဆက်ပါတယ်။

ယနေ့သည် အစည်းဝေး၏နောက်ဆုံးနေ့ ဖြစ်ပါတယ်။ နှစ်ရက်တာ ကျမတို့ဆွေးနွေးကြပါတယ်။ ခေါင်းစဉ် ၄ ခုနဲ့ ရှိသမျှခွန်အားတွေ ရှိသမျှအင်အားတွေ ရှိသမျှဦးနှောက်တွေကို သုံးပြီးတော့မှ ပြည်ထောင်စုကြီးအတွက် ကရင်ပြည်နယ်အတွက် ကျမတို့လူမျိုးအတွက် ကျမတို့ မြန်မာ

နိုင်ငံသူနိုင်ငံသားတွေအတွက် အဓိကထားပြီးတော့ ဆွေးနွေးခဲ့ကြပါတယ်။ ကျမကိုယ်တိုင်လည်း လူမှုရေးကဏ္ဍမှာ ဦးဆောင်ဆွေးနွေးသူအနေနဲ့ ပါဝင်ခဲ့ပါတယ်။ အင်မတန်မှ အားရကျေနပ်ပါတယ်။ အားလုံးက ငြိမ်းချမ်းရေးဆိုတဲ့ ပန်းတိုင်ကိုရောက်ဖို့အတွက် သံဓိဋ္ဌာန်ချပြီးတော့မှ အားလုံးပြင်ဆင်ပြီးတော့မှ ဆွေးနွေးမှုတွေကို အကောင်းဆုံးလုပ်ခဲ့ကြပါတယ်။ ပြင်ဆင်ပေးတဲ့ ကော်မတီတွေ အနောက်ကနေပံ့ပိုးပေးတဲ့ ပံ့ပိုးကူညီသူတွေကို အထူးကျေးဇူးတင်ပါတယ်။ အင်မတန်မှ တော်ပါတယ်၊ တော်တော်လည်း ချီးကျူးမိပါတယ်။ ကျမတို့ကရင်လူငယ်လေးတွေက မညံ့ကြပါဘူး။ ဒီအစည်းအဝေးကြီးတခုလုံးကို ကောင်းမွန်စွာသွားဖို့အတွက် သေချာထိန်းကျောင်းနိုင်ခဲ့ပါတယ်။ ဒါကကျမတို့ရဲ့ Human Resource ဖြစ်တဲ့အတွက် အင်မတန်မှ အားရမိပါတယ်။ ဒီသုံးရက်တာ ဆွေးနွေးပွဲမှ ရရှိသောရလဒ်များကို ပြည်ထောင်စုဆွေးနွေးပွဲမှာ ပြန်လည်တင်သွင်းရမှာ ဖြစ်ပါသည်။ ယနေ့တွင်လည်း မနေ့က ပြင်ဆင်ရရှိခဲ့သောစာတမ်းများကို တင်ပြခြင်း၊ အတည်ပြုခြင်းနှင့် ဆက်လက်တင်ပြရန်အတွက် အဆင့်ဆင့်တင်သွားရမည်ဖြစ်သည်။ ထိုအရာသည် လူမျိုးအလိုက်အမျိုးသားအဆင့် နိုင်ငံရေး ဆွေးနွေးပွဲများတွင် ပထမဆုံးဖြစ်သောကြောင့် စံပြလည်း ဖြစ်ရပါမည်။ ထိုကြောင့် ယနေ့အစည်းအဝေးမှ ထွက်လာသောအဖြေများသည် ပြည်ထောင်စုကြီး တည်ဆောက်ဖို့အတွက် အလွန်အရေးကြီးသော အချက်များပင်ဖြစ်သည်။ ကျမတို့အားလုံး ဝိုင်းဝန်း အဖြေရှာကြရမည်ဖြစ်သည်။ အားလုံးသိရှိထားသလိုပင် ကျမတို့နိုင်ငံသည် ပဋိပက္ခများဖြင့် ကြေမွနေသော နိုင်ငံဖြစ်ပါသည်။ အလုပ်တွေ အများကြီး လုပ်ရဦးမည်။ အစည်းအဝေးပွဲများသည် ဆက်တိုက်လုပ်ဆောင်သွားရမည် ဖြစ်သည်။ ကျမတို့ကဲ့သို့ပင် လူမျိုးအလိုက်ကို အခြားသော လူမျိုးများသည်လည်း အများကြီးလုပ်ရဦးမည်။ ဒေသအလိုက် ဆွေးနွေးပွဲများလည်း များစွာ လုပ်ဆောင်ရဦးမည်ဖြစ်သည်။ ထို့ကြောင့် ကျမတို့ကျရာတာဝန်တွင် အကောင်းဆုံးလုပ်ဆောင်ကြပြီး ကျမတို့လိုချင်သည့် ဒီမိုကရေဒီဖက်ဒရယ်ပြည်ထောင်စုကြီး ရဖို့အတွက် အုတ်တချပ် သဲတပွင့် အနေဖြင့် ပါဝင်ဆောင်ရွက်ကြပါစို့ဟု တိုက်တွန်းပြောကြားရင်း နိဂုံးချုပ်အပ်ပါသည်။ အားလုံးကို ကျေးဇူးတင်ပါသည်။



**ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ – (၂၁)ရာစုပင်လုံ**

**အမျိုးသားအဆင့် နိုင်ငံရေး ဆွေးနွေးပွဲ**

**လူမျိုးအလိုက်ကျင်းပသော ပထမအကြိမ် ကရင်အမျိုးသား နိုင်ငံရေးဆွေးနွေးပွဲ**

# တောင်ကလေးဆရာတော် ဒေါက်တာအရှင်ပညာသာမိက ကရင်အမျိုးသား နိုင်ငံရေး ဆွေးနွေးပွဲ ပြီးမြောက်အောင်မြင်ရေးအတွက် ဩဝါဒစကား ချီးမြှင့်ပေးခြင်း

မြန်မာသက္ကရာဇ် ၁၃၇၈ ခုနှစ်၊ ပြာသိုလဆုတ် ၈ ရက်၊ ခရစ်တော်နှစ် ၂၀၁၇ ခုနှစ်၊ ဇန်နဝါရီလ ၂၀ ရက်၊ သီရိဘားအံဟိုတယ်၊ ဘားအံ၊ ကရင်ပြည်နယ်၌ ကျင်းပပြုလုပ်အပ်သော တနိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA) လက်မှတ်ရေးထိုးခဲ့ကြသော ကရင်အမျိုးသား တော်လှန်ရေးအဖွဲ့အစည်းများဖြစ်ကြသည့် (၁) ကရင်အမျိုးသားအစည်းအရုံး (KNU)၊ (၂) KNU/KNLA-PC၊ (၃) DKBA နှင့် (၄) တရားဝင် ကရင်အမျိုးသားနိုင်ငံရေးပါတီများ မှ ဦးဆောင်၍ ကရင်လူထုတရပ်လုံးနှင့်ဆိုင်သော လူမျိုးအလိုက် အမျိုးသားအဆင့် နိုင်ငံရေး ဆွေးနွေးပွဲဆိုင်ရာ ကရင်အမျိုးသားနိုင်ငံရေးဆွေးနွေးပွဲ၌ စီရင်ကျင်းပအပ်သော သမိုင်းဝင် နေ့ထူး နေ့မြတ်နေ့မှာ ယခုလို မိန့်ခွန်းဩဝါဒစကား မိန့်ဆိုပေးပါရန် ဖိတ်ကြားခဲ့ခြင်းကြောင့် ပြည်

ထောင်စုသမ္မတနိုင်ငံအတွင်း နေထိုင်ကြသော ကရင်အမျိုးသားအားလုံးနှင့် တိုင်းရင်းသားညီအစ်ကို မောင်နှမအားလုံးကို မင်္ဂလာအပေါင်းနှင့် ပြည့်ဝပါစေကြောင်းနှင့် အထူးသဖြင့် ယနေ့ကျင်းပအပ်သော လူမျိုးအလိုက် အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲကြီးကို ကျင်းပပြုလုပ်ပေးသည့် ကော်မတီများ၊ သဘာပတိနှင့် ဖိတ်ကြားထားသည့် သက်ဆိုင်ရာကိုယ်စားလှယ်များနှင့် အမျိုးသားလွှတ်တော်၊ ပြည်သူ့လွှတ်တော်၊ ပြည်နယ်လွှတ်တော်၊ ပြည်ထောင်စုလွှတ်တော် အစရှိသည့် ဌာနဆိုင်ရာ ပုဂ္ဂိုလ်များနှင့် ပြည်နယ်အစိုးရအဖွဲ့ဝင် အားလုံးအား အားလုံးချမ်းသာ မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။

ယနေ့ တနိုင်ငံလုံးအတိုင်းအတာနဲ့ လူမျိုးအလိုက် အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲ (ကရင်တိုင်းရင်းသား) နဲ့ပတ်သက်လို့ မိန့်ခွန်းဩဝါဒ မိန့်ဆိုခွင့်ပြုတဲ့အတွက်ကြောင့် လွန်စွာမှ ဝမ်းသာမိ ပါတယ်။ အထူးသဖြင့် ဘာသာရေးခေါင်းဆောင်များနှင့် နိုင်ငံရေးခေါင်းဆောင်များ အားလုံးသော ပြည်နယ်သူ၊ ပြည်နယ်သား တိုင်းရင်းသားတွေအားလုံးကို ဆရာတော်တို့ တိုင်းပြည်အတွင်း အဖြေရှာလိုက်။ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးအခန်းကဏ္ဍမှာ ဆရာတော်တို့လုပ်ဆောင်ရမယ့်အချိန်အခါ ရောက်လာလို့ ယခုလို တနိုင်ငံလုံးမှာရှိတဲ့ ကရင်တိုင်းရင်းသားများ စုစုစည်းစည်း နိုင်ငံရေးဆွေးနွေးပွဲ အစီအစဉ်တွင် ဒီလိုဖြစ်လာမယ်လို့ မစဉ်စားမိခဲ့ဘူး။ အရင်တုန်းကလည်း ဆရာတော်တို့ အမျိုးမျိုး စဉ်းစားခဲ့ဖူးပါတယ်။ ဖြစ်လာမယ်လို့ မထင်ခဲ့ဘူး။ ယခုတော့ အားလုံး တပြေးညီသော လူမှုအခွင့်အရေး၊ အခွင့်အလမ်းတွေ ဆရာတော်တို့ ရသွားကြတော့မယ်။ အခွင့်အရေးနဲ့ အခွင့်အလမ်းဆိုတာက လူမျိုးတတမျိုးရဲ့ အခွင့်အရေးနဲ့ အခွင့်အလမ်း မဟုတ်ပါဘူး။ အခွင့်အရေးနဲ့ အခွင့်အလမ်းကို ဆရာတော်တို့ ရယူပိုင်ဆိုင်ရမယ့် အချိန်ကာလကို ရောက်ပါပြီ။ ဒါကြောင့်မို့လို အထူးသဖြင့် ဆရာတော်အနေနဲ့ ဒီနေရာမှာ လူမျိုးအလိုက် အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲ (ကရင်) ဆိုတဲ့ ကရင်အမျိုးသား နိုင်ငံရေး ဆွေးနွေးပွဲမှာ နိုင်ငံရေးနဲ့ပတ်သက်လို့ ဆရာတော်တို့ (၁) ကရင်လူမျိုးတွေ ဘယ်လောက်စိတ်ဝင်စားမှု ရှိသလဲ။ ဒါအရေးကြီးတယ်။ (၂) ကရင်တိုင်းရင်းသားလူမျိုးတွေဟာ စီးပွားရေးနဲ့ပတ်သက်ပြီး ဘယ်လောက်စိတ်ဝင်စားမှု ရှိသလဲ။ (၃) ဆရာတော်တို့ ကရင်တိုင်းရင်းသားလူမျိုးတွေမှာ လူမှုရေးနဲ့ ပတ်သက်ပြီးတော့ ဘယ်လောက် စိတ်ဝင်စားမှု ရှိသလဲဆိုတဲ့အဖြေကို ဆရာတော်တို့ ရယူသွားရမယ့် နေ့ထူးနေ့မြတ်ဖြစ်ပါတယ်။ ဆရာတော်အနေနဲ့ ပြောကြားလိုတဲ့အချက်တချက်က ဆရာတော်တို့ရဲ့ တိုင်းပြည်ဟာ ဖက်ဒရယ်ပြည်ထောင်စုစနစ် ကျင့်သုံးဖို့ သွားတော့မှာဖြစ်တဲ့အတွက်ကြောင့် အထူးသဖြင့် ဆရာတော်တို့ ဒါဘာဘာသာရေးစကားနဲ့ပြောရင်တော့ သင်္ဂါယနာတင်တယ်လို့ ခေါ်ပါတယ်။ သင်္ဂါယနာတင်တယ်ဆိုတာက လူမျိုးအလိုက် အမျိုးသားအဆင့်နိုင်ငံရေးဆွေးနွေးပွဲ (ကရင်) ဆိုတော့ ကရင်များ နိုင်ငံရေးကို ဘယ်လောက်များ စိတ်ဝင်စားကြသလဲ။ ကရင်လုပ်မယ့် နိုင်ငံရေးမျိုးက ဘယ်လိုနိုင်ငံရေးမျိုးပါလဲ။ ဒီနေ့ကမ္ဘာပေါ်မှာ ဒီမိုကရေစီ၊ ဆိုရှယ်လစ်၊ နိုင်ငံရေးတွေ မြောက်မြားစွာ အမျိုးမျိုးစည်းစနစ် နိုင်ငံရေးမူဝါဒနဲ့ အမျိုးမျိုးကျင့်သုံးကြပါတယ်။ ဆရာတော်တို့ လူမျိုးတွေက၊ ဆရာတော်တို့ မြန်မာနိုင်ငံတော်ကတော့ ဖက်ဒရယ် ဖက်ဒရယ်နဲ့ပဲ အချိန်ကုန်နေကြပါတယ်။ နှစ်ပေါင်း ၆၀ ကြာခဲ့ပါပြီ။ ဒီနှစ်ပေါင်း ၆၀ အတွင်းမှာ ဆရာတော်တို့ တိုင်းရင်းသား

လူမျိုးတွေအားလုံးဟာ ပေးဆပ်ရခြင်းအမျိုးမျိုး ဆရာတော်တို့ အလွန်တရာမှ မေ့လို့မရတဲ့ ပေးဆပ်မှုမျိုး အများကြီးရှိပါတယ်။ ဒါကို သမိုင်းကြောင်းအနေနဲ့ ပြန်ပြောမယ်ဆိုရင်တော့ အများကြီးရှိပါတယ်။ သို့သော် သမိုင်းနဲ့ပြန်ပြောမယ် ဆိုရင်တော့ စကားများစရာတွေ အများကြီးပဲ။ စကားမများရတဲ့ နိုင်ငံရေးနည်းဟာ ဆရာတော်တို့ အကြမ်းမဖက်တဲ့ နိုင်ငံရေးနည်းပါပဲ။ ဒီအကြမ်းမဖက်တဲ့ နိုင်ငံရေးနည်းကို ဆရာတော်တို့ ဘယ်လိုချီတက်မလဲ။ ဖက်ဒရယ်ပြည်ထောင်စုစနစ်ဆိုတာက လူသားအားလုံးက အကောင်းဆုံးလို့ ရွေးချယ်ထားတဲ့ မူဝါဒ။ ဒီနိုင်ငံရေးမူဝါဒကို ဆရာတော်တို့ စရိုက်နဲ့ဖြစ်နိုင်မှာလား၊ မဖြစ်နိုင်ဘူးလား။ ဒါကို တမျိုးသားလုံးသိဖို့ လိုအပ်ပါလိမ့်မယ်။ နိုင်ငံရေးပါဝါဆိုတာက ပါဝါအပျော့နဲ့ ပါဝါအမာဆိုပြီး နှစ်မျိုးရှိပါတယ်။ ပါဝါအမာ လာခဲ့တဲ့နိုင်ငံရေးက ဆရာတော်တို့ဖြစ်ခဲ့တာ ဝသွားပြီ။ ပါဝါအပျော့လေးနဲ့ကျင့်သုံးဖို့ အချိန်ရောက်လာကျတော့ လူမျိုးအလိုက် အမျိုးသားအဆင့်နိုင်ငံရေးဆွေးနွေးပွဲ ယနေ့ခုံပေါ်မှာ ရောက်လာကြတယ်။ အဲ့ဒီထဲမှာ နိုင်ငံရေးနဲ့ပတ်သက်တာဆိုလို့ရှိရင် ဆရာတော်တို့လူမျိုးတွေ ဘယ်လို နိုင်ငံရေးနဲ့သွားမလဲ။ နံပါတ်(၂) စီးပွားရေးမူဝါဒ။ ဘယ်လိုစီပွားရေးမူဝါဒနဲ့သွားမလဲ။ ဈေးကွက် စီးပွားရေးစနစ်။ စီးပွားရေးစနစ် အမျိုးမျိုးရှိပါတယ်။ လူမှုရေးစနစ်မှာ ဘယ်လိုသွားကြမှာလဲ။ ဆရာတော်တို့ ခံစားရတဲ့ နိုင်ငံရေးဝေဒနာ၊ ခံစားရတဲ့ စီးပွားရေးဝေဒနာ၊ ခံစားရတဲ့ လူမှုရေးဝေဒနာ၊ တိုင်းရင်းသားတိုင်းရဲ့ဘဝမှာ သမိုင်းကြောင်းရဲ့စာမျက်နှာမှာ အများကြီးပါပဲ။ အဲ့ဒီတော့ ဖက်ဒရယ် ပြည်ထောင်စုစနစ်ကို တည်ဆောက်မယ်ဆိုရင် ဖက်ဒရယ်ပြည်ထောင်စုစနစ်ဟာ ဆရာတော်တို့ တမျိုးသားလုံးကောင်းစားမလား၊ သူများဖက်ဒရယ် ကိုယ်ဖက်ဒရယ် အဲ့လိုပြောလို့ မရပါဘူး။ အဲ့တော့ ဆရာတော်အမြင်ကတော့ တနိုင်ငံလုံးမှာ ဖက်ဒရယ်ပြည်ထောင်စုစနစ်ကို ကျင့်သုံးမယ်ဆိုရင် ဖက်ဒရယ်ဆိုတဲ့အခွင့်လမ်းနဲ့ အခွင့်အရေးပုံစံကိုတော့ နားလည်ဖို့ လိုအပ်ပါတယ်။ ဆိုကြပါစို့ အဆိုတင်သွင်းထားမယ့် စာတမ်းတွေထဲမှာ နိုင်ငံရေးစာတမ်းနဲ့ပတ်သက်ပြီးတော့ ဆရာတော်အသေအချာဖတ်ကြည့်ပြီးပါပြီ။ ကောင်းသလားဆိုတော့ ဆရာတော်အနေနဲ့ ဘာသာရေးစာရေးဆရာဆိုတော့ ကောင်းတယ်လို့ ပြောလို့ မရဘူး။ တို့ကရင်တွေ နိုင်ငံရေးကို အဲ့လောက်ပဲနားလည်ကြလားလို့ မေးခွန်း ပြန်မေးစရာရှိပါတယ်။ အဲ့စာတမ်းနဲ့ပတ်သက်ပြီး ကောင်းတယ်လို့တော့ ဆရာတော်အနေနဲ့ မှတ်ချက် မပေးချင်ဘူး၊ စီးပွားရေးနဲ့ပတ်သက်၍လည်း ဒီအတိုင်းပဲ၊ လူမှုရေးနဲ့ပတ်သက်၍လည်း ဒီအတိုင်းပဲ။ အခြေခံရမယ့် နိုင်ငံရေး သဘောသဘာဝကိုကြည့်ရင်လည်းပဲ သိပ်ပြီးတော့လည်း ထူးထူးခြားခြား မမြင်ရဘူး။ ဒါကြောင့်မို့လို့ ခေတ်ကာလအနေအထားမှာ ဒီမိုကရေစီနိုင်ငံရေးဟာ မူဝါဒကောင်းတယ်။ ဒီမိုကရေစီနိုင်ငံရေးက ကောင်းတယ်လို့ဆိုကြပေမယ့် အခြားသော နိုင်ငံရေး ဦးဆောင်သူတွေက ဒီမိုကရေစီနိုင်ငံရေးထက် ကောင်းတဲ့စနစ်တွေကို အဖြေရှာနေကြပါပြီ။ အဲ့တော့ ကရင်တိုင်းရင်းသား ညီအစ်ကိုမောင်နှမတွေ ဒီမိုကရေစီနိုင်ငံရေးထက်ကောင်းတဲ့ မူဝါဒတွေကို ရှာနေကြပြီဆိုတော့ နှစ် ၆၀ စကားများခဲ့တဲ့ ဖက်ဒရယ်ပြည်ထောင်စုစနစ်ဟာ အခုချိန်ထိ မလုပ်နိုင်သေးဘူး၊ လုပ်နိုင်ပါတယ် ဆိုတာကို ကြွေးကြော်စေချင်ပါတယ်။ ဆရာတော်တို့ လုပ်နိုင်ပါတယ်ဆိုတာကို ကြွေးကြော်စေချင်တာ ဖြစ်တဲ့အတွက်ကြောင့် ဒီနေ့ တနိုင်ငံလုံးမှာရှိတဲ့ ကရင်တိုင်းရင်းသားလူမျိုးများ မိမိတို့တင်သွင်းတဲ့ စာတမ်းကို ပညာရှင်စာတမ်းဖြစ်မဖြစ် ဟုတ်မဟုတ်၊ အဲ့လောက်

လေးနဲ့ကတော့ ဖက်ဒရယ်ပြည်ထောင်စု မဖြစ်သေးဘူး။ နိုင်ငံရေး၊ လူမှုရေး၊ စီးပွားရေး၊ မြေယာစနစ်နဲ့ပတ်သက်တာတွေအားလုံးက လူမျိုးစရိုက်၊ နိုင်ငံစရိုက်၊ ဒေသစရိုက်၊ ဒေသပုံစံတွေ မရှိသည့်အတွက်ကြောင့် ပထမအကြိမ် လူမျိုးအလိုက် အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲ (ကရင်) ရဲ့ စာတမ်းတွေဟာ ပြည်ထောင်စုလွှတ်တော်သို့ ဒီစာတမ်းကို တင်သွင်းမယ်ဆိုရင် အားနည်းပါတယ်လို့ ဝေဖန်ပါတယ်။ ဆရာတော်တို့က ဘုန်းတော်ကြီး ဖြစ်နေတဲ့အတွက်ကြောင့်မို့လို့ နိုင်ငံရေးကို ဝင်ရောက်စွက်ဖက်ခြင်း မရှိရပါဘူး။ သို့သော် အမျိုးသားရေးနဲ့ပတ်သက်လာပြီဆိုရင် ဆရာတော်တို့က ပြောရေးဆိုခွင့်ရှိပါတယ်။ ဒါကြောင့်မို့လို့ ဒီလို အဆိုတင်သွင်းမယ့်စာတမ်းနဲ့ ပတ်သက်ပြီးတော့ ကျေကျေညက်ညက် နိုင်ငံရေးကဏ္ဍဆို နိုင်ငံရေးကဏ္ဍ ဆွေးနွေးဖို့၊ လူမှုရေးဆိုရင် လူမှုရေးကဏ္ဍဆွေးနွေးဖို့ အခြေခံမူဝါဒနဲ့ပတ်သက်ပြီးတော့ သေချာလေ့လာပြီးမှ ပြည်ထောင်စုလွှတ်တော်ကို စာတမ်းနဲ့ပတ်သက်တဲ့ ကရင်အမျိုးသားတွေရဲ့သဘောဆန္ဒတွေကို တင်သင့်ပါတယ်။ အဲ့တော့ ပထမအကြိမ်မှာတော့ ဆရာတော်တို့ မြန်မာပြည်မှာ လူမျိုးအလိုက် အမျိုးသားနိုင်ငံရေးဆွေးနွေးပွဲမှာ ပထမဦးဆုံး စမ်းသပ်တဲ့အနေနဲ့ ရှိတယ်လို့ထင်ပါတယ်။ ဒုတိယအကြိမ်မှာတော့ ကောင်းကောင်းမွန်မွန် လုပ်ကြပါလို့ ဆရာတော်အနေနဲ့ တိုက်တွန်းလိုပါတယ်။

ကရင်ပြည်နယ်မှာ ကရင်ပြည်နယ်အစိုးရပေါ်ပေါက်လာတာ ဒီတကြိမ်နဲ့ဆို ဒုတိယအကြိမ်ပဲ ရှိပါသေးတယ်။ ဒါကြောင့်မို့လို့ အငြိမ်းစားယူထားတဲ့ ကရင်ပြည်နယ်ဝန်ကြီးချုပ်၊ ဒုတိယအကြိမ်မှာ အသစ်ဖြစ်တဲ့ ကရင်ပြည်နယ်ဝန်ကြီးချုပ် ဒီဝန်ကြီးချုပ်နှစ်ယောက်ကို ကြည့်မယ်ဆိုရင် ဆရာတော်ရဲ့ သဘောထားမှာ ဝမ်းလည်းသာတယ် ဝမ်းနည်းမှုလည်း ဖြစ်ရတယ်။ ဝမ်းသာရခြင်းအကြောင်းက ဆရာတော်တို့ ကရင်လူထုတွေရဲ့ဘဝဟာ သူတို့တွေ တာဝန်ယူတဲ့အချိန်မှာ အတော်လေးကို ပင်ပန်းခဲ့ရတယ်။ အခုလည်းပဲ ဆရာမကြီးဒေါ်နန်းခင်ထွေးမြင့်အနေနဲ့ စွန့်လွှတ်စွန့်စားလာခဲ့တဲ့ အနစ်နာခံခဲ့တဲ့ အခြေအနေတွေဟာ ဒီအချိန်မှာ အကောင်အထည်ပေါ်လာခဲ့ပြီ။ အထူးသဖြင့် ဦးဇင်းက စွန့်လွှတ်စွန့်စား လာခဲ့ရပါတယ်။ ဒါကြောင့်မို့လို့ ဦးဇင်းကို လူမျိုးအလိုက် နိုင်ငံရေးဆွေးနွေးပွဲမှာ ဩဝါဒချီးမြှင့်ပေးပါဆိုတော့ ဩဝါဒချီးမြှင့်ခွင့်ရသည့်အတွက် အလွန်ဝမ်းသာပါတယ်။ မမေ့ကြစတမ်းဆိုရင် ဒီနေ့တော့ ချင်း၊ ကချင်၊ မွန်၊ ဗမာ၊ ရခိုင်၊ ရှမ်းတို့တတွေ တမျိုးသားလုံးအတွက်နဲ့ ဖက်ဒရယ်ပြည်ထောင်စုစနစ်ကို ရိုးရိုးသားသား ကြိုးကြိုးစားစားနဲ့ ငါတို့တတွေ လုပ်နိုင်ပါတယ်ဆိုတာကို လုပ်ဆောင်ရင်း ချီတက်ကြပါစို့လို့ တိုက်တွန်းရင်းနဲ့ ဦးဇင်းရဲ့ဩဝါဒကို နိဂုံးချုပ်လိုက်ပါတယ်။ အားလုံးပဲ ကျန်းမာ ချမ်းသာကြပါစေ။



**ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ – (၂၁)ရာစုပင်လုံ**
**အမျိုးသားအဆင့် နိုင်ငံရေး ဆွေးနွေးပွဲ**
**လူမျိုးအလိုက်ကျင်းပသော ပထမအကြိမ် ကရင်အမျိုးသား နိုင်ငံရေးဆွေးနွေးပွဲ**
**တတိယနေ့ ပိတ်ပွဲ အခမ်းအနားတွင်**

# UPDJC မှ ဒုဥက္ကဋ္ဌ ဦးသုဝေ ၏ မိန့်ခွန်း

လေးစားအပ်ပါသော သဘာပတိကြီးများနဲ့ သံဃာတော်ဆရာတော်များ၊ ဂုဏ်သရေရှိ လူကြီးမင်းများအားလုံးကို မင်္ဂလာအပေါင်းနဲ့ ပြည့်စုံကြပါစေ။ အမျိုးသားပြန်လည်သင့်မြတ်ရေးနဲ့ ငြိမ်းချမ်းရေး ဗဟိုဌာနကနေပြီးတော့ (၂၁) ရာစု ပင်လုံငြိမ်းချမ်းရေးညီလာခံကြီးကို ဘာဖြစ်လို့ ကျင်းပကြတာလဲ။ ငြိမ်းချမ်းရေးရချင်လို့ ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုကြီး တည်ဆောက်ချင်လို့ ဆိုတဲ့ ရည်ရွယ်ချက်တွေနဲ့ ကျင်းပရခြင်းဖြစ်ပါတယ်။ ကရင်ပြည်နယ်၊ ဘားအံမြို့မှာ ကရင်အမျိုးသားများကနေပြီးတော့ အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲကြီးကို ကြီးကြီးကျယ်ကျယ် ခန့်ခန့်ညားညား ခြိမ့်ခြိမ့်သဲသဲ ကျင်းပတာလည်း ငြိမ်းချမ်းရေးလိုချင်လို့ ဒီမိုကရေစီဖက်ဒရယ် ပြည်ထောင်စုကြီး တည်ထောင်ချင်လို့ ပူးပေါင်းပါဝင်ကျင်းပကြခြင်း ဖြစ်ပါတယ်။ ဒီမိုကရေစီရတဲ့ အခါ ဖက်ဒရယ်ပြည်ထောင်စုကြီးကို တည်ဆောက်နိုင်ဖို့ အခွင့်အလမ်းရှိပါတယ်။ မြန်ပါတယ်။ ဖက်ဒရယ်စနစ်ကို ကျင့်သုံးမယ်လို့ပြောလိုက်တာနဲ့ပဲ ငြိမ်းချမ်းရေးကြီး မြန်မြန်ရနိုင်မှ ဖြစ်ပါတယ်။

ဒါကြောင့်မို့လို့ အခုဒီမှာ ကျင်းပနေတဲ့ အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲတွေမှာ စာတမ်းတွေမှာ ရော ဆွေးနွေးတဲ့အချိန်မှာရော ဖက်ဒရယ်စနစ်ကို ခိုင်ခိုင်မာမာ ရယူလိုတယ်ဆိုတာကို အဖန်ဖန်အခါ ခါ တင်ပြသွားတာတွေ့ရပါတယ်။

ကရင်အမျိုးသားများနည်းတူ မြန်မာနိုင်ငံမှာရှိသော လူမျိုးအသီးသီးကလည်း ဖက်ဒရယ် စနစ်ကြီးကို ကျင့်သုံးဖို့ လိုလိုလားလား တွေ့ရပါတယ်။ နိုင်ငံရေးပါတီ ၉၂ ပါတီရှိတဲ့အထဲမှာလည်းပဲ ဖက်ဒရယ်စနစ်ကို ဆန့်ကျင်တဲ့ ပါတီတခုမှ မရှိပါဘူး။ ပြည်သူတွေအများစုကလည်းပဲ ဖက်ဒရယ် ဒီမိုကရေစီပြည်ထောင်စုကြီးကို တည်ဆောက်ဖို့ ကြိုးဆိုမျှော်လင့်နေကြပါတယ်။ ဆိုလိုတာက နိုင်ငံတော် အစိုးရနဲ့တကွ ပြည်သူလူထုတရပ်လုံးက ဖက်ဒရယ်ပြည်ထောင်စုကြီးကို ဖက်ဒရယ်စနစ် ကိုကျင့်သုံးဖို့ သဘောတခုတည်း ဖြစ်နေပါတယ်။ အင်မတန်မှ ဝမ်းသာစရာကောင်းပါတယ်။ ပြည်နယ်တွေမှာ ရှိနေသော ခေါင်းဆောင်များ တိုင်းဒေသကြီးမှာရှိနေသော ခေါင်းဆောင်များဟာလည်း ဖက်ဒရယ်စနစ်နဲ့ ပတ်သက်လို့ ဗဟုသုတတွေ နက်နက်ရှိုင်းရှိုင်း လေ့လာထားပြီးဖြစ်တဲ့အတွက် ကြောင့်မို့လို့ သူတို့ကို တာဝန်ပေးမယ်ဆိုရင် ဒီစနစ်ကြီး အောင်မြင်အောင်ဆောင်ရွက်နိုင်စွမ်းရှိ ကြပါတယ်၊ ဒါကြောင့်မို့လို့ ဒီကနေ့ ဒီအချိန်ဟာ မြန်မာနိုင်ငံမှာ ဖက်ဒရယ်စနစ်ကို ကျင့်သုံးဖို့ အချိန်ကျပြီးလို့ ပြောနိုင်ပါတယ်။ တချို့တွေရဲ့စဉ်းစားမှုကို ပြောမယ်ဆိုရင် ကမ္ဘာပေါ်မှာ အမေရိကန်နိုင်ငံဟာဆိုရင် ကမ္ဘာ့နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးတွေကို ဦးဆောင်နေတဲ့ ထိပ်တန်း နိုင်ငံကြီး။ အဲ့နိုင်ငံကြီးရဲ့ တိုင်းပြည်မှာ ဖက်ဒရယ်စနစ်ကိုကျင့်သုံးလို့ ကျနော်တို့ပါ ဖက်ဒရယ်စနစ် ကို ကျင့်သုံးမယ်ဆိုရင် ဖွံ့ဖြိုးတိုးတက်လာမှာပဲလို့ ယူဆတယ်။ ဆိုဗီယက်ပြည်ထောင်စုကြီးကလည်း ဖက်ဒရယ်ကျင့်သုံးလို့ သိပ္ပံပညာတွေ ထွန်းကားတယ်။ စီးပွားရေးကဏ္ဍတွေ ထွန်းကားတယ်။ အဲ့ဒါနဲ့ ထိပ်တန်းနိုင်ငံကြီး ဖြစ်လာခဲ့ပါတယ်။ အဲ့လို တိုးတက်လို့ ဖက်ဒရယ်စနစ်ကို ကျင့်သုံးရမယ် လို့ တချို့တွေက ယူဆကြပါတယ်။ အဲ့ဒီအမေရိကန်တို့ ဆိုဗီယက်ရုရှားတို့ဟာ ဖက်ဒရယ်စနစ်ကို ကျင့်သုံးရုံနဲ့ ဖွံ့ဖြိုးတိုးတက်လာတာ မဟုတ်ပါဘူး။ သူတို့လည်း အခက်အခဲတွေအများကြီး ဆင်းရဲ ဒုက္ခတွေ အများကြီးခံပြီးတော့မှ သူတို့ရဲ့ခေါင်းဆောင်တွေ ပြည်သူတွေက လက်တွဲပြီး ညီညွတ် ပြီးတော့ လုံ့လဝီရိယထုတ် ကြိုးစားတဲ့အတွက် ကမ္ဘာ့ထိပ်တန်း နိုင်ငံကြီးဖြစ်လာတာပါ။ အဲ့ဒါကို အထောက်အထားပြရမယ်ဆိုရင် အမေရိကန်သမိုင်းလေးကို နည်းနည်း ပြောပြချင်ပါတယ်။ အမေရိကန်အစိုးရက အင်္ဂလိပ်အစိုးရ ကိုလိုနီအစိုးရကို တိုက်ခိုက်ပြီး လွတ်လပ်ရေး ရယူခဲ့စဉ်က အင်မတန်ညီညွတ်ကြတယ်။ စည်းလုံးကြတယ်။ အဲ့လိုစည်းလုံးညီညွတ်တဲ့အတွက် လွတ်လပ်ရေးကို မြန်မြန်ရရှိခဲ့တယ်။ ဒါပေမယ့် ၁၇၇၂ ခုနှစ် လွတ်လပ်ရေးလည်းရရော အမေရိကန်တွေ မညီညွတ် တော့ပါဘူး။ တနယ်တမင်းတွေ ဖြစ်ကုန်ပါတယ်။ သူတို့စပြီးတော့ ရောင့်ရဲတဲ့ ပြည်ထောင်စု ကြီးကို စတင်ပြီးတော့ ကျင့်သုံးခဲ့တယ်။ ပြည်နယ်တွေက စည်းလုံးညီညွတ်မှု မရှိဘဲနဲ့ တည်းတည်း ကလေး ချိတ်ဆက်ထားတဲ့အဆင့်ပဲရှိတယ်လို့ အဲ့တုန်းက သမ္မတကြီးဝါရှင်တန်က ပြောခဲ့ပါတယ်။ လွတ်လပ်ရေးရပြီးတဲ့အချိန်ကစပြီး ၁၄ နှစ်ကြာတဲ့အထိ အမေရိကန်နိုင်ငံဟာ တည်ငြိမ်မှုမရှိခဲ့ပါဘူး။ ကုန်ဈေးနှုန်းတွေ အဆမတန် မြင့်တက်လာပါတယ်။ ငွေကြေးတွေ ဖောင်းပွလာပါတယ်။ စိုက်ပျိုး ရေးတွေလည်း မဖြစ်ထွန်းတဲ့အခါမှာ ဆင်းရဲဒုက္ခတွေရောက်လို့ ပထမဆုံး သည်းမခံနိုင်တဲ့ မက်ဆာ

ချုံးဆက် ပြည်နယ်ကနေ သူပုန်ထပါတယ်။ အဲ့သူပုန်ကို ပြည်ထောင်စုအစိုးရက နှိမ်နင်းနိုင်ခဲ့ပါတယ်။ ဒါပေမယ့် ပြည်သူလူထုရဲ့အကျင့်စာရိတ္တတွေ ပျက်သွားလိုက်တာ ထိန်းမရသိမ်းမရ အနေအထား အထိ ဖြစ်သွားပါတယ်။ ဘယ်လောက်ထိဖြစ်သွားလဲဆိုရင် အမေရိကန်ပြည်ထောင်စုမှာ သမ္မတ စနစ်ကို ဖယ်ပြီးတော့ ဘုရင်စနစ်ကို ကျင့်သုံးဖို့အတွက် ကွန်ကရက်ဥက္ကဋ္ဌက ပါရှားမင်းသားကို ဆက်သွယ်မေးမြန်းတဲ့အထိ ဖြစ်ခဲ့ပါတယ်။ အဲ့နောက် ၁၂ နှစ်ကြာတဲ့အခါမှာ အမေရိကန်က သူတို့ကျင့်သုံးခဲ့တဲ့စနစ်ကို Federation အဖြစ်ပြောင်းလာအောင် ပြည်နယ်အားလုံးကို အစည်းအဝေး ခေါ်ပါတယ်။ ဒါပေမယ့် အဲ့အစည်းအဝေးမှာ ပြည်နယ်အများစုက လက်မခံကြပါဘူး။ အဲ့အစည်းအဝေး ခန်းမထဲကနေ ဒေါသထွက်ပြီး ထွက်သွားတဲ့သူတွေ အများကြီးရှိပါတယ်။ အဲ့ဒီနောက် ၅ နှစ်လောက်ကြာတဲ့အခါကျတော့ အခွန်ကောက်ခံမှုနဲ့ပတ်သက်ပြီးတော့ ငွေရှင်သောင်းကျန်းမှုကြီး ဖြစ်လာပါတယ်။ အဲ့ဒီ သောင်းကျန်းမှုကြီးကိုလည်း စစ်တပ်နဲ့နှိမ်နင်း တိုက်ခိုက်ခဲ့ရပါတယ်။ လွတ်လပ်ရေးရပြီး အနှစ် ၄၀ ကြာတဲ့အချိန်မှာတော့ 'ကော်ရာလိုင်းရားဥပဒေ'ဆိုပြီး ပေါ်လာပါတယ်။ အဲ့ဥပဒေက ကွန်ကရက်ကနေ ချမှတ်လိုက်တဲ့ ဥပဒေတွေက ပြည်နယ်ဥပဒေနဲ့မတူညီရင် အဲ့ပြည် နယ်ရဲ့ဥပဒေကို မလိုက်နာဘဲ နေနိုင်ခွင့်ရှိတယ်ဆိုပြီး ကြေညာခဲ့ပါတယ်။ အဲ့အချိန်ကစပြီး ပြည်နယ်အချင်းချင်း ညှိနှိုင်းတဲ့အဆင့်ကို ရောက်သွားပါတယ်။ အဲ့ဒီပြည်နယ်အဆင့်ဆင့်ညှိနှိုင်း လာတာ အနှစ် ၃၀ ကြာတဲ့အခါမှာ ပြည်နယ်အချင်းချင်း ညှိနှိုင်းတဲ့ ပြဿနာတွေက ကြီးထွားလာပြီး အမေရိကန်တောင်ပိုင်းနဲ့မြောက်ပိုင်း ပြည်တွင်းစစ်ကြီး ဖြစ်ပါတယ်။ ပြည်တွင်းစစ်ကြီး ၅ နှစ် ကြာတယ်။ လူ ၇ သိန်းလောက်သေသွားတယ်။ အမေရိကန်နိုင်ငံကြီးဟာ လွတ်လပ်ရေးရပြီးတဲ့အခါမှာ Confederation တို့ Federation စနစ်တို့ကို ကျင့်သုံးသော်လည်းပဲ အနှစ် ၈၀ ကြာတဲ့အချိန်အထိ တည်ငြိမ်မှု မရခဲ့ပါဘူး။ နောက်ပိုင်းမှာတော့ ခေါင်းဆောင်တွေနဲ့ ပြည်သူလူထုတွေ ဆထက်တပိုး ကြိုးစားတဲ့အခါမှာ အခုလို ထိပ်တန်းတိုင်းပြည်ကြီးတခု ဖြစ်လာတာပါ။

အဲ့ဒီလိုပဲ ဆိုဗီယက်ပြည်ထောင်စုအကြောင်းကိုလည်း နည်းနည်းပြောချင်ပါတယ်။ ၁၉၁၇ ခုနှစ်တုန်းက အဲ့တာပြီးတဲ့နောက် ရွေးကောက်ပွဲတွေ ကျင်းပကြပါတယ်။ ရွေးကောက်ပွဲ ကျင်းပတဲ့ အခါမှာ ဘော်ရှီဗစ်နဲ့ လယ်သမားပါတီအစိုးရက အနိုင်ရခဲ့ပါတယ်။ ဒါပေမယ့် ရွေးကောက်ပွဲနဲ့ တက်လာတဲ့ အစိုးရ ကို ဘော်ရှီဗစ်က အာဏာသိမ်းခဲ့ပါတယ်။ အဲ့ဒီလို ဆိုဗီယက်တိုင်းပြည်မှာလည်း ဖက်ဒရယ်စနစ်ကို ကျင့်သုံးစပြုတယ်။ ဒါပေမယ့် ပြည်သူလူထုက လုံခြုံမှု မရှိဘူး။ မော်စကိုမြို့ ကြီးရဲ့လမ်းပေါ်မှာကို သေနတ်နဲ့ဓားမြတိုက်တာတွေ ရှိပါတယ်။ မြို့လယ်ခေါင်မှာကို သေနတ်နဲ့ အိမ်ပေါ်မှာ ဓားမြတိုက်တာတွေ ရှိပါတယ်။ အရာရှိဟန်ဆောင်ပြီး 'မင်းကိုစစ်ဆေးစရာရှိတယ်' ဆိုပြီး ခေါ်သွားပြီး လုတာတွေရှိတယ်။ အဲ့ဒါတွေက နေ့စဉ်နှင့်အမျှ နှစ်နဲ့ချီပြီးတော့ ကြားရပါတယ်။ အဲ့တာ မြို့တော်မှာတင် မဟုတ်ပါဘူး။ ပြည်နယ်တွေ၊ နယ်တွေကိုရောက်သွားတော့ ပိုဆိုးပါတယ်။ တန်ပြန်တော်လှန်ရေးတွေရှိတယ်။ တကိုယ်တော်ရမ်းကားမှုတွေ အုပ်စုလိုက်ရမ်းကားမှုတွေ ရှိပါ တယ်။ တချို့ပြည်နယ်မှာဆိုရင် နိုင်ငံခြားအကူညီယူပြီးတော့ လွတ်လပ်ရေးကြေညာတဲ့အထိတောင် ဖြစ်သွားပါတယ်။ ဆိုဗီယက်၊ ရုရှားမှာက အိမ်းနီးချင်းတိုင်းပြည်နယ်တွေကိုလည်း သူတို့က စုစည်း ပြီးတော့ ဖွဲ့စည်းပုံအခြေခံဥပဒေထဲမှာ ခွဲထွက်ပိုင်ခွင့်ဆိုတာ ထူးထူးခြားခြား အတည်ပြု ပြဋ္ဌာန်း

ထားပါတယ်။ ဒါပေမယ့် အဲ့ဒီ တိုင်းပြည်အသေးလေးတွေက မော်စကိုအစိုးရနဲ့ သဘောထားခြင်း မတူညီလိုက်တာနဲ့ တပြိုင်နက်တည်း ခွဲထွက်ပိုင်ခွင့်ပေးလို့ ဆိုဗီယက်၊ ရုရှားက နှိမ်နင်းလိုက်တာ သမိုင်းမှာ အထင်ရှားပါပဲ။ ဆိုလိုတာကတော့ အမေရိကန်တို့၊ ဆိုဗီယက်တို့က ဖက်ဒရယ်စနစ်ကို ကျင့်သုံးလိုက်တာနဲ့ ဒီလိုတိုးတက်ကြီးပွားလာတာ မဟုတ်ပါဘူး။ ခေါင်းဆောင်တွေ၊ ပြည်သူတွေ ညီညွတ်မှု၊ ကြိုးစားတဲ့အတွက်ကြောင့် တိုးတက်ကြီးပွားလာတာ ဖြစ်ပါတယ်။

ကျနော်တို့နိုင်ငံမှာလည်း ဖက်ဒရယ်စနစ် စတင်ကျင့်သုံးဖို့ ရရှိလာတော့မယ်ဆိုရင်လည်း ရောင့်ရဲပြီး မနေလိုက်ပါနဲ့၊ မနေလိုက်ပါနဲ့အုံး။ အစိုးရနဲ့ ပြည်သူတွေ လက်တွဲညီညီနဲ့ ကြိုးစားပြီး လုပ်ဆောင်ရမှာ အများကြီးရှိပါတယ်။ ဒီလိုကြိုးစားလုပ်မှ ကျနော်တို့မျှော်မှန်းတဲ့ ငြိမ်းချမ်းရေးဆိုတာ ရပါမယ်။ ဖက်ဒရယ်ပြည်ထောင်စုကြီးကို တည်ထောင်နိုင်မယ်။ ကျနော်တို့မျှော်မှန်းတဲ့ ပြည်သူ လူထု လူနေမှုအဆင့်တန်းတွေ မြင့်မားလာမယ်။ အဲ့ဒီလို အနာဂတ်မြန်မာနိုင်ငံတော်ကြီးအတွက် ဒီမှာ ဒီနေ့ ကျင်းပတဲ့ ကရင်အမျိုးသားရဲ့ အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲကနေပြီးတော့ ဆွေးနွေးချက်တွေက အနာဂတ်မြန်မာပြည်ကြီးအတွက် အကြံကောင်း ဉာဏ်ကောင်းတွေ ရရှိပါ တယ်။ အဲ့ဒါတွေကို ချက်ချင်းအကောင်ထည်ဖော်ရန် လိုအပ်ပါတယ်။ အကြံကောင်းကို အကောင် အထည်ဖော်နိုင်ရင် အဆင့်ဆင့် ဆွေးနွေးပွဲတွေမှာ ကျနော်တို့ ဒီကစည်းဝေးပွဲမှာ ဆုံးဖြတ်တဲ့အတိုင်း လိုက်နာပြီးတော့ ဆောင်ရွက်နိုင်မှာ ဖြစ်ပါတယ်။ ချက်ချင်းအကောင်ထည်မဖော်နိုင်တဲ့ဟာကို ကျနော်တို့တွေ လုပ်ထားသမျှ၊ ကြိုးစားသမျှ အရာမထင်ဖြစ်သွားပါမယ်။ ကျနော်တို့ဆွေးနွေးချက် တွေက တဆင့်ပြီးတဆင့် အားလုံးက အသိမှတ်ပြုပြီးတော့ တိုင်းပြည်က ဥပဒေအဖြစ်နဲ့ ဆောင်ရွက် နိုင်မယ်ဆိုရင် ကျနော်တို့ လုပ်ထားသမျှ ဝမ်းသာစရာဖြစ်ပါတယ်။ ဒါကြောင့် ဒီဆွေးနွေးပွဲမှ အချက်အလက်တွေ ကောင်းရမယ်၊ အကောင်အထည်လည်း ဖော်နိုင်ရမယ်၊ အဲ့ဒီလိုတိုင်းပြည်ရဲ့ အနာဂတ်ကို ဖန်တီးနိုင်ဖို့ ကြိုးစားကြပါ ကြိုးစားနိုင်ပါစေ၊ အောင်မြင်နိုင်ပါစေလို့ ဆုတောင်းရင်း အားလုံးကို ကျေးဇူးတင်ပါတယ်။



**ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ – (၂၁)ရာစုပင်လုံ**
**အမျိုးသားအဆင့် နိုင်ငံရေး ဆွေးနွေးပွဲ**
**လူမျိုးအလိုက်ကျင်းပသော ပထမအကြိမ် ကရင်အမျိုးသား နိုင်ငံရေးဆွေးနွေးပွဲ**
**တတိယနေ့ ပိတ်ပွဲ အခမ်းအနားတွင်**

# ကရင်ပြည်နယ် ဝန်ကြီးချုပ် နန်းခင်ထွေးမြင့် ၏ နှုတ်ဆက်စကား

ချစ်ခင်လေးစားအပ်ပါသော ကရင်တိုင်းရင်းသား ညီအစ်ကိုမောင်နှမများအားလုံးနဲ့ ဧည့်သည်တော်များအားလုံးကို ပထမဦးစွာ အားလုံးမင်္ဂလာပါလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျမရဲ့ဘဝမှာ အပျော်ဆုံးရက်တွေလို့ပြောရင် ဒီနေ့တရက်လည်းပါဝင်ပါတယ်။ ဘာလို့လဲဆိုရင် နှစ်ကာလပေါင်းများစွာ တကယ်ပဲ ကျမတို့ကရင်တမျိုးသားလုံး လိုချင်နေတဲ့ ဒီမိုကရေစီ ဖက်ဒရယ် ပြည်ထောင်စု မြန်မာနိုင်ငံမှာ အကျယ်တဝင့် ဆွေးနွေးပြောဆိုနိုင်တဲ့နေ့တနေ့မှာ၊ ဒီလို နေ့တနေ့ရောက်လာဖို့ဆိုတာ လွယ်လွယ်ကူကူနဲ့ ရောက်လာတာ မဟုတ်ပါဘူး။ ကျမတို့အားလုံး သိထားတဲ့အတိုင်းပဲ ရင်းနှီးခဲ့ရတာတွေ ကြိုးစားခဲ့ရတာတွေ ကျမတို့အများကြီးပါ။ ဒါတွေကို ရင်မှာပိုက်ပြီး ပူဆွေးမနေဘဲ ကျမတို့ ရှေ့ဆက်လူငယ်တွေအတွက် အမွေတွေ ဘာတွေပေးနိုင်မှာလဲ။ ကျမတို့လူကြီးတွေ ကြိုးစားခဲ့ကြပါတယ်။ ပြောကြပါလိမ့်မယ်။ ဝေဖန်ကြပါလိမ့်မယ်။ ကျမက ဘာစဉ်းစားမိလဲဆိုတော့ ဘာလို့ သူဒီနေ့ ဒီလောက်တောင်ပျော်နေလဲ သူများတွေထင်ကြတယ်။

ဒါပေမယ့် ကျမရင်ထဲမှာပူနေတယ်။ ကျမတို့ကရင်တွေက ၄ ယောက်ရှိရင် အဖွဲ့က ၅ ဖွဲ့ ဖြစ်ချင်တယ်။ ပင်လုံသွားတော့ လူတွေက ပြောကြတယ်။ ပင်လုံခန်းမတခုလုံး နင်တို့ကရင်တွေပဲ။ ကရင်တွေ အာဏာသိမ်းပြီလား မသိဘူးတဲ့။ အဖွဲ့အစည်းတွေက များတာကိုးတဲ့။ မင်းတို့အဖွဲ့အစည်းက များပြီး လူတွေက ကွဲနေတာ။ ကျမအဲ့လိုပဲ ခေါင်းညိတ်ခဲ့တယ်။ အခု ကျမတို့အဖွဲ့တွေက ပြောကြတယ် ဆိုကြတယ်။ ဒေသတွေမှာ သွားပြီး ပြောကြတယ်။ သူ့နေရာနဲ့ ခွဲဆွေးနွေးခဲ့ကြပြီး ဒီကိုတက်လာတာ၊ မြန်မာတနိုင်ငံလုံးက စိတ်ဝင်တစား စောင့်ကြည့်နေပါတယ်။ ကမ္ဘာကြီးမှာ ငြိမ်းချမ်းရေးကို စိတ်ဝင်စားနေကြတယ်။ ကျမတို့က ဓားသိုင်းနဲ့ပဲ ထွက်လာမလား ဖုံတီးပြီးတော့ပဲ ထွက်လာမလား။ ဘယ်လိုလာကြလိမ့်မလဲလို့ ကျမ စိုးရိမ်ခဲ့ပါတယ်။ ကျမ ဒီနေ့ဂုဏ်ယူတယ် ကျေနပ်တယ်၊ အားရတယ်။ ဘာလို့လဲဆိုတော့ ကျမတို့ ဒီအဆင့်ကို ကောင်းကောင်းမွန်မွန်တက်လှမ်းနိုင်ခဲ့တယ်။ ကျမတို့သိက္ခာရှိရှိနဲ့ပဲ ဒီဆွေးနွေးပွဲကို ဆွေးနွေးနိုင်ခဲ့တယ်။ စည်းကမ်းရှိရှိနဲ့ ညီညွတ်မှုအပြည့်နဲ့ လျှောက်လှမ်းနိုင်ခဲ့တယ်။ ဒီနေ့ ဒီအခမ်းအနားကို ကျင်းပနိုင်ခဲ့ကြတယ်။ သူများတွေကတော့ ပြောကြမယ် အသက် ၆၀ ရောက်နေပြီ အခုမှပဲ အသုံးလုံးသင်နေတယ်။ ဟိုမှာ လကမ္ဘာရောက်နေပြီး ဒီလိုအခြေအနေတွေကြည့်ဦး။ အသံထက်မြန်တဲ့ လေယာဥ်ပျံကြီးတွေ၊ ကျည်ဆံလိုမြန်တဲ့ မီးရထားတွေ စီးနေပြီ။ အခုမှ ကရင်တွေက ဖက်ဒရယ် ပြည်ထောင်စုကို ပြောနေတုန်းပဲ၊ ပြောရမယ်လေ ကျမတို့ဆီမှာ အရင်က ရှိမှမရှိဘဲဟာ။ ရမှ မရခဲ့ဘဲဟာ၊ ကျမတို့ဟာ ဒီလိုအခြေအနေက စရမှာပဲ။ ဘာပဲဖြစ်ဖြစ် ကျမတို့က ခုကနေပဲ စရမှာပဲ။ ဟိုမှာ ဒီလို ဖြစ်နေပြီဆိုတာနဲ့ ကျမတို့သွားယှဥ်လို့ရမှာ မဟုတ်ပါဘူး။ သူတို့က နှစ်ပေါင်းရာနဲ့ချီပြီး ကျမတို့ထက် ဒီမိုကရေစီနဲ့ ဖက်ဒရယ်စနစ်ကို ရခဲ့တယ်။ ဖက်ဒရယ်ပြည်ထောင်စုကြီးကို တည်ထောင်နိုင်ခဲ့ကြပါတယ်။ သူတို့အခြေအနေကိုကြည့်ပြီး ကျမတို့ ဒီလောက်ပဲလား။ ကျမကတော့ ဒီနေ့ဒီအချိန်ထိ ကျမတို့ ဒီအခြေအနေကိုရောက်ရှိတာ ဝမ်းသာတယ်။ ဘာဖြစ်လို့လဲဆိုတော့ ကျမတို့သွားမယ့် ဒီမိုကရေစီ ဖက်ဒရယ်အတွက် အခြေခံအကျဆုံးဖြစ်ပါတယ်။ ဒီမှာ လိုလေသေးမရှိ အချက်ကျကျ စတင်နိုင်ခဲ့တယ်။ ဘယ်အခန်းကဏ္ဍကိုပဲကြည့်ကြည့် ပြီးပြည့်စုံတယ်၊ ကျေနပ်တယ်၊ အားရတယ်။ ဒါအခြေခံအကျဆုံးကို ကျမတို့ဆောင်ရွက်နိုင်ခဲ့တယ်။ ပွဲပြီးရင်တော့ ပြောကြပါလိမ့်မယ်၊ ဝေဖန်ကြပါလိမ့်မယ်။ ဘယ်သူတွေ ဘယ်လိုပဲဝေဖန်ဝေဖန် ဒီနေ့ ကျမတို့ကရင်အမျိုးသားတွေ ကျင်းပသွားခဲ့တဲ့အပေါ် ကျေနပ်တယ်၊ အားရတယ်၊ ဂုဏ်ယူဝမ်းမြောက်တယ်။ ဖုန်းတွေဆက်ကြတယ်။ Congratulation အများကြီး ပြောကြတယ်။ အားလုံးကြိုးစားလာခဲ့ကြတာပါ၊ ကျမတို့က နှမ်းဖြူးတာပါ။ ဒီလိုခန်းမကြီးတခု ရောက်လာဖို့အတွက် အများကြီးကြိုးစားခဲ့ပါတယ်။ ရင်းနှီးခဲ့ရတယ်၊ အဖက်ဖက်က ပေးဆပ်ခဲ့ရတယ်။ အခုရော လူငယ်တွေရော၊ လူကြီးတွေကော အဖက်ဖက်က ကြိုးစားခဲ့ကြတယ်။ အမှန်တော့ ကရင်ပြည်နယ်အစိုးရအဖွဲ့က ဒီပွဲမှာ နှမ်းဖြူးပါ။ ဒါကြောင့် အမှန်အတိုင်းပဲ ဝန်ခံပါတယ်။ ကျမ ဒီမိုကရေစီအတွက် အများကြီးကြိုးစားခဲ့ပါတယ်။ ကျမထက် ကြိုးစားခဲ့တဲ့သူတွေ အများကြီး ရှိပါတယ်။ အဲ့ဒီလူတွေကို ကျမလေးစားတယ်။ ပြောလာကြပါလိမ့်မယ် ကျမတို့ကို ဒီလောက် ခံခဲ့ရတာ အမှတ်သညာ မရှိဘူးလား။ အမှတ်မရှိလို့မဟုတ်ပါဘူး။ အခု ပြန်စဥ်းစားရင် အခုခံစားရပါတယ်။ ကျမတို့လူငယ်တွေအတွက်၊ အနာဂတ်အတွက် အကောင်းဆုံး

အမွေဟာ ငြိမ်းချမ်းရေးပါပဲ။ အရင်က လူကြီးတွေဟာ ငါတို့အတွက် ဘာမှမလုပ်ခဲ့ဘူး၊ ဘာမှ မကြိုးစားခဲ့ဘူး၊ သူများထက် နိမ့်ကျတဲ့ ဘဝမှာ ငါတို့ကို ထားခဲ့စေချင်လို့ ဖြစ်ခဲ့စေခြင်းလို့ လူငယ်တွေက ဝေဖန်ရင် ကျမတို့ခံရမှာပါ။ နောင်ဆိုရင် သူတို့ကျေးဇူးတင်ကြမှာပါ။ ဘာလို့လဲဆို တော့ ကျမတို့ ဒီနေ့ဒီအချိန်မှာ လုပ်သင့်လုပ်ထိုက်တဲ့ဟာကို ဒီအဆင့်မှာ ဒီလောက်ပဲပြောသင့်ရင် ဒီလောက်ပဲ ပြောပါဦးမယ်။ ဒီမိုကရေစီ ဖက်ဒရယ်ဟာ ကျမတို့ဘယ်လောက်လိုချင်နေလဲ၊ တောင့်တနေလဲဆိုတာကို မြန်မာတပြည်လုံး တိုင်းရင်းသားတွေပဲလေ၊ ဒီခန်းမထဲမှာရှိတဲ့ ကျမတို့ အားလုံး နားလည်ပါတယ်။ ဒါကြောင့် ကျမတို့ တမ်းတနေတဲ့၊ မျှော်လင့်နေတဲ့အရာကို ဝိုင်းဝန်း ကြိုးစားပေးခဲ့တဲ့သူအားလုံး၊ ကျမတို့ အခု စည်းစည်းလုံးလုံး ညီညီညွတ်ညွတ် အောင်အောင်မြင်မြင် နဲ့ ပြီးဆုံးသွားပါပြီ။ ဒီလိုပြီးဆုံးသွားတဲ့အတွက် ကျမ ကျေနပ်အားရဂုဏ်ယူပါတယ်။ ကရင်အမျိုး သားတယောက်ဖြစ်တဲ့အတွက် ပိုပြီးတော့ ဂုဏ်ယူပါတယ် ပြောကြားရင်း နိဂုံးချုပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ - (၂၁)ရာစုပင်လုံ**
**အမျိုးသားအဆင့် နိုင်ငံရေး ဆွေးနွေးပွဲ**
**လူမျိုးအလိုက်ကျင်းပသော ပထမအကြိမ် ကရင်အမျိုးသား နိုင်ငံရေးဆွေးနွေးပွဲ**
**တတိယနေ့ ပိတ်ပွဲ အခမ်းအနားတွင်**

# ကျင်းပရေးကော်မတီ ကိုယ်စား KNU/KNLA-PC မှ ဗိုလ်မှူးကြီး စောကျော်ညွှန့်၏ ကျေးဇူးတင်စကား

လေးစားအပ်ပါသော သဘာပတိကြီးများနှင့်တကွ တက်ရောက်လာတဲ့ ဆရာတော်၊ သံဃာတော်များ၊ ကရင်ပြည်နယ်အစိုးရအဖွဲ့နှင့် စစ်ဘက်၊ နယ်ဘက်ကိုယ်စားလှယ်များ၊ ကရင်တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်းမှ ခေါင်းဆောင်ကိုယ်စားလှယ်တော်များ၊ ကရင်အမျိုးသား နိုင်ငံရေးပါတီနှင့် ဒေသအသီးသီးက ကြွရောက်လာတဲ့ ကရင်လူမှုအဖွဲ့အစည်းအသီးသီးက ခေါင်းဆောင်ကိုယ်စားလှယ်တော်များရှေ့မှာ ဒီကနေ့ ၃ ရက်တာ ကျင်းပပြုလုပ်တဲ့ ကရင်တမျိုးသားလုံးအတွက်ရော၊ ကရင်ပြည်နယ်သူ ပြည်နယ်သားများအားလုံးအတွက်ပါ အလွန်တရာ ဂုဏ်ယူဝမ်းမြောက်ဖွယ်ရာဖြစ်တဲ့ လူမျိုးအလိုက် အမျိုးသားအဆင့်နိုင်ငံရေးဆွေးနွေးပွဲမှာ ကျင်းပရေးကော်မတီ ကိုယ်စား ကျေးဇူးတင်စကား ပြောကြားခွင့်ရတဲ့အတွက် ကျေးဇူးတင်ရှိပါကြောင်း ဦးစွာပြောကြားလိုပါတယ်။

အမှန်စင်စစ်အားဖြင့် မြန်မာနိုင်ငံမှာ ဘယ်ခေတ်ဘယ်အချိန်ကမှ ကျင်းပပြုလုပ်နိုင်ခွင့်မရှိဘူးခဲ့တဲ့ အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲကို ကရင်လူမျိုးအလိုက် ပထမဦးဆုံး စတင်ကျင်းပခွင့်ရတဲ့အတွက် ကရင်တမျိုးသားလုံးကိုယ်စား ကျေးဇူးတင်ဝမ်းမြောက်မိပါတယ်။ ယခုကျင်းပပြုလုပ်တဲ့ ဆွေးနွေးပွဲဟာ ပြည်ထောင်စုမြန်မာနိုင်ငံအတွင်းမှာရှိတဲ့ တခြားသော တိုင်းရင်းသားဒေသတွေမှာ လုပ်မည့် အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲများအတွက် အစပြုခြေလှမ်းတလှမ်းဖြစ်သည်နှင့်အညီ ဘက်စုံဒေါင့်စုံမှ ပါဝင်ကူညီပေးသော အဖွဲ့အစည်းအသီးသီးနှင့် ပုဂ္ဂိုလ်များအားလုံးကို ကျေးဇူးတင်ပါသည်။

အထူးသဖြင့် အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲများ အောင်အောင်မြင်မြင် ကျင်းပပြုလုပ်နိုင်ဖို့အတွက် နိုင်ငံရေးဆွေးနွေးမှု မူဘောင်မှာ ပြဋ္ဌာန်းချက်အရ တာဝန်ရှိတဲ့ ပြည်ထောင်စုအစိုးရထံ လုံလောက်သော ရံပုံငွေများ မရရှိနိုင်သေးခင်စပ်ကြား ဒီမှာရှိနေတဲ့အလုပ်တွေကို အချိန်မီအောင် စတင်လုပ်ကိုင်ဆောင်ရွက်နိုင်ဖို့အတွက် ကူညီဖြည့်ဆည်းဆောင်ရွက်ပေးတဲ့ ကရင်ပြည်နယ်အစိုးရအဖွဲ့ကို အထူးပဲကျေးဇူးတင်ပါတယ်။ ဒါ့အပြင် သုံးရက်တာကျင်းပခဲ့တဲ့ အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲ တက်ရောက်လာတဲ့ အနယ်နယ်အရပ်ရပ်က ကိုယ်စားလှယ်တော်များအတွက် ဂုဏ်သိက္ခာရှိရှိနဲ့ လုံခြုံအေးဆေးစွာ သွားလာနေထိုင် တည်းခိုစားသောက်နိုင်ရေးအတွက်လည်းကောင်း၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ ပထမဦးဆုံးသော အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲ အခမ်းအနားအား အစည်ကားဆုံး ကျက်သရေအရှိဆုံးနဲ့ ကျင်းပနိုင်ရေးအတွက် သော်လည်းကောင်း လိုအပ်တဲ့နေရာမှာ စနစ်တကျ ပံ့ပိုးကူညီဆောင်ရွက်ပေးတဲ့ ကရင်ပြည်နယ်အစိုးရ ဌာနဆိုင်ရာ



အသီးသီးက တာဝန်ရှိလူကြီးများကို ကျေးဇူးဥပကာရ အထူးတင်ရှိပါသည်။ ကျနော်အနေနဲ့ နောက်ထပ် ကျေးဇူးတင် စကားပြောကြားလိုတဲ့ပုဂ္ဂိုလ်များကတော့ ကရင်တမျိုးသားလုံး ကိုယ်စားပြုသော ဒီလူမျိုးအလိုက် အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲသို့ ပြည်ထောင်စုစိတ်ဓာတ်၊ အမျိုးသားစိတ်ဓာတ် ပြည့်ဝစွာဖြင့် အနယ်နယ်အရပ်ရပ်က တက်ရောက်လာတဲ့ ကရင်တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်းက ခေါင်းဆောင်ကိုယ်စားလှယ်တော်ကြီးများ၊ ကရင်နိုင်ငံရေးပါတီနှင့် ကရင်အရပ်ဖက်လူမှုအဖွဲ့အစည်း အသီးသီးကကိုယ်စားလှယ်များ တခြားသော တိုင်းရင်းသားညီအစ်ကိုမောင်နှမများကိုပဲ ဖြစ်ပါတယ်။ ဒီအမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲကို ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှု ပူးတွဲကော်မတီ (UPDJC) က ချမှတ်ထားတဲ့ အခြေခံလမ်းညွှန်မှုများအတိုင်း စနစ်တကျ ကျင်းပသွားနိုင်ရေးအတွက် စိတ်အားထက်သန်စွာ ညှိနှိုင်းဆောင်ရွက်ပေးခဲ့သော ကရင်ပြည်နယ် အမျိုးသားအဆင့် နိုင်ငံရေး ဆွေးနွေးပွဲ ကြီးကြပ်မှုကော်မတီမှ တာဝန်ရှိ ခေါင်းဆောင်များကိုလည်း များစွာကျေးဇူးတင်ရှိပါတယ်။ ဒီအမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲမှာ အနာဂတ် ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စု တည်ဆောက်ရေးလိုအပ်တဲ့ အခြေခံရလဒ်ကောင်းများ ထွက်ရှိလာနိုင်ဖို့အတွက် ဒီပွဲမတိုင်ခင် လနဲ့ချီပြီး ကဏ္ဍအလိုက် အကြိုဆွေးနွေးပွဲများ အကြိမ်ကြိမ်ကျင်းပပြုလုပ်နိုင်ဖို့ ကြိုးပမ်းစီစဉ် ဆောင်ရွက်ပေးခဲ့ကြသော ကရင်အမျိုးသားနိုင်ငံရေး ဦးဆောင်ကော်မတီဝင်များ၊ ကျင်းပရေးကော်မတီမှ တာဝန်ရှိသူများကိုလည်းပဲ ဒီနေရာမှာ ကျေးဇူးတင်စကားအပြင် ချီးကျူးဂုဏ်ပြုစကားပါ ပြောကြားလိုပါတယ်။ အထူးသဖြင့် ကရင်အမျိုးသားနိုင်ငံရေးဆွေးနွေးပွဲ တောက်လျှောက် နည်းပညာပိုင်းအရရော၊ ဘာသာရပ်ပိုင်းအရရော၊ နေ့မအားညမနား မငြီးမငြူစတမ်း ပံ့ပိုးကူညီဆောင်ရွက်ပေးခဲ့ကြသော အနယ်နယ်အရပ်ရပ်က

နည်းပညာအထောက်အကူပြု ကရင်လူငယ်မောင်မယ်များအားလုံးကိုလည်း များစွာကျေးဇူးတင်ရှိပါကြောင်း လေးလေးနက်နက် ပြောကြားလိုပါတယ်။

ကျနော်ရဲ့အားနည်းချက်ကြောင့်ဖြစ်စေ၊ အချိန်အကန့်အသတ်ကြောင့်ဖြစ်စေ ကရင် အနုသုခုမ အဖွဲ့က လူငယ်များအပါအဝင် ကျေးဇူးတင်ထိုက်လျက်နဲ့ ကျေးဇူးတင်စကား မပြောလိုက်မိသူများ အားလုံးကိုလည်း ကျေးဇူးတင်ရှိပါကြောင်း ပြောကြားသွားပါရစေ။ ကျင်းပရေးကော်မတီဝင်တဦးအနေနဲ့ မှတ်မှတ်ရရ ချီးကျူးဂုဏ်ပြုစကား ပြောကြားလိုပါတယ်။ ခေါင်းဆောင်ကြီးများ သိကြတဲ့အတိုင်းပဲ ကျနော်တို့ကရင်လူမျိုးများကို ရိုးသားဖြူစင်မှု၊ ဇည့်ဝတ်ကျေပွန်တတ်မှု၊ ရောင့်ရဲတင်းတိမ်လွယ်မှု စတဲ့ ကောင်းခြင်းလက္ခဏာရှိတဲ့ လူမျိုးတမျိုးအဖြစ် ရှေးပဝေသဏီကတည်းက အသိအမှတ်ပြု ဖော်ပြလေ့ရှိကြပါသည်။ ဒီ ၃ ရက်တာ နိုင်ငံရေးဆွေးနွေးပွဲကို ဂုဏ်သိက္ခာရှိရှိ၊ ပြည်ထောင်စုစိတ်ဓာတ် ပြည့်ဝစွာနဲ့ တည်ငြိမ်အေးချမ်းသော အနာဂတ်ဖက်ဒရယ်ဒီမိုကရေစီပြည်ထောင်စု တည်ဆောက်ရေးကို ရှေ့ရှုပြီး အပြုသဘောဆောင်သော ဆွေးနွေးပေးခဲ့ကြတဲ့ အဖွဲ့အစည်းအသီးသီးက ခေါင်းဆောင် ကိုယ်စားလှယ်တော်များအတွက် အထက်ဖော်ပြပါ ကောင်းခြင်းလက္ခဏာများလောက်နဲ့ မပြီးပြည့်စုံနိုင်တော့မှန်း ကျနော်အနေနဲ့ ခံစားမိလာပါတယ်။

ဘာလို့လဲဆိုတော့ ၃ ရက်တာကျင်းပခဲ့တဲ့ မြန်မာနိုင်ငံ၏ ပထမဦးဆုံးသော လူမျိုးအလိုက် နိုင်ငံရေးဆွေးနွေးပွဲ အခင်းအကျင်း ရလဒ်တခုအဖြစ် ကျနော်တို့ ကရင်လူမျိုးများဟာ နိုင်ငံတော်အတိုင်ပင်ခံပုဂ္ဂိုလ်ကြီးပြောတဲ့စကားအရဆိုရင် စစ်မှန်ခိုင်မြဲသော ပြည်ထောင်စု ငြိမ်းချမ်းရေး တည်ဆောက်ရေးအတွက် မရှိမဖြစ်လိုအပ်တဲ့ စိတ်ရှည်သည်းခံမှု၊ သဘောထားကြီးမှု၊ အမျှော်အမြင်ရှိမှု၊ အပြန်အလှန်လေးစား အသိအမှတ်ပြုမှုများနဲ့ ပြည့်ဝတဲ့ လူမျိုးတမျိုးအဖြစ် လူမျိုးအလိုက် အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲ ကျင်းပရေးကော်မတီကိုယ်စား လေးလေးနက်နက် ကျေးဇူးတင်ကြောင်း ပြောကြားလိုပါတယ်။ ဒီအခြေခံကောင်းများကို ရရှိပိုင်ဆိုင်ထားသော ကျနော်တို့ ကရင်အမျိုးသားများအားလုံးအနေဖြင့် ဒီမိုကရေစီအရေး၊ အမျိုးသားတန်းတူရေးနှင့် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့် အခွင့်အရေးများ အပြည့်အဝအာမခံချက်ရှိသော ဒီမိုကရေစီ ဖက်ဒရယ်ပြည်ထောင်စု တည်ဆောက်ပိုင်ဆိုင်နိုင်တဲ့အထိ တခြားသော ပြည်ထောင်စုဖွား တိုင်းရင်းသားညီအကိုများနဲ့တန်းတူ ချစ်ချစ်ခင်ခင် စည်းလုံးညီညွတ်စွာဖြင့် ဆထက်တပိုး ဆက်ပြီး လက်တွဲဆောင်ရွက်သွားနိုင်ကြပါစေကြောင်းနဲ့ ထိုသို့ ဆောင်ရွက်နိုင်လိမ့်မယ်လို့လည်း အခိုင်အမာယုံကြည်တဲ့အတွက်ကြောင့် ကြိုတင်ပြီး ကျေးဇူးတင်ပါကြောင်း ပြောကြားလိုပါတယ်။

နိဂုံးချုပ်အနေနဲ့ ကရင်တမျိုးသားလုံးကို ကိုယ်စားပြုသော ဒီလူမျိုးအလိုက် နိုင်ငံရေးဆွေးနွေးပွဲအား ပထမဦးဆုံး တာဝန်ယူကျင်းပပေးခဲ့ရတဲ့ ကျနော်တို့ ဦးဆောင်ကျင်းပရေးကော်မတီအနေနဲ့ အသေအချာ ထပ်ခါထပ်ခါ ညှိနှိုင်းဆောင်ရွက်နေတဲ့ကြားက မမျှော်လင့်ဘဲ ထွက်ရှိလာတဲ့လစ်ဟာမှုတွေ ချွတ်ချော်မှုတချို့တွေအတွက် စိတ်ကသိကအောက်ဖြစ်ခဲ့ရတဲ့ စိတ်အနှောင့်အယှက်ဖြစ်ခဲ့ရတဲ့ အဖွဲ့အစည်းများ၊ ပုဂ္ဂိုလ်များရှိခဲ့ရင် ၎င်းတို့အတွက် ကျင်းပရေးကော်မတီမှ အနူးအညွတ်တောင်းပန်အပ်ပါကြောင်း ပြောကြားရင်းနဲ့ နိဂုံးချုပ်အပ်ပါသည်။

### ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ – (၂၁)ရာစုပင်လုံ
### အမျိုးသားအဆင့် နိုင်ငံရေး ဆွေးနွေးပွဲ
### လူမျိုးအလိုက်ကျင်းပသော ပထမအကြိမ် ကရင်အမျိုးသား နိုင်ငံရေးဆွေးနွေးပွဲ
### တတိယနေ့ သဘာပတိအဖွဲ့ဝင်အဖြစ်ဆောင်ရွက်သော

# အရှင်စန္ဒာဝရ ၏ အပိတ်မိန့်ခွန်း

မြန်မာ့အခင်းအကျင်းထဲမှ ဒီနေ့ အစိတ်အပိုင်းတခုဖြစ်တဲ့ လူမျိုးအလိုက် အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲမှာ ပါဝင်တက်ရောက်လာတဲ့ပုဂ္ဂိုလ်အားလုံး မိမိကိုယ်တိုင် ပါဝင်ခွင့်ရတဲ့အတွက်ကြောင့် ကျေနပ်ပါစေလို့လည်း မေတ္တာပို့ပါတယ်။ နောက်ဆုံးမှာချင်တဲ့ စကားအပိတ်ဆိုတော့ ဦးဇင်းတို့ နေထိုင်တဲ့နိုင်ငံဟာ အရင့်အရင် ဂုဏ်ပြုခဲ့တဲ့ ဂုဏ်သိက္ခာရှိခဲ့တဲ့ အိန္ဒြေပြည့်ဝတဲ့ စကားတခွန်းနဲ့ နှုတ်ဆက်ချင်ပါတယ်။ ပါဠိလို သုဝဏ္ဏဘူမိ။ သုဝဏ္ဏဆိုတော့ ရွှေပေါ့၊ ဘူမိ ဆိုတာက မြေပေါ့။ မြေကတော့ နိုင်ငံလည်းပါတာပေါ့။ သုဝဏ္ဏဘူမိ ရွှေမြေ၊ မြန်မာ့ရွှေမြေလို့ ဂုဏ်ယူပြောဆိုနေကြတယ်။ ကျေနပ်စရာလည်း တော်တော်ကောင်းတယ်။ ကြားရတာလည်း အရသာတော်တော်ရှိတယ်။ ဒီတော့ မြန်မာ့ရွှေမြေပေါ်မှာနေတဲ့ ရွှေမြန်မာနဲ့ ရွှေကရင်တွေပေါ့။ သို့သော် (သို့သော်ကလည်း အဓိပ္ပါယ်ရှိတယ်) ဒီတော့ ရွှေမြေကို ရွှံ့မြေလိုမဖြစ်ဖို့တော့ မှာချင်တယ်။ အဲ့ဒါကတော့ ထောက်ပြအုံးမယ်။ ရွှေမြေကို ရွှံ့မြေမဖြစ်စေဘဲ ဘယ်လိုပြချင်သလဲဆိုရင် ရတနာမြေဖြစ်အောင် ကိုယ်စီတာဝန်ကျရာကနေပြီးတော့ ရှေ့ကိုချီပြီးတော့ သွားနိုင်ဖို့ကို ဒီကနေ့ ဆရာတော်အနေနဲ့ သုဝဏ္ဏဘူမိ ရွှေမြေရေးထားတယ်။ ရန်ကုန်မြို့ကြီးတွေမှာလည်း Golden Land Myanmar လို့ ရေးထားတယ်။ အရသာ တော်တော်ရှိတယ်။ မြန်မာ့ရွှေမြေ၊ ကရင်တွေကိုတော့ ကရင့်ရွှေမြေပေါ့။ ဘယ်သူပဲ နေနေလေ။ နိုင်ငံတော်မှာ ဒီတော့ ရွှေမြေကို ရွှံ့မြေ မဖြစ်နဲ့ဆိုတာ ဗိုလ်ချုပ်အောင်ဆန်း စကားက အဲ့လိုမပြောဘူး။ ဗိုလ်ချုပ်အောင်ဆန်းက ဘုန်းကြီးထက် ခပ်နာနာ။ ဖာဖြစ်မယ်။ ငါလိမ်တာ မဟုတ်ဘူးနော်။ သူပြောခဲ့တာကိုး။ ဒါသူ့စေတနာနဲ့ပါ။ ဒီတော့ ဦးဇင်းတို့ နိုင်ငံရေးလို့ ပြောရမယ်ဆိုရင်တော့ နိုင်ငံမှာ အဓိကကတော့ ရာဇာပဋ္ဌဌာန် မိဘအမာခံပဲ၊ (၂) ကတော့ နိုင်ငံတော်အတိုင်ပင်ခံပဲ၊ (၃) ကတော့ အကိုးကွယ်ခံပဲ၊ (၄) ကတော့ အဝိုင်းအရံ၊ (၅) ကတော့ အုပ်ချုပ်ခံ၊ လက်အောက်ခံ။ အုပ်ချုပ်ခံသည် ခုနက ရာဇာပဋ္ဌဌာန်။ သူတို့နဲ့ အပြန်အလှန်စည်းမျဉ်းခံ။ ကိုယ့်စည်းနဲ့သွားကြမယ်ဆိုရင် ကြီးပွားနိုင်ကြတယ်။ ဒီတော့ ပြောရမယ်ဆိုရင်တော့ ဆရာတော်လည်း ပြောရတာ ဝါသနာပါတဲ့သူပါ။ အဲ့တော့ သုဝဏ္ဏဘူမိနဲ့ပဲ နိဂုံးချုပ်ပါတယ်။ ဒီတော့ ရွှေမြေကို ရွှံ့မြေဖြစ်အောင် မလုပ်ချင်ကြဘဲနဲ့ ကိုယ်စီကိုယ်စီ ရတနာမြေဖြစ်အောင် နိုင်ငံသစ်ဆီသို့ ချီတက်ကြပါစို့လို့ မှာကြားရင်း နိဂုံးချုပ်လိုက်ပါတယ်။

**ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ – (၂၁)ရာစုပင်လုံ**

**အမျိုးသားအဆင့် နိုင်ငံရေး ဆွေးနွေးပွဲ**

**လူမျိုးအလိုက်ကျင်းပသော ပထမအကြိမ် ကရင်အမျိုးသား နိုင်ငံရေးဆွေးနွေးပွဲ**

# အဆိုပြုတင်ပြချက်များ

**ကရင်လူမျိုးအလိုက် အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲ ကျင်းပရေးကော်မတီ – KNDCC**

(က) အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲများဖြစ်သော လူမျိုးအလိုက်၊ ဒေသအလိုက်၊ အကြောင်းအရာအလိုက် နိုင်ငံရေးဆွေးနွေးပွဲများကို ခေါ်ယူကျင်းပနိုင်ခွင့်ရှိသည့် အစုအဖွဲ့များ အနေဖြင့် အဆင်သင့်ဖြစ်နေသော နေရာဒေသများတွင် ပိုမိုကျယ်ပြန့်စွာ ကျင်းပပြုလုပ်ပေးပါရန်၊

(ခ) ဒီမိုကရေစီ ဖက်ဒရယ်ပြည်ထောင်စု တည်ဆောက်ရေးအတွက် တနိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေး သဘောတူစာချုပ် (NCA) တွင် လတ်မှတ်ရေးထိုးခြင်း မပြုလုပ်နိုင်သေးသည့် တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများအနေဖြင့် ပစ်ခတ်တိုက်ခိုက်မှုများ ရပ်စဲပြီး NCA တွင် အမြန်ဆုံး ပါဝင်လက်မှတ်ထိုးနိုင်ရန်အတွက် အစိုးရ၊ တပ်မတော်မှ ပိုမိုလမ်းဖွင့်ပေးရန်နှင့် အမျိုးသားအဆင့် နိုင်ငံရေး ဆွေးနွေးပွဲများ ကျင်းပပြုလုပ်လာနိုင်ရန်၊

(ဂ) နိုင်ငံရေးဆွေးနွေးပွဲ မူဘောင်အရ အမျိုးသားလုံခြုံရေးဆိုင်ရာ ပြုပြင်ပြောင်းလဲရေး ကိစ္စရပ်များ အပါအဝင် အခြားကဏ္ဍဆိုင်ရာ အခြေခံမူများအတွက် ဆက်လက်ဆွေးနွေးရန်၊

**ဒေသအလိုက် အဆိုပြုတင်ပြချက်များ**

**၁။ ပဲခူးတိုင်းဒေသကြီး**

(က) ဒေသအလိုက်အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲကို ပဲခူးတိုင်းဒေသကြီးတွင် ကျင်းပနိုင်ရန်၊

(ခ) 'လူမျိုးအလိုက်နိုင်ငံရေးဆွေးနွေးပွဲ'ကို ဒေသအလိုက် ကရင်ပြည်သူလူထုများသိရှိရန် ထပ်ဆင့်ဆွေးနွေးပွဲများ ပြုလုပ်ရန်အတွက် စီစဉ်ပေးရန်၊

**၂။ အထက်မြန်မာပြည်**

(က) ငြိမ်းချမ်းရေးဖြစ်စဉ်နှင့် လာမည့် ဒုတိယအကြိမ် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ – (၂၁)ရာစုပင်လုံ ပြင်ဆင်ဆောင်ရွက်ထားမှု လုပ်ငန်းစဉ်အဆင့်ဆင့်တို့ကို ပိုမိုသိရှိနားလည်အောင် ပံ့ပိုးပေးရန်၊

(ခ) အထက်မြန်မာပြည်ရှိ သင့်လျော်သော ဒေသများဖြစ်သည့် နေပြည်တော်၊ မန္တလေးမြို့၊ လားရှိုးမြို့များတွင် လူမျိုးအလိုက် ကရင်လူမျိုးဆိုင်ရာ အမျိုးသားအဆင့် နိုင်ငံရေး

ဆွေးနွေးပွဲအကြောင်း ရှင်းလင်းတင်ပြခြင်းနှင့် လူထုတွေ့ဆုံပွဲကို သက်ဆိုင်ရာ တာဝန်ရှိသောပုဂ္ဂိုလ်များမှ စီစဉ်ဆောင်ရွက်ပေးရန်၊

## ၃။ ကယားပြည်နယ်

(က) ကယားပြည်နယ်ရှိ ကရင်လူမျိုးများအနေဖြင့် လူမျိုးအလိုက်ကျင်းပသော အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲဖြစ်စဉ် အဆင့်ဆင့်ကို အချိန်နှင့်တပြေးညီ သိရှိရန်အတွက် ပံ့ပိုးကူညီ ဆောင်ရွက်ပေးရန်၊

(ခ) ကယားပြည်နယ်အတွင်းရှိ ကရင်အမျိုးသားထုတရပ်လုံးမှ ငြိမ်းချမ်းရေးဆွေးနွေးပွဲဖြစ်စဉ်ကို ပိုမိုနားလည်သဘောပေါက်ရန်အတွက် လိုအပ်သလို ကူညီပံ့ပိုးပေးရန်၊

## ၄။ ဧရာဝတီတိုင်း

(က) ကရင်လူမျိုးအများစုနေထိုင်သော ဧရာဝတီတိုင်းဒေသကြီးတွင် နေထိုင်ကြသည့် ကရင်လူမျိုးများအားလုံးပါဝင်သော တွေ့ဆုံဆွေးနွေးပွဲတရပ် ကျင်းပနိုင်ရန်၊

## ၅။ မွန်ပြည်နယ်

(က) ဒေသခံကရင်လူထု၏ ဆန္ဒသဘောထားများကို ပြည်သူများ ပိုမိုကျယ်ပြန့်စွာ သိရှိရန်အတွက် လုပ်ဆောင်ပေးရန်၊

(ခ) ကရင်တိုင်းရင်းသားများနှင့် ကရင်မဟုတ်သော အခြားတိုင်းရင်းသားများ တွေ့ဆုံဆွေးနွေးမှုများ ပိုမိုလုပ်ဆောင်ရန်၊

(ဂ) ကရင်တိုင်းရင်းသား နေထိုင်ရာဒေသများတွင် တနိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးလုပ်ငန်းစဉ်များကို ပိုမိုကျယ်ပြန့်စွာ လုပ်ဆောင်ပေးရန်၊

## အဆိုပြုတင်ပြချက်များ (ကရင်လူငယ်များ)

(က) နိုင်ငံရေးဖြစ်စဉ်တိုင်းတွင် မှန်ကန်သော သတင်းများ ဖြန့်ဝေပေးရန်၊

(ခ) သတင်းဖြန့်ဝေခွင့်ပေးရန်၊

(ဂ) လူငယ်များကို ထဲထဲဝင်ဝင် ပါဝင်ခွင့်ပေးရန်၊

(ဃ) လူငယ်ရေးရာနှင့်ပတ်သက်၍ ကိုယ်တိုင်ပါဝင် ဆုံးဖြတ်ခွင့်ပေးရန်၊

(င) အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးမှုများတွင် ကဏ္ဍအလိုက် လူငယ်များ ပါဝင်ခွင့်ပြုရန်၊

## ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ – (၂၁)ရာစုပင်လုံ
## အမျိုးသားအဆင့် နိုင်ငံရေး ဆွေးနွေးပွဲ
## လူမျိုးအလိုက်ကျင်းပသော ပထမအကြိမ် ကရင်အမျိုးသား နိုင်ငံရေးဆွေးနွေးပွဲ

# အတည်ပြုချက်ရယူရန် တင်ပြခြင်း

၂၀၁၇ ခုနှစ်၊ ဇဝါရီလ (၂၀) ရက်

### တင်ပြချက် (၁)

လူမျိုးအလိုက် အမျိုးသားအဆင့်နိုင်ငံရေးဆွေးနွေးပွဲ (ကရင်လူမျိုး) မှ ဆွေးနွေးရရှိထားသော အမြင်သဘောထား စုစည်းချက်များအပေါ် အခြေခံ၍ ဆွေးနွေးရရှိသော ရလဒ်များဖြစ်သည့် နိုင်ငံရေးကဏ္ဍဆိုင်ရာ ဖက်ဒရယ်ပြည်ထောင်စုဖွဲ့စည်းပုံအခြေခံမူနှင့် ပြည်နယ်ဖွဲ့စည်းပုံ လမ်းညွှန်ချက် အခြေခံမူများ၊ စီးပွားရေးကဏ္ဍဆိုင်ရာ ဖက်ဒရယ်စနစ် စီးပွားရေးအခြေခံမူများ၊ လူမှုရေးကဏ္ဍဆိုင်ရာ ပြန်လည်နေရာချထားရေး၊ ပြန်လည်ထူထောင်ရေးနှင့် လူမှုဖွံ့ဖြိုးရေး အခြေခံမူများ၊ မြေယာနှင့် သဘာဝပတ်ဝန်းကျင်ကဏ္ဍဆိုင်ရာ မြေယာနှင့် သဘာဝသယံဇာတ အခြေခံမူများတို့ကို သဘာပတိကြီးမှ အတည်ပြုပေးပါရန် တင်ပြအပ်ပါသည်။

### တင်ပြချက် (၂)

လူမျိုးအလိုက် အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲ (ကရင်လူမျိုး) မှ ဆွေးနွေးရရှိထားသော အခြေခံမူများဖြစ်သည့် နိုင်ငံရေးကဏ္ဍဆိုင်ရာ ဖက်ဒရယ်ပြည်ထောင်စု ဖွဲ့စည်းပုံအခြေခံမူနှင့် ပြည်နယ်ဖွဲ့စည်းပုံ လမ်းညွှန်ချက် အခြေခံမူများ၊ စီးပွားရေးကဏ္ဍဆိုင်ရာ စီးပွားရေးနှင့် ဘဏ္ဍာရေးအခြေခံမူများ၊ လူမှုရေးကဏ္ဍဆိုင်ရာ ပြန်လည်နေရာချထားရေး၊ ပြန်လည်ထူထောင်ရေးနှင့် လူမှုဖွံ့ဖြိုးရေး အခြေခံမူများ၊ မြေယာနှင့် သဘာဝ ပတ်ဝန်းကျင်ကဏ္ဍဆိုင်ရာ မြေယာနှင့် သဘာဝ သယံဇာတ အခြေခံမူများတို့ကို ယခုကျင်းပပြုလုပ်သည့် ပထမအကြိမ် ကရင်လူမျိုးအလိုက် အမျိုးသားအဆင့် နိုင်ငံရေး ဆွေးနွေးပွဲမှသည် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ– (၂၁) ရာစုပင်လုံအထိ ကျင်းပပြုလုပ်သွားမည်ဖြစ်သော နိုင်ငံရေးဆွေးနွေးပွဲလုပ်ငန်းစဉ်အဆင့်ဆင့်တို့တွင် ဆက်လက်ဆောင်ရွက်နိုင်ပါရန်အတွက် သဘာပတိကြီးမှ အတည်ပြုပေးပါရန် တင်ပြအပ်ပါသည်။

### သဘောထားဆုံးဖြတ်ချက်အား အတည်ပြုချက်ရယူရန် တင်ပြခြင်း

ကရင်လူမျိုးအလိုက် အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲ ကျင်းပရေးကော်မတီ (KNDCC) အဖွဲ့ဝင် စောကြည်လင်းမှ လူမျိုးအလိုက် အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲ (ကရင်) သို့ သဘောထားဆုံးဖြတ်ချက်များအား အတည်ပြုပေးရန် တင်ပြခဲ့သည်။

### ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ – (၂၁)ရာစုပင်လုံ
### အမျိုးသားအဆင့် နိုင်ငံရေး ဆွေးနွေးပွဲ
### လူမျိုးအလိုက်ကျင်းပသော ပထမအကြိမ် ကရင်အမျိုးသား နိုင်ငံရေးဆွေးနွေးပွဲ

# ဆုံးဖြတ်ချက်များ

**၂၀၁၇ ခုနှစ်၊ ဇန်နဝါရီလ (၂၀) ရက်**

**ဆုံးဖြတ်ချက်များကို အတည်ပြုခြင်း**

ကရင်လူမျိုးအလိုက် အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲ ကျင်းပရေးကော်မတီ (KNDCC) အဖွဲ့ဝင် စောကြည်လင်းမှ လူမျိုးအလိုက် အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲ (ကရင်) သို့ အတည်ပြုပေးရန် တင်ပြလာသော သဘောထားဆုံးဖြတ်ချက် (၂) ချက်အား သဘာပတိကြီး အရှင်စန္ဒာဝရ မှ တက်ရောက်လာသော ကိုယ်စားလှယ်များ၏ သဘောထားများရယူပြီး ဆုံးဖြတ်ချက်များအဖြစ် အတည်ပြုသည်။

**ဆုံးဖြတ်ချက် (၁)**

လူမျိုးအလိုက် အမျိုးသားအဆင့်နိုင်ငံရေးဆွေးနွေးပွဲ (ကရင်လူမျိုး) မှ ဆွေးနွေးရရှိထားသော အမြင်သဘောထား စုစည်းချက်များအပေါ် အခြေခံ၍ ဆွေးနွေးရရှိသော ရလဒ်များဖြစ်သည့် နိုင်ငံရေး ကဏ္ဍဆိုင်ရာ ဖက်ဒရယ်ပြည်ထောင်စုဖွဲ့စည်းပုံ အခြေခံမူနှင့် ပြည်နယ်ဖွဲ့စည်းပုံ လမ်းညွှန်ချက် အခြေခံမူများ၊ စီးပွားရေးကဏ္ဍဆိုင်ရာ ဖက်ဒရယ်စနစ် စီးပွားရေးအခြေခံမူများ၊ လူမှုရေးကဏ္ဍဆိုင်ရာ ပြန်လည်နေရာချထားရေး၊ ပြန်လည်ထူထောင်ရေးနှင့် လူမှုဖွံ့ဖြိုးရေး အခြေခံမူများ၊ မြေယာနှင့် သဘာဝပတ်ဝန်းကျင်ကဏ္ဍဆိုင်ရာ မြေယာနှင့်သဘာဝသယံဇာတ အခြေခံမူများတို့ကို သဘာပတိကြီးမှ အတည်ပြုဆုံးဖြတ်သည်။

**ဆုံးဖြတ်ချက် (၂)**

လူမျိုးအလိုက် အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲ (ကရင်လူမျိုး) မှ ဆွေးနွေးရရှိထားသော အခြေခံမူများဖြစ်သည့် နိုင်ငံရေးကဏ္ဍဆိုင်ရာ ဖက်ဒရယ်ပြည်ထောင်စု ဖွဲ့စည်းပုံအခြေခံမူနှင့် ပြည်နယ်ဖွဲ့စည်းပုံ လမ်းညွှန်ချက် အခြေခံမူများ၊ စီးပွားရေးကဏ္ဍဆိုင်ရာ စီးပွားရေးနှင့် ဘဏ္ဍာရေး အခြေခံမူများ၊ လူမှုရေးကဏ္ဍဆိုင်ရာ ပြန်လည်နေရာချထားရေး၊ ပြန်လည်ထူထောင်ရေးနှင့် လူမှုဖွံ့ဖြိုးရေး အခြေခံမူများ၊ မြေယာနှင့် သဘာဝပတ်ဝန်းကျင်ကဏ္ဍဆိုင်ရာ မြေယာနှင့် သဘာဝ သယံဇာတ အခြေခံမူများတို့ကို ယခုကျင်းပပြုလုပ်သည့် ပထမအကြိမ် ကရင်လူမျိုးအလိုက် အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲမှသည် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ– (၂၁) ရာစုပင်လုံအထိ ကျင်းပပြုလုပ်သွားမည်ဖြစ်သော နိုင်ငံရေးဆွေးနွေးပွဲ လုပ်ငန်းစဉ်အဆင့်ဆင့်တို့တွင် ဆက်လက် ဆောင်ရွက်နိုင်ပါရန်အတွက် သဘာပတိကြီးမှ အတည်ပြုဆုံးဖြတ်သည်။

### ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ – (၂၁)ရာစုပင်လုံ
### အမျိုးသားအဆင့် နိုင်ငံရေး ဆွေးနွေးပွဲ
### လူမျိုးအလိုက်ကျင်းပသော ပထမအကြိမ် ကရင်အမျိုးသား နိုင်ငံရေးဆွေးနွေးပွဲ

# ဆရာတော်အရှင် စန္ဒာဝရ မှ စာတမ်းများကို အတည်ပြုမှတ်တမ်းတင်ခြင်း

**၂၀၁၇ ခုနှစ်၊ ဇန်နဝါရီလ (၂၀) ရက်**

ခုနက ဗိုလ်မှူးကြီးစောကျော်သန်းဌေးတင်ပြသွားတဲ့ ကရင်လူမျိုးအလိုက် အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲကျင်းပရေးကော်မတီ (KNDCC) အဆိုတင်ပြချက်များ၊ ဒေသအလိုက်အဆိုတင်ပြချက်များ၊ ကရင်လူငယ်များ၏ အဆိုပြုချက်များကို မှတ်တမ်းအဖြစ် ဦးဇင်းတို့ ထိန်းသိမ်းသွားမှာဖြစ်ပါတယ်။ မှတ်တမ်းဆိုတာကတော့ တနေကျရင် ပြန်ပြီးတော့ အသုံးပြုသွားမယ်။ အဲ့ဒါကြောင့်မို့လို့ အဆိုပြုထားတဲ့အတိုင်း အဲ့ဒီအဆိုပြုတင်ပြချက်များကို သဘာပတိအဖွဲ့ကနေပြီးတော့ 'မှတ်တမ်းတင်ကြောင်း' ကြေညာအပ်ပါသည်။

သုံးရက်တာကာလ ဆွေးနွေးသွားခဲ့တဲ့ ဆွေးနွေးစရာတွေမှာ နိုင်ငံရေးကဏ္ဍ၊ နောက်ပြီးတော့ စီးပွားရေးကဏ္ဍ၊ လူမှုရေးကဏ္ဍ၊ မြေယာနှင့် သဘာဝ သယံဇာတကဏ္ဍတွေကို ဒီဆွေးနွေးမှု၏ရလဒ်သည် ကရင် 'မူ' အဖြစ် နားလည်ထားတယ်။ ဒီမှာစာရေးထားတာက ခပ်ရှုပ်ရှုပ် 'ကရင်အမျိုးသားရဲ့ ကိုင်ထားတဲ့ မူဝါဒအဖြစ် အတည်ပြုပေးပါရန်' တင်ပြအပ်ပါသည်။ အဲဒီတော့ 'အတည်ပြုပေးပါရန်' ဆိုတော့ သဘာပတိကလည်း နောက်လိုက်တွေနဲ့ထပ်တူပေါ့။ သဘာပတိဆိုတာကတော့ ပွဲသိမ်း။ ပွဲသိမ်းဆိုတာ ပွဲပါဝင်သူများအားလုံးနဲ့ ထပ်တူတယ်။

ဒီကနေ့ဆွေးနွေးထားတဲ့ ပထမအကြောင်းအရာ ၄ ချက် ဖြစ်ပါတယ်။ အဲဒီ ၄ ချက်ကို အတည်ပြုဆုံးဖြတ်ဖို့ရန် အချိန်ကျလာပြီးဖြစ်တဲ့အတွက် ဆုံးဖြတ်ဖို့ 'သဘောတူပါသလား' (ကိုယ်စားလှယ်ခေါင်းဆောင်များက 'သဘောတူပါတယ်')၊ သေချာပဲပြောနော်။ ဆုံးဖြတ်ချက်အတည်ပြုမယ်။ ဆွေးနွေးလာခဲ့တဲ့အရာ၊ အဲဒီဆွေးနွေးချက်တွေ ဝေထားတာရှိပါတယ်။ အဲဒါကိုလည်းပဲ အကြံပေး၊ အကြံယူတာတွေအတွက်လည်း ဖိတ်ခေါ်ထားတာရှိတယ်။ အခုမှာတော့ နားလည်အောင် ကရင်အမျိုးသားတွေရဲ့ကိုင်စွဲရပ်တည်မည့် 'မူ' အဖြစ် ကိုင်စွဲရပ်တည်မယ်။ 'သဘောတူပါသလား' (ကိုယ်စားလှယ်ခေါင်းဆောင်များက 'သဘောတူပါတယ်')။ နှစ်ကြိမ်ရှိပြီးနော်။ နောက်တကြိမ်၊ ဆွေးနွေးထားတာကတော့ ခုနကဏ္ဍ ၄ ရပ်၊ ဒီထဲမှာ တင်ထားတာ ၄ ရပ်။ တချက်ကျန်သေးတယ်။ တချက်မပါသေးဘူး၊ ၄ ချက်ပဲ။ အဲဒီ ၄ ချက်ကို ကရင်အမျိုးသားတွေရဲ့ ရပ်တည်ကိုင်စွဲမည့် ကရင် 'မူ' အဖြစ် အတည်ပြုဆုံးဖြတ်ဖို့ရန် အဆိုပြုလာတဲ့အတွက်ကြောင့် အတည်ပြုမယ်။ 'သဘောတူလား' (ကိုယ်စားလှယ်ခေါင်းဆောင်များက 'သဘောတူပါတယ်')။ ဒီကနေ့ ဆွေးနွေးပွဲကနေပြီးတော့ ပရိသတ်တွေလည်း သဘောတူတဲ့အတွက်ကြောင့် သဘာပတိအဖွဲ့ဝင်ဖြစ်တဲ့ ပုဂ္ဂိုလ်များကလည်းပဲ 'ကရင့်မူ' အဖြစ် ဆွေးနွေးခဲ့တဲ့အရာများကို 'သဘောတူကြောင်း' အတည်ပြု

သည်။

ဒီအတည်ပြုထားတဲ့ ကရင်မူတွေကို ပြည်ထောင်စုညီလာခံ (၂၁) ပင်လုံမှာ သွားပြီးတော့ ဆွေးနွေးမယ်။ အဲ့ဒီဟာကို သွားပြီးတော့ တင်ပြမယ်။ ဆက်လက်ဆွေးနွေးနိုင်ရန်အတွက် အတည်ပြုမယ်ဆိုတာ။ (၂၁) ပင်လုံအထိ ကျင်းပသွားမည်ဖြစ်သော နိုင်ငံရေးဆွေးနွေးပွဲလုပ်ငန်းစဉ်အဆင့်ဆင့်တို့တွင် ဆက်လက်ဆောင်ရွက်နိုင်ရန်။ ဒါကိုပဲ ဆက်လက်အသုံးပြုသွားပြီးတော့ အဲ့ဒါကို သဘာပတိကြီးက အတည်ပြုပေးပါရန် တင်ပြလာတဲ့အပေါ် သဘာပတိက သဘာပတိချည်းပဲ ဦးစီးပြီးတော့ မလုပ်ဘူး။ နောက်လိုက်တွေပါတယ်။ အဖွဲ့ဝင်တွေအားလုံးပါတယ်။ အတည်ပြုဖို့ အချိန်ကျလာပြီဖြစ်တဲ့အတွက် အတည်ပြုဖို့ရန် 'သဘောတူလား' (ကိုယ်စားလှယ်ခေါင်းဆောင်များက 'သဘောတူပါတယ်') နှစ်ကြိမ်မေးမယ်။ 'သဘောတူလား' (ကိုယ်စားလှယ်ခေါင်းဆောင်များက 'သဘောတူပါတယ်')။ နောက်တကြိမ်ပဲ ကျန်တော့တယ်။ တောင်ကလေးဆရာတော်က သဘောတူလား၊ မတူလား သိပ်မပြောဘူး။ မတူရင်လည်း ထပ်ဖြည့်ကြတာပေါ့နော်။ ထပ်ဖြည့်လို့ရတယ်။ ပယ်ဖို့တော့ မဟုတ်ဘူး။ သဘောပေါက်ပါစေ။ ပယ်ဖို့တော့ မဟုတ်ဘူး။ ထပ်ဖြည့်လို့တော့ ရပါတယ်။ တံခါးပေါက် ဖွင့်ထားပါတယ်။ အဲဒါကြောင့်မို့လို့ ဆွေးနွေးရထားတဲ့ မူကြမ်းသည် ကရင်မူအဖြစ်သတ်မှတ်ပြီး ဒီမူကို ပြည်ထောင်စုအထိ ဆက်လက်သယ်ဆောင်သွားပြီးတော့ ဆက်လက်ဆွေးနွေးမှာ ဖြစ်ကြောင်းဆိုတာ၊ အတည်ပြုပေးပါဆိုတဲ့အတွက်ကြောင့်မို့လို့ မေးလိုက်တဲ့အခါကြတော့ သဘောတူတဲ့အတွက်ကြောင့်မို့လို့ သဘာပတိအဖွဲ့ကလည်း 'အတည်ပြုပေးပါကြောင်း' အသိပေးအပ်ပါသည်။

### ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ – (၂၁)ရာစုပင်လုံ
### အမျိုးသားအဆင့် နိုင်ငံရေး ဆွေးနွေးပွဲ
### လူမျိုးအလိုက်ကျင်းပသော ပထမအကြိမ် ကရင်အမျိုးသား နိုင်ငံရေးဆွေးနွေးပွဲ

# မှတ်တမ်းတင်ခြင်း

(၁) လူမျိုးအလိုက်ကျင်းပသော ပထမအကြိမ် ကရင်အမျိုးသား နိုင်ငံရေးဆွေးနွေးပွဲ ဦးဆောင်ကော်မတီ၊ ကျင်းပရေးကော်မတီ၊ နည်းပညာအထောက်အကူပြုအဖွဲ့၊ ပံ့ပိုးကူညီပေးကြသော ကရင်အနုပညာရှင်များ၊ ကရင်အမျိုးသားများ၊ တက်ရောက်လာကြသော ခေါင်းဆောင်ကိုယ်စားလှယ်များ၊ အထူးဧည့်သည်တော်များအားလုံးကိုလည်း ကျေးဇူးတင်ရှိပါကြောင်း မှတ်တမ်းတင်သည်။

(၂) ကရင်ပြည်နယ်အစိုးရအဖွဲ့မှ လူမျိုးအလိုက်ကျင်းပသော ပထမအကြိမ် ကရင်အမျိုးသား နိုင်ငံရေးဆွေးနွေးပွဲဖြစ်မြောက်ရေးအတွက် ပံ့ပိုးကူညီပေးကြသည့် ကော်မတီအသီးသီးအား ကျေးဇူးတင်ရှိပါကြောင်း မှတ်တမ်းတင်သည်။

(၃) လူမျိုးအလိုက်ကျင်းပသော ပထမအကြိမ် ကရင်အမျိုးသား နိုင်ငံရေးဆွေးနွေးပွဲဖြစ်မြောက်အောင်မြင်ရေးအတွက် ပြည်ထောင်စု ငြိမ်းချမ်းရေးပူးတွဲကော်မတီ (UPDJC) ၏ လမ်းညွှန်မှုဖြင့် ဖွဲ့စည်းထားသော အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲ ကြီးကြပ်မှုကော်မတီ (ကရင်ပြည်နယ်) အား ကျေးဇူးတင်ရှိပါကြောင်း မှတ်တမ်းတင်သည်။

(၄) လူမျိုးအလိုက်ကျင်းပသော ပထမအကြိမ် ကရင်အမျိုးသား နိုင်ငံရေးဆွေးနွေးပွဲ အဆင်ပြေချောမွေ့စွာ ကျင်းပနိုင်ရန်အတွက် စိတ်ရှည်စွာ ပြင်ဆင်ဆောင်ရွက်ပေးပါသော သီရိဘားအံဟိုတယ်မှ ဝန်ထမ်းများအားလုံးကိုလည်း ကျေးဇူးတင်ရှိပါကြောင်း မှတ်တမ်းတင်သည်။

(၅) လူမျိုးအလိုက်ကျင်းပသော ပထမအကြိမ် ကရင်အမျိုးသား နိုင်ငံရေးဆွေးနွေးပွဲသို့ အဆိုပြုတင်ပြလာသော အဆိုပြုချက်များအားလုံးကို ဤဆွေးနွေးပွဲမှ မှတ်တမ်းတင်သည်။

### ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ – (၂၁)ရာစုပင်လုံ
### အမျိုးသားအဆင့် နိုင်ငံရေး ဆွေးနွေးပွဲ
### လူမျိုးအလိုက်ကျင်းပသော ပထမအကြိမ် ကရင်အမျိုးသား နိုင်ငံရေးဆွေးနွေးပွဲ

# ထုတ်ပြန်ကြေညာချက်

နေ့စွဲ– ၂၀၁၇ ခုနှစ်၊ ဇန်နဝါရီလ ၂၀ ရက်

ပထမအကြိမ် လူမျိုးအလိုက်ကျင်းပသော ကရင်အမျိုးသား နိုင်ငံရေးဆွေးနွေးပွဲကို ကရင်ပြည်နယ်၊ ဘားအံမြို့၊ သီရိဘားအံဟိုတယ်တွင် ၂၀၁၇ ခုနှစ် ဇန်နဝါရီလ ၁၈–၂၀ ရက်နေ့အထိ ကျင်းပပြုလုပ်ခဲ့သည်။ ကရင်အမျိုးသားနိုင်ငံရေးဆွေးနွေးပွဲသို့ ကေအဲန်ယူ–ကရင်အမျိုးသားအစည်းအရုံး၊ ဒီမိုကရေစီအကျိုးပြု ကရင်တပ်မတော် (DKBA), KNU/KNLA-Peace Council, ကရင်နိုင်ငံရေးပါတီများ၊ ဘာသာရေးခေါင်းဆောင်များ၊ ကရင်လူမျိုးများနေထိုင်ရာဒေသများဖြစ်သော ကရင်ပြည်နယ်၊ မွန်ပြည်နယ်၊ ကယားပြည်နယ်၊ တနင်္သာရီတိုင်း၊ ပဲခူးတိုင်း၊ ရန်ကုန်တိုင်း၊ ဧရာဝတီတိုင်းနှင့် အထက်မြန်မာပြည်နယ်ဒေသတို့မှ ဒေသကိုယ်စားလှယ်များ၊ ကရင်လူမှုအဖွဲ့အစည်းများ၊ ကရင်အမျိုးသမီးများ၊ ကရင်လူငယ်များ၊ ကရင်တတ်သိပညာရှင်များ၊ တိုင်းရင်းသားကိုယ်စားလှယ်များ၊ အထူးဖိတ်ကြားထားသော နိုင်ငံတော်အစိုးရ အကြီးအကဲများနှင့် ကရင်ပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ နိုင်ငံတကာသံတမန်များ စုစုပေါင်း ၆၀၀ ဦးကျော် တက်ရောက်ပါဝင်ဆွေးနွေးခဲ့ပါသည်။

ပထမအကြိမ် လူမျိုးအလိုက်ကျင်းပသော ကရင်အမျိုးသားနိုင်ငံရေးဆွေးနွေးပွဲမှ ဆွေးနွေးရရှိထားသော အမြင်သဘောထား စုစည်းချက်များအပေါ် အခြေခံ၍ ဆွေးနွေးရရှိသော ရလဒ်များဖြစ်သည့် နိုင်ငံရေးကဏ္ဍဆိုင်ရာမှ ဖက်ဒရယ်ပြည်ထောင်စု ဖွဲ့စည်းပုံအခြေခံမူနှင့် ပြည်နယ်ဖွဲ့စည်းပုံလမ်းညွှန်ချက် အခြေခံမူများ၊ စီးပွားရေးကဏ္ဍဆိုင်ရာမှ ဖက်ဒရယ်စနစ် စီးပွားရေးအခြေခံမူများ၊ လူမှုရေးကဏ္ဍဆိုင်ရာမှ ပြန်လည်နေရာချထားရေး၊ ပြန်လည်ထူထောင်ရေးနှင့် လူမှုဖွံ့ဖြိုးရေးအခြေခံမူများ၊ မြေယာနှင့်သဘာဝပတ်ဝန်းကျင်ကဏ္ဍဆိုင်ရာ မြေယာနှင့်သဘာဝသယံဇာတအခြေခံမူများတို့ကို ယခု ကျင်းပပြုလုပ်သည့် လူမျိုးအလိုက် အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲ (ကရင်) မှသည် ပြည်ထောင်စု ငြိမ်းချမ်းရေးညီလာခံ– (၂၁)ရာစု ပင်လုံအထိ ကျင်းပပြုလုပ်သွားမည်ဖြစ်သော နိုင်ငံရေးဆွေးနွေးပွဲ လုပ်ငန်းစဉ်အဆင့်ဆင့်တို့တွင် ဆက်လက်ဆောင်ရွက်နိုင်ပါရန်အတွက် သဘောတူဆုံးဖြတ် အတည်ပြုသည်။

ပထမအကြိမ် လူမျိုးအလိုက်ကျင်းပသော ကရင်အမျိုးသားနိုင်ငံရေးဆွေးနွေးပွဲမှ ရရှိလာသော ရလဒ်များနှင့် မှတ်တမ်းများကို အစည်းအဝေးမှ ဆက်လက်ဆောင်ရွက်ရန် အတည်ပြုခဲ့ကြသည်။ ပထမအကြိမ် လူမျိုးအလိုက်ကျင်းပသော ကရင်အမျိုးသားနိုင်ငံရေးဆွေးနွေးပွဲ တက်ရောက်သော ကိုယ်စားလှယ်များတို့မှ အားလုံးပါဝင်လျှက် အဓိပ္ပါယ်ပြည့်ဝပြီး ဂုဏ်သိက္ခာရှိသော နိုင်ငံရေး

ဆွေးနွေးပွဲများ ပေါ်ပေါက်လာစေရေးအတွက် အောက်ပါအဆိုပြုချက်များကို အဆိုပြုသည်။

(က) အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲများကို လူမျိုးအလိုက်၊ ဒေသအလိုက်၊ အကြောင်းအရာအလိုက် နိုင်ငံရေဆွေးနွေးပွဲ ခေါ်ယူကျင်းပနိုင်ခွင့်ရှိသည့် အစုအဖွဲ့များဖြင့် အဆင်သင့်ဖြစ်နေသော နေရာဒေသများတွင် ပိုမိုကျယ်ပြန့်စွာ ကျင်းပပြုလုပ်ပေးပါရန်။

(ခ) ဒီမိုကရေစီ ဖက်ဒရယ်ပြည်ထောင်စု တည်ဆောက်ရေးအတွက် တနိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေး သဘောတူစာချုပ် (NCA) တွင် 'လက်မှတ်ရေးထိုးခြင်း မပြုလုပ်နိုင်သေးသည့် တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများအပေါ် ပစ်ခတ်တိုက်ခိုက်မှုများ ရပ်စဲပြီး' NCA တွင် အမြန်ဆုံးပါဝင်လက်မှတ်ထိုးနိုင်ရန်အတွက် အစိုးရ၊ တပ်မတော်မှ ပိုမိုလမ်းဖွင့်ပေးရန်နှင့် အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲများ ကျင်းပလာနိုင်ရန် တောင်းဆိုသည်။

(ဂ) နိုင်ငံရေးဆွေးနွေးပွဲမူဘောင်အရ အမျိုးသားလုံခြုံရေးဆိုင်ရာ အခြေခံမူအပါအဝင် အခြားကဏ္ဍဆိုင်ရာ အခြေခံမူများအတွက် ဆက်လက်ဆွေးနွေးရန် အဆိုပြုသည်။

ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စု တည်ဆောက်နိုင်ရေးအတွက် ကရင်လူမျိုးများအားလုံး အပါအဝင် တိုင်းရင်းသားလူမျိုးများ၊ နိုင်ငံတော်အစိုးရ၊ တပ်မတော်သားများ၊ ပါဝင်သင့်ပါဝင်ထိုက်သူများ အတူတကွပါဝင်ပြီး နိုင်ငံရေးပြဿနာကို နိုင်ငံရေးနည်းဖြင့် တွေ့ဆုံဆွေးနွေးအဖြေရှာရေး၊ နိုင်ငံရေးယဉ်ကျေးမှုသစ်ဖြင့် သမိုင်းမော်ကွန်းတင်ပါစေကြောင်း ဤပထမအကြိမ် လူမျိုးအလိုက် အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲ (ကရင်) မှ ထုတ်ပြန်ကြေငြာအပ်ပါသည်။

**ကျင်းပရေးကော်မတီ**
**လူမျိုးအလိုက် အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲ (ကရင်)**

ဆက်သွယ်ရန် –

| | | |
|---|---|---|
| ၁။ | ပဒိုစောလှထွန်း | – ၀၉၂၅၂၇၃၂၈၆၂ |
| ၂။ | ဖိုလ်မှူးကြီးစောကျော်ညွန့် | – ၀၉၂၆၀၆၁၅၃၄၅ |
| ၃။ | စောကြည်လင်း | – ၀၉၈၇၃၁၆၀၅ |
| ၄။ | ဖိုလ်မှူးကြီးစောကျော်သန်းဌေး | – ၀၉၇၉၁၅၉၆၅၅၄ |
| ၅။ | နန့်ခင်အေးဦး | – ၀၉၇၉၅၉၂၂၅၁၉ |

# လူမျိုးအလိုက်အမျိုးသားအဆင့်နိုင်ငံရေးဆွေးနွေးပွဲ (ကရင်) သို့ ပေးပို့သော သဝဏ်လွှာများ

ရခိုင်ပြည်နယ်အစိုးရအဖွဲ့ရုံး၊ ပြည်နယ်ဝန်ကြီးချုပ်မှပေးပို့လာသော မေတ္တာသဝဏ်လွှာ

FROM : FAX NO. : 3 Jan. 2005 7:21AM P1




လူမျိုးအလိုက်အမျိုးသားအဆင့်နိုင်ငံရေးဆွေးနွေးပွဲ

(ကရင်ပြည်နယ်)

မေတ္တာသဝဏ်လွှာ

ငြိမ်းချမ်းသောအနာဂတ် မြန်မာနိုင်ငံတော်အတွက် ၂၁–ရာစု ပင်လုံငြိမ်းချမ်းရေး ညီလာခံကြီးကို အောင်အောင်မြင်မြင်ကျင်းပနိုင်ရေး ညီအစ်ကို တိုင်းရင်းသားများအားလုံး ချစ်ချစ်ခင်ခင် စည်းစည်းလုံးလုံးညီညီညွတ်ညွတ်လက်တွဲကြိုးစားဆောင်ရွက်ကြပါစို့ . . .

16/1/17

ညီပု

ရခိုင်ပြည်နယ်ဝန်ကြီးချုပ်

## ကချင်ပြည်နယ်အစိုးရအဖွဲ့ ပြည်နယ်ဝန်ကြီးချုပ်မှပေးပို့လာသော မေတ္တာသဝဏ်လွှာ

FROM :KACHINGATE FAX NO. :974224366 15 Jan. 2017 11:21PM P2

" ပြည်တွင်းငြိမ်းချမ်းရေးနှင့် အမျိုးသားပြန်လည်သင့်မြတ်ရေးတို့အတွက် မေတ္တာတရားကို အခြေခံ၍ စုပေါင်းဆွေးနွေး ညှိနှိုင်းအဖြေရှာခြင်းဖြင့် စစ်မှန်သောဒီမိုကရေစီ ပက်ဒရယ် ပြည်ထောင်စုကြီး ဖြစ်ပေါ်လာရေး ဦးတည် လျှောက်လှမ်း အကောင်အထည်ဖော် ဆောင်ရွက်နေမှုများကို လိုက်လှဲ ဝမ်းမြောက် ဂုဏ်ပြုပါကြောင်း ဆုမွန်ကောင်းတောင်း ပို့သအပ်ပါသည်။ "

ဒေါက်တာခက်ထောင်
ပြည်နယ်ဝန်ကြီးချုပ်
ကချင်ပြည်နယ်အစိုးရအဖွဲ့

ကယားပြည်နယ်အစိုးရအဖွဲ့ ပြည်နယ်ဝန်ကြီးချုပ်မှပေးပို့လာသော မေတ္တာသဝဏ်လွှာ

**လူမျိုးအလိုက် အမျိုးသားအဆင့်နိုင်ငံရေးဆွေးနွေးပွဲ**

**မေတ္တာသဝဏ်**

လေးစားစွာဖြင့်

အယ်လ်ဖောင်းရှို
ပြည်နယ်ဝန်ကြီးချုပ်
ကယားပြည်နယ်အစိုးရအဖွဲ့

"အစိုးရအဖွဲ့၊ တပ်မတော်အဖွဲ့၊ တိုင်းရင်းသားများ အဖွဲ့အစည်းများအားလုံးဟာ ဘယ်သူတွေက ပိုပြီးတော့ သဘောထားကြီးနိုင်သလဲ။ ဘယ်သူတွေက ပိုပြီးတော့ ခွင့်လွှတ်သည်းခံနိုင်သလဲ။ ဘယ်သူတွေက နိုင်ငံရဲ့အနာဂတ်ကို အတိတ်ထက်ပိုပြီးတော့ တန်ဖိုးထားနိုင်သလဲ ဆိုတဲ့နေရာမှာပဲ ပြိုင်ကြပါလို့ ပြောချင်ပါတယ်။ (Fire Power) တိုက်ခြင်း၊ ခိုက်ခြင်း၊ တိုက်နိုင်တဲ့အရည်အချင်းကို ပြိုင်မယ့်အစား ငြိမ်းချမ်းအောင် လုပ်နိုင်တဲ့ အင်အားကို၊ အရည်အချင်းကို ပြိုင်ကြပါလို့ မေတ္တာရပ်ခံချင်ပါတယ်"

(နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ၏ ၁၅.၁၀.၂၀၁၆ ရက်နေ့တွင် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA) လက်မှတ်ရေးထိုးခြင်း နှစ်ပတ်လည်နေ့တွင် ပြောကြားခဲ့သည့် မိန့်ခွန်းမှ ကောက်နုတ်ချက်)

## ရှမ်းပြည်နယ်အစိုးရအဖွဲ့ရုံး၊ ပြည်နယ်ဝန်ကြီးချုပ်မှပေးပို့လာသော မေတ္တာသဝဏ်လွှာ

FROM :          FAX NO. :          28 Mar. 2041  5:12PM  P1

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ပြည်နယ်အစိုးရအဖွဲ့
ရှမ်းပြည်နယ်

စာအမှတ်၊(၅၅၂ )/၈ - ၃၅၀ / အစရ( ရှမ်း)
ရက်စွဲ၊ ၂၀၁၇ခုနှစ်၊ ဇန်နဝါရီလ ၁၄ ရက်

သို့

ပြည်နယ်ဝန်ကြီးချုပ်
ကရင်ပြည်နယ်အစိုးရအဖွဲ့
ဘားအံမြို့

ကရင်ပြည်နယ်အစိုးရအဖွဲ့
ဝင်စာအမှတ် ၁၁၃၀ (ရှမ်း)
မှတ်ပုံတင်နေ့စွဲ/အချိန် ၁၄.၁.၁၇

အကြောင်းအရာ။ မေတ္တာသဝဏ်လွှာပေးပို့ခြင်း

ကရင်ပြည်နယ်၊ ဘားအံမြို့၊ သီရိဘားအံဟိုတယ်၌ (၁၈.၁.၂၀၁၇)ရက်နေ့မှ (၂၀.၁.၂၀၁၇) ရက်နေ့အထိ ကျင်းပပြုလုပ်မည့် လူမျိုးအလိုက် အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲ (ကရင်)သို့ ရှမ်းပြည်နယ်အစိုးရအဖွဲ့၊ ပြည်နယ်ဝန်ကြီးချုပ်မှပေးပို့သော မေတ္တာသဝဏ်လွှာအား ပူးတွဲပါအတိုင်း ပေးပို့အပ်ပါသည်။

ပူးတွဲပါ- မေတ္တာသဝဏ်လွှာ (၁)စုံ

ပြည်နယ်ဝန်ကြီးချုပ်( [illegible] )
( [illegible] )

မိတ္တူကို
ရုံးလက်ခံ
မျှောစာတွဲ

FROM : FAX NO. : 20 Mar. 2041 5:12PM P2

# လူမျိုးအလိုက် အမျိုးသားအဆင့်နိုင်ငံရေးဆွေးနွေးပွဲ(ကရင်)သို့ ရှမ်းပြည်နယ်အစိုးရအဖွဲ့၊ ပြည်နယ်ဝန်ကြီးချုပ်မှ ပေးပို့သော မေတ္တာသဝဏ်လွှာ

၂၀၁၇ ခုနှစ်၊ ဇန်နဝါရီလ ၁၈ ရက်

ချစ်ခင်လေးစားအပ်ပါသော ကရင်ပြည်နယ်အတွင်းရှိ တိုင်းရင်းသား မိဘပြည်သူ ညီအစ်ကိုမောင်နှမများနှင့် လူမျိုးအလိုက် အမျိုးသားအဆင့်နိုင်ငံရေးဆွေးနွေးပွဲသို့ တက်ရောက်လာသူ အားလုံး မင်္ဂလာပါခင်ဗျား

ကရင်ပြည်နယ်၊ ဘားအံမြို့၊ သီရိဘားအံဟိုတယ်၌ ၁၈.၁.၂၀၁၇ ရက်နေ့မှ ၂၀.၁.၂၀၁၇ ရက်နေ့အထိ ကျင်းပပြုလုပ်မည့် လူမျိုးအလိုက် အမျိုးသားအဆင့်နိုင်ငံရေးဆွေးနွေးပွဲ (ကရင်)သို့ မေတ္တာသဝဏ်လွှာ ပေးပို့ခွင့်ရသည့်အတွက် များစွာဂုဏ်ယူ ဝမ်းမြောက်မိပါသည်။

မြန်မာနိုင်ငံအနေဖြင့် လွတ်လပ်ရေးရရှိပြီးနောက် အတိတ်သမိုင်းတွင် ကျွန်တော်တို့ တိုင်းရင်းသားညီရင်းအစ်ကို မောင်ရင်းနှမများအကြား အကြောင်းအမျိုးမျိုးကြောင့် သံသယများ၊ ပဋိပက္ခများပေါ်ပေါက်ခဲ့ရသည့်အတွက် နိုင်ငံတော်၏ ဖွံ့ဖြိုးတိုးတက်မှု၊ အေးချမ်းတည်ငြိမ်မှုများကို အဟန့်အတားဖြစ်စေခဲ့ပါသည်။ လွတ်လပ်ပင် လွတ်လပ်ငြားသော်လည်း လက်နက်ကိုင် ပဋိပက္ခများကြောင့် ကျွန်တော်တို့ ရှမ်းပြည်နယ်အပါအဝင် မြန်မာနိုင်ငံ၏ဒေသအချို့သည် လွတ်လပ်ရေး၏ အသီးအပွင့်ကို တင်းပြည့်ကျပ်ပြည့် ခံစားနိုင်ခြင်းမရှိဘဲ အနာဂတ်များ ပျောက်ဆုံးကာ အေးငြိမ်းမှု ကင်းဝေးခဲ့ရသည်မှာ စိတ်မချမ်းမြေ့ဖွယ်ရာဖြစ်ပါသည်။

ယနေ့အချိန်အခါတွင် တိုင်းရင်းသားသွေးချင်းများအနေဖြင့် သံသယများနှင့် ပဋိပက္ခများ ကင်းစင်ပပျောက်ပြီး ရေရှည်တည်တံ့သည့် စစ်မှန်သော ငြိမ်းချမ်းရေးရရှိနိုင်ရေးနှင့် ဒီမိုကရေစီဖက်ဒရယ် ပြည်ထောင်စု တည်ဆောက်ရန် ကျွန်တော်တို့ ရှမ်းပြည်နယ်အပါအဝင် တိုင်းရင်းသားသွေးချင်းညီအကို မောင်နှမများက နည်းလမ်းပေါင်းစုံဖြင့် ကြိုးပမ်းဆောင်ရွက်လျက်ရှိပါသည်။ ယနေ့အချိန်အခါတွင် ကရင်ပြည်နယ်အနေဖြင့်လည်း လူမျိုးအလိုက် အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲ အောင်မြင်စွာ ကျင်းပနိုင်ခြင်းသည် များစွာဂုဏ်ယူဖွယ်ရာဖြစ်ပါသည်။ နိုင်ငံတော်အစိုးရကလည်း ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ(၂၁) ရာစုပင်လုံ ကျင်းပခြင်းဖြင့် အမျိုးသားပြည်လည်သင့်မြတ်ရေးနှင့် ပြည်ထောင်စုငြိမ်းချမ်းရေး လုပ်ငန်းစဉ်ကို ကြိုးပမ်းဆောင်ရွက်လျှက်ရှိပါသည်။ လက်နက်ကိုင် ပဋိပက္ခများကြောင့် နိုင်ငံတော်ဖွံ့ဖြိုးမှုများလည်း ဆယ်စုနှစ်များစွာ နောက်ကျကျန်ရစ်ခဲ့ရသည်ကိုလည်း အထင်အရှားတွေ့မြင်ခဲ့ကြရပြီးဖြစ်ပါသည်။ ထို့ကြောင့် စုပေါင်းတွေ့ဆုံ၊ စုပေါင်းဆွေးနွေး၊ စုပေါင်းအဖြေရှာကြမည့် နည်းလမ်းနှင့် ဆောင်ရွက်သွားကြရမည်ဖြစ်ပါသည်။

နိုင်ငံရေးဆွေးနွေးပွဲများသည် တန်းတူညီတူအခွင့်အရေးကို အာမခံခြင်း၊ ပြည်ထောင်စုသားတိုင်းရင်းသားအချင်းချင်းအပြန်အလှန်လေးစားခြင်း၊ အပြန်အလှန် ယုံကြည်မှုရရှိပြီး ညှိနှိုင်းဆွေးနွေးအဖြေရှာခြင်းအပေါ် များစွာအကျိုးသက်ရောက်စေမှာ ဖြစ်ပါသည်။ ထို့ကြောင့် အမျိုးသားရင်ကြားစေ့ရေးမူကို အခြေခံသော နိုင်ငံရေး တွေ့ဆုံဆွေးနွေးပွဲများကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်

ခြင်းအတွက် ဝမ်းမြောက်ဂုဏ်ယူမိပါသည်။ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် အမျိုးသား ညီညွတ်ရေးမှတဆင့် ပြည်ထောင်စုငြိမ်းချမ်းရေးကို တည်ဆောက်နိုင်ပြီး အခြားဒေသတွင်းနိုင်ငံများ၊ ကမ္ဘာ့နိုင်ငံများနှင့် ရင်ဘောင်တန်းနိုင်မည်ဖြစ်ပါသည်။

၂၁ရာစု ပင်လုံညီလာခံကြီးကို အောင်အောင်မြင်မြင် ကျင်းပနိုင်ခဲ့သည့်အတွက် ပါဝင်ပတ်သက်သူများအကြား ယုံကြည်မှုများ ပိုမိုခိုင်မာလာစေခဲ့ပြီးဖြစ်ပါသည်။ မတူကွဲပြားသော သဘောထားအမြင်များ ရှိခဲ့ကြသော်လည်း ၂၁ ရာစု ပင်လုံညီလာခံကြီးကို အောင်မြင်အောင် ဘုံရည်မှန်းချက်ထားပြီး ကြိုးပမ်းဆောင်ရွက်ခဲ့ကြပါသည်။ ယခုဆွေးနွေးပွဲမှ ကြိုးပမ်း ဆောင်ရွက်ခဲ့မှုများသည်လည်း ကရင်ပြည်နယ်ရှိ အနာဂတ်မျိုးဆက်သစ်များအတွက် စိတ်ရောကိုယ်ပါ ငြိမ်းချမ်းလုံခြုံစွာ ရှင်သန်ကြီးပြင်းလာနိုင်စေမည်ဟု ယုံကြည်မိပါသည်။

နိုင်ငံတော်အတိုင်ပင်ခံပုဂ္ဂိုလ်မှလည်း ၂၁ရာစု ပင်လုံညီလာခံကြီးပြီးသည့်နောက် အမျိုးသားအဆင့်ဆွေးနွေးပွဲများ၊ CSO ဖိုရမ်များဖြစ်မြောက်ဖို့ စတင်ပြင်ဆင်ရန် မှာကြားခဲ့ပြီးဖြစ်ပါသည်။ ၂၁ ရာစု ပင်လုံညီလာခံကြီးကျင်းပပြီးနောက် ကရင်ပြည်နယ်တွင် ယခုကဲ့သို့ လူမျိုးအလိုက် အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲကြီး ကျင်းပပြုလုပ်နိုင်ခဲ့သည့်အတွက် ကရင်ပြည်နယ် တိုင်းရင်းသားမိဘပြည်သူများနှင့် ထပ်တူထပ်မျှ ဝမ်းသာဂုဏ်ယူမိပါသည်။ ထိုကဲ့သို့ ပြုလုပ်ဆောင်ရွက်နိုင်ခြင်းမှာ အနာဂတ်ဒီမိုကရေစီ ဖက်ဒရယ်ပြည်ထောင်စု နိုင်ငံတော်ကြီး

ပုံဖော်တူထောင်ရန်အတွက် ဝိုင်းဝန်းဆောင်ရွက်နိုင်ခြင်းပင်ဖြစ်ပါသည်။ ကရင်ပြည်နယ်ရှိ တိုင်းရင်းသားလူမျိုးစုများ၏ ဆွေးနွေးမှုများသည် ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုကြီးကို နိုင်ငံရေးနည်းလမ်းဖြင့် အရတည်ဆောက်မည်ဆိုသော နိုင်ငံရေးသန္နိဋ္ဌာန်ကို ရှင်းလင်းပြတ်သားစွာ တွေ့မြင်ရပြီဖြစ်ပါသည်။

လူမျိုးအလိုက် အမျိုးသားအဆင့်နိုင်ငံရေးဆွေးနွေးပွဲ(ကရင်)၏ ဆောင်ပုဒ်ဖြစ်သော "ကရင်အမျိုးသားနိုင်ငံရေးဆွေးနွေးပွဲမှသည် ဒီမိုကရေစီ ဖက်ဒရယ်ပြည်ထောင်စု တည်ဆောက်ရေးဆီသို့" ဟူသည့်အတိုင်း နိုင်ငံရေးဆွေးနွေးပွဲများကျင်းပခြင်းဖြင့် ကရင်ပြည်နယ်မှသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အတွင်းရှိ တိုင်းရင်းသား ပြည်သူလူထုအချင်းချင်း ယုံကြည်မှု၊ ပူးပေါင်းဆောင်ရွက်မှုများ အားကောင်းလာပြီး အားလုံးမျှော်လင့် တောင့်တသော ဒီမိုကရေစီ ဖက်ဒရယ်ပြည်ထောင်စု နိုင်ငံတော်အဖြစ်သို့ လျင်မြန်စွာရောက်ရှိနိုင်ပါစေကြောင်းနှင့် ကရင်ပြည်နယ်ကြီး ငြိမ်းချမ်းသာယာဝပြောပါစေကြောင်း ဆုမွန်ကောင်းတောင်းရင်း မေတ္တာသဝဏ်လွှာ ပေးပို့အပ်ပါသည်။



ဒေါက်တာလင်းထွဋ်
ရှမ်းပြည်နယ်ဝန်ကြီးချုပ်

ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ – (၂၁)ရာစုပင်လုံ

# ကရင်အမျိုးသားနိုင်ငံရေးဆွေးနွေးပွဲ မှတ်တမ်းများ

(လော်ခီးလာ)

၂၀၁၇ ခုနှစ်၊ ဇန်နဝါရီလ (၂၈–၃၀)ရက်

### ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ – (၂၁)ရာစုပင်လုံ
### ကရင်အမျိုးသား နိုင်ငံရေးဆွေးနွေးပွဲ (လော်ခီးလာ)
### ဖွင့်ပွဲအခမ်းအနားတွင်

# KNU ကရင်အမျိုးသားအစည်းအရုံးဥက္ကဋ္ဌ ဗိုလ်ချုပ်ကြီး စောမူတူးစေးဖိုး ပြောကြားသည့် မိန့်ခွန်း

လေးစားအပ်ပါသော ကရင့်မျိုးချစ်ပုဂ္ဂိုလ်များ၊ ကရင့်နိုင်ငံရေးပါတီများမှ ခေါင်းဆောင်များ၊ NCA လက်မှတ်ရေးထိုးထားကြသော ကရင်တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်းများမှ ခေါင်းဆောင်များ၊ ကရင်လူမှုအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၊ ဘာသာရေးခေါင်းဆောင်များနှင့် သတင်းမီဒီယာများကို မင်္ဂလာအပေါင်းနဲ့ပြည့်စုံကြပါစေလို့ နှုတ်ခွန်းဆက်သပါတယ်။

နိုင်ငံရေးပြဿနာကို နိုင်ငံရေးနည်းနှင့် အဖြေရှာဖို့ KNU အနေနဲ့ တစိုက်မတ်မတ် တောင်းဆိုလာတာ ဆယ်စုနှစ်ပေါင်းများစွာ ရှိလာရာမှ အခုဒါကို စတင်နိုင်မည့် အချိန်ရောက်ရှိပြီး ဖြစ်ပါတယ်။ ကရင့်တော်လှန်ရေးတလျှောက်မှာ ကရင့်မျိုးချစ်ပုဂ္ဂိုလ်များအနေဖြင့် ပါဝင်ချင်တာ တောင်မှ ပါဝင်နိုင်တဲ့ အကန့်အသတ်ရှိခဲ့ပါတယ်။ ဒါပေမယ့် အခု နိုင်ငံရေးအခင်းအကျင်းမှာတော့ ပါဝင်ချင်သူများဟာ ကျွမ်းကျင်တဲ့အတတ်ပညာနဲ့ ရှိရာနေရာကနေ ပါဝင်နိုင်တဲ့ အချိန်ရောက်ရှိပြီး ဖြစ်ပါတယ်။ တနည်းအားဖြင့် နိုင်ငံတော်ပြန်လည်တည်ထောင်တဲ့နေရာမှာ ကျနော်တို့ကရင်အမျိုးသားထုတရပ်လုံးက ဒီနိုင်ငံရေးဆွေးနွေးပွဲတွေကနေ ပါဝင်နိုင်တဲ့ အခွင့်အရေးရရှိလာကြလို့ပဲဖြစ်ပါတယ်။ ကျနော်တို့ ကရင်အမျိုးသားထုတရပ်လုံးက အခွင့်အရေးကို ထိရောက်စွာ အသုံးချတတ်ဖို့ပဲ လိုအပ်ပါတယ်။

ဘားအံမြို့မှာကျင်းပတဲ့ ကရင်အမျိုးသားအဆင့် လူမျိုးအလိုက် ကျင်းပပြုလုပ်တဲ့ နိုင်ငံရေးဆွေးနွေးပွဲကတော့ အနီးဆုံး ခေါ်ယူကျင်းပဖို့ရှိတဲ့ ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ– (၂၁)ရာစုပင်လုံမှာ ကဏ္ဍကြီး (၄) ရပ်ရဲ့ သက်ဆိုင်ရာခေါင်းစဉ်ငယ်တွေကို တင်သွင်းဆွေးနွေးဖို့အတွက် ပြင်ဆင်အတည်ပြုထားကြတာ ဖြစ်ပါတယ်။ ဒီအတွက် များစွာဝမ်းသာဝမ်းမြောက်ဖြစ်ပြီး ဒီလိုတက်တက်ကြွကြွ ပါဝင်ခဲ့တဲ့အတွက် ကျေးဇူးတင်ရှိပါတယ်။ အဲ့ဒီတင်သွင်းချက်စာတမ်းတွေကို လာမည့် ပြည်ထောင်စု ငြိမ်းချမ်းရေးညီလာခံ– (၂၁)ရာစုပင်လုံမှာ ဆက်လက်ပြီး တက်တက်ကြွကြွနဲ့ ဘက်ပေါင်းစုံကနေ ဉာဏ်အမြော်အမြင်ရှိရှိနဲ့ ဆွေးနွေးရယူနိုင်ကြဖို့ကိုလည်း မျှော်လင့်ပါတယ်။

နိုင်ငံရေးဆွေးနွေးပွဲမူဘောင်မှာ ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ– (၂၁)ရာစုပင်လုံကို ၆ လတကြိမ်ကျင်းပဖို့ သဘောတူထားကြပါတယ်။ လက်ရှိအစိုးရရဲ့သက်တမ်းအတွင်း ၂၀၂၀ ခုနှစ် ရွေးကောက်ပွဲအသစ် မတိုင်မီအထိဆိုရင် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ– (၂၁)ရာစုပင်လုံကို အနည်းဆုံး ၆ ကြိမ်လောက် ခေါ်ယူကျင်းပနိုင်ပြီး ကျနော်တို့လိုချင်တဲ့ နိုင်ငံရေးရလဒ်တွေကို ဆွေးနွေးရယူနိုင်တဲ့ အခွင့်အလမ်းရှိနေပါတယ်။

ဒါကြောင့် ဒီကနေ့ခေါ်ယူတဲ့ အမျိုးသားအဆင့်ရှိတဲ့ အမျိုးသားခေါင်းဆောင်တွေပါဝင်တဲ့



နိုင်ငံရေးဆွေးနွေးပွဲကတော့ လာမည့် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ– (၂၁)ရာစု ပင်လုံတွေ အတွက် ကြိုတင်ပြင်ဆင် တာဝန်ခွဲဝေယူကြဖို့၊ ဒီလာမည့် အနီးဆုံးညီလာခံအတွက်လည်း ပိုမို ကောင်းမွန်တဲ့ ရလဒ်တွေရရှိဖို့ ဘာတွေထပ်မံဖြည့်စွက်၊ မွမ်းမံဖို့လိုမလဲ စသည်တို့ကို ဆွေးနွေး တိုင်ပင်ဖို့လိုမှာ ဖြစ်ပါတယ်။ နိုင်ငံရေး၊ စီးပွားရေး၊ လုံခြုံရေး၊ လူမှုရေးနှင့် မြေယာနှင့်သဘာဝ ပတ်ဝန်းကျင်ဆိုင်ရာ ကဏ္ဍကြီး (၅) ခုကို ဘယ်လို အစီအစဉ်ချပြီး၊ ဒီ ၆ လတကြိမ် ကျင်းပမည့် ညီလာခံတွေမှာ ဘယ်လို အစဉ်အလိုက် (Sequencing) နဲ့ မိမိတို့လိုချင်တဲ့ ဒီမိုကရေစီ ဖက်ဒရယ် ပြည်ထောင်စုကိုရအောင် ဆွေးနွေးယူကြမလဲ သက်ဆိုင်ရာကဏ္ဍအလိုက် အားဖြည့်ထောက်ကူမှု တွေရဖို့ ဘယ်လိုလုပ်ကြမလဲ၊ တာဝန်ခွဲဝေယူကြမလဲ စသည်တို့ကို ဆွေးနွေးဖို့ဖြစ်ပါတယ်။ ဒါတွေကို ဒီအစည်းအဝေးမှာ အတည်ပြုပြီး ဆက်တိုက် မနားမနေ လုပ်ဆောင်သွားကြရတော့မှ ာဖြစ်ပါတယ်။ ဒါဟာ နိုင်ငံရေးယဉ်ကျေးမှုသစ်ကို လက်ခံအကောင်အထည်ဖော်နေတာလည်း ဖြစ်ပါတယ်။

ကရင်မျိုးချစ်ခေါင်းဆောင်များ ကိုယ်စားလှယ်များအားလုံးခင်ဗျား။ ကျနော်တို့လိုချင်တဲ့ ဖက်ဒရယ်ပြည်ထောင်စုဟာ နိုင်ငံရေးဆွေးနွေးပွဲတွေကနေ ရရှိလာမည့် ရလဒ်တွေအပေါ်မှာ မူတည်မှာ ဖြစ်တဲ့အတွက် ကျနော်တို့ကရင်အမျိုးသားခေါင်းဆောင်များရဲ့ စွမ်းဆောင်ရည်နှင့် နိုင်ငံရေးအရ ရင့်ကျက်မှုကို မြန်မာနဲ့ကမ္ဘာကို ဖော်ထုတ်ပြသရမည့် အချိန်ရောက်ပြီးဖြစ်ပါတယ်။ ကျနော်တို့ ကရင်လူမျိုးတွေရဲ့ စွမ်းပကားအပေါ် ကျနော့်အနေနဲ့ ယုံကြည်အားကိုးပြီး သက်ဆိုင်ရာ မိမိကျွမ်းကျင်ရာကဏ္ဍကနေ ပါဝင်ကြဖို့ကိုလည်း ဖိတ်ခေါ်ပါတယ်။

တဆက်တည်းမှာဘဲ နိုင်ငံတော်အစိုးရအနေနဲ့လည်း နိုင်ငံရေးပြဿနာကို နိုင်ငံရေးနည်းလမ်းနဲ့ ဖြေရှင်းမည့် နိုင်ငံရေးယဉ်ကျေးမှုသစ်ကို အကောင်အထည်ဖော်ရာမှာ အနှစ်သာရအားဖြင့် ပိုမိုလေးနက်စွာ ဖော်ဆောင်နိုင်ရေးအတွက် မူဝါဒဖြေလျှော့မှုအချို့ကို ပြုလုပ်ဖို့၊ ပြဖို့ကိုလည်း ဒီနေရာကနေ တောင်းဆိုလိုပါတယ်။ ဖက်ဒရယ်ပြည်ထောင်စုအဖြစ် နိုင်ငံတော်ကို ပြန်လည်တည်ဆောက်တဲ့နေရာမှာ အင်အားသုံး တိုက်ခိုက်အဖြေရှာတဲ့ ယဉ်ကျေးမှုကနေ အမျိုးသားပြန်လည်သင့်မြတ်ရေးကို ဦးတည်တဲ့ သဘောထားကြီးမှုကို အခြေပြုတဲ့ ညှိနှိုင်းအဖြေရှာခြင်းနဲ့ အကောင်အထည်ဖော်ဖို့ အရေးတကြီး လိုအပ်နေပါတယ်။

နိဂုံးချုပ်အနေနဲ့ နိုင်ငံရေးပြဿနာကို နိုင်ငံရေးနည်းလမ်းနဲ့ ဖြေရှင်းမည့် နိုင်ငံရေးယဉ်ကျေးမှုသစ်ကို လက်တွေ့အကောင်အထည်ဖော်ကြရာမှာ ကျနော်တို့အားလုံး ကျရာကဏ္ဍကနေ စည်းလုံးညီညွတ်စွာနဲ့ ပါဝင်ကြဖို့ဖြစ်ပြီး တည်ငြိမ်အေးချမ်း သဟဇာတရှိပြီး ငြိမ်းချမ်းတဲ့ ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုသစ်ကို တည်ဆောက်ကြပါစို့လို့ သံနိုဋ္ဌာန်ပြုရင်း နိဂုံးချုပ်ပါတယ်။



**ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ – (၂၁)ရာစုပင်လုံ**
**ကရင်အမျိုးသား နိုင်ငံရေးဆွေးနွေးပွဲ (လော်ခီးလာ)**
**ဖွင့်ပွဲအခမ်းအနားတွင်**

# ဆရာတော်အရှင် အဂ္ဂဝံသမှ မြွက်ကြားသည့် ဩဝါဒစကား

နိုင်ငံရေးဆွေးနွေးပွဲ 'လော်ခီးလာ'သို့ တက်ရောက်လာကြသော ဆရာတော်များလည်းကောင်း၊ KNU ဥက္ကဋ္ဌအပါအဝင် အဖွဲ့အစည်းများအားလုံးလည်းကောင်း၊ သတင်းမီဒီယာအားလုံးအားလည်းကောင်း အထူးကျေးဇူးတင်ပါတယ်လို့ ရှေးဦးစွာ ပြောကြားလိုပါတယ်။ တနည်းအားဖြင့် နိုင်ငံရေးဆွေးနွေးပွဲ ဖြစ်မြောက်အောင် နိုင်ငံရေးပေါင်းစည်းလာလို့ ကိုယ့်အစီအစဉ်နဲ့ သော်လည်းကောင်း သီးသန့်ကိုယ်စားလှယ်များကို ကျေးဇူးတင်ပါတယ်။

အဲ့ဒီတော့ ဒီနိုင်ငံရေးဆွေးနွေးပွဲဟာ ဦးဇင်းတို့ ပြီးခဲ့တဲ့ ဖားအံတုန်းကလည်း ကျင်းပခဲ့ပြီးဒါပေမယ့်လို့ ဒီတကြိမ်ဟာ ဒုတိယအကြိမ်ဖြစ်ပါတယ်။ ဒုတိယအကြိမ်ဆိုတော့ ကဏ္ဍက ၅ ခု ရှိနေပါတယ်။ ဒါပေမယ့် ၅ ခုကို ဆွေးနွေးတဲ့နေရာမှာ ဦးဇင်းအနေနဲ့ ဒီကဏ္ဍ ၅ ခုကတော့ ဒီပြည်ထောင်စု ငြိမ်းချမ်းရေးညီလာခံမှာ– (၂၁)ရာစု ပင်လုံသို့ ရောက်ရှိနိုင်ရေးအတွက် အရေးကြီးပါတယ်။ အဲ့ဒီ ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ– (၂၁)ရာစု ပင်လုံ ရောက်ရှိနိုင်ရေးအတွက် မိမိရဲ့ခွန်အား၊ ကိုယ်အားနဲ့ ဆွေးနွေးဖို့အရေးကြီးပါတယ်။ အဲ့ဒီတော့ ဦးဇင်းတို့ အမျိုးသားနိုင်ငံရေးဆွေးနွေးပွဲ

မှသည် စည်းလုံးညီညွတ်ရေးသို့က တချက်၊ နောက်တချက်က အမျိုးသားနိုင်ငံရေးဆွေးနွေးပွဲမှ သည် ဖက်ဒရယ်ပြည်ထောင်စုသို့ဆိုပြီးတော့ ဆိုင်းဘုတ်ထဲမှာ ရေးထားတာတွေ့ရပါတယ်။ ဒါကြောင့်မို့လို့ ဆွေးနွေးပွဲစတဲ့အချိန်မှာ မိမိကျရာကဏ္ဍကနေ အင်တိုက်အားတိုက်ဆွေးနွေးကြဖို့ အရေးကြီးပါတယ်။ ခုန ဦးက္ကဋ္ဌပြောသလိုမျိုး ဒီအချက်အလက်တွေဟာ ပြည်ထောင်စုငြိမ်းချမ်းရေး ညီလာခံ– (၂၁)ရာစု ပင်လုံသို့ ပါသွားဖို့ ပါသွားနိုင်အောင် ကြိုးစားရမည့်အချက်အလက် ဖြစ် ပါတယ်။ ဒါကြောင့်မို့ အားလုံးပါနိုင်အောင် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံသို့ ဒီအချက်အလက် တွေ ဒီသတ်မှတ်ထားတဲ့ အချက် ၅ ချက် အပါအဝင် အချက်အားလုံးကို သေချာအောင် တောင်က လေးဆရာတော်ပြောသလို သေချာတိကျအောင် သူတို့မူကိုလည်းပဲ ယူသင့်ရင်ယူ၊ မယူသင့်ရင် လည်းဘဲထည့်ထား အဲ့ဒါကို ကရင်အမျိုးသားနိုင်ငံရေး ဆွေးနွေးပွဲလို့ တောင်ကလေးဆရာတော်က ပြောဖူးတယ်။ ဒါကြောင့်မို့လို့ ဒီကရင်နိုင်ငံရေးဆွေးနွေးပွဲမှာ အားလုံးပဲ ကိုယ်စီကိုယ်ငှ အင်တိုက် အားတိုက် ပါဝင်ပြီးတော့ ဆွေးနွေးကြဖို့ ပြောကြားရင်း နိဂုံးချုပ်အပ်ပါတယ်။




### ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ – (၂၁)ရာစုပင်လုံ
### ကရင်အမျိုးသား နိုင်ငံရေးဆွေးနွေးပွဲ (လော်ခီးလာ)
### ဖွင့်ပွဲအခမ်းအနားတွင်

# DKBA ဗိုလ်ချုပ်စောမူးခိုချော ပြောကြားသည့် မိန့်ခွန်း

အားလုံးပဲမင်္ဂလာပါ။ ပထမတချက်အနေနဲ့ ဘုရားသခင်ကို ကျေးဇူးတင်ပါသည်။ ဒုတိယကတော့ ဘာသာရေးခေါင်းဆောင်နှင့် လူထုခေါင်းဆောင် ကိုယ်စားလှယ်အားလုံးကို လေးစားစွာ ဂါရဝပြုပါတယ်။

ဒီကနေ့ကျင်းပရသည့် အခမ်းအနား၏ ရည်ရွယ်ချက်ကတော့ သဘာပတိပြောကြားသည့် အတိုင်းပါပဲ နိုင်ငံရေးပဋိပက္ခကို ဖြေရှင်းနိုင်ဖို့ နည်းလမ်း ၃ ခုရှိပါတယ်။ (၁) လက်နက်ကိုင်တိုက်ပွဲ၊ (၂) ပေါင်းစည်းရေးတိုက်ပွဲ နှင့် (၃) နိုင်ငံရေးတိုက်ပွဲတို့ ဖြစ်သည်။ ဤနည်းသုံးခုအတိုင်း တိုက်လာခဲ့တာ အနှစ် ၆၀ အတွင်း ကျနော်တို့ မရှုံးသလို တပ်မတော်ဘက်ကလည်း အနိုင်မရပါ။ ရှေ့ကခေါင်းဆောင်တွေရဲ့ နိုင်ငံရေးလမ်းစဉ် ၃ ချက်ရဲ့ ပြဿနာကို ဖြေရှင်းဖို့ရန် ကြိုးစားခဲ့ပါတယ်။ အခုလက်ရှိ ဥက္ကဋ္ဌ စောမူတူးစေးဖိုး ဦးဆောင်သော ကရင်အမျိုးသားအစည်းအရုံး၏ အုပ်ချုပ်ရေးဆိုင်ရာ၊ ဖူးဂျော်နီ ဦးဆောင်သော စစ်အုပ်ချုပ်ရေးဆိုင်ရာနှင့် KNU ဗဟိုအမြဲတမ်းကော်မတီတို့သည် စောဘဦးကြီးရဲ့ မူအတိုင်း လျှောက်လှမ်းခဲ့ပါတယ်။ သွေးထွက်သံယိုမှုမရှိသော တိုက်ပွဲဆင်နွှဲရာတွင်

တိုက်ပွဲမြေအနေအထား မတူညီမှု၊ စည်းလုံးညီညွှတ်မှု မရှိသောကြောင့် ငါဆိုတဲ့အတ္တရှိခြင်းအပေါ် စိုးရိမ်မှု ရှိခဲ့သည်။ လက်ရှိ တာဝန်ယူ ထမ်းဆောင်နေသော ခေါင်းဆောင်ကြီးများသည် ၎င်းတို့ ထမ်းဆောင်သော လေးနှစ်တာအတွင်း မြန်မာအစိုးရနှင့် တွေ့ဆုံဆွေးနွေးခဲ့သည်။ လက်နက်ချရန် မဟုတ်ပါ။ ကရင့် ငြိမ်းချမ်းရေးနှင့် စည်းရုံးရေးတိုက်ပွဲတွင် KNU ဗဟိုအမြဲတမ်းကော်မတီဝင် EC သေချာစွာ ဆုံးဖြတ်ချက်ချသင့်သည်။ စည်းရုံးရေးတိုက်ပွဲနှင့်ပတ်သက်ပြီး တိုက်ပွဲဝင်ရန် ဖြစ်သည်။ စည်းရုံးရေးတိုက်ပွဲ ရလဒ်ကို ၁၅.၁၀.၂၀၁၅ တွင် အပစ်ခတ်ရပ်စဲရေးနှင့် နိုင်ငံရေးပြဿနာ ဖြေရှင်းနည်းကို ထပ်ဆင့် လျှောက်လှမ်းခဲ့ပါတယ်။

ထို့ကြောင့် လေးဝါးအစည်းအဝေးပွဲတွင် ကရင်ပြည်သူလူထုနှင့် ကရင်အမျိုးသား အစည်းအရုံးတို့ အမျိုးသားနိုင်ငံရေးဆွေးနွေးပွဲကို ပြုလုပ်ပါတယ်။ လော်ခီးလာ (လေးဝါး) ဆွေးနွေးပွဲတွင် သဘာပတိ ပြောခဲ့တဲ့အတိုင်း သတ္တိရှိရှိ ဆွေးနွေးပြောဆိုကြဖို့ နိုင်ငံရေးပြဿနာကို နိုင်ငံရေးနည်းလမ်းဖြင့် ဖြေရှင်းသင့်သည်။ ဒီဆွေးနွေးပွဲဟာ ကရင်ပြည်သူလူထုတရပ်လုံးအတွက် အရေးကြီးတယ်။ ကရင်ပြည်သူလူထုတရပ်လုံး၏ အခွင့်အရေးအတွက် စည်းလုံးညီညွှတ်မှု တည်ဆောက်ရာတွင် ကရင် စည်းရုံးရေးစာတမ်းဆိုသော ဝေါဟာရကို သေသေချာချာ သိရှိနားလည်ပါက ကရင့်လက်နက်ကိုင် တော်လှန်ရေး အနှစ် ၆၀ ကြာပါ့မလား။ စစ်ရေးတချက်မှားရင် ပြုပြင်လို့ရတယ်၊ နိုင်ငံရေးတချက် မှားရင် ပြုပြင်လို့ မရဘူး။ အခွင့်အရေး ရရှိချိန်တွင် မျက်စိဖွင့်၊ နားစွင့်နေသင့်ပါတယ်။ ပြည်သူလူထု ထောက်ခံသော KNU ခေါင်းဆောင်များ ဦးစီးကျင်းပသော ဒီကနေ့ဆွေးနွေးပွဲကို ဘာသာရေး ခေါင်းဆောင်များ၊ နိုင်ငံရေးခေါင်းဆောင်များနှင့် ဥပဒေပညာရှင်များအပါအဝင် အခြားအခြားသော ခေါင်းဆောင်များတို့မှ ဆွေးနွေးပြောဆိုချက်များသည် အောင်မြင်မှုရှိစေရန် ဖြစ်သည်။ ကျနော်တို့ DKBA ဂိုဏ်းကဏ္ဍတခုအဖြစ် ဖြစ်တည်ရာတွင် အချို့အချို့သော ခေါင်းဆောင်များ၏ အားနည်းချက်ကြောင့် ဖြစ်သည်။ ကရင်အမျိုးသားအစည်းအရုံးကို ထောက်ခံပြီး နိုင်ငံရေးပြဿနာကို ဝိုင်းဝန်းဖြေရှင်းနိုင်ကြလိမ့်မည်ဟု ကျနော်ယုံကြည်ပါသည်။

ဒီကနေ့ ကျနော်ဝမ်းသာမိသလို KNU ခေါင်းဆောင်ကြီးများလည်း ဝမ်းသာလိမ့်မည်ဟု ကျနော်ယုံကြည်ပါတယ်။ ဒီဝမ်းသာမှုအပေါ် ကျနော်တို့တွေဟာ အလိုက်သိမှုနှင့် စည်းလုံးညီညွှတ်ရေးတို့ကို ပေါင်းစပ်ပြီး နိုင်ငံရေးပြဿနာကို ဝိုင်းဝန်းဖြေရှင်းကြရမည်။ ဖက်ဒရယ် တည်ဆောက်ရာတွင် ကရင်လူမျိုးအတွင်း လက်နက်ကိုင်အဖွဲ့အစည်း များခြင်းကြောင့် ပထမဦးဆုံးအနေဖြင့် ကရင် ဖက်ဒရယ် တည်ဆောက်ပြီး ဒုတိယအနေဖြင့် မြန်မာနိုင်ငံအတွင်းရှိ တိုင်းရင်းသားလက်နက်ကိုင် ဖက်ဒရယ် တည်ဆောက်ပြီးမှ တနိုင်ငံလုံး ဖက်ဒရယ်တည်ဆောက်နိုင်မှသာလျှင် အောင်ပွဲဆင်နိုင်မည်။ နောက်ဆုံးအနေဖြင့် ကရင်လူမျိုးတရပ်လုံး ပေါင်းစည်းနိုင်သော နေ့တနေ့သည် ကရင်လွတ်လပ်ရေးရသောနေ့ ဖြစ်သည်။ ဒီကနေ့ တက်ရောက်သော ကိုယ်စားလှယ်အပေါင်းတို့ စိတ်၏ ချမ်းသာခြင်းနှင့် ကိုယ်၏ကျန်းမာခြင်း ပြည့်စုံကြပါစေ။



**ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ – (၂၁)ရာစုပင်လုံ**
**ကရင်အမျိုးသား နိုင်ငံရေးဆွေးနွေးပွဲ (လော်ခီးလာ)**
**ဖွင့်ပွဲအခမ်းအနားတွင်**

# PSDP ဒု – ဥက္ကဋ္ဌ မန်းအောင်ပြည်စိုး ပြောကြားသည့် မိန့်ခွန်း

ကရင်အမျိုးသားခေါင်းဆောင်များကို ကျနော်ပြောချင်သည့်စကား ရင်ထဲ၌ အပြည့်ရှိပါတယ်။ ကရင်နိုင်ငံရေးပါတီများအနေဖြင့် ကရင့်အမျိုးသားများအတွက် ကရင်စာပေလုပ်ပေးတယ်၊ ဒုံးပြိုင်ပွဲတွေ လုပ်ပေးရုံနဲ့ မပြီးသေးပါဘူး။ စာပေယဉ်ကျေးမှုသာမက တခြားအရာများ လုပ်ပေးဖို့လည်း လိုပါတယ်။ ကရင့်အမျိုးသားလက်နက်ကိုင်များကို (၁၇/၁) မလွတ်ခင်ကတည်းက ကရင်တွေအတွက် မိမိတို့ မကြောက်မရွံ့လုပ်ဆောင်ခဲ့တယ်။ BGF မှ ခေါင်းဆောင်များလည်း တက်ရောက်လာလို့ ကျေးဇူးတင်ရှိပါတယ်။ ဦးသုဝေကပြောခဲ့တယ် ‘အစိုးရက ဖက်ဒရယ် ပြောလာပြီဖြစ်လို့ ကျနော်တို့အတွက် အဆင်ပြေပြီ ဖြစ်တယ်’။ ဦးသုဝေက ဗမာတယောက်ဖြစ်လို့ ဒီလိုမျိုးပြောတာဟာ ဒါဟာ ကောင်းတာဖြစ်တယ်။ ဦးနေဝင်းလက်ထက်တုန်းက ဖက်ဒရယ်ဟာ ခွဲထွက်ရေးအမြင်ဖြစ်အောင် လုပ်ဆောင်ခဲ့တယ်။ RFA မှာ ဦးအောင်မင်းပြောခဲ့တယ်။ ကာကွယ်ရေးဦးစီးချုပ်ကို အလှည့်ကျထားဖို့ မဖြစ်နိုင်ဘူး။ ဘာကြောင့် မဖြစ်နိုင်ရမှာလဲ။ ကရင်တွေဟာ သမိုင်းအထောက်အထားနဲ့ ရှိခဲ့တာ ဖြစ်တယ်။ ကာချုပ်ရာထူးကို မမက်ဘဲနဲ့ ကာချုပ်ထက်မြင့်တဲ့

သမ္မတတို့၊ ကာကွယ်ရေးဝန်ကြီးတို့ ဖြစ်အောင်လုပ်ဖို့ ပြောတဲ့အပြောမျိုး ရှိဖို့လိုတယ်။ တိုင်းရင်းသားတပ်တွေ တပ်မတော်ထဲကိုလာခဲ့၊ နေရာပေးမယ်လို့ ပြောတယ်။ ဘယ်နေရာကို ပေးမှာလဲ။ တန်းတူညီမျှရေးက ဘယ်အတိုင်းအတာထိ ရှိမှာလဲ။ ကရင်အမျိုးသား နိုင်ငံရေးဆွေးနွေးပွဲမှာ ကဏ္ဍ ၄ ရပ်နဲ့ လုပ်ကြမယ်။ လုံခြုံရေးနဲ့ကာကွယ်ရေးကဏ္ဍကို အဓိကထားဆွေးနွေးဖို့ လိုတယ်။ ယခုလို အချိန်အခါမျိုးမှာ ဆွေးနွေးပိုင်ခွင့်ရှိတဲ့ လက်နက်ကိုင် အဖွဲ့အစည်းတွေကို သင့်တင့်တဲ့ အကြံဉာဏ် ပေးလိုပါတယ်။ ဖက်ဒရယ်တပ်မတော် ဖွဲ့စည်းရင် ဘယ်လိုပုံနဲ့ဖွဲ့စည်းမလဲ။ သူတို့အောက်မှာထားရင် sorry ပါလို့ တိတိကျကျ ပြတ်ပြတ်သားသား လုပ်ထားဖို့ ပြင်ဆင်ထားစေလိုပါတယ်။ ကျေးဇူးတင်ပါတယ်။



### ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ – (၂၁)ရာစုပင်လုံ
### ကရင်အမျိုးသား နိုင်ငံရေးဆွေးနွေးပွဲ (လော်ခီးလာ)
### ဖွင့်ပွဲအခမ်းအနားတွင်

# KWU နော်အုန်းလှ ပြောကြားသည့် မိန့်ခွန်း

မင်္ဂလာပါ။ ကျမတို့ကို ဒီနေ့ ကရင်အမျိုးသားနိုင်ငံရေးဆွေးနွေးပွဲမှာ ကျမကို စကားပြောခွင့် ပေးလို့ အထူးပဲ ကျေးဇူးတင်ပါတယ်။ ကရင်အမျိုးသား နိုင်ငံရေးဆွေးနွေးပွဲကို ကျမအမြင်ပေါ့နော် ကျမတို့အမျိုးသမီးအဖွဲ့မှာ ယုံကြည်ချက်တွေနဲ့ အလုပ်လုပ်ပါတယ်။ စစ်မှန်သော ငြိမ်းချမ်းရေး၊ လူအခွင့်အရေး ချိုးဖောက်မှုကို ကာကွယ်ရေး၊ အဖိနှိပ်ခံ အမျိုးသမီးများကို ကာကွယ် စောင့် ရှောက်ရေး တို့ဖြစ်တယ်။ နောက်ပြီးတော့ ကရင်အမျိုးသမီးဖြစ်တဲ့အတွက် ကရင့်ရေးရာကိစ္စတွေကို ကူညီ ဆောင်ရွက်တယ်။ ဒီနေ့ကတော့ ကရင့်ရေးရာကိစ္စဖြစ်တဲ့အတွက် ကရင်အမျိုးသားအစည်းအရုံး ကနေပြီး ဦးဆောင်ပြီး လုပ်ပေးတဲ့အတွက်လည်း ကျေးဇူးတင်ပါတယ်။ ဒါပေမယ့် ကျမ ငြိမ်းချမ်း ရေး အမြင်နဲ့ကြည့်မယ်ဆိုရင်တော့ ကရင်အမျိုးသားနိုင်ငံရေးဆွေးနွေးပွဲဟာ အခုမှ ဆွေးနွေးတာ မဟုတ်ပါဘူး၊ အရင်ကတည်းက ဆွေးနွေးခဲ့ကြတယ်။ စောဘဦးကြီးလက်ထက်ကတည်းက ကရင့် အမျိုးသားနိုင်ငံရေးကို လုပ်ခဲ့ပြီး ကရင့်လက်နက်ကိုင်တော်လှန်ရေးလုပ်ခဲ့ရတာကို ဒီနေရာမှာ ကျမပြောစရာ မလိုပါဘူး။ ကျမတို့က စောဘဦးကြီးရဲ့ မူနဲ့ ဆက်လက်ကိုင်စွဲနေတဲ့အခါမှာ ကျမတို့

လက်ရှိအခြေအနေကိုလည်း နားလည်နိုင်တယ်။ အခု ကျမတို့နယ်စပ်မှာ KNU နယ်မြေက ပြည်တွင်းနယ်စပ်ဖြစ်တယ်။ အကျိုးအမြတ်တွေလည်း အများကြီး ဆက်စပ်နိုင်တယ်။ ဒါကို သတိထားရမည့်အချက် ဖြစ်တယ်။ ကျမတို့ မူအတိုင်းသွားမယ်ဆိုရင် အခက်အခဲရှိနိုင်တယ် ဆိုပေမယ့်လို့ ကျမအနေနဲ့ ရပ်တည်ဖို့တော့ လိုပါတယ်။ ၂၀၀၈ ဖွဲ့စည်းပုံက ဖက်ဒရယ် မရနိုင်ဘူး။ ချုပ်ချယ်ထားတဲ့အတွက်ကြောင့် ဖြစ်တယ်။ ကရင်အမျိုးသားအစည်းအရုံးသည် ကရင်လူမျိုး၏ ထောက်ခံမှုကြောင့် ရပ်တည်နိုင်တာဖြစ်တယ်။

လက်ရှိနိုင်ငံရေးအခြေအနေက ပြီးခဲ့တဲ့ လော်ခီးလာညီလာခံမှာ ကျမပြောခဲ့တယ်။ ငြိမ်းချမ်းရေး ဆွေးနွေးပွဲကို လက်ရှိအစိုးရအသစ်မှာ မူအသစ်နဲ့သွားဖို့ ဆွေးနွေးခဲ့ပါတယ်။ ဘာကြောင့်လဲ။ အစိုးရအသစ်သည် ကျမတို့အစိုးရ၊ ကျမတို့ မူအသစ်နဲ့ ဆောင်ရွက်သွားနိုင်ဖို့ မျှော်လင့်ခဲ့တယ်။ ဒါပေမယ့် လက်ရှိမှာ ၆ လတကြိမ် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ– (၂၁) ရာစုပင်လုံ စနေပြီပေါ့။ တိုင်းရင်းသားတွေ ဘာလုပ်လဲဆိုတော့ နိုင်ငံရေးဆွေးနွေးပွဲအတွက်နဲ့ အလုပ်တွေ ရှုပ်နေကြတယ်။ ကျမတို့ဖြစ်ချင်တာက ရှင်းရှင်းလင်းပါ။ လက်ရှိ ပြည်သူလူထုတွေ တအား ဒုက္ခရောက်တယ်။ ကျမတို့ ကရင်အမျိုးသားအစည်းအရုံးသည် ကရင်လူထုအတွက် သာမကဘဲ အခြားတိုင်းရင်းသားတွေအတွက်ပါ လုပ်ခဲ့တာရှိပါတယ်။ အဲ့တော့ ဘာပဲလုပ်လုပ် လူထုပါမှပဲ အလုပ်ဖြစ်မှာပါ။ ကျမတို့ ဗမာစကားပုံတခု ရှိတယ်။ ကျွဲကူး ရေပါ။ ဘာပဲလုပ်လုပ် ကျမတို့ အလုပ်လုပ်ရင် ရေပါဖို့လိုပါတယ်။ ကျမပြောချင်တာက ရေမပါရင် အလုပ်မဖြစ်ဘူးပေါ့။ ကျမတို့ ဘာပဲလုပ်လုပ် သတိအမြဲတမ်းရှိဖို့ လိုပါတယ်။ ခုနက ပြောသလိုပဲ စစ်ရေးမှားတာ ပြဿနာရှိဘူး။ နိုင်ငံရေးမှားတာ ပြဿနာတက်နိုင်တယ်။ ဒါကတော့ အင်မတန် တန်ဖိုးရှိတဲ့စကား ဖြစ်တယ်။ ကျမတို့လည်း မတတ်ပါဘူး။ လုပ်ရင်းနဲ့ပဲ အခု လက်ရှိ အစိုးရကို လုပ်သင့်တာ၊ လုပ်ချင်တာတွေကိုလည်း တွန်းအားပေးဖို့လိုပါတယ်။ ကြိုးစားဖို့လိုပါတယ်။ ဒါပေမယ့်လို့ ကျမတို့ နိုင်ငံမှာ ပြဿနာအရမ်းရှုပ်ထွေးတယ်။ ခက်ခဲတယ်။ အဲ့ကြားမှာ ကျမတို့ ရအောင်ယူရမယ်။ လူငယ်တွေဆိုရင်လည်း အဖွဲ့အစည်းများက လူငယ်တွေ ကြိုးစားတာကိုလည်း တွေ့ရတယ်။ ရှေ့သွားမည့်ခရီးစဉ်ကိုလည်း လူငယ်တွေ ဦးစားပေးဖို့၊ ခေါ်ဆောင်ဖို့၊ ထည့်သွင်းဖို့ ပိုလိုအပ်မယ်လို့ ထင်ပါတယ်။ နောက်ပြီးတော့ အခုလက်ရှိမှာလည်း ကျမတို့ အမျိုးသမီးအဖွဲ့တွေ ရှိပါတယ်။ အမျိုးသမီးအဖွဲ့တွေ အနေနဲ့လည်း နိုင်ငံရေးအရ လုပ်နိုင်တဲ့အရာရှိသလို့ စစ်ရေးအရ ကြိုးစားရှာဖွေရမည့်အရာလည်း ဖြစ်တယ်။ တခုရှိတာက ကျမတို့က ဆွေးနွေးပွဲတွေပဲ လုပ်လို့ရှိရင် အောက်ခြေမှာ ရှိတဲ့ ပြည်သူလူထုတွေက စိတ်ဝင်စားမှု တအားနည်းပါသေးတယ်။ ဒါကျမအမြင် ရိုးရိုးသားသား ပြောပြတာပါ။ ကျမတို့ ဘာပဲလုပ်လုပ် လူထုအသံ၊ လူထုရဲ့လိုအပ်ချက်တွေကို နားထောင်ဖို့ လိုအပ်ပါတယ်။ ဖက်ဒရယ်သွားမယ့်နိုင်ငံမှာ အများကြီးလိုအပ်နေသေးအတွက် လူထုအတွက်ကိုလည်း လုပ်ဖို့ လိုအပ်ပါတယ်လို့ ကျမအကြံပြုလိုပါတယ်။ လူထုတွေက ဒုက္ခရောက်တဲ့အချိန်မှာ ဘယ်သူ့ကို အားကိုးရမှန်း မသိတဲ့အချိန်မှာ အားကိုးရာကို လိုက်ရှာနေတာ ကျမတွေ့ရတယ်။ အထူးသဖြင့် ကရင်မှာ ပိုများပါတယ်။ လူထုတွေက ပတ်ဝန်းကျင်ကို အားကိုးရှာနေတဲ့အချိန်မှာ ကရင်အမျိုးသားအစည်းအရုံးကိုလည်း အားကိုးကြပါတယ်။ အဲ့တော့ ကျမပြောချင်တာက

ကျွဲကူး ရေပေါ် ဖြစ်အောင်လို့ လူထုတွေကိုလည်း ထိုက်သင့်တဲ့အရာတွေကိုလည်း ကူညီပေးစေလိုပါတယ်။ အားကိုးမှုတွေ ပေးရပါမယ်။ အခု ကျမတို့ KNU မြေယာမူဝါဒလိုမျိုး၊ အခြားတိုင်းရင်းသားတွေ မရှိသေးပါဘူး။ အဲ့တော့ ကျမတို့ လုပ်တဲ့အလုပ်တွေကို အခြားတိုင်းရင်းသားတွေက အားကျ အတုယူလာတဲ့အချိန်မှာ နိုင်ငံရေးအရလည်း အခြားတိုင်းရင်းသားတွေက စံထားရမယ့် နိုင်ငံရေး ဖြစ်စေချင်ပါတယ်။ အခြားတိုင်းရင်းသားတွေရဲ့ အလေးထားမှုကိုလည်း တွေ့ခဲ့ရတယ်။ လက်ရှိငြိမ်းချမ်းရေးဖြစ်စဉ်ကို သွားတဲ့နေရာမှာလည်း အခြား တိုင်းရင်းသားတွေရဲ့ အလေးထားစံဖြစ်အောင် ဝိုင်းဝန်းကြိုးစားကြပါလို့ တိုက်တွန်းရင်း နိဂုံးချုပ်ပါတယ်။

### ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ – (၂၁)ရာစုပင်လုံ
### ကရင်အမျိုးသား နိုင်ငံရေးဆွေးနွေးပွဲ (လော်ခီးလာ)

# ဦးဆောင်ကော်မတီဝင် ပဒိုစောကွယ်ထူးဝင်း မှ ကရင်အမျိုးသား နိုင်ငံရေးဆွေးနွေးပွဲ ကျင်းပရခြင်း၏ ရည်ရွယ်ချက်အား ရှင်းလင်းတင်ပြခြင်း

လေးစားရပါသော သဘာပတိအဖွဲ့ဝင်များ ဘာသာရေးခေါင်းဆောင်များ ဒီကနေ့ ကရင်အမျိုးသားနိုင်ငံရေးဆွေးနွေးပွဲကို တက်ရောက်လာသော ကရင့်လက်နက်ကိုင်အဖွဲ့အစည်းအသီးသီးက ကိုယ်စားလှယ်များ၊ နိုင်ငံရေးပါတီ၊ ဒေသအသီးသီး၊ အစုအဖွဲ့အသီးသီး၊ လူငယ်ကိုယ်စားလှယ်များ၊ အမျိုးသမီးကိုယ်စားလှယ်များ အားလုံးကို မင်္ဂလာအပေါင်းနဲ့ ပြည့်စုံပါစေကြောင်း ဦးစွာ ပြောကြားလိုပါတယ်။

ကရင့်အမျိုးသားနိုင်ငံရေးဆွေးနွေးပွဲ ကျင်းပရခြင်းရည်ရွယ်ချက်မှာ ပထမဦးဆုံး ကရင်အမျိုးသားနိုင်ငံရေးဆွေးနွေးပွဲကို ဒေသအသီးသီးက အစုအဖွဲ့အသီးသီးက လွတ်လွတ်လပ်လပ် မိမိတို့ရဲ့ နိုင်ငံရေးလိုလားချက်ကို အတူတကွဆွေးနွေးပြီးတော့ စုစည်းပြီးတော့ တင်ပြခွင့်ရတဲ့အတွက် ဒါကအခွင့်အရေးတခု ဖြစ်ပါတယ်။ လွန်ခဲ့တဲ့တချိန်တုန်းက ကျနော်တို့ ကရင်တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်းဖြစ်တဲ့ တော်လှန်ရေးအဖွဲ့အစည်းတွေနဲ့ ပြည်တွင်းက နိုင်ငံရေးပါတီတို့ ကျနော်တို့ ဒီကရင်အမျိုးသားကိုယ်စားလှယ်တွေနဲ့ တွေ့ဆုံဆွေးနွေးဖို့ဆိုတာ မဖြစ်နိုင်တဲ့ကိစ္စဖြစ်ပါတယ်။ သို့သော်လည်းပဲ ပြောင်းလဲလာတဲ့ နိုင်ငံရေးအခြေအနေအရ ကျနော်တို့ အခု ကရင်အမျိုးသားနိုင်ငံရေးဆွေးနွေးပွဲ ကျင်းပခွင့်ရရှိခဲ့ပြီ ဖြစ်ပါတယ်။ ဒီအခွင့်အရေးတွေကို ကျနော်တို့ ကရင်တမျိုးသားလုံးကနေပြီးတော့ အမိအရ ရယူပြီး မိမိတို့အမျိုးသားရဲ့ အနာဂတ်နိုင်ငံရေးလိုလားချက်၊ ရည်မှန်းချက်တွေကို ဖော်ဆောင်သွားဖို့လိုအပ်ပါတယ်။ ကရင်လက်နက်ကိုင်တော်လှန်ရေးတိုက်ပွဲ စခဲ့ရတာလည်း ခုန သဘာပတိအဖွင့်အမှာစကားမှာ ပြောသွားခဲ့ပြီးဖြစ်ပါတယ်။ မလွဲရှောင်သာဘဲ မိမိတို့ နိုင်ငံရေးရပ်တည်ချက်ကို ကာကွယ်ဖို့အတွက် ဆောင်ရွက်ခဲ့တာပဲဖြစ်တယ်။ သို့သော် ဒီပြဿနာက လက်နက်ကိုင်ပဋိပက္ခနဲ့ လက်နက်ကိုင်နည်းလမ်းနဲ့ ဖြေရှင်းလို့မရဘူးဆိုတာ အားလုံးသိကြပြီး ဖြစ်ပါတယ်။ အခုလည်း အဲ့ဒီအတိုင်းပဲ နိုင်ငံရေးဆွေးနွေးပွဲပြုလုပ်ဖို့ အပစ်အခတ်ရပ်စဲရေးပြုလုပ်ဖို့ ကျနော်တို့တောင်းဆိုလာခဲ့တာပဲ ဖြစ်ပါတယ်။ သို့သော်လည်း မရခဲ့ပါဘူး။ အပစ်ခတ် ရပ်စဲရေးလုပ်ပါ။ ဖွံ့ဖြိုးရေး လုပ်ပါ။ ဒီမိုကရေစီ ငြိမ်းချမ်းရေးလုပ်ပါဆိုတဲ့ အခြေခံပြဿနာတွေကို မဖြေရှင်းနိုင်တဲ့အတွက် လက်နက်ကိုင်ပဋိပက္ခတွေဟာ နှစ်ပေါင်း ၆၀ ကျော် ဖြစ်ခဲ့ပါတယ်။ သို့သော် လွန်ခဲ့တဲ့ အစိုးရလက်ထက်က လက်နက်ကိုင်အဖွဲ့နဲ့တွေ့ဆုံပြီးတော့ ဒီပြဿနာဟာ နိုင်ငံရေးပြဿနာဖြစ်တဲ့အတွက် နိုင်ငံရေးနည်းနဲ့ဖြေရှင်းရမယ်ဆိုတာ နှစ်ဘက်စလုံးက လက်ခံပြီး စတင်ညှိနှိုင်းတယ်။ အပစ်အခတ် ရပ်စဲရေးနှင့် ညှိနှိုင်းရေး NCA



အပစ်အခတ်ရပ်စဲရေး သဘောတူစာချုပ် ရရှိခဲ့ပါတယ်။

ဒီစာချုပ်မှာ အပစ်အခတ်ရပ်စဲရေးစာချုပ်သက်သက် မဟုတ်ဘဲနဲ့ နိုင်ငံရေးပြဿနာတွေကို ဖြေရှင်းဖို့အတွက် ကျနော်တို့ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းတွေ တောင်းဆိုထားတဲ့ ဖက်ဒရယ်ပြည်ထောင်စုကို ချီတက်ဖို့အတွက် တည်ဆောက်ပြီးသွားတာ ဖြစ်တယ်။ အဲ့ဒီမှာ ဖက်ဒရယ် ပြည်ထောင်စုဆိုတဲ့ ကျနော်တို့ တိုင်းရင်းသားတွေ ရပိုင်ခွင့်၊ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ဆိုတဲ့ ဖက်ဒရယ် ပြည်ထောင်စုကို တည်ဆောက်တဲ့နေရာမှာ ကျနော်တို့ တယောက်နဲ့တယောက် ဆွေးနွေးလို့ မရဘူး။ နိုင်ငံရေးဆွေးနွေးပွဲ ရလဒ်နဲ့အညီ တည်ဆောက်သွားမှာ ဖြစ်တဲ့အတွက်ကြောင့် ကရင်တမျိုးသားလုံးပါဝင်တဲ့ နိုင်ငံရေးဆွေးနွေးပွဲကို ကျင်းပရခြင်း ဖြစ်ပါတယ်။ ဆိုလိုတာက နိုင်ငံရေးဆွေးနွေးပွဲက အဆင့်နှစ်ဆင့်ရှိပါတယ်။ ပြည်ထောင်စုအဆင့်နှင့် အမျိုးသားအဆင့်နိုင်ငံရေးဆွေးနွေးပွဲ ဖြစ်ပါတယ်။ နိုင်ငံရေးဆွေးနွေးပွဲရဲ့ အမြင့်ဆုံးကတော့ ပြည်ထောင်စုငြိမ်းချမ်းရေး ညီလာခံ ဖြစ်တယ်။ ဒေသအလိုက်၊ လူမျိုးအလိုက်၊ အကြောင်းအရာအလိုက် ဆွေးနွေးပွဲတော့ ရှိပါတယ်။

ကျနော်တို့ တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းတွေကတော့ မိမိရဲ့ လူမျိုးအလိုက် မိမိတို့ရဲ့ အနာဂတ်ပြည်ထောင်စု တည်ဆောက်မယ်ဆိုရင် နိုင်ငံရေးအရ ဘယ်လိုပုံစံ တည်ဆောက်မလဲ။ မြေယာမူဝါဒ ဘယ်လိုတည်ဆောက်မလဲ။ စီးပွားရေးအရ ဘယ်လိုတည်ဆောက်မလဲ။ တမျိုးသားလုံး ပါဝင်တဲ့ နိုင်ငံရေးဆွေးနွေးပွဲ၊ ကရင်ပြည်နယ်အတွင်းမှာရှိတဲ့ ကရင်တိုင်းရင်းသား အားလုံးရဲ့ အမြင်သဘောထားကို စုစည်းတဲ့ ရည်ရွယ်ချက်နဲ့ ကျနော်တို့ဆောင်ရွက်ခဲ့ပါတယ်။

ဒီလိုဆောင်ရွက်တဲ့ နေရာမှာ NCA စာချုပ် ရေးထိုးပြီးတဲ့ နောက်ပိုင်းမှာ စာချုပ်ပြဋ္ဌာန်းချက်အရ ဆောင်ရွက်ရမည့် လုပ်ငန်းတခုရှိပါတယ်။ တခုက အပစ်အခတ်ရပ်စဲရေးခိုင်မာဖို့အတွက် ဆောင်ရွက်ရမည့် လုပ်ငန်းဖြစ်တဲ့ JMC ဆိုတဲ့ အစုအဖွဲ့ကို ဖွဲ့စည်းခဲ့ပါတယ်။ နိုင်ငံရေး တွေ့ဆုံဆွေးနွေးပွဲအတွက် UPDJC ဆိုတဲ့ ပြည်ထောင်စုငြိမ်းချမ်းရေး ပူးတွဲကော်မတီ ဖွဲ့စည်းခဲ့ပါတယ်။ ဒီပြည်ထောင်စု ငြိမ်းချမ်းရေးပူးတွဲ ကော်မတီကနေပြီးတော့ နိုင်ငံရေးဆွေးနွေးမှုအရ လိုအပ်တဲ့ မူဘောင်တွေကို ရေးဆွဲပြီးတော့ မူဘောင်နဲ့အညီ ကျနော်တို့ဆက်လက်ရေးဆွဲသွားမှာ ဖြစ်ပါတယ်။

ဒီမူဘောင်မှာ သတ်မှတ်ချက်က NCA မှာ သတ်မှတ်ချက်အတိုင်း ကျနော်တို့ ဒီပြည်ထောင်စု ငြိမ်းချမ်းရေးညီလာခံကို ကျနော်တို့ နှစ်ကြိမ်တိုင်တိုင် ကျင်းပခဲ့ပြီးဖြစ်ပါတယ်။ သို့သော်လည်းပဲ နှစ်ကြိမ်စလုံးမှာ ဆုံးဖြတ်ချက် တစုံတရာကို ကျနော်တို့ ဆုံးဖြတ်နိုင်ခြင်း မရှိသေးပါဘူး။ အဲ့ဒီ ဒုတိယအကြိမ်ကျင်းပတဲ့ ၂၀၁၆ ခုနှစ်၊ ဩဂုတ်လ ၃၁ ရက်ကနေပြီးတော့ နိဝင်ဘာလမှာ ကျင်းပတဲ့ အစိုးရတရပ်လက်ထက်မှာ ပြည်ထောင်စုငြိမ်းချမ်းရေး (၂၁)ရာစု ညီလာခံမှာက ဆုံးဖြတ်ချက်တခု ရှိတာက ညီလာခံပြီးလို့ရှိရင် အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲကို အမြန်ဆုံး စတင်ကျင်းပနိုင်ဖို့ လိုအပ်ပါတယ်။



### ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ – (၂၁)ရာစုပင်လုံ
### ကရင်အမျိုးသား နိုင်ငံရေးဆွေးနွေးပွဲ (လော်ခီးလာ)

# ကျောင်းပရေးကော်မတီဝင် ဗိုလ်မှူးကြီး စောကျော်သန်းဌေး မှ ကရင်အမျိုးသား နိုင်ငံရေးဆွေးနွေးပွဲ ကြိုးပမ်းဆောင်ရွက်မှု ဖြစ်စဉ်အဆင့်ဆင့်အား တင်ပြခြင်း

လေးစားအပ်ပါသော သဘာပတိကြီးနှင့်တကွ သဘာပတိအဖွဲ့ဝင်များ၊ လူမျိုးအလိုက် အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲ၊ ကရင်အမျိုးသား နိုင်ငံရေးဆွေးနွေးပွဲကို တက်ရောက်လာကြတဲ့ ဘာသာရေးဆိုင်ရာပုဂ္ဂိုလ်များ၊ ကရင်လက်နက်ကိုင်အဖွဲ့အစည်းများမှ ခေါင်းဆောင်များ၊ နိုင်ငံရေး ပါတီမှခေါင်းဆောင်ကိုယ်စားလှယ်များ၊ ဒေသအသီးသီးမှ ကရင်အမျိုးသားကိုယ်စားလှယ်များ၊ လေ့လာသူများ၊ အထူးဖိတ်ကြားထားခြင်းခံရတဲ့ ပြည်တွင်းပြည်ပ ဧည့်သည်တော်များ ဒီပွဲဖြစ်မြောက်ရေးအတွက် ပူးတွဲလုပ်ဆောင်နေကြတဲ့ အလုပ်အဖွဲ့များ၊ အထောက်အကူပြုသူများ အားလုံးနဲ့ သတင်းမီဒီယာများအားလုံးကို မင်္ဂလာအပေါင်းနဲ့ ပြည့်စုံကြပါစေလို့ နှုတ်ခွန်းဆက်သပါတယ်။

ကရင်အမျိုးသားလှုပ်ရှားမှုသမိုင်းကို အပိုင်းလေးပိုင်းနဲ့ ကျနော်တင်ပြသွားပါမယ်။ အပိုင်း

(၁) အနေနဲ့ မြန်မာနိုင်ငံ လွတ်လပ်ရေးကြိုးပမ်းမှုကာလနဲ့ ကရင်အမျိုးသား လက်နက်ကိုင် တော်လှန်ရေးကာလကို တင်ပြသွားပါမယ်။ ကရင်အမျိုးသားများ ကရင်အမျိုးသားရေး လုပ်ဆောင်ရာမှာ စည်းစည်းလုံးလုံး ညီညီညွတ်ညွတ်နဲ့ ဆောင်ရွက်နိုင်ရေးအတွက် ဒေါက်တာတီသံပြာမှ ၁၈၈၁ ခုနှစ်တွင် ကရင်အမျိုးသားအဖွဲ့ချုပ် (ဒေါကလူ) အသင်းကို ဖွဲ့စည်းခဲ့ပါတယ်။ ဒုတိယကမ္ဘာစစ်မှာ ကရင်အမျိုးသားများသည် Force136 ကို ဖွဲ့စည်းခဲ့ပြီး ဗြိတိသျှတို့ဘက်မှ ဝိုင်းကူတိုက်ပေးခဲ့ပါတယ်။ ဒုတိယကမ္ဘာစစ်ကြီးပြီးက အင်္ဂလိပ်များ ကရင်ပြည်ပေးရန် အိန္ဒိယပြည်ရောက် ကရင်တပ်မှူး ၄၀ ကျော်တို့မှ ၁၉၄၅ ခုနှစ်မှာ တောင်းဆိုခဲ့ပါတယ်။ ဒုတိယကမ္ဘာစစ်ကြီးပြီးနောက် အတ္တလန္တိတ်စာချုပ်အရ ကိုလိုနီနိုင်ငံများအား အချုပ်အခြာအာဏာပိုင် လွတ်လပ်တဲ့နိုင်ငံအဖြစ် အသိအမှတ်ပြုရေးနှင့် လူမျိုးတိုင်း ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ရှိရေး မူတရပ် ပါရှိခဲ့ပါတယ်။ မွန်၊ ရခိုင်၊ ကချင်၊ ချင်း၊ ရှမ်း၊ ဗမာ ခေါင်းဆောင်များလည်း မိမိတို့အမျိုးသားပြည်နယ်ရရှိရေးအတွက် တောင်းဆိုတိုက်ပွဲဝင်ခဲ့ကြပါတယ်။ ပြည်မအနေဖြင့် ၁၉၄၇ ခုနှစ်၊ ဇန်နဝါရီလ ၂၇ ရက်နေ့မှာ အောင်ဆန်း–အက်တလီစာချုပ်ကို ချုပ်ဆိုခဲ့ပါတယ်။ ကေအဲန်ယူ– ကရင်အမျိုးသားအစည်းအရုံးကို KNA, KCO, BKNA, KYO တို့ကို စုစည်းပြီး ၁၉၄၇ ခုနှစ်၊ ဖေဖော်ဝါရီလ ၅ ရက်နေ့မှာ ဖွဲ့စည်းခဲ့ပါတယ်။ ကရင်အမျိုးသားတို့ရဲ့ အမျိုးသားရေးတာဝန်၊ နိုင်ငံရေးတာဝန်များကို တာဝန်ယူရန်ဖြစ်ပါတယ်။ မြန်မာနိုင်ငံ လွတ်လပ်ရေးရရှိရန်နှင့် ပြည်ထောင်စု တည်ဆောက်ရန်အတွက် ပင်လုံစာချုပ်ကို ၁၉၄၇ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၂ ရက်နေ့တွင် ချုပ်ဆိုခဲ့ပါတယ်။ ၁၉၄၈ ခုနှစ်၊ ဇန်နဝါရီလ ၄ ရက်နေ့မှာ မြန်မာနိုင်ငံ လွတ်လပ်ရေး ရရှိခဲ့ပြီး ၁၉၄၇ ဖွဲ့စည်းပုံ အခြေခံဥပဒေဖြင့် အုပ်ချုပ်ခဲ့ပါတယ်။ လွတ်လပ်ရေးရရှိပြီး ၂ လ အကြာ အလံနီ၊ အလံဖြူ၊ ပြည်သူ့ရဲဘော် တို့မှ တောခိုခဲ့သည်။ ထိုအချိန်တွင် မြန်မာနိုင်ငံ ပြည်တွင်းစစ်ကြီး စတင်ခဲ့ပါတယ်။ ၁၉၄၈ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၁ ရက်နေ့တွင် ကရင်အမျိုးသား လေးသိန်းကျော် (၄၀၀၀၀၀) တို့မှ ကရင်အမျိုးသားတို့ လိုလားသော အမျိုးသားရေး မျှော်မှန်းချက်နှင့် နိုင်ငံရေးဆန္ဒကို ငြိမ်းချမ်းစွာ ဖော်ထုတ်တောင်းဆိုခဲ့သည်။

၎င်းအချက်လေးချက်ကတော့ –

(၁) ကရင်ပြည် ချက်ချင်းပေး

(၂) ကရင်တစ်ကျပ် ဗမာတစ်ကျပ် ချက်ချင်းပြ

(၃) လူမျိုးရေးအဓိကရုဏ်း အလိုမရှိ

(၄) ပြည်တွင်းစစ် အလိုမရှိတို့ဘဲ ဖြစ်ပါတယ်။

ဖဆပလအစိုးရမှ ဖြေရှင်းပေးနိုင်ခြင်း မရှိသည့်အတွက် ၁၉၄၉ ခုနှစ်၊ ဇန်နဝါရီလ ၃၁ ရက်နေ့တွင် ကရင်အမျိုးသားလွတ်မြောက်ရေးအတွက် လက်နက်စွဲကိုင် တော်လှန်ခဲ့ရသည်။

အပိုင်း (၂) ကို ဆက်လက်တင်ပြသွားပါမယ်။ ကရင်အမျိုးသားတို့၏ နိုင်ငံရေးလမ်းစဉ်နှင့် နိုင်ငံရေး ပြဿနာကို နိုင်ငံရေးနည်းဖြင့် ဖြေရှင်းရန် ကြိုးပမ်းဆောင်ရွက်ခြင်း၊ ပြည်တွင်းငြိမ်းချမ်းရေး တည်ဆောက်ခြင်း ဖြစ်ပါတယ်။ KNU ကရင်အမျိုးသားအစည်းအရုံးသည် ကရင်တမျိုးသားလုံး၏ နိုင်ငံရေးဆန္ဒကို အခြေခံ၍ နိုင်ငံရေးလမ်းစဉ်တရပ်ကို ၁၉၅၆ ခုနှစ်တွင် ကျင်းပ

ပြုလုပ်သော KNU ကရင်အမျိုးသားအစည်းအရုံး မောကိုကွန်ကရက်တွင် ချမှတ်ခဲ့သည်။

(၁) ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုတည်ဆောက်ရန်

(၂) အမျိုးသားဒီမိုကရေစီတော်လှန်ရေး တို့ဖြစ်ပါတယ်။

KNU ကရင်အမျိုးသားအစည်းအရုံးသည် ကရင်အမျိုးသားလွတ်မြောက်ရေးအတွက် လက်နက်စွဲကိုင် တော်လှန်တိုက်ပွဲဝင်နေသော်လည်း နိုင်ငံရေးရပ်တည်ချက်နှင့်အတူ နိုင်ငံရေးပြဿနာကို နိုင်ငံရေးနည်းဖြင့် ဖြေရှင်းရန် အစိုးရအဆက်ဆက်နှင့် အစဉ်တစိုက် တွေ့ဆုံဆွေးနွေးမှုများ ပြုလုပ်ခဲ့ပါသည်။ ၎င်းတွေ့ဆုံဆွေးနွေးမှုများမှာ–

(၁) ၁၉၄၉ ခုနှစ် အင်းစိန်တိုက်ပွဲကာလ (ဖဆပလ အစိုးရ)

(၂) ၁၉၆၀ ခုနှစ်၊ အိမ်စောင့်အစိုးရ (ဗိုလ်ချုပ်နေဝင်း)

(၃) ၁၉၆၃ ခုနှစ်၊ တော်လှန်ရေးကောင်စီအစိုးရ (ဗိုလ်ချုပ်နေဝင်း)

(၄) ၁၉၉၄–၉၇ ခုနှစ်၊ နဝတအစိုးရ (ဗိုလ်ချုပ်မှူးကြီးသန်းရွှေ)

(၅) ၂၀၀၄–၂၀၀၅ ခုနှစ်၊ နအဖအစိုးရ (ဗိုလ်ချုပ်မှူးကြီးသန်းရွှေ) တို့နဲ့ ဖြစ်ပါတယ်။

နိုင်ငံရေးပြဿနာကို နိုင်ငံရေးနည်းဖြင့် ဖြေရှင်းရန် အစိုးရအဆက်ဆက်နှင့် တွေ့ဆုံ ဆွေးနွေးခဲ့သော်လည်း အကြောင်းအမျိုးမျိုးကြောင့် နိုင်ငံရေးဆွေးနွေးပွဲအဆင့်သို့ မရောက်ရှိခဲ့ဘဲ နောက်ကြောင်း ပြန်လှည့် ပြည်တွင်းစစ်မီး သက်ဆိုးရှည်ခဲ့ရပါသည်။ တွေ့ဆုံဆွေးနွေးမှု ဖြစ်စဉ်တိုင်း KNU ကရင်အမျိုးသားအစည်းအရုံးအတွင်း အကွဲအပြဲ အမြဲတမ်းပေါ်ပေါက်ခဲ့ပါသည်။

အပိုင်း (၃) အနေနဲ့ တနိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်ရရှိရေးကြိုးပမ်းမှုများကို တင်ပြပါမယ်။ ၂၀၁၀ ခုနှစ် သမ္မတဦးသိန်းစိန် တက်လာပြီးနောက် ၂၀၁၁ ခုနှစ်၊ ဩဂုတ်လ ၁၈ ရက်နေ့တွင် ကြေညာချက်အမှတ်(၂/၁၁) ဖြင့် ပြည်တွင်းငြိမ်းချမ်းရေးတည်ဆောက်ရန် ဖိတ်ခေါ်ခဲ့သည်။ KNU ကရင်အမျိုးသားအစည်းအရုံးသည် ၂၀၁၂ ခုနှစ်၊ ဇန်နဝါရီလ ၁၂ ရက်နေ့တွင် သမ္မတ ဦးသိန်းစိန် အစိုးရနှင့် ပြည်တွင်းငြိမ်းချမ်းရေး တည်ဆောက်ရန်အတွက် ပြည်နယ်အဆင့် ပဏာမ သဘောတူညီချက်နှင့် ပြည်ထောင်စုအဆင့် သဘောတူညီချက်များကို လက်မှတ်ရေးထိုးခဲ့သည်။ နှစ် ၆၀ ကျော်ကြာ မြန်မာနိုင်ငံ၏ ပြည်တွင်းစစ် ချုပ်ငြိမ်းရန်အတွက် လမ်းစသစ်ပေါ်ပေါက်ခဲ့ပါတယ်။ နိုင်ငံရေးယဉ်ကျေးမှုသစ် တရပ်ကို ပုံဖော်နိုင်ခဲ့ပါသည်။ တိုင်းရင်းသားများ၏ နိုင်ငံရေး ရည်မှန်းချက်များကို ဖော်ထုတ်ခဲ့ကြတယ်။ ထိုမှတဆင့် အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲများ ပေါ်ပေါက်ရေးနှင့် တနိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေး ရရှိရေးအတွက် ကြိုးပမ်းဆောင်ရွက်ခဲ့ပါသည်။ တိုင်းရင်းသားလက်နက်ကိုင် တော်လှန်ရေးအဖွဲ့အစည်းများ၏ လိုင်ဇာ–လော်ခီးလာ သဘောတူညီချက်များဖြင့် တနိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် ရရှိရေးအတွက် NCCT ကို ဖွဲ့စည်းတာဝန်ပေးပြီး အစိုးရ၏ ပြည်တွင်းငြိမ်းချမ်းရေး လုပ်ငန်းကော်မတီ (UPWC) နှင့် ၂၂ လကြာ ဆွေးနွေးခဲ့ကြပါတယ်။ ပထမအဆင့် UPWC နဲ့ NCCT တို့ ၂၀၁၅ ခုနှစ်၊ မတ်လမှာ အတည်ပြု မူကြမ်းကို ရရှိခဲ့ကြပါသည်။ ဒုတိယအဆင့်အနေဖြင့် UPWC SD နှင့် NCCT တို့ တွေ့ဆုံဆွေးနွေးခဲ့ပါသည်။ တတိယအဆင့်အနေဖြင့် သမ္မတနှင့်

တိုင်းရင်းသားလက်နက်ကိုင် တော်လှန်ရေးအဖွဲ့အစည်းများ၏ ထိပ်သီးခေါင်းဆောင် ၅ ဦးနှင့် အဆင့်မြင့်ခေါင်းဆောင် ၄ ဦးတို့နှင့်အတူ တွေ့ဆုံခဲ့ကြပါသည်။ အားလုံးပါဝင်ရေးမူကို လက်ခံပြီး လက်တွေ့ကျကျ လုပ်ဆောင်နိုင်ဖို့ သဘောတူညီခဲ့ကြပါသည်။ ၂၀၁၅ ခုနှစ်၊ အောက်တိုဘာလ ၁၅ ရက်နေ့မှ တနိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA) တိုင်းရင်းသား လက်နက်ကိုင် အဖွဲ့အစည်း ၈ ဖွဲ့ဖြင့် နိုင်ငံတကာ မျက်စိအောက်၊ တနိုင်ငံလုံးရှေ့မှောက်မှာ လက်မှတ်ရေးထိုးခဲ့ကြပါသည်။

အပိုင်း (၄) အနေနဲ့ ကရင်အမျိုးသားများ ပြည်တွင်းငြိမ်းချမ်းရေး တည်ဆောက်ခြင်းနှင့် နိုင်ငံရေး ဆွေးနွေးပွဲများ ပေါ်ပေါက်ရေး ကြိုးပမ်းဆောင်ရွက်မှုကို တင်ပြသွားမှာဖြစ်ပါမယ်။ ကရင်အမျိုးသား စည်းလုံးညီညွတ်ရေးအတွက် ကရင်တော်လှန်ရေး ထိန်းချုပ်နယ်မြေတွင် Karen Unity Seminar Committee ကို ၁၉၉၇ ခုနှစ်မှ စတင်ကျင်းပ ပြုလုပ်ခဲ့သည်။ ၂၀၁၂ ခုနှစ်တွင် ကရင်အမျိုးသား စည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးကော်မတီကို ဖွဲ့စည်းခဲ့ပြီး ကရင်အမျိုးသား နေထိုင်ရာ ဒေသအသီးသီးတို့တွင် ကရင်အမျိုးသား လူထုတွေ့ဆုံဆွေးနွေးပွဲများ ကျင်းပပြုလုပ်ကာ ကရင်အမျိုးသားတို့၏ နိုင်ငံရေးဆန္ဒ၊ အမျိုးသားရေး လိုလားချက် သဘောထားများကို ရယူခဲ့ ပါတယ်။ ၂၀၁၅ ခုနှစ်တွင် ကရင်အမျိုးသား အကြိုညီလာခံကို ကျင်းပပြုလုပ်နိုင်ခဲ့ပါတယ်။ NCA လက်မှတ်ရေးထိုးပြီးနောက် JICM, UPDJC, JMC တို့ကို ဖွဲ့စည်းခဲ့ပါတယ်။ နိုင်ငံရေးဆွေးနွေးပွဲ မူဘောင်ကို လက်မှတ်ရေးထိုးပြီး ၃ လကြာတွင် ရေးဆွဲခဲ့ပြီးနောက် ၂၀၁၆ ခုနှစ်၊ ဇန်နဝါရီလ ၁၂ ရက်နေ့မှ ၁၆ ရက်နေ့အထိ ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံကို ကျင်းပပြုလုပ်ခဲ့ပါတယ်။

နိုင်ငံရေးဆွေးနွေးပွဲတွင် ကဏ္ဍ ၅ ရပ်ကို ဆွေးနွေးတင်ပြခဲ့ပြီး ပြည်ထောင်စုတည်ဆောက်ရန် အခြေခံမူများကို ဆွေးနွေးတင်ပြခဲ့ပြီး မှတ်တမ်းတင်ခဲ့ပါတယ်။ NLD အစိုးရလက်ထက်တွင် ၂၀၁၆ ခုနှစ်၊ ဩဂုတ်–စက်တင်ဘာလတွင် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ– (၂၁)ရာစု ပင်လုံကို ကျင်းပ ပြုလုပ်ခဲ့ပြီး၊ အမျိုးသားအဆင့်နိုင်ငံရေးဆွေးနွေးပွဲများ ကျင်းပပြုလုပ်ရန် သဘောတူဆုံးဖြတ်ခဲ့ ပါတယ်။ ကရင်အမျိုးသားတို့မှလည်း လူမျိုးအလိုက် အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲ ကျင်းပ ပြုလုပ်နိုင်ရေးအတွက် ဦးဆောင်ကော်မတီ၊ ကျင်းပရေးကော်မတီ၊ စီမံခန့်ခွဲရေးအဖွဲ့တို့ကို စနစ် တကျ ဖွဲ့စည်းခဲ့ပြီး ယခုကဲ့သို့ ကျင်းပပြုလုပ်နိုင်ခဲ့ပါတယ်။ အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲ အခြေခံမူ အနေဖြင့် ပြည်ထောင်စု မပြိုကွဲရေး၊ တိုင်းရင်းသား စည်းလုံးညီညွတ်မှု မပြိုကွဲရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးတို့ကို ရှေးရှု၍ လွတ်လပ်မှု၊ တန်းတူညီမျှမှုနှင့် တရားမျှတ မှုတို့ကို အခြေခံပြီး ပင်လုံစိတ်ဓာတ်နှင့်အညီ ဒီမိုကရေစီရေး၊ အမျိုးသားတန်းတူရေးနှင့် ကိုယ်ပိုင် ပြဋ္ဌာန်းခွင့် အခွင့်အရေးများ အာမခံချက်များ အပြည့်အဝရှိသော၊ ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်တို့ကို အခြေခံသည့် ပြည်ထောင်စုကို နိုင်ငံရေးဆွေးနွေးပွဲ ရလဒ်များနှင့်အညီ တည်ဆောက်သွားရန် ဖြစ် သည်။ အားလုံးကို ကျေးဇူးတင်ပါတယ်။




### ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ – (၂၁)ရာစုပင်လုံ
### ကရင်အမျိုးသား နိုင်ငံရေးဆွေးနွေးပွဲ (လော်ခီးလာ)
### ပထမနေ့တွင်

# သဘာပတိကြီး မန်းငြိမ်းမောင် ပြောကြားသည့် အဖွင့်မိန့်ခွန်း

ဒီကနေ့ ကျင်းပတဲ့ ကရင့်အမျိုးသားနိုင်ငံရေးဆွေးနွေးပွဲများ နယ်ပယ်အသီးသီးမှ တက်ရောက်လာကြသော ကိုယ်စားလှယ်ခေါင်းဆောင်အားလုံးကို ကျေးဇူးတင်ပါတယ်။ တမျိုးသားလုံးဆန္ဒကို စုစည်းဖို့ ရည်မှန်းချက်ကို ရရှိဖို့ ကရင်အမျိုးသားဟာ လူမျိုးတမျိုးအတွက် ထိုက်တန်ဖို့ရာအတွက် တိုက်ခဲ့တာကြာပြီ ဖြစ်တယ်။ လူမျိုးတမျိုးရပိုင်ခွင့်ကို အေးအေးချမ်းချမ်းရဖို့ နိုင်ငံရေးနည်းကို နိုင်ငံရေးနဲ့ဖြေရှင်းဖို့ မရရှိခဲ့ပါဘူး။ ကရင်တမျိုးသားလုံးဆန္ဒကို ပြောင်းလဲနေတဲ့အချိန်မှာ အမျိုးမျိုး စွပ်စွဲပုတ်ခတ် တိုက်ခိုက်ပါတယ်။ ဒီနေ့ဒီအချိန်မှာ ဒီလမ်းကြောင်းကနေလွဲလို့ ရှာမတွေ့သေးပါဘူး။ စည်းလုံးညီညွတ်မှုကို အခြေခံပြီး ရှေ့လျှောက်သွားရမည့် ငြိမ်းချမ်းရေးခရီးကို တမျိုးသားလုံး ညီညီညွတ်ညွတ် စည်းလုံးပြီး လုပ်ဆောင်ကြဖို့ ဖြစ်ပါတယ်။



**ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ – (၂၁)ရာစုပင်လုံ**
**ကရင်အမျိုးသား နိုင်ငံရေးဆွေးနွေးပွဲ (လော်ခီးလာ)**
**ပထမနေ့တွင်**

# သဘာပတိအဖွဲ့ဝင် ဦးဥတ္တမ မှ ပထမနေ့တွင် ပြောကြားသည့် အပိတ်မိန့်ခွန်း

ဒီကနေ့ ကျင်းပပြုလုပ်အပ်တဲ့ ကရင်ပြည်နယ်လော်ခီးလာ ကရင့်အမျိုးသားနိုင်ငံရေး ဆွေးနွေးပွဲ အခမ်းအနားနဲ့ တက်ရောက်လာကြတဲ့ ဘာသာရေးအကြီးအကဲနှင့် ဆရာတော်၊ သံဃာတော်၊ ရဟန်းသံဃာများ၊ သိက္ခာတော်ရ ဆရာတော်များ၊ အဖွဲ့အစည်းဆိုင်ရာ အကြီးအကဲ များအားလုံး၊ ကရင့် အမျိုးသားခေါင်းဆောင်ကြီးများအားလုံး ကျန်းကျန်းမာမာ ချမ်းချမ်းသာသာ ပျော်ပျော်ရွှင်ရွှင် ရှိကြပါစေလို့ ပထမဦးဆုံး ပြောကြားချင်ပါတယ်။

ဒီနေ့အစည်းအဝေးက ပထမဦးဆုံးနေ့လို့ ပြောချင်ပါတယ်။ ပထမဦးဆုံးနေ့မှာ အသီးသီး ကဏ္ဍကြီး ၄ ခု နိုင်ငံရေးကဏ္ဍတွေ၊ စီးပွားရေးကဏ္ဍတွေ၊ လုံခြုံရေးကဏ္ဍ၊ မြေယာကဏ္ဍတွေ ဆွေးနွေးတယ်။ နောင်နေ့တွေလည်း ဆက်လက်ပြီးတော့ ဆွေးနွေးသွားဖို့လည်း ရှိပါတယ်။ မနက်ဖြန်နေ့တွင်လည်း ပြောချင်တာကတော့ ကရင်ဆိုတဲ့ ဝေါဟာရကို တွေ့ရတယ်ဆိုတော့ ဦးဇင်းကလည်း ကရင်ဆိုပြီးတော့မှ ရဟန်းတော်တပါးဆိုပေမယ့် များစွာ ဩဝါဒတွေ ပေးခွင့်ရ

တဲ့အတွက် တိုင်ပင်မှုလေးတွေ ရရှိတဲ့အတွက် ဦးဇင်းအနေဖြင့် အများကြီးဝမ်းသာပါတယ်။ အားလုံးအားလုံး ဆွေးနွေးချက်များကတော့ ကောင်းကြပါတယ်။ ရှေ့ဆက်သွားမည့် လမ်းစဉ်တွေကိုတော့ အားလုံးအားလုံး စေတနာအပြည့်နဲ့ ဆွေးနွေးကြပါလို့ အားပေးချင်ပါတယ်။ ဒီလုပ်ငန်းအပေါ်မှာလည်း အင်တိုက်အားတိုက် လုပ်ဆောင်ရမည့်အပိုင်းမှာလည်း လုပ်ဆောင်သွားကြပါ။ လုပ်ဆောင်ကြလိမ့်မယ်လို့ ယုံကြည်ပါတယ်။ မြန်မာပြည်အတွင်းရှိ ပြည်သူလူထုအတွက် လုပ်ဆောင်ပေးမယ်လို့ သမာဓိရှိရှိ လုပ်ဆောင်မယ်လို့ ယုံကြည်ပါတယ်။ ဒီလိုလုပ်ဆောင်တာ ဆွေးနွေးတာ အရာရာတိုင်းမှာ သတိတရားရှိရှိနဲ့ အကောင်းဆုံး ဖြစ်အောင်လုပ်ဆောင်ကြဖို့။ လုပ်ဆောင်တဲ့နေရာမှာ ယနေ့ကိုယ်စီကိုယ်စီကနေပြီးတော့ ပညာဗဟုသုတ အမျှော်အမြင်တွေ ရှိပြီးသား ဖြစ်ပါတယ်။ ဗဟုသုတမှတဆင့် ပညာအရည်အချင်းပေါ်မူတည်ပြီး၊ ယခု စာတမ်းတွေကို ဆွေးနွေးပြင်ဆင် ရေးဆွဲပြီးတော့ ဦးဇင်းတို့လိုချင်တဲ့ ပန်းတိုင်ရောက်ရှိလိမ့်မယ်လို့ ယုံကြည်ပါတယ်။ အားလုံးပဲ ကျန်းမာချမ်းသာပါစေလို့ ရှေ့ဆက်သွားမည့်လမ်းစဉ်ကိုလည်း ပျော်ပျော် ရွှင်ရွှင်နဲ့ ပျော်ပျော်ပါးပါးနဲ့ စေတနာနဲ့ လုပ်ဆောင်သွားကြပါလို့ ပြောကြားရင်း နိဂုံးချုပ်လိုက်ပါတယ်။

ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ – (၂၁)ရာစုပင်လုံ
ကရင်အမျိုးသား နိုင်ငံရေးဆွေးနွေးပွဲ (လော်ခီးလာ)
ဒုတိယနေ့တွင်

# သဘာပတိ မန်းကျော်ငြိမ်း ပြောကြားသည့် အဖွင့်အမှာစကား

ကျနော်တို့ဖြတ်သန်းခဲ့ရတဲ့ ဒီသမိုင်းကြောင်းကို ပြန်ကြည့်မယ်ဆိုရင် ကျနော်တို့ ကရင်အမျိုးသားတွေဟာ ပထမဦးဆုံး စတင်ခဲ့ကတည်းက ဖြစ်ပါတယ်။ ဥပမာ ကျနော်တို့ အမျိုးသားရေးအသင်းအဖွဲ့ ဖွဲ့ရာတွင် ပါဝင်ခဲ့ပါတယ်။ ပြောရမယ်ဆိုရင် အမျိုးသားအသင်းဝင် နိုင်ငံရေးပါတီထောင်မယ်။ ဒါကိုကြည့်မယ်ဆိုရင် ဒီအချိန်တုန်းက အင်္ဂလိပ်–မြန်မာ တိုက်ပွဲတွင် တည်ထောင်ခဲ့တဲ့ကရင်အမျိုးသားရဲ့ တည်ထောင်မှုဟာ တော်တော်စောခဲ့ပါတယ်။ ဒီအချိန်တုန်းက ဘယ်အဖွဲ့အစည်းမှမရှိသေးပါဘူး။ ဒါကြောင့် ကျနော်တို့လည်း အမျိုးသားရဲ့ သမိုင်းကြောင်းက ရှေ့ကိုအမြဲတမ်းဦးဆောင်နေတဲ့အဖွဲ့ ဖြစ်ပါတယ်။ အဲဒါကို ပြန်ကြည့်မယ်ဆိုရင် ၁၉၄၈ ကရင်အမျိုးသားအခွင့်အရေးအတွက် ကျနော်တို့ ကရင်အမျိုးသားတွေအတွက် အဲ့ဒီအထဲမှာပါတဲ့ အဲ့ဒီကတည်းကကျနော်တို့အတွက်သာ မဟုတ်ဘဲ၊ ကျန်တဲ့ တိုင်းရင်းသားတွေအတွက် ပူးတွဲ ဒီနိုင်ငံကို တာဝန်ယူမယ်။ ဒီစကားကို ကြည့်ခြင်းအားဖြင့် ဒီအချိန်မှ ဖက်ဒရယ် နာမည်ကောင်းကောင်း မတပ်ပေးနိုင်ပါ။ လွတ်လပ်ရေးရပြီး ဖေဖော်ဝါရီလ ၁၁ ရက်နေ့မှာ အမျိုးသားနေ့ကို သတ်မှတ်ထားတဲ့ကရင်အမျိုးသား ၄ သိန်း ၅ သောင်းကျော်ဟာ ဆန္ဒပြပွဲ ပြုလုပ်ခဲ့တယ်။ ကရင်တစ်ကျပ် ဗမာတစ်ကျပ် ချက်ချင်းပြ၊ ကရင်ပြည် ချက်ချင်းပေး၊ ပြည်တွင်းစစ် အလိုမရှိ၊ လူမျိုးရေး အဓိကရုဏ်းအလိုမရှိ ဆောင်ပုဒ်တွေနဲ့ ရှိခဲ့တယ်။ အဲ့ဒီအချိန်ကတည်းက ဖက်ဒရယ်မဟုတ်ဘဲ အမျိုးသားတန်းတူရေး၊ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့် တောင်းဆိုခဲ့တယ်။ နောက်တချက်က ကျနော်တို့ငြိမ်းချမ်းရေးကိုလိုချင်၍ ငြိမ်းချမ်းစွာတောင်းဆိုခဲ့တယ်။ အခု အဲ့ဒီအခွင့်အရေးကို နောက်ပိုင်းမှာ တခုမှ မရတော့ဘဲအခုအချိန်မှာ ပြန်လာစုရုံးပြီး အမျိုးသားရေး လိုလားချက်တွေဖြစ်တဲ့ အမျိုးသားတန်းတူရေး၊ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့် အကြံပြုချက်ရပါတယ်။ နောက်တချက်က ကျန်တဲ့တိုင်းရင်းသားထက်စာရင် ကျနော်တို့ ကရင်အမျိုးသားက ပထမဦးဆုံးသော အမျိုးသားအဆင့် လူမျိုးတွေနဲ့ ပြင်နိုင်မယ့်အနေအထား ဖြစ်တယ်။ အခုလာမယ့် ဒုတိယအကြိမ် (၂၁)ပင်လုံမှာ ဒီစာတမ်းတွေကို တင်ဖို့အတွက် တက်လာတဲ့ကိုယ်စားလှယ်တွေ ဆွေးနွေးကြမှာ ဖြစ်ပါတယ်။

လူတွေအားလုံးဟာ သမိုင်းလိုအပ်ချက်အရ သမိုင်းပေးတာဝန်ကို ထမ်းဆောင်နေရတယ်။ ဒီ ကျနော်တို့ အမျိုးသားလိုလား တောင်းဆိုချက်က ကျနော်တို့မရတာကြာပြီ။ ခုနကပြောခဲ့တဲ့ ၁၉၄၈ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၁ ရက်မှစ၍ တွက်ကြည့်မယ်ဆိုရင် နှစ်ပေါင်း ၇၀ ကြာပြီ။ ဒီအခွင့်အရေးကို ပြန်လည်တင်ပြရတဲ့အတွက် ဝမ်းသာပါတယ်။ ပြီးတော့ ဒီမိုကရေစီ လျှောက်လှမ်းနေတဲ့အချိန်မှာ ကျနော်တို့အမျိုးသားတွေ လိုလားချက် အကြံပြုချက်က အင်မတန်ကြီးမားတဲ့ ကိစ္စဖြစ်ပါတယ်။ နောက်တချက်က ကျနော်တို့ဟာ ကရင်အမျိုးသားပါတီ ဖြစ်သည့်အလျှောက်



မိခင်ပါတီ ကရင်အမျိုးသားပါတီတွေနဲ့ ပူးပေါင်းချင်ပါတယ်။ လျှော့သင့်တာ လျှော့ပေါ့။ ဘာကြောင့်လဲဆိုတော့ စည်းလုံးညီညွတ်မှု မရှိရင် ကရင့်အမျိုးသား လိုချင်တဲ့ပန်းတိုင် မရပါဘူး။ အခုတက်ရောက်တဲ့  ကိုယ်စားလှယ်များဟာ သမိုင်းပေးတာဝန်ကို ဆက်လက်ဆောင်ရွက်ပါလို့ ပြောကြားရင်း နိဂုံးချုပ် ပါတယ်။




**ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ – (၂၁)ရာစုပင်လုံ**
**ကရင်အမျိုးသား နိုင်ငံရေးဆွေးနွေးပွဲ (လော်ခီးလာ)**
**ဒုတိယနေ့တွင်**

# သဘာပတိ နော်ဒါးဒါး ပြောကြားသည့် အပိတ်မိန့်ခွန်း

အားလုံးမင်္ဂလာညနေခင်းပါ။ နားထောင်ရင်း အားတွေ တက်လာတယ်။ ဒါကြောင့်မို့ ဒီမှာ ကြွရောက်လာကြသော ဆရာတော်သံဃာတော်ကြီးများ၊ တပ်ပိုင်းဆိုင်ရာ အကြီးအကဲများ၊ နိုင်ငံရေး ပါတီမှ ပုဂ္ဂိုလ်ကြီးများ၊ အထောက်အကူပြုလူများကို အရမ်းလေးစားပါတယ်။ ကဏ္ဍကြီး ၄ ရပ်ကို ဆွေးနွေးတာ မပြည့်စုံသေးပါဘူး။ ဒါပေမယ့် မပြည့်စုံသေးတာကို ပြီးပြည့်စုံအောင် လုပ်ဆောင်သွားမှာ ဖြစ်ပါတယ်။ ပြီးပြည့်စုံသော စာတမ်းကို (၂၁)ရာစု ပင်လုံမှာ တင်မှာဖြစ်ပါတယ်။ ကျမတို့ မျှော်မှန်းခဲ့တဲ့ ကရင့်လူမျိုးတို့၏ ကံကြမ္မာကို ဖန်တီးပြီး ကျမတို့ မျှော်မှန်းခဲ့တဲ့ အနာဂတ် ငြိမ်းချမ်းရေးကို လုပ်ဆောင်ရမှာဖြစ်ပါတယ်။ ကျမတို့ ကရင်လူမျိုးတွေက မညံ့ပါဘူး။ ကျမတို့ ကရင်လူမျိုးတွေကို အလကား၊ ဘုရင် မရှိ ဘာမရှိ၊ ကလေကချေလို့ ပြောကြတယ်။ အဲ့ဒါက အလကား ဘာမှ မဟုတ်ပါဘူး။ ကျမတို့ ကရင်လူမျိုးတွေက ခေတ်အဆက်ဆက် ဘုရင်တွေ ရှိခဲ့ပါတယ်။ အဲ့ဒီကနေ ကျမတို့ကြည့်လိုက်မယ်ဆိုရင် ကျမတို့ ကရင်တွေဟာ ဘယ်တော့မှ မညံ့ခဲ့ ပါဘူး။ ကျမတို့ သမိုင်းတွေကို မ'အ'အောင် လေ့လာရမယ်လို့ ကျမအနေနဲ့ သတိပေးချင်ပါတယ်။

နောက်တခုက နိုင်ငံရေးဆိုတာ ပါးပါးလေးပါလို့ ကျမတို့ရဲ့ KNU ခေါင်းဆောင်ကြီး ဗိုလ်ချုပ်ကြီး စောကျော်သောင်းက ပြောကြားခဲ့ပါတယ်။ ဒီပါးပါးလေးဆိုတဲ့ နိုင်ငံရေးမှာ ကိုယ် 'အ' ရင် ကိုယ်ခံ သွားရမယ်လို့ ကျမတို့ကို အမြဲတမ်းပြောကြားခဲ့ပါတယ်။ ဒီအရာတွေကို ကျမတို့ အနာဂတ်ကို သယ်ဆောင်သွားပြီး ကျမတို့ အနာဂတ်က သွားရမှာ အရှည်ကြီးပဲဖြစ်ပါတယ်။ ကျမတို့ မျှော်မှန်း ထားတဲ့ ပန်းတိုင်ကို တော်တော်နဲ့ ရောက်မှာ မဟုတ်သေးပါဘူး။ ကျမတို့ရဲ့ ဉာဏ်စွမ်းတွေ ကိုယ်စွမ်းတွေ ဦးနှောက်တွေ ခွန်အားတွေကိုလည်း အများကြီး အသုံးပြုရမှာဖြစ်ပါတယ်။ ဘယ်လို ပဲဖြစ်ပါစေ ကျမတို့ အနာဂတ်အတွက် ကျမတို့ကရင်တွေ စုစုစည်းစည်း ကရင့်အလံတော် အောက်မှာရှိတဲ့ ဒီလိုအစည်းအဝေးကြီးမျိုးမှာ နိဂုံးချုပ်စကားပြောကြားခွင့်ရတဲ့အတွက် အထူးပဲ ဂုဏ်ယူဝမ်းမြောက်ကြောင်း ပြောကြားရင်းနဲ့ ကျမတို့ ရှေ့ဆက်ပြီး သွားနိုင်ဖို့ အင်တိုက်အားတိုက် ပါဝင်ကြပါလို့ ပြောကြားရင်း နိဂုံးချုပ်ပါတယ်။

**ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ – (၂၁)ရာစုပင်လုံ**
**ကရင်အမျိုးသား နိုင်ငံရေးဆွေးနွေးပွဲ (လော်ခီးလာ)**
**တတိယနေ့တွင်**

# သဘာပတိ ဦးစန္ဒရ ပြောကြားသည့် အဖွင့်အမှာစကား

အားလုံးပဲမင်္ဂလာပါလို့ မေတ္တာပို့သလိုက်ပါတယ်။ ဒီကနေ့မှာ မိမိတို့ ကရင်အမျိုးသားရေး အတွက် စာတမ်းဖတ်ကြားခြင်းကို ဦးဇင်းတို့ရဲ့ လုံခြုံရေးကဏ္ဍရော၊ စီးပွားရေးကဏ္ဍရော၊ လူမှုရေး ကဏ္ဍရော၊ မြေယာနှင့်သဘာဝသယံဇာတ ကဏ္ဍရော အားလုံးကို တက်တက်ကြွကြွနဲ့ ပါဝင်ပြီးတော့ ဆွေးနွေးတာကို ဂုဏ်ယူပါတယ်။ မိမိတို့ကရင်အမျိုးသားဟာ အိမ်တခုတခု တည်ဆောက်မည်ဆိုရင် အိမ်ဆောက်မယ့် အနေအထားကလည်း ဆရာကြီးတယောက်ပြောသလို 'မီးခေါင်းမီးအိမ် ခေါင်းအိမ်၏ မီးအိမ်ရွဲ့ယို မိုးယိုသော်၊ မယိုသေ၊ မငြိမ်းသေးပါဘူး၊ အကာအတင်း ပျက်ယွင်းသော် မငြိမ်းသတ်စေသော်၊ ငြိမ်းသတ်စေသော်၊ အကွက်၌ အရွဲ့အစောင်း မကောင်းမပြင် ကောင်းအောင် ပြင်သော် အချိန်နဲ့မျှ နိုင်သစ်စ၍ လုံ့လထည့်သွင်း ဆက်စေခြင်း' စကားအရ ဒီကနေ့ဟာ မိမိတို့ ကရင် အမျိုးသား နိုင်ငံရေးစိတ်ကို သွားနေတဲ့အနေအထားဟာ အိမ်တအိမ်ကို တည်ဆောက်တာနဲ့ အတူတူပါပဲ။ ကောင်းတဲ့မီးအိမ်နဲ့ မကောင်းတဲ့မီးအိမ်နဲ့၊ ဒါကြောင့်မို့ ဒီအိမ်ကိုကောင်းအောင် တည်ဆောက်တဲ့အနေအထားမှာ မိမိတို့လူငယ်များ၊ ခေါင်းဆောင်များ လာရောက်တွေ့ဆုံတာကို ကရင့် အမျိုးသားရေးအတွက် အကောင်းဆုံးဖြစ်အောင် လုပ်ဆောင်နိုင်ပါစေလို့ မေတ္တာဆုတောင်း ပို့သလိုက်ပါတယ်။ မလုပ်ရင် 'ဘိတ်'၊ လုပ်ရင် 'ထိပ်'၊ မိမိအမျိုးသားရေးကို မလုပ်ရင် နောက်ဘိတ် ဖြစ်လိမ့်မယ်။ မိမိတို့ရဲ့အမျိုးသားအရေးလုပ်မယ်ဆိုရင် ထိပ်ဆုံးပဲဖြစ်မယ်။ ဒါကြောင့် ဒီစာတမ်းကို ဦးဇင်းတို့ ကရင့် အမျိုးသားရေးအတွက် အားလုံးကောင်းအောင် အနေအထားမှာလည်း လာမည့် ဦးဇင်းတို့ ကလေးတို့ရဲ့ အနာဂတ်အရေးကို ဘူးပင်ကို စင်ဆောက်သလိုပဲ စင်ကောင်းမှလည်း ဘူးပင်ဟာ ကောင်းလာသလို မိမိတို့ရဲ့ ကရင့်အမျိုးသားအခန်းကဏ္ဍကို ဆောင်ရွက်နေတဲ့ ခေါင်း ဆောင်များမှာလည်း မိမိရဲ့ကလေးအားလုံးကို စင်ပေါ်ရောက်အောင် ဘူးစင်ကောင်းပေါ် အနေ အထားကို ဆောင်ရွက်နေတာဖြစ်ပါတယ်။ လုပ်ငန်းကိုင်ငန်းမှန်သမျှဟာ ဒါမရှိတာလည်း ရှိအောင်လို့ လုပ်လို့ရပါတယ်။ မသိတဲ့ဟာကို သိအောင်လို့လည်းလုပ်လို့ရပါတယ်။ ဒါပေမယ့် ဘာမှမလုပ်ဘူးဆိုရင်တော့ ဘာမှလည်းမသိဘူး၊ ဘာမှလည်း မရှိဘူး။ ဒါဟာ ခက်ခဲဆုံးအရာပဲ ဖြစ်တယ်။ ဒါကြောင့်မို့ ဒီကနေ့ဟာ မိမိတို့ စာတမ်းမှန်သမျှဟာ ပြည်သူ့ ဆုံးဖြတ်ချက်နဲ့ လုပ်ရမယ်ဆိုတော့ မေတ္တာနဲ့ဆုံးဖြတ်ခြင်း၊ သီလဆုံးဖြတ်ခြင်း၊ အတ္တနဲ့ဆုံးဖြတ်ခြင်းဟာ သုံးမျိုးရှိပါတယ်။ အဲဒီသုံးမျိုးထဲမှာ မိမိတို့ ကရင်အမျိုးသားများအပေါ်ကို မေတ္တာနဲ့ဆုံးဖြတ်မလား၊ သီလနဲ့ဆုံးဖြတ်မလား၊ အတ္တနဲ့ဆုံးဖြတ်မလားဆိုတဲ့အနေအထားကို သိရပါတယ်။ ဒါကြောင့်မို့လို့ ဒီကနေ့မှာ မိမိတို့ ကရင်အမျိုးသားအရေး အားလုံးကောင်းဖို့အတွက် ခေါင်းဆောင်များ၊ လူငယ် များ၊ အပင်ပန်းခံ အနစ်နာခံပြီး ပြည်တွင်းပြည်ပမှာရှိတဲ့ ကရင်အမျိုးသားအားလုံး ကောင်းဖို့




အတွက် ရှေ့အနာဂတ်ကောင်းဖို့အတွက် တညီတညွတ်တည်း အပင်ပန်းခံအနစ်နာခံပြီးတော့ တွေ့ဆုံဆွေးနွေးတာကို ဦးဇင်းအနေနဲ့ ဝမ်းမြောက်ဂုဏ်ယူစွာဖြင့် နောက်ဆုံး ဩဝါဒ နိဂုံးချုပ် အပ်ပါတယ်။

ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ – (၂၁)ရာစုပင်လုံ
ကရင်အမျိုးသား နိုင်ငံရေးဆွေးနွေးပွဲ (လော်ခီးလာ)

# ပဒိုတာဒိုမူးမှ စာတမ်းများအား အတည်ပြုရယူခြင်း၏ အကြောင်းအရင်းအား ရှင်းလင်းတင်ပြခြင်း

သဘာပတိကြီးများနှင့် လေးစားအပ်ပါသော ကိုယ်စားလှယ်ကြီးများခင်ဗျာ။ ကျနော်တို့ အနေနဲ့ အဲ့ဒီဖတ်ကြားသွားတဲ့ စာတမ်း ၄ စောင်က လွန်ခဲ့တဲ့ ၂၀၁၇ ဇန်နဝါရီလ ၁၈ ရက်နေ့က နေပြီးတော့ ၂၀ ရက်နေ့အထိ ကရင်ပြည်နယ်၊ ဘားအံမြို့၊ သီရိဘားအံဟိုတယ်မှာ ကျင်းပခဲ့တဲ့ ပထမအကြိမ် ကရင်အမျိုးသားနိုင်ငံရေးဆွေးနွေးပွဲကနေပြီးတော့ အတည်ပြုလိုက်တဲ့ စာတမ်းကို ယူပြီးတော့ အဲ့ဒီဆွေးနွေးပွဲကနေပြီးတော့ ဆုံးဖြတ်ချက်ချလိုက်တဲ့ အတည်ပြုလိုက်တဲ့ အချက်တွေ ကို ဘယ်လို ထပ်ပြီးတော့ ဆောင်ရွက်သွားဖို့ကို ဆုံးဖြတ်ချက်သစ်ကို အကောင်အထည်ဖော်ထားတာ ဖြစ်ပါတယ်။ အဲဒီတော့ ကျနော်တို့ ဘားအံမှာ ပြုလုပ်တဲ့ လူမျိုးအလိုက် ပထမအကြိမ် ကရင် အမျိုးသား နိုင်ငံရေး ဆွေးနွေးပွဲမှာ အတည်ပြုလိုက်တဲ့ဟာတွေကို ဒီကြားထဲမှာ ကျနော်တို့ သက်ဆိုင်ရာ အစုအဖွဲ့ ခေါင်းဆောင်များနဲ့ ပါဝင်တဲ့ ကိုယ်စားလှယ်များ၊ Tehcinical Team ပါ အပါအဝင် အားလုံးက ဝိုင်းပြီးတော့ အဓိပ္ပာယ် ပိုမိုပြည့်စုံကောင်းမွန်အောင် ပြုပြင်မွမ်းမံပြီးတော့မှ ဒီစာစောင်ကို ထွက်ပြီး တင်ပြထားတာဖြစ်ပါတယ်။ အဲ့ဒီတော့ ဒီနေ့ ကျနော်တို့ တင်ပြလိုက်တဲ့ သုံးရက်တာကာလအတွင်း စာတမ်း ၄ စောင်ကတော့ ပထမအဆင့်အနေနဲ့ ပြီးသွားပါပြီ။ အဲဒီတော့ ဒီအဆင့်တခုကို ကျနော်တို့ ဒီသဘာပတိရဲ့ အတည်ပြုမှုနဲ့ သွားမှာဖြစ်ပါတယ်။ ဘာကြောင့်လဲဆိုတော့ ဒီနေ့ ကျနော်တို့ တင်ပြသွားတဲ့ စာတမ်း ၄ စောင်က ဘားအံမှာ ပြုလုပ်တဲ့ လူမျိုးအလိုက် ကျင်းပတဲ့ ပထမအကြိမ် ကရင်အမျိုးသား နိုင်ငံရေးဆွေးနွေးပွဲကနေ အတည်ပြုလိုက်တဲ့ အတည်ပြုချက်ကနေ အကောင်အထည်ဖော်မှုတခု ဖြစ်ပါတယ်။ ဆက်လက်ပြီး ထပ်ပြီးအတည်ပြုဖို့အတွက် ဒီသဘာ ပတိကြီးရဲ့ အတည်ပြုချက်မှတဆင့် ကျနော်တို့ (၂၁)ရာစုပင်လုံကို ရောက်တဲ့အထိ ဆက်သွား နိုင်အောင် ဆက်လက်ဆောင်ရွက်နိုင်ဖို့အတွက် ဒီက ကိုယ်စားလှယ်များကိုလည်း သဘာပတိမှတဆင့် သဘောထား ကောက်ယူမှာ ဖြစ်ပါတယ်။

### ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ - (၂၁)ရာစုပင်လုံ
### ကရင်အမျိုးသား နိုင်ငံရေးဆွေးနွေးပွဲ (လော်ခီးလာ)

# သဘာပတိ အရှင်ဦးစန္ဒရ
# ဦးဆောင်ပြီး အချောသတ် စာတမ်း (၄) စောင်အား
# အတည်ပြုချက်ရယူခြင်း

ကရင့်အမျိုးသားအဖွဲ့များအားလုံး လာရောက်ပြီးတော့ ဆွေးနွေးညှိနှိုင်းတာကို ဦးဇင်းအနေနဲ့ ကျေးဇူးတင်ပါတယ်။ ပြီးခဲ့တဲ့အဖွင့်မှာ ဦးဇင်းပြောခဲ့တဲ့ အချိန်မှာလည်းပဲ ဦးပဇင်းတို့ဟာ ဒီမေတ္တာ ဦးစီးတဲ့ ဆုံးဖြတ်ချက်၊ စည်းကမ်းချက်များကို ဦးစီးတဲ့ ဦးတည်ချက်များ၊ ထုတ်ပြန်ချက်များ၊ အတ္တဗဟိုပြုဦးစီးတဲ့ ထုတ်ပြန်ချက်များဆိုတဲ့ သုံးချက်ရှိပါတယ်။ ကရင့်အမျိုးသားရေးအတွက်ဟာ အားလုံး ပြည်တွင်းပြည်ပ၊ တောင်ပေါ်မြေပြန့်မကျန် အားလုံး မေတ္တာကို ဦးစီးပြီးတော့ ဆုံးဖြတ်ချက် ရပ်တည်ရမည့် မူဝါဒဆိုင်ရာ ၄ ခုပေါ့လေ။

နိုင်ငံရေးကဏ္ဍဆိုင်ရာ၊ စီးပွားရေးကဏ္ဍဆိုင်ရာ၊ လူမှုရေးကဏ္ဍဆိုင်ရာ၊ မြေယာနှင့်သဘာဝသယံဇာတကဏ္ဍဆိုင်ရာ စာတမ်း ၄ ခုကိုတော့ အတည်ပြုချက် ရယူပေးပါမယ်။ ဒါကြောင့်မို့ ဦးဇင်း ပြောချင်တာက စစ်ပြီးလို့ ငြိမ်းချမ်းရေးအစစ်ကို ရအောင်မလုပ်နိုင်ဘူးဆိုရင်တော့ သူ့ရဲ့ ကောင်းတွေကို သစ္စာဖောက်ရာ ကျပါလိမ့်မယ်။ ဦးဇင်းတို့ဟာ စစ်တော့ ပြီးသွားပြီ။ ငြိမ်းချမ်းရေးအစစ်ကတော့ ရယူနိုင်လောက်အောင် မလုပ်နိုင်ဘူးဆိုရင် သူ့ရဲ့ကောင်းတွေကို သစ္စာဖောက်ရာ ကျပါလိမ့်မယ်။ ဒါကြောင့် ကိုယ်စားလှယ်တော်တွေများ အခု ဖတ်ကြားတင်သွင်းသွားသည့် နိုင်ငံရေးကဏ္ဍဆိုင်ရာ၊ စီးပွားရေးကဏ္ဍဆိုင်ရာ၊ လူမှုရေးကဏ္ဍဆိုင်ရာ၊ မြေယာနှင့် သဘာဝသယံဇာတကဏ္ဍဆိုင်ရာ စာတမ်း ၄ စောင်ကို ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ– (၂၁)ရာစုပင်လုံညီလာခံအထိ ကျင်းပပြုလုပ်သွားမည့် နိုင်ငံရေး ဆွေးနွေးပွဲအဆင့်ဆင့်တို့တွင် ဆက်လက်ဆောင်ရွက်နိုင်ရေးအတွက် ယခုပြုလုပ်ကျင်းပသော ကရင်အမျိုးသား နိုင်ငံရေးဆွေးနွေးပွဲ (လော်ခီးလာ) မှ ထပ်လောင်းအတည်ပြု ရပ်တည်ရန်အတွက် ကိုယ်စားလှယ်များကို တောင်းဆိုပါတယ်။ ဒီကိစ္စကို ကိုယ်စားလှယ်များ (သဘောတူပါသလား)[၇]။ ကိုယ်စားလှယ်များက (သဘောတူပါတယ်)[၇]။ သဘောတူတယ်ဆိုရင် ကိုယ်စားလှယ်များ အတည်ပြုချက်ဖြစ်တဲ့အတွက်ကြောင့် ဦးဇင်းတို့လည်းပဲ သဘောတူညီမှုရပြီးဖြစ်တဲ့အတွက်ကြောင့် နိုင်ငံရေးဆွေးနွေးပွဲ အဆင့်ဆင့် ဆက်လက်ဆောင်ရွက်နိုင်ရန်အတွက် သဘာပတိအနေနဲ့ အတည်ပြုပါတယ်။

ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ – (၂၁)ရာစုပင်လုံ
ကရင်အမျိုးသား နိုင်ငံရေးဆွေးနွေးပွဲ (လော်ခီးလာ)

# သဘာပတိ အရှင်ဦးစန္ဒရ ဦးဆောင်ပြီး အချောသတ် လုံခြုံရေးကဏ္ဍ စာတမ်းအား အတည်ပြုမှတ်တမ်းတင်ခြင်း

ကရင့်အမျိုးသား ကရင်အနာဂတ်ကို လုံခြုံရေးအခန်းကဏ္ဍမှာ ပြည်ထောင်စုအဆင့် နိုင်ငံရေး ဆွေးနွေးပွဲသို့ တင်ပြဆွေးနွေးရန်အတွက် ကရင်အမျိုးသား ဆက်လက်ကိုင်စွဲရမည့် စာတမ်းအဖြစ် မှတ်တမ်းတင် အတည်ပြုဆုံးဖြတ်ရန် အဆိုပြုလာတဲ့အတွက်ကြောင့် မှတ်တမ်းတင်ဖို့ တောင်းဆိုခဲ့ပါတယ်။ ဒါကြောင့် အရှင်စန္ဒာဝရမှ (သဘောတူပါသလား)[၇]၊ ကိုယ်စားလှယ်များမှ (တူပါတယ်)[၇]။ စုစည်းလို့ရတဲ့အနေအထားမှာ သဘာပတိဆိုတာ 'သဘာ'ဆိုတာ အစုအဖွဲ့ အစည်းအဝေးကိုခေါ်တာ။ 'ပတိ' ဆိုတာ အရှင်သခင်၊ အစည်းအဝေးတခုမှာ အစည်းအဝေးအစုအဖွဲ့ ရဲ့ အရှင်သခင်ဆိုတာ ရှိရတယ်။ ဒါကြောင့်မို့ လုပ်ငန်းပိုင်းဆိုင်ရာကို ဆုံးဖြတ်ချက်ချတော့မယ်ဆိုရင် 'သဘာပတိ'ဆီမှာ အတည်ပြု မှတ်တမ်းယူဖို့ ဖြစ်ပါတယ်။ ဒါကြောင့်မို့ သုံးကြိမ်တိုင်တိုင် မေးပြီးတဲ့နောက် သဘာပတိအဖွဲ့ဝင်များကလည်း မှတ်တမ်းတင်ရန် သဘောတူသောကြောင့် မှတ်တမ်းတင်ဖို့ အတည်ပြုအပ်တယ်။



**ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ – (၂၁)ရာစုပင်လုံ**
**ကရင်အမျိုးသား နိုင်ငံရေးဆွေးနွေးပွဲ (လော်ခီးလာ)**

# ကရင်အမျိုးသား နိုင်ငံရေးဆွေးနွေးပွဲများကို စနစ်တကျ ဆက်လက်ဆောင်ရွက်နိုင်ရန်အတွက် ပဒိုကွယ်ထူးဝင်း မှ ဦးဆောင်ဆွေးနွေးခြင်း

ဒီကနေ့ နိုင်ငံရေးဆွေးနွေးပွဲကို တက်ရောက်လာတဲ့ ကိုယ်စားလှယ်များအားလုံးကို မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သချင်ပါတယ်။ အစီအစဉ်အရ တင်ပြဆွေးနွေးရမည့် အချက်က ၃ ချက် ရှိပါတယ်။

(၁) တချက်ကတော့ နိုင်ငံရေးဆွေးနွေးပွဲဖြစ်စဉ်
(၂) တချက်ကတော့ ကရင်အမျိုးသား နိုင်ငံရေးဆွေးနွေးပွဲများကို စနစ်တကျ ဆက်လက်ဆောင်ရွက်နိုင်ရေး၊
(၃) နည်းပညာအထောက်အကူပြုအဖွဲ့ကိစ္စ ဖြစ်ပါတယ်။

နိုင်ငံရေးဆွေးနွေးပွဲတွေနဲ့ပတ်သက်ပြီး သမိုင်းနောက်ခံ အနည်းငယ်ကိုတော့ ပြန်လည်

တင်ပြမှာ ဖြစ်ပါတယ်။ ဒါကိုလည်း ဒီမှာထိုင်နေတဲ့ ကိုယ်စားလှယ်တွေလည်း သိသင့်သလောက် သိရှိမယ်လို့ ယုံကြည်ပါတယ်။ နိုင်ငံရေးဆွေးနွေးပွဲ ကရင်အမျိုးသား နိုင်ငံရေးဆွေးနွေးပွဲ ကျင်းပနိုင်ရခြင်း အကြောင်းအရင်းကတော့ NCA မှာ လက်မှတ်ရေးထိုးပြီးတော့ NCA ရဲ့ ပြဋ္ဌာန်းချက်အရ ခွင့်ပြုချက်အရ ဆောင်ရွက်ခဲ့တဲ့ နိုင်ငံရေးဆွေးနွေးပွဲဖြစ်ပါတယ်။ ဆိုလိုတာက ကျနော် NCA လက်မှတ်ရေးထိုးတာကို နာမည်ကတော့ တနိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် သို့သော်လည်းပဲ အဲ့ဒီစာချုပ်ထဲမှာ ကျနော်တို့ဝေထားတဲ့ စာအုပ်တွေလည်းရှိပါတယ်။ ဒီ NCA လက်မှတ်ရေးထိုးတဲ့ စာအုပ်တွေထဲမှာ သူ့ရဲ့ရည်ရွယ်ချက်တွေက တိတိကျကျရေးထားပါတယ်။

အခန်း(၂) မှာ ဦးတည်ချက်၊ ရည်ရွယ်ချက်များ ပြည်ထောင်စုအစိုးရနှင့် တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်းများသည် အောက်ပါသဘောတူစာချုပ်၏ ဦးတည်ချက်နှင့် ရည်ရွယ်ချက် အဖြစ် သဘောတူသည်။ ဒါကို ကျနော်တို့ဖတ်သွားလို့ရှိရင် ပြန်လည်သတိရမှာ ဖြစ်ပါတယ်။

(က) ဒီစာချုပ်ကို လက်မှတ်ရေးထိုးသူများအကြား အပစ်အခတ်ရပ်စဲရေးအား လက်ခံဆောင်ရွက်ပြီးနောက် တရားမျှတမှုနှင့် ရေရှည်တည်တံ့ခိုင်မြဲသည့် ငြိမ်းချမ်းရေးရရှိဖို့အတွက် နှစ်ဘက်သဘောတူထားသည့် နိုင်ငံရေးမူဘောင်အပေါ်တွင် အခြေခံ၍ ပါဝင်သည့်သူအားလုံး ပါဝင်သော နိုင်ငံရေးတွေ့ဆုံဆွေးနွေးခြင်း လုပ်ငန်းစဉ်ကို စတင်ရမည်။

(ခ) အပစ်အခတ်ရပ်စဲရေးဆိုင်ရာ သဘောတူစာချုပ် အကောင်အထည်ဖော်ဆောင်မှုများ၊ စည်းကမ်းများအား လိုက်နာမှုကို စောင့်ကြည့်ရေး၊ ချိုးဖောက်မှုများကို စုံစမ်းစစ်ဆေးရေးနှင့် ပဋိပက္ခများ ဖြေရှင်းရေးတို့ကို ဆောင်ရွက်ပေးနိုင်ရေးအတွက် အပစ်အခတ် ရပ်စဲမှု ပူးတွဲစောင့်ကြည့်ရေးကော်မတီ တရပ်ကို ဖွဲ့စည်းထားရမယ်။

(ဂ) ပြည်ထောင်စုအစိုးရနှင့် တိုင်းရင်းသားလက်နက်ကိုင်များအကြား ချုပ်ဆိုထားသော သဘောတူညီချက်များနှင့် ကတိကဝတ်များကို ထပ်လောင်းအတည်ပြုရမည်။

(ဃ) တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ၏ တော်လှန်ရေးရဲ့ အခြေခံမူ နိုင်ငံရေးဆန္ဒကို နားလည်ရေးနှင့် ပြည်ထောင်စုစိတ်ဓာတ်ကို ဦးတည်တဲ့ တနိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေး သဘောတူစာချုပ်ကို လက်မှတ်ရေးထိုးရေး၊ ပါဝင်သင့်ပါဝင်ထိုက်သော တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်းများအားလုံး အတူတကွ လက်မှတ်ရေးထိုးရမယ် ဆိုတာ ရှိပါတယ်။

ဆိုလိုတာက တနိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေး သဘောတူစာချုပ် (NCA) မှာ အပစ်အခတ်ရပ်စဲရေးတခုတည်း ခိုင်မာအောင်လုပ်တာ မဟုတ်ဘဲနဲ့ လက်နက်ကိုင်ပဋိပက္ခတွေ ဖြစ်ပွားမှု၊ အခြေခံနိုင်ငံရေးပြဿနာတွေကို ဆွေးနွေးဖို့အတွက် သဘောတူလိုက်ပါတယ်။ သဘောတူတဲ့ ပြဋ္ဌာန်းချက်အရ နိုင်ငံရေးတွေ့ဆုံဆွေးနွေးပွဲ မူဘောင်ကို ရေးဆွဲရပါတယ်။ ဒီလိုရေးဆွဲတဲ့နေရာမှာ ပထမဦးဆုံး တာဝန်အရှိဆုံးကတော့ လက်မှတ်ရေးထိုးတဲ့ တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းနဲ့ အစိုးရဘက်က တာဝန်ရှိတဲ့ပုဂ္ဂိုလ်များက အကောင်အထည်ဖော်ဖို့အတွက် တာဝန်အရှိဆုံး ဖြစ်ပါတယ်။ တာဝန်ခံရမှာ ဖြစ်ပါတယ်။ ဒါကြောင့်မို့ ဒီပြဋ္ဌာန်းချက် ပထမဦးဆုံးမှာ

လက်မှတ်ရေးထိုးပြီးတာနဲ့ JICM လို့ခေါ်တဲ့ တနိုင်ငံလုံး အပစ်အခတ်တိုက်ခိုက်မှု ရပ်စဲရေး အကောင်အထည်ဖော်မှု ညှိနှိုင်းအစည်းအဝေးရှိပါတယ်။ အတူတကွ ထိုင်ပြီးတော့ အကောင်အထည်ဖော်မှုမှာ ဘယ်လိုအကောင်အထည်ဖော်ရမလဲဆိုတာကို ဆွေးနွေးတာဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ကျနော်တို့ လက်မှတ်ရေးထိုးပြီးတဲ့နောက်မှာ JICM ရဲ့ ကိုယ်စားလှယ် ၈ ဦး၊ တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းမှာ လက်မှတ်ရေးထိုးထားတဲ့ ကိုယ်စားလှယ် ၈ ဦး၊ တဖွဲ့မှာတဦးနဲ့ ထိုင်ပြီးတော့ ပထမဦးဆုံး စတင်ဖွဲ့စည်း လိုက်တာက ပြည်ထောင်စုငြိမ်းချမ်းရေး ဆွေးနွေးမှု ပူးတွဲကော်မတီဆိုတဲ့ နိုင်ငံရေးဆွေးနွေးပွဲကို ဦးဆောင်သည့် အကောင်အထည်ဖော်မည့် အဖွဲ့ကို ဖွဲ့စည်းခဲ့ပါတယ်။ ပထမဖွဲ့စည်းတဲ့နေရာမှာ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းနဲ့ အစိုးရက ကိုယ်စားလှယ်ပဲဖြစ်ပါတယ်။ သို့သော်လည်းပဲ ပြဋ္ဌာန်းချက်မှာ ပါဝင်သင့်ပါဝင်ထိုက်တဲ့ အစုအဖွဲ့တွေ ပါဝင်သင့်တဲ့အတွက်ကြောင့် နိုင်ငံရေးပါတီတွေ ပါလာဖို့ ရေးဆွဲတဲ့အချိန်မှာ စတင်ပါလာခဲ့ပါတယ်။ ဆိုလိုတာက ကျနော်တို့သွားမည့် နိုင်ငံရေး တွေ့ဆုံဆွေးနွေးပွဲကြီးရဲ့ အစုအဖွဲ့ထဲမှာ အစုအဖွဲ့ကြီး ၃ ခုရှိပါတယ်။ တဖွဲ့က အစိုးရ (အစိုးရ၊ လွှတ်တော်၊ တပ်မတော်) ကို ဆိုလိုတယ်။ ကျနော်တို့တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းမှာတော့ လက်မှတ်ထိုးထားတဲ့ အဖွဲ့အစည်း၊ နိုင်ငံရေးပါတီတွေ အထူးသဖြင့် မူလက သတ်မှတ်တာက အနိုင်ရ နိုင်ငံရေးပါတီရယ် တရားဝင် Register လုပ်ထားတဲ့ပါတီတွေ အစုအဖွဲ့ ၃ ဖွဲ့နဲ့ ကျနော်တို့ရေးဆွဲခဲ့ပါတယ်။ နိုင်ငံရေးဆွေးနွေးပွဲသွားမှာ ဖြစ်တဲ့အတွက်ကြောင့် နိုင်ငံရေးဆွေးနွေးပွဲသွားတဲ့ ရည်ရွယ်ချက်က စာအုပ်ထဲမှာလည်းရှိပါတယ်။ နိုင်ငံရေးဆွေးနွေးပွဲရဲ့ ရည်ရွယ်ချက်မှာ –

(က) နိုင်ငံရေးတွေ့ဆုံဆွေးနွေးပြီး ရေရှည်တည်တံ့ခိုင်မြဲသော ပြည်ထောင်စုငြိမ်းချမ်းရေးရရှိရေးအတွက် နိုင်ငံရေးပြဿနာကို စစ်ရေးနည်းဖြင့် ဖြေရှင်းခွင့်မပြုဘဲ နိုင်ငံရေးနည်းဖြင့် ဖြေရှင်းနိုင်ရန်အလို့ငှာ ပါဝင်သင့်ပါဝင်ထိုက်သူအားလုံးပါဝင်သည့် နိုင်ငံရေးဆွေးနွေးပွဲများကို ကြိုးစားသွားရန်၊

(ခ) နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ လုံခြုံရေးဆိုင်ရာ ပြုပြင်ပြောင်းလဲမှုများကို ငြိမ်းချမ်းစွာညှိနှိုင်း အဖြေရှာသွားရန်၊

(ဂ) ပြည်တွင်းငြိမ်းချမ်းရေး၊ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် တိုင်းရင်းသားများ သဟဇာတ ရှိရှိ တန်းတူညီမျှမှုရှိရေးတို့အတွက် အဖြေရှာသွားရန်၊

(ဃ) ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ– (၂၁)ရာစုပင်လုံညီလာခံမှ ထွက်ပေါ်လာသော ဆုံးဖြတ်ချက်များအပေါ် အခြေခံ၍ ဖွဲ့စည်းပုံအခြေခံဥပဒေအပါအဝင် ဥပဒေများအား လိုအပ်သလို ပြင်ဆင်ခြင်း၊ ဖြည့်စွက်ခြင်းနှင့် ထုတ်ပြန်ခြင်းများကို လုပ်ထုံးလုပ်နည်းနှင့်အညီ ဆောင်ရွက်သွားရန်၊

(င) အမျိုးသားတန်းတူရေးနှင့် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့် အခွင့်အရေးများ၊ အာမခံချက် အပြည့်အဝရှိသော ဖက်ဒရယ်ပြည်ထောင်စုကို အခြေခံပြီး ပြည်ထောင်စုအား နိုင်ငံရေးဆွေးနွေးပွဲ ရလဒ်နှင့်အညီ တည်ဆောက်သွားရန်၊

(စ) လွတ်လပ်ရေး၊ တန်းတူညီမျှရေးနှင့် တရားမျှတရေးတို့ကို အခြေခံပြီး ဒီမိုကရေစီ နိုင်ငံ

တော်ကို နိုင်ငံရေးဆွေးနွေးပွဲရလဒ်နှင့်အညီ တည်ထောင်ရန်ဆိုတဲ့ နိုင်ငံရေးတွေ့ဆုံဆွေးနွေးမှု မူဘောင် ရေးဆွဲတဲ့နေရာမှာ အဲ့ဒီရည်ရွယ်ချက်ပေါ်မှာမူတည်ပြီး ချမှတ်ခဲ့တာ ဖြစ်ပါတယ်။

ဒီတော့ နိုင်ငံရေးဆွေးနွေးပွဲမှာ လုပ်ငန်းအစီအစဉ်မှာလည်း ပထမအဆင့်အနေနဲ့ နိုင်ငံရေးဆွေးနွေးမှု မူဘောင်ရေးဆွဲသဘောတူရယူပြီး ဒါကမူလက အစိုးရလက်ထက်မှာ သဘောတူထားခဲ့ပြီးဖြစ်တယ်။ အစိုးရသစ်မှာ ပြန်လည်သုံးသပ်မှာပေါ့။ တချို့အချက်တွေက မပြီးသေးဘူး ကျနော်တို့လက်ရှိရယူတဲ့အနေအထားမှာ အားလုံးပါဝင်တဲ့ နိုင်ငံရေးဖြစ်စဉ်တခုကို ဆက်လက်အကောင်အထည်ဖော်နိုင်ဖို့အတွက် လက်မှတ်မရေးထိုးသေးတဲ့ အဖွဲ့အစည်းကြီးတွေလည်း ပါဝင်လာနိုင်အောင် သူတို့ကိုလည်း ဖိတ်ခေါ်ပြီးတော့ ဆောင်ရွက်နေတဲ့ အနေအထားမျိုးတော့ရှိပါတယ်။ အတည်မပြုသေးဘူးလို့လည်း ပြောလို့ရတယ်။ ရှိထားတဲ့ဟာတွေက မပြင်ဘဲနဲ့ ပြင်သင့်တဲ့ဟာတွေပဲ အတည်ပြုသွားမယ်လို့ ပြောလို့ရပါတယ်။

(က) အမျိုးသားအဆင့်နိုင်ငံရေးဆွေးနွေးပွဲများနှင့် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ– (၂၁) ရာစု ပင်လုံ ကျင်းပခြင်း။
(ခ) ပြည်ထောင်စုသဘောတူစာချုပ် ချုပ်ဆိုခြင်း။
(ဂ) ပြည်ထောင်စုလွှတ်တော်၏ အတည်ပြုချက် ရယူခြင်း။
(ဃ) ပြည်ထောင်စုသဘောတူစာချုပ် သဘောတူညီချက်များကို အကောင်အထည်ဖော်ခြင်းတို့ဖြစ်ပါတယ်။

အခုကျနော်တို့ ကျင်းပနေတာက နိုင်ငံရေးဆွေးနွေးပွဲမှာ အဆင့် ၂ ဆင့် ရှိပါတယ်။ ပထမအဆင့်ကတော့ ကျနော်တို့အခုပြောနေတဲ့ အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲဖြစ်တယ်။ ဒုတိယအဆင့်ကတော့ ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ၊ အစိုးရသစ်မှာဆိုရင် (၂၁) ရာစု ပင်လုံညီလာခံထပ်ထည့်လိုက်တယ်။ မူလကတော့ ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ သို့သော်လည်း အစိုးရသစ်မှာ ကျနော်တို့ရဲ့ ဆန္ဒအရ (၂၁) ရာစု ပင်လုံလို့ ထပ်ထည့်တာဖြစ်ပါတယ်။ ဒီလိုဆွေးနွေးတဲ့နေရာမှာ အမျိုးသားအဆင့်နိုင်ငံရေးဆွေးနွေးပွဲမှာ တင်ပြသလိုပဲ နိုင်ငံရေးတွေ့ဆုံဆွေးနွေးတဲ့ မူဘောင်ဆိုတာက နိုင်ငံရေးဆွေးနွေးပွဲတခုကို အောင်အောင်မြင်မြင် ဘယ်လိုဆောင်ရွက်မလဲဆိုတာ အစီအစဉ်ရေးဆွဲရေး ဖြစ်ပါတယ်။ ဒီဆွေးနွေးပွဲကို ဘယ်သူတွေက ပါဝင်သလဲဆိုတဲ့ကိစ္စ၊ နောက်တခုက ဘာအကြောင်းအရာကိုဆွေးနွေးမလဲကိစ္စ၊ ဘယ်လိုနည်းဘယ်လိုဟန်နဲ့ ဆွေးနွေးမလဲဆိုတဲ့ ကိစ္စတွေကို ရေးဆွဲရေးဖြစ်ပါတယ်။ အခု ကျနော်တို့ပါဝင်တဲ့ အစုအဖွဲ့က သတ်မှတ်ထားတာ တသိန်းခွဲရှိတယ်။ သို့သော်လည်းပဲ လိုအပ်မှုအရ ပါဝင်သင့်ပါဝင်ထိုက်ဆိုတဲ့ အသိပညာရှင် အတတ်ပညာရှင်၊ နောက်ပြီးတော့ CSO တွေကို ကျနော်တို့ဖိတ်ကြားပြီးတော့ သူတို့ကလည်း နိုင်ငံရေးဆွေးနွေးပွဲမှာ ပါဝင်လာတယ်။ ဒါကပါဝင်မှု အစုအဖွဲ့ပေါ့။ သို့သော်လည်းပဲ ကျနော်တို့ညှိတဲ့နေရာမှာ အမျိုးသားအဆင့်မှာ ပါဝင်ရမည့် ကိုယ်စားလှယ်တွေ အရေအတွက်သတ်မှတ်မှုကတော့ ကျနော်တို့

သတ်မှတ်လို့ မရနိုင်သေးဘူး။ မူလကတော့ ရှိထားတယ်။ ဒါကတော့ ကျနော်တို့ ပြန်သုံးသပ်ဖို့ ဘယ်လို ပြင်ဆင်မလဲ ဆိုတာကို အခုထက်ထိ မဆုံးဖြတ်ရသေးဘူး။ ရှိထားတဲ့အပေါ်မှာ ယူလို့ရှိရင် အတည်ပြုဖို့က ပထမအကြိမ်ကျင်းပတဲ့ ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံရဲ့ ကိုယ်စားအတိုင်းပဲ ဖြစ်ပါတယ်။ ပါဝင်မည့် အစုအဖွဲ့ကတော့ ခုနက ကျနော်တင်ပြသလိုပါပဲ။ အဓိကကတော့ သုံးစု သုံးဖွဲ့ဖြစ်ပါတယ်။ နိုင်ငံရေးပါတီပါတယ်၊ အစိုးရ၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်း ပါတယ်။ ဆိုလိုတာက NCA မှာ လက်မှတ်ရေးထိုးထားတဲ့ တိုင်းရင်းသားလက်နက်ကိုင် အစုအဖွဲ့ ဖြစ်ပါတယ်။ လိုအပ်မှုအရ ဆက်လက်ပြီး အသိပညာရှင်၊ အတတ်ပညာရှင်တွေ၊ CSO အရပ်ဖက် လူမှုအဖွဲ့အစည်းတွေရဲ့ ကိုယ်စားလှယ်တွေ နောက်ပြီးတော့ ကျန်တဲ့အဖွဲ့အစည်းတွေ အထူးသဖြင့် လူနည်းစုလူမျိုးစုတွေရဲ့ ကိုယ်စားလှယ်တွေ၊ ပါဝင်နိုင်ဖို့အတွက်လည်း ကျနော်တို့ ချမှတ်ထား ပါတယ်။ ဆွေးနွေးရမည့် အကြောင်းအရာနဲ့ ပတ်သက်ပြီးတော့ ကျနော်တို့ဆွေးနွေးရမှာက မူလက အဓိကအချက် ၅ ချက်ကို ထားပါတယ်။ နှစ်ချက်ပြီး ငါးချက်ရဲ့အောက်မှာမှ အချက်ငယ်လေးတွေ အချက်နှစ်ဆယ်လောက် ရှိတယ်။ ပထမပိုင်းက ဦးသိန်းစိန်အစိုးရ လက်ထက်တုန်းက ခေါင်းစဉ် ကြီးကတော့ အတူတူပါပဲ။ နိုင်ငံရေးကဏ္ဍဆိုင်ရာ ကိစ္စရပ်များ၊ ဒုတိယက စီးပွားရေးဆိုင်ရာ ကိစ္စ ရပ်များ၊ တတိယက လူမှုရေးဆိုင်ရာ ကိစ္စရပ်များ၊ နောက်တခုကတော့ နိုင်ငံတော်ကာကွယ်ရေးနဲ့ လုံခြုံရေးဆိုင်ရာကိစ္စရပ်များ၊ ပဉ္စမအချက်ကတော့ မြေယာနှင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ကိစ္စရပ်များဖြစ်တယ်။ ဒီအချက် ၅ ချက် အောက်မှာ အချက်လေးတွေရှိတယ်။ ဒီအချက်လေးတွေကို ကျနော်တို့တကြိမ်တည်းနဲ့ ဆွေးနွေးလို့ ပြီးမှာမဟုတ်ပါဘူး။ ဒါကြောင့်မို့လို့ ကျနော်တို့ ခုနက ကိုယ်စားလှယ်တဦးတင်ပြသွားတဲ့ Sequence လေးဆိုတဲ့ ဒီခေါင်းစဉ်အောက်မှာရှိတဲ့ ခေါင်းစဉ် ငယ်လေးတွေကို ဘယ်အချက်က ပထမဆုံးအကြိမ်ကျင်းပမည့် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ– (၂၁)ရာစု ပင်လုံကို စတင်ပြီးတော့ ဆွေးနွေး တင်ပြသွားမလဲကိစ္စ၊ ဒုတိယအကြိမ်ဆိုလို့ရှိရင်တော့ ဘယ်အချက်တွေကို ဆွေးနွေးမလဲဆိုတဲ့ကိစ္စက ကျနော်တို့ ဆက်လက်ပြီးတော့ ညှိနှိုင်းသွားမှာ ဖြစ်ပါတယ်။ ခုနက တင်ပြသွားတဲ့ Sequence တွေ ဆိုတဲ့ ကဏ္ဍအလိုက် ခေါင်းစဉ်ငယ်လေးတွေကို ဆက်သွားဖို့အတွက် တဖက်က အစိုးရနဲ့ညှိရမည့် သဘောလည်းရှိပါတယ်။ တိုင်းရင်းသား လက် နက်ကိုင်အဖွဲ့အစည်း နောက်ပြီးတော့ အစိုးရ UPDJC ညှိပြီးတော့ အတည်ပြုရမှာ ဖြစ်ပါတယ်။ ဆိုလိုတာက ကျနော်တို့ တင်ပြတဲ့အချက်တွေက တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းဘက် က တင်ပြတဲ့ဆွေးနွေးပွဲမှာ ဆွေးနွေးသင့်တဲ့ အစဉ်လိုက် ကျင်းပသင့်တဲ့ ခေါင်းစဉ်ငယ်လေးတွေ ဖြစ်ပါတယ်။

ဒီလိုကျင်းပမည့်နေရာမှာ ဒါကကျနော်တို့ ခုနက တင်ပြသလိုပေါ့။ ဆွေးနွေးမှုက နှစ်ဆင့် ရှိတဲ့အတွက်ကြောင့် ကျနော်တို့ အမျိုးသားအဆင့်နိုင်ငံရေးဆွေးနွေးပွဲမှာ ကျနော်တို့ဆွေးနွေးရမည့်ပုံစံ လူမျိုးအလိုက်၊ ဒေသအလိုက်၊ အကြောင်းအရာအလိုက်။ လူမျိုးအလိုက်ကိုကျတော့ ကျနော်တို့ သက်ဆိုင်ရာ လူမျိုးကနေပြီးတော့ သူတို့ရဲ့ ခုနက ဆွေးနွေးတဲ့အချက်တွေအပေါ်မှာ သဘောထား။ ဒါတွေကို ဘယ်လိုရှိသလဲ အမြင်တွေ ဘယ်လိုရှိသလဲ စုစည်းပြီးတော့ ပြည်ထောင်စုငြိမ်းချမ်းရေး ညီလာခံကို တင်ဖို့အတွက် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ ဆွေးနွေးမှုပူးတွဲကော်မတီကတဆင့်

လုပ်ငန်းကော်မတီတွေရဲ့ စိစစ်မှု၊ အဆိုပြုမှု၊ အပေါ်မှာမူတည်ပြီးတော့ တဆင့်ပြီးတဆင့် တင်သွင်းမှာ ဖြစ်ပါတယ်။ ဆိုလိုတာက အခု ကျနော်တို့ အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲ လူမျိုးအလိုက် (ကရင်) လူမျိုးကနေပြီးတော့ ဆွေးနွေးရရှိလာတဲ့ ခေါင်းစဉ်ရဲ့သဘောထား အကြံပြု ချက်တွေကို ကျနော်တို့ ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ ဆွေးနွေးမှုပူးတွဲကော်မတီဆီ ပို့ရမယ်။ ပို့လိုက်လို့ရှိရင် အတွင်းရေးမှူးဆီရောက်တာနဲ့ လုပ်ငန်းကော်မတီတွေရှိတယ်။ လုပ်ငန်းကော်မတီ တွေက ကဏ္ဍ ၅ ခုကို အဖွဲ့ဝင် ၁၅ ဦးနဲ့ ဖွဲ့စည်းထားပါတယ်။ အတွင်းရေးမှူးအဖွဲ့ကိုကျတော့ ဒီ UPDJC မှာရှိတဲ့ အတွင်းရေးမှူး ၁၅ ဦးထဲက ကဏ္ဍတခုကို ၃ ဦးစီ ဦးဆောင်မယ်။ နောက်ပြီးတော့ လိုအပ်မှုအရ ကဏ္ဍအလိုက်မှာ သက်ဆိုင်ရာအစုအဖွဲ့က လုပ်ငန်းကော်မတီမှာ ၄ ဦးစီ တိုင်းရင်း သားလက်နက်ကိုင် အဖွဲ့အစည်းမှာ ၄ ဦး၊ အစိုးရဘက်မှာ ၄ ဦး ကဏ္ဍတခုမှာ၊ နောက်ပြီးတော့ နိုင်ငံရေးပါတီက ၄ ဦး၊ ဒီအစုအဖွဲ့ရဲ့လုပ်ငန်းကော်မတီမှာ ၁၂ ဦးရှိပြီးတော့ အတွင်းရေးမှူးအဖွဲ့ ၃ ဦးကနေ ကြီးကြပ်သွားမှာ ဖြစ်ပါတယ်။ အတွင်းရေးမှူး ၃ ဦးကလည်း နိုင်ငံရေးပါတီမှာ ပါဝင်တဲ့အတွင်းရေးမှူး ၁ ဦး၊ အစိုးရက ကိုယ်စားပြုတဲ့ အတွင်းရေးမှူး ၁ ဦး၊ တိုင်းရင်းသား လက်နက်ကိုင်က ကိုယ်စားပြုတဲ့ အတွင်ရေးမှူး ၁ ဦး။ ဆိုလိုတာက သုံးပွင့်ဆိုင် တွေ့ဆုံဆွေးနွေးမှုက UPDJC မှာလည်း အစုဖွဲ့ ဖြစ်တယ်။ လုပ်ငန်းကော်မတီမှာလည်း သုံးပွင့်ဆိုင် အစုဖွဲ့ဖြစ်တယ်။ ကျနော်တို့ဘက်က အစုအဖွဲ့မှာပါတဲ့ လုပ်ငန်းကော်မတီတွေမှာ ကရင်လက်နက်ကိုင်အဖွဲ့အစည်း တွေဘက်ကတော့ အဆိုပြုထားတဲ့ နာမည်တွေရှိပါတယ်။ နိုင်ငံရေးမှာဆိုလို့ရှိရင် ပဒိုအယ်ကလူစေး၊ လုံခြုံရေးမှာ ဆိုလို့ရှိရင် ပဒိုစောအောင်ဝင်းရွှေ၊ မြေယာမှာဆိုလို့ရှိရင်လည်း တဦးရှိတယ်။ လယ်ယာဌာနက။ နောက်တဦး ရှိသေးတယ်။ ကျနော်တို့ တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်း ထဲက အဲ့လိုပေါ့။ ကျန်တဲ့ တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းတွေထဲကလည်း ၄ ဦးပါမှာ တဦးစီပေါ့လေ။ လုပ်ငန်းကော်မတီအဖွဲ့ထဲမှာ ပါဝင်ကြတယ်။ အခု ကျနော်တို့က ရလာတဲ့ အဆိုပြုမှု သဘောထားတွေကို တင်လိုက်တဲ့အခါ အသင်းအဖွဲ့ကတဆင့် လုပ်ငန်းကော်မတီစီကို ချပြပြီးတော့ လုပ်ငန်းကော်မတီက UPDJC ချလိုက်တဲ့ လုပ်ငန်းပေါ်လစီပိုင်းဆိုင်ရာကိစ္စနဲ့ ဒီကနေပြီးတော့ လူမျိုးအလိုက်၊ ဒေသအလိုက်က တင်ပြလာတဲ့သဘောထား စုစည်းချက်တွေ၊ အဆိုပြုချက်တွေကို ပြန်လည်ညှိနှိုင်းပြီးတော့ ဖြစ်သင့်တဲ့ Policy Option သုံးခုကို UPDJC ကို ပြန်တင်ရမယ်။ UPDJC က ပြန်ညှိပြီးတော့ ပညာရှင်တွေရဲ့ အကူအညီနဲ့ အဆိုပြုမှုတခုတည်းကိုပဲ ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံကို တင်ပြရမှာ ဖြစ်ပါတယ်။

ကျနော်တို့အနေနဲ့ ဆွေးနွေးမှုအဆင့်ဆင့်ကို သွားရမယ်။ ပထမဆုံးအဆင့်ကတော့ အမျိုးသားအဆင့်၊ နောက်တော့ ဒေသအဆင့် အခုတနင်္သာရီတိုင်းမှာ ကျင်းပခဲ့တယ်။ ခေါင်းစဉ် ကတော့ တခုတည်းပဲ။ ဒါပေမယ့် ဒေသအလိုက်ဖြစ်တဲ့အတွက်ကြောင့် အမြင်သဘောထား တူချင်မှ တူမယ်။ ကွာချင်လည်း ကွာမယ်။ အဲ့သလိုပဲ CSO Forum က ဆွေးနွေးလို့ရှိရင်လည်း အမြင် သဘောထား တူချင်မှတူမယ်။ တူတဲ့အပိုင်းတွေလည်းရှိသလို ကွဲပြားတဲ့အပိုင်းတွေလည်းရှိမယ်။ လုပ်ငန်းကော်မတီက ဖြစ်သင့်တဲ့ Policy Option သုံးခုကို စုစည်းပြီးတင်ရမယ်။ တင်ပြီးလို့ရှိရင် ပြည်ထောင်စု ငြိမ်းချမ်းရေးကော်မတီကို တင်ရမယ်။ ပြည်ထောင်စုငြိမ်းချမ်းရေးကနေတဆင့်

သဘောတူညီချက် ရပြီးရင် လွှတ်တော်တင်၊ လွှတ်တော်တင်ပြီးရင် သဘောတူညီချက်အရ လိုအပ်တဲ့ ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေကို ပြုပြင်ဖြည့်စွက် ဖျက်သိမ်းရမှာပေါ့။ အဲ့လိုလုပ်ရမည့်အဆင့်တွေ ဖြစ်ပါတယ်။ ဒီတော့ ကျနော်တို့က အချိန်သတ်မှတ်မှုနဲ့ပတ်သက်တာ၊ အချိန်သတ်မှတ်မှုက နောက်ဆုံး ပြည်ထောင်စု ငြိမ်းချမ်းရေးညီလာခံမှာက ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံကို ၆ လတကြိမ်ကျင်းပမယ်။ မူလက ၄ လတကြိမ်က အစိုးရဟောင်းလက်ထက်က သတ်မှတ်ထားတာ အစိုးရသစ် တက်လာတဲ့အပေါ်မှာ ပြန်သုံးသပ်ကြည့်ရင် ၄ လတကြိမ်က ဘယ်တော့မှမဖြစ်နိုင်ဘူး ၆ လတကြိမ်။ တနှစ်မှာ နှစ်ကြိမ်၊ နောက်တခု သတ်မှတ်ထားတာကတော့ ပြည်ထောင်စု ငြိမ်းချမ်းရေးညီလာခံ (သို့မဟုတ်) နိုင်ငံရေးဆွေးနွေးပွဲကို ပထမညီလာခံမှာလည်း အတည်ပြုခဲ့တယ်။ ဒုတိယညီလာခံမှာ ဆွေးနွေးခဲ့တာက ၃ နှစ်မှ ၅ နှစ်အတွင်း ဒီခေါင်းစဉ်တွေကို ပြီးအောင် ဆွေးနွေးမယ့် သဘောထားရှိတယ်။ ၅ နှစ်ဆို ၂၀၂၀ မှာ အကုန်လုံးပြီးရမယ်။ ဖွဲ့စည်းပုံကိုလည်း ပြင်စရာရှိရင်လည်း ရွေးကောက်ပွဲဝင်လာလို့ရှိရင် အစိုးရသစ်တက်လာလို့ရှိရင် ဖွဲ့စည်းပုံအသစ်လည်း ဖြစ်လာမယ်။ သို့သော်လည်း ကျနော်တို့တွက်ကြည့်တာ ရွေးကောက်ပွဲက နိုဝင်ဘာလ ၈ ရက် အဲဒီပတ်ဝန်းကျင်လောက်လာမယ်။ သတ်မှတ်ချက်အတိုင်း ၂၀၂၀ အစပိုင်းနဲ့ အလယ်ပိုင်းဆိုရင် ဒါတွေကို ဆွေးနွေးနိုင်မှာ လုပ်နိုင်မှာမဟုတ်ဘူး။ ဒါကြောင့်မို့လို့ နိုင်ငံရေးဆွေးနွေးပွဲကို ၂၀၁၉ နောက်ပိုင်းမှာ ပြီးအောင်ဆွေးနွေးရမယ်။ ၆ လတကြိမ်မှာ ပြဌာန်းထားတဲ့ခေါင်းစဉ်တွေကို ဆွေးနွေးနိုင်ဖို့အတွက် ပြင်ဆင်မှုတွေလုပ်ရမယ်။ ၆ လတကြိမ် ကျင်းပရမည့် အဲ့ဆွေးနွေးပွဲက ထွက်လာတဲ့ အဆိုပြုစာတမ်း၊ မူဝါဒ (policy) တွေကို အဆိုပြုမယ်။ အဲ့ဒါတွေကို တဆင့်တဆင့် သွားပြီးလို့ရှိရင် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံမှာ အားလုံးက လက်ခံလို့ရှိရင် ဖွဲ့စည်းပုံ အခြေခံဥပဒေကို ပြင်စရာရှိတာပြင် ဖျက်စရာရှိတာဖျက် လုပ်သွားဖို့။ နောက်ပြီးတော့ ၆ လတကြိမ် ကျင်းပတဲ့နေရာမှာ သဘောတူညီချက်တွေကို ဆုံးဖြတ်ချက်ချပြီးလို့ရှိရင် လွှတ်တော်ကို ပို့ရမယ်။ ဆိုလိုတာက ပြည်ထောင်စုငြိမ်းချမ်းရေးသဘောတူစာချုပ်ရယ်လို့ မဟုတ်ဘဲနဲ့ တခုရပြီး တခု လက်မှတ်ထိုး လွှတ်တော်ကိုပို့၊ တစုံလုံး ပြီးသွားလို့ရှိရင်လည်း သဘောတူလက်မှတ်ထိုးမယ်။ တစ်ချို့က စိုးရိမ်နေကြပါတယ်။ အကယ်၍ ပြည်ထောင်စုငြိမ်းချမ်းရေး (၂၁) ရာစုညီလာခံမှာ အကုန်လုံး အစုအဖွဲ့က အတည်ပြုပြီး Peace ကို လက်မှတ်ရေးထိုးပြီး လွှတ်တော်ကို တင်တဲ့အခါမှာ လွှတ်တော်က လက်မခံဘူးဆိုရင် ဘယ်လိုလုပ်မလဲဆိုတဲ့ကိစ္စ။ ဒါတွေဟာ ကျနော်တို့စာချုပ်မှာ သဘောတူထားတဲ့အတိုင်း မရေးသားထားပေမယ့်လည်း နိုင်ငံရေးဆွေးနွေးတဲ့အခါမှာ လွှတ်တော်ရဲ့ ကိုယ်စားလှယ်၊ အစိုးရရဲ့ကိုယ်စားလှယ်၊ တပ်မတော်ရဲ့ကိုယ်စားလှယ်၊ တိုင်းရင်းသားလက်နက်ကိုင်ရဲ့ ကိုယ်စားလှယ်ပါဝင်တဲ့အတွက်ကြောင့် ငြင်းပယ်ဖို့ဆိုတာ အခက်အခဲ ရှိပါတယ်။ သဘောတူညီချက်အတိုင်း အကောင်အထည်ဖော်ရမယ့်သဘော ရှိပါတယ်။ ဆိုလိုတာက နိုင်ငံရေးဆွေးနွေးပွဲ ဖြစ်စဉ်။ ကျနော်တို့စဉ်းစားရမှာက လာမည့် ၆ လအတောတွင်းမှာ တကြိမ်ပြီးပြီ။ ဒါပေမယ့် မပြီးသေးဘူး။ နောက်ထပ်ဆွေးနွေးဖို့ ရှိသေးတယ်။ ဆွေးနွေးမယ့်အချက်တွေကလည်း ခေါင်းစဉ် ၅ ချက်အောက်မှာရှိတဲ့အတွက်ကြောင့် ၆ လတကြိမ်မှာ ဒီခေါင်းစဉ်တွေကို ဆွေးနွေးပြီး အတည်ပြုသွားမှာ ဖြစ်တယ်။ အခုသွားနေတဲ့ပုံစံက အခုလာမည့် ဖေဖော်ဝါရီလ မကြာခင်မှာ

အသုံးအနှုန်းက ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ– (၂၁)ရာစုပင်လုံ ဒုတိယ အစည်းအဝေး၊ ပထမတခေါက်က ပထမအစည်းအဝေး၊ ဒုတိယတခေါက်က ဒုတိယအစည်းအဝေး၊ ညီလာခံက မူလညီလာခံနဲ့ မရောထွေးဖို့နဲ့ အဆိုပြုတယ်။ အဲ့လိုဖြစ်တော့ ညီလာခံမှာ တလအတောအတွင်းမှာ ကျနော်တို့ဘက်က ပြီးစီးသွားတဲ့ အတည်ပြုထားတဲ့ အဆိုပြုချက်တွေကို ပြည်ထောင်စု ငြိမ်းချမ်းရေးညီလာခံကို ပူးတွဲဆွေးနွေးမှုကော်မတီကို တင်ပို့ရမယ်။ သို့သော်လည်း လုပ်ငန်းကော်မတီက ခုထက်ထိ ဖွဲ့စည်းလို့မပြီးသေးဘူး။ အဲ့ဒါက ကျနော်တို့သိထားရမှာဖြစ်ပါတယ်။ ဖွဲ့စည်းလို့ မပြီးဘူးဆိုတာက တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းတွေရဲ့ ကိုယ်စားလှယ်တွေက စာရင်းပို့ထားပြီးပြီ။ ကိုယ်တိုင်လက်မှတ်ထိုးပြီးတော့ UPDJC ရဲ့ ဥက္ကဋ္ဌဆီ ပို့ပြီးပြီ။ နိုင်ငံရေးပါတီကလည်း သူ့ရဲ့ ကိုယ်စားလှယ်ပို့ရမယ်။ အစိုးရဘက်ကလည်း ပို့မယ်ဆိုရင် လုပ်ငန်းကော်မတီဆက်ဖွဲ့နိုင်မှ အဆိုပြုလိုက်တဲ့ စာတမ်းတွေကို UPDJC ကို တင်ပြရမှာဖြစ်ပါတယ်။ UPDJC ကို ဖွဲ့စည်းပြီးသားဖြစ်တဲ့အတွက် ပြဿနာမရှိဘူး။ ဖြစ်စဉ်တိုင်း အဲ့လိုဖြစ်ပါတယ်။ ဒါကပထမအချက် နိုင်ငံရေးတွေ့ဆုံ ဆွေးနွေးမှုရဲ့ ဖြစ်စဉ်သွားရမယ့် အဆင့်ဆင့် ၆ လတကြိမ်သွားမည့်ကာလကတော့ ၅ လ အတောအတွင်း အစုအဖွဲ့တွေက ဒီလိုရှိတယ်။ ဆုံးဖြတ်ချက်တွေက ဘယ်လိုရှိလဲဆိုတာ ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ နောက်တခုက ငြိမ်းချမ်းရေးညီလာခံမှာ ဆုံးဖြတ်ချက်ချတဲ့အခါမှာ အများသဘောတူမှ။ အများသဘောမတူလို့ရှိရင်လည်း ဘယ်လိုမဲနဲ့ဆုံးဖြတ်မလဲ။ ဘယ်ပုံစံမဲနဲ့ ဆုံးဖြတ်မလဲဆိုတာက အခုထက်ထိ အဆုံးအဖြတ်တော့ မရှိသေးဘူး။ အများသဘောနဲ့ ဆုံးဖြတ်ရမလားဆိုတာက ဆက်လက်ပြီးတော့ ဆုံးဖြတ်ရမှာဖြစ်ပါတယ်။ သို့သော် တချို့နိုင်ငံတွေမှာက ကျင့်သုံးတာကတော့ အများသဘောတူဆိုတာက မဲနဲ့ဆုံးဖြတ်တာမဟုတ်ဘဲနဲ့ သဘောတူညီမှု မရှိလို့ရှိရင် ပြီးမှဆွေးနွေးပြီးတော့ သဘောတူညီမှု ရယူတဲ့ အစီအစဉ် ဆောင်ရွက်မှုတွေလည်း ရှိပါတယ်။

ဒုတိယအချက်ကတော့ ကရင့်အမျိုးသား နိုင်ငံရေးဆွေးနွေးပွဲများကို စနစ်တကျ ဆောင်ရွက်နိုင်ရေးအတွက် ခုနတုန်းက တင်ပြသလိုပဲ ဒီအမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲ လူမျိုးအလိုက် ကျနော်တို့ခေါ်ယူပိုင်ခွင့်ရှိတာက လူမျိုးအလိုက်။ တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းတွေ၊ နိုင်ငံရေးပါတီတွေခေါ်လို့ရတယ်။ တချို့ တဖွဲ့ချင်းစီလည်း ခေါ်လို့ရတယ်။ စုပြီးတော့လည်း ခေါ်လို့ရတယ်။ အခုကျနော်တို့ ဆွေးနွေးလာခဲ့တဲ့ အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲ လူမျိုးအလိုက် ကရင်အမျိုးသားနိုင်ငံရေး ဆွေးနွေးပွဲမှာ ကရင်လက်နက်ကိုင် တဖွဲ့ချင်းကနေ ဆောင်ရွက်တာ မဟုတ်ဘူး။ လက်နက်ကိုင်အဖွဲ့သုံးဖွဲ့ကတော့ ပူးပေါင်းဆောင်ရွက်တယ်။ ကရင်လက်နက်ကိုင်အဖွဲ့မကဘူး နိုင်ငံရေးပါတီတွေကလည်း ပူးပေါင်းပြီးတော့ အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲကို ကျင်းပခဲ့တယ်။ ဆောင်ရွက်တဲ့နေရာမှာ အစုအဖွဲ့ကတော့ လက်နက်ကိုင်သုံးဖွဲ့နဲ့ နိုင်ငံရေးပါတီတွေက အစုအဖွဲ့ကို ဦးဆောင်ကော်မတီလို့ ဖွဲ့စည်းတယ်။ ဦးဆောင်ကော်မတီရဲ့အောက်မှာ ကျင်းပရေး ကော်မတီဆိုတာရှိတယ်။ ကျင်းပရေးကော်မတီမှာ အစုအဖွဲ့ နိုင်ငံရေးပါတီမှာ ၆ ဦး၊ တိုင်းရင်းသား လက်နက်ကိုင် အဖွဲ့အစည်းထဲက တဖွဲ့ချင်းစီမှာ ၃ ဦး ဖွဲ့စည်းတယ်။ ကျင်းပရေးကော်မတီရဲ့အောက်မှာ အစုအဖွဲ့ ၉ ဖွဲ့ ဒေသအလိုက် Focal Person

တွေထားတယ်။ ပြည်နယ်အလိုက် နောက်ပြီးတော့ Facilitation Team တို့ အထောက်အကူပြုအဖွဲ့တို့ စုဖွဲ့ပြီးတော့ လုပ်လာခဲ့တယ်။ ဆိုလိုတာက ကျနော်တို့အခု ကျင်းပခဲ့တဲ့ ဆောင်ရွက်ခဲ့တဲ့ လူမျိုးအလိုက် အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲမှာ ကျနော်တို့စုပေါင်းပြီး ဆောင်ရွက်ကြတယ်။ ဆောင်ရွက်တဲ့နေရာမှာ အစီအစဉ်တွေကို ရေးဆွဲပြီး ဆောင်ရွက်တယ်။ ဆောင်ရွက်တဲ့နေရာမှာ အခု ကျနော်တို့ ဖြတ်သန်းခဲ့တဲ့ အတွေ့အကြုံက ဒီဇင်ဘာလနောက်ပိုင်းမှာ တောက်လျှောက် ဒီအစီအစဉ်နဲ့ပဲ ကျနော်တို့ဆောင်ရွက်လာတယ်။ ကဏ္ဍအလိုက်ဆွေးနွေးရမည့် ခေါင်းစဉ်တွေ ကဏ္ဍအလိုက် ကျွမ်းကျင်တဲ့ ဒေသအလိုက် ပုဂ္ဂိုလ်တွေ၊ အစုအဖွဲ့က ခေါင်းဆောင်တွေ စုဖွဲ့ပြီးတော့ ဆွေးနွေးရမည့် ခေါင်းစဉ်တွေကိုဆွေးနွေး၊ သဘောထား အမြင်တွေကို စုစည်းပြီးတော့ အကြိုညှိနှိုင်းဆွေးနွေးပွဲသဘောနဲ့ ကျနော်တို့စုစည်းခဲ့တယ်။ ကဏ္ဍအလိုက် ၅ ကြိမ် အနည်းဆုံးလုပ်တယ်။ ပြီးလို့ရှိရင်တော့ ကျနော်တို့ ဒီလို စုံညီအစည်းအဝေး လုပ်လာခဲ့တယ်။ ပြန်ကြည့်မယ်ဆိုရင် လက်တွေ့မှာကတော့ ပါဝင်မှုအတိုင်းအတာ၊ ကိုယ်စားပြုမှု အတိုင်းအတာကတော့ ပြည့်ဝပေမယ့် လည်း လူတွေကတော့ တော်တော်အချိန်ပေးရတယ်။ ဒါကြောင့်မို့လို့ ဒါထက်ကောင်းမွန်တဲ့ နည်းလမ်းရှိမလား။ ဒါကို ကျနော်တို့ ဆက်စဉ်းစားရမှာ ဖြစ်ပါတယ်။ ဒီလို အစုအဖွဲ့နဲ့ ကဏ္ဍအလိုက် တကြိမ်နှစ်ကြိမ် ကျင်းပတာထက် တချို့အဖွဲ့အစည်းတွေမှာဆို ကျနော် ဥပမာပေးရမယ်ဆိုရင် ချင်း။ ချင်းမှာကျတော့ ဒီလိုအစုအဖွဲ့မျိုး မလုပ်ဘူး။ တခါတည်းပဲ အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲကို တကြိမ်တည်းပဲ ကဏ္ဍအလိုက် ဆွေးနွေးပြီးတော့ ဆုံးဖြတ်ချက်ရယူ စုစည်းလိုက်တယ်။ ကျနော်တို့ဒီလိုလုပ်ခြင်းအားဖြင့် ပိုမိုကောင်းမွန်တဲ့အနေအထား ရှိသော်လည်းပဲ ကျနော်တို့ရဲ့ အချိန်ပေးနိုင်မှု အနေအထား၊ ကုန်ကျစရိတ်အနေအထား ပိုပြီးများမလား ဆိုတဲ့ကိစ္စကို ကျနော်တို့ စဉ်းစားဖို့ လိုအပ်တယ်။ ဒါကတော့ ကျနော်တို့တင်ပြမှုပါ။

ဒီကြားထဲမှာကလည်း နိုင်ငံရေးအရ လိုအပ်မှုအပေါ်မှာ ဘားအံမှာလည်း ကျင်းပခဲ့တယ်။ ဘားအံပြီးတော့ လေးငါးရက် ဒီဘက်မှာ ပြန်ရွှေ့လာတော့ အထောက်အကူပြုလူငယ်တွေလည်း ပင်ပန်းရတယ်။ လူကြီးတွေလည်း လာရတာ ခရီးဝေးတဲ့အပေါ်မှာ အချိန်ကလည်း တချိန်ပြီးတချိန်၊ ခေါင်းဆောင်တွေဆိုလို့ရှိရင်လည်း လူမှုရေးကဏ္ဍမှာလည်းလာတယ်။ စီးပွားရေးမှာဆိုလည်း လာတယ်။ မြေယာမှာလည်း သူတို့လာတယ်ဆိုတော့ သူတို့အချိန်က နိုင်ငံရေးပြုပြင်ဆွေးနွေးမှုအတွက် အချိန်ပေးရတဲ့အတွက်ကြောင့် ကျနော်တို့ ပြန်သုံးသပ်ရမယ်လို့ မြင်ပါတယ်။ စနစ်အောင်မြင်တဲ့ လူမျိုးအလိုက် နိုင်ငံရေးဆွေးနွေးပွဲကို ကျနော်တို့ ဘယ်လိုဆောင်ရွက်သွားမလဲဆိုတဲ့ ကိစ္စက စဉ်းစားရမှာဖြစ်ပါတယ်။ နောက်တခုက ဒေသအလိုက်မှာ ကျင်းပလို့ရှိရင် နိုင်ငံရေးပါတီနဲ့ တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းတွေ ခေါ်လို့မရဘူး။ သို့သော်လည်းပဲ သက်ဆိုင်ရာအစိုးရအဖွဲ့က ခေါ်ယူကျင်းပနိုင်ဖို့ ရှိတယ်။ ကျနော်တို့က ပူးပေါင်းပါဝင်လို့ရတယ်။ ဆိုလိုတာက ကရင်ပြည်နယ်မှာ ဒေသအလိုက် အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲဆိုလို့ရှိရင် ကရင်ပြည်နယ်အစိုးရက ခေါ်ရမယ်။ ပါဝင်မှုကလည်း နိုင်ငံရေးပါတီတွေ၊ တိုင်းရင်းသားလက်နက်ကိုင်တွေ ပါဝင်လို့ရတယ်။ နောက် ကျနော်တို့ကျင်းပမည့် နိုင်ငံရေးဆွေးနွေးပွဲအတွက် ပြင်ဆင်ရမည့် အချက်အလက်တွေကို ကျနော်တို့ ဘယ်မှာကျင်းပရင် ကောင်းမလဲ။ အခုတကြိမ်မှာကျတော့ များသော

အားဖြင့် ကရင်ပြည်နယ်မှာပဲ ကျင်းပခဲ့တယ်။ တခြားဒေသက ကျနော်တို့ ကရင်လူမျိုးတွေ နေထိုင်တဲ့ဒေသမှာ ကျင်းပဖို့သင့်လား၊ လိုအပ်သလား ဆိုတာကိုလည်း ကျနော်တို့ထည့်သွင်းစဉ်းစားဖို့ လိုပါတယ်။ လာမည့်ဆွေးနွေးပွဲ အောင်မြင်ဖို့အတွက် ကျနော်တို့အစီအစဉ် ဒီလိုရှိထားတယ်။

ဘဏ္ဍာရေးနဲ့ပတ်သက်ပြီးတော့ ကျနော်တို့နိုင်ငံတကာ အလှူရှင်တွေက အကူအညီရယူပြီးတော့ တင်ပြပြီးတော့ ကျင်းပခဲ့ပြီးဖြစ်ပါတယ်။ ဘဏ္ဍာရေးကတော့ ကျနော် အကျယ်တဝင့် မရှင်းပြတော့ဘူး။ ကျနော်တို့ အဲ့ဒီကိစ္စ မပြတ်သေးဘူး။ အလှူရှင်တွေနဲ့ အလှူရယူမှုအပိုင်းမှာလည်း အမြင်သဘောထားတူညီမှု မရှိသေးတဲ့အပေါ်မှာရှိတယ်။

နောက်ဆုံးတခုကတော့ ကျနော်တို့နိုင်ငံရေးဆွေးနွေးတဲ့နေရာမှာ နည်းပညာထောက်ပံ့မှုတွေ အဖွဲ့တွေ ကျနော်အမြဲတမ်းပြောပါတယ်။ ကျနော်တို့ နိုင်ငံရေးဆွေးနွေးပွဲသွားမယ်ဆိုရင် တချို့က ပြောကြတယ်။ ကျနော်တို့ အဆင်သင့်မဖြစ်သေးဘူး။ ကျနော်ကပြောတယ်။ နိုင်ငံရေးဆွေးနွေးပွဲကလည်း နှစ်ပေါင်း ၆၀ လောက် ကျော်နေပြီ။ ကျနော်တို့ အဆင်သင့် မဖြစ်သေးတဲ့အပေါ်မှာလည်း ပြောကြတယ်။ သို့သော်လည်းပဲ ကျနော်တို့ ဖြတ်သန်းလာတဲ့အပေါ်မှာ ကရင်အမျိုးသားထဲမှာ ကရင်ပညာတတ်တွေ အများကြီးရှိပါတယ်။ သူတို့က အမျိုးသားအရေးမှာ ပူးပေါင်းပါဝင်လာတာ ဖြစ်တဲ့အတွက်ကြောင့် ကျနော်တို့ရှိထားတဲ့ စုဖွဲ့မှုအပြင် ကရင်ပညာရှင်ပဲဖြစ်ဖြစ်၊ နည်းပညာပိုင်းဆိုင်ရာ အထောက်အကူပြုအဖွဲ့ကို သေသေချာချာဖွဲ့စည်းနိုင်ဖို့အတွက် ဒါကိုလည်း ထပ်စဉ်းစားသင့်ပါတယ်။ တချို့ပညာရှင်တွေကတော့ ကဏ္ဍအလိုက်မှာ ရှိကြပါတယ်။ အချိန်ကတော့ ပေးနိုင်တဲ့အတိုင်းအတာတခု ရှိတဲ့အပေါ်မှာ သူတို့နဲ့ညှိနှိုင်းပြီးတော့ ကျနော်တို့ဆောင်ရွက်နိုင်တဲ့ အနေအထားရှိတယ်။ ဒီဆွေးနွေးပွဲကနေ ကရင်ပညာရှင် နည်းပညာ အထောက်အကူပြုအဖွဲ့ ပါဝင်လာနိုင်တဲ့ ပုံစံတခု Structure တခု ထပ်တိုးပြီးတော့ လုပ်လိုက်လို့ရှိရင် ကောင်းမွန်တဲ့ နိုင်ငံရေးဆွေးနွေးပွဲ အဆိုပြုမှု ရလဒ်တွေ ရလာမယ်လို့ ကျနော်ယုံကြည်ပါတယ်။

တင်ပြဆွေးနွေးတဲ့အပေါ်မှာ ဒီမှာရှိတဲ့ ခေါင်းဆောင်ကိုယ်စားလှယ်တွေရဲ့ အမြင်သဘောထား သို့မဟုတ်ရင်လည်း တာဝန်ရှိတဲ့ အစုအဖွဲ့တွေဆီကို တာဝန်ပေးအပ်ပြီးတော့ နိုင်ငံရေးဆွေးနွေးပွဲအရ ဒီလိုလုပ်ဆောင်သင့်တယ်ဆိုတာ ဆက်လက်ပြီး တာဝန်ပေးအပ်လို့ရှိရင်တော့ ကျနော်တို့ ဦးဆောင်မှုကော်မတီ၊ ကျင်းပရေးကော်မတီက နည်းပညာအဖွဲ့အစည်းနဲ့ ဆွေးနွေးပြီးတော့ ဆက်လက်အကောင် အထည်ဖော်နိုင်မယ်။ တာဝန်ပေးအပ်လို့ရှိရင်လည်း ဆက်လက်ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ အဓိကအချက်ကတော့ အခု ကရင်နိုင်ငံရေးဆွေးနွေးပွဲမှာ စနစ်တကျဖြစ်ဖို့အတွက် ဘယ်ဒေသမှာ လုပ်သင့်သလဲ။ နောက်တပွဲကတော့ တနင်္သာရီတိုင်းမှာ လုပ်မယ်ဆုံးဖြတ်လို့ လက်တွေ့ နိုင်ငံရေးအခြေအနေအပေါ်မှာ ဆုံးဖြတ်ခဲ့သလို့ အကောင်အထည်မဖော်နိုင်လို့ရှိရင်လည်း ဒါကမကောင်းဘူးလို့ ကျနော် မြင်ပါတယ်။ ရှိလာတဲ့အနေအထားအပေါ်မှာ တာဝန်ရှိတဲ့ပုဂ္ဂိုလ်တွေကို လုပ်နိုင်တဲ့အနေအထား တာဝန်ပေးလိုက်လို့ရှိရင်လည်း ပြောင်းလဲတဲ့အနေအထားပေါ် မူတည်ပြီးတော့ အမျိုးသားအဆင့်နိုင်ငံရေး ဆွေးနွေးပွဲ ဒေသအလိုက်၊ လူမျိုးအလိုက်ကို အကောင်အထည်ဖော်ကြမယ်ဆိုလို့ရှိရင်လည်း ဒါကလက်တွေ့လုပ်ဆောင်တဲ့အနေအထားတခု ဖြစ်ပါတယ်။

နောက်တခုကတော့ ခုနကပြောသလိုပေါ့ ပူးပေါင်းပါဝင်မှု။ ကရင်တမျိုးသားလုံးကတော့ စုစည်းရမှာက လူမျိုးအလိုက်။ လူမျိုးအလိုက်ကရလာတဲ့ သဘောထားတွေကို ကိုယ့်ဒေသမှာ ပါဝင်နိုင်တဲ့အရာတွေကို ကရင်လူမျိုးအလိုက်တင်လို့ရတယ်။ အဲ့သလိုပဲ ကရင် Society မှာပါတဲ့ ကိုယ်စားလှယ်တွေကလည်း ကျနော်တို့ လူမျိုးအလိုက်ကျင်းပတဲ့ ဆွေးနွေးပွဲမှာ ရရှိလာတဲ့ သဘောထားတွေကို CSO Forum တွေမှာ သွားပြီး တင်ပြလို့ရတယ်။ ကရင်တစ်မျိုးသားလုံးအမြင်က ဒေသအလိုက်မှာ တင်ပြလို့ရတယ်။ CSO Forum မှာလည်း တင်ပြလို့ရတဲ့အပေါ်မှာ ကျနော်တို့ ဘက်မှာ ရတဲ့အခွင့်အရေးက အားသာချက်ရှိတယ်လို့ပြောလို့ရတယ်။ ဒါပေမယ့်လို့ ဒါကကျနော်တို့ စည်းလုံးညီညွတ်မှုအပေါ်မှာလည်း မူတည်ပါတယ်။ ခုနက တင်ပြသလိုပါပဲ ကရင်တတ်သိ ပညာရှင်တွေ ပါဝင်နိုင်ဖို့အတွက် စုဖွဲ့ထားတဲ့ နိုင်ငံရေးတွေ့ဆုံဆွေးနွေးမှုကို အကောင်အထည်ဖော် မည့် Structural ကို ဆက်လက်ပြီးတော့ နည်းပညာပိုင်းဆိုင်ရာ အထောက်အကူပြုအဖွဲ့တွေကို စုစည်းနိုင်တဲ့ သဘောထားကို လက်ခံနိုင်မယ်ဆိုလို့ရှိရင်လည်း ဒါကကျနော်တို့ ဆက်လက်အကောင် အထည် ဖော်သွားမှာ ဖြစ်ပါတယ်။ ဒါကတော့ အကျဉ်းချုပ် ဖော်ပြပြီးဖြစ်ပါတယ်။

ဒါကသုံးချက်ပေါ့။ (၁) တချက်ကတော့ သွားနေတဲ့နိုင်ငံရေးတွေ့ဆုံဆွေးနွေးမှုရဲ့ အစီအ စဉ်၊ (၂) တချက်ကတော့ ကရင်အမျိုးသားနိုင်ငံရေးဆွေးနွေးပွဲ စနစ်တကျနဲ့ဆောင်ရွက်ဖြစ်ဖို့ အတွက် လုပ်ငန်းစဉ် ပြန်လည်စဉ်းစားရမှာ ဖြစ်ပါတယ်။ (၃) တချက်ကတော့ ပိုမိုကောင်းမွန်တဲ့ အဆိုပြုမှုတွေ၊ လိုအပ်တဲ့အထောက်အကူပြုမှုတွေ ရရှိဖို့အတွက် တတ်သိပညာရှင်ပါတဲ့ အစုအဖွဲ့ တွေကို ကရင့်နိုင်ငံရေး ဆွေးနွေးပွဲရဲ့ Structure ထဲမှာ ထည့်လိုက်မယ်ဆိုလို့ရှိရင် ပိုမိုပြီးတော့ အားကောင်းမလားဆိုတဲ့ အချက်ကို ကျနော်တင်ပြခြင်းဖြစ်ပါတယ်။ ကျနော်တင်ပြမှုက မပြည့်စုံ လို့ရှိရင်လည်း တချို့ ခေါင်းဆောင်တွေ ဆွေးနွေးတဲ့အပေါ်မှာ ထပ်ဖြည့်ဆွေးနွေးပြီးတော့ အကြံပြု ကြပါလို့လည်း ကျနော်ပြောရင်း နိဂုံးချုပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။



### ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ – (၂၁)ရာစုပင်လုံ
### ကရင်အမျိုးသား နိုင်ငံရေးဆွေးနွေးပွဲ (လော်ခီးလာ)

# ပဒိုစောကွယ်ထူးဝင်း တင်ပြဆွေးနွေးချက်များအား ပဒိုစောတာဒိုမူးမှ အနှစ်ချုပ် ပြန်လည်တင်ပြခြင်း

ပထမဆုံးအချက်ကတော့ နိုင်ငံရေးဆွေးနွေးပွဲတွေကို စနစ်တကျလုပ်ဆောင်နိုင်ဖို့အတွက် အမှန်တကယ် လုပ်ကိုင်ဖို့ ပေးအပ်ထားခြင်းခံရတဲ့ အဖွဲ့တွေကတော့ ပါတီအဖွဲ့အစည်းတွေနဲ့ ကရင် လက်နက်ကိုင်အဖွဲ့အစည်းတွေဖြစ်ပါတယ်။ ဒီအဖွဲ့အစည်းကနေပြီးတော့ ဘယ်လိုစုဖွဲ့မှုတွေနဲ့ ပိုမို ကျယ်ပြန့်တဲ့ စုဖွဲ့မှုတွေကို ဖော်ဆောင်ပြီးတော့ ကျနော်တို့ရထားတဲ့ လုပ်ကိုင်ခွင့်ဘောင်ထဲမှာ ဘယ်လို စနစ်တကျနဲ့ ကျနော်တို့ နိုင်ငံရေးဆွေးနွေးပွဲတွေကို ဆက်တိုက်လုပ်ဆောင်နိုင်လဲဆိုတဲ့ အချက်တချက်ကို ဆွေးနွေးဖို့ ချပြထားတာရှိပါတယ်။

ဒုတိယတချက်ကတော့ အဲ့ဒီဆွေးနွေးပွဲတွေကို ဒေသအလိုက်မှာ Ready ဖြစ်အောင် လူမျိုး အလိုက် အခွင့်ရရင်ရသလို ဝင်ပြီး ပါဝင်ဆွေးနွေးနိုင်အောင် CSO ပဲဖြစ်ဖြစ်၊ လူမှုအဖွဲ့အစည်း ခေါင်းဆောင်ကနေပဲဖြစ်ဖြစ်၊ ပါတီဝင်တွေကပဲဖြစ်ဖြစ်၊ ရှိတဲ့နေရာကနေပြီးတော့ လေ့လာသင်ယူမှု တွေနဲ့အတူ ကျနော်တို့ အတူတကွ ချိတ်ဆက်ပြီးတော့ ပါဝင်နိုင်တဲ့ အဆင့်ကိုရဖို့ လုပ်ဖို့လိုအပ်တယ်။ ဆိုလိုချင်တာက သက်ဆိုင်ရာနယ်မြေတွေမှာ နိုင်ငံရေးဆွေးနွေးပွဲတွေလုပ်ဖို့ အခွင့်လာတဲ့အချိန်

ရောက်ရင် သူတို့က Ready ဖြစ်နေဖို့အတွက် ကျနော်တို့ တာဝန်ယူမှု၊ တာဝန်ခံမှုတွေကို သက်ဆိုင်ရာ ကိုယ်စားပြုနယ်မြေတွေ အသီးသီးမှာ ကျနော်တို့ ရှင်းရှင်းလင်းလင်းနဲ့ ကျနော်တို့ စုဖွဲ့ထားဖို့ လိုအပ်ပါတယ်ဆိုတဲ့ အချက်တချက်ကို ထောက်ပြထားတာ ဖြစ်ပါတယ်။ ဒီနေ့ ကျနော်တို့ ဘားအံဆွေးနွေးပွဲမှာ ဆွေးနွေးခဲ့သလို ဖြစ်လာဖို့ကိုလည်း ကျနော်တို့စုဖွဲ့လို့ လုပ်ခဲ့တာပဲ ဖြစ်ပါတယ်။ ဒီစုဖွဲ့မှုတွေရဲ့ အားနည်းချက်၊ အားသာချက်တွေကို ပြန်လည်သုံးသပ်ပြီးတော့ ပိုမို ထိရောက်ပြီး၊ ပိုမို မြန်ဆန်ပြီးတော့ ရှေ့ဆက်နိုင်တဲ့၊ ဆွေးနွေးအားကောင်းတဲ့ ကိုယ်စားလှယ်တွေ ပိုပြီး ပါဝင်လာနိုင်ဖို့ကိုလည်း ကျနော်တို့တင်ပြလိုပါတယ်။ အဲ့ဒါလည်း ဒုတိယအချက်ထဲမှာ အချက်တချက် ဖြစ်ပါတယ်။

တတိယတချက်ကတော့ ကျနော်တို့ရရှိထားတဲ့ စာတမ်း ၅ စောင်ပေါ့။ ၄ စောင်ကတော့ အတည်ပြုပြီးပြီ။ လုံခြုံရေးနဲ့ပတ်သက်တဲ့ စာတမ်းကိုတော့ ကျနော်တို့မှတ်တမ်းတင်ထားပြီး ကောင်းအောင် ဆက်လုပ်သွားဖို့ရှိပါတယ်။ ဒီတမ်း ၅ စောင်ပေါ်မှာ အခြေခံပြီးတော့ ကျနော်တို့ ကရင်တတ်သိပညာရှင်ပဲဖြစ်ဖြစ်၊ တခြားသက်ဆိုင်ရာလုပ်ငန်းမှာ ပါဝင်နိုင်တဲ့လုပ်ငန်းရှင်တွေကို ပိုပြီးတော့ ကျယ်ကျယ်ပြန့်ပြန့်နဲ့ ပါဝင်နိုင်အောင် ခွင့်ပေးဖို့နဲ့ စနစ်တကျနဲ့ ကျနော်တို့ စနစ်ကျတဲ့ စုစည်းမှုကို ကျနော်တို့လုပ်ဆောင်ဖို့ လိုအပ်ပါတယ်ဆိုတဲ့ အချက်တချက်ပါပါတယ်။ ဥပမာ ကျနော်တို့ ပြီးခဲ့တဲ့ ဘားအံပွဲအပြီးမှာ ကျနော်တို့ တတ်သိပညာရှင်တွေကို စုပြီးတော့ ဆွေးနွေးပွဲ တခုလုပ်ခဲ့ပါတယ်။ အဲ့ဒီဆွေးနွေးပွဲမှာ ကျနော်တို့ သက်ဆိုင်ရာကဏ္ဍအလိုက် ကျနော်တို့ Technical Team ဖွဲ့တဲ့ ပုံစံမျိုးနဲ့ ကျနော်တို့ ဒီပွဲအတွက် ဒီလေးဝါးပွဲအတွက်ဆိုပြီး သတ်သတ်မှတ်မှတ်နဲ့ စုဖွဲ့ပြီး ဖွဲ့ခဲ့တာဖြစ်ပါတယ်။ ဒါပေမယ့် ကျနော်တို့ရောက်လာတဲ့အခါမှာကျတော့ ဖိတ်ကြားရေး အပိုင်းမှာပဲဖြစ်ဖြစ်၊ တချို့ကလည်း ကျနော်တို့ဖိတ်စာနဲ့ မဖိတ်ကြားနိုင်ပေမယ့်လည်း ဖုန်းနဲ့ ဆက်သွယ်တဲ့အခါမှာလည်း လိုင်းမမိတာတို့ တချို့ကလည်း မအားမလပ်တာတို့ အဲ့လို အချိန်တွေ ရှိပါတယ်။ အဲ့အတွက်ကြောင့်လည်း တော်တော်များများ မရောက်လာကြဘူး။ အဲ့အချိန်မှာ ကျနော်တို့ရဲ့ စုဖွဲ့မှုကလည်း စနစ်ကျတဲ့ စုဖွဲ့မှုဖြစ်အောင် ပိုပြီးကျယ်ကျယ်ပြန့်ပြန့်နဲ့ ပါဝင်နိုင်တဲ့ စုဖွဲ့မှုတခု ဖြစ်စေချင်တယ်ဆိုတဲ့ တချက်ပါတယ်။

ပြန်ချုပ်လိုက်မယ်ဆိုရင် ပထမတချက်ကတော့ လောလောဆယ် ဒီပွဲကို ကျင်းပနိုင်ဖို့အတွက် လိုအပ်တဲ့ ကိုယ်စားပြုမှု၊ စုဖွဲ့မှုကို ဘယ်လိုလုပ်မလဲ။ ဒုတိယတချက်ကတော့ တာဝန်ခံကျတဲ့ Focal အဖွဲ့ခေါ်၊ ဒေသဆိုင်ရာကိစ္စကို ရယူဆောင်ကြည်းပေးနိုင်တဲ့ ခေါင်းဆောင်များကိုလည်း စနစ်တကျ ဘယ်လိုစုဖွဲ့မှုနဲ့ပြန်လုပ်မလဲ။ တတိယတခုကတော Technical Team ကို ဘယ်လို ကောင်းမွန်နိုင် အောင်လုပ်မလဲဆိုတဲ့ အခြေခံ ၃ ချက်ကို ကျနော်တို့ကို ချပြသွားတာဖြစ်ပါတယ်။ တခါတည်းမှာပဲ ကျနော်တို့မေ့ထားလို့မရတဲ့ အချက်တချက်ကတော့ ကျနော်တို့ Documentation တို့အဖွဲ့ အနောက်မှာ ကျနော်တို့မမြင်ရပါဘူး။ သူတို့မရှိရင် ကျနော်တို့ဘာမှလုပ်လို့မရပါဘူး။ အဲ့ဒီအဖွဲ့တွေကတော့ မှတ်တမ်းအဖွဲ့၊ ရုံးအဖွဲ့တွေဖြစ်ပါတယ်။ ထိုနည်းငှင်းပဲ အခုအရှေ့မှာ မမြင်ရပေမည့် Facilitation Team ဆိုတဲ့ Facilitator အဖွဲ့၊ ပွဲတခုလုံးကို စီမံခန့်ခွဲတဲ့နေရာတွေမှာ ထိရောက်စွာ ပါဝင်တဲ့ Facilitator တွေ၊ ညှိနှိုင်းဆွေးနွေးတဲ့ ပါဝင်မှုကိုလည်း ကျနော်တို့ ချန်ထားလို့

မရပါဘူး။ သူတို့ရဲ့အခန်းကဏ္ဍကိုလည်း စနစ်တကျစုဖွဲ့မှု ဘယ်လိုလုပ်မလဲဆိုတာကိုလဲ ကျနော်တို့စဉ်းစားဖို့ လိုပါတယ်။ ဘာကြောင့်လဲဆိုတော့ အခု ကျနော်တို့က လာမည့် ဖေဖော်ဝါရီလ၊ မတ်လမှာ လုပ်မည့်ပွဲအတွက် အင်တိုက်အားတိုက်စုစည်းကြတယ်ဆိုပေမယ့် ဒီအခြေခံကနေပြီးတော့ တကယ်စနစ်ကျတဲ့ စုစည်းမှုကို စတင်တည်ဆောက်ဖို့လိုပါတယ်။ ဘာကြောင့်လဲဆိုတော့ ဒီဟာက အခုမှ တာစူနေတဲ့အချိန် ဖြစ်ပါတယ်။ စာထုတ်ဖို့အတွက် မဟုတ်သေးပါဘူး။ အဲ့ဒါကြောင့် စာထုတ်ဖို့အတွက် ဝီစီမှုတ်ပြီဆိုတာနဲ့ အရာအားလုံး သူ့အကြောင်း၊ ကိုယ့်အကြောင်း ပါဝင်နိုင်ဖို့ အခုကတည်းက ပြင်ဆင်ထားဖို့လိုပါတယ်။ ခုနက Documentation Team, Facilitation Team တွေကိုလည်း တကယ် ဘယ်လိုပုံစံမျိုးနဲ့ ကျနော်တို့ဘယ်သူတွေကို တာဝန်ပေးအပ်ပြီးတော့ အမြဲတမ်းဖြစ်နေတဲ့သူက ဘယ်လိုပုံစံနဲ့ ဦးဆောင်သွားမလဲဆိုတာကိုလည်း ကျနော်တို့စဉ်းစားဖို့ လိုပါတယ်ဆိုတဲ့အကြောင်း အကျိုးဆောင်တယောက်အနေနဲ့ အကြံပြုလိုပါတယ်။ ဒီအချက်တွေ ပေါ်မှာမူတည်ပြီးတော့ ဆက်လက်ဆွေးနွေးဖို့ ရှိပါတယ်။

**ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ – (၂၁)ရာစုပင်လုံ**
**ကရင်အမျိုးသား နိုင်ငံရေးဆွေးနွေးပွဲ (လော်ခီးလာ)**
**ပိတ်ပွဲအခမ်းအနားတွင်**

# KNU ဥက္ကဋ္ဌ ဗိုလ်ချုပ်ကြီး စောမူတူးစေးဖိုး ပြောကြားသည့် မိန့်ခွန်း

နောက်ဆုံးနေ့မှာ ဘာပြောပေးရမယ်ဆိုတာ အတော်တော်စဉ်းစားရတယ်။ ဒါနဲ့ ပြောသင့်တာကို ပြောပါ့မယ်။ မှာသင့်တာကို မှာပါ့မယ်။ အခုလို ကရင်အမျိုးသား နိုင်ငံရေးဆွေးနွေးပွဲမှာ ကျနော် သိရသလောက် ဒီတိုင်းပြည်ဟာ ပြန့်နှံ့ပြီးတော့ ကျနော်တို့ ကရင်အမျိုးသားတွေဟာ ဒေသအလိုက် ကိုယ်စားလှယ်တွေ တက်ရောက်ကြတဲ့အတွက် အခုလိုတွေ့ရတာ အများကြီး အားတက်မိပါတယ်။ ဒီတော့ ပထမဆုံး အသက် ၆၈ နှစ်ရှိတဲ့ ကိုယ်စားလှယ်ရှိရင် လက်ထောင်ပေးပါ။ ကျနော် သိချင်ပါတယ်။ ဆိုတော့ ၆၈ ရှိတဲ့ ကိုယ်စားလှယ်တွေဟာ ဒီမှာတက်ရောက်ကြတဲ့ ကိုယ်စားလှယ်ရဲ့ ရာခိုင်နှုန်းနဲ့တွက်ရင် တော်တော်လေး ရာခိုင်နှုန်းနည်းပါတယ်။ ကျန်တဲ့ပုဂ္ဂိုလ်တွေ ကိုယ်စားလှယ်တွေဟာ ကျနော်ထင်ပါတယ်။ ထင်တာမဟုတ်ပါဘူး တကယ်လည်းဟုတ်ပါတယ်။ ကျနော်တို့ ကရင်အမျိုးသားလှုပ်ရှားမှု စတင်တဲ့အချိန်မှာ မွေးမှာတောင် မဟုတ်သေးပါဘူး။ မွေးတဲ့လူကတော့ ၆၈ နှစ်ဆိုတော့ ၈ ယောက်တော့ တွေ့ပါတယ်။ ကျန်တဲ့ပုဂ္ဂိုလ်တွေဟာ ကရင့်အမျိုးသားနိုင်ငံရေး စတင်တဲ့အချိန်က နိုင်ငံရေးလှုပ်ရှားမှု၊ အမျိုးသားရေးလှုပ်ရှားမှုမှာ မမွေးကြသေးပါဘူး။ မွေးရင်တောင် ကလေးပဲဖြစ်အုံးမယ်။ ကျနော်တို့ အမျိုးသားနိုင်ငံရေး နိုးကြားလာတာက ဒုတိယကမ္ဘာစစ်အတွင်းကနေစပြီး ဘိုးဘေးဘီဘင်ကနေစပြီးတော့ ကရင်လူမျိုးတွေက ဘယ်လိုမျိုး ဖိနှိပ်ခံရတယ်ဆိုတာကို မပြောတော့ပါဘူး။ ဘာဖြစ်လဲဆိုတော့ ကရင်အမျိုးသားတွေမှာ အားနည်းချက်တခုရှိတာကတော့ ကျနော်တို့လူမျိုးတွေမှာ သမိုင်းရေးဆရာ မရှိဘူးလို့ပြောရင် မမှားနိုင်ပါဘူး။ တယောက်ပဲရှိတယ်။ စောအောင်လှ တယောက်ထဲပါ။ သူရေးခဲ့တဲ့ ကရင်အမျိုးသား သမိုင်းရှိတယ်။

ဒုတိယကမ္ဘာစစ်ပြီးတုန်းက ကရင်တွေ ဖိနှိပ်ခြင်းက လွတ်အောင် လမ်းရှာကြတယ်။ အဲ့ဒီအချိန်မှာ အားလုံးဟာ အနာဂတ်ပါ။ မွေးဖွားလာတဲ့ ကရင်အမျိုးသားတွေ ဖိနှိပ်မှုမခံရအောင် ဖိနှိပ်မှုက လွတ်ကင်းဖို့ စဉ်းစားချက်ပေါ့။ ဒီလိုဖိနှိပ်ခြင်း မခံရအောင် ကရင်ပြည်လိုတယ်။ ကရင်ပြည် ရှိရမယ်။ အဲ့ဒါကြောင့်မို့ KNU ကိုဖွဲ့စည်းခဲ့တယ်။ ကရင်ပြည်ကို အကြမ်းဖက်နည်းနဲ့ရယူဖို့ အစီအစဉ် လုံးဝ မရှိခဲ့ပါဘူး။ ကျနော်တို့ရဲ့သဘောထားက လွတ်လပ်ရေးရပြီးနောက်ပိုင်းမှာ ရှိခဲ့ပါတယ်။ ကရင်အမျိုးသားတွေအတွက် ကရင်ပြည်လိုတယ်။ လိုအပ်တဲ့အကြောင်းတွေကတော့ ကျနော်မပြောတော့ပါဘူး။ တစ်ကတော့ ကရင်ပြည်ချက်ချင်းပေး။ နောက်ပြီးတော့ ကရင်တစ်ကျပ် ဗမာတစ်ကျပ် ချက်ချင်းပြ။ လူမျိုးရေးအဓိကရုဏ်း အလိုမရှိ။ ကျနော်တို့ ကရင်တွေဟာ အထူးသဖြင့် မြစ်ဝကျွန်းပေါ်ကလာတဲ့ ကရင်တွေသိပါတယ်။ ဒါကြောင့်မို့လို့ လူတမျိုးနဲ့တမျိုး တယောက်နဲ့တယောက် အနိုင်လိုချင်တဲ့စိတ်ကြောင့် သတ်ဖြတ်ကြတယ်။ ဒါကြောင့် လူမျိုးရေး

အဓိကရုဏ်း အလိုမရှိလို့ပြောခဲ့တယ်။ နောက်တခုက ကမ္ဘာပေါ်မှာရှိတဲ့ လူမျိုးတိုင်းဟာ ငြိမ်းချမ်းရေးကို လိုချင်ကြတာကြီးပဲ။ ဒါကြောင့်မို့လို့ အချက် ၄ ချက်နဲ့ ကြွေးကြော်ခဲ့ပါတယ်။ လွတ်လပ်ရေးရပြီးတဲ့နောက်ပိုင်းမှာ နိုင်ငံရေးပဋိပက္ခတွေ အကြီးအကျယ် ဖြစ်လာခဲ့ပါတယ်။ အပြင်းအထန် ဖြစ်လာခဲ့တယ်။ နောက်ဆုံးကျတော့ နိုင်ငံရေး ပြဿနာတွေကို နိုင်ငံရေးနည်းအရ ဖြေရှင်းရမည့်အချိန်မှာ နိုင်ငံရေးပြဿနာတွေက အပြင်းအထန် ရှုပ်ထွေးလာပြီးတော့ အပြင်းထန်ဆုံး နိုင်ငံရေးပဋိပက္ခတွေ ဖြစ်လာခဲ့ပါတယ်။ ကျနော်တို့လည်း လက်နက်ကိုင်တဲ့နည်းလမ်းကို မလွဲမရှောင်သာ အဲ့ဒီလမ်းစဉ်ကို လိုက်ခဲ့ရပါတယ်။ ကျနော်တို့ ကရင်တမျိုးသားလုံးဟာ ကရင်ပြည် ကို ကျနော်တို့ ဥက္ကဋ္ဌကြီး စောဘဦးကြီးပြောခဲ့ပါတယ်။ ကျနော်တို့ ကရင်ပြည်ကို သွေးတစက်မှ မကျဘဲ ယူချင်ပါတယ်။ နိုင်ငံရေးအရ ဖြေရှင်းရမည့် ဆွေးနွေးမည့်အစား သတ္တိတွေမွေးကြပြီးတော့ အမြင့်ဆုံး နိုင်ငံရေးပဋိပက္ခတွေ ဖြစ်ခဲ့ကြတယ်။ ကျနော်တို့ ကရင်တွေလည်း ဒီရှောင်လွဲလို့မရတဲ့ ပဋိပက္ခမှာ တလျှောက်လုံး ပါခဲ့ပါတယ်။ ကျနော်တို့ KNU ရဲ့ ကွန်ဂရက်တိုင်းမှာ နိုင်ငံရေးပြဿနာကို နိုင်ငံရေးနည်းနဲ့ဖြေရှင်းသွားရမည့် သဘောထား အမြဲတမ်း ရှိနေပါတယ်။ ဒါပေမယ့် အုပ်စိုးသူ အဆက်ဆက်တွေကို အပြစ်တင်ချင်တာလည်း မဟုတ်ဘူး။ နိုင်ငံရေး ပြဿနာတွေကို နိုင်ငံရေးနည်း ဖြင့် ဖြေရှင်းရမယ့်အစား နိုင်ငံရေးနည်းနဲ့ရှင်းတဲ့ လူတွေကို လက်နက်ကိုင်နည်းနဲ့ပဲ ဖြေရှင်းခဲ့တယ် ဆိုရင် မမှားဘူး။ ဖဆပလခေတ်မှာ တနှစ်အတွင်း ငြိမ်းချမ်းရေးဆိုပြီး လုပ်ခဲ့တာရှိတယ်။ ဒါပေမယ့် မပြေလည်ခဲ့ပါဘူး။ နောက်ပြီးတော့ ဝန်ကြီးတယောက်တက်လာပါတယ်။ အဲ့ဒီမှာ တနှစ်အတွင်း အပြုတ်တိုက်ရေးစီမံကိန်း စလာပါတယ်။ ဆိုတော့ ကရင်အမျိုးသားတွေ လှုပ်ရှားတဲ့နေရာမှာ ကိုယ့်ကိုယ်ကို ကာကွယ်ရတာကလွဲလို့ တခြားလုပ်စရာ မရှိတော့ပါဘူး။ အဲ့ဒီတုန်းက တော်လှန်ရေး လို့တောင် မသုံးပါဘူး။ Resistance War နောက်တော့ Resistance Gain ကိုယ့်ကိုယ်ကိုကာကွယ် ဖို့ပဲ ဖြစ်ပါတယ်။ ဒါပေမယ့် အားလုံးသိတဲ့အတိုင်းပဲ နိုင်ငံရေးအတွေးအခေါ်တွေ အဖက်ဖက်က ရိုက်ခတ်လာတဲ့အပေါ်မှာ Resistance War ကနေပြီးတော့ သုံးလာခဲ့တယ်။ အနှစ် ၆၀ ကျော် ကျနော်တို့လက်နက်ကိုင်ပဋိပက္ခမှာ ကိုယ့်ရဲ့ရည်မှန်းချက်ပန်းတိုင်ကို ရောက်ဖို့အတွက် အမျိုးသား တရပ်လုံးက လက်နက်ကိုင်ပဋိပက္ခမှာ အသက်တွေ ပေးလှူကြတယ်။ ဥက္ကဋ္ဌကြီး စောဘဦးကြီး အပါအဝင်ပေါ့။ ဒါကြောင့် ကရင်အာဇာနည်နေ့ကို စောဘဦးကြီး ကျဆုံးတဲ့နေ့ကို သတ်မှတ်ကြ တယ်။ ဥက္ကဋ္ဌစောဘဦးကြီးက အင်းစိန်တိုက်ပွဲ ပြင်းထန်တဲ့အချိန်မှာတောင် အစိုးရနဲ့ သွားညှိနှိုင်း ခဲ့ပါတယ်။ ဒါပေမယ့် ဖြေရှင်းနိုင်တဲ့ အဆင့်အထိကို မရောက်ခဲ့တော့ပါဘူး။ နောက်ဆုံး ၁၉၆၃ ခုနှစ်မှာ တော်လှန်ရေးကောင်စီနဲ့လည်းပဲ သွားတွေ့ဆုံခဲ့ပါတယ်။ နိုင်ငံရေးပြဿနာကို နိုင်ငံရေးအရ ဖြေရှင်းရမည့်အစား လက်နက်အားကိုးတဲ့ အရှိန်အဝါနဲ့ပဲ ကျင့်သုံးခဲ့တယ်။ ဒါကြောင့် တွေ့ဆုံ ဆွေးနွေးရေးက ပျက်ပြားခဲ့ရတယ်။ ဒါပေမယ့် ဦးသိန်းစိန်အစိုးရ တက်လာတဲ့အခါမှာ ငြိမ်းချမ်းရေး ဆွေးနွေးဖို့ ဖိတ်ခေါ်တဲ့အခါမှာ KNU က ချက်ချင်းပဲသွားခဲ့ပါတယ်။ တွေ့ဆုံတဲ့အခါမှာ ငြိမ်းချမ်း ရေးကို တက်လှမ်းနိုင်ဖို့အတွက် ပဏာမ တယောက်နဲ့တယောက် မသိကြဘဲနဲ့ အပစ်ခတ်ရပ်စဲရေးကို လက်မှတ်စထိုးခဲ့ကြတယ်။ ၁၁ ချက်ပဲလက်ခံပြီးတော့ နိုင်ငံတော်အဆင့်မှာ ဆက်နွေးဖို့သွားခဲ့ ကြတယ်။ ပြောရရင် ကျနော်တို့တိုက်ပွဲက မပြီးသေးပါဘူး။ ဒီကနေ့ လာရောက်ဆွေးနွေးတဲ့

ခေါင်းဆောင်တွေဟာ စစ်မှန်တဲ့ ဖက်ဒရယ်နိုင်ငံတော်ကို တည်ဆောက်ဖို့ ဖြစ်ကြပါတယ်။ ကျနော်တို့ဟာ တချိန်တုန်းကဆိုရင် နောင်လာနောက်သားတွေ တယောက်နဲ့တယောက် သိချင်မှ သိမယ်။ အရင်တုန်းက KNU ကို Independent Soverign Karen State, ဒါပေမယ့် နိုင်ငံရေး ပြောင်းလဲမှု အခြေအနေအရ အဲ့ဒီသဘောထားတွေကို KNU ကွန်ဂရက်မှာ ပြောင်းလိုက်ပါတယ်။ ပြည်ထောင်ပေါင်းစု သမ္မတနိုင်ငံ။ ဒီကနေ့အထိ နိုင်ငံရေးသဘောထားတွေဟာ လက်နက်ကိုင်တိုက်ပွဲ ကလို့ ကရင်အမျိုးသားတွေဟာ အောင်ပွဲမရှိဘူး။ ဒါပေမယ့် နိုင်ငံရေးပြဿနာကို နိုင်ငံရေးနည်းအရ ဖြေရှင်းရမယ်လို့ ခိုင်မြဲလာတဲ့ အပေါ်မှာ ဦးသိန်းစိန်အစိုးရက လမ်းစဖွင့်လာတဲ့အခါမှာ ဆွေးနွေးခဲ့ တယ်။ နိုင်ငံရေးလမ်းစပွင့်လာတဲ့ အခါမှာ တချိန်တုန်းကလို တပါတီစနစ် မဟုတ်ဘဲနဲ့ ပါတီစုံ လမ်းပွင့်လာတဲ့အပေါ်မှာ နိုင်ငံရေးပါတီတွေ အများကြီး ပေါ်လာခဲ့ပါတယ်။ အစိုးရကတော့ သူ့မူ အတိုင်းသွားတယ်။ ပြည်ထောင်စု မပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး။ ဒါကို လက်ခံရပါမယ်။ ပြည်ထောင်စုမပြိုရေးကို လက်မ ခံလို့ မရပါဘူး။ မပြိုကွဲနိုင်တဲ့ပုံစံကို လက်ခံရပါမယ်။ မပြိုကွဲနိုင်တဲ့ပုံစံကို ကျနော်တို့ချပြ ဆွေးနွေး ရပါမယ်။ အခု ခေတ်စားနေတဲ့ ဖက်ဒရယ်စနစ်ဟာ ကျနော်တို့ခံယူထားတာ ဒါပါဆိုတာ ဒီကနေ့ ကျနော်တို့ တိုက်တွန်းနေပါတယ်။ အဲ့ဒီတော့ ကျနော်တို့ ကရင်အမျိုးသား လက်နက်ကိုင် အဖွဲ့အ စည်းတွေဟာ တိုက်ပွဲမပြီးဆုံးသေးပါဘူး။ ဒါပေမယ့် ကျနော်တို့ စစ်မြေပြင်ကိုတော့ ပြောင်းလဲလိုက် ပါပြီ။ သွေးထွက်သံယို စစ်မြေပြင်ကနေ သွေးမထွက်တဲ့ စစ်မြေပြင်ကို ကူးပြောင်းလိုက်ပါပြီ။ သွေးထွက်သံယို စစ်မြေပြင်ကနေ သွေးမထွက်တဲ့ စစ်မြေပြင်ကို ကူးပြောင်းတဲ့နေရာမှာ ကရင်အမျိုး သားအားလုံးရဲ့ အင်အားလိုပါတယ်။ ဒီတော့ ဆက်ပြီးသွားနေတဲ့အခါမှာ အင်အားတွေစုစုစည်းစည်းနဲ့ ဖက်ဒရယ်ပန်းတိုင်ကို ရောက်နိုင်ဖို့ အများကြီး အရေးကြီးပါတယ်။ ဒီတော့ ပွင့်လာတဲ့ တံခါး အပေါ်မှာ ပထမဆုံးအကြိမ်လည်းဖြစ်တော့ မပါလာနိုင်သေးတဲ့လူလည်း ရှိချင်ရှိမယ်။ ဒါပေမယ့် အခုသိရတာကတော့ ပဲခူးတို့၊ ဧရာဝတီတို့၊ မြောက်ပိုင်းတို့။ အခုလို ကျနော်တို့ ကရင်အမျိုးသားတွေ ဟာ ရှေ့ကိုသွားတဲ့အခါမှာ စုစုစည်းစည်းနဲ့ လာရောက် ဆွေးနွေးတဲ့အတွက် ရှေ့တိုက်ပွဲဝင်ဖို့ သွားတဲ့နေရာမှာ လာပေးတဲ့အတွက် ကျနော်အနေနဲ့ အများကြီး ဝမ်းသာပါတယ်။ တကယ်ပဲ ဒီစုစည်းမှုကနေပြီးတော့ ကျနော်တို့ ကရင်အမျိုးသားတွေ လိုချင်တဲ့ ပန်းတိုင်ရောက်မယ်လို့ ယုံကြည်တယ်။ အတွေးအခေါ်တွေတော့ အများကြီးပေါ့လေ။ ကရင်တွေရှိတဲ့ နေရာတိုင်း ကရင်ပြည်လို့ သွားသတ်မှတ်လို့ မရဘူးလေ။ သာဓကအားဖြင့် ဂျူးလူမျိုးကိုကြည့်ပါ။ ဒုတိယ ကမ္ဘာစစ်အပြီးထိ ဂျူးတွေက နိုင်ငံမရှိပါဘူး။ ဒါပေမယ့် ဂျူးတွေ တကမ္ဘာလုံးမှာရှိတယ်။ ဒုတိယ ကမ္ဘာစစ်အတွင်းမှာ ဂျူးလူမျိုး ခြောက်သန်းကျော် အသတ်ခံရတယ်။ ဒါပေမယ့် ဒုတိယကမ္ဘာစစ် အပြီးမှာ အစ္စရေးနိုင်ငံ ကွက်ကွက်လေး ရရှိခဲ့ပါတယ်။ ကျနော်ထင်ပါတယ်။ ဂျူးတွေထပ်ပြီး အသတ်ခံရမှာ မဟုတ်တော့ပါဘူး။ အဲ့ဒီတော့ ကရင်တွေအားလုံးကို အခုလို ပထမအကြိမ် စုစု စည်းစည်းတွေ့ရတာ သဘောထားတွေသိရတာ အများကြီး ရှေ့ကိုဆက်ဖို့အတွက် အားတက်မိတယ်။ ဆက်ပြီးတော့ ကျနော်တို့ နိုင်ငံရေးတိုက်ပွဲမှာ စုစုစည်းစည်း ကျနော်တို့ တက်လှမ်းကြဖို့လိုပါတယ်။ ဘာဖြစ်လို့ ကျနော်က စုစုစည်းစည်းပြောရလဲဆိုရင် KNU စဖွဲ့ခဲ့တဲ့ ၁၉၄၇ ခုနှစ်တုန်းကဆို

ကျနော်က အသက်ငယ်ပါသေးတယ်။ ချက်ချင်းပဲ ကျနော် KNU ထဲကို ပါခဲ့ပါတယ်။ ဉက္ကဋ္ဌ စောဘဦးကြီး လက်မှတ်ပါပါတယ်။ ဒါပေမယ့် အနှစ် ၆၀ တိုက်ပွဲအတွင်း ရန်သူက ရသွားတာလည်း ရှိတယ်။ အခု ဘာမှ မရှိတော့ဘူး။ ရိုးရိုးသားသားနဲ့ပဲ လုပ်ခဲ့ပါတယ်။ တဆက်တည်းမှာ ပြောချင်တာက ကျနော်တို့ တိုင်းပြည်ဟာ ကရင်တမျိုးသားထဲပဲရှိတဲ့တိုင်းပြည် မဟုတ်ပါဘူး။ လူမျိုးပေါင်းစုံရှိတဲ့အတွက် သူတို့ ယဉ်ကျေးမှုပေါင်းစုံလည်းရှိပါတယ်။ ဒီတော့ ဖက်ဒရယ်ကို တက်လှမ်းတဲ့အချိန်မှာ ဒီလူမျိုးစုတိုင်း ပါလာဖို့ ကျနော်တို့အများကြီး လုပ်ရအုံးမယ်လို့ သိထားရပါမယ်။ ဒီတော့ ထပ်ပြီးသွားတဲ့နေရာမှာ ကျနော်တို့အနေနဲ့လည်း သဘောထားကြီးကြီး ခံယူတတ်ဖို့လိုပါမယ်။ ကိုယ်လိုချင်တာကို ရမှာဆိုရင်တော့ ကျနော်တို့လိုချင်တဲ့ ပန်းတိုင်ကိုရောက်မှာ မဟုတ်ပါဘူး။ အနာဂတ်မှာဆိုရင် အခု တက်ရောက်လာကြတဲ့ ကရင်အမျိုးသားတွေရဲ့ လက်ထဲမှာရှိပါတယ်။ ကျနော်က ၈၄ နှစ်ဆိုတော့ ဘယ်နှစ်နှစ်နေရအုံးမလဲ မသိသေးပါဘူး။ ပြီးပြည့်စုံတဲ့ ဖက်ဒရယ်ကို မြင်ချင်ပါသေးတယ်။ ဒါအတွက် ကြိုးစားနေပါတယ်။ အားလုံးပဲ အမျှော်အမြင်ကြီးကြီးနဲ့ ကျနော်တို့ ကရင်အမျိုးသားအတွက် မပြီးဆုံးသေးတဲ့ တိုက်ပွဲကို ပြီးဆုံးတဲ့အထိ ဆက်လုပ်ဖို့ ဒီမှာထိုင်နေတဲ့ နောင်လာနောက်သားတွေရဲ့ လက်ထဲမှာပဲ ရှိတယ်လို့ ပြောချင်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။



### ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ – (၂၁)ရာစုပင်လုံ
### ကရင်အမျိုးသား နိုင်ငံရေးဆွေးနွေးပွဲ (လော်ခီးလာ)
### ပိတ်ပွဲအခမ်းအနားတွင်

# ဗိုလ်ချုပ်စောရင်န ပြောကြားသည့် မိန့်ခွန်း

စစ်အေးတိုက်ပွဲစတင်ခဲ့တာက ၁၉၆၂ ခုနှစ် ဦးနုအစိုးရကနေ နေဝင်း အာဏာသိမ်းလိုက်တဲ့ အချိန်က ဖြစ်တယ်။ နေဝင်း အာဏာယူပြီး ၁၉၆၃၊ ၁၉၆၄ နဲ့ ၁၉၆၅ ခုနှစ်တွေမှာ တိုက်ပွဲတွေ နည်းသွားတယ်။ ဒါပေမယ့် တိုက်ပွဲတွေ ဆက်ဖြစ်နေခဲ့ပါတယ်။ ၂၀၀၁၊ ၂၀၀၂၊ ၂၀၀၃ ခုနှစ်ရောက်တဲ့ အထိ တိုက်ပွဲတွေဖြစ်သေးတယ်။ တိုက်ပွဲတွေဖြစ်ရတဲ့အကြောင်းအရင်းကတော့ ကိုယ့်တိုင်းပြည် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဖို့အတွက် ကြိုးစားအားထုတ်ခဲ့တာဖြစ်တယ်။ ကျနော်တို့တွေ ခံယူထားတာက ကိုယ်ပြည်နယ်ကို ကိုယ်ကိုယ်တိုင်ပဲ စီမံအုပ်ချုပ်ရမယ်။ ငြိမ်းချမ်းရေးရဖို့အတွက် နိုင်ငံရေးဆွေးနွေးပွဲ ဆိုတဲ့ ခြေလှမ်းနဲ့ ပထမဦးဆုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးကို အစိုးရနဲ့ပြုလုပ်ခဲ့တယ်။ ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးလုပ်တဲ့အချိန်မှာ အခတ်အခဲအမျိုးမျိုး တွေ့ရတယ်။ ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး NCA ထိုးဖို့အတွက် ကျနော်တို့ KNU, DKBA, KNU/KNLA-PC စတဲ့အဖွဲ့ဟာ အစိုးရနဲ့ အကြိမ်ကြိမ် တွေ့ဆုံဆွေးနွေးခဲ့ပါတယ်။ ကျနော်တို NCA လက်မှတ်ထိုးဖို့ အစည်းအဝေး သွားတက်ချိန်မှာ အစိုးရဖက်မှ ကျနော်တို့ကို ‘တော်လှန်ရေး’ ဆိုတဲ့ အသုံးအနှုန်း မသုံးဖို့ တားမြစ်ခဲ့တာလည်းရှိခဲ့ပါ

တယ်။ ဒုတိယကမ္ဘာစစ်ကြီး ပြီးဆုံးတဲ့နောက်ပိုင်းမှာ ကျနော်တို့ ဥက္ကဌ စောဘဦးကြီးက ဦးနုဆီမှာ ပြည်နယ်သွားတောင်းတော့ ဦးနုက ပြန်ပြောတယ်။ ‘ကရင်မှာ မြေတစ်လက်မမှ မရှိဘူး၊ လိုချင်ရင် တိုက်ယူ’ ဆိုတဲ့အတွက်ကြောင့် ဥက္ကဌစောဘဦးကြီးက ဦးဆောင်ပြီး စတင်တော်လှန်တိုက်ခိုက်ခဲ့ တယ်။ ကျနော်တို့တိုက်ခိုက်ခဲ့တာ သက္ကရာဇ် ၂၀၀၀ ခုနှစ်ကျော်အထိ တိုက်နေတုန်းပါပဲ။ နောက် ပိုင်းမှာ ကျနော်တို့တွေ အစိုးရနဲ့ ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး လုပ်ဖို့အတွက် စတင်ခဲ့တယ်။ အဲ့ဒီ နောက်ပိုင်း အစိုးရနဲ့ အကြိမ်ကြိမ်တွေ့ဆုံပြီး နောက်ဆုံးအကြိမ်မှာ မင်းအောင်လှိုင်က ပြောတယ် ‘လက်နက်ဖြုတ်ရေး မလိုဘူး’ ဆိုတာကြောင့် ကျနော်တို့ KNU, DKBA, KNU/KNLA- PC နဲ့ ဆန်းအောင်အဖွဲ့ အပါအဝင် ကတိကဝတ်လက်မှတ်ကို အစိုးရအဖွဲ့နဲ့ နေပြည်တော်မှာစပြီး ထိုးခဲ့ တယ်။ အဲ့ဒီကစပြီး ကျနော်တို့တွေ အစိုးရနဲ့ လက်မှတ်တခေါက်ပြီးတခေါက် အကြိမ်ကြိမ်ထိုးပြီး နောက်ပိုင်းမှာ အစိုးရနဲ့ လက်မှတ်ထိုးတဲ့ တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းစုစုပေါင်း ၈ ဖွဲ့အထိ ပါဝင်လာခဲ့တယ်။ ကျနော်တို့ လက်မှတ်ထိုးပြီးနောက်ပိုင်းမှာ အစိုးရကနေပြီး ကျနော်တို့ကို မတရားအသင်းကနေ ပယ်ဖျက်ပြီး တရားဝင်အသင်းလို့ သတ်မှတ်လိုက်တယ်။ အဲ့အချိန်ကစပြီး ကျနော်တို့တွေ နိုင်ငံရေးကို စတင်လှုပ်ရှားလာခဲ့တယ်။ကျနော်တို့ ရည်ရွယ်ချက်ပြည့်ဖို့အတွက် နိုင်ငံရေးလမ်းနဲ့ပဲ သွားရမယ်။ ဖားအံမြို့၊ သီရိဘားအံဟိုတယ်မှာ ကျင်းပတဲ့ ကရင်အမျိုးသား နိုင်ငံရေးဆွေးနွေးပွဲမှာ ကရင်ပြည်နယ်ဝန်ကြီးချုပ်က ကူညီထောက်ပံ့ပေးပြီးတော့ ကရင်လူမျိုးများကို နိုင်ငံရေးဆွေးနွေးပွဲ ကျင်းပခွင့်ပေးတဲ့အတွက် ကျနော် အရမ်းဂုဏ်ယူ ဝမ်းမြောက်မိပါတယ်။ ဒါဟာ လက်မှတ်ရေးထိုးထားခဲ့တဲ့အတွက်ကြောင့်ပဲ ဖြစ်တယ်။ အခုဒီတခေါက် လော်ခီးလာ အစည်းအဝေးပွဲမှာလည်း ကျနော်တို့ကရင်လူမျိုးတွေ တက်ရောက်ဆွေးနွေးပြီး ကရင်လူမျိုးတွေ ရဲ့ဘဝ ဖွံ့ဖြိုးတိုးတက်ဖို့အတွက် အတူတကွ ဝိုင်းဝန်းလုပ်ဆောင်ကြတယ်။ ဒီအတွက် ကျနော် အရမ်းဝမ်းသာပါတယ်။ ကျနော်တို့တွေ ဖက်ဒရယ်ပြည်ထောင်စုရတဲ့အထိ ဝိုင်းဝန်း လုပ်ဆောင်သွား ပါမယ်။ ဒီမိုကရေစီအခွင့်အရေးမရှိဘဲနဲ့ ကျနော်တို့တွေ ဖက်ဒရယ်ပြည်ထောင်စု တည်ထောင်ဖို့ မလွယ်ဘူး။ ကျနော်တို့ ဖက်ရယ်ပြည်ထောင်စုကို ဝိုင်းဝန်းတည်ဆောက်ကြမယ်။ ကျနော်တို့ အခုတိုက်နေတဲ့ တိုက်ပွဲက စားပွဲခုံပေါ်က နိုင်ငံရေးတိုက်ပွဲဖြစ်ပါတယ်။ သတိရှိပြီး မိမိကိုယ်ကိုယ် နားလည်ဖို့လည်း လိုအပ်ပါတယ်။ အဲ့ဒါကြောင့် ကျနော်တို့ ကရင်အမျိုးသားများအားလုံး ကိုယ်ပိုင် အုပ်ချုပ်ခွင့်၊ ကိုယ်ပိုင်ပြဌာန်းခွင့်ရှိတဲ့ ပြည်နယ်ရဖို့ရှိအတွက် ကရင်လူမျိုးများအားလုံး စည်းစည်း လုံးလုံး၊ တိုင်တိုင်ပင်ပင်နဲ့ အတူတကွ ဝိုင်းဝန်းကြိုးပမ်းဖို့ တိုက်တွန်းရင်း နိဂုံးချုပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။ အားလုံးကို ဘုရားသခင် ကောင်းချီးပေးပါစေ။




### ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ – (၂၁)ရာစုပင်လုံ
### ကရင်အမျိုးသား နိုင်ငံရေးဆွေးနွေးပွဲ (လော်ခီးလာ) ပိတ်ပွဲအခမ်းအနားတွင်

## ဘာသာရေးခေါင်းဆောင် ဆရာတော် မာန်နာဲ ကျဝ်သဲုးဝဝ် (ဦးဇင်း ကျော်သွီးဝေါ်)

### (မွန်ပြည်နယ် တောင်ကျောင်းကလေးဆရာတော်)

## ပြောကြားသည့် မိန့်ခွန်း

အခုလို သုံးရက်သုံးည စုရုံးပြီး ဘာသာစကား အမျိုးမျိုးတော့ ပြောကြတာပေါ့။ ကရင်ဘာသာရော ဗမာဘာသာရော ပြောကြတယ်။ ဦးဇင်းကတော့ ဒီရှေ့မှာ စကားထွက်ပြီး ပြောရတယ်ဆိုတော့ ဦးဇင်းက ကရင်လိုပဲပြောတတ်တယ်။ အားလုံးနားလည်ပေးကြပါ။ အဆင်ပြေလား မသိဘူး။ အဲ့ဒါဆိုရင် ဦးဇင်းပြောတတ်သလောက်ပေါ့ အဆင်ပြေတဲ့အပိုင်းကိုပဲ ယူကြပါ။ ကိုယ့်အတွက် ယူသင့်တာကိုပဲ ယူပေါ့။

ဒီနေ့အစည်းအဝေးပွဲမှာ သဘာပတိတွေအားလုံး၊ ကျင်းပရေးကော်မတီတွေရော ခေါင်းဆောင်တွေရော၊ အကုန်ပြောရရင် ဒကာ၊ ဒကာမတွေအားလုံးပေါ့။ ဒီရှေ့မှာ စကားထွက်ပြောခွင့်ရတဲ့အတွက်လည်း ဝမ်းသာပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ 'လဝ်ဃှီ့သာ' သူတို့ ရေးတာ ဦးဇင်းလည်း မမှန်းတတ်ဘူး။ လော်ခီးလာက မြန်မာလို၊ ဦးဇင်း သူများတွေကို ဖြေးဖြေးချင်း ပြန်မေးကြည့်တယ်။ ဒီနေရာဒေသတွေက လော်ခီးလာပေါ့။ ဒါပေမယ့် အဓိပ္ပာယ်သက်ရောက်မှုက ကရင်လို 'လဝ်ဃှီ့သာ' စကောလို ဆိုရင်တော့ 'လေးဝါး'။ ဟိုမှာပြထားတယ် တောင်အဝါရောင်နဲ့ 'လေးဝါး'။ ဒီနေရာဒေသတွေမှာလည်း အဓိပ္ပာယ်ရှိတာပဲ။ ဆိုတော့ ဦးဇင်း ဒီရှေ့ကိုရောက်တာ

ပြောချင်တာက ဦးဇင်းရဲ့စိတ်ကို ဘယ်လို ခိုင်အောင်ထားသလဲဆိုတော့ ဒီဆွေးနွေးပွဲက သုံးရက် သုံးညပါပဲ။ ဦးဇင်းပြီးအောင်နေမယ်။ ဆုံးတဲ့အထိ နေမယ်ဆိုတဲ့စိတ် အားပြည့်အင်ပြည့်နဲ့ထားတယ်။ ခုဆိုရင် ဘာသာရေးခေါင်းဆောင်တွေ ဘယ်နှစ်ယောက်ဖိတ်ထားလဲတော့ မသိဘူး။ အခုအားလုံးပြန်ကုန်ပြီ။ ဦးဇင်းတပါးပဲ ကျန်တော့တယ်။ တပါးမှ မရှိတော့ အခုဒီအစီအစဉ်ရှေ့မှာ စကားထွက်ပြောရတာပေါ့။ ဆိုတော့ ဘယ်သူမှမရှိတဲ့အချိန်မှာ ဒီရှေ့မှာ စကားထွက်ပြောရတာ အမှားပါရင် ခွင့်လွှတ်ပါ။ ယူသင့်တဲ့အရာတွေကိုလည်းယူပါ။

စကားယှဉ်ပြီး ပြောရမယ်ဆိုရင် ခုနက မူတူးစေးဖိုး ပြောတာက ဦးဇင်းဖြေးဖြေးချင်း ပြန်စဉ်းစား ကြည့်လိုက်တဲ့အချိန်မှာ ဟိုလွန်ခဲ့သော နှစ်ပေါင်းအများကြီးပေါ့ စစ်ပွဲဖြစ်တာတို့ အချိန်တွေလည်း အများကြီးကုန်ခဲ့တယ်။ နှစ်ပေါင်း ၆၀ လည်း ကျော်နေပြီပေါ့။ အဲ့ဒီအချိန်တုန်းက ဖူ့မူတူးစေးဖိုးတို့ တော်လှန်တိုက်ခိုက်တုန်းကလည်း ဦးဇင်းတို့တောင် မရှိသေးဘူး။ အခု ဦးဇင်း ၆၂ နှစ်တောင်ရှိနေပြီ။ ဒကာ၊ ဒကာမတို့ အဖိုးမူးတူးစေးဖိုးက ၈၄ နှစ်တောင်ရှိနေပြီး။ ဆိုတော့ ၆၈ နှစ်ရှိတဲ့လူတွေ လက်ညှိုးထောင်မယ်ဆိုရင်တော့ အဲ့ဒီလူတွေ တော်လှန်ရေးဆိုတဲ့စိတ် ဘယ်လောက်ရှိသလဲ ဆိုတာကိုပေါ့။ အဖိုးမူးတူးစေးဖိုး ဦးဇင်းကို မေးတယ်။ ဦးဇင်းအသက် ဘယ်လောက်ရှိပြီလဲ။ ၆၂ နှစ်ပဲ ရှိသေးတယ် အဖိုးလို့ ဦးဇင်း ပြန်ဖြေလိုက်တယ်။ ဦးဇင်းကတော့ စိတ်တက်ကြွပြီး လာတာပဲလို့ အဖိုးကို ပြန်ပြောလိုက်တယ်။ အမှန်တော့ ဒီတိုက်ခိုက်တဲ့နေရာမှာ သံဃာတော်တို့အလုပ် မဟုတ်ပါဘူး။ သို့ပေမယ့်လည်း ဦးဇင်း စိတ်ဝင်စားတယ်။ ပြောရမယ်ဆိုရင် ဘာသာ၊ သာသနာနဲ့ ပတ်သက်လို့ ဦးဇင်းတို့ အကုန်လုပ်တယ်။ ‘၉၆၉’အဖွဲ့၊ အမျိုးသားရေးအဖွဲ့၊ နိုင်ငံရေးအဖွဲ့ အကုန်ပြောရမယ်ဆိုရင် စကားတွေဟာ တော်လှန်ရေးစကားဖြစ်လို့ ဘုန်းကြီးနဲ့ မသက်ဆိုင်တဲ့အတွက်ကြောင့် သိပ်ပြီးတော့ မပြောရဲဘူး။ ဆိုတော့ ဒီမနက် မဲဆမိတ်ဘုန်းကြီးတွေ လည်း စကားတခွန်းလေးပြောသွားတယ်။ သူပြောတာ မြန်မာဘာသာလိုပေါ့။ ဦးဇင်းကတော့ ဘာပြောမလဲဆိုတော့ ဗမာလိုပြောရင်တော့တမျိုး၊ ကရင်လိုဆိုလို့ရှိရင်တော့တမျိုးပေါ့။ မဲဆမိတ် ဘုန်းကြီးပြောတာက စစ်ပြီးဆုံးသွားလို့ ငြိမ်းချမ်းရေးအသစ်ရအောင် မလုပ်နိုင်ဘူးဆိုရင် အာဇာနည်ရဲဘော်သူရဲကောင်းများကို သစ္စာဖောက်ရာကျတယ်တဲ့။ ဟုတ်လားပေါ့ ဟုတ်လားလို့ ဒကာ၊ ဒကာမတို့ တယောက်မှလည်း မပြောရဲဘူးကော။ ဆိုတော့ ကရင်လိုတော့ ပြောရမယ်ဆိုရင် စစ်ပြီးဆုံးသွားလို့ ငြိမ်းချမ်းရေးရပေမယ့်လည်း ဒီထက်ပိုပြီး အကောင်းဆုံးဖြစ်အောင် ဦးဇင်းတို့ အားလုံး လက်တွဲပြီးတော့ မလုပ်ဆောင်နိုင်ဘူးလားပေါ့။ အာဇာနည်ခေါင်းဆောင်တွေရဲ့ အပေါ်မှာ ရော တော်လှန်ရေးခေါင်းဆောင်တွေရဲ့အပေါ်မှာလည်း သစ္စာမမြဲဘူးလားပေါ့။ ‘သူးဟုယ်’ ဆိုတာ သိလား ဒကာ၊ ဒကာမတို့။ ‘သူးဟုယ်’ ဆိုတာက အာဇာနည်ခေါင်းဆောင်ရဲ့အပေါ်မှာ သစ္စာဖောက် ရာကျတယ်တဲ့။ အဲ့ဒီအတွက်ကြောင့် သစ္စာမဖောက်မိရလေအောင် ဦးဇင်းတို့ လူကြီးလူငယ်တွေ အားလုံး ကလေးတွေရော အတူတကွ လက်တွဲပြီး ကောင်းမွန်သော အစီအစဉ်တခု ဖြစ်မြောက်ဖို့ လာမည့် နေပြည်တော်မှာကျင်းပမယ့် (၂၁) ရာစုပင်လုံ ညီလာခံ ဒုတိယအကျော့ ဖြစ်မြောက်အောင် ကျနော်တို့အတူတကွ လက်တွဲပြီး ပူးပေါင်းပါဝင်ပေးပါလို့ ပြောကြားရင်း နိဂုံးချုပ်လိုက်ပါတယ်။ ကျေးဇူးတင်ပါတယ်။




**ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ – (၂၁)ရာစုပင်လုံ**
**ကရင်အမျိုးသား နိုင်ငံရေးဆွေးနွေးပွဲ (လော်ခီးလာ)**

# ကျင်းပရေးကော်မတီ ပဒိုစောလှထွန်း မှ ကျေးဇူးတင်စကား ပြောကြားခြင်း

မင်္ဂလာညနေခင်းပါ။ လေးစားအပ်တဲ့ သဘာပတိများနဲ့တကွ ကြွရောက်လာကြတဲ့ ဆရာတော်၊ သံဃာတော်၊ ကရင့်တိုင်းရင်းသားခေါင်းဆောင် ကိုယ်စားလှယ်များ၊ ကရင်နိုင်ငံရေးပါတီများ၊ ဒေသအသီးသီးမှ ကြွရောက်လာကြတဲ့ ကရင့်တိုင်းရင်းသားကိုယ်စားလှယ်များ၊ ကရင့်လူမှုအဖွဲ့အစည်းများ၊ KUPC ခေါင်းဆောင်များ၊ ကရင်လူငယ်များ၊ ကရင်အမျိုးသမီးခေါင်းဆောင် ကိုယ်စားလှယ်များ၊ ဒီကနေ့ သုံးရက်တာလုံးလုံးမှ ပြုလုပ်ခဲ့တဲ့ ကရင့်တမျိုးသားလုံးဆိုင်ရာ ဂုဏ်ယူဝမ်းမြောက်စရာဖြစ်တဲ့ လူမျိုးအလိုက် ကရင်အမျိုးသားနိုင်ငံရေးဆွေးနွေးပွဲမှာ ကျင်းပရေးကော်မတီကိုယ်စား ကျေးဇူးတင်စကား ပြောကြားခွင့်ရတဲ့အတွက် ကျေးဇူးတင်ရှိပါကြောင်း ပြောကြားလိုပါတယ်။

ကရင်အမျိုးသားများ နှစ်ရှည်လများ စောင့်မျှော်ကြည့်ရှုနေသော နိုင်ငံရေးဆွေးနွေးပွဲကို တက်လှမ်းနိုင်ဖို့အတွက်ကို ကရင်အမျိုးသား နိုင်ငံရေးဆွေးနွေးပွဲကို ကျင်းပပြုလုပ်ပြီး လာမည့် UPC (၂၁) ရာစု ပင်လုံမှာ ကရင်တွေရဲ့လိုလားတဲ့ နိုင်ငံရေးဆန္ဒ၊ ဆွေးနွေးပွဲရဲ့ လိုလားချက်တွေကို

တင်ပြနိုင်ဖို့ပဲ ဖြစ်ပါတယ်။ ဒါကြောင့် KNU– ကရင်အမျိုးသားအစည်းအရုံးကိုလည်း ကျေးဇူးတင်ရှိပါတယ်။ ၁၆ ကြိမ်မြောက် ကေအဲန်ယူ ကွန်ကရက် မရှိဘူးဆိုရင် ကျနော်တို့ဟာ ကရင်လူမျိုးရဲ့ တမျိုးသားလုံး နိုင်ငံရေးဆွေးနွေးပွဲ ပြုလုပ်နိုင်ခဲ့မှာ မဟုတ်ဘူး။ အဲ့ဒါဆိုရင် ကျနော်တို့ ကရင်အမျိုးသားတွေရဲ့ နိုင်ငံရေးဆန္ဒနဲ့ ကရင်အမျိုးသားများလိုလားတဲ့ ကရင့်အမျိုးသားရဲ့ ရည်မှန်းချက်တွေကို လာမည့် UPC မှာ ကျနော်တို့ တင်ပြခွင့်ရနိုင်မှာ မဟုတ်ဘူး။ အခု ကျနော်တို့ KNU–ကရင်အမျိုးသားအစည်းအရုံးရဲ့ ၁၆ ကြိမ်မြောက် ကွန်ကရက်ရဲ့ ညှိနှိုင်းမှုတရပ်အပေါ်မှာ ကရင်အမျိုးသား နိုင်ငံရေးဆွေးနွေးပွဲကို အဆင့်ဆင့် ကျင်းပပြုလုပ်နိုင်ခဲ့တဲ့အတွက် KNU– ကရင်အမျိုးသားအစည်းအရုံးကို အထူးကျေးဇူးတင်ကြောင်း ပြောကြားလိုပါတယ်။ ဂုဏ်ပြုမှတ်တမ်းတင်လိုပါတယ်။

တကယ်တော့ မြန်မာနိုင်ငံမှာ တကြိမ်တခါမှ ကျင်းပပြုလုပ်ခွင့် မရရှိခဲ့ဖူးတဲ့ အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲတွေကို ကရင်လူမျိုးတွေအနေနဲ့ ပထမဦးဆုံး လူမျိုးအလိုက် နိုင်ငံရေးဆွေနွေးပွဲကို ပြုလုပ်ခွင့်ရတဲ့အတွက်လည်း UPDJC ရဲ့ သတ်မှတ်မှုနဲ့ အခန်းကဏ္ဍကိုလည်း အသိအမှတ်ပြုရမှာ ဖြစ်ပါတယ်။ UPDJC ကိုလည်း ကျေးဇူးတင်ကြောင်း ပြောကြားလိုပါသည်။ နိုင်ငံရေးဆွေးနွေးပွဲ ကျင်းပပြုလုပ်ဖို့ဆိုတာဟာ လိုအပ်တဲ့ ငွေကြေးပံ့ပိုးမှုတွေ ထောက်ပံ့မှုတွေ မရှိဘဲနဲ့ ကျင်းပပြုလုပ်လို့ မရနိုင်ပါဘူး။ အဲ့ဒီအတွက် KNU–ကရင်အမျိုးသား အစည်းအရုံးကိုလည်း ထပ်ပြီးတော့ ကျေးဇူးတင်ရမှာ ဖြစ်ပါတယ်။ PSF မှ ငွေကြေးထောက်ပံ့ကူညီမှု မရရခင်စပ်ကြားမှာ လိုအပ်သော ငွေကြေးများအတွက် ကူညီပေးခဲ့ကြသည့် KNU/KNLA-PC, DKBA နှင့် Kaw Lar Foundation တို့အား အထူးကျေးဇူးတင်ရှိပြီး မှတ်တမ်းတင်အပ်ပါတယ်။ ကျနော်တို့ နိုင်ငံရေး ဆွေးနွေးပွဲ ဖြစ်စဉ်တလျှောက် နိုင်ငံရေးဆွေးနွေးပွဲကို အကြိမ်ကြိမ်ပြုလုပ်ဖို့ ငွေကြေးထောက်ပံ့မှု လိုအပ်ပါတယ်။ အဲ့ဒီအတွက် ကျင်းပပြုလုပ်မည့် နိုင်ငံရေးဆွေးနွေးပွဲ ဖြစ်စဉ်တလျှောက်အတွက် Peace Support Fund မှ တာဝန်ယူ ပံ့ပိုးပေးမည်ဖြစ်တဲ့အတွက်၊ အဲ့ဒီအတွက် ကျေးဇူးတင်ပါတယ်။ သို့ပေမယ့် Peace Support Fund က ကနဦးက သတ်မှတ်ခဲ့တဲ့ ကျင်းပမည့်ရက်တွေထဲမှာ ကြိုတင်ငွေကြေးထုတ်ပေးဖို့ စောင့်ဆိုင်းခဲ့ရတဲ့ ကာလထဲမှာ KNU–ကရင်အမျိုးသားအစည်းအရုံးရဲ့ ကြိုတင်စိုက်ထုတ်ပေးခဲ့ရတဲ့ ငွေတွေနဲ့ ကျင်းပပြုလုပ်ခွင့်ရတဲ့အတွက်လည်း KNU ကို ကျေးဇူးတင်ရမှာ ဖြစ်ပါတယ်။ အဲ့ဒီအတွက်လည်း ကေအဲန်ယူကိုလည်း ကျေးဇူးတင်ပါသည်။

နောက်ပြီးတော့ ရှေ့ဆက် တလျှောက်လုံး ကျင်းပပြုလုပ်ခဲ့တဲ့ ဒီဇင်ဘာလမှ ယနေ့အထိ ကရင်အမျိုးသား နိုင်ငံရေးဆွေးနွေးပွဲ အဆင့်ဆင့်ကို လနဲ့ချီပြီး ကျင်းပပြုလုပ်နိုင်ဖို့အတွက် ကဏ္ဍဆိုင်ရာ ဆွေးနွေးပွဲများ အဆင့်ဆင့် ကျင်းပပြုလုပ်ခဲ့ရာမှာ ထောက်ပံ့ကူညီပေးတဲ့ PSF ကိုလည်း ကျေးဇူးတင်ကြောင်း မှတ်တမ်းတင်လိုပါသည်။ တပြိုင်နက်ထဲမှာပဲ ကျင်းပပြုလုပ်ခဲ့တဲ့ နိုင်ငံရေးဆွေးနွေးပွဲကို လေ့လာဖို့၊ သုံးသပ်ဖို့၊ အခြားသော ရှေ့ဆက် နိုင်ငံရေးဆွေးနွေးပွဲတွေကိုလည်း ကောင်းကောင်းမွန်မွန် သွားနိုင်ဖို့အတွက် လာရောက်လေ့လာ သုံးသပ်ပေးတဲ့ Monitoring Evaluation က ဆရာ၊ ဆရာမတွေကိုလည်း ကျေးဇူးတင်ရှိပါတယ်။

ထို့အပြင် ကရင်အမျိုးသားနိုင်ငံရေးဆွေးနွေးပွဲများ အောင်အောင်မြင်မြင်ကောင်မွန်စွာ ကျင်းပ ပြုလုပ်နိုင်ရေးအတွက် အဓိကနေရာမှ တာဝန်ယူပေးကြသည့် KNDCC ၏ Management Team တွင် ပါဝင်ကြသော Kaw Lar Foundation, KAC, KSCN, RISE, KYO, KWO, YC, KYN နှင့် ဘားအံလူငယ်ကွန်ယက်တို့အား အထူးကျေးဇူးတင်ပြီး မှတ်တမ်းတင်အပ်ပါသည်။

နောက်ထပ် ကျနော်တို့ ကျေးဇူးတင်လိုတာကတော့ ကရင်တမျိုးသားလုံးကို ကိုယ်စားပြု တဲ့ လူမျိုးအလိုက် ကရင်အမျိုးသား နိုင်ငံရေးဆွေးနွေးပွဲကို အမျိုးသားရေးစိတ်ဓာတ်အပြည့်နဲ့ တက်ရောက်လာကြတဲ့ ကရင်လက်နက်ကိုင်အဖွဲ့အစည်း၊ ကရင်အမျိုးသားပါတီ၊ ကရင်ဒေသ အသီးသီးက ကရင်ခေါင်းဆောင်တွေနဲ့ ကရင်လူမှုအဖွဲ့အစည်း၊ KUPC နဲ့ ဘာသာရေးခေါင်းဆောင် တွေ ဖြစ်ပါတယ်။ ဘာဖြစ်လဲဆိုတော့ ဝေးလံတဲ့နေရာဒေသကနေ ကရင့်တော်လှန်ရေးနယ်မြေထဲမှာ လာရောက်ခဲ့ကြလို့ပဲဖြစ်တယ်။ ဝေးလံတဲ့ဒေသကနေ ကရင့်အမျိုးသားထုတရပ်လုံးကိုယ်စား တက်ရောက်လာပေးကြတဲ့ ကရင်အမျိုးသားခေါင်းဆောင်အသီးသီးကိုလည်း အထူးကျေးဇူးတင် ပါတယ်။

နောက်ပြီး ဒီနိုင်ငံရေးဆွေးနွေးပွဲမှာ ဖက်ဒရယ်ပြည်ထောင်စုတည်ဆောက်ရေးအတွက် လိုအပ်တဲ့ အခြခံရလဒ်ကောင်းတွေရရှိဖို့အတွက် ကြိုတင်စီစဉ်ဆောင်ရွက်ပေးတဲ့ KNDCC ရဲ့ ဦးဆောင်ကော်မတီ၊ ကျင်းပရေးကော်မတီနဲ့ Management Team အပါအဝင် အခြားသော အထောက်အကူပြုတဲ့ အဖွဲ့တွေကိုလည်း ကျေးဇူးတင်ပြုပါတယ်။ ကျေးဇူးတင်စကားအပြင် ဂုဏ်ပြု မှတ်တမ်းတင်ရမှာ ဖြစ်ပါတယ်။ ဘာဖြစ်လဲဆိုတော့ ကရင်အမျိုးသားအားလုံးရဲ့ နိုင်ငံရေးဆွေးနွေးပွဲ ရဲ့ သမိုင်းအစမှာ သမိုင်းဝင်မော်ကွန်းတင် ပါဝင်လာလို့ပဲဖြစ်ပါတယ်။ အချို့သော ခေါင်းဆောင် ကြီးများ သိချင်မှသိမှာပါ။ ကျနော် ကျင်းပပြုလုပ်ရမည့် သတ်မှတ်ထားတဲ့ ရက်ကာလထဲမှာ အကောင်အထည်ဖော်နိုင်ဖို့၊ ကောင်းကောင်းမွန်မွန် အောင်အောင်မြင်မြင်ဖြစ်ဖို့ စီစဉ် ဆောင်ရွက် ပေးပြီးတော့ တကယ့် နေ့မအား ညမအား ကျနော်တို့ကို ကူညီဆောင်ရွက်ပေးကြတဲ့ လူငယ် မောင်မယ်များကိုလည်း အထူးကျေးဇူးတင်ကြောင်း ပြောကြားလိုပါတယ်။ ပံ့ပိုးမှုအပြည့်အဝဖြင့် ပေးဆပ်ကူညီပေးသူများ ဖြစ်ကြပါတယ်။

နောက်ထပ် ကျေးဇူးတင်လိုတာက ဒီကနေ့ သုံးရက်တာစလုံး ကျင်းပခဲ့တဲ့ နိုင်ငံရေး ဆွေးနွေးပွဲမှာ တကယ့်ကို အနှစ်သာရရှိရှိနဲ့ ရှေ့ဆက် နိုင်ငံရေးဆွေးနွေးပွဲတလျှောက်လုံးမှာ အကောင်အထည်ဖော်လာဖို့အတွက် ဖြစ်ပေါ်လာမည့် နည်းပညာအထောက်အကူပြုအဖွဲ့ ကရင်ပညာရှင်တွေကို ဖွဲ့စည်းနိုင်ခဲ့ခြင်းဖြစ်တယ်။ အဲ့ဒီအတွက် လာရောက်ပံပိုးကူညီပေးကြတဲ့ ကရင်တတ်သိပညာရှင်တွေကို ကျနော်တို့ အထူးကျေးဇူးတင် မှတ်တမ်းတင်ပါတယ်။

အခြားသော လုံခြုံရေးအရ တာဝန်ယူပေးကြတဲ့ KNLA ရဲဘော်များသော်လည်းကောင်း၊ တပ်မှူးများသော်လည်းကောင်း၊ ချက်ပြုတ်ကျွေးမွေးပေးတဲ့ ဘားအံခရိုင်မှ ရဲဘော်များ၊ ဝန်ထမ်းများ သော်လည်းကောင်း၊ (၇) ကြိမ်မြောက် မျိုးဆက်သစ် ကျောင်းသားများသော်လည်းကောင်း၊ ခရီးသွားလာဖို့အတွက် အထောက်အကူပြုပေးကြတဲ့ ဗိုလ်မှူးကြီးကော်ကဆာနေစိုး၊ ဗိုလ်မှူးဆဲပွယ်၊ ပဒိုစောအောင်မိုးစိုးတို့ကိုလည်း အထူးကျေးဇူးတင်ရမှာ ဖြစ်ပါတယ်။ သူတို့ရဲ့ သွားလာရေးအတွက်

စီစဉ်ပေးမှုကြောင့် ကျနော်တို့တွေ ဒီနေရာကို ရောက်ရှိလာနိုင်ရတာဖြစ်ပါတယ်။

နောက်ပြီးတော့ ကရင့်အမျိုးသား နိုင်ငံရေးဆွေးနွေးပွဲကို ၃ ရက်တာလုံးလုံး ကျင်းပနိုင်ဖို့အတွက် ခန်းမနေရာကို အသုံးပြုခွင့်ပေးတဲ့ ဘားအံခရိုင် ဥက္ကဋ္ဌ ပဒိုစောအောင်မောင်အေးကိုလည်း ကျေးဇူးတင်ဂုဏ်ယူမှတ်တမ်းတင်လိုပါတယ်။ ကျနော်တို့ ကျင်းပရေးကော်မတီအနေနဲ့ စီစဉ်ဆောင်ရွက်မှုတွေကြားက လစ်ဟင်းမှုများ၊ အားနည်းချက်များ၊ နေရာထိုင်ခင်းနဲ့ အစားအသောက်၊ သွားလာမှု စတဲ့ အရပ်ရပ်တို့မှာ အခက်အခဲရှိခဲ့တယ်ဆိုရင်လည်း ခွင့်လွှတ်ဖို့ တောင်းပန်အပ်ပါတယ်။

နိဂုံးချုပ်အနေနဲ့ ဒီကရင်အမျိုးသား နိုင်ငံရေးဆွေးနွေးပွဲကနေ ကရင်အမျိုးသားတွေ စည်းစည်းလုံးလုံး ညီညီညွတ်ညွတ်နဲ့ ကျနော်တို့ တည်ဆောက်ချင်တဲ့ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့် အပြည့်အဝရှိတဲ့ ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုကို အတူတကွ လျှောက်လှမ်းချီတက်သွားနိုင်ဖို့ ပြောကြားရင်းနဲ့ပဲ ကျေးဇူးတင်စကား ပြောကြားလိုပါသည်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

### ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ – (၂၁)ရာစုပင်လုံ
### ကရင်အမျိုးသား နိုင်ငံရေးဆွေးနွေးပွဲ (လော်ခီးလာ)
### တတိယနေ့တွင်

# သဘာပတိ ပဒိုမန်းငြိမ်းမောင် ပြောကြားသည့် အပိတ်မိန့်ခွန်း

ဒီကနေ့ ကျနော်တို့ နောက်ဆုံးဆွေးနွေးပွဲမှာ ကျနော်တို့ ခေါင်းဆောင်အသီးသီးက ပြောသွားတဲ့အခါ ကျနော်ပြောစရာ မကျန်တော့ပါဘူး။ ကျနော်ပြောရင်လည်း ဒီက ခေါင်းဆောင်ကြီးတွေ ပြောသွားတဲ့ဟာတွေပဲ ကျနော်ထပ်ပြောရမှာ ဖြစ်ပါတယ်။ ဒါပေမယ့်လို့ လူငယ်တွေအများစု ပါဝင်တဲ့ပွဲမှာ ကျနော်အမြဲတမ်းပြောတဲ့စကားကို ကျနော်ထပ်ပြောချင်တယ်။ ဘာဖြစ်လို့လဲဆိုလို့ရှိရင် ဒီပွဲမှာ ကျနော်တို့ ခေါင်းဆောင်အသီးသီးက အသိအမှတ်ပြုပြီးတော့ တန်ဖိုးထားပြီးတော့ အသိအမှတ်ပြုပြီးတော့ ပြောသွားခဲ့တဲ့ လူငယ်တွေရဲ့ စိတ်ဓာတ်တွေ၊ သူတို့ရဲ့ ကြိုးပမ်းမှုတွေ၊ ကျနော်တို့တွေ အားရကျေနပ်တယ်။ ဒါကြောင့်မို့လို့ ကျနော်တို့အနေနဲ့ ရှေ့လျှောက် ကရင့်အမျိုးသားရဲ့ ကြိုးပမ်းမှု၊ ကရင်လူမျိုးတွေရဲ့ ကြိုးပမ်းမှုမှာ လူမျိုးတစ်မျိုးနဲ့ ထိုက်တန်တဲ့အဆင့် နေရာရဖို့အတွက် သမိုင်းရဲ့အမွေကိုဆက်ခံမည့် ကျနော်တို့ရဲ့ လူငယ်တွေ တွေ့ရတဲ့အတွက် ကျနော်တို့မှာ အားရှိပါတယ်။ မျှော်လင့်ချက်လည်း များစွာထားပါတယ်။ ဒါကြောင့်မို့လို့ ကျနော့်အနေနဲ့ လွန်ခဲ့တဲ့ နှစ်ပေါင်း ၄၀ တုန်းက ကျနော်တို့ တော်လှန်ရေးမှာ ရောက်ခဲ့တဲ့အချိန်က ဥက္ကဋ္ဌမန်းဘဇံ ကျနော်တို့ကို ပြောတဲ့စကားကိုပြောပြီး ကျနော် နိဂုံးချုပ်မှာ ဖြစ်ပါတယ်။ ကျနော်တို့ တော်လှန်ရေးမှာ ရောက်ခဲ့တဲ့အချိန်မှာတော့ ဥက္ကဋ္ဌကြီးမန်းဘဇံ ပြောခဲ့တဲ့စကားက နှစ်ပေါင်း ၅၀ ရှိခဲ့ပါပြီ။ ကျနော်ခုထိ မမေ့သေးပါဘူး။ ဒီစကားကို ကျနော်သေတဲ့အထိ မေ့မှာမဟုတ်ပါဘူး။ ဒီစကားကို အထူးသဖြင့် ကရင့်လူငယ်တွေကို လက်ဆင့်ကမ်းအမွေအဖြစ်နဲ့ ပြောကြားချင်ပါတယ်။ ဥက္ကဋ္ဌကြီး မန်းဘဇံက 'ကရင့်တော်လှန်ရေးကတော့ကွာ၊ မင်းတို့လူငယ်ရဲ့ လက်ထဲမှာပဲရှိတယ်။ မင်းတို့လူငယ်ကိုပဲ အားကိုးရမယ်' တဲ့။ ဒါဥက္ကဋ္ဌကြီး မန်းဘဇံ ပြောခဲ့တဲ့ စကားဖြစ်ပါတယ်။ ကျနော်တို့ကတော့ ဟိုတုန်းကတော့ လူငယ်လည်းဖြစ်တော့ လူငယ်တယောက်အနေနဲ့၊ ကရင့်လူငယ်တယောက်အနေနဲ့ တော်လှန်ရေးထဲ ရောက်လာတော့ ကိုယ့်ခေါင်းဆောင်တယောက်ရဲ့ စိတ်ဓာတ်ရေးရာအရ အားပေးနှစ်သိမ့်မှုကို လိုချင်ခဲ့ပါတယ်။ ဒါပေမယ့် ကျနော်တို့ရဲ့ တော်လှန်ရေးဘဝမှာ ကျနော်တို့ဖြတ်သန်းမှုတွေ အတွေ့အကြုံတွေအရ အသက်လည်းရလာတဲ့အပေါ်မှာ ကျနော်တို့ခေါင်းဆောင်တွေ ပြောခဲ့တဲ့ စကားက လူငယ်တွေအပေါ်မှာ အင်မတန်မှ မျှော်လင့်ပြီးတော့ တန်ဖိုးထားပြီးပြောတယ်ဆိုတာ အသက်အရွယ်အရ တော်လှန်ရေးအတွေ့အကြုံအရ အခုမှပဲ သိပါတယ်။ ဒါကြောင့်မို့လို့ သမိုင်းမှာ တန်ဖိုးရှိတဲ့ ကျနော်တို့ ခေါင်းဆောင်တွေရဲ့စကားကို ပြောကြားရင်းနဲ့ ကျနော်တို့ ကရင့်အမျိုးသားရေးလှုပ်ရှားမှုမှာ ကရင့်အမျိုးသားရဲ့အမွေကို ဆက်ခံနိုင်တဲ့ ကရင့်သားကောင်း၊ သမီးကောင်းဖြစ်ဖို့ မျှော်လင့်ခြင်းကြီးစွာနဲ့ ပြောကြားရင်း နိဂုံးချုပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

## ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ – (၂၁)ရာစုပင်လုံ
## ကရင်အမျိုးသား နိုင်ငံရေးဆွေးနွေးပွဲ (လော်ခီးလာ)

# အတည်ပြုချက်ရယူရန် တင်ပြခြင်း

**တင်ပြချက် (၁)**

၂၀၁၇ ခုနှစ် ဇန်နဝါရီလ ၁၈–၂၀ ရက်နေ့အထိ ကရင်ပြည်နယ်၊ ဘားအံမြို့၊ သီရိဘားအံတွင် ကျင်းပပြုလုပ်ခဲ့သော လူမျိုးအလိုက် ကျင်းပသော ပထမအကြိမ် ကရင်အမျိုးသား နိုင်ငံရေး ဆွေးနွေးပွဲမှ အတည်ပြုလိုက်သော ဆုံးဖြတ်ချက် နံပါတ် (၂) အရ နိုင်ငံရေးကဏ္ဍဆိုင်ရာ ဖက်ဒရယ်ပြည်ထောင်စု ဖွဲ့စည်းပုံအခြေခံမူနှင့် ပြည်နယ်ဖွဲ့စည်းပုံ လမ်းညွှန်ချက် အခြေခံမူများ၊ စီးပွားရေးကဏ္ဍဆိုင်ရာ စီးပွားရေးနှင့် ဘဏ္ဍာရေးအခြေခံမူများ၊ လူမှုရေးကဏ္ဍဆိုင်ရာ ပြန်လည်နေရာချထားရေး၊ ပြန်လည်ထူထောင်ရေးနှင့် လူမှုဖွံ့ဖြိုးရေး အခြေခံမူများ၊ မြေယာနှင့် သဘာဝပတ်ဝန်းကျင် ကဏ္ဍဆိုင်ရာ မြေယာနှင့်သဘာဝသယံဇာတ အခြေခံမူများကို ပထမအကြိမ် ကရင်လူမျိုးအလိုက် အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲမှသည် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ– (၂၁) ရာစုပင်လုံအထိ ကျင်းပ ပြုလုပ်သွားမည်ဖြစ်သော နိုင်ငံရေးဆွေးနွေးပွဲလုပ်ငန်းစဉ် အဆင့်ဆင့်တို့တွင် ဆက်လက်ဆောင်ရွက်ရန် ဖြစ်သည့်အတွက် ပထမအကြိမ် ကရင်အမျိုးသားနိုင်ငံရေးဆွေးနွေးပွဲမှ အတည်ပြုထားသော စာတမ်းများကို အနှစ်သာရနှင့် ကျောရိုးမပျက်စေဘဲ ဆက်လက်ဆွေးနွေး ရရှိထားသော နိုင်ငံရေး၊ စီးပွားရေး၊ ဘဏ္ဍာရေး၊ လူမှုရေးကဏ္ဍဆိုင်ရာ စာတမ်း ၄ စောင်ကို နိုင်ငံရေးဆွေးနွေးပွဲ လုပ်ငန်းစဉ်အဆင့်ဆင့်တို့တွင် ဆက်လက်ဆောင်ရွက်ရန်နှင့် ပြည်ထောင်စု ငြိမ်းချမ်းရေးညီလာခံသို့ တင်သွင်းရန် ယခု ကျင်းပပြုလုပ်သော ကရင်အမျိုးသားနိုင်ငံရေးဆွေးနွေးပွဲ (လော်ခီးလာ) မှ ထပ်လောင်း အတည်ပြုရန်အတွက် အဆိုပြုတင်ပြအပ်ပါသည်။

**သဘာပတိမှ အတည်ပြုခြင်း**

ကရင်အမျိုးသား နိုင်ငံရေးဆွေးနွေးပွဲ (လော်ခီးလာ) သို့ ပဒိုတာဒိုမူးမှ တင်ပြချက်(၁) ကို တင်ပြပြီး အတည်ပြုပေးရန် တင်ပြလာသည့်အပေါ် သဘာပတိကြီး ဆရာတော်အရှင်စန္ဒာဝရမှ တက်ရောက်လာသော ကိုယ်စားလှယ်များ၏ သဘောထားကိုရယူပြီး တင်ပြချက်(၁) ကို အတည်ပြုခဲ့သည်။

**ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ – (၂၁)ရာစုပင်လုံ**
**အမျိုးသားအဆင့် နိုင်ငံရေး ဆွေးနွေးပွဲ**
**လူမျိုးအလိုက်ကျင်းပသော ပထမအကြိမ် ကရင်အမျိုးသား နိုင်ငံရေးဆွေးနွေးပွဲ**
**၂၀၁၇ ခုနှစ်၊ ဇန်နဝါရီလ (၂၀) ရက်**
**သီရိဘားအံဟိုတယ်၊ ဘားအံမြို့ ကရင်ပြည်နယ်**

# ဆုံးဖြတ်ချက်များ

**ဆုံးဖြတ်ချက်များကို အတည်ပြုခြင်း**

ကရင်လူမျိုးအလိုက် အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲ ကျင်းပရေးကော်မတီ (KNDCC) အဖွဲ့ဝင် စောကြည်လင်းမှ လူမျိုးအလိုက် အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲ (ကရင်) သို့ အတည်ပြုပေးရန် တင်ပြလာသော သဘောထားဆုံးဖြတ်ချက် ၂ ချက်အား သဘာပတိကြီး အရှင်စန္ဒာဝရမှ တက်ရောက်လာသော ကိုယ်စားလှယ်များ၏ သဘောထားများ ရယူပြီး ဆုံးဖြတ်ချက်များအဖြစ် အတည်ပြုသည်။

**ဆုံးဖြတ်ချက် (၁)**

လူမျိုးအလိုက် အမျိုးသားအဆင့်နိုင်ငံရေးဆွေးနွေးပွဲ (ကရင်လူမျိုး) မှ ဆွေးနွေးရရှိထားသော အမြင်သဘောထားစုစည်းချက်များအပေါ် အခြေခံ၍ ဆွေးနွေးရရှိသော ရလဒ်များဖြစ်သည့် နိုင်ငံရေးကဏ္ဍဆိုင်ရာ ဖက်ဒရယ်ပြည်ထောင်စုဖွဲ့စည်းပုံ အခြေခံမူနှင့် ပြည်နယ်ဖွဲ့စည်းပုံ လမ်းညွှန်ချက် အခြေခံမူများ၊ စီးပွားရေးကဏ္ဍဆိုင်ရာ ဖက်ဒရယ်စနစ် စီးပွားရေး အခြေခံမူများ၊ လူမှုရေးကဏ္ဍဆိုင်ရာ ပြန်လည်နေရာချထားရေး၊ ပြန်လည်ထူထောင်ရေးနှင့် လူမှုဖွံ့ဖြိုးရေး အခြေခံမူများ၊ မြေယာနှင့် သဘာဝပတ်ဝန်းကျင်ကဏ္ဍဆိုင်ရာ မြေယာနှင့်သဘာဝသယံဇာတ အခြေခံမူများကို သဘာပတိကြီးမှ အတည်ပြုဆုံးဖြတ်သည်။

**ဆုံးဖြတ်ချက် (၂)**

လူမျိုးအလိုက် အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲ (ကရင်လူမျိုး) မှ ဆွေးနွေးရရှိထားသော အခြေခံမူများဖြစ်သည့် နိုင်ငံရေးကဏ္ဍဆိုင်ရာ ဖက်ဒရယ်ပြည်ထောင်စုဖွဲ့စည်းပုံ အခြေခံမူနှင့် ပြည်နယ်ဖွဲ့စည်းပုံ လမ်းညွှန်ချက် အခြေခံမူများ၊ စီးပွားရေးကဏ္ဍဆိုင်ရာ စီးပွားရေးနှင့်ဘဏ္ဍာရေး အခြေခံမူများ၊ လူမှုရေးကဏ္ဍဆိုင်ရာ ပြန်လည်နေရာချထားရေး၊ ပြန်လည်ထူထောင်ရေးနှင့် လူမှုဖွံ့ဖြိုးရေး အခြေခံမူများ၊ မြေယာနှင့်သဘာဝပတ်ဝန်းကျင် ကဏ္ဍဆိုင်ရာ မြေယာနှင့်သဘာဝသယံဇာတ အခြေခံမူများတို့ကို ယခုကျင်းပပြုလုပ်သည့် ပထမအကြိမ် ကရင်လူမျိုးအလိုက် အမျိုးသားအဆင့် နိုင်ငံရေး ဆွေးနွေးပွဲမှသည် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ– (၂၁) ရာစု ပင်လုံအထိ ကျင်းပ

ပြုလုပ်သွားမည်ဖြစ်သော နိုင်ငံရေးဆွေးနွေးပွဲလုပ်ငန်းစဉ်အဆင့်ဆင့်တို့တွင် ဆက်လက်ဆောင်ရွက်နိုင်ပါရန်အတွက် သဘာပတိကြီးမှ အတည်ပြု ဆုံးဖြတ်သည်။

**ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ - (၂၁) ရာစုပင်လုံ**
**ကရင်အမျိုးသားနိုင်ငံရေးဆွေးနွေးပွဲ (လော်ခီးလာ)**
**၂၀၁၇ ခုနှစ်၊ ဇန်နဝါရီလ (၃၀) ရက်**

# သဘောတူဆုံးဖြတ်ချက်များ

**သဘောတူဆုံးဖြတ်ချက် (၁)**

၂၀၁၇ ခုနှစ်၊ ဇန်နဝါရီလ ၁၈–၂၀ ရက်နေ့အထိ ကရင်ပြည်နယ်၊ ဘားအံမြို့၊ သီရိဘားအံတွင် ကျင်းပပြုလုပ်သော လူမျိုးအလိုက်ကျင်းပသော ပထမအကြိမ် ကရင်အမျိုးသား နိုင်ငံရေးဆွေးနွေးပွဲမှ အတည်ပြုထားသော –

(၁) ကရင်လူမျိုးအလိုက် အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲကျင်းပရေးကော်မတီ– KNDCC မှ အဆိုပြုတင်သွင်းသည့် အဆိုပြုတင်ပြချက် (၃) ချက်။

(၂) ဒေသအလိုက် အဆိုပြုထားသော

(က) ပဲခူးတိုင်းဒေသကြီး မှ (၂) ချက်

(ခ) အထက်မြန်မာပြည် မှ (၂) ချက်

(ဂ) ကယားပြည်နယ် မှ (၂) ချက်

(ဃ) ဧရာဝတီ မှ (၁) ချက်

(င) မွန်ပြည်နယ် မှ (၃) ချက်

(စ) ကရင်လူငယ် မှ (၄) ချက်

တို့ကို ယခု ကျင်းပပြုလုပ်သော ကရင်အမျိုးသား နိုင်ငံရေးဆွေးနွေးပွဲ (လော်ခီးလာ) မှ ရှေ့လုပ်ငန်းစဉ်များအဖြစ် ကရင်အမျိုးသား နိုင်ငံရေးဆွေးနွေးပွဲ ကော်မတီမှ ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်သွားရန် သဘောတူဆုံးဖြတ်သည်။

**သဘာပတိမှ အတည်ပြုခြင်း**

ကရင်အမျိုးသားနိုင်ငံရေးဆွေးနွေးပွဲ (လော်ခီးလာ) သို့ ပဒိုတာဒိုမူးမှ သဘောတူ ဆုံးဖြတ်ချက်များကို တင်ပြပြီး အတည်ပြုပေးရန် တင်ပြလာသည့်အပေါ် သဘာပတိကြီး ဆရာတော် အရှင်စန္ဒာဝရ မှ တက်ရောက်လာသော ကိုယ်စားလှယ်များ၏ သဘောထားကိုရယူပြီး တင်ပြချက်ကို အတည်ပြုခဲ့သည်။

### ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ – (၂၁) ရာစုပင်လုံ
### ကရင်အမျိုးသားနိုင်ငံရေးဆွေးနွေးပွဲ (လော်ခီးလာ)
### ၂၀၁၇ ခုနှစ်၊ ဇန်နဝါရီလ (၃၀) ရက်

# မှတ်တမ်းတင်ခြင်း

**မှတ်တမ်းတင်ခြင်း (၁)**

ကရင်အမျိုးသားနိုင်ငံရေးဆွေးနွေးပွဲ (လော်ခီးလာ) သို့ တင်ပြဆွေးနွေးသည့် လုံခြုံရေး ကဏ္ဍစာတမ်းကို ကရင်အမျိုးသားများ ဆက်လက်ကိုင်စွဲရမည့် စာတမ်းအဖြစ် ပြည်ထောင်စု အဆင့်တွင် ဆွေးနွေးတင်သွင်းသွားနိုင်ရန် မှတ်တမ်းတင်သည်။

**သဘာပတိမှ အတည်ပြုခြင်း**

ကရင်အမျိုးသားနိုင်ငံရေးဆွေးနွေးပွဲ (လော်ခီးလာ) တွင် ပဒိုတာဒိုမူး မှ မှတ်တမ်းတင်ရန် မှတ်တမ်းတင်ခြင်း (၁) ကို တင်ပြပြီး အတည်ပြုပေးရန် တင်ပြလာသည့်အပေါ် သဘာပတိကြီး ဆရာတော်အရှင်စန္ဒာဝရ မှ တက်ရောက်လာသော ကိုယ်စားလှယ်များ၏ သဘောထားကို ရယူပြီး မှတ်တမ်းတင်ခြင်း (၁) ကို အတည်ပြုခဲ့သည်။

### ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ – (၂၁) ရာစုပင်လုံ
### ကရင်အမျိုးသားနိုင်ငံရေးဆွေးနွေးပွဲ (လော်ခီးလာ)
### ၂၀၁၇ ခုနှစ်၊ ဇန်နဝါရီလ (၃၀) ရက်

# ဆက်လက်ဆောင်ရွက်ရန် သဘောထားဆုံးဖြတ်ချက်များ

၁။ ကရင်အမျိုးသားနိုင်ငံရေးဆွေးနွေးပွဲများကို ထိရောက်စွာ အထောက်အကူပြုနိုင်ရန် Technical Team အား KNDCC မှ Focal Person သတ်မှတ်ပြီး အမြန်ဆုံး စုဖွဲ့ အကောင် အထည် ဖော်ဆောင်သွားရန်

၂။ KNDCC စုဖွဲ့မှုကို ကိုယ်စားပြုသော ခေါင်းဆောင်များမှ သက်ဆိုင်ရာ မိခင်အဖွဲ့အစည်းများ ထံမှ သဘောထားတောင်းခံပြီး ဆက်လက်ပါဝင်ဆောင်ရွက်သွားရန်

၃။ ဒေသကိုယ်စားပြု ကိုယ်စားလှယ်များ ရွေးချယ်ရာတွင် ပိုမိုထိရောက်ကောင်းမွန်ရေးအတွက် စံသတ်မှတ် (Criteria) ဖြင့် ရွေးချယ်သွားနိုင်ရေးအတွက် KNDCC မှ ဆက်လက်လုပ်ဆောင် သွားရန်

၄။ ၂၀၁၇ ခုနှစ်၊ ဇန်နဝါရီလ ၁၈–၂၀ ရက်တွင် တက်ရောက်လာသည့် ဒေသအလိုက် ကိုယ်စားလှယ်များ၏ အဆိုပြုတင်ပြချက်များကို ဆက်လက်အကောင်အထည်ဖော် ဆောင် ရွက်သွားရန်၊

ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ - (၂၁) ရာစုပင်လုံ
ကရင်အမျိုးသားနိုင်ငံရေးဆွေးနွေးပွဲ (လော်ခီးလာ)
၂၀၁၇ ခုနှစ်၊ ဇန်နဝါရီလ (၃၀) ရက်

# မှတ်တမ်းတင်ခြင်း

**မှတ်တမ်းတင်ခြင်း (၁)**

ကရင်အမျိုးသားနိုင်ငံရေးဆွေးနွေးပွဲ (လော်ခီးလာ) သို့ တင်ပြလာသော နိုင်ငံရေးဆိုင်ရာကဏ္ဍ၊ စီးပွားရေးဆိုင်ရာကဏ္ဍ၊ လူမှုရေးဆိုင်ရာကဏ္ဍ၊ မြေယာနှင့် သဘာဝသယံဇာတဆိုင်ရာကဏ္ဍများ ဖြစ်သည့် ကဏ္ဍကြီး ၄ ရပ်မှ အချောသတ်ထားသော စာတမ်းများအားလုံးကို ဤဆွေးနွေးပွဲမှ မှတ်တမ်းတင်အပ်ပါသည်။

**မှတ်တမ်းတင်ခြင်း (၂)**

ကရင်အမျိုးသားနိုင်ငံရေးဆွေးနွေးပွဲ (လော်ခီးလာ) သို့ တင်ပြဆွေးနွေးသည့် လုံခြုံရေးကဏ္ဍစာတမ်းကို ကရင်အမျိုးသားများ ဆက်လက်ကိုင်စွဲရမည့် စာတမ်းအဖြစ် ပြည်ထောင်စုအဆင့် နိုင်ငံရေးဆွေးနွေးပွဲများတွင် ဆွေးနွေးတင်သွင်းသွားနိုင်ရန်အတွက် မှတ်တမ်းတင်ရှိပါသည်။

**မှတ်တမ်းတင်ခြင်း (၃)**

ကရင်အမျိုးသား နိုင်ငံရေးဆွေးနွေးပွဲ (လော်ခီးလာ) သို့ ဘားအံမြို့၊ သီရိဘားအံဟိုတယ်၌ ကျင်းပပြုလုပ်ခဲ့သော ပထမအကြိမ် ကရင်အမျိုးသားနိုင်ငံရေးဆွေးနွေးပွဲတွင် ဒေသအသီးသီးမှ တင်ပြလာသော အဆိုပြုချက်များ အပါအဝင် ဆက်လက်ဆောင်ရွက်ရန် သဘောတူညီချက် ၄ ချက်ကို ရှေ့လုပ်ငန်းစဉ်အဖြစ် ကရင်အမျိုးသား နိုင်ငံရေးဆွေးနွေးပွဲကော်မတီမှ ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်သွားရန် ဆုံးဖြတ်ချက်ကို ဤဆွေးနွေးပွဲမှ မှတ်တမ်းတင်အပ်ပါသည်။

**မှတ်တမ်းတင်ခြင်း (၄)**

ကရင်အမျိုးသားနိုင်ငံရေးဆွေးနွေးပွဲ (လော်ခီးလာ) ကို အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် တာဝန်ယူဆောင်ရွက်ပေးခဲ့ကြသည့် KND ဦးဆောင်ကော်မတီဝင်များ၊ ကျင်းပရေးကော်မတီများ၊ ကဏ္ဍအလိုက် ဆပ်ကော်မတီဝင်များ၊ အထောက်အကူပြုအဖွဲ့ဝင်များဖြစ်သည့် Management Team, Facilitator Team, Documentation Team, Logistics Team, Finance Team နှင့် နည်းပညာအထောက်အကူပြု ကရင်တတ်သိပညာရှင်များ အားလုံးကို အထူးကျေးဇူး ဥပကာရတင်ရှိပါကြောင်း ဂုဏ်ပြုမှတ်တမ်းတင်အပ်ပါသည်။

**မှတ်တမ်းတင်ခြင်း (၅)**

ကရင်အမျိုးသားနိုင်ငံရေးဆွေးနွေးပွဲ (လော်ခီးလာ) ကို အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် အဖက်ဖက်မှ တာဝန်ယူဆောင်ရွက်ပေးကြသော လော်ခီးလာဒေသရှိ တာဝန်ရှိပုဂ္ဂိုလ်များ၊ အမျိုးသမီး အဖွဲ့အစည်းများ၊ လူငယ်အဖွဲ့အစည်းများနှင့် ကျေးဇူးတင်ထိုက်သူများအားလုံးကို အထူးကျေးဇူး ဥပကာရတင်ရှိပါကြောင်း ဂုဏ်ပြုမှတ်တမ်းတင်အပ်ပါသည်။

**မှတ်တမ်းတင်ခြင်း (၆)**

ကရင်အမျိုးသားနိုင်ငံရေးဆွေးနွေးပွဲ (လော်ခီးလာ) ကို အောင်မြင်စွာကျင်းပနိုင်ရေးအတွက် ပါဝင်တက်ရောက် ဆွေးနွေးပေးခဲ့ကြသော အဖွဲ့အစည်းအသီးသီးမှ ခေါင်းဆောင်ကိုယ်စားလှယ်များ၊ ဒေသအသီးသီးမှ ခေါင်းဆောင်ကိုယ်စားလှယ်များ အားလုံးကို အထူးကျေးဇူးဥပကာရ တင်ရှိပါကြောင်း ဂုဏ်ပြုမှတ်တမ်းတင်အပ်ပါသည်။

**ကျင်းပရေးကော်မတီ**

**ကရင်အမျိုးသားအဆင့်နိုင်ငံရေးဆွေးနွေးပွဲ (လော်ခီးလာ)**

**ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ – (၂၁) ရာစုပင်လုံ**
**ကရင်အမျိုးသားနိုင်ငံရေးဆွေးနွေးပွဲ (လော်ခီးလာ)**
**၂၀၁၇ ခုနှစ်၊ ဇန်နဝါရီလ (၃၀) ရက်**

# ထုတ်ပြန်ကြေညာချက်

ကရင်အမျိုးသားနိုင်ငံရေးဆွေးနွေးပွဲ (လော်ခီးလာ) ကို ကေအဲန်ယူ– ကရင်အမျိုးသား အစည်းအရုံး ထိန်းချုပ်နယ်မြေဖြစ်သော လော်ခီးလာ၌ ၂၀၁၇ ခုနှစ် ဇန်နဝါရီလ ၂၈–၃၀ ရက်နေ့အထိ ကျင်းပပြုလုပ်ခဲ့သည်။ ကရင်အမျိုးသား နိုင်ငံရေးဆွေးနွေးပွဲသို့ ကေအဲန်ယူ– ကရင်အမျိုးသားအစည်းအရုံး၊ ဒီမိုကရေစီအကျိုးပြုကရင်တပ်မတော် (DKBA), KNU/KNLA-Peace Council, KBGF, ကရင်နိုင်ငံရေးပါတီများ၊ ဘာသာရေးခေါင်းဆောင်များ၊ ကရင်လူမျိုးများနေထိုင်ရာ ဒေသများဖြစ်သော ကရင်ပြည်နယ်၊ မွန်ပြည်နယ်၊ ကယားပြည်နယ်၊ ပဲခူးတိုင်း၊ ရန်ကုန်တိုင်း၊ ဧရာဝတီတိုင်း၊ တနင်္သာရီတိုင်း၊ အထက်မြန်မာပြည်ဒေသ၊ ကော်သူးလေနှင့် နယ်စပ်ဒေသတို့မှ ဒေသကိုယ်စားလှယ်များ၊ ကရင်လူမှုအဖွဲ့အစည်းများ၊ ကရင်အမျိုးသမီးများ၊ ကရင်လူငယ်များ၊ ကရင်တတ်သိပညာရှင်များနှင့် အထူးဖိတ်ကြားထားသော ကိုယ်စားလှယ်များ စုစုပေါင်း ၂၉၁ ဦး တက်ရောက်ပါဝင် ဆွေးနွေးခဲ့ပါသည်။

ကရင်အမျိုးသားနိုင်ငံရေးဆွေးနွေးပွဲ (လော်ခီးလာ) မှ ကရင်ပြည်နယ်၊ ဘားအံမြို့၊ သီရိဘားအံ ဟိုတယ်၌ လူမျိုးအလိုက် ကျင်းပသော ပထမအကြိမ် ကရင်အမျိုးသား နိုင်ငံရေး ဆွေးနွေးပွဲမှ ဆွေးနွေးရရှိထားပြီး အတည်ပြုထားသည့် စာတမ်းများအား ပြည်ထောင်စု ငြိမ်းချမ်း ရေးညီလာခံ– (၂၁)ရာစု ပင်လုံအထိ ကျင်းပပြုလုပ်သွားမည်ဖြစ်သော နိုင်ငံရေးဆွေးနွေးပွဲ လုပ်ငန်း စဉ်အဆင့်ဆင့်တို့တွင် ဆက်လက်ဆောင်ရွက်နိုင်ရန်အတွက် နိုင်ငံရေးကဏ္ဍဆိုင်ရာမှ ဖက်ဒရယ် ပြည်ထောင်စု ဖွဲ့စည်းပုံ အခြေခံမူနှင့် ပြည်နယ်ဖွဲ့စည်းပုံ လမ်းညွှန်ချက်အခြေခံမူများ၊ စီးပွားရေး ကဏ္ဍဆိုင်ရာမှ ဖက်ဒရယ်စနစ် စီးပွားရေးအခြေခံမူများ၊ လူမှုရေးကဏ္ဍဆိုင်ရာမှ ပြန်လည်နေရာချ ထားရေး၊ ပြန်လည်ထူထောင်ရေးနှင့် လူမှုဖွံ့ဖြိုးရေးအခြေခံမူများ၊ မြေယာနှင့်သဘာဝပတ်ဝန်းကျင် ကဏ္ဍဆိုင်ရာ မြေယာနှင့် သဘာဝ သယံဇာတ အခြေခံမူများ စသည့် စာတမ်းများတို့ကို မူရင်း အနှစ်သာရနှင့် ကျောရိုးမပျက်စေဘဲ ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ– (၂၁) ရာစု ပင်လုံသို့ တင်သွင်းသွားမည့် စာတမ်းများအဖြစ် ရရှိရန် ဆွေးနွေးခဲ့ကြပြီး သဘောတူဆုံးဖြတ်သည်။

ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံကျမှသာ ဆွေးနွေးမည့် လုံခြုံရေးကဏ္ဍဆိုင်ရာနှင့် ပတ်သက်၍လည်း ဆွေးနွေးခဲ့ကြပြီး ကရင်အမျိုးသားများ ဆက်လက်ကိုင်စွဲရမည့် စာတမ်းအဖြစ် မှတ်တမ်းတင်ခဲ့သည်။

ကရင်အမျိုးသားနိုင်ငံရေးဆွေးနွေးပွဲ လုပ်ငန်းစဉ်အဆင့်ဆင့်တို့တွင် ဆွေးနွေးရမည့် အကြောင်းအရာများ ဆွေးနွေးခဲ့ကြပြီး ကရင်အမျိုးသားနိုင်ငံရေးဆွေးနွေးပွဲ (လော်ခီးလာ) မှ ကရင်အမျိုးသား နိုင်ငံရေးဆွေးနွေးပွဲ လုပ်ငန်းစဉ်အဆင့်ဆင့်တို့တွင် ပါဝင်အထောက်အကူပြုမည့်

နည်းပညာ အထောက်အကူပြုအဖွဲ့နှင့် Facilitation Team, Documentation Team များကိုလည်း စနစ်တကျ ဖွဲ့စည်းထားရှိနိုင်ရေးကိုလည်း ဆွေးနွေးခဲ့ကြပြီး ဖွဲ့စည်းသွားကြရန် သဘောတူသည်။

၂၀၁၇ ခုနှစ် ဇန်နဝါရီလ ၁၈–၂၀ ရက်နေ့အထိ ကရင်ပြည်နယ်၊ ဘားအံမြို့၊ သီရိဘားအံတွင် ကျင်းပပြုလုပ်သည့် လူမျိုးအလိုက် ပထမအကြိမ် ကရင်အမျိုးသား နိုင်ငံရေးဆွေးနွေးပွဲမှ အတည်ပြုထားသော အဆိုပြုတင်ပြချက်များကို ကရင်အမျိုးသားနိုင်ငံရေးဆွေးနွေးပွဲ (လော်ခီးလာ) မှ ကရင်အမျိုးသား နိုင်ငံရေးဆွေးနွေးပွဲများ၏ ရှေ့လုပ်ငန်းစဉ်များတွင် အကောင်အထည်ဖော်ဆောင်ရွက် သွားရန် သဘောတူခဲ့သည်။

ကရင်အမျိုးသားတို့ လိုလားသော ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့် အပြည့်အဝရှိသည့် ဒီမိုကရေစီ ဖက်ဒရယ် ပြည်ထောင်စုတည်ဆောက်နိုင်ရေးအတွက် ကရင်လူမျိုးများ အားလုံးတို့မှ စုစုစည်းစည်းဖြင့် အခြားသော တိုင်းရင်းသား လူမျိုးများနှင့်အတူ နိုင်ငံတော်အစိုးရ၊ တပ်မတော်သားများ၊ ပါဝင်သင့်ပါဝင်ထိုက်သူများ အတူတကွပါဝင်ပြီး နိုင်ငံရေးပြဿနာကို နိုင်ငံရေးနည်းဖြင့် တွေ့ဆုံဆွေးနွေးအဖြေရှာရေး နိုင်ငံရေးယဉ်ကျေးမှုသစ်ဖြင့် သမိုင်းမော်ကွန်းရေးထိုး၍ အတူတကွ ယှဉ်တွဲနေထိုင်သည့် ဒီမိုကရေစီဖက်ဒရယ် ပြည်ထောင်စုကြီးကို တည်ဆောက်သွားကြရန် ဤကရင်အမျိုးသား နိုင်ငံရေးဆွေးနွေးပွဲ (လော်ခီးလာ) မှ တိုက်တွန်းနိုးဆော်ရင်း ထုတ်ပြန်ကြေငြာအပ်ပါသည်။

**ကျင်းပရေးကော်မတီ**
**ကရင်အမျိုးသားနိုင်ငံရေးဆွေးနွေးပွဲ**

ဆက်သွယ်ရန် –

| | | |
|---|---|---|
| ၁။ | ပဒိုစောလှထွန်း | – ၀၉၂၅၂၇၃၂၈၆၂ (မြန်မာ) ၊ ၀၉၄၀၃၅၁၈၈၀ (ထိုင်း) |
| ၂။ | ဖိုလ်မှူးကြီးစောကျော်ညွန့် | – ၀၉၂၆၀၆၈၅၃၄၅ |
| ၃။ | စောကြည်လင်း | – ၀၉၈၇၃၁၆၀၅ |
| ၄။ | ဖိုလ်မှူးကြီးစောကျော်သန်းဌေး | – ၀၉၇၉၁၅၉၆၅၅၄ |
| ၅။ | စောတာဒိုမူး | – ၀၉၉၉၁၂၁၄၆၂ (ထိုင်း) |

ပြည်ထောင်စု ငြိမ်းချမ်းရေးညီလာခံ – (၂၁)ရာစုပင်လုံ သို့တင်သွင်းသော

# ကရင်အမျိုးသားနိုင်ငံရေးဆွေးနွေးပွဲ

မှ ရရှိသည့်

# အဆိုပြုစာတမ်းများ

**ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ – (၂၁) ရာစု ပင်လုံ**
**ဒုတိယအစည်းအဝေးသို့ တင်သွင်းသော**
**အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲဆိုင်ရာ**
**လူမျိုးအလိုက်ကျင်းပသော ပထမအကြိမ် ကရင်အမျိုးသားနိုင်ငံရေးဆွေးနွေးပွဲမှ ရရှိသည့်**

# နိုင်ငံရေးကဏ္ဍ

## ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသော ပြည်ထောင်စုကို တည်ဆောက်ရာတွင် အခြေခံရမည့် လမ်းညွှန်အခြေခံမူများ အဆိုပြုစာတမ်း

**နိဒါန်း**

ပြည်ထောင်စု မြန်မာနိုင်ငံတော်သည် တိုင်းရင်းသားလူမျိုးပေါင်းစုံ စုပေါင်းနေထိုင်၍ စုပေါင်း ပိုင်ဆိုင်သည့်နိုင်ငံ ဖြစ်သည်။ သမိုင်းကြောင်းအရ တိုင်းရင်းသားများ၏ စည်းလုံးညီညွတ်မှုဖြင့် ကိုလိုနီအုပ်ချုပ်မှုအောက်မှ လွပ်လပ်ရေးရရှိရေး၊ အမျိုးသားတန်းတူရေးနှင့် ကိုယ်ပိုင်ပြဌာန်းခွင့် ရရှိရန် ရည်ရွယ်သည့် ခေတ်သစ်မြန်မာပြည်ကို ပေါ်ပေါက်ရန် ပင်လုံစာချုပ်တွင် လက်မှတ်ရေးထိုးပြီး အားလုံးပိုင်ဆိုင်သည့် လွပ်လပ်ရေးကို ၁၉၄၈ ခုနှစ်၊ ဇန်နဝါရီလ ၄ ရက်နေ့တွင် အတူတကွ ရရှိခဲ့ကြပါသည်။ လွပ်လပ်ရေးရရှိပြီး နိုင်ငံရေးအယူဝါဒကွဲလွဲမှု၊ တိုင်းရင်းသားရေးရာ အခွင့်အရေး တောင်းဆိုမှုများ ဖြစ်ပေါ်ခဲ့ပြီး၊ ထိုသဘောထားကွဲလွဲမှု၊ တောင်းဆိုမှုများကို နိုင်ငံရေးနည်းအရ တွေ့ဆုံညှိနှိုင်းခြင်းဖြင့် အဖြေမရှာနိုင်ကြသောကြောင့် ပြည်တွင်းစစ်ကြီး (သို့မဟုတ်) လက်နက်ကိုင် ပဋိပက္ခကြီး ပေါ်ပေါက်ခဲ့ပါသည်။ နိုင်ငံရေးအယူဝါဒ (သို့မဟုတ်) နိုင်ငံရေး အတွေးအခေါ်ကြောင့် ဖြစ်ပေါ်လာသော လက်နက်ကိုင်ပဋိပက္ခသည် တိုးတက်ပြောင်းလဲလာသော စီးပွားရေး၊ လူနေမှုစနစ်၊ နိုင်ငံရေးအတွေးအခေါ်များနှင့်အတူ ပြောင်းလဲအဆုံးသတ်ခဲ့သော်လည်း အမျိုးသားနိုင်ငံရေးကို အခြေခံ၍ ဖြစ်ပွားခဲ့သော ပြည်တွင်းစစ် (သို့မဟုတ်) လက်နက်ကိုင် ပဋိပက္ခများမှာမူ ယနေ့ထိတိုင် အဆုံးမသတ်နိုင်ကြသေးဘဲ ဆက်လက်ဖြစ်ပွားနေဆဲပင် ဖြစ်ပါသည်။

ပြည်တွင်းစစ်ကြီးကို အဆုံးသတ်နိုင်ရန် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများက နိုင်ငံရေးနည်းဖြင့် ငြိမ်းချမ်းစွာ တွေ့ဆုံဆွေးနွေး အဖြေရှာရေးကို တောင်းဆိုခဲ့ကြပါသည်။ သို့ရာတွင် အစိုးရအဆက်ဆက်မှ တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများ၏ တောင်းဆိုချက်များကို လက်ခံအသိအမှတ်ပြုခဲ့ခြင်း မရှိသည့်အပြင် စစ်ရေးနည်းဖြင့် တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများ၏ နိုင်ငံရေးရပ်တည်ချက်များနှင့် တောင်းဆိုချက်များကို ချုပ်ငြိမ်းသွားစေရေး အတွက်သာ ကြိုးပမ်းအားထုတ်ခဲ့ကြပါသည်။

၂၀၀၈ ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေအရ ၂၀၁၀ ပြည့်နှစ် ရွေးကောက်ပွဲမှ တက်လာသော အစိုးရလက်ထက်မှစ၍ မြန်မာနိုင်ငံ၏ လက်နက်ကိုင်ပဋိပက္ခများသည် နိုင်ငံရေးအရ ဆွေးနွေးအဖြေရှာရမည့် ပြဿနာဖြစ်သည်ဟူသော အခြေခံမူကို နိုင်ငံတော်အစိုးရနှင့် တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများက လက်ခံခဲ့ကြပြီး ငြိမ်းချမ်းစွာ အဖြေရှာနိုင်ရန်အတွက် တနိုင်ငံ

လုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA) ကို အတူတကွ ညှိနှိုင်းရေးဆွဲပြီး သဘောတူညီမှု ရယူခဲ့ကြပါသည်။ တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်း ၈ ဖွဲ့တို့သည် တနိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA) ကို လက်မှတ်ထိုးခြင်းဖြင့် မိမိတို့နိုင်ငံ၏ ရေရှည်တည်တံ့ခိုင်မြဲသော ငြိမ်းချမ်းရေး၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးနှင့် နိုင်ငံသူ နိုင်ငံသားများ၏ လူမှုဘဝ သာယာဝပြောရေးတို့အတွက် နိုင်ငံရေးယဉ်ကျေးမှု အသစ်တရပ်ကို စတင်၍ လက်တွေ့အကောင်အထည်ဖော် လုပ်ဆောင်ခဲ့ကြပါသည်။ တနည်းအားဖြင့် တနိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေး သဘောတူစာချုပ် (NCA) ပါ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော် ခြင်းဖြင့် မိမိတို့လိုလားတောင့်တလျက်ရှိသော ရေရှည်တည်တံ့ခိုင်မြဲသည့် ငြိမ်းချမ်းရေး၊ အမျိုးသား ပြန်လည်သင့်မြတ်ရေးနှင့် တိုင်းသူပြည်သားများ၏ လူမှုဘဝ သာယာဝပြောရေးအတွက် အစပျိုးခြင်း ဖြစ်ပါသည်။

### ၁။ ကရင်အမျိုးသားများ၏ နိုင်ငံရေးရည်မှန်းချက်

သမိုင်းကြောင်းအရ ခေတ်အဆက်ဆက်တွင် ကရင်လူမျိုးတို့သည် လူမျိုးရေးအရ၊ နိုင်ငံရေးအရ၊ လူမှုရေးအရ တရားသဖြင့် ရသင့်ရထိုက်သော မွေးရာပါ အမျိုးသားအခွင့်အရေးများ ဆုံးရှုံးခဲ့သည်။ ဖွံ့ဖြိုးတိုးတက်မှု နောက်ကျခဲ့သည်။ ကရင်အမျိုးသားတို့သည် အခြားသော တိုင်းရင်းသားလူမျိုးများနည်းတူ လူမျိုးတမျိုးအနေဖြင့်သော်လည်းကောင်း၊ လူသားတဦးအနေဖြင့် သော်လည်းကောင်း လွတ်လပ်စွာ ရှင်သန်ရပ်တည်ရန် ဆန္ဒရှိသည်။

ကရင်အမျိုးသားများ၏ နိုင်ငံရေးလိုလားချက်များ ဖြည့်ဆည်းပေးရန်အတွက် ကေအဲန်ယူ– ကရင်အမျိုးသားအစည်းအရုံးကို ၁၉၄၇ ခုနှစ်၊ ဖေဖော်ဝါရီလ ၅ ရက်နေ့တွင် ဖွဲ့စည်းခဲ့သည်။ နိုင်ငံရေး ရည်ရွယ်ချက်များမှာ (၁) ကရင်အမျိုးသားများ အမျိုးသားတန်းတူရေးနှင့် ကိုယ်ပိုင် ပြဋ္ဌာန်းခွင့် အခွင့်အရေးကို ရယူခံစားနိုင်ရန်၊ (၂) ကရင်အမျိုးသားများအတွက် ကိုယ်ပိုင်ပြဋ္ဌာန်း ခွင့်ရှိ၍ တရားမျှတသော အကျယ်အဝန်းရှိသည့် ကော်သူးလေ ခေါ် ကရင်ပြည် (ဝါ) ကရင်ပြည်နယ် ကို ထူထောင်ရန်၊ (၃) ဒီမိုကရေစီရေး၊ အမျိုးသားတန်းတူရေးနှင့် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ရှိသည့် ပြည်နယ်ပေါင်းစုံ ဖက်ဒရယ်ပြည်ထောင်စုတည်ဆောက်ရန်နှင့် (၄) ကရင်ပြည်နယ်နှင့် ပြည် ထောင်စုအတွင်းရှိ ကရင်အမျိုးသားများအပါအဝင် တိုင်းရင်းသားလူမျိုးအားလုံး ဒီမိုကရေစီ အခွင့် အရေးကို အပြည့်အဝ ရယူခံစားနိုင်ရန်ဟူ၍ ချမှတ်ထားပါသည်။

ကေအဲန်ယူ– ကရင်အမျိုးအစည်းအရုံးသည် နိုင်ငံရေးပြဿနာကို နိုင်ငံရေးနည်းဖြင့် ဖြေရှင်းရန် မူလကပင် သဘောထားရှိခဲ့ပြီး ယခုကဲ့သို့ တနိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေး သဘောတူစာချုပ် (Nationwide Ceasefire Agreement - NCA) အကောင်အထည် ဖော်ဆောင်မှု မှတဆင့် ဖြစ်ပေါ်လာသည့် နိုင်ငံရေးဆွေးနွေးပွဲများတွင် မိမိတို့လိုလားသော ဖက်ဒရယ် ပြည်ထောင် စု ဖြစ်ပေါ်ရေးအတွက် တဆင့်စီ တိုးတက်ဖြစ်ထွန်းမှု (Progressive Realization) သဘောတရားကို ခြေခံ၍ နိုင်ငံရေးဆွေးနွေးပွဲ ရလဒ်များနှင့်အညီ တည်ဆောက်သွားမည်ဖြစ်သည်။ လက်ရှိနိုင်ငံရေး

အခင်းအကျင်းမှ ဖက်ဒရယ်ပြည်ထောင်စုဖွဲ့စည်းရာတွင် အခြေခံရမည့် အမြင်သဘောထားများကို နိုင်ငံရေး၊ စီးပွားရေး၊ လုံခြုံရေး၊ လူမှုရေးနှင့် မြေယာ သဘာဝ ပတ်ဝန်းကျင်ဆိုင်ရာ ရှုထောင့်များမှ တင်ပြသွားမည် ဖြစ်ပါသည်။

ဤအဆိုပြုစာတမ်းသည် ကေအဲန်ယူ– ကရင်အမျိုးသားအစည်းအရုံး၊ ကေအဲန်ယူ/ ကေအဲန်အယ်လ်အေ ငြိမ်းချမ်းရေးကောင်စီ၊ ဒီမိုကရေစီအကျိုးပြု ကရင်တပ်မတော် (ဒီကေဘီအေ) မှ ကိုယ်စားလှယ်များ၊ ကရင်နိုင်ငံရေးပါတီများ၊ ဒေသအသီးသီးမှ ကရင်အမျိုးသားထု ကိုယ်စားလှယ်များ၊ ကရင်အရပ်ဖက်အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များပါဝင်သော ကဏ္ဍအလိုက် ဆွေးနွေးပွဲများမှ စုစည်းရရှိထားသော ဆန္ဒနှင့် သဘောထားအမြင်များဖြစ်သည်။ ကရင်အမျိုးသားထုတရပ်လုံး၏ နိုင်ငံရေးလိုအင်ဆန္ဒနှင့် ရည်မှန်းချက်လည်းဖြစ်သည်။

## ၂။ ရည်ရွယ်ချက်

(က) ရေရှည်တည်တံ့ခိုင်မြဲသော ငြိမ်းချမ်းရေးရရှိရေးအတွက် နိုင်ငံရေးပြဿနာကို စစ်ရေးနည်းဖြင့် မဖြေရှင်းဘဲ နိုင်ငံရေးနည်းဖြင့် ဖြေရှင်းနိုင်ရန်။

(ခ) ပြည်တွင်းငြိမ်းချမ်းရေး၊ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် တိုင်းရင်းသားလူမျိုးပေါင်းစုံ သဟဇာတရှိရှိ တန်းတူညီမျှ အတူတကွ ယှဉ်တွဲနေထိုင်နိုင်ရေး။

(ဂ) ဒီမိုကရေစီအရေး၊ အမျိုးသားတန်းတူရေးနှင့် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့် အခွင့်အရေးများ အာမခံချက် အပြည့်အဝရှိသော ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုအား နိုင်ငံရေးဆွေးနွေးပွဲရလဒ်နှင့်အညီ တည်ဆောက်သွားရန်။

(ဃ) လွတ်လပ်ခြင်း၊ တန်းတူညီမျှခြင်းနှင့် တရားမျှတခြင်းတို့ကို အခြေခံသည့် ဒီမိုကရေစီ ဖက်ဒရယ်နိုင်ငံ ထူထောင်ရန်။

## ၃။ ဖက်ဒရယ်ပြည်ထောင်စု တည်ဆောက်မှုဆိုင်ရာ အခြေခံလိုအပ်ချက်များ

နိုင်ငံတော် ဖွဲ့စည်းတည်ဆောက်မှု ပုံသဏ္ဍာန်သည် ဖွဲ့စည်းပုံအခြေခံဥပဒေတရပ်၏ အသက်သွေးကြော ဖြစ်သည်။ ဖက်ဒရယ်ပြည်ထောင်စုတွင် ပြည်ထောင်စု၏ အချုပ်အခြာ အာဏာသည် တိုင်းရင်းသားပြည်သူတရပ်လုံးထံမှ ဆင်းသက်လာစေရမည်။ ထိုအာဏာများမှ ကျင့်သုံးခွင့်ရှိသော အုပ်ချုပ်ရေးအာဏာကို ကိုင်စွဲသည့် အစိုးရအဖွဲ့ခေါင်းဆောင် (သို့မဟုတ်) နိုင်ငံတော်အကြီးအကဲသည် နိုင်ငံတော်၏ အချုပ်အခြာအာဏာ အလုံးစုံကို ကိုယ်စားပြုခြင်း၊ ပိုင်ဆိုင်ထားခြင်း မဟုတ်ဘဲ အချုပ်အခြာအာဏာ အလုံးစုံ၏ မူလပိုင်ရှင်သည် တိုင်းရင်းသား ပြည်သူလူထုများသာ ဖြစ်ရမည်။ ယင်းအချုပ်အခြာအာဏာ၏ မူလပိုင်ရှင်သည် တိုင်းရင်းသား ပြည်သူလူထုများဖြစ်သောကြောင့် မြေပေါ်မြေအောက်၊ ရေပေါ်ရေအောက် သဘာဝသယံဇာတ အားလုံး၏ မူလပိုင်ရှင်သည်လည်း တိုင်းရင်းသားပြည်သူလူထုများသာ ဖြစ်ရမည်။

တိုင်းရင်းသားလူမျိုးတိုင်းသည် လူမျိုးရေးအရနှင့် နိုင်ငံရေးအရ တန်းတူခြင်း ရရှိသာမက ဘာသာစကား၊ စာပေ၊ ယဉ်ကျေးမှု၊ ဓလေ့ထုံးတမ်း၊ ရိုးရာအစဉ်အလာအရ ရှိသင့်သော အခွင့်အရေး

အားလုံးကို ကာကွယ်မှုပေးနိုင်ရေးအတွက် ဖွဲ့စည်းပုံအခြေခံဥပဒေတွင် ပြဋ္ဌာန်းထားရန် လိုသည်။

လူမျိုးတမျိုးတည်းရှိ၍ ဘာသာစကားတမျိုးတည်းကိုသာ ပြောဆိုသုံးစွဲနေသော တိုင်းပြည်များ၌ ကျင့်သုံးလျှက်ရှိသည့် 'တပြည်ထောင်စနစ်'တွင် တိုင်းရင်းသားလူမျိုးများအပေါ် ထားရှိသော သဘောထားကို နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေ၏ အင်္ဂါရပ်တခုအဖြစ် သတ်မှတ်ပြဋ္ဌာန်းမည် မဟုတ်သော်လည်း၊ လူမျိုးပေါင်းစုံ စုပေါင်းနေထိုင်သောတိုင်းပြည်များတွင် ကျင့်သုံးလေ့ရှိသည့် 'ပြည်ထောင်စုစနစ်'တွင် ထိုအခွင့်အရေးများသည် အလွန်အရေးကြီးသော ဖွဲ့စည်းပုံ အခြေခံဥပဒေ၏ အင်္ဂါရပ်တခု ဖြစ်သည်။ ထို့ကြောင့် ဖက်ဒရယ်ပြည်ထောင်စုတွင် တိုင်းရင်းသားလူမျိုးများအားလုံး အတူတကွ ပူးပေါင်းလက်တွဲဆောင်ရွက်ရေး အခြေခံမှုဖြင့် ငြိမ်းချမ်းစွာ အတူတကွ လက်တွဲနေထိုင်နိုင်ရေးအတွက် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေတွင် ပြဋ္ဌာန်းထားမည့် တိုင်းရင်းသားလူမျိုးများအပေါ် ထားရှိသည့် သဘောထားကို အလေးအနက်ထား စဉ်းစားရန် အထူးပင် လိုအပ်ပါသည်။

ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုတွင် အဖွဲ့ဝင်ပြည်နယ်များ၏ လွှတ်တော်များသည် လုံလောက်သော ဥပဒေပြုခွင့်အာဏာများ ရှိရမည်။ ပြည်နယ်အတွင်းရှိ ကျင့်သုံးခွင့်အာဏာများ အပါအဝင်ဖြစ်သော ပညာရေး၊ ကျန်းမာရေးနှင့် ရိုးရာ၊ စာပေ၊ ယဉ်ကျေးမှုစသည့် နယ်ပယ်များတွင် လုံလောက်သော ဥပဒေပြုပိုင်ခွင့် ရှိရမည်။ အထူးသဖြင့် တိုင်းရင်းသားလူမျိုးများ၏ ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေး၊ လမ်းပန်းဆက်သွယ်ရေး စသည်တို့ ပါဝင်သော လူမှုစီးပွားရေး တိုးတက်ဖွံ့ဖြိုးရေးအတွက် စီမံဆောင်ရွက်ခွင့် အခွင့်အရေးများ ရှိရမည်။ အထက်ဖော်ပြပါ အကြောင်းအရာများတွင် တိုင်းရင်းသားလူမျိုးများ၏ ကိုယ့်ကြမ္မာ ကိုယ်ဖန်တီး ပြဋ္ဌာန်းခြင်းကို မထိမဲ့မြင်ပြုခြင်း၊ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ကို မျက်ကွယ်ပြုခြင်း၊ ချိုးဖောက်ခြင်း မရှိစေဘဲ သက်ဆိုင်ရာ လူမျိုးက ကိုယ်တိုင်စီမံဆောင်ရွက်ခွင့် ရှိရမည်။ တနည်းအားဖြင့် လူမျိုးတမျိုး၏ စာပေ၊ ယဉ်ကျေးမှုနှင့် အနုပညာများကို ပြင်ပမှ လာရောက် ဖန်တီးပေး၍မရပါ။ လွတ်လပ်သော လူမျိုးက မိမိတို့ဘဝ ရှန်းကန် ရှင်သန်မှုများနှင့်အတူ တီထွင်ဖန်တီးအပ်သော လွတ်လပ်မှု၏ အသီးအပွင့်များသာ ဖြစ်သည်။ ထို့ကြောင့် ဖက်ဒရယ်ပြည်ထောင်စုတွင် တိုင်းရင်းသားလူမျိုးများ၏ စကား၊ စာပေနှင့် ယဉ်ကျေးမှု တိုးတက်ဖွံ့ဖြိုးရေးလုပ်ငန်းများသည် ထိုတိုင်းရင်းသားလူမျိုးတို့၏ အမျိုးသားပြည်နယ်များက ပြည်နယ်ဖွဲ့စည်းပုံအခြေခံဥပဒေဖြင့် ကာကွယ်ပြဋ္ဌာန်းပြီး တိုးတက်ထွန်းကားအောင် ဆောင်ရွက်ခွင့် ရှိရမည်။

တိုင်းရင်းသားလူမျိုးပေါင်းစုံ စုပေါင်းနေထိုင်သည့် နိုင်ငံဖြစ်သည့်အလျောက် ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုတွင် ပြည်ထောင်စုအဖွဲ့ဝင်ပြည်နယ်များ ဖွဲ့စည်းရာ၌ လူမျိုးတမျိုးအဖြစ်ရှိသင့်သော ပြည်နယ်ဖွဲ့စည်းရန် ချန်လှပ်ထားခြင်း၊ နိုင်ငံရေးအရ၊ လူမျိုးရေးအရ အဆင့်အတန်းခွဲခြားထားခြင်း၊ ပြည်ထောင်စုအဖွဲ့ဝင် ပြည်နယ်များအား ခြားနားသော အမည်နာမများဖြင့် ကင်ပွန်းတပ်ခြင်းစသည့် ခွဲခြားဆက်ဆံမှုများ မရှိစေဘဲ အဆင့်အတန်း တန်းတူညီမျှမှုကို အခြေခံသော ပြည်နယ်အမည်နာမများ အားလုံးဖြင့် စုစည်းဖွဲ့စည်းသော ဖက်ဒရယ်ပြည်ထောင်စု ဖြစ်ရမည်။

အဖွဲ့ဝင်ပြည်နယ်များကို နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးနှင့် ယဉ်ကျေးမှုနယ်ပယ်များတွင် ကိုယ်ပိုင်ပြဌာန်းခွင့် အပြည့်အဝ အပ်နှင်းစေရမည်။ နိုင်ငံရေးအရ ကိုယ်ပိုင်ပြဌာန်းခွင့် အပ်နှင်းခြင်း ဟုဆိုရာ၌ နိုင်ငံရေးအာဏာ ၃ ရပ်ဖြစ်သော ဥပဒေပြုရေးအာဏာ၊ အုပ်ချုပ်ရေးအာဏာနှင့် တရားစီရင်ရေးအာဏာများကို ပြည်နယ်များက ကျင့်သုံးခွင့် အပြည့်အဝ ပေးအပ်ထားပြီး၊ ထိုအာဏာများကို ကျင့်သုံးနိုင်ရန်အတွက် ပြည်နယ်လွှတ်တော်၊ ပြည်နယ်အစိုးရနှင့် ပြည်နယ်တရားရုံးချုပ်များကိုလည်း ဖွဲ့စည်းခွင့် ရှိရမည်။ ထို့အပြင် ထိုအာဏာ ၃ ရပ်အား မည်သို့မည်ပုံ ကျင့်သုံးရမည်၊ မည်သည့် ဥပဒေများကို ရေးဆွဲပြဌာန်းခွင့်ရှိသည်၊ အစရှိသည်တို့ကို အာမခံချက်ပေးထားသည့် 'ပြည်နယ်ဖွဲ့စည်းပုံအခြေခံဥပဒေ' များကို ဖက်ဒရယ်ပြည်ထောင်စု အဖွဲ့ဝင် ပြည်နယ်တိုင်းက သီးခြားလွတ်လပ်စွာ ရေးဆွဲပြဌာန်းခွင့်ရှိရမည်။ ပြည်နယ်များ၏ ကိုယ်ပိုင်ပြဌာန်းခွင့် အဓိက အနှစ်သာရမှာ ပြည်နယ်ဖွဲ့စည်းပုံ အခြေခံဥပဒေပင် ဖြစ်သောကြောင့် ပြည်နယ်ဖွဲ့စည်းပုံအခြေခံဥပဒေ မရှိမဖြစ် ရေးဆွဲပြဌာန်းရန် အထူးပင်လိုအပ်သည်။

ဒီမိုကရေစီ ဖက်ဒရယ်ပြည်ထောင်စုတွင် နိုင်ငံသားများ၏ မူလအခွင့်အရေးများဖြစ်သော လွတ်လပ်စွာ စည်းရုံးပိုင်ခွင့်၊ အသင်းအဖွဲ့များ ဖွဲ့စည်းပိုင်ခွင့်၊ ထုတ်ဖော်ပြောဆို ရေးသား ထုတ်ဝေပိုင်ခွင့်၊ စီတန်းလှည့်လည် စုရုံးတင်ပြခွင့်၊ ကိုးကွယ်ယုံကြည်ပိုင်ခွင့်၊ မိမိချစ်ခင်မြတ်နိုးသော စာပေ၊ ယဉ်ကျေးမှုများအား လွတ်လပ်စွာ ထိန်းသိမ်းမြှင့်တင်ပိုင်ခွင့်စသည့် လူ့အခွင့်အရေးရပိုင်ခွင့်များအား တိကျစွာ အာမခံရန်လိုသည်။ ထို့ကြောင့် နိုင်ငံသားများ၏ မူလအခွင့်အရေးများနှင့် အခြားအခြေခံ အခွင့်အရေးများကို ဖွဲ့စည်းပုံအခြေခံဥပဒေတွင် အာမခံချက် အပြည့်အဝပေးထားရန် လိုအပ်ပါသည်။ ထို့အပြင် အမျိုးသမီးများအား ခွဲခြားဆက်ဆံမှုမရှိစေဘဲ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးနှင့် ယဉ်ကျေးမှု နယ်ပယ်အသီးသီးတွင် ပါဝင်ဆောင်ရွက်ခွင့် အခွင့်အရေးများ အပြည့်အဝ ရှိစေရမည်။ ကလေးသူငယ်များ၏ အခွင့်အရေးများကိုလည်း ကာကွယ်မြှင့်တင်ပေးရမည်။

ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုတွင် ပြည်ထောင်စုအစိုးရနှင့် ပြည်နယ်အစိုးရများအကြား တရားမျှတသော အာဏာခွဲဝေသုံးစွဲခြင်း (Division of Powers) စနစ် ရှိရမည်။ အာဏာခွဲဝေသုံးစွဲခြင်းနှင့်စပ်လျဉ်း၍ ပြည်ထောင်စုလွှတ်တော်၏ ဥပဒေပြုပိုင်ခွင့်အညွှန်းနှင့် ပြည်နယ်လွှတ်တော်များ၏ ဥပဒေပြုပိုင်ခွင့်အာဏာ အညွှန်းတို့သည် အဓိပ္ပါယ်ပြည့်ဝသော ဖက်ဒရယ်ပြည်ထောင်စုကြီး ထူထောင်မှုဆိုင်ရာတွင် ပြည်ထောင်စုအဖွဲ့ဝင် ပြည်နယ်များ ကျင့်သုံးခွင့်ရှိသော အာဏာများ အပြည့်အဝ အပ်နှင်းခြင်းအားဖြင့် ဗဟိုချုပ်ကိုင်မှု ကြိုးနီစနစ် အနည်းငယ် ဖြေလျော့ထားသော တပြည်ထောင်စနစ် (Decentralized Unitary) ထက် ဗဟိုချုပ်ကိုင်ခွင့်မရှိသော အာဏာများအား ပြည်နယ်များတွင် အပြည့်အဝ ကျင့်သုံးစေသည့် ဖက်ဒရယ်စနစ် (Non-Centralized Power Federalism) အဖြစ် ရေးဆွဲပြဌာန်း တည်ဆောက်ရမည်။ ထို့အပြင် ပြည်ထောင်စုလွှတ်တော်နှင့် ပြည်နယ်လွှတ်တော်များအကြား ထပ်တူ ဥပဒေပြုနိုင်သော 'ထပ်တူ ဥပဒေပြုအာဏာ (Concurrent Power)' အညွှန်းဇယားကိုလည်း ထားရှိပြီး ထိုပြည်ထောင်စုနှင့် ပြည်နယ်များအကြား ဥပဒေပြုအာဏာရပ်များနှင့် စပ်လျဉ်း၍ ဆန့်ကျင်ကွဲလွဲခြင်း (Contradiction) သို့မဟုတ် အငြင်းပွားခြင်း (Controversy)များ ဖြစ်ပေါ်လာပါက မည်သို့မည်ပုံ ညှိနှိုင်းဖြေရှင်းမည့် နည်းလမ်း

(Mechanism) ကိုလည်း ယင်းဖွဲ့စည်းပုံအခြေခံဥပဒေတွင် အတိအလင်း ပြဋ္ဌာန်းခြင်း ရှိစေရမည်။

ပြည်ထောင်စုလွှတ်တော်နှင့် ပြည်နယ်လွှတ်တော်များကို အပ်နှင်းပြီးဖြစ်သော ဥပဒေပြုခွင့်အာဏာများမှလွဲ၍ ကျန်အခြားကိစ္စရပ်များသည် ပြည်နယ်များနှင့်သာ တိုက်ရိုက်သက်ဆိုင်သည်။ တနည်းအားဖြင့် ပြဋ္ဌာန်းထားသော ပြည်ထောင်စုဥပဒေပြုအာဏာအညွှန်းနှင့် ပြည်နယ်ဥပဒေပြုအာဏာအညွှန်းများတွင် မပါရှိသေးသည့် 'ကြွင်းကျန်သော အာဏာ (Residual Powers)' များသည် ပြည်နယ်များသို့ အပ်နှင်းစေရမည်။

ဖက်ဒရယ်ပြည်ထောင်စုလွှတ်တော်ကို လွှတ်တော် ၂ ရပ်ဖြင့် ဖွဲ့စည်းပြီး ယင်းလွှတ်တော် ၂ ရပ်အား တန်းတူအာဏာနှင့် အပြန်အလှန်ထိန်းညှိမှုဖြင့် ဖွဲ့စည်းရမည်။ အမျိုးသားလွှတ်တော်ကို ပြည်နယ်များ အသီးသီးတို့၏ ရွေးကောက်ပွဲများမှတဆင့် ရွေးချယ်တင်မြှောက်သော ကိုယ်စားလှယ်များဖြင့် ဦးရေတူ စေလွှတ်ဖွဲ့စည်းရမည်။ အမျိုးသားလွှတ်တော်ကို ပြည်ထောင်စုအဖွဲ့ဝင် ပြည်နယ်များအား အကာအကွယ်ပေးခြင်းနှင့် ပြည်နယ်ရေးရာနှင့် ပတ်သက်သော သီးခြားဥပဒေပြုခွင့်အာဏာ အပ်နှင်းထားခြင်း ရှိစေရမည်။ ပြည်သူ့လွှတ်တော်ကို အထွေထွေရွေးကောက်ပွဲမှ အနိုင်ရကိုယ်စားလှယ်များဖြင့် အချိုးကျ ဖွဲ့စည်းစေရမည်။ အမျိုးသားလွှတ်တော်သည် ပါလီမန်စနစ်ကို ကျင့်သုံး၍ ပြည်နယ်အသီးသီးမှ တဦးစီ စေလွှတ်သော သမ္မတလောင်းများအထဲမှ တဦးကို နိုင်ငံတော်သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ရမည်။ လွတ်လပ်သော တရားစီရင်ရေးစနစ် ကျင့်သုံးကာ ဝန်ကြီးချုပ်မှ တရားသူကြီးချုပ်နှင့် တရားသူကြီးများကို အမည်စာရင်း တင်သွင်းကာ အမျိုးသားလွှတ်တော်၏ အတည်ပြုချက်ဖြင့် သမ္မတခန့်အပ်မှု ဖြစ်စေရမည်။

## ၄။ ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသောပြည်ထောင်စုကိုတည်ဆောက်ရာတွင်အခြေခံရမည့်လမ်းညွှန်အခြေခံမူများ။

နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေတရပ် ရေးဆွဲပြဋ္ဌာန်းရာတွင် အရေးကြီးသော ဂုဏ်အင်္ဂါရပ်တခုမှာ ထိုဖွဲ့စည်းပုံအခြေခံဥပဒေ၏ 'အခြေခံမူများ' ပင်ဖြစ်ပါသည်။ ထို အခြေခံမူများ ကောင်းမွန်မှန်ကန်ပါမှ မိမိတို့လိုလားသော ရေရှည်တည်တံ့ခိုင်မြဲပြီး ဖွံ့ဖြိုးတိုးတက်သော တိုင်းပြည်တခုကို တည်ဆောက်နိုင်မည် ဖြစ်သည်။

မြန်မာနိုင်ငံအား ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုနိုင်ငံအဖြစ် ထူထောင်နိုင်ရန်အတွက် ဖွဲ့စည်းပုံ အခြေခံဥပဒေ ရေးဆွဲရာတွင် အောက်ဖော်ပြပါ လမ်းညွှန်အခြေခံမူများအား ချမှတ်ရန် လိုအပ်ပါသည်။

(၁) အချုပ်အခြာအာဏာ (Sovereign Power)

နိုင်ငံတော်၏ အချုပ်အခြာအာဏာဟူသမျှတို့သည် ပြည်သူလူထုထံမှ ဆင်းသက်လာစေရမည်။

(က) အချုပ်အခြာအာဏာ၏ ရေသောက်မြစ် ၃ သွယ်ဖြစ်သော ဥပဒေပြုရေး အာဏာ၊ အုပ်ချုပ်ရေးအာဏာနှင့် တရားစီရင်ရေးအာဏာများကို သီးခြားစီ ကျင့်သုံးခြင်း

(Separation of Power) ရှိစေရမည်။

(ခ) ပြည်ထောင်စုအချုပ်အခြာအာဏာ၏ မူလပိုင်ရှင်ဖြစ်သော ပြည်သူလူထု အနေဖြင့် အဆိုတင်သွင်းပိုင်ခွင့် (Initiative) နှင့် ဆန္ဒခံယူခွင့်အာဏာ (Referendum Power) များကို မိမိတို့လက်ထဲတွင် ထားရှိကျင့်သုံးခွင့် ရှိစေရမည်။

(၂) အမျိုးသားတန်းတူရေး (Equality)

တိုင်းရင်းသားလူမျိုးတိုင်းသည် နိုင်ငံရေးအရဖြစ်စေ၊ လူမျိုးရေးအရဖြစ်စေ၊ အမျိုးသားတန်းတူရေး၊ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်နှင့် ဆုံးဖြတ်ပိုင်ခွင့် အပြည့်အဝ ရှိစေရမည်။

(က) ပြည်ထောင်စုအဖွဲ့ဝင် အမျိုးသားပြည်နယ်များနှင့် အမျိုးသားများ ပြည်နယ်များကို နိုင်ငံရေးအာဏာများဖြစ်သော ဥပဒေပြုရေးအာဏာ၊ အုပ်ချုပ်ရေးအာဏာနှင့် တရားစီရင်ရေးအာဏာများ တန်းတူရည်တူ အပ်နှင်းထားရှိစေရမည်။

(ခ) ဘာသာစကား၊ စာပေ၊ ယဉ်ကျေးမှု၊ ဓလေ့ထုံးတမ်း၊ ရိုးရာထုံးတမ်း အစဉ်အလာအရ ရှိသင့်သော အခွင့်အရေးအားလုံးကို ကာကွယ်ပေးရမည်။ နိုင်ငံရေးအရ တန်းတူရေးကို လူမျိုးတိုင်း ခံစားခွင့်ရှိသည်။ နိုင်ငံရေးအာဏာ ၃ ရပ်စလုံးကို လူမျိုးတိုင်းက ခံစားခွင့်ရှိရမည်။

(၃) ကိုယ်ပိုင်ပြဋ္ဌာန်းခွင့် (Self-Determination)

တိုင်းရင်းသားလူမျိုးတိုင်းသည် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးနှင့် ယဉ်ကျေးမှု စသည့် ကဏ္ဍအသီးသီးတွင် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့် အပြည့်အဝရှိစေရမည်။

(က) တိုင်းရင်းသားလူမျိုးတိုင်းသည် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးနှင့် ယဉ်ကျေးမှု နယ်ပယ်များတွင် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့် အပြည့်အဝရှိသောကြောင့် မိမိတို့၏ နိုင်ငံရေးကံကြမ္မာကို မိမိတို့ကိုယ်တိုင် လွတ်လပ်စွာ ဆုံးဖြတ်ပိုင်ခွင့်ရှိရမည်။

(ခ) ပြည်ထောင်စုအဖွဲ့ဝင် အမျိုးသားပြည်နယ်များနှင့် အမျိုးသားများ ပြည်နယ်များသည် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့် အပြည့်အဝရှိရမည်ဖြစ်သောကြောင့် နိုင်ငံရေးအာဏာ ၃ ရပ်ဖြစ်သော ဥပဒေပြုရေးအာဏာ၊ အုပ်ချုပ်ရေးအာဏာနှင့် တရားစီရင်ရေးအာဏာများကို လွတ်လပ်စွာ ကျင့်သုံးခွင့် ရှိစေရမည်။

(ဂ) တိုင်းရင်းသားလူမျိုးများ၏ မွေးရာပါအခွင့်အရေးအဖြစ် ပိုင်ဆိုင်ထားသော ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ကို မည်သည့်အခြေအနေတွင်မှ ရပ်သိမ်းဟန့်တားခြင်း မရှိစေရ။

(၄) ဖက်ဒရယ် ပြည်ထောင်စုမူ (Federal Principles)

ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်အပြည့်အဝရှိသော ပြည်နယ်များနှင့်ဖွဲ့စည်းသည့် ဖက်ဒရယ် ပြည်ထောင်စု ဖြစ်ရမည်။ ပြည်ထောင်စုလွှတ်တော်တွင် လွှတ်တော်နှစ်ရပ် ထားရှိရမည်။

(က) ဖက်ဒရယ်ပြည်ထောင်စုကို ကိုယ်ပိုင်ပြဋ္ဌာန်းခွင့် အပြည့်အဝရှိ၍ တန်းတူညီမျှသော

နိုင်ငံရေးအာဏာများကို အပ်နှင်းခြင်းခံရသည့် အမျိုးသား ပြည်နယ်များနှင့် အမျိုးသားများ ပြည်နယ်များကို အခြေခံ၍ ဖွဲ့စည်းရမည်။

(ခ) ပြည်ထောင်စုအဖွဲ့ဝင် အမျိုးသားပြည်နယ်များနှင့် အမျိုးသားများ ပြည်နယ်များကို ဥပဒေပြုရေးအာဏာ၊ အုပ်ချုပ်ရေးအာဏာနှင့် တရားစီရင်ရေး အာဏာတည်းဟူသော နိုင်ငံရေးအာဏာ ၃ ရပ်စလုံးကို အပြည့်အဝ အပ်နှင်းစေရမည့်အပြင် ထိုနိုင်ငံရေး အချုပ်အခြာအာဏာ ၃ ရပ်စလုံးကို ကျင့်သုံးသည့် ပြည်နယ်လွှတ်တော်၊ ပြည်နယ် အစိုးရနှင့် ပြည်နယ်တရားရုံးချုပ်တို့ကို လွတ်လပ်စွာ ထူထောင်ခွင့် ရှိစေရမည်။

(ဂ) ပြည်နယ်ဖွဲ့စည်းပုံအခြေခံဥပဒေများကို ပြည်ထောင်စုဖွဲ့စည်းပုံ အခြေခံဥပဒေနှင့် မဆန့်ကျင်စေဘဲ လွတ်လပ်စွာရေးသားပြဋ္ဌာန်းခွင့် ရှိစေရမည်။ ဖက်ဒရယ်ပြည်ထောင်စု အစိုးရနှင့် ဖက်ဒရယ်ပြည်ထောင်စုအဖွဲ့ဝင် ပြည်နယ်များအကြား ဖွဲ့စည်းပုံ အခြေခံဥပဒေနှင့်အညီ အာဏာများကို ခွဲဝေကျင့်သုံးခြင်း (Division of Power) ရှိရမည်။

(ဃ) ဖက်ဒရယ်ပြည်ထောင်စုကို တန်းတူသော ပြည်နယ်များ ပူးပေါင်း၍ ဖွဲ့စည်းထားသောအခါ ပြည်ထောင်စုလွှတ်တော်တွင် အမျိုးသားလွှတ်တော် (အထက်လွှတ်တော်) နှင့် ပြည်သူ့လွှတ်တော် (အောက်လွှတ်တော်) ဟူ၍ လွှတ်တော် ၂ ရပ် ထားရှိရမည်။ ထိုလွှတ်တော် ၂ ရပ်သည် အာဏာတူရမည်။

(င) အမျိုးသားပြည်နယ်များနှင့် အမျိုးသားများပြည်နယ်များက စုပေါင်း ကျင့်သုံးရန် ပြည်ထောင်စုလွှတ်တော်သို့ အပ်နှင်းထားသည့် ပြည်ထောင်စု ကာကွယ်ရေး၊ နိုင်ငံခြားဆက်သွယ်ရေး၊ ငွေစက္ကူ ငွေဒင်္ဂါးထုတ်လုပ်ရေးနှင့် ပြည်ထောင်စုလမ်းပန်းဆက်သွယ်ရေးစသော အာဏာများမှအပ ကြွင်းကျန်သောအာဏာ (Residual Power) များကို အမျိုးသားပြည်နယ်များနှင့် အမျိုးသားများပြည်နယ်များတွင် အပ်နှင်းထားစေရမည်။

(စ) ပြည်နယ်များသည် ပြည်ထောင်စုအစိုးရမှ ကောက်ခံရရှိထားသော အခွန်ငွေများ၊ ဖွံ့ဖြိုးရေးစီမံကိန်းများနှင့် အခြားအရင်းအမြစ်များကို မျှဝေ ခံစားခွင့်ရှိစေရမည်။ ထိုနည်းတူ ပြည်နယ်အချင်းချင်းကြား ခွဲဝေသုံးစွဲခွင့်ကိုလည်း ဥပဒေနှင့်အညီ ဆောင်ရွက်ရမည်။

(ဆ) ပြည်ထောင်စုအစိုးရနှင့် ပြည်နယ်အစိုးရများကြားတွင် သော်လည်းကောင်း၊ ပြည်နယ်အစိုးရ အချင်းချင်းကြားတွင်သော်လည်းကောင်း၊ ပေါ်ပေါက်လာသော အငြင်းပွားမှုများကို သီးခြားလွတ်လပ်သော ပြည်ထောင်စု အခြေခံဥပဒေဆိုင်ရာ ခုံရုံးမှ ဖြေရှင်းဆောင်ရွက်ရမည်။

(၅) တိုင်းရင်းသားလူနည်းစုများ၏ အခွင့်အရေးများကို ကာကွယ်ခြင်း (Ethnic Minority Rights)

ပြည်ထောင်စုအဖွဲ့ဝင် ပြည်နယ်များအတွင်း နေထိုင်ကြသော တိုင်းရင်းသား လူနည်းစုများ၏ အခွင့်အရေးအား ဖွဲ့စည်းပုံအခြေခံဥပဒေတွင် အတိအလင်း ကာကွယ်ပြဋ္ဌာန်းပေးရမည်။

(က) ပြည်ထောင်စုအဖွဲ့ဝင် ပြည်နယ်များအတွင်းရှိ တိုင်းရင်းသား လူနည်းစုများ၏ အခွင့်အရေးများကို အပြည့်အဝ ကာကွယ်ပေးနိုင်ရန်အတွက် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသများ (Autonomous Regions) နှင့် အမျိုးသား နယ်မြေများ (National Areas) ကို ဥပဒေနှင့်အညီ သတ်မှတ်ပြဋ္ဌာန်းစေရမည်။

(ခ) တိုင်းရင်းသားလူနည်းစုများက မိမိတို့၏ယဉ်ကျေးမှု၊ ဘာသာစကားနှင့် အမျိုးသားရေး လက္ခဏာများကို ထိန်းသိမ်း၊ ကာကွယ်၊ မြှင့်တင်ခွင့် ရှိစေရမည်။ ထို့အပြင် နိုင်ငံရေး၊ စီးပွားရေးနှင့် လူမှုရေးစသည်တို့ တိုးတက်ဖွံ့ဖြိုးစေရန် ဆောင်ရွက်ခွင့် အာဏာများကိုလည်း အပြည့်အဝအပ်နှင်းထားရမည်။

(၆) ဒီမိုကရေစီအခွင့်အရေး၊ အခြေခံလူ့အခွင့်အရေးနှင့် ကျား/မ ဆိုင်ရာ တန်းတူညီမျှမှု (Democracy, Human Rights and Gender Equality)

ဘာသာရေးအယူဝါဒ၊ အသားအရောင်၊ လိင်ကွဲပြားမှုကို အခြေခံသော ခွဲခြားဆက်ဆံခြင်း မရှိစေဘဲ အခြေခံလူ့အခွင့်အရေးနှင့် ဒီမိုကရေစီအခွင့်အရေးတို့ကို ကာကွယ်ပြဋ္ဌာန်းပေးရမည်။

(က) ပြည်ထောင်စုနိုင်ငံသားအဖြစ် ခံယူထားသော နိုင်ငံသားတိုင်းသည် နိုင်ငံသားများ၏ အခြေခံအခွင့်အရေး (Citizen Rights) များကို အပြည့်အဝ ခံစားခွင့် ရှိစေရမည်။

(ခ) နိုင်ငံသားတိုင်း၏ မွေးရာပါရပိုင်ခွင့်ဖြစ်သော အခြေခံလူ့အခွင့်အရေးများကို မည်သည့်အခြေအနေအောက်တွင်မှ ရုပ်သိမ်းခွင့် မရှိစေရ။

(ဂ) ကျား/မဆိုင်ရာ လိင်ကွဲပြားမှုကို အခြေခံသော ခွဲခြားဆက်ဆံမှုများကို လုံးဝပိတ်ပင်ဟန့်တားထားရမည်။

(၇) ဘာသာရေးကို အခြေမခံသောနိုင်ငံ (Secular State)

ဘာသာရေးကို အခြေမခံသောနိုင်ငံ ဖြစ်ရမည်။

(က) နိုင်ငံရေးနှင့် ဘာသာရေး ရောယှက်ခြင်းမရှိစေဘဲ၊ ဘာသာရေးကို အခြေမခံသော နိုင်ငံ ဖြစ်စေရမည်။

(ခ) လွတ်လပ်စွာ ယုံကြည်ကိုးကွယ်ခွင့်မူအရ နိုင်ငံသားတိုင်းသည် မိမိ နှစ်သက်ရာ ဘာသာအယူဝါဒကို ကိုးကွယ်ခွင့်ရှိစေရမည်။

(ဂ) ပြည်ထောင်စုလွှတ်တော်သည် မည်သည့် ဘာသာတရားတော်ကိုမျှ နိုင်ငံတော်ဘာသာအဖြစ် ပြဋ္ဌာန်းခြင်း မပြုရ။

(၈) ပါတီစုံ ဒီမိုကရေစီ (Multi-Party Democracy System)

ပြည်ထောင်စုမြန်မာနိုင်ငံတွင် ပါတီစုံဒီမိုကရေစီစနစ်ကို ကျင့်သုံးစေရမည်။

(က) လူမျိုးပေါင်းစုံ စုပေါင်းနေထိုင်၍ လူမျိုးပေါင်းစုံက စုပေါင်းပိုင်ဆိုင်ထားသော ဖက်ဒရယ်ပြည်ထောင်စုတွင် ပါတီစုံဒီမိုကရေစီစနစ်ကို ကျင့်သုံးစေရမည်။

(ခ) ပြည်ထောင်စုတွင် တပါတီအာဏာရှင်စနစ် လုံးဝမပေါ်ပေါက်စေရန် ဥပဒေဖြင့် ဟန့်တားကာကွယ်ရမည်။

(ဂ) နိုင်ငံရေးပါတီများ ဖွဲ့စည်းတည်ဆောက်ခြင်းဆိုင်ရာ ဥပဒေကို ပြည်ထောင်စု လွှတ်တော်က သီးခြားပြဋ္ဌာန်းပေးရမည်။

## ၅။ ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုနိုင်ငံ ထူထောင်မှုဆိုင်ရာတွင် ပါဝင်ရမည့် အခြေခံ အချက်များ

အထက်ဖော်ပြပါ အခြေခံမူများအား အခြေခံ၍ ဖက်ဒရယ်ပြည်ထောင်စုနိုင်ငံ ထူထောင်မှု ဆိုင်ရာတွင် ရေးဆွဲပြဋ္ဌာန်းရမည့် ဖွဲ့စည်းပုံအခြေခံဥပဒေတွင် ပါဝင်ရမည့် အခြေခံ အချက်အလက်များမှာ –

(၁) ဖက်ဒရယ်ပြည်ထောင်စု၏ ဝိသေသလက္ခဏာများ

(၂) အခွင့်အရေးများ၊ ရပိုင်ခွင့်နှင့်တာဝန်များ

(၃) ဖက်ဒရယ်ပြည်ထောင်စု အဖွဲ့ဝင်ပြည်နယ်များ

(၄) ဖက်ဒရယ်ပြည်ထောင်စုလွှတ်တော် (အမျိုးသားလွှတ်တော်နှင့် ပြည်သူ့လွှတ်တော်)

(၅) ဖက်ဒရယ်ပြည်ထောင်စု ဥပဒေပြုခြင်း

(၆) ဖက်ဒရယ်ပြည်ထောင်စု သမ္မတ

(၇) ဖက်ဒရယ်ပြည်ထောင်စု အစိုးရ

(၈) ဖက်ဒရယ်ပြည်ထောင်စု တရားစီရင်ရေး

(၉) နိုင်ငံသားဖြစ်ခြင်း

(၁၀) ဖက်ဒရယ်ပြည်ထောင်စု ကာကွယ်ရေးနှင့်လုံခြုံရေး

(၁၁) အရေးပေါ်အခြေအနေ

(၁၂) ရွေးကောက်ပွဲဆိုင်ရာစနစ်

(၁၃) လွတ်လပ်သော ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေဆိုင်ရာခုံရုံး

(၁၄) အထွေထွေ ပြဋ္ဌာန်းချက်များ

(၁၅) အသွင်ကူးပြောင်းရေးကာလဆိုင်ရာ ပြဋ္ဌာန်းချက်များ

(၁၆) ဖွဲ့စည်းပုံအခြေခံဥပဒေ ပြင်ဆင်ခြင်း စသည်တို့ဖြစ်သည်။

## ၆။ ပြည်နယ်ဖွဲ့စည်းပုံ အခြေခံဥပဒေ ရေးဆွဲခြင်းဆိုင်ရာ အခြေခံမူ

ဒီမိုကရေစီ ဖက်ဒရယ် ပြည်ထောင်စုနိုင်ငံအဖြစ် ထူထောင်ရန်အတွက် ရေးဆွဲပြဋ္ဌာန်း

ထားရမည့် ပြည်ထောင်စုအဖွဲ့ဝင် ပြည်နယ်များ ဖွဲ့စည်းပုံအခြေခံဥပဒေတွင် အောက်ဖော်ပြပါ လမ်းညွှန်အခြေခံမှုများအား ချမှတ်ရန် လိုအပ်ပါသည်။

(၁) ပြည်ထောင်စုအဖွဲ့ဝင် ပြည်နယ်များ၏ ဖွဲ့စည်းပုံ အခြေခံဥပဒေများသည် ပြည်ထောင်စု ဖွဲ့စည်းပုံ အခြေခံဥပဒေများကို ဆန့်ကျင်ခြင်း မရှိစေရ။ အလားတူ ပြည်ထောင်စု အခြေခံ ဥပဒေများသည်လည်း ပြည်နယ်များ၏ အခြေခံ လိုအပ်ချက်များကို အခြေပြု၍ ရေးဆွဲရ မည်။ ဆန့်ကျင်မှုရှိလာပါက လွတ်လပ်သော ပြည်ထောင်စု ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံးမှ ဖွဲ့စည်းပုံဆိုင်ရာ အငြင်းပွားမှုများကို ပြည်နယ်လူထု၏ သဘောဆန္ဒနှင့်အညီ ကိုင်တွယ် ဖြေရှင်းပေးရမည်။

(၂) ပြည်ထောင်စုအဖွဲ့ဝင် ပြည်နယ်များကို ပြည်နယ်အတွင်း ကျင့်သုံးမည့် ဖွဲ့စည်းပုံ အခြေခံ ဥပဒေများကို ကိုယ်ပိုင်ရေးဆွဲပြဋ္ဌာန်းခွင့်နှင့် ကျင့်သုံးခွင့် ရှိရမည်။ Internal Self-Determination ကို ဆိုလိုသည်။

(၃) ပြည်ထောင်စုအဖွဲ့ဝင် ပြည်နယ်များသည် မိမိပြည်နယ်နှင့် ကိုက်ညီသည့် ဥပဒေ ပြုရေး၊ အုပ်ချုပ်ရေး၊ တရားစီရင်ရေးအာဏာ၊ ကာကွယ်ရေးနှင့် လုံခြုံရေးဆိုင်ရာ ကဏ္ဍများကို အပြည့်အဝ ကျင့်သုံးနိုင်ရေးအတွက် အာမခံချက် ရှိရမည်။

(၄) ပြည်ထောင်စုအဖွဲ့ဝင် ပြည်နယ်များကို ဖွဲ့စည်းနိုင်သော လူမျိုးများနှင့် ထိုပြည်နယ်များ အတွင်းရှိ တိုင်းရင်းသားလူမျိုးများကို လူမျိုးအလိုက် ခံစားသင့်ခံစားထိုက်သော အခွင့်အ ရေးများဖြစ်သည့် စာပေ၊ ယဉ်ကျေးမှု၊ ရိုးရာဓလေ့ထုံးတမ်းဆိုင်ရာနှင့် သမိုင်းအမွေအနှစ်များ ဆိုင်ရာ လက္ခဏာများကို ဖော်ထုတ်၊ ထိန်းသိမ်း၊ ကာကွယ်၊ မြှင့်တင်ခြင်း အခွင့်အာဏာများ အပြည့်အဝ ရရှိစေရမည်။

(၅) ပြည်ထောင်စုအဖွဲ့ဝင် ပြည်နယ်များကို မြေယာနှင့် သဘာဝအရင်းအမြစ် ပိုင်ဆိုင်ခွင့်၊ ထုတ်ယူသုံးစွဲခွင့်၊ စီမံခန့်ခွဲခွင့်နှင့် ထိန်းသိမ်းကာကွယ်ခွင့်ဆိုင်ရာ လုံလောက်သော အခွင့် အာဏာများကို အပ်နှင်းရမည်။

(၆) ပြည်ထောင်စုအဖွဲ့ဝင် ပြည်နယ်များသည် မိမိပြည်နယ်၏ ဘဏ္ဍာရေးစီမံခန့်ခွဲခွင့်၊ ရသုံး ခန့်မှန်းခြေရေးဆွဲခွင့်၊ ပြည်နယ်အတွင်း အခွန်ကောက်ခံခွင့်နှင့် စီမံခန့်ခွဲပိုင်ခွင့် ဆိုင်ရာ အာဏာများကို အပြည့်အဝ ရရှိစေရမည်။

(၇) ပြည်ထောင်စုအဖွဲ့ဝင် ပြည်နယ်များကို ပညာရေး၊ ကျန်းမာရေးနှင့် လူမှုရေးကဏ္ဍများတွင် လုံလောက်သော လုပ်ပိုင်ခွင့်အာဏာများကို အပြည့်အဝ ရရှိစေရမည်။

(၈) ပြည်ထောင်စု (သို့မဟုတ်) ပြည်နယ်အစိုးရ၏ ဥပဒေပြုမှုများ၊ ဘဏ္ဍာငွေကြေးဆိုင်ရာ ကိစ္စရပ်မျိုး၊ စီးပွားရေးစီမံကိန်းဆိုင်ရာ ကိစ္စရပ်များကို တာဝန်ယူမှု တာဝန်ခံမှုနှင့် ပွင့်လင်းမြင်သာမှုရှိစွာ ဆောင်ရွက်ရမည်။

## ၇။ ပြည်နယ်ဖွဲ့စည်းပုံအခြေခံဥပဒေ ရေးဆွဲရာတွင် ပါဝင်ရမည့်အခြေခံအချက်များ

အထက်ဖော်ပြပါ ပြည်နယ်အခြေခံမှုများအား အခြေခံ၍ ရေးဆွဲပြဋ္ဌာန်းရမည့် ဖက်ဒရယ်

ပြည်ထောင်စုအဖွဲ့ဝင်ပြည်နယ်များ ဖွဲ့စည်းပုံအခြေခံဥပဒေတွင် ပါဝင်ရမည့် အခြေခံ အချက်အလက်များမှာ –

(၁) အခြေခံအခွင့်အရေးများ
(၂) ဥပဒေပြုရေး
(၃) အုပ်ချုပ်ရေး
(၄) တရားစီရင်ရေး
(၅) အထွေထွေအုပ်ချုပ်ရေး
(၆) ပြည်နယ်လုံခြုံရေးနှင့် ကာကွယ်ရေး
(၇) သဘာဝအရင်းအမြစ်နှင့် ဘဏ္ဍာငွေစီမံခန့်ခွဲခြင်း
(၈) ဒေသန္တရအစိုးရ (ခရိုင်၊ မြို့နယ်နှင့် ကျေးရွာ)
(၉) ပညာရေး၊ ကျန်းမာရေးနှင့် လူမှုဖူလုံရေး
(၁၀) ရွေးကောက်ပွဲဆိုင်ရာစနစ်
(၁၁) ပြည်နယ်တခုနှင့်တခုဆက်ဆံရေး
(၁၂) အထွေထွေပြဋ္ဌာန်းချက်များ
(၁၃) ပြည်နယ်ဖွဲ့စည်းပုံအခြေခံဥပဒေ ပြင်ဆင်ခြင်း

**နိဂုံး**

အထက်ဖော်ပြပါ တင်ပြမှုများသည် ကရင်လူမျိုးများနေထိုင်ရာ ဒေသအသီးသီးမှ ကရင်အမျိုးသားထုကိုယ်စားလှယ်များနှင့် ကဏ္ဍစုံ ကရင်အမျိုးသားအဖွဲ့အစည်းများအကြား ဆွေးနွေးရရှိသော အခြေခံမူများဖြစ်ပြီး ထိုအခြေခံမူများမှတဆင့် မြန်မာနိုင်ငံအား ဒီမိုကရေစီ ဖက်ဒရယ်ပြည်ထောင်စုနိုင်ငံအဖြစ် ထူထောင်နိုင်ရန်အတွက် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံတွင် ထည့်သွင်းဆွေးနွေးသွားရန် လိုအပ်ပါသည်။ ဤအခြေခံမူများနှင့်အညီ ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြင်ဆင်ရေးဆွဲပြဋ္ဌာန်းနိုင်မည်ဆိုလျှင် ကျွန်ုပ်တို့၏ မြန်မာနိုင်ငံသစ်တွင် တိုင်းရင်းသားလူမျိုးများအားလုံး အေးအတူပူအမျှ အတူတကွ ယှဉ်တွဲနေထိုင်ကြမည်ဖြစ်ပြီး စစ်မှန်သောငြိမ်းချမ်းရေးကို ဖြစ်ထွန်းစေနိုင်မည်ဟု ယုံကြည်ပါသည်။

### ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ – (၂၁) ရာစု ပင်လုံ
### ဒုတိယအစည်းအဝေးသို့ တင်သွင်းသော
### အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲဆိုင်ရာ
### လူမျိုးအလိုက်ကျင်းပသော ပထမအကြိမ် ကရင်အမျိုးသားနိုင်ငံရေးဆွေးနွေးပွဲမှ ရရှိသည့်

# စီးပွားရေးကဏ္ဍ

- ဖက်ဒရယ်စနစ် စီးပွားရေးဆိုင်ရာစာတမ်း
- ဒေသန္တရဖွံ့ဖြိုးရေးဆိုင်ရာ ကိစ္စရပ်များ၊ အခြေခံရမည့်မူများ

## ဖက်ဒရယ်စနစ် စီးပွားရေးဆိုင်ရာစာတမ်း

**၁။ နိဒါန်း**

ပင်လုံစာချုပ်အားဖြင့် ပြည်မနှင့် ပြည်နယ်များက မြန်မာပြည်၏ လွတ်လပ်ရေးကို အတူတကွရယူနိုင်ခဲ့သော်လည်း ပြည်နယ်များကို ကိုယ်စားပြုခဲ့သည့် တိုင်းရင်းသားတို့၏ အမျိုးသားတန်းတူရေးနှင့် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့် အခွင့်အရေးများ ငြင်းပယ်ခြင်းခံခဲ့ရသည်။ အမျိုးသားနိုင်ငံရေးကို အခြေခံသည့် အကြောင်းတရားများအား မြန်မာ့သမိုင်းတလျှောက် နည်းမှန်လမ်းမှန်ဖြင့် ဖြေရှင်းနိုင်ခြင်း မရှိခဲ့ရာမှ စတင်ပြီး နောက်ဆက်တွဲအကျိုးဆက်အဖြစ် နိုင်ငံ၏ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးဆိုင်ရာ အထွေထွေပြဿနာများကို ကြုံတွေ့ရင်ဆိုင်ခဲ့ရပြီး မြန်မာ့စီးပွားရေးသည်လည်း ချည့်နဲ့အားနည်းခဲ့ရကာ ကမ္ဘာ့အဆင်းရဲဆုံး နိုင်ငံတနိုင်ငံအဖြစ်သို့ ကျရောက်ခဲ့ရပါသည်။

ယနေ့ဖြစ်ပေါ်နေသော နိုင်ငံရေးအခင်းအကျင်းအရ နိုင်ငံရေးဆွေးနွေးပွဲများမှ ရရှိသည့် ရလဒ်ဖြင့် တည်ဆောက်မည့် ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စု အခင်းအကျင်းအသစ်သည်သာလျှင် မိမိတို့နိုင်ငံအတွက် ထိရောက်ရှနာမှု အနည်းဆုံးဖြစ်သည်ဟု မိမိတို့ကရင်အမျိုးသားများအနေဖြင့် ယုံကြည်ပါသည်။

ဒီမိုကရေစီစနစ်ကို အခြေခံသည့် ဖက်ဒရယ်ပြည်ထောင်စုတွင် နိုင်ငံတော်အစိုးရ၏ အာဏာသည် ပြည်သူလူထုထံမှ ဆင်းသက်စေရမည်ဖြစ်ပြီး နိုင်ငံတော်၏ မူလစုစည်းမှု အခြေခံဖြစ်သည့် မတူညီကွဲပြားသော ပြည်နယ်များပေါင်းစုထားသည့် ပြည်ထောင်စုအား ပြည်နယ်များထံသို့ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့် ကျင့်သုံးခြင်း အခြေခံဖြင့် ပေါင်းစည်းမှသာလျှင် မတူကွဲပြားခြားနားသော တိုင်းရင်းသားများအကြား အပြန်အလှန် လေးစားသမှုပြု တန်ဖိုးထားခြင်း၊ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ ယဉ်ကျေးမှု၊ ယုံကြည်သက်ဝင်မှုဆိုင်ရာ အယူဝါဒ စသည်တို့တွင် တန်းတူရည်တူ ဆက်ဆံခြင်းခံရကာ ပြန်လည်သင့်မြတ်ရေးကို ရရှိပြီးငြိမ်းချမ်းသည့်နိုင်ငံကို ဖန်တီးဖြစ်ပေါ်လာနိုင်မည် ဖြစ်ပါသည်။

နိုင်ငံ့စီးပွားရေးကောင်းမွန်ရေးသည် ငြိမ်းချမ်းရေးနှင့်ဆက်စပ်နေသလို ငြိမ်းချမ်းရေးနှင့်

ပြည်နယ်များအား ကိုယ်ပိုင်ပြဋ္ဌာန်းပိုင်ခွင့် ပေးအပ်ခြင်းတို့သည် တိုက်ရိုက်သက်ဆိုင်နေပါသည်။ ထို့ကြောင့် စီးပွားရေးမူဝါဒများ ချမှတ်ရာတွင်သော်လည်းကောင်း၊ အကောင်အထည်ဖော်ရာတွင် သော်လည်းကောင်း ဖက်ဒရယ်ပြည်ထောင်စု အဖွဲ့ဝင်များဖြစ်သော ပြည်နယ်များသည် ၎င်းတို့၏ အကျိုးစီးပွားအလို့ငှာ ကိုယ်စားပြုမှု၊ ပါဝင်မှုနှင့်ဆုံးဖြတ်မှုတို့ ရှိစေမည့် ကိုယ်ပိုင်ပြဋ္ဌာန်းပိုင်ခွင့် ဖန်တီးဖြစ်ပေါ်စေသည့် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ပြင်ဆင်ခြင်း၊ ဖြည့်စွက်ခြင်းနှင့် ပယ်ဖျက်ခြင်းများကို နိုင်ငံရေးဆွေးနွေးပွဲ ရလဒ်များနှင့်အညီ ပြုလုပ်ကာ သက်ဆိုင်ရာ ပြည်နယ်များ၏ ဖွဲ့စည်းပုံအခြေခံဥပဒေတွင် ပြဋ္ဌာန်း၍ ကာကွယ်ထားရမည် ဖြစ်သည်။

## ၂။ အရင်းခံအကြောင်းတရား

မိမိတို့နိုင်ငံ၏ ဘက်စုံဖွံ့ဖြိုးတိုးတက်မှုများ နှောင့်နှေးကြန့်ကြာနေရသည်မှာ လွတ်လပ်ရေးနှင့်အတူ ဖြေရှင်းရန်ပါရှိလာသည့် နိုင်ငံရေးပြဿနာအား မဖြေရှင်းနိုင်မှုနှင့် ၎င်းမူလပြဿနာ အရင်းအမြစ်အား မဖြေရှင်းနိုင်ခြင်းနှင့်အတူ ထပ်ဆင့်ဖြစ်ပေါ်လာသည့် အကျိုးဆက်များကြောင့် နောက်ဆုံးတွင် စီးပွားရေးအရ ကျရှုံးခဲ့ရသည့် နိုင်ငံတနိုင်ငံအဖြစ်သို့ ရောက်ရှိခဲ့ပါသည်။

ဗဟိုချုပ်ကိုင်မှုလွန်ကဲခြင်း၊ ကောင်းမွန်သော စီမံအုပ်ချုပ်မှုစနစ် မရှိခြင်းနှင့် ခေတ်နှင့်လျော်ညီသည့် ဥပဒေ၊ နည်းဥပဒေ၊ မူဝါဒအပေါ် အခြေခံသည့်စနစ်၊ ယန္တရားများ မတည်ဆောက်နိုင်ခဲ့ခြင်းနှင့် မဖော်ထုတ်နိုင်ခြင်း စသည်တို့သည်လည်း နိုင်ငံ့စီးပွားရေးတိုးတက်မှုကို နှောင့်နှေးကြန့်ကြာစေသည့် အရင်းခံအကြောင်းအရာများ ဖြစ်ပါသည်။

ကောင်းမွန်သော စီးပွားရေးစီမံအုပ်ချုပ်မှုကို အထောက်အကူဖြစ်စေရန် သက်ဆိုင်ရာ အစိုးရ အဖွဲ့အစည်းများ၊ အသင်းအဖွဲ့များ အားကောင်းရှင်သန်စွာ ဖွံ့ဖြိုးရန် လိုအပ်သကဲ့သို့ ပြည်နယ် အစိုးရများတွင်လည်း ၎င်းတို့ရရှိရမည့် ကိုယ့်ကြမ္မာကိုယ်ဖန်တီးခွင့် အာဏာအပ်နှင်းခြင်းခံရရန် လိုအပ်ပါသည်။ ၎င်းတို့ကိုယ်တိုင်က ထိုအခွင့်အာဏာများကို နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေ၌ ပြဋ္ဌာန်းကာ အကာအကွယ်ရှိစွာ ရရှိပိုင်ဆိုင်ကျင့်သုံးရန် လိုအပ်ပါသည်။ စီးပွားရေး စီမံအုပ်ချုပ်ခန့်ခွဲမှု ကောင်းမွန်ရေးအတွက် စီးပွားရေးနှင့်ဘဏ္ဍာရေးဆိုင်ရာ ဗဟိုချုပ်ကိုင်မှု လျှော့ချခြင်း (Decentralization) မဟုတ်ဘဲ ဗဟိုချုပ်ကိုင်ခွင့် မရှိသော အာဏာကျင့်သုံးရေး ဖက်ဒရယ်စနစ် (Non-Centralized Power Federalism) ဖြင့် လက်တွေ့ကျသည့် ကိုယ်ပိုင်ပြဋ္ဌာန်းပိုင်ခွင့်ကို စတင်အကောင်အထည်ဖော်ကာ မိမိတို့ရည်မှန်းသည့် ဖက်ဒရယ်ပြည်ထောင်စုတည်ဆောက်ရေး လုပ်ငန်းစဉ်ကို စတင်ရမည် ဖြစ်သည်။

## ၃။ ဖက်ဒရယ်စနစ် စီးပွားရေးဆိုင်ရာကိစ္စရပ်များ၏ ရည်ရွယ်ချက်

(က) မြန်မာနိုင်ငံရှိ တိုင်းရင်းသားလူမျိုးများအားလုံး တရားမျှတပြီး တန်းတူညီမျှစွာ တိုးတက်အောင်မြင်ခွင့်ရှိရန်။

(ခ) မိမိဒေသနှင့် ဒေသခံပြည်သူလူထု၏ ကောင်းကျိုးအတွက် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့် ရှိသော ပြည်နယ်များ၌ စီးပွားရေးဆိုင်ရာ လုပ်ပိုင်ခွင့်အာဏာ ခွဲခြားသတ်မှတ်ခြင်း ရှိရန်။

(ဂ) သဘာဝပတ်ဝန်းကျင်နှင့် လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးများတွင် ရေရှည်တည်တံ့ ခိုင်မြဲပြီး အားလုံးပါဝင်မှုရှိသော စီးပွားရေးမူဝါဒများကို ချမှတ်အကောင်အထည်ဖော်ရန်။

(ဃ) အခွင့်အလမ်းနည်းပါးသော၊ ထိခိုက်ခံရလွယ်သော၊ ခုခံနိုင်စွမ်းနည်းပါးသော (Vulnerable) လူမှုအသိုက်အဝန်းများအတွက် အခွင့်အလမ်း ဖော်ထုတ်မြှင့်တင်ရန်၊ ဆင်းရဲမှုလျှော့ချရန်၊ လူနေမှုအဆင့်အတန်း မြင့်မားတိုးတက်ရန်နှင့် အသက်မွေးဝမ်းကျောင်းနှင့် အလုပ်အကိုင် အခွင့်အလမ်း ဖော်ထုတ်ရန်။

(င) လူသားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးအား ဝန်ဆောင်မှု၊ ကုန်ထုတ်လုပ်မှုနှင့် ကုန်သွယ်ရေးကဏ္ဍများ၌ ဟန်ချက်ညီ ဖွံ့ဖြိုးတိုးတက်စေပြီး အရှေ့တောင်အာရှနှင့် နိုင်ငံတကာတွင် ယှဉ်ပြိုင်နိုင်စွမ်းရှိရန်။

## ၄။ အခြေခံမူများ

ဖက်ဒရယ်ပြည်ထောင်စုကို အခြေခံသည့် စီးပွားရေးစနစ်ဆိုင်ရာ ကိစ္စရပ်များနှင့် ပတ်သက်သည့် အခြေခံမူများကို သက်ဆိုင်ရာ ခေါင်းစဉ်ငယ်အလိုက် အောက်ပါအတိုင်း ဖော်ပြထားပါသည်။

(က) အားလုံးလွှမ်းခြုံသော စီးပွားရေးကဏ္ဍဆိုင်ရာ အခြေခံမူများ

(၁) ဈေးကွက်စီးပွားရေးကို ဦးတည်၍ အစိုးရမှ ဥပဒေ၊ နည်းဥပဒေ၊ မူဝါဒ၊ ပံ့ပိုးမှုတို့ဖြင့် ပုဂ္ဂလိကကဏ္ဍမှ ဦးဆောင်မောင်းနှင် ဖော်ဆောင်သော စီးပွားရေးစနစ်မှသည် လူနေမှုအဆင့်အတန်း မြင့်မားရေး၊ ဆင်းရဲမွဲတေမှုနှင့် လူမှုစီးပွားဖွံ့ဖြိုးမှု ကွာဟခြင်းကို လျှော့ချရမည်။ (Market-Led, Private Sector Driven, Facilitated By Government)

(၂) အများပြည်သူက လွတ်လပ်ပြီးတရားမျှတမှုကို အခြေခံသည့် ရွေးကောက်တင်မြှောက်ထားသော ပြည်နယ်အစိုးရသည် မိမိပြည်နယ်၏ ဘက်စုံဖွံ့ဖြိုးမှုအတွက် စီးပွားရေးနှင့် ဘဏ္ဍာရေးဆိုင်ရာ ဆုံးဖြတ်ချက်များကို ချမှတ် အကောင်အထည်ဖော်ပိုင်ခွင့် ရှိရမည်။

(၃) ပြည်တွင်းစီးပွားရေးလုပ်ငန်းများကြား လွတ်လပ်မျှတစွာ ဥပဒေနှင့်အညီ ယှဉ်ပြိုင်နိုင်ခွင့် ရှိစေရမည်။

(၄) ပြည်သူလူထုအကျိုးစီးပွားကို ရှေးရှုသော စီးပွားရေးမူဝါဒများကို ပွင့်လင်းမြင်သာမှု၊ တာဝန်ယူမှုနှင့် တာဝန်ခံမှုရှိစွာ ချမှတ်ရမည်။

(၅) သဘာဝပတ်ဝန်းကျင်နှင့် လူနေမှုဘဝ သဟဇာတဖြစ်စေသည့် ရေရှည် တည်တံ့သော ဖွံ့ဖြိုးတိုးတက်မှုကို ဦးတည်ရမည်။

(၆) ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များအား အကောင်အထည်ဖော်ဆောင်နေဆဲကာလတွင် လူမှုစီးပွားဖွံ့ဖြိုးရေးလုပ်ငန်းများကို အစိုးရ၊ တနိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး

သဘောတူစာချုပ် (Nationwide Ceasefire Agreement-NCA) လက်မှတ် ရေးထိုးထားသော ကရင်တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်းများ (Karen Ethnic Armed Organizations - KEAOs) နှင့် အရပ်ဖက်လူမှုအဖွဲ့အစည်းများအကြား ညှိနှိုင်းဆောင်ရွက်နိုင်သည့် ယန္တရားတည်ဆောက်ကာ အကောင်အထည်ဖော်ဆောင်ရွက်ရမည်။

(ခ) ပြည်ထောင်စုအစိုးရနှင့် ပြည်နယ်အစိုးရများအကြား စီးပွားရေးကဏ္ဍ ဆက်ဆံရေး ဆိုင်ရာ အခြေခံမူများ

(၁) ပြည်ထောင်စုအစိုးရအနေနှင့် ငွေကြေးမူဝါဒ (Monetary Policy) ကို ဗဟိုဘဏ်မှတဆင့် ချမှတ်နိုင်ခွင့်အာဏာ အပြည့်အဝရှိသော်လည်း အခွန်နှင့် အစိုးရသုံးစွဲမှုဆိုင်ရာမူဝါဒ (Fiscal Policy) များ ချမှတ်ပိုင်ခွင့် အာဏာကို ပြည်နယ်များ အားလုံးနှင့် ခွဲဝေရမည်ဖြစ်သည်။

(၂) အခွန်၊ အစိုးရသုံးစွဲမှု အပါအဝင်ကုန်သွယ်ရေးနှင့် အခြားစီးပွားရေးဆိုင်ရာ ဥပဒေ၊ နည်းဥပဒေနှင့် မူဝါဒများ ရေးဆွဲချမှတ် အကောင်အထည်ဖော်ရာ၌ ပြည်ထောင်စုအစိုးရနှင့် ပြည်နယ်အစိုးရများ၏ လုပ်ပိုင်ခွင့်အာဏာများကို မည်သည့်ကဏ္ဍ၊ မည်သည့်အတိုင်းအတာရှိသည်ကို ရှင်းလင်းစွာခွဲဝေပြီး ဥပဒေ ပြဋ္ဌာန်းဆောင်ရွက်ရမည်။

(၃) ပြည်ထောင်စုအဆင့် စီးပွားရေးဆိုင်ရာမူဝါဒများ ချမှတ်ရာတွင်သော်လည်းကောင်း၊ ပြည်နယ်အတွင်းရှိ ပြည်သူလူထု၏ အကျိုးစီးပွားနှင့် တိုက်ရိုက်ဆက်စပ်မှုရှိသည့် စီးပွားရေးလုပ်ငန်းများ အကောင်အထည် ဖော်ရာတွင်သော်လည်းကောင်း၊ ပြည်နယ်အစိုးရအနေဖြင့် ပါဝင်ဆုံးဖြတ်ပိုင်ခွင့် ရှိရမည်။

(၄) ပြည်ထောင်စုအဆင့် စီးပွားရေး၊ဘဏ္ဍာရေးနှင့် ကုန်သွယ်ရေး မူဝါဒများကို ရေးဆွဲချမှတ်ရာတွင် ပြည်ထောင်စုတွင်းရှိ ပြည်နယ်များ၏ ဝိသေသအင်္ဂါရပ်များကို ခြုံငုံထည့်သွင်းစဉ်းစား၍ အားလုံးတပြေးညီ ဖွံ့ဖြိုးတိုးတက်ခွင့်ရရေးကို ရှေးရှုရမည်။

(၅) ကုန်စည်ဈေးနှုန်းများ အတက်အကျတို့ကို ချောမွေ့မှုရှိစေရန် ပြည်ထောင်စုအဆင့် တည်ငြိမ်ရေးရန်ပုံငွေတရပ် အပါအဝင် အခြားငွေကြေးဆိုင်ရာ မူဝါဒများကို ပြည်ထောင်စုအစိုးရက ဦးစီးချမှတ်ရမည်။

(၆) ပြည်ထောင်စုအဆင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေး ရည်မှန်းချက်များသည် ပြည်နယ်များ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေး ရည်မှန်းချက်များနှင့် သဟဇာတ ရှိစေရမည်။

(၇) ပြည်ထောင်စုအဆင့်နှင့် ပြည်နယ်များအဆင့် လူမှုစီးပွားရေးဖွံ့ဖြိုးရေးအတွက် အကောင်အထည်ဖော်ရန် လိုအပ်သော ဘဏ္ဍာငွေများရရှိရန် ပြည်ထောင်စုအစိုးရ

နှင့် ပြည်နယ်အစိုးရတို့အကြား အခွန်ကောက်ခံခြင်း သဘောတူညီထားသော စီးပွားရေး၊ ကုန်သွယ်ရေးနှင့် အခွန်ဘဏ္ဍာနှင့် ပတ်သက်သည့် ကိစ္စရပ်များတွင် ထပ်တူပြုအာဏာများ (Concurrent Powers) ကျင့်သုံးရမည်။

(၈) ပြည်ထောင်စုအစိုးရအနေနှင့် အိမ်နီးချင်းနိုင်ငံများ အပါအဝင် အခြား နိုင်ငံများနှင့် ကုန်သွယ်ရေး၊ စီးပွားရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများ ပြုလုပ်မည့် အစီအစဉ်များ (ဥပမာ– ဒေသတွင်း အမျိုးသားစကြ်ာန် နှင့် ကုန်သွယ်ရေး ဖွံ့ဖြိုး တိုးတက်မှု မဟာဗျူဟာများ National Corridor And Trade Development Strategies) ဆွေးနွေးဆောင်ရွက်ရာတွင် သက်ဆိုင်ရာ ပြည်နယ်အစိုးရများ၊ ဒေသခံစီးပွားရေး လုပ်သားများ၊ အခြားသက်ဆိုင်သူများနှင့် ညှိနှိုင်းကာ ၎င်းတို့အတွက် အထောက်အကူ ဖြစ်စေမည့် အစီအစဉ်များ ပါဝင်စေရမည်။

(၉) ထုထည်နှင့် သက်ရောက်မှု ပမာဏကြီးမားသော စီမံကိန်းကြီးများ (Mega Projects) အကောင်ထည်ဖော်သည့် ကိစ္စများတွင် တိုင်းပြည်နှင့်ပြည်သူအတွက် အမှန်တကယ် အကျိုးပြုသည် မပြုသည်ကို ပြည်ထောင်စုနှင့် ပြည်နယ်အစိုးရ အကြားညှိနှိုင်းတိုင်ပင်၍ သက်သေပြနိုင်သော အချက်အလက်များ (Evidence Based) အပေါ် အခြေခံကာ သုံးသပ် ဆုံးဖြတ်ချက်ရမည်။

(၁၀) ပြည်ထောင်စုအဆင့် စက်မှုလုပ်ငန်းနှင့် ကုန်သွယ်ရေးလုပ်ငန်းဆိုင်ရာ မူဝါဒများ သည် မြန်မာနိုင်ငံတွင်း ပြည်နယ်များအားလုံးရှိ တန်ဖိုးမြှင့် စီးပွားရေးဆိုင်ရာ လုပ်ငန်းများ (Value Added Activities) ကို မြှင့်တင်ကာ ကမ္ဘာ့အလိုက် ပေါင်းစည်း ဆောင်ရွက်မှု ကွင်းဆက်လုပ်ငန်းစဉ် (Value Chain) များအဖြစ် ပေါင်းစပ်နိုင်ခြင်း ရှိရမည်။

(၁၁) နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းများ (State-owned enterprises) အားလုံးကို ပြည်ထောင်စုနှင့် ပြည်နယ်အစိုးရများ ပြန်လည်ဆန်းစစ်၍ အရှုံးပေါ်နေမှုများကို ပြည်သူလူထု အတွက် အကျိုးရှိသည့် လက်တွေ့ကျသော နည်းလမ်းများ ဖော်ထုတ်ခြင်း ပြုလုပ်ရမည်။

(၁၂) ပြည်နယ်တွင်း အရည်အသွေးရှိသော ကုန်ထုတ်လုပ်ငန်းများနှင့် ဝန်ဆောင်မှု လုပ်ငန်းများ ထွန်းကားရေးနှင့် နိုင်ငံတကာဈေးကွက်တွင် ယှဉ်ပြိုင်နိုင်ရေးကို ရှေးရှု၍ ဒေသခံစီးပွားရေးလုပ်ငန်းများ၊ နိုင်ငံခြားရင်းနှီးမြှုပ်နှံသူများ၏ လုပ်ငန်း များ အားလုံးသည် နိုင်ငံတကာက သတ်မှတ်ထားသော အရည်အသွေး၊ သဘာဝ ပတ်ဝန်းကျင်ဆိုင်ရာနှင့် လူမှုရေး ရေရှည်တည်တံ့မှု စံနှုန်းများနှင့်အညီ စံချိန်စံနှုန်း များ သတ်မှတ်ရေးနှင့် ကိုက်ညီအောင် ဆောင်ရွက်ရေးတို့ကို ပြည်နယ်အစိုးရများက ပြည်ထောင်စုအစိုးရနှင့် ပူးပေါင်းဆောင်ရွက်ရမည်။

(၁၃) ဒေသအတွင်း စီးပွားရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် ပြည်နယ်အစိုးရ များသည် ဒေသခံများ၏ စိတ်ပိုင်းဆိုင်ရာနှင့် ရုပ်ပိုင်းဆိုင်ရာ ထိခိုက်မှု မရှိအောင်

ဆောင်ရွက်ရမည်။

(၁၄) ပြည်နယ်အစိုးရများသည် လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက် လွတ်လပ်သော အသင်းအဖွဲ့များ (Institutions) ပေါ်ပေါက်လာစေရန်နှင့် အားကောင်းလာစေရန် မြှင့်တင်အားပေးပြီး ထိရောက်စွာ အထောက်အကူ ပြုနိုင်ခွင့် ရှိစေရမည်။

(၁၅) ပြည်နယ်အစိုးရများတွင် စီးပွားရေးလုပ်ငန်းများနှင့် ပတ်သက်ပြီး သဘာဝ ပတ်ဝန်းကျင်၊ လုပ်ငန်းခွင်လုံခြုံမှုနှင့် အခြားသော လိုအပ်မည့် စည်းကမ်းချက် များ တိုးတက်ဖြစ်ပေါ်စေရေး အကောင်အထည်ဖော်ရန် လုပ်ပိုင်ခွင့် အာဏာရှိရ မည်။

(၁၆) ပြည်နယ်အစိုးရများသည် ပြည်ထောင်စုမှ အမှီအခိုကင်းပြီး ၎င်းတို့၏ မဲဆန္ဒရှင်များ ဆန္ဒအရ စီးပွားရေးစီမံအုပ်ချုပ်မှု ဆုံးဖြတ်ချက်များကို လွတ်လပ်စွာ ပြုလုပ်နိုင်ခြင်း နှင့် အကောင်အထည်ဖော်နိုင်ခြင်း ရှိစေရမည်။

(ဂ) လူမှုစီးပွားဖွံ့ဖြိုးမှု

(၁) စီးပွားရေး စီမံအုပ်ချုပ်မှုဆိုင်ရာ ဥပဒေများ ချမှတ်ရန်နှင့် ယင်းဥပဒေများကို အကောင်အထည်ဖော်ရန် ဒေသအစိုးရများတွင် အာဏာသက်ရောက်မှုနှင့် အခွန် ဘဏ္ဍာ မြှင့်တင်ပေးသည့် ဌာနများအပါအဝင် ၎င်းတို့၏ ကိုယ်ပိုင်ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေး အဖွဲ့အစည်းများ ရှိစေရမည်။

(၂) စိုက်ပျိုးရေးနှင့် မွေးမြူရေးဆိုင်ရာ မူဝါဒများကို သက်ဆိုင်ရာ ပြည်နယ်များရှိ ပြည်သူများမှ တင်မြှောက်သည့် ဒေသန္တရအစိုးရ အဖွဲ့ဝင်များ၊ ဥပဒေပညာရှင်များ၊ အသိပညာရှင်များနှင့် အတတ်ပညာရှင်များ၊ ဒေသခံ တိုင်းရင်းသား ပြည်သူများ ပူးပေါင်းပါဝင် ရေးဆွဲခွင့် ရှိရမည်။

(၃) ရေရှည်တည်တံ့ခိုင်မြဲသော ဒေသန္တရ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း ဖြစ်ပေါ်ရေး အတွက် အစိုးရ၊ ဒေသခံ၊ ဌာနေတိုင်းရင်းသား၊ လူထုအခြေပြု အဖွဲ့အစည်းများမှ ပူးပေါင်းပါဝင် ဆောင်ရွက်မှုကို အခြေခံသည့် ယန္တရား တည်ဆောက်ကာ ဖြေရှင်းခြင်း ရှိရမည်။

(၄) ပြည်နယ်အစိုးရများသည် လူမှုစီးပွားဖွံ့ဖြိုးရေး လုပ်ငန်းဆိုင်ရာ စီမံကိန်းများ ရေးဆွဲ အကောင်အထည်ဖော်ရာတွင် ဒေသခံတိုင်းရင်းသား လုပ်ငန်းရှင်များ၊ စီးပွားရေးဆိုင်ရာ တိုင်းရင်းသားအသင်းအဖွဲ့များနှင့် ဒေသခံ တပိုင်တနိုင် ပုဂ္ဂလိကလုပ်ငန်းများ ပါဝင်နိုင်ရေးအတွက် အခွင့်အလမ်း ဖန်တီးပေးရမည်။

(ဃ) ကုန်ထုတ်လုပ်ရေး၊ ကုန်သွယ်ရေးနှင့် ဝန်ဆောင်မှုကဏ္ဍများ

(၁) နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းများ (State-Owned Enterprises) အရှုံးပေါ်မှုများကို ပြည်ထောင်စုနှင့် ပြည်နယ်အစိုးရတို့က ပြန်လည်ဆန်းစစ်ခြင်းနှင့် ပြည်သူလူထု

အတွက် အကျိုးရှိသည့် လက်တွေ့ကျသော နည်းလမ်းများ ဖော်ထုတ်ခြင်း ပြုလုပ်ရမည်။

(၂) ဒေသတွင်းလာရောက်လုပ်ကိုင်သော ပြည်တွင်းပြည်ပ အကြီးစား ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းများတွင် အမျိုးသမီးထုကို ကိုယ်စားပြုသည့် ကိုယ်စားလှယ်များ အပါအဝင် ဒေသခံ ပြည်သူများနှင့် ပြည်နယ်အစိုးရတို့မှ ဆုံးဖြတ်ချက်ချမှတ်ခြင်းနှင့် ပူးပေါင်းပါဝင်နိုင်ခွင့် ရှိရမည်။

(၃) အမျိုးသား ကုန်သွယ်ရေးမူဝါဒ ရေးဆွဲရာတွင် ပြည်နယ်တွင်းရှိ တိုင်းရင်းသား စီးပွားရေးလုပ်ငန်းရှင်များ၏ ပါဝင်မှုကို အထူးထည့်သွင်း စဉ်းစားရမည်။

(၄) သက်ဆိုင်ရာပြည်နယ်အတွင်း အထူးအရေးပါသော ကုန်စည်များအတွက် မူဝါဒ သို့မဟုတ် အစီအမံများ ချမှတ်ခြင်းရှိရမည်။

(၅) ဒေသတွင်း ကုန်သွယ်မှု အကန့်အသတ်များ ဖြေလျှော့ပြီး ပြည်တွင်း ပြိုင်ဆိုင်မှုကို အားပေးရမည်။

(၆) ပြည်နယ်များတွင် လွတ်လပ်သော ကုန်သွယ်ရေးအသင်းများကို ထူထောင်ပြီး အစိုးရ၏ မူဝါဒဆိုင်ရာတွင် အပြန်အလှန် ဆွေးနွေးဖလှယ်နိုင်ခြင်း ရှိရမည်။

(၇) ဒေသတွင်း ကုန်သွယ်ရေးမူဝါဒများတွင် ကရင်တိုင်းရင်းသား လက်နက်ကိုင် အဖွဲ့အစည်းများ၏ အခန်းကဏ္ဍကို ထည့်သွင်းစဉ်းစားရမည်။

(င) သဘာဝသယံဇာတများနှင့် သဘာဝပတ်ဝန်းကျင်

(၁) ပြည်သူလူထုသည် သဘာဝသယံဇာတများ၏ ပိုင်ရှင်များဖြစ်ကာ သယံဇာတများကို တူးဖော်ရောင်းချခြင်း လုပ်ငန်းများသည် ပြည်သူလူထုကို အမှန်တကယ် အကျိုးပြုစေရန် ဥပဒေများ ရေးဆွဲချမှတ်၍ ယင်းဥပဒေနှင့်အညီ ဆောင်ရွက်ရမည်။

(၂) သဘာဝပတ်ဝန်းကျင်နှင့် လူမှုရေးဆိုင်ရာ ဆိုးကျိုးများ လျော့ပါးရေးကို သေချာစေရန်နှင့် ယင်းဆိုးကျိုးများ ဖြစ်စေသည့် ရင်းနှီးမြှုပ်နှံမှု စီမံကိန်းများကို ပြန်လည်သုံးသပ်ခြင်း ရှိရမည်။

(၃) ရင်းနှီးမြှုပ်နှံမှု စီမံကိန်းများမှ သဘာဝပတ်ဝန်းကျင်နှင့် လူမှုရေးဆိုင်ရာ ဆိုးကျိုးများ မဖြစ်စေရန် သို့မဟုတ် နည်းနိုင်သမျှနည်းရန် နိုင်ငံတကာ စံချိန်စံနှုန်းများနှင့်အညီ လွတ်လပ်သော ကျွမ်းကျင်ပညာရှင်များမှ သဘာဝ ပတ်ဝန်းကျင်နှင့် လူမှုအကျိုးသက်ရောက်မှုများကို စနစ်တကျဆန်းစစ်၍ (Environmental and Social Impact Assessments) စီမံကိန်းများ လုပ်သင့်မလုပ်သင့် သုံးသပ်အကဲဖြတ်စေရမည်။

(၄) တွင်းထွက်သယံဇာတ အရင်းအမြစ် တူးဖော်ရေး စက်မှုလုပ်ငန်းများ ပွင့်လင်းမြင်သာမှု ဖော်ဆောင်ရေး (Extractive Industries Transparency Initiative - EITI) လုပ်ငန်းစဉ်တွင် ပြည်နယ်အစိုးရ များ၏ ကဏ္ဍတရပ်ရှိစေရမည်။

(၅) ပြည်ထောင်စုအစိုးရနှင့် ပြည်နယ်အစိုးရများသည် သဘာဝအရင်းမြစ်များ ရေရှည်တည်တံ့ခိုင်မြဲရန်အတွက် ယင်းတို့အား ထုတ်ယူသုံးစွဲရာတွင် ပြည်တွင်းနှင့် နိုင်ငံတကာ စံချိန်စံညွှန်းများကို အသုံးပြု၍ စနစ်တကျ ဖြစ်သော ထုတ်ယူသုံးစွဲမှုဖြင့် လုပ်ဆောင်စေရမည်။

(၆) ပြည်ထောင်စုအစိုးရ၏ ဆောင်ရွက်ချက်နှင့်ဝန်ဆောင်မှု ပေးအပ်မှုတို့အပေါ် ပြည်နယ်အစိုးရက တုန့်ပြန်နိုင်သည့် ယန္တရား (Feedback Mechanism) တခု ရှိရမည်။

(စ) ပြည်ထောင်စုအဖွဲ့ဝင် ပြည်နယ်အစိုးရများ၏ အခန်းကဏ္ဍဆိုင်ရာ အခြေခံမူများ

(၁) ပြည်နယ်အစိုးရများအနေနှင့် မိမိပြည်နယ်တွင်း အခြေအနေနှင့် လိုအပ်ချက်များကို ထင်ဟပ်ဖြည့်ဆည်းပေးနိုင်ရေးအတွက် ပြည်နယ်ဆိုင်ရာ ရသုံးမှန်းခြေငွေ (Budget) ရေးဆွဲခွင့်၊ အခွန်ဘဏ္ဍာ ကောက်ခံပိုင်ခွင့် (Revenue Raising) အာဏာ အပြင် မည့်သည့်ကဏ္ဍတွင် မည်မျှသုံးစွဲ (Expenditure) ရမည်ကို ဆုံးဖြတ်ပိုင်ခွင့် အာဏာ ရှိစေရမည်။

(၂) ပြည်ထောင်စု အဖွဲ့ဝင်ပြည်နယ်များကို မြေယာနှင့် သဘာဝအရင်းအမြစ် ပိုင်ဆိုင်ခွင့်၊ ထုတ်ယူသုံးစွဲခွင့်၊ စီမံခန့်ခွဲခွင့်နှင့် ထိန်းသိမ်းကာကွယ်ခွင့် ဆိုင်ရာ လုံလောက်သော အခွင့်အာဏာများကို အပ်နှင်းရမည်။

(၃) ပြည်နယ်အစိုးရများနှင့် ပုဂ္ဂလိကလုပ်ငန်းများသည် နိုင်ငံတကာမှ ဒေသန္တရ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ချေးငွေအထောက်အပံ့ အကူအညီများကို ရယူနိုင်ရမည်။

(၄) စိုက်ပျိုးမွေးမြူရေးနှင့် ဘဏ္ဍာရေးဆိုင်ရာ ပြုပြင်ပြောင်းလဲမှုလုပ်ငန်းများ အကောင်အထည်ဖော်ရာတွင် ဒေသတွင်း တိုးတက်ဖြစ်ပေါ်မှု ရှိစေရေးအတွက် ပြည်နယ်အစိုးရများအား ထိုပြုပြင်ပြောင်းလဲမှုဖြစ်စဉ်များတွင် ဦးစားပေးအဖြစ် ပါဝင်ရန် သတ်မှတ်ရမည်။

(၅) ပြည်နယ်အစိုးရအနေဖြင့် မိမိပြည်နယ်အတွင်းရှိ ပြည်သူလူထု၏ အကျိုးစီးပွားအတွက် ဦးစားပေး ဆောင်ရွက်ရမည့် စီးပွားရေး ဖွံ့ဖြိုးတိုးတက်ရေး အစီအစဉ်နှင့် မူဝါဒ (State Development Plan and Policy) များကို ရေးဆွဲချမှတ် အကောင်အထည်ဖော်ရေးတို့ကို လွတ်လပ်စွာ ဦးဆောင် ဆုံးဖြတ်ပိုင်ခွင့် ရှိရမည်။

(၆) ပြည်နယ်များတွင်းရှိ ဒေသခံပြည်သူနှင့် စီးပွားရေးလုပ်ငန်းများ၊ မိမိပြည်နယ်တွင် လာရောက်လုပ်ကိုင်သော နိုင်ငံတကာမှ တရားဝင် စီးပွားရေးလုပ်ငန်းများ အောင်မြင်တိုးတက်ရေးအတွက် အရေးကြီးသည့် ဥပဒေနှင့် ရုပ်ဝတ္ထုဆိုင်ရာ အခြေခံအဆောက်အဦး (Legal and Physical Infrastructure) များကို ပြည်နယ်အစိုးရများမှ ဦးဆောင်ချမှတ် ဖန်တီးပေးရမည်။

(၇) ပြည်နယ်အစိုးရများသည် လူမှုစီးပွားလုပ်ငန်းဆိုင်ရာ မူများချမှတ်ရာတွင် လည်း

ကောင်း၊ နည်းပညာ၊ ဈေးကွက်နှင့် စီးပွားရေးအခွင့်အလမ်းများကို ဖော်ထုတ်ရာတွင်လည်းကောင်း ဒေသခံ တိုင်းရင်းသား လုပ်ငန်းရှင်များ၊ စီးပွားရေးအသင်းအဖွဲ့များ၊ တက်သစ်စ စွန့်ဦးတီထွင်လုပ်ငန်းရှင်များနှင့် အခြား တပိုင်တနိုင်လုပ်ငန်းများကို ထိတွေ့ဆက်ဆံခွင့်ပေး၍ ညှိနှိုင်း ဆောင်ရွက်ရမည်။

(၈) ပြည်နယ်အစိုးရများအနေဖြင့် ပြည်တွင်းစီးပွားရေးလုပ်ငန်းများမှ တဆင့် ဒေသခံပြည်သူများ၏ အကျိုးစီးပွားနှင့် အသက်အိုးအိမ်တို့ကို ကာကွယ်ရေး (ဒေသခံလုပ်သားများအတွက် အလုပ်အကိုင် အခွင့်အလမ်း ပေါ်ပေါက်လာရေး၊ လုပ်ငန်းခွင်လုံခြုံရေး၊ လူမှုဘဝဖူလုံရေး) ၊ ဒေသခံ ပုဂ္ဂလိက လုပ်ငန်းများ တိုးတက်အောင်မြင်ရေး၊ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးတို့အပေါ် အထောက်အကူပြုအောင် လုပ်ပိုင်ခွင့်အာဏာ ရှိရမည်။

(၉) ပြည်နယ်အစိုးရများသည် ပြည်ထောင်စုအစိုးရနှင့် အာဏာခွဲဝေမှုများ ရှိသကဲ့သို့ ပြည်နယ်များအတွင်း သက်ဆိုင်ရာ ဒေသန္တရ (ခရိုင်၊ မြို့နယ်၊ မြို့) အုပ်ချုပ်ရေးအဆင့်ဆင့်သို့လည်း အာဏာခွဲဝေမှုများ ရှိရမည်။

(၁၀) ပြည်နယ်အစိုးရများသည် ၎င်းတို့၏ စီမံခန့်ခွဲမှုအောက်၌ရှိသော စီးပွားရေးလုပ်ငန်းများ၊ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများကို လုပ်ဆောင်ရာတွင် ဗဟိုချုပ်ကိုင်မှုကင်းပြီး လွတ်လပ်စွာ စီမံခန့်ခွဲခွင့် ရှိရမည်။

(၁၁) ပြည်နယ်အစိုးရများနှင့် ပုဂ္ဂလိကလုပ်ငန်းများသည် နိုင်ငံတကာမှ ဒေသန္တရ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ နည်းပညာဆိုင်ရာ အထောက်အပံ့ (Technical Assistance) နှင့် ငွေကြေးအထောက်အပံ့ အကူအညီများကို ရယူနိုင်ရမည်။

(၁၂) ပြည်နယ်အကျိုးစီးပွားအတွက် အရေးကြီးသည့် အထူးဦးစားပေး ကဏ္ဍဆိုင်ရာ စီးပွားရေးမူဝါဒများ (ဥပမာ– စိုက်ပျိုးရေးနှင့် မွေးမြူရေး၊ စားသောက်ကုန်လုပ်ငန်း၊ ရေလုပ်ငန်း၊ စက်မှုလက်မှုလုပ်ငန်း၊ နယ်စပ် ကုန်သွယ်ရေး၊ အထူးစီးပွားရေးဇုန် စသည်) ချမှတ်ဆောင်ရွက်သည့် ဖြစ်စဉ်တွင် သက်ဆိုင်ရာ ပြည်နယ်များရှိ ပြည်သူများမှ တင်မြှောက်သည့် ဒေသန္တရ အစိုးရအဖွဲ့ဝင်များ၊ ဥပဒေပညာရှင်များ၊ အတတ်ပညာရှင်များနှင့် အသိပညာရှင်များ၊ ဒေသခံ တိုင်းရင်းသားပြည်သူများ ပူးပေါင်းပါဝင်ခွင့် ရှိရမည်။

(၁၃) ပွင့်လင်းမြင်သာ၍ တာဝန်ခံ၊ တာဝန်ယူမှုနှင့် ရေရှည်တည်တံ့ခိုင်မြဲသော ဒေသန္တရဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းဖြစ်ပေါ်ရေးအတွက် အစိုးရ၊ ဒေသခံ၊ ဌာနေတိုင်းရင်းသား၊ စီးပွားရေးလုပ်ငန်းရှင်များ၊ လူထုအခြေပြု အဖွဲ့အစည်းများအကြား အပြန်အလှန် ထိတွေ့ဆက်ဆံနိုင်သည့် လမ်းကြောင်းများ၊ အခြေအနေများ ဖန်တီးမှုကို ပြည်နယ်အစိုးရမှ အားပေးရမည်။

(၁၄) ပြည်နယ်အစိုးရများသည် မိမိပြည်နယ်တွင်း လူမှုစီးပွားရေး ဖွံ့ဖြိုးရေးဆိုင်ရာ အစိုးရ ဝယ်ယူသုံးစွဲခြင်းများ (Government Procurement) ဆောင်ရွက်ရာတွင်

(ဥပမာ– တင်ဒါများကြေညာခြင်း) ပွင့်လင်းမြင်သာမှုနှင့် တာဝန်ခံမှု ရှိစေရမည် ဖြစ်ပြီး၊ မိမိပြည်တွင်း လူသားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေး၊ အလုပ်အကိုင် အခွင့်အလမ်း ဖန်တီးရေး၊ ဒေသခံစီးပွားရေး လုပ်ငန်းများ စီးပွားရေး အခွင့်အလမ်း ရစေရေး၊ နည်းပညာ တိုးတက်ရရှိရေးတို့ကို အခြေခံရမည်။

(၁၅) ပြည်နယ်အစိုးရများသည် သဘာဝအရင်းမြစ်များ ရေရှည်တည်တံ့ခိုင်မြဲရန် အတွက် ယင်းတို့အား ထုတ်ယူသုံးစွဲရာတွင် စနစ်ကျသော ထုတ်ယူသုံးစွဲမှု စနစ် ဖြင့် လုပ်ဆောင်ရမည်။

(၁၆) ပြည်နယ်၏အကျိုးစီးပွားနှင့် ကိုက်ညီသော အသေးစား၊ အလတ်စား၊ စီးပွားရေး လုပ်ငန်းများကို (အထူးသဖြင့် ဒေသခံ စီးပွားရေးလုပ်ငန်းရှင်များက ဦးဆောင်သော) ဖွံ့ဖြိုးတိုးတက်အောင် အခွင့်အလမ်းများကို ပြည်နယ်အစိုးရက ဆောင်ရွက်ပေး ရမည်။

(၁၇) ပြည်နယ်အစိုးရများသည် ပြည်ထောင်စုအဆင့် စီးပွားရေးမူဝါဒကို ဩဇာ သက် ရောက်ရန် သင့်လျော်၍ အဓိပ္ပါယ်ရှိသော အဖွဲ့အစည်းဆိုင်ရာ ကြိုတင် စီစဉ်မှုများ ထားရှိရမည်။

(၁၈) ပြည်နယ်အစိုးရများသည် ပြည်တွင်းစီးပွားရေးလုပ်ငန်းများနှင့် ပတ်သက်၍ အထူးသဖြင့် ဒေသခံနယ်မြေများရှိ အသေးစားနှင့် အလတ်စားစီးပွားရေး လုပ်ငန်း များကို မြှင့်တင်ရမည်။

(၁၉) ပြည်နယ်အစိုးရများသည် စီးပွားရေးလုပ်ငန်းဆိုင်ရာ မူဝါဒချမှတ်ရာတွင် လူသား အရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေး၊ အလုပ်အကိုင်အခွင့်အလမ်း ဖန်တီးရေး၊ နည်းပ ညာ သုံးစွဲရေးတို့ကို အခြေခံပြီး အခွန်ဘဏ္ဍာ ရရှိစေရေးကို အားပေးခြင်းဖြင့် ပြည်သူလူထုအား အကျိုးပြုခြင်းကို ဖြစ်ပေါ်စေသည့် အစီအမံရှိရမည်။

(၂၀) ဒေသအစိုးရများ (Subnational Governments) သည် စီးပွားရေးလုပ်ငန်းဆိုင်ရာ အကောင်အထည်ဖော်မှုများကြောင့် လူပုဂ္ဂိုလ်တဦးတယောက် သို့မဟုတ် ဒေသ တွင်း စီးပွားရေးလုပ်ငန်းများအပေါ် လွန်ကဲသော ဝန်ထုပ်ဝန်ပိုး မဖြစ်ပေါ်ရေး ကြိုးကြပ်ရမည်။ M&E လုပ်ဆောင်ရမည်။

(၂၁) ပြည်နယ်အစိုးရများသည် အတိတ်ကကြုံတွေ့ခဲ့ရသည့် ပြည်တွင်းစီးပွားရေး လုပ်ငန်းများဆိုင်ရာ ပြည်တွင်းနှင့် နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှုများ၏ စိန်ခေါ်မှု များကို ထည့်သွင်းစဉ်းစားခြင်းနှင့် ယင်းအတွက် လိုအပ်သော ချိန်ညှိမှုများ ပြုလုပ် ပြီး ပြည်တွင်းနှင့် နိုင်ငံခြား စီးပွားရေးလုပ်ငန်းများ ပါဝင်သော ယှဉ်ပြိုင်မှုကို အားပေးရမည်။

(၂၂) နိုင်ငံခြား ရင်းနှီးမြှုပ်နှံသူများ၏ ရင်းနှီးမြှုပ်နှံမှုများအားလုံးသည် နိုင်ငံတကာက သတ်မှတ်ထားသော သဘာဝပတ်ဝန်းကျင်ဆိုင်ရာနှင့် လူမှုရေး ရေရှည်တည်တံ့မှု စံနှုန်းများနှင့် ကိုက်ညီရမည်။

(၂၄) အသေးစားနှင့်အလတ်စား စီးပွားရေးလုပ်ငန်းများသည် ပြည်နယ်အစိုးရ အုပ်ချုပ်မှု အောက်၌ရှိပြီး ဒေသအကျိုးစီးပွားနှင့် ကိုက်ညီသော လုပ်ငန်းများအဖြစ် တည်ရှိရန် ပြည်နယ်အစိုးရ၌ တာဝန်ရှိသည်။

(၂၅) ပြည်နယ်အစိုးရများသည် လူမှုစီးပွားလုပ်ငန်းဆိုင်ရာ အခွင့်အလမ်းများကို ဖော်ထုတ်ရာတွင် ဒေသခံ တိုင်းရင်းသားလုပ်ငန်းရှင်များ၊ စီးပွားရေးဆိုင်ရာ တိုင်းရင်းသားအသင်းအဖွဲ့များနှင့် ဒေသခံ တပိုင်တနိုင် ပုဂ္ဂလိက လုပ်ငန်းများ ပါဝင်စေရမည်။ ထို့ပြင် အရင်းအနှီးအခွင့်အလမ်းများလည်း ဖန်တီးပေးရမည်။

(၂၆) ပြည်နယ်အစိုးရများသည် ပြည်ထောင်စုအဆင့် စီးပွားရေးမူဝါဒကို ဩဇာသက်ရောက်ရန် သင့်လျော်၍ အဓိပ္ပါယ်ရှိသော အဖွဲ့အစည်းဆိုင်ရာ ကြိုတင်စီစဉ်မှုများ ထားရှိရမည်။

(၂၇) ပြည်ထောင်စု၊ ပြည်နယ်နှင့် ဒေသန္တရ အစရှိသည့် ဒီမိုကရေစီနည်းကျ ရွေးကောက်တင်မြှောက်ခံရသော အစိုးရအဖွဲ့ အဆင့်တိုင်းသည် ၎င်းတို့၏ ကိုယ်ပိုင် ရသုံးခန့်မှန်းခြေ ငွေစာရင်းအပေါ် လုပ်ပိုင်ခွင့်အာဏာ ရှိသည်။

(၂၈) ပြည်နယ်အစိုးများ၏ လုပ်ပိုင်ခွင့်များတွင်အရ အသုံးခန့်မှန်းခြေ ငွေစာရင်း ရေးဆွဲခွင့်နှင့် အခွန်ဘဏ္ဍာ ကောက်ခံပိုင်ခွင့်၊ သုံးစွဲပိုင်ခွင့်နှင့် စီမံခန့်ခွဲပိုင်ခွင့်တို့ ပါဝင်ရမည်။

(၂၉) ပြည်နယ်အစိုးများ၏ ကောက်ခံရရှိသောငွေကြေးနှင့် သုံးစွဲမည့်ငွေကြေး ကိစ္စရပ်များအပေါ် ပြည်သူများအနေဖြင့် သိရှိပိုင်ခွင့်ရှိရမည်။

(၃၀) ပြည်နယ်များအကြား တိုင်းတာ၍ရရှိနိုင်သော အညွှန်းကိန်း (Indication Based) နှင့် ရင်းမြစ်အခြေပြု (Derivation Based) တို့ ပေါင်းစပ်ထားသည့် အခွန်ဘဏ္ဍာ ခွဲဝေခြင်းအစီအမံအား ထားရှိရမည်။

(၃၁) လူဦးရေ၊ ပထဝီအနေအထား၊ ဝင်ငွေ၊ ကုန်ကျစရိတ်၊ စွမ်းဆောင်နိုင်မှု၊ ပညာရည်အဆင့်များနှင့် စီးပွားရေးအခွင့်အလမ်းများအပေါ် အခြေခံသည့် မျှတမှုအခြေခံငွေပေးချေမှုစနစ် (Horizontal Equalization Payment System) ကို ပြည်နယ်များအကြား တည်ဆောက် အကောင်အထည် ဖော်ရမည်။

(၃၂) သဘာဝသယံဇာတ အခွန်ဘဏ္ဍာများအတွက် မျှတမှုအခြေခံ ငွေပေးချေမှုစနစ် (Equalization Payment System) အား တည်ဆောက်ခွဲဝေခြင်းနှင့်အတူ ကုန်ထုတ်လုပ်သည့် ပြည်နယ်များမှ ကုန်ထုတ်လုပ်ခြင်းမရှိသော ပြည်နယ်များသို့ လွှဲပြောင်းသော ခိုင်ကြေးရာခိုင်နှုန်း၊ မမျှော်လင့်သော အခွင့်အလမ်းမှ ရသောဝင်ငွေ (Windfall Tax) နှင့် အခြားအခွန်များ စသည်တို့အား ပြည်နယ်များအကြား အလျားလိုက် လွှဲပြောင်းခြင်း (Horizontal Equalization Payment) ဖြင့်သော်လည်းကောင်း၊ ပြည်ထောင်စုအစိုးရမှ ပြည်နယ်များသို့ လွှဲပြောင်းသောအမြတ်ခွန် (Profit Tax)၊ ရှယ်ယာတန်ဖိုးပိုင်ဆိုင်မှု (Equity Ownership) နှင့် အခြားအခွန်များ စသည်တို့အား

ဒေါင်လိုက်လွှဲပြောင်းခြင်း (Vertical Equalization Payment) ဖြင့်လည်းကောင်း ခွဲဝေရမည်။

(၃၃) သဘာဝသယံဇာတ အရင်းအမြစ်များနှင့် သဘာဝသယံဇာတ မဟုတ်သော အရင်းအမြစ်များမှ ရရှိသောအခွန်ဘဏ္ဍာတို့အတွက် အခွန်ဘဏ္ဍာခွဲဝေခြင်း ပုံနည်းစနစ် (Formula) များကို စနစ်တကျ စီစဉ်ပြဋ္ဌာန်းထားရမည်။

(၃၄) ဒေသအစိုးရများက တနှစ်အတွင်း ရရှိခဲ့သော အခွန်ဘဏ္ဍာကို နောက်တနှစ် မတိုင်မီအထိ သို့မဟုတ် ယင်းအခွန်ဘဏ္ဍာကို ဒေသအစိုးရက သုံးစွဲရန် ရွေးချယ်ထားသော မည်သည့်နှစ်မဆိုအထိ ဆက်လက်ထိန်းသိမ်း ပိုင်ခွင့်ရှိသည်။

(၃၄) ပြည်နယ်အစိုးရများအနေနှင့် ကိုယ်ပိုင်ကောက်ခံပိုင်ခွင့်ရှိသော အခွန်ဘဏ္ဍာအပြင် ပြည်ထောင်စုအစိုးရမှ ကောက်ခံရရှိသော အခွန်ဘဏ္ဍာ၏ သင့်တော်သော အချိုးကို (Transfer) ရပိုင်ခွင့် ရှိစေရမည်။

(၃၅) ပြည်သူများနှင့် စီးပွားရေးလုပ်ငန်းများအားလုံးကို ဝင်ငွေအလိုက် အခွန်ကောက်ခံသည့် ခေတ်မီစနစ်ကျသည့် အခွန်ကောက်ခံ သုံးစွဲသည့်စနစ်ကို တည်ဆောက်ရမည့်အပြင် ယင်းစနစ်ကို ထိရောက်အောင်မြင်စွာ စွမ်းဆောင်နိုင်သည့် အစိုးရဌာနများနှင့် ကျွမ်းကျင်သည့်ဝန်ထမ်းများ ရှိရမည်။

(ဆ) ပုဂ္ဂလိကကဏ္ဍဆိုင်ရာအခြေခံမူများ

(၁) ဒေသအကျိုးစီးပွားနှင့် ကိုက်ညီသော အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ (Small and Medium-sized Enterprises - SMEs) ကို ဖွံ့ဖြိုးတိုးတက်အောင် လုပ်ဆောင်ခြင်းနှင့် ဈေးကွက် အာမခံချက်ရှိအောင် ဖန်တီးဆောင်ရွက်ခြင်းစသည့် SME ဖွံ့ဖြိုးရေးလုပ်ငန်းများကို ပြည်နယ်အစိုးရ အုပ်ချုပ်မှုအောက်၌ အကောင်အထည်ဖော်ရမည်။

(၂) အထူးငွေချေးမှု အစီအစဉ်များအားဖြင့် ချို့တဲ့သော တိုင်းရင်းသား လူနည်းစုများနှင့် ပဋိပက္ခဒဏ်ခံရသော ပြည်သူများ၏ စီးပွားရေးလုပ်ငန်းများသို့ စီးပွားဖြစ်ငွေချေးမှုကို ဦးစားပေး မြှင့်တင်ရမည်။

(၃) ပဋိပက္ခဒဏ်ခံရသော ပြည်သူလူထုများကို ကူညီရန် ပဋိပက္ခအလွန် အသေးစားငွေချေးလုပ်ငန်း အစီအစဉ်များ ဖွံ့ဖြိုးရေးအတွက် (နိုင်ငံတကာ အဖွဲ့အစည်းများနှင့် ပူးပေါင်း၍) အသေးစား ငွေချေးလုပ်ငန်း ပြုပြင်ပြောင်းလဲမှုနှင့် ဖွံ့ဖြိုးတိုးတက်ရေး ရှိရမည်။

(၄) ဆင်းရဲချို့တဲ့သော၊ ထိခိုက်ခံရလွယ်သော/ ခုခံနိုင်စွမ်း နည်းပါးသော (Vaulnerable) ပဋိပက္ခဒဏ်ခံရသော ပြည်သူလူထုအပေါ် အထူးအလေးထားမှုနှင့်အတူ စိုက်ပျိုးရေးဆိုင်ရာ ငွေချေးခြင်း၊ သီးနှံအာမခံနှင့် အခြားသော စိုက်ပျိုးရေးဆိုင်ရာ စီမံချက်များ ပြုပြင်ပြောင်းလဲမှုကို ဦးစားပေးခြင်း ရှိရမည်။

(ဇ) လူသားအရင်းအမြစ်နှင့် လူသားအရင်းအနှီးများ ဖွံ့ဖြိုးတိုးတက်ရေး အခြေခံမူများ ရေရှည်တည်တံ့ခိုင်မြဲပြီး စွမ်းဆောင်ရည်ရှိသည့် လူသားအရင်းအမြစ် ဖွံ့ဖြိုး တိုးတက်ရေး အတွက် အထူးစီမံကိန်းများကို စီးပွားရေးမူဝါဒ ပြုပြင်ပြောင်းလဲမှုများနှင့်အတူ အောက်ပါ အတိုင်း လုပ်ဆောင်ရမည်။

(၁) ပြည်ထောင်စုအဆင့်မှ ပြုလုပ်သည့် လူသားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်းများ၏ ပြည်တွင်း၊ ပြည်ပကာလတို စွမ်းအင်မြှင့်တင်ရေး သင်တန်းများတွင် ပြည်နယ်များမှလည်း တက်ရောက်ပိုင်ခွင့်ရှိရမည်။

(၂) ပြည်ထောင်စုအဆင့်မှ လူသားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြုလုပ်သည့် ကာလရှည် နိုင်ငံရပ်ခြား ပညာတော်သင် အစီအစဉ်များတွင် ပြည်နယ်များမှလည်း တက်ရောက်သင်ကြားပိုင်ခွင့် ရှိရမည်။

(၃) ကဏ္ဍအသီးသီးအတွက် ချက်ချင်းဖြည့်ဆည်း အကောင်အထည်ဖော်ရန် လိုအပ်သည့် အမျိုးသားအဆင့် လူသားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ယန္တရားတရပ်အား ပြည်ထောင်စုအစိုးရ၊ ပြည်နယ်အစိုးရနှင့် နိုင်ငံတကာအဖွဲ့အစည်းများ ပါဝင်ကာ ဖွဲ့စည်းထားသည့် ပူးပေါင်းဆောင်ရွက်မှုအခြေခံဖြင့် သက်ဆိုင်ရာ အစီအစဉ်များကို ရေးဆွဲအကောင်အထည်ဖော်ရမည်။

(၄) လူသားအရင်းအမြစ်နှင့် အရင်းအနှီးများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြည်နယ်များအကြား အသိပညာဗဟုသုတနှင့် အတွေ့အကြုံများဖလှယ်ရေး အစီအစဉ်များ ပူးပေါင်းရေးဆွဲ အကောင်အထည်ဖော်ခြင်း ရှိစေရမည်။

(၅) စီးပွားရေးနှင့် ငွေကြေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်သည့် ပြည်တွင်း၊ ပြည်ပရှိ နိုင်ငံသားပညာရှင်များနှင့် နိုင်ငံခြားသား ပညာရှင်များကို ကာလတခုအတွင်း ခေါ်ယူခန့်အပ်ကာ နည်းပညာလွှဲပြောင်းမှု အစီအစဉ်များဖြင့် တွဲဖက်လုပ်ဆောင်ရမည်။

(၆) စီးပွားရေးဆိုင်ရာကိစ္စရပ်များ၌ ဦးဆောင်မှုအခန်းကဏ္ဍတွင် လူငယ်နှင့် အမျိုးသမီးများ ပါဝင်မှုကို မြှင့်တင်ပေးရမည်။

(ဈ) ပြည်သူလူထု အခန်းကဏ္ဍဆိုင်ရာ အခြေခံမူများ

လွန်ခဲ့သောကာလများတွင် နိုင်ငံတော်၏ စီးပွားရေးဆိုင်ရာဥပဒေများ၊ နည်းဥပဒေများတွင် နိုင်ငံတကာအသိအမှတ်ပြုထားသည့် သဘာဝပတ်ဝန်းကျင်နှင့် လူမှုပတ်ဝန်းကျင်ဆိုင်ရာ စံချိန်စံညွှန်းနှင့် လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ရေရှည်တည်တံ့ခိုင်မြဲမှုကို အားပေးသည့် အခြေခံများ ပါဝင်မှုအားနည်းခြင်း ရှိခဲ့သည်။ ထို့နောက် ယင်းစီးပွားရေး မူဝါဒများ၊ ဥပဒေများနှင့် နည်းဥပဒေများ အဆင်သင့် မဖြစ်သေးမီကာလတွင် ဝင်ရောက်

လုပ်ကိုင်ခဲ့သည့် စီးပွားရေးနှင့် ဖွံ့ဖြိုးရေး အခြေခံအဆောက်အဦးဆိုင်ရာ လုပ်ငန်းစဉ်များကြောင့် ပြည်သူများအတွက် မလိုလားအပ်သော ယုံကြည်မှုတည်ဆောက်ရေး အခြေခံများအား ထိခိုက်စေခြင်း၊ ဝန်ထုပ်ဝန်ပိုးများ ဖြစ်ပေါ်စေခြင်း၊ ကုမ္ပဏီနှင့် ဒေသခံပြည်သူလူထုအကြား ပဋိပက္ခဖြစ်ပေါ်စေခြင်းနှင့် ပြည်သူလူထု၏ လူမှုဘဝနှင့်အကျိုးစီးပွား ထိခိုက်စေခြင်း စသည်တို့ ရှိခဲ့သည်။ ယင်းတို့ကို ပြန်လည်သုံးသပ်ရန်နှင့် ဖြစ်ပေါ်လာနိုင်သည့်အကျိုးဆက်များကို ကာကွယ်ရန် အောက်ပါ အခြေခံမှုများဖြင့် အကောင်အထည်ဖော်ရန် လိုအပ်ပါမည်။

ပြည်သူများပါဝင်ဆုံးဖြတ်ခွင့်

(၁) နိုင်ငံတကာစီးပွားရေးနှင့် ကုန်သွယ်မှုဆိုင်ရာ သဘောတူညီချက်များ အပါအဝင် ပြည်ထောင်စုစီးပွားရေးမူဝါဒများ ချမှတ်ဆောင်ရွက်ရာတွင် ပြည်နယ်အစိုးရများ၊ ဒေသတွင်းရှိ အဖွဲ့အစည်းများနှင့် ပြည်သူများ ပါဝင်ဆုံးဖြတ်ခွင့် ရှိစေရမည်။

(၂) နိုင်ငံသားများအားလုံး တန်းတူရည်တူ ပါဝင်ခွင့်နှင့် အကျိုးခံစားခွင့်ရှိသော ရေရှည်တည်တံ့သော စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို ဖော်ဆောင်ရမည်။

(၃) ပြည်နယ်တွင်း လာရောက်လုပ်ကိုင်သော နိုင်ငံခြား/ပြည်တွင်း ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းများတွင် ပြည်နယ်အစိုးရများနှင့် သက်ဆိုင်သော ဒေသခံများအနေနှင့် ဆုံးဖြတ်ချက်ချသောနေရာ၌ ပူးပေါင်းပါဝင်ခွင့် ရှိရမည်။

(၄) တိုင်းရင်းသားဒေသများတွင် အစိုးရက လက်ရှိခွင့်ပြုထားသော အကြီးစား စိုက်ပျိုးရေးနှင့် မွေးမြူရေးဆိုင်ရာလုပ်ငန်းများအပါအဝင် ပြုလုပ်ရန်ရှိသည့် အလားတူလုပ်ငန်းများ ဖော်ဆောင်ရာတွင် ဒေသခံပြည်သူများ၏ သဘောထားကို ဦးစွာတောင်းခံ၍ ၎င်းပြည်သူများ၏ လယ်ယာမြေပိုင်ဆိုင်မှု၊ အသက်အိုးအိမ်ကို မထိခိုက်စေဘဲ ၎င်းတို့ဆန္ဒရရှိမှသာ အကောင်အထည် ဖော်ရမည်။

ပြည်သူ့အကျိုးစီးပွား ကာကွယ်စောင့်ရှောက်မှု

(၁) ပြည်သူတဦးချင်းစီ၏ တီထွင်ကြံဆမှုနှင့် စွန့်ဦးတီထွင်မှုများ အကျိုးကျေးဇူး ခံစားခွင့်ကို ကာကွယ်ရန် ဉာဏ်ပိုင်ဆိုင်မှု အခွင့်အရေး (Intellectual Property Right) ဆိုင်ရာမူဝါဒနှင့် ဥပဒေများ ချမှတ်ခြင်း ရှိရမည်။

(၂) ဌာနေတိုင်းရင်းသား ပြည်သူများ၏ လူမှုရေး၊ စီးပွားရေးနှင့် ရိုးရာဆိုင်ရာ အခွင့်အရေးကို အကာအကွယ်ပေးပြီး တိုင်းပြည်နှင့်ပြည်သူအများတွက် ရေရှည်တည်တံ့ ခိုင်မြဲ၍ အကျိုးရှိသော လူမှုစီးပွားရေးလုပ်ငန်းများကို ဖော်ဆောင်ရမည်။

(၃) ဌာနေတိုင်းရင်းသား ပြည်သူများ၏ အားသန်ရာ မူလစီးပွားရေး လုပ်ငန်းများ (ဥပမာ– စိုက်ပျိုးရေး၊ မွေးမြူရေး၊ အသေးစား ကုန်ထုတ်လုပ်ငန်းများ၊ အစားအသောက်၊ ခရီးသွားနှင့် တည်းခိုခန်းစသည့် အခြား ဝန်ဆောင်မှုလုပ်ငန်းများ) တို့ကို

ရှင်သန်ကြီးထွားရေးအတွက် လိုအပ်သော နည်းပညာ၊ ငွေကြေးနှင့် ကျွမ်းကျင် လုပ်သားများ ရရှိရေးတို့ကို သက်ဆိုင်ရာ အစိုးရများမှ အားပေးအားမြှောက် ပြုရမည်။

(၄) ပြည်တွင်းပြည်ပမှ လာရောက်လုပ်ဆောင်သော ရင်းနှီးမြှုပ်နှံမှုနှင့် စီးပွားရေး လုပ်ငန်းများ လုပ်ဆောင်ရာတွင် ဒေသခံ လူ့အသိုက်အဝန်းများကို မထိခိုက် စေဘဲ၊ ဒေသခံများအတွက် အလုပ်အကိုင်၊ နည်းပညာ၊ လူနေမှုဘဝ မြှင့်တင်ရန် အခွင့်အလမ်းများ ရရှိစေရမည့်အပြင် သက်ဆိုင်ရာ ဒေသခံများ၏ ရိုးရာဓလေ့ ထုံးတမ်းစဉ်လာများနှင့် လိုက်လျောညီထွေမှု ရှိရမည်။

(၅) နိုင်ငံသားများ၏ အလုပ်အကိုင်အခွင့်အလမ်း၊ ဝင်ငွေနှင့် လူမှုစီးပွားဘဝ တိုးတက် မြင့်မားရေးတို့ကို တိုက်ရိုက်အကျိုးပြုသည့် စီးပွားရေးကဏ္ဍများကို မြှင့်တင်ရမည်၊ ယင်းကဏ္ဍများကို မြှင့်တင်ရာ၌ အမျိုးသမီးများနှင့် အမျိုးသားများတန်းတူ အကျိုး ခံစားခွင့် ရှိရမည်။

(၆) သဘာဝသယံဇာတ အရင်းအမြစ်များ ထုတ်ယူအသုံးပြုရာတွင် ဒေသခံ ပြည်သူများ ၏ အကျိုးစီးပွားကို ထိခိုက်မှု မရှိစေရေးနှင့် တန်းတူညီမျှစွာ ခွဲဝေခံစားမှုများ ရရှိစေရေးကို အလေးထားဖော်ဆောင်ရမည်။

(၇) ဒေသအတွင်း စီးပွားရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် ပြည်နယ်အစိုးရများ သည် ဒေသခံများအား စိတ်ပိုင်းဆိုင်ရာ၊ ရုပ်ပိုင်းဆိုင်ရာ ထိခိုက်မှု မရှိအောင် ကြီးကြပ်ရမည်။

(၈) နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှုစီမံကိန်းများ၏ ကျွမ်းကျင်လုပ်သားများနှင့် လုပ်ငန်း ကျွမ်းကျင်မှု မလိုအပ်သည့်လုပ်သားများ ခေါ်ယူရာတွင် ၎င်းလုပ်ငန်းအကောင်အ ထည်ဖော်ရာ ပြည်နယ်အတွင်း နေထိုင်သည့် ဒေသခံပြည်သူလူထုမှ ပါဝင်နိုင်ရေး ရည်ရွယ်ပြီး ရာခိုင်နှုန်းတရပ် သတ်မှတ်ခြင်းဖြင့် ရှာဖွေငှားရမ်း အလုပ်ခန့်အပ် စေရမည်။

(၉) ဒေသခံပြည်သူလူထုက မိရိုးဖလာအရ ပိုင်ဆိုင်သော လယ်ယာမြေများ၊ တောင်ယာ မြေများနှင့် စားကျက်မြေများပေါ်၌ ပုဂ္ဂလိက (သို့) နိုင်ငံခြား ကုမ္ပဏီများမှ စိုက် ပျိုးရေးလုပ်ငန်းများ လုပ်ဆောင်ရာတွင် ဒေသခံတို့၏ ဆန္ဒအလျောက် ဆုံးဖြတ် ပိုင်ခွင့်အပေါ် အခြေခံရမည်။

(၁၀) စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများ ဖော်ဆောင်ရာတွင် ဌာနေ တိုင်းရင်းသား ပြည်သူများကို ဦးစားပေးသည့် စိုက်ပျိုးရေးနှင့် မွေးမြူရေးစနစ် ဖော်ဆောင် ရမည်။

(၁၁) ဒေသတွင်း ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများသည် လူသားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက် ရေး၊ အလုပ်အကိုင်အခွင့်အလမ်း ဖန်တီးရေးနှင့် နည်းပညာရရှိရေး တို့ကို ဖော် ဆောင်ရမည်။

(၁၂) ရင်းနှီးမြှုပ်နှံမှုစီမံကိန်းများသည် ဒေသခံ လူ့အသိုက်အဝန်းများကို မထိခိုက်စေဘဲ ဒေသခံများ၏ ဖွံ့ဖြိုးမှုများတွင် ပါဝင်ခြင်းအကျိုးအမြတ် ခံစားခွင့် ရှိရမည်။
(၁၃) အလုပ်သမားအခွင့်အရေးသည် နိုင်ငံတကာ စံချိန်စံညွှန်းနှင့်အညီ ဖြစ်ရမည်။

ပွင့်လင်းမြင်သာမှု

(၁) အတည်ပြု အကောင်အထည်ဖော်မည့် စီမံကိန်းများ၊ ဥပဒေများ၊ မူဝါဒများနှင့် အမိန့်ပြန်တမ်းများအားလုံးအပေါ် အများပြည်သူသိရှိစေရန် မဖြစ်မနေ ပြုလုပ်ရမည်။
(၂) ပြည်ထောင်စုအစိုးရနှင့် ပြည်နယ်အစိုးရများ၏ စီးပွားရေးလုပ်ငန်းဆိုင်ရာ အကောင်အထည်ဖော်မှုများကို ဒေသခံပြည်သူများမှ လွတ်လပ်စွာ သိရှိ ပါဝင်ခွင့်၊ သဘောတူညီခွင့်၊ သဘောထားကွဲလွဲခွင့် ရှိစေရမည်။
(၃) ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ၏ ဖြစ်ပေါ်လာနိုင်သည့် အကျိုးဆက်များ အားလုံးနှင့် စပ်လျဉ်း၍ ဒေသခံပြည်သူများ၏ ကြိုတင်သိရှိ၍ နားလည် သဘောပေါက်ကာ လွတ်လပ်စွာ ဆုံးဖြတ်သော သဘောတူညီမှု (Free, Prior and Informed Consent - FPIC) ရှိရမည်။
(၄) အများပြည်သူ ကြားနာနိုင်ခြင်း (Public Hearings) နှင့် အများပြည်သူနှင့် ဆွေးနွေး တိုင်ပင်ခြင်း (Public Consultation) များသည် အဖြစ်သဘော မဟုတ်ဘဲ အလေး အနက်ထား၍ အနှစ်သာရရှိစွာ ဆောင်ရွက်ရေးအတွက် ရှင်းလင်းကောင်းမွန်စွာ အဓိပ္ပါယ်ဖွင့်ဆိုထားသော မူဝါဒများ ချမှတ်ရမည့် အပြင် လိုက်နာဆောင်ရွက်မှု ရှိမရှိကိုလည်း ကြပ်မတ်ရမည်။
(၅) မူဝါဒချမှတ်ခြင်း လုပ်ငန်းစဉ်အတွင်း သက်ဆိုင်သူများသည် ပွင့်လင်း မြင်သာမှု နှင့် သတင်းအချက်အလက်များ ရယူနိုင်ခြင်း ရှိစေရမည်။
(၆) ရင်းနှီးမြှုပ်နှံမှုအသစ်များအတွက် လုပ်ပိုင်ခွင့်ပေးအပ်ရေးဆိုင်ရာ ဆုံးဖြတ်ချက် ချမှတ်ခြင်းတို့တွင် သက်ဆိုင်ရာ အစိုးရအဖွဲ့အစည်း၏ ဒီမိုကရေစီနည်းကျ ဆုံးဖြတ်ချက်ချမှတ်မှု မပြုမီ သက်ဆိုင်သူများအားလုံးမှ အနည်းဆုံး တလအလို သိရှိနားလည်သဘောပေါက်မှု ရှိထားရမည်။
(၇) ပြည်နယ်အစိုးရများနှင့် ဒေသန္တရအစိုးရများသည် စီမံကိန်းများတွင် လူမှုရေး တာဝန်ခံမှု (Social Accountability) ရှိသော အခြေအနေတရပ်ကို စီးပွားရေး လုပ်ငန်းများ၊ ဒေသတွင်းရှိ အရပ်ဖက် အဖွဲ့အစည်းများနှင့် ပြည်သူလူထုများနှင့်အတူ ပူးပေါင်းဖန်တီး ပေးနိုင်ရမည်။
(၈) အစိုးရမှ ဝယ်ယူသုံးစွဲမှုများ (Government Procurement) အတွက် တင်ဒါများ၊ လုပ်ငန်းပါမစ်များထုတ်သည့် လုပ်ငန်းစဉ်သည် မည်သူမဆို လွတ်လပ်စွာ ပါဝင် ယှဉ်ပြိုင်ခွင့်ကို အခြေခံ၍ လုပ်ဆောင်မှု အဆင့်ဆင့်တိုင်းတွင် ပွင့်လင်းမြင်သာမှု၊

တာဝန်ယူမှုနှင့် တာဝန်ခံမှုတို့ ရှိရမည်။

ချေးငွေနှင့် အခြားကူညီထောက်ပံ့မှုများ

(၁) အသေးစား ငွေစုငွေချေးလုပ်ငန်းများကို ဖွံ့ဖြိုးတိုးတက်စေပြီး ၎င်းတို့ အချင်းချင်း အကြား ပူးပေါင်းဆောင်ရွက်မှုကို မြှင့်တင်ကာ လူထုအခြေပြု ဘဏ္ဍာရေး အရင်း အမြစ် ဖော်ထုတ်ရမည်။

(၂) စိုက်ပျိုးရေးနှင့် မွေးမြူရေးဆိုင်ရာ ဘဏ္ဍာရေးကဏ္ဍအပေါ် လက်ဝါးကြီး ချုပ်ကိုင်မှု ပပျောက်စေရေးအတွက် စိုက်ပျိုးရေးနှင့် မွေးမြူရေးကဏ္ဍ၏ ဘဏ္ဍာရေးဆိုင်ရာ ပြုပြင်ပြောင်းလဲမှုကို ဦးစားပေး လုပ်ဆောင်ခြင်း အပါအဝင် ထိရောက်သော စိုက်ပျိုးရေးနှင့် မွေးမြူရေးဆိုင်ရာ ငွေချေးမှုများ ဖြစ်ပေါ်စေရမည်။

(၃) ဆင်းရဲချို့တဲ့သော၊ ထိခိုက်ခံရလွယ်သော/ ခုခံနိုင်စွမ်းနည်းပါးသော (Vaulnerable)၊ ပဋိပက္ခဒဏ်ခံရသော ပြည်သူလူထုအပေါ် အထူးအလေးထားမှုနှင့်အတူ ၎င်းတို့ကို ဦးတည်သော စိုက်ပျိုးရေးနှင့် မွေးမြူရေးဆိုင်ရာ ငွေချေးခြင်းလုပ်ငန်း ပြုပြင်ပြောင်းလဲမှု အကောင်အထည်ဖော်ခြင်း၊ သီးနှံ အာမခံနှင့် အခြားသော စိုက် ပျိုးရေးနှင့် မွေးမြူရေးဆိုင်ရာ စီမံချက်များ ပြုပြင်ပြောင်းလဲမှုကို ဦးစားပေး လုပ် ဆောင်ရမည်။

(၄) ပဋိပက္ခဒဏ်ခံရသော ပြည်သူလူထုများကို ကူညီရန် ပဋိပက္ခလွန် အသေးစား ငွေချေးလုပ်ငန်း အစီအစဉ်များ ဖွံ့ဖြိုးရေးအတွက် (နိုင်ငံတကာ အဖွဲ့အစည်းများ နှင့် ပူးပေါင်း၍) အသေးစားငွေချေးလုပ်ငန်း ပြုပြင်ပြောင်းလဲမှုနှင့် ဖွံ့ဖြိုးတိုးတက် ရေး လုပ်ဆောင်ရမည်။

(၅) စိုက်ပျိုးရေးနှင့် မွေးမြူရေးကဏ္ဍနှင့် စပ်လျဉ်း၍ ပြည်ထောင်စုအစိုးရနှင့် ပြည်နယ် အစိုးရမှ ချေးငွေများပေးအပ်သည့် ယန္တရားတရပ် ဖော်ဆောင်ပေး၍ ထောက်ပံ့ ငွေများ (Subsidies) ထားရှိပြီး အသုံးပြုပေးရမည်။ ယင်းထောက်ပံ့ငွေများ ပေးရာတွင်လည်း အတိုးနှုန်းထား အနည်းဆုံးဖြင့် ပေးရမည်။

(၆) အထူးငွေချေးမှု အစီအစဉ်များအားဖြင့် ချို့တဲ့သော တိုင်းရင်းသား လူနည်းစု များနှင့် ပဋိပက္ခဒဏ်ခံရသော ပြည်သူများ၏ စီးပွားရေးလုပ်ငန်းများသို့ စီးပွားဖြစ် ငွေချေးမှုကို ဦးစားပေး မြှင့်တင်ရမည်။

(၇) အစိုးရအနေဖြင့် ၎င်း၏ယန္တရားလည်ပတ်မှုအား စောင့်ကြည့်လေ့လာနိုင်ရေး အတွက် လွတ်လပ်သော အရပ်ဖက် နည်းပညာဆိုင်ရာ အဖွဲ့အစည်းများကို ဖော်ထုတ်ပြီး ၎င်းတို့၏ တိုးတက်ဖြစ်ပေါ်မှုကို အားပေးသည့် အသေးစား ဘဏ္ဍာ ရေးဆိုင်ရာ ထောက်ပံ့မှုအစီအစဉ်များကို ဖန်တီးပေးရမည်။

(၈) ဒေသထွက်စီးပွားဖြစ် သီးနှံများအပေါ် တရားမျှတသော အခွန်ကောက်ခံသည့် စနစ် ရှိရမည်။

(၉) သဘာဝသယံဇာတ အခွန်ဘဏ္ဍာများကို လူသားအရင်းအနှီးနှင့် စီးပွားရေး ဆိုင်ရာ အခြေခံအဆောက်အဦး ရင်းနှီးမြှုပ်နှံမှုများအတွက် အဓိက သုံးစွဲရမည်။ ကြားကာလတွင် အခြားရေရှည်တည်တံ့သော ဝင်ငွေလမ်းကြောင်းများ ဖွံ့ဖြိုးရေးအတွက် အစီအမံတရပ်ရပ်ရှိနေသ၍ သဘာဝ သယံဇာတ အခွန်ဘဏ္ဍာအချို့ကို လက်ရှိ အသုံးစရိတ်အတွက် အသုံးပြုနိုင်သည်။

(၁၀) အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ လက်လှမ်းမီသည့် ငွေကြေး ဝန်ဆောင်မှုလုပ်ငန်းများ ထူထောင်ခြင်းကို အားပေးမြှင့်တင် ထောက်ကူသွားရမည်။

(၁၁) ဘဏ်လုပ်ငန်းများကို ရှင်သန်စေပြီး၊ သမာအာဇီဝနည်းဖြင့် တိုးတက် အောင်မြင်သော လုပ်ငန်းများ ဆက်လက်ကြီးထွားရန်၊ ပါရမီရှိသော တက်သစ်စ စွန့်ဦးတီထွင် လုပ်ငန်းရှင် (လူငယ်များအပါအဝင်) များ မတည်ငွေ ရနိုင်ရန် ဘဏ်များမှတဆင့် သင့်တော်သော အတိုးနှုန်းများဖြင့် ချေးငွေများ ရနိုင်အောင် ဖန်တီးပေးရမည်။

## ၅။ လတ်တလော ပြန်လည်သုံးသပ်ပြင်ဆင်ရန် လိုအပ်သည့်အချက်များ

(၁) အပစ်ရပ်နယ်မြေများနှင့် ဆက်စပ်သော ဒေသများအတွင်းရှိ ပြည်သူတို့၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးကို ထိရောက်စွာ ဖော်ဆောင်နိုင်ရေးအတွက် မျှတစွာ ထိန်းကွပ်ပေးနိုင်မည့် အစိုးရ၊ NCA လက်မှတ်ရေးထိုးထားသည့် ကရင် တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်းများနှင့် ဒေသခံပြည်သူ့ကိုယ်စားလှယ်များ ပါဝင်သော ပူးတွဲကော်မတီကို အမြန်ဆုံးဖွဲ့စည်းရမည်။

(၂) ထိုကော်မတီအတွက် တိကျရှင်းလင်းသော တာဝန်၊ လုပ်ပိုင်ခွင့်နှင့် စည်းမျဉ်းစည်းကမ်းများ ရေးဆွဲလိုက်နာစေရမည်။

(၃) နိုင်ငံတကာအစိုးရအဖွဲ့အစည်းများနှင့် နိုင်ငံတကာအစိုးရမဟုတ်သော အဖွဲ့အစည်းများသည် ထိုကဲ့သို့သော နယ်မြေများတွင် ၎င်းတို့၏ လုပ်ငန်းများကို ဆောင်ရွက်လိုပါက ယင်းပူးတွဲကော်မတီနှင့် ဆွေးနွေးညှိနှိုင်းလုပ်ဆောင်ရမည်။

(၄) အပစ်ရပ်ဒေသများရှိ ဖွံ့ဖြိုးရေး၊ စီးပွားရေးဆိုင်ရာလုပ်ငန်းများ ကြီးကြပ်ရေး၊ ပဋိပက္ခများ/ပြဿနာများ ကြုံတွေ့နေသည့် စီမံကိန်းများကို ဖြေရှင်းနိုင်ရေး၊ အသစ်ဆောင်ရွက်မည့် စီမံကိန်းများကို အကဲဖြတ်ရေး စသည်တို့တွင် အထက်ဖော်ပြပါ ပူးတွဲကော်မတီနှင့် တိုင်ပင်လုပ်ဆောင်သွားရမည်။

(၅) ပူးတွဲကော်မတီဖွဲ့စည်းနိုင်ခြင်း မရှိသေးသည့်ကာလတွင် အစိုးရ၊ NCA လက်မှတ်ရေးထိုးထားကြသော ကရင်တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်းများနှင့် ဒေသခံပြည်သူလူထု ကိုယ်စားလှယ်များ ပါဝင်သော အရေးပေါ်ကော်မတီ ဖွဲ့စည်းဖြေရှင်းရမည်။

(၆) NCA လက်မှတ်ရေးထိုးထားသော ကရင်တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့များ

(KEAOs) အုပ်ချုပ်မှုနှင့် စီမံခန့်ခွဲမှုအောက်တွင် လုံးလုံးလျားလျားရှိသော ဒေသများ အတွင်း လူမှုစီးပွားရေးလုပ်ငန်းများ ဆောင်ရွက်မည်ဆိုပါက သက်ဆိုင်ရာ KEAOs၊ ဒေသခံလူထုနှင့် ကြိုတင်အသိပေး၊ တိုင်ပင်ညှိနှိုင်းပြီး၊ ခွင့်ပြုချက်ရမှ သာလျှင် ဆောင်ရွက်ရမည်။

(၇) ကရင်တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ (KEAOs) ၏အဖွဲ့ဝင်များနှင့် ၎င်းတို့၏ အုပ်ချုပ်မှုအောက်တွင်ရှိ ဒေသများတွင်ရှိသော လူသားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ နိုင်ငံတကာအဖွဲ့အစည်းများ၏ ပံ့ပိုးမှုများကို ၎င်းတို့မှ တိုက်ရိုက် လက်ခံရယူနိုင်ရမည်။

(၈) ငြိမ်းချမ်းရေးဖော်ဆောင်ဆဲဖြစ်သည့် ကြားကာလအတွင်း အပစ်ရပ်နယ်မြေနှင့် နှစ်ဘက်လွှမ်းမိုးသော နယ်မြေများတွင် အခွန်စည်းကြပ်မှုဆိုင်ရာကိစ္စများကို အစိုးရနှင့် တိုင်းရင်းသားလက်နက်ကိုင်များအကြား နှစ်ဦးနှစ်ဘက် အကြေအလည် ညှိနှိုင်းဆွေးနွေး သဘောတူထားရမည်။

(၉) အခွန်စည်းကြပ်မှုဆိုင်ရာ သင့်လျော်သည့် နှစ်ဘက်သဘောတူထားသော မူဝါဒ များကို ချမှတ်ပြီး အများပြည်သူကို ရှင်းလင်းအသိပေးခြင်းဖြင့် ပြည်သူများ အတွက် မလိုလားအပ်သော ဝန်ထုပ်ဝန်ပိုးဖြစ်စေမှုများကို ရှောင်ရှားနိုင်မည် ဖြစ်သည်။

(၁၀) ကြားကာလအတွင်း သတ်မှတ်ထားသော နယ်မြေများတွင် ဒေသခံပြည်သူ လူထု တို့၏ မိရိုးဖလာ မြေယာပိုင်ဆိုင်မှုကို အသိအမှတ်ပြုပြီး မြေယာပိုင်ဆိုင်မှု အာမခံ ချက်ရှိရေး၊ မြေယာဥပဒေ ပြင်ဆင်ပြဋ္ဌာန်းနိုင်ရေးအတွက် အစိုးရနှင့် ကရင် တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့များအကြား ညှိနှိုင်းဆောင်ရွက်ရမည်။

(၁၁) ငြိမ်းချမ်းရေးလုပ်ငန်းစဉ် အကောင်အထည်ဖော်နေစဉ်နှင့် နိုင်ငံရေးဆွေးနွေးမှုများ ပြုလုပ်နေစဉ်ကာလတွင် ဒေသခံပြည်သူများ၏ ဘဝရပ်တည်မှုကို ခြိမ်းခြောက်သော အကြီးစား စီမံကိန်းများအား ကာလတခုအထိ ရပ်ဆိုင်းထားကာ စနစ်တကျ ပြန်လည်သုံးသပ်ခြင်းနှင့် စီမံကိန်းအသစ်အား ဒေသခံပြည်သူလူထုမှ လက်ခံနိုင်ပြီး အမျိုးသားပြန်လည်သင့်မြတ်ရေးကို အထောက်အကူပြုသည့် ဥပဒေနှင့် နည်းဥပဒေ ထွက်သည့်အချိန်အထိ ရပ်ဆိုင်းထားရမည်။

(၁၂) ယခင်အစိုးရများမှ ခွင့်ပြုထားခဲ့သော ဒေသခံပြည်သူလူထု အကျိုးစီးပွားနှင့် သဘာဝ ပတ်ဝန်းကျင်ကို ထိခိုက်စေသည့် တပင်တိုင် အကြီးစား စိုက်ပျိုးရေးလုပ်ငန်း (Large-Scale Monocropping) များကို ရပ်ဆိုင်းထားပြီး ပြန်လည်သုံးသပ်ခြင်း၊ ထိခိုက်နစ်နာသူ ပြည်သူလူထုအတွက် ဖြေရှင်းမှုပြုခြင်းနှင့် အသစ်ထပ်မံ ခွင့်ပြု ခြင်းများကို ရပ်ဆိုင်းရမည်။

(၁၃) လတ်တလောကာလတွင် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲသော နေရာများတွင် မီတင်း နေထိုင်သော ပြည်သူများ၏ အသက်အိုးအိမ်နှင့် လတ်တလော လူမှုဘဝလုံခြုံရေး

တို့ကို တိုက်ရိုက် အထောက်အကူပြုနိုင်မည့် အောက်ပါလုပ်ငန်းများကို အထက်ဖော်ပြပါ ပူးတွဲကော်မတီနှင့် အခြားသက်ဆိုင်ရာ အဖွဲ့အစည်းများအကြား ထိလွယ်ရှလွယ်သော ငြိမ်းချမ်းရေးတည်ဆောက်မှုဖြစ်စဉ်ကို သွေဖည်ခြင်း မရှိစေဘဲ ညှိနှိုင်း ဆောင်ရွက်ရမည် –

(က) လူသားဘဝလုံခြုံရေးနှင့် လူသားအရင်းအမြစ်ဖွံ့ဖြိုးမှုကို အထောက်အကူ ပြုစေမည့် အခြေခံအဆောက်အအုံဆိုင်ရာ လုပ်ငန်းများ။

(ခ) အလုပ်အကိုင်အခွင့်အလမ်းနှင့် လူမှုဘဝဖူလုံရေးအတွက် အထောက်အကူ ပြုမည့် အသေးစားလုပ်ငန်းများ၊ စွန့်ဦးတီထွင်မှုလုပ်ငန်းများ၊ တပိုင်တနိုင် စိုက်ပျိုး မွေးမြူရေးနှင့် ကူးသန်းရောင်းဝယ်ရေးလုပ်ငန်းများကို အားပေးမြှင့်တင်ရမည်။

(ဂ) သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းခြင်း၊ ဒေသခံပြည်သူတို့၏ လူနေမှုဘဝ တို့နှင့် သဟဇာတရှိစေမည့် စီးပွားရေးလုပ်ငန်းများကို အားပေးမြှင့်တင်ရမည်။

(ဃ) ဒေသခံပြည်သူများ၊ ပဋိပက္ခဒဏ် ခံစားရသူများနှင့် ထိခိုက်ခံရလွယ်သော/ ခုခံနိုင်စွမ်းနည်းပါးသော (Vaulnerable) လူမှုအသိုင်းအဝိုင်းများအတွက် သေးငယ်သော စီးပွားရေးလုပ်ငန်းများ (Microbusinesses) ဖော်ဆောင်ပြီး လိုအပ်သော ချေးငွေများ (Loans) နှင့် ထောက်ပံ့ငွေများ (Grants) များဖြင့် ပံ့ပိုးခြင်း၊ ငွေကြေးနှင့် အခြား စီမံခန့်ခွဲမှုသင်တန်းများ အပါအဝင် စွမ်းဆောင်ရည်မြှင့်တင်သည့် သင်တန်းများကို လိုအပ်သူများ လက်ထဲသို့ လွယ်ကူမြန်ဆန် ချောမွေ့စွာ ဆောင်ကြဉ်းပေးရမည်။

## ၆။ နိဂုံး

ဤစာတမ်း၏ ဖော်ပြချက်များသည် ကရင်တမျိုးသားလုံး၏ မျှော်မှန်းထားသည့် ဒီမိုကရေစီနှင့် ဖက်ဒရယ်ပြည်ထောင်စုသို့ ဦးတည်သည့် စီးပွားရေးဆိုင်ရာ ပြုပြင်ပြောင်းလဲမှု အခြေခံမှုများအပေါ် ထင်ဟပ်သည့် အမြင်သဘောထားများနှင့် အဆိုပြုချက်များဖြစ်ပါသည်။ ပြည်သူလူထု၊ ပြည်နယ်များနှင့် ဒေသတွင်းအသင်းအဖွဲ့များ၏ အရေးပါမှုနှင့် ပါဝင်မှုကို အဆိုပြုကာ စီမံခန့်ခွဲခြင်းနှင့် ဆုံးဖြတ်ခြင်း အခွင့်အာဏာတို့အား အခြေခံအကျဆုံးအဆင့်ဖြစ်သော ပြည်သူလူထုအခန်းကဏ္ဍ ဖော်ထုတ်ခြင်းဖြင့် ပြည်သူဗဟိုပြု လူမှုစီးပွားဖွံ့ဖြိုးရေးဆိုင်ရာ အခြေခံမှုများလည်း ဖြစ်ပါသည်။

အထက်ပါဖော်ပြချက်များသည် ၂၀၁၆ ခုနှစ် မေလ ၁၆ မှ ၂၀ ရက်နေ့အထိ 'လော်ခီးလာ' (ခေါ်) 'လေးဝါး'၌ ကျင်းပပြုလုပ်ခဲ့သည့် ကရင်အမျိုးသား နှီးနှောဖလှယ်ပွဲတွင် တက်ရောက်လာသည့် ကရင်လူထုလူတန်းစား၊ ကရင့်လူမှုအဖွဲ့အစည်းအသီးသီး၊ နိုင်ငံရေးပါတီနှင့် ကရင့်တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်းခေါင်းဆောင်များ၊ ကိုယ်စားလှယ်များမှ အတည်ပြုခဲ့ပြီးသော စီးပွားရေးဆိုင်ရာစာတမ်းမှ အခြေခံထားခြင်းဖြစ်သည်။ ထို့အပြင် ၂၀၁၆ ခုနှစ်၊ ဩဂုတ်လ ၃၁ ရက်မှ စက်တင်ဘာလ ၃ ရက်အထိ ကျင်းပပြုလုပ်ခဲ့သည့် ပြည်ထောင်စု ငြိမ်းချမ်းရေးညီလာခံ– (၂၁)

ရာစု ပင်လုံညီလာခံသို့ ကရင်တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများမှ တစုတစည်းတည်းဖြင့် တင်သွင်းခဲ့သော စာတမ်း၏ စီးပွားရေးဆိုင်ရာ ကဏ္ဍာပါအချက်များနှင့် ၂၀၁၆ ခုနှစ် ဒီဇင်ဘာလ ၁၉–၂၁ တွင် ကျင်းပခဲ့သည့် စီးပွားရေးကဏ္ဍာဆိုင်ရာ ကရင်အမျိုးသားအခြေပြု နိုင်ငံရေးဆွေးနွေးပွဲ (အကြို) မှ ရရှိသည့် ဆွေးနွေးချက်၊ ဖြည့်စွက်ချက်များဖြင့် ထပ်မံဖြည့်စွက်ခဲ့ပါသည်။ NCA လက်မှတ်ရေးထိုးထားကြသည့် ကရင်တိုင်းရင်းသား လက်နက်ကိုင် အဖွဲ့အစည်းများ၏ သက်ဆိုင်ရာ ကိုယ်စားလှယ်များ၊ ကရင်တတ်သိပညာရှင်များနှင့် ဆွေးနွေးတိုင်ပင်ပြီး ထပ်မံပြင်ဆင် ဖြည့်စွက်ကာ ပိုမိုကျယ်ပြန့်သော ကရင်တမျိုးသားလုံး၏ လိုလားချက်ကို လွှမ်းခြုံမည့် စီးပွားရေး ရည်မှန်းချက်များနှင့် ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စု ဖွဲ့စည်းတည်ဆောက်မှုကို ထောက်ကူစေရန် ရည်ရွယ်သည့် အခြေခံမူများကို ထပ်မံထည့်သွင်းပြီး ပြုစုခြင်း ရှိခဲ့ပါသည်။

ဤစာတမ်းအား ပြုစုသည့် ကရင့်အမျိုးသားများ ကိုယ်စားပြု စီးပွားရေးကဏ္ဍာဆိုင်ရာ အလုပ်အဖွဲ့မှ ဘားအံမြို့၊ သီရိဘားအံဟိုတယ် ၂၀၁၇ ခုနှစ်၊ ဇန်နဝါရီလ ၁၈ မှ ၂၀ ရက်နေ့အထိ ကျင်းပပြုလုပ်သည့် ပထမအကြိမ်၊ ကရင်အမျိုးသားနိုင်ငံရေးဆွေးနွေးပွဲသို့ တက်ရောက်လာကြသော ကိုယ်စားလှယ်များထံသို့ အဆိုပြုတင်သွင်းခဲ့ပြီး ဆွေးနွေးညှိနှိုင်းခြင်းနှင့် ပြန်လည်တင်ပြမှုများအပြီး အနှစ်သာရကို မထိခိုက်စေဘဲ ပြင်ဆင်ဖြည့်စွက်နိုင်သည့် အခွင့်အရေးဖြင့် အစည်းအဝေးက အတည်ပြုမှု ရှိခဲ့ပါသည်။

ထို့နောက် ၂၀၁၇ ခုနှစ်၊ ဇန်နဝါရီလ ၂၈–၃၀ ရက်၊ လော်ခီးလာတွင် ကျင်းပပြုလုပ်သည့် ကရင်အမျိုးသား နိုင်ငံရေးဆွေးနွေးပွဲမှ အနှစ်သာရကို မထိခိုက်စေဘဲ ပြင်ဆင်ဖြည့်စွက်နိုင်ရန် ဆွေးနွေးညှိနှိုင်း တင်ပြခြင်းဖြင့် ထပ်မံအတည်ပြုရရှိလာသော ဖက်ဒရယ်စနစ် စီးပွားရေးဆိုင်ရာ စာတမ်းဖြစ်ပြီး ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ – (၂၁) ရာစု ပင်လုံ ဒုတိယအစည်းအဝေးသို့ တင်သွင်းသော အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲဆိုင်ရာ လူမျိုးအလိုက်ကျင်းပသော ကရင်အမျိုးသား နိုင်ငံရေးဆွေးနွေးပွဲမှ ရရှိသည့် ဖက်ဒရယ်စနစ် စီးပွားရေးဆိုင်ရာ စာတမ်းဖြစ်သည်။

# စီးပွားရေးကဏ္ဍ

## ဒေသန္တရဖွံ့ဖြိုးရေးဆိုင်ရာ ကိစ္စရပ်များ၊ အခြေခံရမည့်မူများ

### ၁။ နိဒါန်း

ဖွံ့ဖြိုးရေး၏ အဓိပ္ပာယ်သည် အခြေအနေတခုမှ နောက်မတူသော အခြေအနေတခုသို့ ရောက်ရှိသည့် ပြောင်းလဲခြင်းဖြစ်ပြီး ကောင်းသည့်အခြေအနေသို့ ပြောင်းသွားသကဲ့သို့ ဆုတ်ယုတ်သည့် အခြေအနေသို့ ပြောင်းသွားခြင်းလည်း ဖြစ်ပါသည်။

အလန်သောမတ်စ် (Alan Thomas) ဆိုသော ပညာရှင်တဦး၏ အဆိုအရ 'ဖွံ့ဖြိုးတိုးတက်ရေးဆိုသည့် ဝေါဟာရသည် အကောင်းဘက်တခုတည်းကိုသာ ရှေးရှုသော အပြောင်းအလဲသက်သက် မဟုတ်ဘဲ အခြေအနေအမျိုးမျိုးဖြင့် ဝန်းပတ်လွှမ်းခြုံနေသော အပြောင်းအလဲများကိုပါ ဆိုလိုခြင်း ဖြစ်သည်။ ထိုအခြေအနေအမျိုးမျိုးသည် လူပုဂ္ဂိုလ်တဦးခြင်းနှင့် သော်လည်းကောင်း၊ လူ့အဖွဲ့အစည်းတခုလုံးအပေါ် မှီတည်ပြီးသော်လည်းကောင်း ဖြစ်ပေါ်ပြောင်းလဲလာပြီး ကောင်းကျိုးကိုသာမက ဆိုးကျိုးကိုလည်း ဖြစ်စေသည်' ဟုဆိုထားခဲ့ပါသည်။

အိန္ဒိယနိုင်ငံသား စီးပွားရေးနှင့် အတွေးအခေါ်ပညာရှင်လည်းဖြစ်၊ နိုဘယ်ဆုရှင် တဦးလည်းဖြစ်သူ ပါမောက္ခ အမာတရာစန် (Amartya Sen) ၏ ဖွံ့ဖြိုးတိုးတက်မှုနှင့် ပတ်သက်သော မှတ်ချက်မှာ 'မလွတ်လပ်သည့် အခြေအနေများကို ထုတ်ပယ်ဖယ်ရှားပြစ်ခြင်းသည် ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်းစဉ်အတွင်းတွင် ပါဝင်နေသော လုပ်ရမည့် အလုပ်များဖြစ်သည်။ အမျိုးအစားများလှသည့် မလွတ်လပ်မှု အပေါင်းသည် လူသားများအတွက် ရွေးချယ်စရာ အခွင့်အလမ်းများကို လျော့ပါးစေသည်။ ထုထည်ကြီးမားလှသည့် မလွတ်လပ်မှုအကြားမှာ တည်ရှိနေသည့် ဆက်နွယ်မှုကို ပြည့်ပြည့်စုံစုံ နားလည်နိုင်ရန် အလို့ငှာ အခြေခံအားဖြင့် ရှိထားနေပြီးဖြစ်သည့် သတ်မှတ်ချက်ဘောင်များကို မဖြစ်မနေ ကျော်လွှားပြီး ကြည့်ရန် လိုအပ်သည်' ဟု ဆိုထားခဲ့ပါသည်။

ကောင်းမွန်သော ဒေသန္တရဖွံ့ဖြိုးရေးနှင့် ဒေသဆိုင်ရာအုပ်ချုပ်ရေးသည် ဒေသအတွက် လိုအပ်သော ဝန်ဆောင်မှုများကို ဆောင်ရွက်ပေးသည့် အချက်တခုတည်းကိုသာ ဆိုလိုခြင်း မဟုတ်ဘဲ ဒေသခံများ၏ ဘဝနှင့်လွတ်လပ်မှုကို အကာအကွယ်ပေးရန် ပြည်သူများအကြား ဆွေးနွေးပြောဆိုမှုနှင့် ဒီမိုကရေစီ နည်းကျကျ ပူးပေါင်းပါဝင်မှုပြုနိုင်ရန်အတွက် နေရာလပ်များ ဖန်တီးပေးရန်၊ ဒေသထွက်ကုန်ကို အာမခံချက်ပေးသည့် ဈေးကွက်၊ သဘာဝဝန်းကျင်နှင့် သဟဇာတဖြစ်သည့် ဒေသ၏ ရေရှည်တည်တံ့သော ဖွံ့ဖြိုးရေးနှင့် ယှဉ်၍ ပေါ်ထွက်လာသော အကျိုးကျေးဇူးများသည် ဒေသခံများ၏ အရည်အသွေးပြည့်မီသော လူ့ဘဝကို ပိုမိုကောင်းမွန်စေရန်ဖြစ်သည်။

ဒေသန္တရဖွံ့ဖြိုးရေးလုပ်ငန်းများအား လက်တွေ့အကောင်အထည်ဖော်ရာတွင် ဒေသအုပ်ချုပ်ရေးသည် အရေးပါသည် ဖြစ်ပါသည်။ ဒေသအုပ်ချုပ်ရေးဆိုသည်မှာ ဒေသအဆင့်တွင်

ဖွံ့စည်းခြင်းနှင့် ရပ်ဆိုင်းခြင်းကိစ္စရပ်များကို စုပေါင်းဆောင်ရွက်မှုစွမ်းအားဖြင့် လုပ်ဆောင်ခြင်းပင် ဖြစ်သည်။ ဒေသန္တရ ဖွံ့ဖြိုးရေးလုပ်ငန်းများအား လက်တွေ့အကောင်အထည်ဖော်ရာတွင် ဒေသ အုပ်ချုပ်ရေးသည် ဒေသခံ ပြည်သူများက ယင်းတို့၏ ဘဝကို သက်ရောက်မှုဖြစ်စေမည့် ဆုံးဖြတ် ချက် ချမှတ်မည့် ပြည်သူ့လုပ်ငန်းစဉ်များတွင် ပူးပေါင်းပါဝင်စေခြင်းဖြင့် ယင်းတို့၏ ဘဝကို အနီးစပ်ဆုံး ပိုမိုကောင်းမွန် လုံခြုံမှုရှိစေပြီး ယင်းတို့၏ အခွင့်အရေးကို အလေ့အကျင့်ပေးသည့် ဖြစ်စဉ်လည်း ဖြစ်ပါသည်။

## ၂။ အရင်းခံ အကြောင်းတရား

လွန်ခဲ့သော ကာလများ၏ ဖွံ့ဖြိုးရေးလုပ်ငန်းများတွင် ဒေသခံများကိုယ်တိုင်ရွေးချယ်မှု၊ ပါဝင်မှုနှင့် ဆုံးဖြတ်ချက်ချမှတ်မှုဆိုင်ရာ အခွင့်အလမ်းမရှိခြင်း၊ အုပ်ချုပ်မှုနှင့်စီမံခန့်ခွဲမှု အားနည်း ခြင်းများကြောင့် လူထုထောက်ခံမှု ရရှိမှုအပိုင်းတွင် အားနည်းစေခဲ့ပြီး အကျိုးဆက်အဖြစ် ဖွံ့ဖြိုး ရေးလုပ်ငန်းအပေါ် ရှုမြင်သောအမြင် သဘောထားများသည် ပုဂ္ဂလိကလုပ်ငန်းရှင်၊ အစိုးရဘက်နှင့် ဒေသခံပြည်သူလူထုများတို့အကြား ကွာဟမှု ရှိနေခဲ့ပါသည်။ ယနေ့တိုင် ထိုအကျိုးဆက်များကို ခံစားနေရဆဲ ဖြစ်ပါသည်။

ထိုအကျိုးဆက်များသည် သက်ဆိုင်ရာအာဏာပိုင်များ၏ တရားဝင်မှုနှင့် လုပ်ပိုင်ခွင့်ကိုပါ ထိပါးလာကာ၊ အစိုးရ၏ဝန်ဆောင်မှုဆိုင်ရာ စွမ်းဆောင်ရည်များသည် ပြည်တွင်းနှင့် နိုင်ငံတကာ ပူးပေါင်းဆောင်ရွက်ရေးကဏ္ဍတို့တွင်လည်း လျော့ပါးလာသည်မှာ အမှန်ပင် ဖြစ်ပါသည်။ ထို့အတူ သဘာဝအရင်းအမြစ်အပေါ် အမှီပြုပြီး ထုတ်ယူသုံးစွဲသော စီးပွားရေးဆိုင်ရာလုပ်ငန်းများ သည်လည်း မကုန်ခမ်းနိုင်သော သဘာဝအရင်းအမြစ်နှင့် အသစ်တဖန် ပြန်လည်ဖြစ်စေသော သဘာဝအရင်းအမြစ်များကို မှီခိုအားထားခြင်းထက် ကုန်ခမ်းနိုင်သော သဘာဝအရင်းအမြစ်ကိုသာ အဓိကထား ထုတ်လုပ်မှုကြောင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုနှင့် ဆင်းရဲမွဲတေမှု ပပျောက်ရေးကို အထောက်အကူမပြုဘဲ စီးပွားရေး ကမောက်ကမဖြစ်မှုနှင့် သဘာဝပတ်ဝန်းကျင် ပျက်စီးမှုများဖြင့် ရင်ဆိုင်ခဲ့ရပါသည် ။

ထို့ကြောင့် ဖွံ့ဖြိုးရေးကို ချဉ်းကပ်ရာတွင် လူသားအရင်းအမြစ်ဖွံ့ဖြိုးရေး (Human Resource Development) နှင့် လူမှုစီးပွားအခြေခံအဆောက်အဦး ဖွံ့ဖြိုးရေး (Social & Economic Infrastructure Development) ဟူသည့် ရှင်းလင်းသော ရည်မှန်းချက်များထားရပြီး အုပ်ချုပ်မှုစနစ် ကောင်းကို ဖန်တီးဖြစ်ပေါ်စေကာ စီမံခန့်ခွဲနိုင်မှသာ ဖွံ့ဖြိုးတိုးတက်မှုနှင့် တရားမျှတမှုများကို ခံစားရပြီး၊ လူမှုစီးပွားကွာဟမှု ပမာဏ၊ ဆင်းရဲချမ်းသာ ကွာဟမှုပမာဏ၊ ကျေးလက်နှင့်မြို့ပြဆိုင်ရာ လူမှုစီးပွားဖွံ့ဖြိုးရေး ကွာဟမှုပမာဏ စသည်တို့ကို လျှော့ချနိုင်မည် ဖြစ်ပါသည်။

## ၃။ ဖက်ဒရယ်စနစ်ဆိုင်ရာ ဒေသန္တရဖွံ့ဖြိုးရေးကိစ္စရပ်များ၏ မျှော်မှန်းချက်၊ ရည်ရွယ်ချက်နှင့် အခြေခံမှု များ

(က) ဖက်ဒရယ်စနစ်ဆိုင်ရာ ဒေသန္တရဖွံ့ဖြိုးရေးကိစ္စရပ်များ၏ မျှော်မှန်းချက် အနာဂတ် ဒီမိုကရေစီ ဖက်ဒရယ် ပြည်ထောင်စု တည်ဆောက်ရာတွင် ပြည်ထောင်စုတဝှမ်းလုံး ဟန်ချက်ညီစွာ ဖွံ့ဖြိုးတိုးတက်စေမည့် လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေး မူဘောင်ကို ချမှတ်သွားရန်နှင့် ပြည်ထောင်စု၏ မူလပိုင်ရှင်ဖြစ်သော တိုင်းရင်းသား ပြည်သူများ၏ လူနေမှုဘဝ စဉ်ဆက်မပြတ် တိုးတက်ဖွံ့ဖြိုးစေရေးအတွက် ပွင့်လင်းမြင်သာမှုရှိပြီး ယင်းတို့ကိုယ်တိုင် ပါဝင်ဆုံးဖြတ်ပိုင်ခွင့်ရှိသော လူမှုစီးပွားဖွံ့ဖြိုးရေး အခြေခံအဆောက်အအုံ (Infrastructure) များကို တည်ဆောက်သွားရန် မျှော်မှန်းသည်။

(ခ) ဖက်ဒရယ်စနစ်ဆိုင်ရာ ဒေသန္တရဖွံ့ဖြိုးရေးကိစ္စရပ်များ၏ ရည်ရွယ်ချက်များ

(၁) လူမျိုး၊ ဘာသာ၊ လိင်၊ အသားအရောင်ခွဲခြားခြင်းမရှိဘဲ တန်းတူမှုအခြေခံဖြင့် ဒေသခံ ပြည်သူလူထုသည် နိုင်ငံတော်၏ ဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များတွင် အားလုံး ပါဝင်လုပ်ဆောင် ပိုင်ခွင့်ရှိရန်။

(၂) ဒေသန္တရ ဖွံ့ဖြိုးရေးလုပ်ငန်းများသည် ဘက်စုံဖွံ့ဖြိုးတိုးတက်ရေး (Holistic) လုပ်ငန်းစဉ်အားဖြင့် သက်ဆိုင်သူများအားလုံးကို စွမ်းဆောင်ရည် မြှင့်တက်စေ၍ ရေရှည် တည်တံ့ခိုင်မြဲရေးကို အထောက်အကူပြုရန်။

(၃) ဒေသန္တရဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များတွင် ဒေသခံပါဝင်ပတ်သက်သူများမှ မိမိဒေသလိုအပ်ချက်ကို ဖော်ထုတ်ပိုင်ခွင့်နှင့် မှန်ကန်သော တုံ့ပြန်ပိုင်ခွင့်ရှိစေရန်။

(၄) ဒေသန္တရဖွံ့ဖြိုးရေးလုပ်ငန်းများတွင် ပါဝင်ပတ်သက်သည့် အစိုးရ၊ အရပ်ဘက်အဖွဲ့အစည်းများ၊ ပုဂ္ဂလိကအဖွဲ့အစည်းများနှင့် ဖွံ့ဖြိုးရေးအေဂျင်စီများအကြား စနစ်ကျသော ပူးပေါင်းဆောင်ရွက်မှုယန္တရား တည်ဆောက်အကောင်အထည်ဖော်ရန်။

(၅) ဆုံးဖြတ်ပိုင်ခွင့်အာဏာအား အောက်ခြေအဆင့်အထိ ဖြန့်ဝေခြင်းဖြင့် ပြည်သူဗဟိုပြု ဒေသန္တရဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ထိရောက်အောင်မြင်စေရန်။

(၆) လုပ်ငန်းအကောင်အထည်ဖော်ရာတွင် ထိရောက်မှု၊ ပွင့်လင်းမြင်သာမှု၊ တာဝန်ယူမှု၊ တာဝန်ခံမှုများ ရှိစေရန်။

(ဂ) ဖက်ဒရယ်စနစ်ဆိုင်ရာ ဒေသန္တရဖွံ့ဖြိုးရေးဆိုင်ရာကိစ္စရပ်များ၏ အခြေခံမူများ

ကိုယ်စားပြုမှု (Representation)

(၁) ဒေသန္တရအစိုးရဖွဲ့စည်းရာတွင် ယင်းဒေသတွင်နေထိုင်သည့် ဒေသခံပြည်သူများအား ကိုယ်စားပြုသည့် ခေါင်းဆောင်များကိုယင်းတို့ ပြည်သူများကိုယ်တိုင် တိုက်ရိုက်ရွေးချယ်ရမည်ဖြစ်သည်။ ပြည်သူမှ ပေးအပ်သော လုပ်ပိုင်ခွင့်အာဏာဖြင့် ပွင့်လင်းမြင်သာမှု ပေါ်လွင်စွာဖြင့် မိမိဒေသဖွံ့ဖြိုးရေးကို ဆောင်ကျဉ်းနိုင်ရမည် ဖြစ်သည်။

တာဝန်ခံမှု (Accountability)

(၂) မည်သည့်ဖွံ့ဖြိုးရေးစီမံကိန်းနှင့် အကောင်အထည်ဖော်ဆောင်သည့် လုပ်ငန်းမဆို သဘာဝ၊ လူသားနှင့် စပ်ဆိုင်မှုကို အသိအမှတ်ပြုပြီး လေးစားသမှုပြုရမည်။

(၃) မည်သည့်ဖွံ့ဖြိုးရေး စီမံကိန်းလုပ်ငန်းမျိုးကိုမဆို အကောင်အထည်ဖော်ရတွင် လူသားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ခြင်းနှင့် လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ခြင်းတို့ ပါရှိရမည်။

(၄) ဒေသအတွင်း ပြုလုပ်မည့် စီးပွားရေးစီမံကိန်းများသည် ဒေသန္တရစီးပွားရေးကို လျစ်လျူရှုခြင်း ပစ်ပယ်ခြင်း မဖြစ်စေရ။

ထိရောက်မှု (Effectiveness)

(၅) သဘာဝပတ်ဝန်းကျင်နှင့် လူမှုစီးပွားရေးတိုးတက်ခြင်းတို့သည် မျှတမှု ရှိစေရမည်။

(၆) ဒေသန္တရအဖွဲ့အစည်းများ အားကောင်းစေရန်နှင့် လူ့အခွင့်အရေး မြှင့်တင်ခြင်းကို အားပေးရမည်။

(၇) ဒေသထွက်ကုန်အပေါ် တန်ဖိုးတိုးမြှင့် ထုတ်လုပ်နိုင်ရန်နှင့် လူသားအရင်းအမြစ် ဖွံ့ဖြိုးရေးအစီအစဉ်များကို ဖော်ထုတ်အားပေးမြှင့်တင်ရမည်။

သာတူညီမျှရှိမှု (Equity)

(၈) ဒေသခံပြည်သူမှ ရွေးချယ်စရာအခွင့်အလမ်းများ ရရှိစေပြီး အစိုးရ၏ ဝန်ဆောင်မှု လုပ်ငန်းများကို မျှတစွာ ခံစားရရှိနိုင်ရမည်။

(၉) ဆင်းရဲချို့တဲ့ပြီး ချည့်နဲ့အားနည်းသော၊ ပဋိပက္ခဒဏ်ခံရသော ပြည်သူလူထုအတွက် အသက်မွေးဝမ်းကြောင်းနှင့် စီးပွားရေးအခြေအနေများကို မြှင့်တင်သည့် အထူးပံ့ပိုးမှုများကို ချမှတ်ရမည်ဖြစ်သည်။

ပူးပေါင်းပါဝင်မှု (Participation)

(၁၀) ဒေသခံများမှ ဒေသန္တရဖွံ့ဖြိုးရေးလုပ်ငန်းများ ချမှတ်အကောင်အထည်ဖော်ရာတွင် နိုင်ငံတကာအဖွဲ့အစည်းများနှင့် လွတ်လပ်စွာ ပူးပေါင်းပါဝင်နိုင်စေရမည်။

(၁၁) ဒေသန္တရဖွံ့ဖြိုးရေးကို ဖော်ဆောင်ရာတွင် အသုံးပြုမည့် ဘဏ္ဍာရေးအထောက်အပံ့ အစီအစဉ်များကို အစိုးရမဟုတ်သော အဖွဲ့အစည်းများ၊ အစိုးရအဖွဲ့အစည်းများ အတူတကွ စီမံကွပ်ကဲရမည်။

(၁၂) အမျိုးသားစီးပွားရေးဆိုင်ရာ မူဝါဒများချမှတ်ရာတွင် တိုင်းရင်းသားဒေသခံများမှ

ရေးဆွဲခြင်း၊ ဆုံးဖြတ်ချက်ချခြင်းနှင့် အကောင်အထည်ဖော်ခြင်းတို့တွင် ပါဝင်ခွင့်ရရှိမည်။

ပွင့်လင်းမြင်သာမှု (Transparency)

(၁၃) စီမံကိန်းကြောင့် အကျိုးသက်ရောက်ခံရသော ဒေသခံပြည်သူများအတွက် သတင်းရယူခွင့်နှင့် သတင်းအချက်အလက် အသိပေးခွင့်ရှိရမည်။ ထို့ပြင် စီမံကိန်း မစတင်မီ အချိန်တွင် ဒေသခံများအား လွတ်လပ်ပြီး ကြိုတင်အသိပေး ဆွေးနွေးမှုပြုလုပ်ပြီး ပြည်သူ့ဆုံးဖြတ်ချက်ကို လိုက်နာသည့်စနစ် Free Prior Informed Consent (FPIC) ကို လိုက်နာကျင့်သုံးရမည် ဖြစ်သည်။

(၁၄) ဒေသတွင်းပြုလုပ်သည့် စီမံကိန်းအပေါ်ရရှိသည့် အကျိုးအမြတ်သာမက ဆုံးရှုံးမှုများ၊ ဆိုးကျိုးများကိုလည်း ပြည်သူအကြား ဖော်ထုတ်ပေးရမည်။

(၁၅) အစိုးရ၊ ပုဂ္ဂလိက အရပ်ဘက်အဖွဲ့အစည်းများနှင့် ပြည်သူ့ကိုယ်စားလှယ်များဖြင့် ဖွဲ့စည်းထားသော ယန္တရားမှတဆင့် ရေရှည်ဖွံ့ဖြိုးရေးကို ထိခိုက်စေနိုင်သည့် ဖြစ်ရပ်များကို စောင့်ကြပ်ကြည့်ရှုစစ်ဆေးသွားရမည်ဖြစ်သည်။

(၁၆) သံယံဇာတအခြေပြု စီးပွားရေးလုပ်ငန်းများနှင့် ပတ်သက်ပြီး Extractive Industries Transparency Initiative (EITI) လုပ်ငန်းစဉ်နှင့် ကျင့်စဉ်များအတိုင်း လိုက်နာသွားရမည်။

(၁၇) ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများသည် ဒေသရှိ လူသားအရင်းအမြစ် ဖွံ့ဖြိုးရေး အစီအစဉ်ကို ဖော်ဆောင်ပေးရမည် ဖြစ်သည်။

လုံခြုံမှု

(၁၈) စီးပွားရေးစီမံကိန်းများသည် ရေတိုအကျိုးထက် ရေရှည်အကျိုးကို ပိုမို ဦးစားပေးဆောင်ရွက်ရမည်။

(၁၉) ပြန်လည်ဖြည့်ဆည်းပေးနိုင်သော စွမ်းအင်ကို အသုံးချပြီး ဒေသစီးပွားရေး၏ လိုအပ်ချက်ကို ဖြည့်ဆည်းပေးရမည်။

(၂၀) ဒေသခံပြည်သူများသည် ယင်းတို့၏ စီးပွားရေးဆိုင်ရာ အခွင့်အရေးများကို ရရှိနိုင်ရန် လုပ်ပိုင်ခွင့်နှင့် စွမ်းရည်မြှင့်တင်မှုကို ဖော်ဆောင်မည်။

(၂၁) ပုံမှန်ဝင်ငွေရရှိနိုင်သော အခွင့်အလမ်းသာမက လူမှုဖူလုံရေးစနစ်၏ အထောက်အပံ့ကိုလည်း ခံစားနိုင်ခွင့်ရှိရမည်။

(၂၂) စီမံကိန်းကြောင့် မူရင်းနေရပ်မှ အခြားသောနေရာသစ်သို့ မိမိဆန္ဒအရ မဟုတ်သည့် ပြောင်းရွှေ့မှုကို ပြုလုပ်ရလျှင် နိုင်ငံတကာစံချိန်၊ စံညွှန်းနှင့် ကိုက်ညီသော Guidelines များအတိုင်း ကျင့်သုံးရမည်။

ဌာနေတိုင်းရင်းသားဆိုင်ရာ

(၂၃) စီမံကိန်းများ အကောင်အထည်ဖော်ဆောင်ရာတွင် ဌာနေတိုင်းရင်းသား အခွင့်အရေးကို ကာကွယ်စောင့်ရှောက်ရမည်။

(၂၄) ပဋိပက္ခဒဏ်ခံရသော ပြည်သူလူထုဘဝ ပြန်လည်ထူထောင်ရာတွင် အသေးစားငွေချေးလုပ်ငန်း (Micro Finance)၊ ကိုယ်ထူကိုယ်ထ (Self-help Groups) ငွေစုငွေချေးအသင်းအဖွဲ့များ၊ ဖွဲ့စည်းထူထောင်ပံ့ပိုးနိုင်ရေးအတွက် ပြည်တွင်းနှင့် နိုင်ငံတကာအဖွဲ့အစည်းများ၏ အကူအညီရယူ၊ ပူးပေါင်း အကောင်အထည် ဖော်နိုင်ရေး မူဝါဒ ချမှတ်ရမည်။

(၂၅) ဆင်းရဲချို့တဲ့သော၊ ချည့်နဲ့အားနည်းသော၊ ပဋိပက္ခဒဏ်ခံရသော ပြည်သူလူထုသည် လူမှုစီးပွားဖွံ့ဖြိုးတိုးတက်မှု၏ တူညီသောအဆင့်များကို ရရှိလာသည့်အထိ ယင်းတို့၏ အသက်မွေးဝမ်းကျောင်းများနှင့် စီးပွားရေးအခြေအနေများကို မြှင့်တင်ရာတွင် အထူးပံ့ပိုးကူညီရေး မူဝါဒ ချမှတ်ဆောင်ရွက်ရမည်။

(၂၆) ပြည်နယ်အစိုးရများသည် လွတ်လပ်သော အစိုးရနှင့် အစိုးရမဟုတ်သော အဖွဲ့အစည်းများ၏ ဖွံ့ဖြိုးရေးကို အားပေးမြှင့်တင်ရေး ဘဏ္ဍာရေးဆိုင်ရာ အထောက်အပံ့ အစီအစဉ်များ ရယူရာတွင် နိုင်ငံတကာနှင့် ပုဂ္ဂလိက အလှူရှင်များ၏ အကူအညီ ရယူနိုင်ရေးမူဝါဒ ချမှတ်ရမည်။

(၂၇) လူ့အခွင့်အရေးမြှင့်တင်ခြင်းနှင့် ဒေသန္တရအသင်းအဖွဲ့များ အားကောင်းလာစေသော မူဝါဒများ ချမှတ်လုပ်ဆောင်ရမည်။

အသက်မွေးဝမ်းကျောင်းဆိုင်ရာ ကိစ္စရပ်များ

(၂၈) ဒေသဖွံ့ဖြိုးတိုးတက်မှုအတွက် အထောက်အကူပြုသည့် လူသားအရင်းအမြစ်ဖွံ့ဖြိုးရေး အစီအစဉ်များ၊ အသက်မွေးဝမ်းကျောင်းဆိုင်ရာ သင်တန်းများနှင့် ပါတ်သက်သည့် မူဝါဒ ချမှတ်အကောင်အထည်ဖော်ရမည်။

(၂၉) ဒေသခံများအတွက် သမရိုးကျ ဒေသထွက် ကုန်ထုတ်လုပ်ရေးအား တန်ဖိုးတိုးမြှင့်ထုတ်ကုန် (Value Added Products) ထုတ်လုပ်နိုင်ရေးကို အားပေးပြီး လူသားအရင်းအမြစ် ဖွံ့ဖြိုးရေးအစီအစဉ်များနှင့် တွဲဖက်သည့် မူဝါဒများ ချမှတ် အကောင်အထည် ဖော်ဆောင်ရန်။

(၃၀) ဒေသန္တရစီးပွားရေးဖွံ့ဖြိုးတိုးတက်မှုတွင် ဒေသခံစီးပွားရေးလုပ်ငန်းများကို အားပေးရမည်ဖြစ်ပြီး၊ ဦးစားပေးအခန်းကဏ္ဍတရပ်အဖြစ် ပါဝင်ပံ့ပိုးရေး မူဝါဒများ ချမှတ်လုပ်ဆောင်ရမည်။

## ၄။ နိဂုံး

ဒေသန္တရဖွံ့ဖြိုးရေးစီမံကိန်းများ၏ အောင်မြင်မှုသည် စီမံခန့်ခွဲမှု ကောင်းမွန်ခြင်း၊ ရည်ရွယ်

ချက် ကောင်းမွန်ခြင်း၊ လူသားဘဝ ရေရှည်ဖွံ့ဖြိုးရေးကို ရှေးရှုခြင်း၊ စသည်တို့အပေါ် မူတည်သလို ဒေသခံ လူမှုအဖွဲ့အစည်း၏ လက်ခံနိုင်မှု စွမ်းအားတို့နှင့်လည်း တိုက်ရိုက်ဆက်စပ်နေပါသည်။ အဘက်ဘက်က နောက်ကျကျန်ရစ်ခဲ့သော မိမိတို့နိုင်ငံ၏ အထူးသဖြင့် တိုင်းရင်းသား ပြည်နယ်များ ရှိ ဒေသခံပြည်သူများ၏ အဆင်သင့်ဖြစ်မှုကို ထည့်သွင်းစဉ်းစားရန် အလွန်အရေးကြီးပြီး ဆုံးဖြတ်ချက်ချမှတ်ရေး လုပ်ငန်းစဉ်များတွင် ထိုဒေသခံပြည်သူလူထုထံမှ ကျင့်ဝတ် အခြေပြု သဘောတူလက်ခံမှုဖြစ်သည့် Social License to Operate ရရှိခြင်းသည် အလွန်အရေးကြီးပါသည်။ စီမံကိန်းကြီးများ၏ ကောင်းကျိုး၊ ဆိုးကျိုးကို တိုက်ရိုက်ခံစားရသူများမှာ ဒေသခံပြည်သူလူထုပင်ဖြစ်သောကြောင့် ယင်းတို့သည် စီမံကိန်းကြီးများ၏ သားကောင်ဖြစ်သွားပါက အမျိုးသားပြန်ပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ကို ထိခိုက်စေမည် ဖြစ်ပါသည်။ ထို့ကြောင့် ဒေသန္တရဖွံ့ဖြိုးရေးစီမံကိန်းများသည် အောက်ခြေမှ အထက်သို့ ဖွံ့ဖြိုးတိုးတက်ပြောင်းလည်းခြင်းဖြစ်စဉ်ကို ဖြစ်ပေါ်စေသည့် Button Up Approach ပြုပြင် ပြောင်းလဲမှု အခြေခံဖြင့်သွားရန် လိုသည့်အတွက်ဖြစ်ပါသည်။

အထက်ဖော်ပြပါ ရည်မှန်းချက်ရောက်ရှိရေးကို ဖော်ဆောင်ရာတွင် ပြည်ထောင်စုနှင့် ပြည်နယ်များအကြား၊ ပြည်နယ်နှင့် ဒေသန္တရအစိုးရများအကြား၊ ပြည်သူလူထုကိုယ်စားလှယ်များအကြား ဖက်ဒရယ် အခြေပြု အာဏာပိုင်းခြားသတ်မှတ်မှု (Separation of Power) ကို အခြေခံပြီး ဒေသခံပြည်သူလူထုအား အမှန်တကယ် ကိုယ်စားပြုသူများကို ကိုယ်စားပြုသည့်စနစ်ဖြင့် လုပ်ပိုင်ခွင့်အာဏာကို ရရှိစေကာ ပွင့်လင်းမြင်သာမှု၊ တာဝန်ယူမှု၊ တာဝန်ခံမှုတို့ ကောင်းမွန်စွာ အကောင်အထည် ဖော်နိုင်မှသာ စစ်မှန်သော ဒေသဖွံ့ဖြိုး တိုးတက်ရေးကို ဆောင်ကြည်းနိုင်မည် ဖြစ်ပါသည်။

ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ - (၂၁) ရာစု ပင်လုံ
ဒုတိယအစည်းအဝေးသို့ တင်သွင်းသော
အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲဆိုင်ရာ
လူမျိုးအလိုက်ကျင်းပသော ပထမအကြိမ် ကရင်အမျိုးသားနိုင်ငံရေးဆွေးနွေးပွဲမှ ရရှိသည့်

# လူမှုရေးကဏ္ဍ

## ပြန်လည်နေရာချထားရေး၊ ပြန်လည်ထူထောင်ရေးနှင့် လူမှုဖွံ့ဖြိုးရေးဆိုင်ရာ ကိစ္စရပ်များ

- ပြန်လည်နေရာချထားရေးနှင့် ပြန်လည်ထူထောင်ရေးဆိုင်ရာ ကိစ္စရပ်များနှင့် ပတ်သက်သော အခြေခံမူများ
- လူမှုဖွံ့ဖြိုးရေးဆိုင်ရာ ကိစ္စရပ်များနှင့် ပတ်သက်သော အခြေခံမူများ

## ပြန်လည်နေရာချထားရေးနှင့် ပြန်လည်ထူထောင်ရေးဆိုင်ရာ ကိစ္စရပ်များနှင့် ပတ်သက်သော အခြေခံမူများ

**နိဒါန်း**

နှစ်ပေါင်း ၆၀ ကျော်ကြာ ဖြစ်ပွားခဲ့သော ပြည်တွင်းစစ်ကြောင့် ပဋိပက္ခဖြစ်ပွားရာ ဒေသများအတွင်းရှိ တိုင်းရင်းသားပြည်သူများသည် ညှင်းပန်းနှိပ်စက်ခံရခြင်း၊ ဖိနှိပ်အကြမ်းဖက်ခံရခြင်း၊ အိမ်များ၊ ရွာများ၊ လယ်ယာနှင့် စားပင်သီးနှံများကို နည်းမျိုးစုံဖြင့် ဖျက်ဆီးခြင်းများကို ခံခဲ့ရပါသည်။ အချို့သော တိုင်းရင်းသားပြည်သူများမှာ ပြည်တွင်းနေရပ် စွန့်ခွာရသူများဖြစ်ခဲ့ရပြီး အချို့မှာ ပြည်ပတွင် ဒုက္ခသည်များ ဖြစ်ခဲ့ကြသည်။

၂၀၁၂ ခုနှစ်တွင် ရရှိခဲ့သော ပဏာမ အပစ်ခတ်ရပ်စဲရေး၊ ၂၀၁၅ ခုနှစ်တွင် ချုပ်ဆိုနိုင်ခဲ့သော တနိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး၏ ရလဒ်ကောင်းတခုဖြစ်သည့် နိုင်ငံရေးဆွေးနွေးပွဲများ စတင်နိုင်ခဲ့သည်။ နိုင်ငံရေးပြဿနာကို နိုင်ငံရေးနည်းဖြင့် ဖြေရှင်းနိုင်မှသာလျှင် ပြည်တွင်းနေရပ် စွန့်ခွာရသူများနှင့် ဒုက္ခသည် ပြဿနာများကို ဖြေရှင်းနိုင်မည်ဖြစ်သည်။

ပြန်လည်အခြေချမည့် ဒုက္ခသည်များနှင့် ပြည်တွင်းနေရပ် စွန့်ခွာရသူများအတွက် ရေရှည်တည်တံ့ခိုင်မြဲသော ပြန်လည်နေရာချထားရေးနှင့် ပြန်လည်ထူထောင်ရေး အစီအစဉ်များကို စနစ်တကျ ပြုလုပ်နိုင်မှသာလျှင် ယင်းတို့၏ဘဝ ပြန်လည်ရပ်တည်ရေးအတွက် တဖက်တလမ်းမှ အထောက်အကူပြုနိုင်မည် ဖြစ်သည်။

**အရင်းခံအကြောင်းတရား**

နှစ်ပေါင်း ၄၀ ကျော်ကြာ ပြည်တွင်းနေရပ်စွန့်ခွာရသူများနှင့် ဒုက္ခသည်ပြဿနာများသည် ပြည်တွင်းစစ်ကြောင့် မဖြေရှင်းနိုင်ဖြစ်ခဲ့ရသည်။ မတရားအသင်းအဖြစ် ကြေငြာခြင်းခံထားခဲ့ရသော တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်းများအား ၂၀၁၅ ခုနှစ်တွင် မတရားအသင်းမှ ပယ်ဖျက်

လိုက်ခြင်း၊ ကရင်တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်း ၃ ဖွဲ့နှင့် အခြားတိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်း ၅ ဖွဲ့တို့ တနိုင်ငံလုံး အပစ်အခတ်ရပ်စဲရေး သဘောတူစာချုပ်ကို လက်မှတ်ရေးထိုးပြီးသည့်နောက်ပိုင်းတွင် ပြည်သူလူထုနှင့် အရပ်ဖက်အဖွဲ့အစည်းများသည် စိုးရိမ်စိတ်များ လျော့ပါးလာခဲ့ပြီး ပူးပေါင်းလုပ်ဆောင်မှုများကို တိုးချဲ့လုပ်ကိုင်နိုင်ခြင်းနှင့်အတူ ယုံကြည်မှုများ တည်ဆောက်လာနိုင်ခဲ့ပါသည်။

အပစ်အခတ်ရပ်စဲရေးကြောင့် ဖြစ်ပေါ်တိုးတက်မှုများရှိနေသကဲ့သို့ ဆုတ်ယုတ်မှုများလည်း ရှိနေပါသည်။ မြန်မာ့တပ်မတော်မှ ရှေ့တန်းစခန်းများကို ရုပ်သိမ်းခြင်းများ မရှိသည့်အပြင် ထိုစခန်းများကို ပိုမိုကောင်းမွန်ပြီး ခိုင်မာလာအောင် ဆောက်လုပ်လာသောကြောင့် ဒုက္ခသည်များနှင့် ပြည်တွင်းနေရပ် စွန့်ခွာရသူများသည် မိမိတို့၏ နေရပ်ကို မပြန်နိုင်ရခြင်းဖြစ်ပါသည်။ ထို့အပြင် စီးပွားရေး ရင်းနှီးမြှုပ်နှံမှုများအတွက် မြေယာအမြောက်အများ သိမ်းယူခြင်း၊ သတ္တုတွင်းများ တူးဖော်ခြင်း၊ တာတမံစီမံကိန်းကြီးများ တည်ဆောက်ခြင်း စသည့် အကြီးစား စီးပွားရေး ရင်းနှီးမြှုပ်နှံမှုများကြောင့် ဌာနေပြည်သူလူထုအတွက် နေရပ်ရွှေ့ပြောင်းခံရမည့် စိတ်ပိုင်းဆိုင်ရာ ဖိအားပေးမှု အသစ်တမျိုးဖြစ်လာပြီး လူနေမှုပတ်ဝန်းကျင်၊ ယဉ်ကျေးမှုနှင့် အသက်မွေးဝမ်းကြောင်းမှုများကို ပျက်စီးစေပါသည်။

ပဋိပက္ခဖြစ်ပွားရာ ဒေသများအတွင်းရှိ တိုင်းရင်းသားပြည်သူများ၏ အခြေအနေသည် ကာလရှည်ကြာစွာ ဖြစ်ပွားခဲ့သော စစ်ပွဲများကြောင့် ဆင်းရဲနေကြရပြီး ပညာရေးနှင့် ကျန်းမာရေး ဆိုင်ရာ လိုအပ်ချက်များရှိနေပါသည်။ အစားအသောက်၊ နေစရာ၊ မြေယာနှင့် ရေပြဿနာများ လည်းရှိနေပါသေးသည်။ မြေမြှုပ်မိုင်းများလည်း ဖယ်ရှားနိုင်မှု မရှိသေးပါ။ ထိုကဲ့သို့သော အခြေအနေများကြောင့် ဌာနေလူထုအနေဖြင့် မိမိတို့၏ နေရပ်ဌာနေသို့ ပြန်လာနိုင်ရန် အခက်အခဲများ ရှိနေပါသည်။

ဒုက္ခသည်များနှင့် ပြည်တွင်းနေရပ်စွန့်ခွာရသူများအနေဖြင့် မိမိတို့၏ နေရပ်ဌာနေသို့ ပြန်သွားသောအခါ အစိုးရ (သို့မဟုတ်) ကမ္ဘာ့ကုလသမဂ္ဂ အဖွဲ့အစည်းများမှ စီစဉ်ဆောင်ရွက်ပေးခြင်းမျိုး မဟုတ်ဘဲ မိမိတို့ကိုယ်တိုင် စီစဉ်ပြီး ဦးဆောင်ဦးရွက်ပြုသည့် အစီအစဉ်များဖြစ်ရန် ကရင့်လူမှုအသိုင်းအဝိုင်းနှင့် ကရင့်လူမှုအဖွဲ့အစည်းများအနေဖြင့် ထောက်ခံပြောဆိုခဲ့သော အစီအစဉ်များ ရှိခဲ့ပါသည်။ ဒုက္ခသည်များ၏ ပြန်လည်နေရာချထားရေး အဆင်ပြေချောမွေ့ရန်နှင့် မိမိတို့၏ နေရပ်ဌာနေသို့ ပြန်သွားနိုင်ရေးနှင့် မိမိတို့၏ အစီအစဉ်အတိုင်း ဆောင်ရွက်နိုင်ရေး အတွက် မိမိတို့ လူမှုအဖွဲ့အစည်းများ၏ ဦးဆောင်မှုအတိုင်းသာ ဖြစ်ရပါမည်။

### ရည်မှန်းချက်

ဒုက္ခသည်များနှင့် ပြည်တွင်းနေရပ်စွန့်ခွာရသူများအတွက် တည်ငြိမ်အေးချမ်း၍ ရေရှည်တည်တံ့ ခိုင်မြဲသော ပြန်လည်နေရာချထားရေးနှင့် ပြန်လည်ထူထောင်ရေး လုပ်ငန်းစဉ်များကို စနစ်တကျ အကောင်အထည်ဖော်လုပ်ဆောင်နိုင်ရန်။

## ရည်ရွယ်ချက်

၁။ ဒုက္ခသည်များနှင့် ပြည်တွင်းနေရပ်စွန့်ခွာရသူများ စိတ်ချလုံခြုံစွာ ပြန်လည်အခြေချ နေထိုင်နိုင်ရန်။

၂။ ပြန်လည်အခြေချနေထိုင်သော ဒုက္ခသည်များနှင့် ပြည်တွင်းနေရပ်စွန့်ခွာရသူများ လူမှုအသိုင်းအဝိုင်းအတွင်းသို့ အဆင်ပြေချောမောစွာဖြင့် ပြန်လည်ဝင်ဆံ့နိုင်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းစဉ်တွင် စိတ်အားထက်သန်စွာ ပူးပေါင်းပါဝင်နိုင်ရန်။

၃။ ပြန်လည်အခြေချနေထိုင်သော ဒုက္ခသည်များနှင့် ပြည်တွင်းနေရပ်စွန့်ခွာရသူများ အတွက် လိုအပ်သော ဝန်ဆောင်မှုများ ရရှိနိုင်ရန်။

## ပြန်လည်နေရာချထားရေးနှင့် ပြန်လည်ထူထောင်ရေးဆိုင်ရာ အခြေခံမူများ

၁။ ဒုက္ခသည်များနှင့် ပြည်တွင်းနေရပ်စွန့်ခွာရသူများသည် အခြေအနေအရပ်ရပ်ကြောင့် မြန်မာပြည်တွင်းရှိ မိမိနေရပ်ဒေသများကို စွန့်ခွာခဲ့ရသူများဖြစ်ကြပြီး မိမိနေရပ်နှင့် မိမိသွားရောက်လိုရာ အခြားဒေသသို့ လုံခြုံဘေးကင်းစွာ အခြေချနေထိုင်နိုင်သည်။

၂။ ဒုက္ခသည်များနှင့် ပြည်တွင်းနေရပ်စွန့်ခွာရသူများသည် မြန်မာနိုင်ငံသားများ ဖြစ်ကြသည့်အလျောက် နိုင်ငံသားအခွင့်အရေး၊ တန်းတူအခွင့်အရေးနှင့် တရားဥပဒေ၏ ကာကွယ်ပေးမှု အပြည့်အဝ ခံစားခွင့်ရှိသည်။

၃။ ဒုက္ခသည်များနှင့် ပြည်တွင်းနေရပ် စွန့်ခွာရသူများသည် စွန့်ခွာမသွားခင်က နေထိုင်ခဲ့သော ရွာမြေ၊ ဓားမဦးချလုပ်ကိုင်ခဲ့သော လယ်ယာ၊ ဥယျာဉ်ခြံမြေများ၏ မူရင်းပိုင်ရှင်ဖြစ်ပြီး စနစ်တကျ ပြန်လည်ပိုင်ဆိုင်ခွင့်၊ မှတ်ပုံတင်ခွင့်၊ လုပ်ကိုင်ခွင့် ရရှိရမည်။

၄။ ဒုက္ခသည်များနှင့် ပြည်တွင်းနေရပ်စွန့်ခွာရသူများ၏ ရရှိထားပြီးသား အသိပညာ၊ အတတ်ပညာနှင့် ကျွမ်းကျင်မှုဆိုင်ရာ ပညာရပ်များကို အသိအမှတ်ပြုပြီး၊ အသက်မွေးဝမ်းကြောင်းလုပ်ငန်းများအတွက် အသုံးချနိုင်ရန် အာမခံချက်ရှိရမည်။

၅။ မိမိဒေသရင်း၌ ပြန်လည်အခြေချနေထိုင်သူများ၏ ရိုးရာယဉ်ကျေးမှုနှင့် လူနေမှုဘဝ လုံခြုံရေးများကို ကာကွယ်ခြင်း အစီအစဉ်များ ထားရှိရမည်။

၆။ ဒုက္ခသည်များနှင့် ပြည်တွင်းနေရပ်စွန့်ခွာရသူများသည် လူမှုအသိုင်းအဝိုင်းအတွင်းသို့ ပြန်လည်ဝင်ဆံ့နိုင်ရန်၊ ပြန်လည်ထူထောင်ရေးကာလ တလျှောက်လုံးအတွက် ဝန်ဆောင်မှုများ ရရှိရန် အပြည့်အဝ အခွင့်အရေးရှိရမည်။

၇။ ဒုက္ခသည်များနှင့် ပြည်တွင်းနေရပ်စွန့်ခွာရသူများကို ပြန်လည်နေရာချထားခြင်းနှင့် ပြန်လည်ထူထောင်ခြင်းများကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ခွဲခြားဆက်ဆံမှု မရှိစေဘဲ နိုင်ငံတကာ စံချိန်စံညွှန်းများနှင့်အညီ လူ့အခွင့်အရေးကို လေးစားလိုက်နာပြီး ရေရှည်တည်တံ့ ခိုင်မြဲရေးကို ဦးတည်၍ စနစ်တကျ အစီအစဉ်များ ချမှတ်လုပ်ဆောင်ရမည်။

၈။ ဒုက္ခသည်များနှင့် ပြည်တွင်းနေရပ်စွန့်ခွာရသူများ ပြန်လည်နေရာချထားရေးနှင့် ပြန်လည်

ထူထောင်ရေး အစီအစဉ်များသည် နိုင်ငံရေးအရ တည်ငြိမ်မှုနှင့် လုံခြုံမှုအတွက် အာမခံချက်များရှိရန် ပြုလုပ်ရမည်ဖြစ်သည့်အပြင် မိမိတို့၏ ကိုယ်ပိုင်စိတ်အားထက်သန်ပြီး ပြန်လိုသည့် နေရပ်ဒေသကို တည်ရှိဆဲ အခြေအနေပေါ် မူတည်၍ မိမိဆန္ဒအလျောက် ဆုံးဖြတ်ချက်ချပိုင်ခွင့်၊ ဘဝပြန်လည် ထူထောင်နိုင်ရေး အာမခံချက် အပြည့်အဝနှင့် ဂုဏ်သိက္ခာရှိစေရေးအတွက် လူမှုအဖွဲ့အစည်းများနှင့် ညှိနှိုင်းဆုံးဖြတ်ပြီး စနစ်တကျ စီစဉ်ဆောင်ရွက်ရမည်။

၉။ ဒုက္ခသည်များနှင့် ပြည်တွင်းနေရပ်စွန့်ခွာရသူများအား ပြန်လည်နေရာချထားရာတွင် နိုင်ငံသားအဖြစ် အသိအမှတ်ပြုပြီး နိုင်ငံသားစိစစ်ရေးကဒ်နှင့် အိမ်ထောင်စုစာရင်း စသည်တို့ ရရှိရန်အတွက် ဆောင်ရွက်ပေးရမည်။

၁၀။ ဒုက္ခသည်များနှင့် ပြည်တွင်းနေရပ်စွန့်ခွာရသူများ ပြန်လည်နေရာချထားရေးတွင် စိတ်ပိုင်းဆိုင်ရာ၊ ရုပ်ပိုင်းဆိုင်ရာ ကူညီထောက်ပံ့မှုများကို တရားဝင် ရရှိနိုင်ရန်နှင့် ရေရှည် အသက်မွေးဝမ်းကြောင်းမှုများ ရရှိရေးအတွက် ဆောင်ရွက်ရမည်။

၁၁။ ဒုက္ခသည်များနှင့် ပြည်တွင်းနေရပ်စွန့်ခွာရသူများအား ပြန်လည်နေရာချထားခြင်းနှင့် ပြန်လည်ထူထောင်ရေး အစီအစဉ်များ ချောမွေ့ရေးနှင့် အဆင်ပြေကောင်းမွန်စေရေးအတွက် ပြန်လည်နေရာချထားရေးကော်မတီကို ဖွဲ့စည်းပြီး ထိုကော်မတီ၏ ဦးဆောင်မှုဖြင့် အားလုံး ပါဝင်သဘောတူညီ သတ်မှတ်သောနေရာတွင် ပြန်လည်နေရာချထားရမည် ဖြစ်သည်။

၁၂။ ဒုက္ခသည်များနှင့် ပြည်တွင်းနေရပ်စွန့်ခွာရသူများအား ပြန်လည်နေရာချထားခြင်းနှင့် ပြန်လည်ထူထောင်ရေးအစီအစဉ်များ အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် အဆင့်တိုင်း၌ သက်ဆိုင်သူအားလုံး ပါဝင်ဆုံးဖြတ်ခွင့်ရှိခြင်း၊ ပွင့်လင်းမြင်သာမှုများရှိခြင်းနှင့် တာဝန်ယူခြင်း၊ တာဝန်ခံခြင်းတို့ ရှိရမည့်အပြင် လေ့လာစောင့်ကြည့်အကဲဖြတ်ခြင်း (Monitoring and Evaluation) စနစ်လည်း ထားရှိရမည်။

၁၃။ ပြန်လည်နေရာချထားရေးကို အကောင်အထည်မဖော်မီ အချင်းချင်းအကြား ညှိနှိုင်းဆွေးနွေးမှုများ၊ အထူးသဖြင့် ပြန်လည်အခြေချမည့်သူများနှင့် ပြန်လည်နေရာချထားရာတွင် လက်ခံမည့် မူရင်းဌာနေ လူထုများ ထိခိုက်နစ်နာမှုမရှိစေရန် လုပ်ဆောင်ရမည်။

၁၄။ ဒုက္ခသည်များနှင့် ပြည်တွင်းနေရပ်စွန့်ခွာရသူများ ပြန်လည်အခြေချပြီးသည့်နောက်ပိုင်း နေရပ်စွန့်ခွာရမှု ထပ်မံမဖြစ်ပွားစေရန် နိုင်ငံတော်အစိုးရနှင့် တပ်မတော်၊ တိုင်းရင်းသား လက်နက်ကိုင်တော်လှန်ရေး အဖွဲ့အစည်းများ၊ နိုင်ငံတကာအဖွဲ့အစည်းများက တာဝန်ယူရမည်။

၁၅။ ဒုက္ခသည်နှင့် ပြည်တွင်းနေရပ်စွန့်ခွာရသူများ ပြန်လည်နေရာချထားရာတွင် ပညာသင် အရွယ် ကျောင်းသား၊ ကျောင်းသူများ သင်ယူရရှိထားသော အတန်းပညာကို အသိအမှတ်ပြုပြီး ယင်းတို့ ဆက်လက်၍ ပညာသင်ကြားနိုင်ရန် ဆောင်ရွက်ပေးရမည်။

၁၆။ သဘာဝသစ်တော ထိန်းသိမ်းကာကွယ်ခြင်း အစီအစဉ်များနှင့် အခြားမည်သည့် စီမံကိန်း

များကြောင့်မဆို ပြည်တွင်းနေရပ်စွန့်ခွာရမှု မဖြစ်ပွားအောင် ဆုံးရှုံးနစ်နာမှု ခံစားရရှိနိုင်သည့် ဒေသခံများနှင့် ညှိနှိုင်းတိုင်ပင်ဆွေးနွေး၍ ဆုံးရှုံးနစ်နာမှု မရှိစေရန် ဆောင်ရွက်ရမည်။

၁၇။ နိုင်ငံတော်အစိုးရနှင့် သက်ဆိုင်သူ တာဝန်ရှိသူများအနေဖြင့် ဒုက္ခသည်နှင့် ပြည်တွင်းနေရပ်စွန့်ခွာသူများ၏ မူရင်းပိုင်ဆိုင်ခဲ့သော လယ်ယာ၊ ခြံမြေများကို ပြန်လည်ပိုင်ဆိုင်ခွင့်၊ လုပ်ကိုင်ခွင့်ရရှိရေးအတွက် ဆောင်ရွက်ပေးရမည်။ ဆုံးရှုံးခဲ့သော အိုးအိမ်၊ မြေယာ၊ လယ်ယာ၊ ခြံမြေများအတွက် ပြန်လည်အစားထိုးပေးရန် (သို့မဟုတ်) နစ်နာမှုကို ပြန်လည်ပေးဆောင်ရန်တာဝန်ရှိသည်။

လုပ်ငန်းအကောင်အထည်ဖော်ဆောင်မှုအဆင့်ဆင့်

၁။ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၊ ပြည်တွင်းပြည်ပကိုယ်စားလှယ်များ၊ လူထုအခြေပြု လူ့အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များနှင့် ဒေသန္တရတာဝန်ရှိသူများ ပါဝင်သော ဒုက္ခသည်များ ပြန်လည်နေရာချထားရေးကော်မတီတခုကို ဖွဲ့စည်းသွားမည်။ အစီအစဉ်တွင် အမျိုးသမီးကိုယ်စားလှယ် အနည်းဆုံး ၃၀ ရာခိုင်နှုန်း ပါဝင်နိုင်ရမည်။ ဤကော်မတီမှ အစီအစဉ်များကို သက်ဆိုင်သူများနှင့် တဆင့်ချင်းစီ တိုင်ပင် ဆွေးနွေးသွားရမည်။

၂။ ပြန်လည်နေရာချထားရေးလုပ်ငန်းစဉ် တလျှောက်လုံးနှင့် ပြန်လည်ထူထောင်ရေးပြီးမြောက်သည်အထိ လွတ်လပ်သော နိုင်ငံတကာအဖွဲ့အစည်းများ၊ ဒေသန္တရအဖွဲ့အစည်းများ၊ ကမ္ဘာ့ကုလသမဂ္ဂအပြင် အထူးသဖြင့် နယ်စပ်ဒေသမှ ဒုက္ခသည်များကို ကူညီခဲ့သည့် အတွေ့အကြုံရှိပြီး ယုံကြည်စိတ်ချရသော ဒေသန္တရအဖွဲ့အစည်းများ ဥပမာအားဖြင့် (TBC- The Border Consortium) ကဲ့သို့သော အဖွဲ့အစည်းများက ပြန်လည်နေရာချထားရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို ဆက်လက်ကူညီရမည်။ ဖွဲ့စည်းထားသော ကော်မတီနှင့် လက်တွဲလုပ်ဆောင်သွားရမည်။

၃။ ဒုက္ခသည်များ ပြန်လည်နေရာချထားရေးကော်မတီသည် လူသားချင်းဆိုင်ရာ ကူညီထောက်ပံ့မှုများကို ဒုက္ခသည်များ မိမိတို့၏ခြေပေါ်တွင် မိမိတို့ရပ်တည်နိုင်သည်အထိ ကူညီထောက်ပံ့ရမည်။

၄။ ကူညီထောက်ပံ့မှုများတွင် ဒုက္ခသည်များအတွက် အလုပ်လုပ်နေသော အဖွဲ့အစည်းများရှိဝန်ထမ်းများ၏ ရှိနှင့်ပြီးဖြစ်သော ပညာရေး၊ ကျန်းမာရေးနှင့် လူ့အခွင့်အရေးတို့ကို အခြေခံပြီး ဌာနေပြည်သူလူထုနှင့် ပြန်လည်နေရာချထားသူများအား ကူညီထောက်ပံ့မှု အပြည့်အဝ ရရှိနိုင်ရန် အရည်အသွေးမြှင့်တင်ရေးလုပ်ငန်းများ လုပ်ဆောင်ပေးရမည်။

၅။ လုပ်ငန်းအကောင်အထည်ဖော်ဆောင်မှုကို ဒုက္ခသည်များ ပြန်လည်နေရာချထားရေးကော်မတီမှ ဦးဆောင်ပြီး ဒုက္ခသည်များ၊ လူမှုအဖွဲ့အစည်းများ၊ ကရင်ပြည်နယ်အစိုးရအဖွဲ့၊ လူမှုအဖွဲ့အစည်းများနှင့် ပါဝင်အကောင်အထည်ဖော် လုပ်ဆောင်ရမည်။ လုပ်ငန်းအကောင်

အထည်ဖော်ဆောင်မှုများကို ပွင့်လင်းမြင်သာမှုအပြင် တာဝန်ယူမှုများဖြင့် အကောင်အထည် ဖော်ဆောင်ရမည်။ လုပ်ငန်းအစီအစဉ်တိုင်းတွင် အမျိုးသမီး ၃၀ ရာခိုင်နှုန်း ပါဝင်နိုင်ရမည်။

၆။ ဒုက္ခသည်များနှင့် ပြည်တွင်းနေရပ်စွန့်ခွာရသူများ ပြန်လည်နေရာချထားရေးတွင် လုံခြုံရေးအတွက် အာမခံချက်ရှိရန်နှင့် လွတ်လပ်စွာ သွားလာလှုပ်ရှားနိုင်ရန် အစိုးရအနေဖြင့် နိုင်ငံသားစိစစ်ရေးကဒ်ကို သုံးလအတွင်း ပြီးစီးအောင် စီစဉ်လုပ်ဆောင်ပေးရမည်။

၇။ ဒုက္ခသည်များနှင့် ပြည်တွင်းနေရပ်စွန့်ခွာရသူများကို ပြန်လည်နေရာချထားမည့်နေရာတွင် မြေမြှုပ်မိုင်းအန္တရာယ်မှ ကင်းရှင်းစေရမည့်အပြင် တပ်ချထားသော နေရာများနှင့် ကင်းဝေးစေရမည်။

၈။ ဒုက္ခသည်များ ပြန်လည်နေရာချထားရေး ကော်မတီသည် ပြည်နယ်အစိုးရ၊ ပြည်ထောင်စုအစိုးရတို့နှင့် ညှိနှိုင်းပြီး ဒုက္ခသည်နှင့် နေရပ်စွန့်ခွာရသူများ၏ ပညာရေးအဆင့်အတန်းများကို ပြည်နယ်/ပြည်ထောင်စု၏ ပညာရေးအစီအစဉ်များနှင့် သဟဇာတဖြစ်ရန် လုပ်ဆောင်သွားရမည်။

၉။ အစိုးရနှင့် နိုင်ငံတကာအဖွဲ့အစည်းများ ပြည်တွင်းလူမှုရေးအဖွဲ့အစည်းများက ပြန်လည်နေရာချထားရေးနှင့် ပြန်လည်ထူထောင်ရေး အစီအစဉ်များကို ရေးဆွဲရာတွင် လူသားချင်းဆိုင်ရာ ကူညီထောက်ပံ့မှုကို မိမိကိုယ်မိမိ ရပ်တည်နိုင်သည်အထိ အစီအစဉ်များ ရေးဆွဲချမှတ်ရမည်။

၁၀။ ဒုက္ခသည်နှင့် ပြည်တွင်းနေရပ်စွန့်ခွာသူရများသည် မိမိတို့၏ နေရပ်ဌာနေသို့ ပြန်လည်အခြေချနေထိုင်ရန် ဆန္ဒမရှိသူများအနေဖြင့် မိမိတို့၏ ဆန္ဒအလျောက် ပြန်လည်နေထိုင်လိုသော နေရပ်သို့ သွားရောက်နေထိုင်ရန် အခွင့်အရေးရှိပြီး ယင်းတို့အတွက် သီးသန့်အာမခံချက်ရှိသော အစီအစဉ်များ ချမှတ်ပေးရမည်။

၁၁။ ပြန်လည်နေရာချထားရေး အစီအစဉ်တွင် ကလေးသူငယ်၊ ကလေးငယ်ရှိသော မိခင်၊ ကိုယ်ဝန်ရှိ မိခင်၊ သက်ကြီးရွယ်အို၊ မသန်စွမ်းသောသူများနှင့် ထိခိုက်ခံရလွယ်သော/ခုခံနိုင်စွမ်းနည်းပါးသောသူများ (Vulnerable People) အတွက် အထူးအစီအစဉ်များ လုပ်ဆောင်ပေးရမည်။

၁၂။ ဒုက္ခသည်နှင့် ပြည်တွင်းနေရပ်စွန့်ခွာရသူများ ပြန်လည်နေရာချထားရေးလုပ်ဆောင်ရန် အသင့်တော်ဆုံးအချိန်သည် နိုင်ငံရေးအရ အာမခံချက်များနှင် နိုင်ငံရေးတည်ငြိမ်မှုများ ရရှိပြီးသောအချိန် ဖြစ်သည်။

၁၃။ ပြန်လည်နေရာချထားရေးတွင် ဒုက္ခသည်များနှင့် ပြည်တွင်းနေရပ်စွန့်ခွာရသူများ၏ မူလနေရပ်ကို ဦးစားပေးမည်ဖြစ်သော်လည်း ယင်းတို့အနေဖြင့် မည်သည့်နေရပ်တွင် ပြန်လည်နေထိုင်လိုသည်ကို မိမိကိုယ်ပိုင် ဆုံးဖြတ်ပိုင်ခွင့်ရှိသည်။

၁၄။ ပြန်လည်နေရာချထားရေးမတိုင်မီ ဒုက္ခသည်များအနေဖြင့် မိမိတို့၏ နေရပ်ဌာနေနှင့် ပြန်လည်နေရာချထားမည့်နေရာများကို ကြိုတင်၍ မိမိကိုယ်တိုင် သွားရောက်လေ့လာ

ကြည့်ရှုခွင့်ရှိသည်။

၁၅။ ဒုက္ခသည်များ ပြန်လည်နေရာချထားရန် မြေနေရာအတွက် လက်ခံမည့် ဌာနေ ပြည်သူလူထုနှင့် သွားရောက်တွေ့ဆုံညှိနှိုင်းပြီး လက်ခံမည့် ပြည်သူလူထု၏ ဆန္ဒသဘောထားနှင့်အညီ ဆောင်ရွက်ရမည်။

၁၆။ ဒုက္ခသည်နှင့် ပြည်တွင်းနေရပ်စွန့်ခွာရသူများ ပြန်လည်နေရာချထားရန်နေရာသည် ဌာနေပြည်သူလူထုများအတွက် အခက်အခဲများ မဖြစ်ပေါ်စေရဘဲ ထိုဌာနေပြည်သူလူထုတို့၏ နစ်နာမှုအတွက် ပြန်လည် ရသင့်ရထိုက်သော အခွင့်အရေးများကို ရရှိရပါမည်။

၁၇။ ပြန်လည်အခြေချနေထိုင်သော မိသားစုတိုင်းသည် မိမိတို့မိသားစု၏ လူဦးရေနှင့်အညီ အသက်မွေးဝမ်းကြောင်းမှုများ ပြုလုပ်နိုင်ရန် သင့်တင့်လျောက်ပတ်သော မြေနေရာများကို စီစဉ်ပေးရမည်။

၁၈။ ပြန်လည်အခြေချနေထိုင်သော မိသားစုတိုင်းသည် မိမိတို့ မိသားစုဝင်များ၏ ရရှိထားသော ပညာရပ် အဆင့်အတန်းနှင့်အညီ အလုပ်အကိုင် အခွင့်အလမ်းများ ဖန်တီးပေးရမည်။

၁၉။ မိမိတို့၏ နေရပ်ဌာနေသို့ ပြန်လည်အခြေချနေထိုင်သူများအနေဖြင့် ယခင်က ပိုင်ဆိုင်ခဲ့သော မြေနေရာများ ပြန်လည်ရရှိရေးအတွက် ပြေလည်စေရန် ညှိနှိုင်းဆောင်ရွက်ပေးရမည်။

**နိဂုံး**

အထက်ပါဖော်ပြချက်များသည် ကရင့်လူမှုအဖွဲ့အစည်းများ၊ နိုင်ငံရေးပါတီများ၊ ကရင့်တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်းများ၏ ကိုယ်စားလှယ်များနှင့် အကြိမ်ကြိမ် တွေ့ဆုံဆွေးနွေးပွဲများမှ ရရှိလာသော အခြေခံမူများဖြစ်သည်။ ထိုအခြေခံမူများကို အခြေခံပြီး ထိရောက်စွာ အကောင်ထည်ဖော်ဆောင်ရွက်နိုင်ပါက တည်ငြိမ်အေးချမ်း၍ ရေရှည်တည်တံ့ခိုင်မြဲသော ပြန်လည်နေရာချထားရေးနှင့် ပြန်လည်ထူထောင်ရေး လုပ်ငန်းများကို လုပ်နိုင်မည်ဖြစ်သည်။

# လူမှုရေးကဏ္ဍ
## လူမှုဖွံ့ဖြိုးရေးဆိုင်ရာ ကိစ္စရပ်များနှင့် ပတ်သက်သော အခြေခံမူများ

### နိဒါန်း

ပြည်ထောင်စုမြန်မာနိုင်ငံသည် တိုင်းရင်းသားလူမျိုးများ စုပေါင်းနေထိုင်သည့် နိုင်ငံဖြစ်သည့်အလျောက် ပထဝီဝင်အနေအထား၊ ရိုးရာယဉ်ကျေးမှု ဓလေ့ထုံးစံများ၊ အသက်မွေးဝမ်းကြောင်းမှုပုံစံ အချိုသည် မတူညီကွဲပြားမှုများ ရှိကြပါသည်။ ထို့ကြောင့် တိုင်းရင်းသားများအားလုံး တန်းတူသော လူမှုဘဝဖွံ့ဖြိုးရေးရှိရန် လွန်စွာ အရေးကြီးလှပါသည်။ ဒီမိုကရေစီဖက်ဒရယ် ပြည်ထောင်စုနိုင်ငံတော်ကို တည်ဆောက်ရာတွင် လူမှုဘဝဖွံ့ဖြိုးရေး အခန်းကဏ္ဍသည် လွန်စွာ အရေးကြီးလှပါသည်။ ရေရှည်တည်တံ့ခိုင်မြဲသော လူမှုဘဝဖွံ့ဖြိုးရေး အစီအမံများ ရှိမှသာလျှင် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်သည်လည်း ရေရှည် တည်တံ့ခိုင်မြဲနိုင်မည် ဖြစ်သည်။

ထို့ကြောင့် လူမှုဘဝဖွံ့ဖြိုးရေးကဏ္ဍတွင် ပညာရေး၊ ကျန်းမာရေးစောင့်ရှောက်မှု၊ အခြေခံလူ့အခွင့်အရေး၊ စာပေနှင့်ယဉ်ကျေးမှု၊ ရိုးရာဓလေ့ထုံးတမ်းနှင့် ကြန်အင်လက္ခဏာများ၊ အလုပ်အကိုင်နှင့် အသက်မွေးဝမ်းကြောင်း၊ လူမှုဘဝလုံခြုံရေးနှင့် လူမှုဖူလုံရေး၊ မသန်စွမ်းနှင့် သက်ကြီးရွယ်အိုများ ပြုစုစောင့်ရှောက်ရေး၊ လူငယ်စွမ်းရည်မြှင့်တင်ရေး၊ အမျိုးသမီးနှင့် ကလေးငယ်များအတွက် အထူးစီမံချက်များ ထားရှိရေး စသည်တို့ကို မြှင့်တင်ပေးနိုင်မှသာလျှင် တည်ငြိမ်အေးချမ်း၍ သာယာဝပြောသော လူ့ဘောင်သစ်ကြီးကို တည်ဆောက်နိုင်မည်ဖြစ်သည်။

### ရည်မှန်းချက်

တည်ငြိမ်အေးချမ်း၍ သာယာဝပြောသော ဖက်ဒရယ်ဒီမိုကရေစီ ပြည်ထောင်စု တည်ဆောက်ရာတွင် နိုင်ငံသားများ၏ လူမှုဘဝဖွံ့ဖြိုးရေးနှင့် လူမှုဖူလုံရေးဆိုင်ရာ အခွင့်အရေးများကို ပြည့်ဝစွာ ခံစားရရှိပြီး တာဝန်သိ နိုင်ငံသားကောင်းများအဖြစ် လျှောက်လှမ်းနိုင်ရန် ရည်ရွယ်ပါသည်။

### ရည်ရွယ်ချက်

၁။ ကရင်လူမျိုးအပါအဝင် တိုင်းရင်းသား အားလုံးတို့သည် တိုင်းရင်းသား အခွင့်အရေး၊ အခြေခံ လူ့အခွင့်အရေးနှင် ဒီမိုကရေစီ အခွင့်အရေး စံနှုန်းပြည့် ရရှိရန်။

၂။ လူတဦးချင်းစီ၏ အရည်အသွေးပြည့်မီ တိုးတက်မှုမှ အသိုင်းအဝိုင်းတခုလုံး တိုးတက်ဖွံ့ဖြိုးရန်။

၃။ စည်းလုံးညီညွတ်စွာဖြင့် တမျိုးသားလုံး၏ လူမှုဘဝဖွံ့ဖြိုးရေးကို အောင်မြင်စွာ ဖော်ဆောင်နိုင်ရန်။

၄။ လူမှုဘဝမြင့်တင်ရေးတွင် အဓိကလိုအပ်သော ကြိုတင်ကာကွယ်ရေးနှင့် စောင့်ရှောက်ရေး လုပ်ငန်းများကို အစီအစဉ်တကျ အကောင်အထည်ဖော် လုပ်ဆောင်နိုင်ရန်။

**ကရင်အမျိုးသားများ၏လူမှုဖွံ့ဖြိုးရေးဆိုင်ရာ အခြေခံမူ**

၁။ လူမှုဘဝဖွံ့ဖြိုးရေးနှင့် ပတ်သက်သည့် အခြေခံရပိုင်ခွင့်နှင့် အခွင့်အရေးများကို ကျား၊ မ၊ အသက်အရွယ်၊ လူမျိုးရေး၊ ဘာသာရေး၊ ဆင်းရဲ၊ ချမ်းသာ စသည်ဖြင့် ခွဲခြားမှုမရှိဘဲ တန်းတူညီမျှစွာ ရပိုင်ခွင့်ရှိသည်။

၂။ ဖွံ့ဖြိုးရေးလုပ်ငန်းများ လုပ်ဆောင်ရာတွင် ဒေသလိုအပ်ချက်နှင့် ကိုက်ညီသည့် စီမံကိန်းများကို ဒေသခံပါဝင်မှု အလေးထားခြင်းစနစ်နှင့် ထိခိုက်ကင်းဝေးရေးမူဘောင် (Do no Harm Framework) ကို အခြေပြု၍ သက်ဆိုင်သူများအားလုံး၏ ပါဝင်ဆုံးဖြတ်မှုနှင့်အတူ ပွင့်လင်းမြင်သာမှုရှိခြင်းနှင့် တာဝန်ယူမှု တာဝန်ခံမှုများရှိခြင်းဖြင့်သာလျှင် လုပ်ငန်းဖော် ဆောင်ရမည်။

၃။ လူမှုဖွံ့ဖြိုးရေးလုပ်ငန်းများ လုပ်ဆောင်ရာတွင် ဆက်စပ်ပတ်သက်သူများ (Stakeholders) များမှ ပူးပေါင်းလုပ်ဆောင်ရမည်။

၄။ အလုပ်ကို လွတ်လပ်စွာ ရွေးချယ်နိုင်ခြင်း၊ မျှတသော လုပ်ခလစာရရှိခြင်း၊ လုပ်ခလစာ ရရှိခြင်း၊ စိတ်ချလုံခြုံသော အလုပ်ပတ်ဝန်းကျင် ရရှိခွင့်၊ သမဂ္ဂများတွင် ပါဝင်ခွင့်ရှိခြင်းနှင့် အနားယူအပန်းဖြေခွင့် စသည့် အခွင့်အရေးများကို ရပိုင်ခွင့်ရှိသည်။

၅။ လက်သင့်ခံနိုင်သော လူနေမှုအဆင့်အတန်းတခု ရရှိခွင့်ရှိသည်။

၆။ သင်ရိုးညွှန်းတမ်းများကို လွတ်လပ်စွာရွေးချယ်ပိုင်ခွင့်နှင့် သင်ကြားနိုင်ခွင့်၊ အသက်မွေးဝမ်း ကြောင်းနှင့် သက်ဆိုင်သော ပညာရေး (သို့) အသုံးချနိုင်သော ပညာရေးကို သင်ယူခွင့်၊ ပုဂ္ဂလိကကျောင်းများ ဖွင့်လှစ်ခွင့်၊ အခမဲ့ အစိုးရပညာရေးစနစ် စသည်တို့ကို ကျင့်သုံး ပိုင်ခွင့် ရှိသည်။

၇။ အသက်မွေးဝမ်းကျောင်းမှုနှင့်ဆိုင်သော ပညာရေးကို သင်ယူနိုင်ခွင့်ရှိသည်။

၈။ ကိုယ်ပိုင်ယဉ်ကျေးမှုအမွေအနှစ်များကို ဖော်ထုတ်ကာကွယ် ထိန်းသိမ်းခွင့်ရှိသည်။

၉။ အလုံးစုံ လွှမ်းခြုံနိုင်သော ကျန်းမာရေးစနစ် ရရှိခွင့်နှင့် တတ်နိုင်သော ကျန်းမာရေး စောင့် ရှောက်မှု ကုန်ကျစရိတ်ကိုသာ ပေးဆောင်ခြင်းကို လူတိုင်းခံစားခွင့်ရှိသည်။

၁၀။ ဒေသတိုးတက်မှု၊ ဒေသခံလူထုအတွက် တရားမျှတမှုနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်း နိုင်မှုအကြား မျှတသော အခြေအနေတွင် တည်ရှိနိုင်ရန် စနစ်တကျ ထိန်းသိမ်းစောင့် ရှောက်ရမည်။

၁၁။ ဝင်ငွေမရှိသော အိမ်ထောင်စုများနှင့် ဝင်ငွေအလွန်နည်းပါးသော အိမ်ထောင်စုများကို ငွေကြေးအားဖြင့်သော်လည်းကောင်း၊ ငွေကြေးမဟုတ်သော အကူအညီများအားဖြင့်သော် လည်းကောင်း ထောက်ပံ့ရမည်။

၁၂။ လူမှုဘဝဖွံ့ဖြိုးရေးအတွက် မူးယစ်ဆေးဝါးအန္တရာယ်ကို ဝိုင်းဝန်းကာကွယ် တိုက်ဖျက်

ရမည်။

**ကရင်အမျိုးသားများ၏ လူမှုဖွံ့ဖြိုးရေးဆိုင်ရာ မူဝါဒများ**

၁။ ပြည်တွင်းပြည်ပ ရွှေ့ပြောင်းလုပ်သားများ၏ လူမှုဘဝဖူလုံရေးနှင့် လုံခြုံရေးတို့အတွက် အကာအကွယ်ပေးရမည်။

၂။ အလုပ်လုပ်နိုင်သော အသက်အရွယ်ရှိသည့်လူတိုင်း သင့်တင့်လျောက်ပတ်သော အခကြေးငွေ ရရှိသည့် အလုပ်အကိုင်ရှိရမည်။

၃။ အလုပ်သမားတိုင်းသည် ကျိုးကြောင်းညီညွတ်သော အလုပ်ချိန်၊ လစာပြည့် အနားယူခွင့်၊ အချိန်ပိုကြေး ခံစားခွင့်၊ မတော်တဆ ထိခိုက်ဒဏ်ရာရ/ သေဆုံးမှု နစ်နာကြေး စသည်တို့ကို အပြည့်အဝ ရရှိခံစားခွင့်ရှိရမည်။

၄။ လူသားတိုင်းသည် လူ့ဂုဏ်သိက္ခာနှင့်အညီ နေထိုင်၊ လုပ်ကိုင်၊ စားသောက်နိုင်ရန် ဖန်တီးပေးရမည်။

၅။ သက်ဆိုင်ရာပြည်နယ်များမှ အခြေခံပညာ၊ အဆင့်မြင့်ပညာနှင့် အသုံးချပညာရပ်များကို မိမိတို့၏ ကိုယ်ပိုင်သင်ရိုးညွှန်းတမ်းများဖြင့် ပြဋ္ဌာန်းသင်ကြားနိုင်ရမည်။

၆။ လူတိုင်းအတွက် အကျုံးဝင် ပညာရေးစနစ်တွင် ဉာဏ်ရည်မမှီသောသူများ၊ မသန်စွမ်းသူများနှင့် ဆင်းရဲနွမ်းပါးသော သူများအတွက် ပညာရေးအစီအမံများ ပါဝင်ရမည်။

၇။ လူမှုဘဝဖွံ့ဖြိုးရေးဖော်ဆောင်ရာတွင် လူမျိုးတိုင်း စာတတ်မြောက်ရေး၊ ကျောင်းပြင်ပ ပညာရေးနှင့် တသက်တာလုံး သင်ယူလေ့လာမှုကို အာမခံချက်ပေးသည့် ပညာရေးစနစ်နှင့် အရည်အသွေးပြည့်မီသော ပညာရေးစနစ်များ ရရှိစေရမည်။

၈။ တိုင်းရင်းသားများ၏ လူမှုဘဝဖွံ့ဖြိုးရေး ဖော်ဆောင်ရာတွင် မိခင်ဘာသာစကားကို အခြေပြုသော ပညာရေးစနစ်၊ လွတ်လပ်စွာ စီမံအုပ်ချုပ်နိုင်သော အမျိုးသားကျောင်းများ၊ တက္ကသိုလ်၊ ကောလိပ်များ ဖွင့်လှစ်နိုင်ရမည်။

၉။ လူမှုဘဝဖွံ့ဖြိုးရေး ဖော်ဆောင်ရာတွင် ရိုးရာဓလေ့နှင့်ဆိုင်သော ကျွမ်းကျင်မှုပညာရပ်များ၊ အသက်မွေးဝမ်းကြောင်းပညာရပ်၊ ယင်းနှင့်သက်ဆိုင်သော အဆင့်မြင့်ပညာရပ်များကို လွတ်လပ်စွာ သင်ယူနိုင်မှုနှင့် တီထွင်ကြံဆ တွေးတောနိုင်မှုကို ဖော်ဆောင်ပေးရမည်။

၁၀။ ကျွမ်းကျင်အလုပ်သမားများ ပေါ်ထွက်လာစေရန် လုပ်ငန်းခွင်သင်တန်းများတွင် တက်ရောက် ဆည်းပူးလေ့လာခွင့်နှင့် လုပ်ကိုင်နိုင်ခွင့်ရှိရမည်။

၁၁။ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုကုမ္ပဏီများ ဝင်ရောက်လာသောအခါ ယင်းတို့သည် ဒေသရှိလူ့စွမ်းအားအရင်းအမြစ်များကို အသုံးပြုရမည့်အပြင် စီမံခန့်ခွဲမှုနည်းပညာများနှင့် လုပ်ငန်းခွင်ပညာရပ်များကိုပါ သင်ကြားပေးရမည်။

၁၂။ ဘာသာစကား၊ စာပေ၊ ရိုးရာဓလေ့ထုံးတမ်းအစဉ်အလာ၊ ဝတ်စားဆင်ယင်မှု၊ သမိုင်းအမွေအနှစ်နှင့် ယဉ်ကျေးမှုအမွေအနှစ်များကို ဖော်ထုတ် ကာကွယ် ထိန်းသိမ်း မြှင့်တင်

ရမည်။

၁၃။ ကရင်လူမျိုးတို့ ကိုယ်ပိုင်ကြွန်အင်လက္ခဏာများဖြစ်သော လူနာမည်၊ လမ်း၊ ရွာ၊ မြို့ အမည်များကို ကရင်အမည်ဖြင့် တရားဝင် မှည့်ခေါ်ခွင့်ရှိရမည်။

၁၄။ မြို့ပြနှင့် ကျေးလက်ဝန်းကျင်ရှိ တောတောင်၊ ရေမြေ၊ သဘာဝအလှအပနှင့် အမွေအနှစ်များကို ထိန်းသိမ်း၍ သန့်ရှင်းသာယာလှပသော ပတ်ဝန်းကျင်ကောင်းဖြစ်စေရန် စီမံဆောင်ရွက်ရမည်။

၁၅။ ဒေသခံလူထု နစ်နာမှုမရှိဘဲ မျှတသော ပတ်ဝန်းကျင်တွင် နေထိုင်ခွင့်နှင့် သဘာဝသယံဇာတများကို စနစ်တကျ ထုတ်ယူသုံးစွဲနိုင်ခွင့် ရှိရမည်။

၁၆။ အရေးပေါ်အခြေအနေများအပါအဝင် ကျန်းမာရေးဝန်ဆောင်မှုကို လက်လှမ်းမီနိုင်သည့် အလုံးစုံလွှမ်းခြုံသော ကျန်းမာရေးစောင့်ရှောက်မှုစနစ် ထားရှိရမည်။

၁၇။ တစ်မျိုးသားလုံး၏ ရုပ်ပိုင်းဆိုင်ရာနှင့် စိတ်ပိုင်းဆိုင်ရာကို ဖွံ့ဖြိုးစေမည့် ရိုးရာ အားကစားများကို အားပေးမြှင့်တင်ခြင်းအပါအဝင် အားကစားနှင့် ကာယပညာဆိုင်ရာ အစီအမံများကို ပြည့်စုံစွာ ပံ့ပိုးဆောင်ရွက်ရမည်။

၁၈။ ဒေသထွက် သဘာဝဆေးဘက်ဝင် ပစ္စည်းများကို စနစ်တကျ သုတေသနပြုလုပ်၍ စံချိန်စံညွှန်းနှင့် ပြည့်မီသော တိုင်းရင်းဆေးဝါးများကို ဖော်ထုတ်ထိန်းသိမ်း ထုတ်လုပ် အသုံးပြုနိုင်ရမည်။

၁၉။ နိုင်ငံလုံးဆိုင်ရာ ကျန်းမာရေးမူဝါဒ၊ မဟာဗျူဟာ၊ နည်းဗျူဟာ ချမှတ်ရာတွင် ကရင်လူမျိုး အပါအဝင် တိုင်းရင်းသားကိုယ်စားလှယ်အားလုံး ပါဝင်ရမည်။

၂၀။ ကိုယ်ဝန်ဆောင် မိခင်များအတွက် ကျန်းမာရေးစောင့်ရှောက်မှုနှင့် ကလေးများ၏ ကိုယ်ကာယနှင့် ဉာဏ်ပညာဖွံ့ဖြိုးတိုးတက်မှုအတွက် ပြည့်စုံကောင်းမွန်သော အစီအစဉ်များ ချမှတ်ဆောင်ရွက်ရမည်။

၂၁။ ကလေးသူငယ်များ (အထူးသဖြင့် ပဋိပက္ခဖြစ်ပွားနေသော ဒေသများမှ) ၏ အခွင့်အရေးကို ထိရောက်စွာ ကာကွယ်စောင့်ရှောက်မှုနှင့် ယင်းတို့၏ လူမှုဘဝမြှင့်တင်မှုကို ဆောင်ရွက်ရမည်။

၂၂။ မသန်စွမ်းသူများအတွက် လူမှုဝန်ဆောင်မှုများကို ဂုဏ်သိက္ခာရှိစွာ ဆောင်ရွက်ရမည်။

၂၃။ မသန်စွမ်းသူများသည် အဆင့်မြင့်နည်းပညာများ သင်ယူနိုင်ရေးအပါအဝင် ပညာသင်ကြားနိုင်ခွင့်၊ စွမ်းရည်မြှင့်တင်ရေး အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးရမည်။

၂၄။ သက်ကြီးရွယ်အိုများ ဘဝလုံခြုံရေးအတွက် လိုအပ်သော ရုပ်ပိုင်းဆိုင်ရာ၊ စိတ်ပိုင်းဆိုင်ရာ ကာကွယ်စောင့်ရှောက်မှုများနှင့် အထောက်အပံ့ပေးရေး အစီအမံများ ချမှတ်ရမည်။

၂၅။ သဘာဝနှင့် လူကြောင့် ဖြစ်ပေါ်သော ဘေးအန္တရာယ်များ တားဆီးကာကွယ်ခြင်း၊ ဘေးအန္တရာယ်များ ကျရောက်ပါက ထိခိုက်မှုအနည်းဆုံးဖြစ်အောင် စနစ်တကျ ကြိုတင်စီစဉ်နိုင်သော မဟာဗျူဟာ၊ နည်းဗျူဟာ ထားရှိခြင်းများ ဆောင်ရွက်ရမည်။

၂၆။ အလုပ်လက်မဲ့များ အလုပ်အကိုင်ရှာဖွေနေစဉ်အတောအတွင်း လစ်လပ်နေသော အလုပ်

အကိုင်များနှင့် ချိတ်ဆက်ပေးသည့် အစီအစဉ်နှင့် ယင်းတို့၏ အလုပ်အကိုင် စွမ်းရည်များ ပိုမိုကောင်းမွန်လာစေရန် ကူညီထောက်ပံ့ပေးသော အစီအစဉ်များ ထားရှိရမည်။

၂၇။ ဝင်ငွေအလွန်နည်းပါးသော အိမ်ထောင်စုများကို ကူညီထောက်ပံ့ပေးသည့် အစီအစဉ်နှင့် ဝင်ငွေတိုး အလုပ်အကိုင်အခွင့်အလမ်းများ ရရှိနိုင်ရန် စီစဉ်ပေးရမည်။

၂၈။ လူမှုဖွံ့ဖြိုးရေးဆိုင်ရာ ကရင့်ရေးရာကိစ္စရပ်များ၊ ကရင်တိုင်းရင်းသားများ နေထိုင်သော ဒေသများရှိ အုပ်ချုပ်ရေးနှင့် စီမံခန့်ခွဲရေးဆိုင်ရာလုပ်ငန်းများ စသည်တို့တွင် ကရင်လူမျိုးများ ကိုယ်တိုင်ပါဝင်ခွင့်၊ ဦးဆောင်ခွင့်၊ ဆုံးဖြတ်ပိုင်ခွင့်နှင့် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်များ ရှိရမည်။

၂၉။ လူမှုဘဝဖွံ့ဖြိုးရေး ဖော်ဆောင်ရာတွင် လူငယ်လူရွယ်များအတွက် ယဉ်ကျေးမှုနှင့် ကိုယ်ပိုင်ကြန်အင်လက္ခဏာများ၊ အသက်မွေးဝမ်းကြောင်းပညာရပ်၊ အဆင့်မြင့်ပညာရပ်များကို လွတ်လပ်စွာ သင်ယူနိုင်မှုနှင့် တီထွင်ကြံဆ တွေးတောနိုင်မှုကို အာမခံသည့် လူငယ်မူဝါဒ ရှိရမည်။

၃၀။ လူငယ့်ရေးရာကိစ္စရပ်များတွင် လူငယ်များကိုယ်တိုင်ပါဝင်ခွင့်၊ ဦးဆောင်ခွင့်နှင့် ဆုံးဖြတ်ချက်ချပိုင်ခွင့်များ ရှိရမည့်အပြင် နိုင်ငံရေးရာကိစ္စရပ်များတွင်လည်းကောင်း၊ လူမှုဖွံ့ဖြိုးရေးကဏ္ဍများတွင်လည်းကောင်း ဦးဆောင်မှုနှင့် ပူးပေါင်းပါဝင်မှု အပြည့်အဝ ရှိစေရမည်။

၃၁။ လူမှုဘဝဖွံ့ဖြိုးရေးကို အဟန့်အတားဖြစ်စေသော၊ လူညွန့်တုံးစေသော မူးယစ်ဆေးဝါး အလွဲသုံးခြင်းနှင့် လောင်းကစားခြင်း စသည်တို့ကို ထိရောက်စွာတားဆီးရမည်။

၃၂။ လူမှုဘဝဖွံ့ဖြိုးရေးနှင့် နိုင်ငံတော်တည်ဆောက်ရေး အဆင့်တိုင်းတွင် ကျားမတန်းတူ ရေးအခန်းကဏ္ဍကို ထည့်သွင်းအကောင်အထည်ဖော်ရမည်။

**နိဂုံး**

တိုင်းရင်းသားများအားလုံး စိုးရိမ်ကြောင့်ကြမှုမရှိဘဲ အေးချမ်းလုံခြုံစွာဖြင့် လူမှုဘဝများကို ပြည်စုံကုံလုံစွာဖြင့် နေထိုင်နိုင်ရန် ကြိုးပမ်းကြရာတွင် လူမှုဘဝဖွံ့ဖြိုးရေးသည် အဓိက အကြောင်းအရာ ဖြစ်ပေသည်။ သို့ပါ၍ လူ့ဘောင်သစ်ကြီးကို တည်ဆောက်နိုင်ရန်မှာ လူမှုဖွံ့ဖြိုးရေး အခြေခံမှုများကို အခြေခံကာ အကောင်အထည်ဖော် ဆောင်ရွက်ကြရမည် ဖြစ်ပါသည်။

## ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ – (၂၁) ရာစု ပင်လုံ
## ဒုတိယအစည်းအဝေးသို့ တင်သွင်းသော
## အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲဆိုင်ရာ
## လုပ်ငန်းအလိုက်ကျင်းပသော ပထမအကြိမ် ကရင်အမျိုးသားနိုင်ငံရေးဆွေးနွေးပွဲမှ ရရှိသည့်

# မြေယာနှင့် သဘာဝပတ်ဝန်းကျင်ကဏ္ဍ

## မြေယာနှင့် သဘာဝသယံဇာတ စီမံခန့်ခွဲရေးနှင့် ခွဲဝေခြင်းဆိုင်ရာ ကိစ္စရပ်များ

- ဖက်ဒရယ်စနစ်ကိုအခြေခံသော မြေယာမူဝါဒ
- ဖက်ဒရယ်စနစ်ကိုအခြေခံသော သယံဇာတမူဝါဒ

## ဖက်ဒရယ်စနစ်ကိုအခြေခံသော မြေယာမူဝါဒ

**နိဒါန်း**

မြန်မာနိုင်ငံလွတ်လပ်ရေးရပြီး ၁၉၄၈ ခုနှစ်တွင် ပါလီမန်ဒီမိုကရေစီခေတ် ဖဆပလ အစိုးရ အာဏာရလာပြီးနောက် ၁၉၄၇ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ '၁၉၅၃ ခုနှစ် လယ်ယာမြေ နိုင်ငံပိုင်ပြုလုပ်ရေး' ဥပဒေကို ပြဌာန်းခဲ့သည်။ ယင်းဥပဒေသည် မြေရှင်စနစ် ဆန့်ကျင်ရေးကို အခြေခံ၍ လယ်ယာမြေများကို နိုင်ငံတော်ပိုင် ပြုလုပ်ခဲ့သော်လည်း ပုဂ္ဂလိကပိုင်စနစ်ကို အကန့် အသတ်ဖြင့် မြေယာပိုင်ဆိုင်ခွင့်ပေးခဲ့သည်။

မဆလခေတ်တွင် ၁၉၇၄ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေ အပိုဒ်–၁၈ (က) 'နိုင်ငံတော်သည် မြေပေါ်၊ မြေအောက်၊ လေ ရေ အတွင်းရှိ သယံဇာတပစ္စည်းများအားလုံးနှင့် မြေယာအားလုံး၏ ပင်ရင်းပိုင်ရှင်ဖြစ်သည်' ကို ပြဌာန်းခဲ့သည်။ ထို့မှစ၍ မြေယာအားလုံးသည် စစ်အာဏာရှင်စနစ် လည်ပတ်ရေးအတွက် မွေးထုတ်သော အစိုးရပိုင်ဖြစ်သဖြင့် ပြည်သူလူထုမှ မြေယာကို မည်သူမျှ ပိုင်ဆိုင်ခွင့် မရှိတော့ပေ။ ထို့အတူ လက်ရှိ ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေတွင်လည်း အခန်း (၁) အပိုဒ် (၃၇)(က) အရ 'နိုင်ငံတော်သည် မြေအားလုံး၊ မြေပေါ်၊ မြေအောက်၊ ရေပေါ်၊ ရေအောက်နှင့် လေထုအတွင်းရှိ သယံဇာတပစ္စည်းအားလုံး၏ ပင်ရင်းပိုင်ရှင်ဖြစ်သည်'။ ၂၀၀၈ ဖွဲ့စည်းပုံအခြေခံ ဥပဒေ ပုဒ်မ (၄၇) အရ 'နိုင်ငံတော်' ဟူသည်ကို 'နိုင်ငံတော်ဆိုသည်မှာ ရှေ့နောက်စကားရပ်၏ အဓိပ္ပါယ်ကိုထောက်၍ ဤဖွဲ့စည်းပုံအခြေခံဥပဒေအရ ဥပဒေပြုခွင့်အာဏာကို သော်လည်းကောင်း၊ အုပ်ချုပ်မှု အခွင့်အာဏာကို သော်လည်းကောင်း ကျင့်သုံးသော အဖွဲ့အစည်း သို့မဟုတ် ပုဂ္ဂိုလ်ကို ဆိုလိုသည်။' ယင်းပြဌာန်းချက်အရ နိုင်ငံတော်အား ရည်ညွှန်း၍ အဖွဲ့အစည်းသာမက လူပုဂ္ဂိုလ်က ပါ ကျင့်သုံးခွင့် ရှိနေသည်။ ထို့အပြင် နိုင်ငံတော်ဟူသည့် ဝေါဟာရမှာ ဗဟိုအစိုးရကိုသာ ရည်ညွှန်း ထားပြီး ပြည်ထောင်စုအဖွဲ့ဝင် ပြည်နယ်၊ တနည်းအားဖြင့် တိုင်းနှင့်ပြည်နယ်များ၏ အခန်းကဏ္ဍ များ မပါရှိကြောင်း တွေ့ရသည်။ ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေတွင် ပြည်နယ်များ၏ ဥပဒေပြု အာဏာနှင့် စပ်လျဉ်း၍ လယ်ယာစိုက်ပျိုးရေး၊ ဆည်မြောင်းတာတမံ၊ ရေကန်နှင့် ရေချိုငါး

မွေးမြူရေးလုပ်ငန်းများ ဥပဒေပြဋ္ဌာန်းခွင့်မှလွဲ၍ မြေယာနှင့် စပ်လျဉ်းပြီး ပြည်ထောင်စု အဖွဲ့ဝင်များ တနည်းအားဖြင့် တိုင်းနှင့်ပြည်နယ်များအား မည်သည့် ဥပဒေပြုခွင့်အာဏာမျှ ပေးထားခြင်း မရှိပေ။

ထို့ကြောင့် ဖက်ဒရယ်ပြည်ထောင်စု တည်ဆောက်ရေးတွင် မြေယာအပေါ် စီမံခန့်ခွဲရာတွင် ပြည်ထောင်စုအစိုးရနှင့် ပြည်နယ်အစိုးရအကြား အာဏာကို မျှဝေပူးတွဲ ကျင့်သုံးသွားရမည် ဖြစ်သည်။ ထို့အတူ တိုင်းရင်းသား ပြည်သူလူထုက မြေယာပိုင်ဆိုင်အသုံးချခွင့်ရရှိရန်၊ လူမှုဘဝ ဖူလုံရေးနှင့် လူမှုရေး တရားမျှတမှု ရှိစေရန်၊ ပြည်နယ်ဒေသအတွင်းရှိ သစ်တော၊ သဘာဝ ပတ်ဝန်းကျင်နှင့် ယဉ်ကျေးမှုအမွေအနှစ်များကို ထိန်းသိမ်းကာကွယ်ရန်၊ ဖွံ့ဖြိုးရေးစီမံကိန်းများနှင့် သဘာဝ သယံဇာတများကို ထုတ်ယူသုံးစွဲရာတွင် တရားမျှတမှုနှင့် အနာဂတ်အတွက် ရေရှည်ဖွံ့ဖြိုးမှု ရှိစေရန်ကို ဦးတည်ပြီး ဖက်ဒရယ် ပြည်ထောင်စုစနစ်ကို အခြေခံသည့် မြေယာမူဝါဒကို ချမှတ် သွားရမည် ဖြစ်သည်။

## ဦးတည်ချက်နှင့် ရည်ရွယ်ချက်

၁။ ဖက်ဒရယ်ပြည်ထောင်စု မြန်မာနိုင်ငံအတွင်း နေထိုင်ကြသော တိုင်းရင်းသား ပြည်သူလူထု မှ မြေယာပိုင်ဆိုင်ခွင့်နှင့် အသုံးချခွင့် ရရှိရန်။

၂။ မြေယာပိုင်ဆိုင်ခွင့်နှင့် အသုံးချခွင့်အား စီမံခန့်ခွဲရာတွင် ဒေသခံ (ဌာနေ) တိုင်းရင်းသား များ၏ ရေရှည်တည်တံ့သည့် လူမှုဘဝဖူလုံမှုကို ဖြည့်ဆည်းပေးပြီး လူ့အဖွဲ့အစည်း ဖွံ့ဖြိုး တိုးတက်စေရန်။

၃။ ဓလေ့ထုံးတမ်းအရ မြေယာပိုင်ဆိုင်ခွင့်၊ လုပ်ပိုင်ခွင့်နှင့် ကျင့်သုံးမှုများကို အသိအမှတ်ပြု ကာကွယ်မြှင့်တင်ရန်။

၄။ ဖက်ဒရယ်ပြည်ထောင်စု မြန်မာနိုင်ငံအတွင်းရှိ ရေ၊ လေ၊ မြေ၊ မြစ်ချောင်း၊ အင်းအိုင်၊ တောတောင်၊ သစ်တော၊ သားငါးနှင့် ဆက်စပ်သော သဘာဝသယံဇာတများ၊ သဘာဝ ပတ်ဝန်းကျင်နှင့် တိုင်းရင်းသားလူမျိုးများ၏ ယဉ်ကျေးမှုအမွေအနှစ်များကို ထိန်းသိမ်း ကာကွယ်ရန်။

၅။ ဂေဟစနစ်ကို ထိန်းသိမ်းကာကွယ်ခြင်းဖြင့် ရာသီဥတုပြောင်းလဲမှုအား ထိန်းသိမ်းကာကွယ် နိုင်ရန်။

၆။ ဖွံ့ဖြိုးရေးစီမံကိန်းနှင့် သဘာဝသယံဇာတများကို ထုတ်ယူသုံးစွဲရန် မြေအသုံးပြုရာတွင် ပွင့်လင်းမြင်သာမှု၊ တရားမျှတမှုရှိစေရန်နှင့် ဒေသခံပြည်သူလူထုမှ ပါဝင်ဆုံးဖြတ်ပိုင်ခွင့်၊ အကျိုးခံစားခွင့်ရှိပြီး အနာဂတ်အတွက် ရေရှည်ဖွံ့ဖြိုးမှုနှင့် အာမခံချက်ရရှိစေရန်။

## အခြေခံမူများ

၁။ မြေယာဆိုသည်မှာ မြေ၊ သစ်တော၊ ရေ၊ ရေလုပ်ငန်းနှင့် သဘာဝသယံဇာတများ အားလုံး ပါဝင်သည်။

၂။ တိုင်းရင်းသား ပြည်သူလူထုသည် နိုင်ငံအတွင်းရှိ မြေယာ၏ မူရင်းပိုင်ရှင်များ ဖြစ်

သည်။

၃။ ဒေသခံ ဌာနေတိုင်းရင်းသား ပြည်သူလူထုနှင့် ရပ်ရွာအဖွဲ့အစည်းများ၏ မိရိုးဖလာအရ မြေယာလုပ်ပိုင်ခွင့်၊ ပိုင်ဆိုင်ခွင့်ကို တရားဝင် အသိအမှတ်ပြုရမည်။

၄။ တိုင်းရင်းသား ပြည်သူလူထုတိုင်းသည် မြေယာပိုင်ဆိုင်ခွင့်ရှိပြီး ယင်းအား အကန့်အသတ်ဖြင့် ပိုင်ဆိုင်မှု ရှိစေရမည်။ ဓားမဦးချ၊ ရိုးရာဓလေ့အရ မြေယာထွန်ယက် စိုက်ပျိုးလုပ်ကိုင်သူသည် အဆိုပါလယ်ယာမြေနှင့် ခြံမြေကို ပိုင်ဆိုင်ခွင့်ရှိသည်။

၅။ ဘိုးစဉ်ဘောင်ဆက် နေထိုင်လာခဲ့သည့် ဌာနေတိုင်းရင်းသား ပြည်သူလူထုသည် ယင်းတို့သက်ရှင်နေထိုင်သည့် နယ်မြေ၊ ကျေးရွာတဝိုက်ရှိ သဘာဝမြေ၊ တောရိုင်းမြေ၊ သစ်တောမြေ၊ စားကျက်မြေ၊ အင်းအိုင်၊ မြေနုကျွန်းနှင့် အထွင့်အမြတ်ထားသော မြေတို့ကို စုပေါင်းပိုင်ဆိုင် စီမံခန့်ခွဲ အသုံးချခွင့်ရှိသည်။

၆။ တိုင်းရင်းသား ပြည်သူလူထုက ယင်းတို့ ပိုင်ဆိုင်ထားသည့် မြေယာကို ရောင်းချခွင့်၊ ပေါင်နှံခွင့်၊ လွှဲလှယ်ခွင့်၊ ငှားရမ်းခွင့်၊ အမွေဆက်ခံပိုင်ခွင့်နှင့် အခြားနည်းဖြင့် အသုံးပြုပိုင်ခွင့်ရှိသည်။

၇။ ဖွံ့ဖြိုးရေးနှင့် စီးပွားရေးစီမံကိန်းများ ဆောင်ရွက်ရာတွင် မြေယာအသုံးပြုမှုအတွက် သိမ်းဆည်းရန် လိုအပ်ပါက ပွင့်လင်းမြင်သာမှုနှင့် တာဝန်ယူမှု၊ တာဝန်ခံမှုရှိစွာဖြင့် ဒေသခံ ပြည်သူလူထုများနှင့် အသိပေး ညှိနှိုင်းပြီး သဘောတူညီချက် ရယူရမည်။ ဆုံးရှုံးသည့်မြေနေရာနှင့် အခြားဆုံးရှုံးမှုများအတွက် တန်ဖိုးတူညီသည့် မြေအစားထိုးပေးခြင်း၊ ဒေသကာလပေါက်ဈေးနှင့်အညီ နစ်နာကြေးပေးခြင်း၊ လျော်ကြေးပေးခြင်းများအပြင် နစ်နာဆုံးရှုံးသောသူတို့အား အာမခံချက်ရှိသည့် ဘဝပြန်လည်ထူထောင်ပေးခြင်းတို့ကို ဆောင်ရွက်ပေးရမည်။

၈။ ဖွံ့ဖြိုးရေးနှင့် စီးပွားရေးစီမံကိန်းများ ဆောင်ရွက်ရာတွင် ရေ၊ မြေ၊ သစ်တော၊ သဘာဝပတ်ဝန်းကျင် ဂေဟစနစ်နှင့် ယဉ်ကျေးမှုအမွေအနှစ်များ ပျက်စီးမှုမရှိအောင် အကောင်ထည်ဖော် ဆောင်ရွက်ရမည်။

၉။ မြေယာပိုင်ဆိုင်ခြင်းဆိုင်ရာ စီမံခန့်ခွဲမှု ပြုရာတွင် အမျိုးသမီးနှင့် အမျိုးသားအခွင့်အရေးတန်းတူညီမျှမှု ရှိရမည်။

၁၀။ တိုင်းရင်းသား ပြည်သူလူထု၏ မြေယာပိုင်ဆိုင်မှုဆိုင်ရာ အခွင့်အရေး ရပိုင်ခွင့်ရှိသူများအား အသိအမှတ်ပြုပြီး ယင်းတို့အား အခြားသူများမှ ပိုင်နက်ကျူးကျော်ခြင်း၊ တရားမဝင်ဝင်ရောက်နေထိုင်ခြင်း၊ အသုံးချခြင်း၊ အဓမ္မသိမ်းယူခြင်းတို့ကို အစိုးရမှ အကာအကွယ်ပေးရမည်။

၁၁။ ပြည်ထောင်စုအဖွဲ့ဝင် ပြည်နယ်များသည် မိမိပြည်နယ်နှင့်ကိုက်ညီသည့် ပြည်သူလူထုပူးပေါင်းပါဝင်မှုရှိသော မြေယာမူဝါဒ ဥပဒေနှင့် နည်းဥပဒေကို ရေးဆွဲပြဋ္ဌာန်းခွင့် ရှိရမည်။

၁၂။ ပြည်နယ်အစိုးရသည် မိမိပြည်နယ်အတွင်း မြေယာမှတ်ပုံတင်ခြင်း၊ မြေယာပြဿနာဖြေရှင်းခြင်း အပါအဝင် မြေယာစီမံခန့်ခွဲပိုင်ခွင့်နှင့် ဆုံးဖြတ်ပိုင်ခွင့် ရှိရမည်။

၁၃။ သက်ဆိုင်ရာ ပြည်နယ်ဒေသအလိုက် မြေယာပိုင်ဆိုင်မှုကို အသိအမှတ်ပြု မှတ်တမ်းတင် ဆောင်ရွက်ပေးသည့် မြေယာမှတ်ပုံတင်စနစ်၊ မြေယာစီမံခန့်ခွဲမှုစနစ်နှင့် မြေယာဖြေရှင်းမှု စနစ်တို့ကို ဖော်ဆောင်သည့် ယန္တရားများ ရှိရမည်။ ယင်းနှင့် စပ်လျဉ်းသည့် ယန္တရားများကို တည်ဆောက်ဖွဲ့စည်းရာတွင် အစိုးရအဖွဲ့အစည်းများသာမက လူထု၏ ပါဝင်မှုကို အခြေခံ၍ တောင်သူလယ်သမားသမဂ္ဂ၊ အမျိုးသမီးအဖွဲ့အစည်း၊ လူငယ်အဖွဲ့အစည်းနှင့် ဥပဒေ ပညာရှင်များမှ ကိုယ်စားလှယ်များဖြင့် ပါဝင်ဖွဲ့စည်းကြရမည်။

၁၄။ မြေယာနှင့်သဘာဝသယံဇာတ စီမံခန့်ခွဲရာတွင် နိုင်ငံတကာ နယ်စပ်ဖြတ်ကျော်မှု၊ ပြည်နယ် တခုနှင့်တခု ဖြတ်ကျော် စီမံခန့်ခွဲခြင်း၊ ပြဿနာအငြင်းပွားမှုများ ဖြေရှင်းသည့် မူဝါဒများနှင့် ယန္တရားများ ချမှတ်ဆောင်ရွက်ရမည်။

**ကြားကာလဆိုင်ရာ လုပ်ငန်းစဉ်များ**

၁။ တိုင်းရင်းသားဒေသများရှိ မြေပိုင်ဆိုင်မှုပုံစံများ တိကျခိုင်မာမှု မရှိသေးသည့် ကာလပတ်လုံး မြေအမြောက်အများ အသုံးပြုမည့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများအား ရပ်ဆိုင်းထားရမည်။

၂။ လက်ရှိ တိုင်းရင်းသားဒေသအတွင်း ဖြစ်ပွားနေသော မြေယာသိမ်းဆည်းခြင်းများနှင့် မြေယာ အငြင်းပွားမှုများအား ချက်ချင်းဖြေရှင်းရန် လိုအပ်သည်။ ထိုသို့ဖြေရှင်းရာတွင် ဒေသခံ ပြည်သူလူထု၊ ပြည်ထောင်စုအစိုးရ၊ ပြည်နယ်အစိုးရ၊ တပ်မတော်နှင့် တိုင်းရင်းသား လက်နက်ကိုင်တော်လှန်ရေးအဖွဲ့အစည်းနှင့် အရပ်ဖက်လူမှုအဖွဲ့အစည်းများတို့ အတူတကွ ပူးပေါင်းဆောင်ရွက်သည့် မြေယာဖြေရှင်းမှုယန္တရားများ ဖွဲ့စည်းပြီး လက်တွေ့ အကောင်ထည်ဖော် ဆောင်ရွက်ရမည်။

၃။ လက်ရှိဖြစ်ပေါ်နေသော မြေယာပြဿနာများကို ငြိမ်းချမ်းရေးတည်ဆောက်သော ကာလ အတွင်း ညှိနှိုင်းအဖြေရှာရာတွင် အစိုးရထိန်းချုပ်နယ်မြေ၊ တိုင်းရင်းသား လက်နက်ကိုင် တော်လှန်ရေးအဖွဲ့အစည်းများ ထိန်းချုပ်နယ်မြေနှင့် ဆက်စပ်နယ်မြေများကြား ညှိနှိုင်း အကောင်အထည်ဖော် ဖြေရှင်းဆောင်ရွက်ရမည်။

၄။ ဒေသခံ (ဌာနေ) တိုင်းရင်းသားများ လုပ်ကိုင်စားသောက်သော လယ်ယာ၊ ဥယျာဉ်ခြံမြေ များကို ပိုင်ဆိုင်ခွင့်ရှိစေရန် ဆောင်ရွက်ရမည်။

၅။ မြေယာပိုင်ဆိုင်မှုနှင့် လုပ်ပိုင်ခွင့်အား အကြောင်းအမျိုးမျိုးကြောင့် ထိခိုက်နစ်နာခဲ့သော ဒေသခံပြည်သူလူထုများအတွက် ပြန်လည်ကုစား အဖြေရှာသည့် အစီအစဉ်များ ချမှတ် အကောင်အထည်ဖော် ဆောင်ရွက်ရမည်။ ထို့ပြင် ဘဝပြန်လည်ထူထောင်ရန်အတွက် လုံလောက်သည့် ပံ့ပိုးမှု ရှိရမည်။

၆။ စစ်ဘေးရှောင် ပြည်တွင်းနေရပ်စွန့်ခွာရသူများနှင့် ဒုက္ခသည်များသည် ယင်းတို့ ပိုင်ဆိုင် ခဲ့သော မူရင်းမြေယာများအား ပြန်လည်ရရှိပိုင်ခွင့် (သို့မဟုတ်) ယင်းမြေနှင့် တန်ဖိုး တူညီသည့် မြေယာပြန်လည်အစားထိုး ရရှိပိုင်ခွင့်နှင့်အတူ နစ်နာကြေး၊ လျော်ကြေးများ

ရပိုင်ခွင့်ရှိသည်။

၇။ စစ်ဘေးရှောင် ပြည်တွင်းနေရပ်စွန့်ခွာရသူများနှင့် ဒုက္ခသည်များသည် ပြန်လည်နေထိုင်မည့် မြေယာရွေးချယ်ရာတွင် ယင်းတို့၏ မူရင်းစွန့်ခွာခဲ့သည့် နေရာ (သို့) မူရင်းပြည်နယ်တွင်းရှိ နေရာသစ်တွင် ယင်းတို့နှင့် ဒေသခံလူထုများ ကိုယ်တိုင် ပါဝင်ဆုံးဖြတ်ခွင့် ရှိရမည်။

၈။ နိုင်ငံတော်မှ သတ်မှတ်ထားသော ကြိုးဝိုင်းနှင့် ကြိုးပြင် ကာကွယ်တော၊ အမျိုးသားဥယျာဉ်၊ စက်မှုဇုန်နှင့် အခြားထိန်းသိမ်းရေး နယ်မြေများကြောင့် ဒေသခံပြည်သူလူထု၏ အခွင့်အရေး ထိခိုက်စေခြင်းများကို ပြန်လည်စီစစ်ခြင်းနှင့် ဖြေရှင်းဆောင်ရွက်ခြင်း လုပ်ငန်းများ ချမှတ်သွားရမည်။

၉။ ငြိမ်းချမ်းရေးဆွေးနွေးစဉ် ကာလအတွင်း တိုင်းရင်းသားလက်နက်ကိုင် တော်လှန်ရေးအဖွဲ့အစည်းမှ ပြည်သူလူထုအား ထုတ်ပေးထားသည့် မြေယာပိုင်ဆိုင်ခွင့်နှင့် လုပ်ပိုင်ခွင့်တို့ကို သက်ဆိုင်ရာ ပြည်နယ်အစိုးရတို့နှင့် ညှိနှိုင်းပြီး အစိုးရမှ အသိအမှတ်ပြုပေးရမည်။

၁၀။ တိုင်းရင်းသားလက်နက်ကိုင် တော်လှန်ရေးအဖွဲ့အစည်း၏ အုပ်ချုပ်နယ်မြေအတွင်းမှ အသိအမှတ်ပြုထားသည့် ထိန်းသိမ်းရေးနယ်မြေများနှင့် အခြား လူထုပိုင် ထိန်းသိမ်းရေးနယ်မြေများကို အစိုးရမှ အသိအမှတ်ပြုရမည်။

၁၁။ ဒေသခံ ပြည်သူလူထုများ၏ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းမှု လုပ်ငန်းစဉ်များ (Community Based Environmental Conservation) အား အစိုးရမှ အသိအမှတ်ပြုခြင်းနှင့် ပူးပေါင်းဆောင်ရွက်ခြင်းတို့ ပြုလုပ်ရမည်။

**နိဂုံး**

ကရင်အမျိုးသားတို့၏ အခြေခံလမ်းစဉ်မှ ချမှတ်ခဲ့သည့် အခြေခံလမ်းစဉ် လုပ်ငန်းများနှင့် အညီ ကရင်အကျိုးစီးပွားကို ရှေးရှုလျက် ကရင်တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များမှ ကိုယ်စားလှယ်များ၊ ကရင်ဘာသာရေးခေါင်းဆောင်များ၊ ကရင်အမျိုးသား နိုင်ငံရေးပါတီမှ ကိုယ်စားလှယ်များ၊ ကရင်အရပ်ဖက် အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၊ မြန်မာနိုင်ငံတဝှမ်းရှိ ဒေသအသီးသီးမှ ကိုယ်စားလှယ်များ၊ သက်ဆိုင်ရာ ကဏ္ဍအလိုက်မှ တတ်သိပညာရှင်တို့ ပူးပေါင်းပါဝင်ခဲ့သည်။ ကရင်အမျိုးသားတို့၏ နိုင်ငံရေးရည်မှန်းချက်ဖြစ်သည့် အမျိုးသား တန်းတူရေးနှင့် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့် အပြည့်အဝရှိသော ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စု တည်ဆောက်နိုင်ရန် ကရင့်အမျိုးသားနိုင်ငံရေးဆွေးနွေးပွဲမှ ရရှိလာသည့် မူဝါဒဆိုင်ရာ အခြေခံမူများကို ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ – (၂၁)ရာစု ပင်လုံ ဒုတိယ အစည်းအဝေးသို့ တင်သွင်းသော အမျိုးသားအဆင့် နိုင်ငံရေး ဆွေးနွေးပွဲဆိုင်ရာ လူမျိုးအလိုက် ကျင်းပသော ကရင်အမျိုးသား နိုင်ငံရေးဆွေးနွေးပွဲမှ ရရှိသည့် မြေယာနှင့် သဘာဝသယံဇာတ စီမံခန့်ခွဲရေးနှင့် ခွဲဝေခြင်းဆိုင်ရာ ကိစ္စရပ်များမှ ဖက်ဒရယ်စနစ်ကို အခြေခံသော မြေယာမူဝါဒ အဆိုပြုစာတမ်း ဖြစ်သည်။

# မြေယာနှင့် သဘာဝပတ်ဝန်းကျင်ကဏ္ဍ
## ဖက်ဒရယ်စနစ်ကို အခြေခံသော သဘာဝသယံဇာတမူဝါဒ

### နိဒါန်း

မြန်မာ့နိုင်ငံရေးအခြေအနေသည် အစိုးရနှင့် တိုင်းရင်းသားတို့ ငြိမ်းချမ်းရေးဆွေးနွေးမှုများဖြင့် အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ပြန်လည်တည်ဆောက်ရေးအဆင့်သို့ တက်လှမ်းနေပြီး ရင်းနှီးမြှုပ်နှံမှု စီမံကိန်းများနှင့် ရင်းနှီးမြှုပ်နှံသူတို့၏ အကျိုးစီးပွားသည် နိုင်ငံရေးဆိုင်ရာ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို တိုက်ရိုက်သက်ရောက်စေပြီး၊ ရင်းနှီးမြှုပ်နှံမှုလုပ်နေသည့် နေရာများ၌ ပဋိပက္ခများကို ပိုမိုတိုးပွားစေခြင်း၊ အသက်မွေးဝမ်းကြောင်းနှင့် အသက်ဆုံးရှုံးရခြင်းများကို ဖြစ်စေခဲ့ပါသည်။

စီမံကိန်းများ အကောင်အထည်ဖော်သည့် နေရာများတွင် စစ်မှန်သော ငြိမ်းချမ်းရေးသည် မရှိမဖြစ် လိုအပ်ပြီး အလျင်အမြန် အကောင်အထည်ဖော် လုပ်ကိုင်၍ မရနိုင်ပါ။ လက်ရှိဖြစ်ပေါ်နေသော ငြိမ်းချမ်းရေး သဘောတူညီမှုများကို လက်မှတ်ရေးထိုးခြင်း၊ လက်နက်ကိုင်အုပ်စုများနှင့် စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုမျိုးသက်သက်မျှ မဟုတ်ဘဲ တိုင်းရင်းသားရေးရာ ပဋိပက္ခများအား ရှုထောင့်ပေါင်းစုံမှ ဖြေရှင်းရန်အတွက် အချိန်ယူ အလေးထားဆောင်ရွက်ရန် လိုအပ်ပါသည်။

ပြည့်စုံသော တရားဥပဒေနှင့် စည်းမျဉ်းစည်းကမ်းများ ပြုပြင်ပြောင်းလဲမှုများကို ကျင့်သုံးသည့် အချိန်ကျမှသာ ရင်းနှီးမြှုပ်နှံမှု စီမံကိန်းသစ်များကို ပြုလုပ်သင့်သည်။ ပြုပြင်ပြောင်းလဲမှုများဟု ဆိုရာတွင် စံချိန်မီသော လူမှုရေးနှင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ လုံခြုံရေးကို ဒေသခံများ၏ အဓိပ္ပါယ်ရှိသော ပူးပေါင်းပါဝင်မှု၊ သဘောတူညီမှု၊ အကြံဉာဏ်ရယူမှုကို ဥပဒေအရ လက်တွေ့ကျင့်သုံးနိုင်သော အချိန်နှင့် ပဋိပက္ခကင်းသော ဒေသများတွင်သာ ရင်းနှီးမြှုပ်နှံမှုများ ပြုလုပ်သင့်ပါသည်။

သဘာဝသယံဇာတသည် ယခုလက်ရှိ မြန်မာ့နိုင်ငံရေး၊ ငြိမ်းချမ်းရေး တည်ဆောက်ရေးနှင့် အမျိုးသား ပြန်လည်သင့်မြတ်ရေး အခင်းအကျင်းတွင် အလွန်အရေးကြီးသော အခန်းကဏ္ဍတွင် ရှိနေပြီး မဖြစ်မနေ စနစ်တကျ ကိုင်တွယ်ရမည့် အဓိကကျသော အရာဖြစ်သည်။ အထူးသဖြင့် သဘာဝသယံဇာတနှင့်ပတ်သက်ပြီး ထုတ်ယူသုံးစွဲခွင့်၊ တိုက်ရိုက်အကျိုးအမြတ် ခွဲဝေခံစားခွင့်၊ ထိန်းချုပ်စီမံခန့်ခွဲပိုင်ခွင့်နှင့် ဆုံးဖြတ်ပိုင်ခွင့်အာဏာများ စသည်တို့ဖြင့် ဖက်ဒရယ်ပြည်ထောင်စုစနစ်ကို အခြေခံသည့် မူဝါဒများ ချမှတ်သွားရမည် ဖြစ်သည်။

### ရည်ရွယ်ချက်

၁။ သဘာဝသယံဇာတနှင့် ပတ်သက်ပြီး ထုတ်ယူသုံးစွဲခွင့်၊ တိုက်ရိုက်အကျိုးအမြတ် ခွဲဝေခံစားခွင့်၊ ထိန်းချုပ်စီမံခန့်ခွဲပိုင်ခွင့်နှင့် ဆုံးဖြတ်ပိုင်ခွင့်ဆိုင်ရာ အာဏာများ ပြည်ထောင်စု

အစိုးရနှင့် ပြည်နယ်အစိုးရများအကြား ထားရှိရန်၊

၂။ သယံဇာတ ထုတ်ယူသုံးစွဲခြင်းတွင် ရရှိသော အကျိုးအမြတ်များအား ဒေသခံပြည်သူ လူထုများ မျှတစွာ အကျိုးအမြတ်ခံစားခွင့်ရှိရန်၊

၃။ သယံဇာတ ထုတ်ယူသုံးစွဲခြင်း၊ စီမံခန့်ခွဲခြင်းဆိုင်ရာ အခန်းကဏ္ဍများတွင် ဒေသခံပြည်သူ လူထုများ ဆုံးဖြတ်ပိုင်ခွင့်ရှိရန်၊

၄။ ရေရှည်တည်တံ့ခိုင်မြဲသော စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု၊ လူသားအရင်းအမြစ် ဖွံ့ဖြိုးတိုး တက်မှု၊ လူမှုရေးဖွံ့ဖြိုးမှုနှင့် အခြားလိုအပ်သော အခြေခံအဆောက်အအုံများ ဖွံ့ဖြိုးတိုးတက် လာရန်၊

၅။ သယံဇာတ ထုတ်ယူသုံးစွဲခြင်းကြောင့် ထိခိုက်နစ်နာမှုများအား လျော့ချကာကွယ်နိုင် ရန်၊

## သဘာဝသယံဇာတဆိုင်ရာ အခြေခံမူ

### အဓိပ္ပါယ်ဖွင့်ဆိုချက်

၁။ သဘာဝသယံဇာတဆိုသည်မှာ မြေအပါအဝင် သဘာဝတွင်းထွက် ဓာတ်သတ္တုများ၊ ရေနံ သဘာဝဓာတ်ငွေ့များ၊ မြစ်ချောင်းအင်းအိုင် အပါအဝင် ရေအရင်းအမြစ်များ၊ တောတောင် သစ်တောများ၊ နေရောင်ခြည်စွမ်းအင်များ၊ လေစွမ်းအင်များ ပါဝင်သည်။

၂။ မြန်မာနိုင်ငံအတွင်းရှိ သဘာဝသယံဇာတ အားလုံး၏ မူလပိုင်ရှင်သည် တိုင်းရင်းသား ပြည်သူလူထုများ ဖြစ်သည်။

### ထုတ်ယူသုံးစွဲခွင့်၊ စီမံခန့်ခွဲခွင့်၊ အကျိုးအမြတ်ခံစားခွင့်နှင့် ဆုံးဖြတ်ပိုင်ခွင့်အာဏာ

၃။ သဘာဝသယံဇာတများ ထုတ်ယူသုံးစွဲ စီမံခန့်ခွဲခြင်းဆိုင်ရာ လုပ်ပိုင်ခွင့်များကို ဒေသခံ ပြည်သူလူထုများ၏ သဘောတူညီချက်ဖြင့် ပြည်ထောင်စုအဖွဲ့ဝင် ပြည်နယ်အစိုးရနှင့် ဒေသန္တရအစိုးရတို့ ပူးပေါင်းကာ အကောင်အထည်ဖော်ဆောင်ရွက်ရမည်။

၄။ သဘာဝသယံဇာတများ ထုတ်ယူသုံးစွဲခြင်းအပေါ် ဖက်ဒရယ်ပြည်ထောင်စုအစိုးရနှင့် ပြည်နယ်အစိုးရအကြား အကောက်အခွန်များ ခွဲဝေရာတွင် ညှိနှိုင်းဆောင်ရွက် အကောင် အထည်ဖော်ရမည်။ ယင်းအကောင်အထည်ဖော်ဆောင်ရွက်ရာတွင် သယံဇာတ အများအ ပြား ထွက်သော ပြည်နယ်နှင့် သယံဇာတ အထွက်နည်းသော ပြည်နယ်များကြား ပြည်နယ် လူထု၏ လိုအပ်မှုအပေါ် အခြေခံ၍ ခွဲဝေသုံးစွဲမှု ပြုရမည်။

၅။ သဘာဝသယံဇာတ ထုတ်ယူသုံးစွဲရောင်းချမှုအား စီမံခန့်ခွဲရာတွင် ပွင့်လင်းမြင်သာမှု၊ တာဝန်ယူမှု တာဝန်ခံမှုနှင့် တရားဥပဒေစိုးမိုးမှု ရှိရမည်။

၆။ သဘာဝသယံဇာတမှ ထုတ်ယူရရှိသော အကျိုးအမြတ်များကို ပြည်နယ်များအတွင်းရှိ

ကျန်းမာရေး၊ လူမှုရေး၊ ပညာရေး၊ ဌာနေတိုင်းရင်းသားများ၏ စာပေယဉ်ကျေးမှု၊ ဓလေ့ထုံးတမ်းစဉ်လာနှင့် အခြားလူမှုဖွံ့ဖြိုးရေးအတွက် အဓိကလိုအပ်မှု အခြေခံအဆောက်အအုံများကို တိုးတက်ကောင်းမွန်အောင် ပြန်လည်ထည့်ဝင်နိုင်ရန် အစီအစဉ် ချမှတ်အကောင်အထည်ဖော်ဆောင်ရွက်ရမည်။

၇။ သဘာဝသယံဇာတ ထုတ်ယူသုံးစွဲရောင်းချခြင်း စီမံကိန်းကြောင့် ထိခိုက်နစ်နာသော ဒေသခံ ပြည်သူလူထုများသည် စီမံကိန်းမှ ရရှိလာသော အကျိုးရလဒ် ခံစားခွင့်ကို အဓိက ဦးစားပေး အခွင့်အရေး ရရှိသူများ ဖြစ်ရမည်။

၈။ သဘာဝသယံဇာတ ထုတ်ယူသုံးစွဲရောင်းချခြင်း စီမံကိန်းများကြောင့် တိုက်ရိုက်ဖြင့်သော်လည်းကောင်း၊ သွယ်ဝိုက်ဖြင့်သော်လည်းကောင်း၊ ထိခိုက်နစ်နာသော ဒေသခံပြည်သူများအတွက် ဆုံးရှုံးသွားသော မြေနှင့် အခြားပိုင်ပစ္စည်းများအား ပြန်လည်အစားထိုး ရပိုင်ခွင့်များနှင့် ပြန်လည်ကုစားခွင့် ရှိရမည်။

၉။ သဘာဝသယံဇာတ ထုတ်ယူရောင်းချခြင်းမှ ရရှိလာသော ဝင်ငွေအကျိုးအမြတ်များကို အခြားသော စီးပွားရေးကဏ္ဍများ ဖွံ့ဖြိုးတိုးတက်အောင် ထည့်ဝင်၍ လုပ်ဆောင်ရမည်။

၁၀။ ရေ၊ မြေ၊ တောတောင်၊ မြစ်ချောင်းအင်းအိုင်နှင့် သစ်တောအရင်းအမြစ်များ အပါအဝင် ဌာနေတိုင်းရင်းသားများ၏ ရိုးရာဓလေ့အစဉ်အလာအရ ကျင့်သုံးလာသော သဘာဝ သယံဇာတ စီမံခန့်ခွဲမှုစနစ်များကို အသိအမှတ်ပြုပေးရမည်။

၁၁။ သဘာဝသယံဇာတများမှ ထုတ်ယူသုံးစွဲမည့် လျှပ်စစ်နှင့် စွမ်းအင်များ ခွဲယူသုံးစွဲရေး ဥပဒေ ပြဋ္ဌာန်းပေးရမည်။

၁၂။ သယံဇာတများ စမ်းသပ်၊ ထုတ်ယူ၊ သုံးစွဲ၊ သယ်ယူပို့ဆောင်၊ သိုလှောင်၊ ရောက်ဝယ်ရေး ဆိုင်ရာ ဥပဒေ ပြဋ္ဌာန်းရမည်။

### အခွန်ဝင်ငွေများစီမံခန့်ခွဲခြင်းနှင့် အခွန်ငွေများ ကောက်ခံခြင်း

၁၃။ သဘာဝသယံဇာတ အခွန်ဝင်ငွေဘဏ္ဍာများကို စီမံခန့်ခွဲခြင်းနှင့် အခွန်ငွေများ ကောက်ခံခြင်းတို့ကို ပြည်ထောင်စုအစိုးရနှင့် ပြည်နယ်အစိုးရကြား ညှိနှိုင်းရေးဆွဲပြီး အချိုးကျများကို တိတိကျကျ ပြဋ္ဌာန်းရမည်။

### အနာဂတ်အတွက် စုငွေ (Sovereign Wealth Fund)

၁၄။ ရေနံ၊ သဘာဝဓာတ်ငွေ့၊ ရွှေ၊ ကျောက်စိမ်းနှင့် အခြားတန်ဖိုးကြီးသော သဘာဝသယံဇာတများ ထုတ်ယူသုံးစွဲခြင်းများကို သီးခြားဥပဒေပြဋ္ဌာန်း စီမံခန့်ခွဲပြီး ယင်း ရင်းနှီးမြှုပ်နှံမှုမှ ရရှိသော ဝင်ငွေကို ရာခိုင်နှုန်းသတ်မှတ်ထားသော အနာဂတ် စုငွေအဖြစ် သိမ်းထားရမည်။

## သဘာဝပတ်ဝန်းကျင်နှင့် လူမှုရေးထိခိုက်မှုများ ထိန်းချုပ်ခြင်း

၁၅။ ဖက်ဒရယ်ပြည်ထောင်စုသော်လည်းကောင်း၊ ဖက်ဒရယ်ပြည်ထောင်စုအဖွဲ့ဝင် ပြည်နယ်များသော်လည်းကောင်း သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးနှင့် စီမံခန့်ခွဲရေးဥပဒေများကို ရေးဆွဲပြဋ္ဌာန်းရမည်။

၁၆။ ဖက်ဒရယ်ပြည်ထောင်စုနှင့် ပြည်နယ်အစိုးရအနေဖြင့် သဘာဝသယံဇာတနှင့် ပတ်သက်သည့် ရင်းနှီးမြှုပ်နှံမှုနှင့် စီမံကိန်းတခုခု မပြုလုပ်မီနှင့် လုပ်ငန်းစဉ်တလျှောက်လုံး သဘာဝပတ်ဝန်းကျင် ထိခိုက်မှုအပေါ် အကျိုးသက်ရောက်မှု ရှိ၊ မရှိ (Environmental Impact Assessment)၊ လူမှုဘဝအပေါ် အကျိုးသက်ရောက်မှု ရှိယ မရှိ (Social Impact Assessment) ဆန်းစစ်ခြင်းများနှင့် အခြားလိုအပ်သော ဆန်းစစ်ခြင်းတို့ကို ဒေသခံပြည်သူလူထုမှ တောင်းဆိုလာပါက သီးခြားလွတ်လပ်ပြီး ဘက်မလိုက်သော အဖွဲ့အစည်းမှ ပြုလုပ်ဆောင်ရွက်ပေးပြီး တိုင်းရင်းသားပြည်သူများ သိရှိနားလည်အောင် စနစ်တကျ ရှင်းလင်းချပြပြီးမှ ယင်းပြည်သူလူထု၏ သဘောတူညီချက်ဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရမည်။

၁၇။ သဘာဝပတ်ဝန်းကျင်၊ လူမှုရေး၊ ယဉ်ကျေးမှု၊ သမိုင်းဝင် အမွေအနှစ်နှင့် တိုင်းရင်းသားပြည်သူများ အထွဋ်အမြတ်ထားသော မြေများ ထိခိုက်ပျက်စီးမှုများ မရှိစေရန် ထိန်းသိမ်းကာကွယ်စောင့်ရှောက်ရမည်။

၁၈။ သဘာဝသယံဇာတများ စမ်းသပ်၊ ထုတ်ယူ၊ ရောင်းဝယ် စီမံခန့်ခွဲမှုနှင့် ပတ်သက်သည့် Corporate Social Responsibility (CSR) သည် Social Security လူမှုဖူလုံရေးဆိုင်ရာ အခြေခံမူ ၇ ချက်ဖြစ်သည့် (၁) သဘာဝပတ်ဝန်းကျင်ဆိုင်ရာ လုံခြုံမှု၊ (၂) ဒေသတွင်းစီပွားရေးဆိုင်ရာ လုံခြုံမှု၊ (၃) အသက်မွေးဝမ်းကြောင်းဆိုင်ရာ လုံခြုံမှု၊ (၄) ကျန်းမာရေးဆိုင်ရာ လုံခြုံမှု၊ (၅) လူ့အဖွဲ့အစည်းဆိုင်ရာ လုံခြုံမှု၊ (၆) တစ်ဦးချင်းဆိုင်ရာ လုံခြုံမှု၊ (၇) အစားအစာဆိုင်ရာ လုံခြုံမှုများ စသည့် လူမှုဘဝလုံခြုံရေး ထည့်သွင်းပြီး လေးစားအာမခံရမည်။

## ပြည်သူလူထု ပူးပေါင်းပါဝင်မှု

၁၉။ ပြည်သူလူထု ပူးပေါင်းပါဝင်မှုတွင် အမျိုးသမီးနှင့် အမျိုးသား တန်းတူအခွင့်အရေး ရှိရမည်။

၂၀။ သဘာဝသယံဇာတများ ထုတ်ယူသုံးစွဲရာတွင် ဒေသခံပြည်သူလူထုများကို ပွင့်လင်းမြင်သာစွာ ကြိုတင်အသိပေးခြင်း၊ သဘောထားရယူ ညှိနှိုင်းခြင်း၊ တာဝန်ယူမှု တာဝန်ခံမှုရှိခြင်းနှင့် ဆုံးဖြတ်ချက်အဆင့်ဆင့်တွင် လွတ်လပ်စွာ ပါဝင်ဆုံးဖြတ်ပိုင်ခွင့် ရှိရမည်။

၂၁။ သဘာဝသယံဇာတ ထုတ်ယူသုံးစွဲမှုဆိုင်ရာ ရင်းနှီးမြှုပ်နှံမှု စီမံကိန်း သတင်းအချက်အလက်များကို ဒေသခံပြည်သူလူထုမှ အလွယ်တကူ ရယူနားလည်လွယ်နိုင်အောင် စီစဉ်ဆောင်ရွက်ရမည်။

**ပွင့်လင်းမြင်သာမှု၊ သတင်းအချက်အလက်ရယူမှုနှင့် အသုံးပြုမှု**

၂၂။ ရင်းနှီးမြှုပ်နှံမှုနှင့် စီမံကိန်းများ လုပ်ဆောင်ရာတွင် ယင်းစီမံကိန်းနှင့် သက်ဆိုင်သော သဘောတူစာချုပ်များ၊ လိုင်စင်များ၊ အခွန်ကောက်ခံခြင်းများနှင့် ပြန်လည်ခွဲဝေသုံးစွဲခြင်းများ၊ အကျိုးအမြတ်များ၊ ထုတ်လုပ်နိုင်မှုများ၊ လူမှုရေး၊ စီးပွားရေးနှင့် ဖွံ့ဖြိုးရေး လုပ်ငန်းများတွင် ပြန်လည်ထည့်ဝင်ခြင်းများကို ပွင့်လင်းမြင်သာမှုရှိစွာ လုပ်ဆောင်ရန်နှင့် တာဝန်ခံမှု၊ တာဝန်ယူမှုများ ရှိရမည်။

၂၃။ ဒေသခံပြည်သူလူထုများအတွက် သတင်းအချက်အလက်ရယူခြင်းနှင့် အသုံးပြုခြင်းဆိုင်ရာ ဥပဒေ ပြဋ္ဌာန်းရမည်။

**စောင့်ကြည့်လေ့လာခြင်း**

၂၄။ သဘာဝသယံဇာတများ ထုတ်ယူရောင်းချ စီမံခန့်ခွဲရာတွင် လေ့လာစစ်ဆေးနိုင်ရန်အတွက် လွတ်လပ်သော စောင့်ကြည့်လေ့လာရေး ယန္တရားထားရှိရမည်။ ယင်း စောင့်ကြည့်လေ့လာရေးယန္တရားတွင် ဘက်မလိုက်သော ပညာရှင်များ၊ ဒေသခံတိုင်းရင်းသားလူထု အခြေပြုအဖွဲ့အစည်းများ၊ အရပ်ဖက်လူမှုအဖွဲ့အစည်းများ ပါဝင်ဖွဲ့စည်းထားသော လွတ်လပ်သည့် စောင့်ကြည့်လေ့လာရေး ကော်မရှင်နှင့် စုံစမ်းစစ်ဆေးရေး ကော်မရှင်များကို လွတ်လပ်စွာ ဖွဲ့စည်းခွင့်ပြု၍ လေ့လာစစ်ဆေးနိုင်ရမည်။

၂၅။ သဘာဝသယံဇာတ ထုတ်ယူသုံးစွဲခြင်းဆိုင်ရာ ပွင့်လင်းမြင်သာမှု စံချိန်စံညွှန်း (EITI) အပါအဝင် နိုင်ငံတကာမှ ပြဋ္ဌာန်းထားသော စံချိန်စံညွှန်းများကို လိုက်နာ အကောင်အထည်ဖော် ဆောင်ရွက်ရမည်။

**အငြင်းပွားမှု ဖြေရှင်းခြင်း**

၂၆။ သဘာဝသယံဇာတ ထုတ်ယူသုံးစွဲမှုကြောင့် ဖြစ်ပေါ်လာသော အငြင်းပွားမှုများကို ဖြေရှင်းရာတွင် ပွင့်လင်းမြင်သာမှုရှိပြီး ပြဿနာများ ဖြေရှင်းနိုင်သော ယန္တရား ထားရှိရန်နှင့် လွတ်လပ်သော တရားရေးဆိုင်ရာ အကူအညီရယူနိုင်မှု၊ တရားမျှတမှုကို အခြေခံပြီး အငြင်းပွားမှုများကို အကောင်အထည်ဖော် ဖြေရှင်းဆောင်ရွက်ရမည်။

၂၇။ အငြင်းပွားမှုများ ဖြေရှင်းနေစဉ်ကာလတွင် ရင်းနှီးမြှုပ်နှံမှုစီမံကိန်းများကို ရပ်ဆိုင်းထားရမည်။

**ကြားကာလဆိုင်ရာအခြေခံမူနှင့် လုပ်ငန်းစဉ်များ**

၁။ လက်ရှိတည်ဆောက်နေသော ငြိမ်းချမ်းရေးနှင့် အမျိုးသားပြန်လည်သင့်မြတ်ရေးကို အထောက်အကူပြုစေရန်အတွက် ဒေသခံပြည်သူလူထုနှင့် သဘာဝပတ်ဝန်းကျင်ကို ထိခိုက်နစ်နာစေနိုင်သည့် အကြီးစားစီမံကိန်းများ၊ အထူးစီးပွားရေးဇုန်နှင့် တန်ဖိုးကြီးသော

သဘာဝသယံဇာတ ထုတ်ယူတူးဖော်သုံးစွဲခြင်း လုပ်ငန်းများကို ပြီးပြည့်စုံသည့် 'ပြည်ထောင်စု သဘောတူစာချုပ်' ရရှိသည့်အထိ ရပ်ဆိုင်းထားရမည်။

၂။ သဘာဝသယံဇာတကို စီမံခန့်ခွဲရာတွင် ဒေသခံပြည်သူလူထု၊ ပြည်ထောင်စုအစိုးရ၊ ပြည်နယ် အစိုးရနှင့် တိုင်းရင်းသားလက်နက်ကိုင် တော်လှန်ရေးအဖွဲ့အစည်းများ ညှိနှိုင်း ပူးပေါင်း ဆောင်ရွက်မှု ရှိရမည်။

၃။ သဘာဝသယံဇာတ ထုတ်ယူသုံးစွဲခြင်းကြောင့် ထိခိုက်နစ်နာခဲ့သော ဒေသခံပြည်သူလူထုများအတွက် ပြန်လည်ကုစားအဖြေရှာပေးသည့် အစီအစဉ်များ ချမှတ်အကောင်အထည်ဖော်ဆောင်ရမည်။

**နိဂုံး**

ကရင်အမျိုးသားတို့၏ အခြေခံလမ်းစဉ်မှ ချမှတ်ခဲ့သည့် အခြေခံလမ်းစဉ်လုပ်ငန်းများနှင့်အညီ ကရင်အကျိုးစီးပွားကို ရှေးရှုလျက် ကရင်တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့များမှ ကိုယ်စားလှယ်များ၊ ကရင်ဘာသာရေးခေါင်းဆောင်များ၊ ကရင်အမျိုးသားနိုင်ငံရေးပါတီမှ ကိုယ်စားလှယ်များ၊ ကရင်အရပ်ဖက်အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၊ မြန်မာနိုင်ငံတဝှမ်းရှိ ဒေသအသီးသီးမှ ကိုယ်စားလှယ်များ၊ သက်ဆိုင်ရာကဏ္ဍအလိုက်မှ တတ်သိပညာရှင်တို့ ပူးပေါင်းပါဝင်ခဲ့ပါသည်။ ကရင်အမျိုးသားတို့၏ နိုင်ငံရေးရည်မှန်းချက်ဖြစ်သည့် အမျိုးသားတန်းတူရေးနှင့် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့် အပြည့်အဝရှိသော ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စု တည်ထောင်နိုင်ရန် ကရင့်အမျိုးသား နိုင်ငံရေးဆွေးနွေးပွဲမှ ရရှိလာသည့် မူဝါဒဆိုင်ရာ အခြေခံမူများကို ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ– (၂၁) ရာစု ပင်လုံ ဒုတိယ အစည်းအဝေးသို့ တင်သွင်းသော အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲဆိုင်ရာ လူမျိုးအလိုက် ကျင်းပသော ကရင်အမျိုးသား နိုင်ငံရေးဆွေးနွေးပွဲမှ ရရှိသည့် မြေယာနှင့် သဘာဝသယံဇာတ စီမံခန့်ခွဲရေးနှင့် ခွဲဝေခြင်းဆိုင်ရာ ကိစ္စရပ်များမှ ဖက်ဒရယ်စနစ်ကို အခြေခံသော မြေယာမူဝါဒ အဆိုပြုစာတမ်းဖြစ်သည်။




KNU-DOI နှင့် Research Institute for Society and Ecology (RISE) တို့မှ
၂၀၁၇ မတ်လတွင် ထုတ်ဝေသည်။